ပထမငါးခုန်ဆရာတော်ဘုရားကြီး

ရေးသားစီရင်အပ်သော

မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

ပထမတွဲ

ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော်
အပေါင်းတို့၏ အခြေအမြစ်တို့ကို ဖွင့်လှစ်ဟောကြား
တော်မူရာ ဗုဒ္ဓဝင် ပါဠိတော်ကြီးနှင့် အဖွင့်
အဋ္ဌကထာတို့အရ

“အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု”

ပထမငါးစုန်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

ပထမတွဲ

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၅ ကောဇာ ၁၃၅၃ ခရစ် ၁၉၉၁

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၇/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

မာတိကာ

မာတိကာ — စာမျက်နှာ

ဂန္ထာရမ္ဘကထာ ၁

၁-နိဒါန ကဏ္ဍ ၈

ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ အပိုင်းအခြားကို မှတ်သားရန် ပြခြင်း ၈
အမေးပုစ္ဆာ ၇-ရပ်ကို ပြခြင်း ၁၀
အဖြေဝိသဇ္ဇနာ ၇-ရပ်ကို အစဉ်အတိုင်းပြခြင်း ၁၀
မြတ်စွာဘုရား ဝါဆိုစဉ်ကို ပြခြင်း ၁၁
ဘုရားဖြစ်တော်မူပြီး၍ ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း ၁၃
ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ နိဒါန်းအပြားကို ပြခြင်း ၁၅
သဟံပတိဗြဟ္မာ တရားဟောရန် တောင်းပန်ခြင်း ၁၆
သူကြွယ်သမီး သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း ၁၉
ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ၂၀
ဘုရားဖြစ်၍ ဥဒါန်း ကျူးရင့်တော်မူခြင်း ၂၂
ဘုရားဖြစ်တော်မူပြီးမှ သတ္တသတ္တာဟ စံနေတော်မူခြင်း ၂၃
တရားတော်၏ သိမ်မွေ့နက်နဲခြင်း ၂၅
ပဉ္စဝဂ္ဂီတို့အား တရားဟောခြင်း ၂၆
ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်ကို ဆုံးမခြင်း ၃၄
ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းအား ဝန်ခံခြင်းကိုလွှတ်စေခြင်း ၃၄
ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ကျောင်းကို လှူဒါန်းခြင်း ၃၈
ခမည်းတော်သုဒ္ဓေါဒနမင်းကြီးမြတ်စွာဘုရားကိုပင့်စေတော်မူခြင်း ၄၃
ကာဠုဒါယီ မထေရ် ချီးမွမ်းသော ဂါထာ ၆၀-ကို ပြခြင်း ၄၆
မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း ၇၂
ဆွေတော် မျိုးတော်တို့အား တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း ၇၅
မြတ်စွာဘုရားအား နတ်ဗြဟ္မာအပေါင်းတို့ ဖန်ဆင်းအပ်သော
စင်္ကြံ၌ ချီးမွမ်းပုံကိုပြခြင်း ၇၉
ဗုဒ္ဓဝံသ ဒေသနာတော်ကြီးကို လက်ယာတော်ရံ ရှင်သာရိပုတ္တရာ
တောင်းပန်ခြင်း ၈၄

မာတိကာ	စာမျက်နှာ

"ကာလော ခေါ တေ မဟာဝီရ။ပ။အမတံ ပဒံ" ဂါထာဝယ်
တာရယန္တောဟူသောပုဒ်၌ ကယ်တင်ခြင်းကို အဓိပ္ပါယ်ပြခြင်း ၉၁
ပဉ္စာလောကန ဘုရားဖြစ်ရာ ကြည့်ခြင်းကြီး ငါးပါးကိုပြခြင်း.... ၉၃
မြတ်စွာဘုရား စကြာကြွလျက် တရားဟောတော်မူခြင်း ၉၅
ပါရမီဆယ်ပါးကို မေးလျှောက်ခြင်း ၉၇
ကရဝိက်ငှက်မင်း၏ သာယာသော အသံအကြောင်းကို ပြခြင်း ၁၀၄

၂-သုမေဓ ကထာ ၁၀၆
ဤဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ သုတ်ကိုထားခြင်း သုတ္တနိက္ခေပ
လေးပါးကိုပြခြင်း ၁၀၆
အမရဝတီပြည်၌ အလောင်းတော် သုမေဓာပုဏ္ဏား အကြောင်းကို
ပြခြင်း ၁၀၇
သုမေဓာပုဏ္ဏား နိဗ္ဗာန်ရှာမှီးအံ့ဟု ကြံခြင်း ၁၀၉
သုမေဓာပုဏ္ဏားသည် နိဗ္ဗာန်တရား ရှိရာ၏ဟု ကြံခြင်း ၁၁၀
သုမေဓာပုဏ္ဏားသည် နိဗ္ဗာန် မရှာမှီးသူတို့၏ အပြစ်ကို
ဥပမာတို့ဖြင့် ကြံခြင်း ၁၁၂
သုမေဓာပုဏ္ဏားသည် နိဗ္ဗာန်သွားအံ့ဟု ဥပမာတို့ဖြင့် ကြံခြင်း ၁၁၆
သုမေဓာပုဏ္ဏားသည် တောထွက်၍ အဘိညာဉ် သမာပတ်
တို့ကိုရခြင်း ၁၁၉
စင်္ကြံ၌ အပြစ်ငါးပါးကို ပြခြင်း ၁၂၂
အဘိညာဉ်အားကို ဆောင်သော ဂုဏ်ရှစ်ပါးကိုပြခြင်း ၁၂၂
သမဏသုခ ရှစ်ပါးကို ပြခြင်း ၁၂၂
သုမေဓာပညာရှိသည် သစ်ရွက်မိုးသော သင်္ခမ်းကျောင်းမှ
ဖဲ၍ သစ်ပင်ရင်း၌နေခြင်း ၁၂၃
ဒီပင်္ကရာမြတ်စွာဘုရားအကြောင်းကို ပြခြင်း ၁၂၅
ဒီပင်္ကရာသတို့သား ပဋိသန္ဓေနေသောအခါနှင့် ဖွားသောအခါ
တို့မှာ ပြသော ပုဗ္ဗနိမိတ်တို့ကိုပြခြင်း ၁၃၄
ဒီပင်္ကရာသတို့သား တောထွက်တော်မူခြင်း ၁၃၀
ဒီပင်္ကရာမြတ်စွာဘုရား ရမ္မဝတီပြည်သို့ကြွတော်မူခြင်း ၁၄၂

မာတိကာ **စာမျက်နှာ**

သုမေဓာရှင်ရသေ့ လမ်းခရီးကို သုတ်သင်ခြင်း ၁၄၄

ဘုရားလောင်း သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာ ဘုရားထံ ဘုရားဆုကို တောင်းခြင်း ၁၅၃

ဘုရားဆုကို တောင်းသော ပုဂ္ဂိုလ်အား ပြည့်စုံအပ်သော အကြောင်းရှစ်ပါးတို့ကို အစိပ္ပါယ်နှင့်တကွ ပြခြင်း ၁၅၆

ဒီပင်္ကရာမြတ်စွာဘုရား သုမေဓာရှင်ရသေ့အား ဗျာဒိတ်စကား ကြားတော်မူခြင်း ၁၅၉

သုမေဓာရှင်ရသေ့ကို ဒီပင်္ကရာ မြတ်စွာဘုရားနှင့်တကွ လူနတ်တို့ ချီးမွမ်းကြခြင်း ၁၆၄

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်စကား၌ မချွတ်မလွဲ အမြဲမှန်သည်ကို ဆင်ခြင်ခြင်း ၁၇၈

သုမေဓာရသေ့သည် ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကို ဆင်ခြင်ရာ ဒါနပါရမီကို မြင်တော်မူခြင်း ၁၈၁

သီလပါရမီကို မြင်တော်မူခြင်း ၁၈၃

နေက္ခမ္မပါရမီကို မြင်တော်မူခြင်း ၁၈၅

ပညာပါရမီကို မြင်တော်မူခြင်း ၁၈၇

ဝီရိယပါရမီကို မြင်တော်မူခြင်း ၁၈၉

ခန္တီပါရမီကို မြင်တော်မူခြင်း ၁၉၀

သစ္စပါရမီကို မြင်တော်မူခြင်း ၁၉၂

အဓိဋ္ဌာန်ပါရမီကို မြင်တော်မူခြင်း ၁၉၃

မေတ္တာပါရမီကို မြင်တော်မူခြင်း ၁၉၄

ဥပေက္ခာပါရမီကို မြင်တော်မူခြင်း ၁၉၆

ဘုရားလောင်း သုမေဓာတန်ခိုးကြောင့် လျှောင်တုန်လှုပ်ခြင်း ၁၉၈

ရမ္မဝတီပြည်သူပြည်သားတို့သည် မြေလှုပ်ခြင်း အကြောင်းကို ဒီပင်္ကရာမြတ်စွာဘုရားအား မေးလျှောက်ခြင်း ၂၀၀

သုမေဓာရှင်ရသေ့အား ရမ္မဝတီပြည်သူတို့ ပူဇော်ခြင်း ၂၀၃

သုမေဓာရှင်ရသေ့ကို နတ်တို့ပူဇော်ခြင်း ၂၀၄

မာတိကာ **စာမျက်နှာ**

၃-ဒီပင်္ကရ ဗုဒ္ဓဝံသ ၂၀၉
ရမ္မဝတီပြည်သူပြည်သားတို့အား ဒီပင်္ကရာမြတ်စွာဘုရား ဒါနစသော တရားတို့ကို ဟောကြားတော်မူခြင်း ၂၀၉
ဒီပင်္ကရာမြတ်စွာဘုရား သုံးကြိမ်မြောက် တရားအမြိုက် တိုက်ကျွေးတော်မူခြင်း.... .... ၂၁၀
ဒီပင်္ကရာမြတ်စွာဘုရား နာရဒဘီလူးကို ဆုံးမခြင်း ၂၁၉
ဒီပင်္ကရာမြတ်စွာဘုရား သုဒဿနတောင်၌ ဝါကပ်တော်မူခြင်း ၂၂၂
ဒီပင်္ကရာမြတ်စွာဘုရား၏ နေပြည်တော် ခမည်းတော် မယ်တော် စသည်တို့ကို ပြဆိုခြင်း ၂၂၄
အဝိဇဟိတဌာန လေးပါး ၂၃၀

၄-ကောဏ္ဍည ဗုဒ္ဓဝံသ ၂၃၄
ကောဏ္ဍညမြတ်စွာဘုရားအကြောင်းကို ပြခြင်း ၂၃၄
ကောဏ္ဍညမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၂၃၇
ကောဏ္ဍညမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၂၄၂
ငါ့ဘုရားအလောင်း ဝိဇိတာဝီစကြာမင်းအား ကောဏ္ဍည မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း ၂၄၇
ကောဏ္ဍည မြတ်စွာဘုရား၏ နေပြည်တော် ခမည်းတော် မယ်တော် စသည်တို့ကို ပြခြင်း ၂၄၉

၅-မင်္ဂလ ဗုဒ္ဓဝံသ ၂၅၇
မင်္ဂလမြတ်စွာဘုရား၏ အကြောင်းကိုပြခြင်း ၂၅၇
မင်္ဂလမြတ်စွာဘုရား၏ ကိုယ်ရောင်တော် ထူးခြားခြင်း ၂၅၆
မင်္ဂလမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၂၆၀
မင်္ဂလမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း ၂၆၄
ငါတို့ ဘုရားလောင်း သုရုစိပုဏ္ဏားဖြစ်စဉ် မင်္ဂလမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း ၂၆၅
မင်္ဂလမြတ်စွာဘုရား၏ နေပြည်တော် ခမည်းတော် မယ်တော် စသည်တို့ကို ပြခြင်း ၂၇၂

မဟာဗုဒ္ဓဝင်

ဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘကထာ

၁။ အနန္တဉာဏံ ကရုဏာလယံ လယံ၊
မလဿ ဗုဒ္ဓံ သုသမာဟိတံ ဟိတံ။
နမာမိ ဓမ္မံ ဘဝသံဝရံ ဝရံ၊
ဂုဏာကရဉ္စ နိရင်္ဂဏံ ဂဏံ။

၂။ ပညာယ သေဋ္ဌော ဇိနသာဝကာနံ၊
ယံ ဓမ္မသေနာပတိ ဓမ္မရာဇံ။
အပုစ္ဆိ သတ္ထာရမပါရပါရဂုံ[၁]၊
နိရင်္ဂဏော[၂] ဉာတိဂဏဿ မဇ္ဈေ။

၁-ပါရံ ပဋ္ဌမသင်္ဂါယနာတင်စာတော်မူ။
၂-နိရင်္ဂဏံ သီဟိုဠ်စာအုပ်မူ။

၃။ သုဗုဒ္ဓဝံသေနိမ ဗုဒ္ဓဝံသော၊
ဝိသုဒ္ဓဝံသေန ဝိနာယကေန။
ဟိတာဝကာသေန ပကာသိတော သော၊
သမာဓိဝါသေန[1] တထာဂတေန။

၄။ ယာဝဇ္ဇကာလာ[2] အဝိနာသယန္တာ၊
ပါဠိက္ကမဉ္စေဝ စ ပါဠိယတ္ထံ[3]။
ကထာနုသန္ဓိံ သုဂတဿ ပုတ္တာ၊
ယထာသုတံ[4] ယေဝ သမာဟရိံသု။

၅။ တဿေဝ သမ္ဗုဒ္ဓဝရန္ဝယဿ၊
သဒါ ဇနာနံ သဝနာမတဿ။
ပသာဒပညာဇနနဿ ယသ္မာ၊
သံဝဏ္ဏနာနုက္ကမတော ပဝတ္တာ။

၆။ သက္ကစ္စ သဒ္ဓမ္မရတေန "ဗုဒ္ဓ-
သီဟေန" သီလာဒိဂုဏောဒိတေန။
အာယာစိတောဟံ သုစိရမ္ပိ ကာလံ၊
တသ္မာဿ[5] သံဝဏ္ဏနမာရဘိဿံ။

၇။ သဒါ[6] ဇနာနံ ကလိနာသနဿ။
စိရဋ္ဌိတတ္ထံ ဇိနသာသနဿ။
မမာပိ ပုညောဒယဝုဒ္ဓိယတ္ထံ[7]၊
ပသာဒနတ္ထဉ္စ မဟာဇနဿ။

၈။ မဟာဝိဟာရာဂတပါဠိမဂ္ဂံ[8]၊
သန္နိဿိတာ သင်္ကရဒေါသဟီနာ။
သမာသတောယံ ပန "ဗုဒ္ဓဝံသ-
သံဝဏ္ဏနာ ဟေဿတိ သာရဘူတာ"။

၉။ သောတဗ္ဗရူပံ ပန ဗုဒ္ဓဝံသ-
ကထာယမညံ[9] ဣဓ နတ္ထိ ယသ္မာ။

၁-သမာဓိတံသေန-စာတော်။ ၂-ယာဝဇ္ဇကာလံ-တော်၊ ၃-ပါဠိအတ္ထံ-သီ။
၄-ယထာနုတံ-တော်။ ၅-တသ္မာယံ-တော်။ ၆-ယဒါ-သီ။
၇-ဗုဒ္ဓိအတ္ထံ-တော်။ ၈-မဂ္ဂ-သီ။ ၉-အညံ-သီ။

ပသာဒနံ ဗုဒ္ဓဂုဏေ ရတာနံ[၁]၊
ပဝါဟနံ ပါပမဟာမလဿ။

၁၀။ တသ္မာ ဟိ သက္ကစ္စ သမာဓိယုတ္တာ၊
ဝိဟာယ ဝိက္ခေပမနုညစိတ္တာ[၂]။
သံဝဏ္ဏနံ ဝဏ္ဏယတော သုဏန္တု[၃]။
နိဓာယ ကဏ္ဏံ မဓုရံ သုဘာသ။

၁၁။ သဗ္ဗမ္ပိ ဟိတ္ဝာ ပန ကိစ္စမညံ။
သက္ကစ္စမညေ[၄] နိဓ နိစ္စကာလံ။
သောတုံ ကထေတုမ္ပိ ဗုဓေန ယုတ္တာ၊
ကထာ ပနာယံ အတိဒုလ္လဘာ ဟိ[၅]တိ။

၁။ အနန္တဉာဏံ၊ အဆုံးမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူထသော။ ကရုဏာလယံ၊ မဟာကရုဏာ၏ တည်ရာ ဖြစ်တော်မူထသော။ မလဿ၊ ကိလေသာ တည်းဟူသော အညစ်အကြေးကို။ လယံ၊ အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ရိတ်ဖြတ်ပယ်ဖျက်တော်မူပြီးထသော။ သုသမာဟိတံ၊ ကောင်းသော သမာဓိလည်း ရှိတော်မူထသော။ ဟိတံ၊ လူ နတ် ဗြဟ္မာ သတ္တဝါ[၆]တို့၏ အစီးအပွားကို ဆောင်တော်မူတတ်ထသော။ ဗုဒ္ဓဥ္စ၊ မြတ်စွာ ဘုရားကိုလည်းကောင်း။ ဘဝသံဝရံ၊ ဘဝကို ဆီးတား ပိတ်ပင်တတ်သော။ ဝရံ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် တောင့်တအပ်ထသော။ ဓမ္မဥ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ ဂုဏာကရံ၊ သုပ္ပဋိပန္န စသည့်ကျေးဇူး ဂုဏ်အထူးတို့၏ တည်ရာလည်း ဖြစ်တော်မူထသော။ ဝါ၊ သီလ စသော ဂုဏ်ကျေးဇူးတို့၏ တည်ရာလည်း ဖြစ်တော်မူထသော။

၁–ရတနာနံ-သီ။ ၂–မနုညစိတ္တာ-တော်။ ၃–သုဝဏ္ဏံ-သီ။
၄–သက္ကစ္စမဇ္ဈေ-တော်။ ၅–ဒုလ္လဘာတိ-သီ။

၆–တေ ဘာတုယောဂေန သတ္တာတိ ဝုစ္စန္တိ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရ နိဒ္ဒေသ ၂၆၉။....သတ္တယောဂတောတိ တေဟိ သတ္တံ နာမ ဗုဒ္ဓိ ဝီရိယံ တေဇော ဝါ။ ဝိသုဒ္ဓိမဂ် မဟာဋီကာ ၃၀၇။...၎င်း ဋီကာရှိ သံဝဏ္ဏေတဗ္ဗ အလို သတ္တယောဂတော-ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ရှေးမူဟောင်း၌ ရှိရာ၏။ ၎င်းအဋ္ဌကထာ,ဋီကာတို့ကို ထောက်၍ သတ္တာ ဟူ၍ ဆရာတို့ရေးကြကုန်၏။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏကထာ မာတိကုဒ္ဒေသဝါရဝဏ္ဏနာ သီဟိုဠ်စာအုပ် စာမျက်နှာ ၄၀-၌ သတ္တယောဂေန-ဟု ရှိ၏။

နိရင်္ဂဏံ၊ ကိလေသာ အင်္ဂဏာ မရှိထသော။ ဂဏုတ္တမံ၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်နှင့်တကွ ရှစ်ယောက်သော အရိယာသံဃာတော်ကို လည်းကောင်း။ အဟံ၊ ငါသည်။ ဝါ၊ အကျွန်ုပ်သည်။ ဝါ၊ တပည့်တော်သည်။ နမာမိ၊ ဦးညွတ်ပါ၏။ ဝါ၊ ရှိခိုးပါ၏။

၂။ ဇိနသာဝကာနံ၊ ငါးမာရ်အောင်မြင် သခင်မြတ်စွာဘုရား၏ သားတော်သာဝက ဟူသမျှတို့တွင်။ ဝါ၊ တို့ထက်။ ပညာယ၊ ပညာအားဖြင့်။ သေဋ္ဌော၊ မြတ်ထသော။ နိရင်္ဂဏော၊ ကိလေသာအင်္ဂဏာ အမွေအစမျှ မရှိထသော။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီးဖြစ်သော။ ဝါ၊ တရားစစ်ဗိုလ်ချုပ်ကြီးဖြစ်သော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ် ဝိသုဒ်နတ်သည်။ ဉာတိဂဏာသ၊ ဆွေတော် မျိုးတော် အပေါင်းတို့၏။ မဇ္ဈေ၊ အလယ်၌။ အပါရပါရဂုံ၊ ကမ်းမရှိသော နိဗ္ဗာန်ကမ်းသို့ ရောက်တော်မူပြီးထသော။ သတ္ထာရံ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူထသော။ ဓမ္မရာဇံ၊ တရားမင်းဘုရားကို။ ယံ ဗုဒ္ဓဝံသံ၊ အကြင်ဗုဒ္ဓဝံသကို။ ဝါ၊ မြတ်ဘုရားတို့ ဖြစ်လားဆက်နွယ် စကားကျယ်ကို။ ဝါ၊ ဝံသစင်ကြယ်* စကားကျယ်* ကို။ အပုစ္ဆိ၊ မေးလျှောက်တော်မူပြီ။

၃။ ဣဓ၊ ဤလောက၌။ ဝိသုဒ္ဓဝံသေန၊ စင်ကြယ်သော အနွယ်အားဖြင့်။ သုဗုဒ္ဓဝံသေန၊ ကောင်းသော ဘုရားအနွယ်တော် ရှိတော်မူထသော။ တစ်နည်းကား။ ဝိသုဒ္ဓဝံသေန၊ စင်ကြယ်သော အနွယ်လည်း ရှိတော်မူထသော။ သု ဗုဒ္ဓ ဝံသေန၊ ကောင်းသော ဘုရားအနွယ်လည်း ရှိတော်မူထသော။ ဝိနာယကေန၊ လူသုံးပါးတို့ကို တရားသဖြင့် နိဗ္ဗာန်သို့ဆောင်တော်မူတတ်ထသော။ ဟိတာဝကာသေန၊ လူသုံးပါးတို့၏ အစီးအပွားကို ပြုအပ်သော အခွင့်ရှိတော်မူထသော။ သမာဓိဝါသေန၊ ဖလသမာဓိဖြင့် နေတော်မူလေ့ရှိတော်မူထသော။ တထာဂတေန၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားသည်။ သော ဗုဒ္ဓဝံသော၊ ဘုရားနွယ်လာ ထိုဗုဒ္ဓဝံသဒေသနာတော်ကို။ ပကာသိတော—ဒေသိတော၊ ဟောတော်မူအပ်ပြီ။

၄။ သုဂတဿ၊ မြတ်စွာဘုရား၏။ ယေ ပုတ္တာ၊ အကြင်သားတော်တို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ တေ၊ ထိုဘုရားသားတော်တို့သည်။ ပါဒ္ဒင်္ကမဇ္ဈေ၊ ပါဒ္ဒင်တော် အစဉ်ကိုလည်းကောင်း။ ပါဒ္ဒင်ယတ္ထဉ္စ၊ ပါဒ္ဒင်တော်၏

---

* စင်ကြယ် စကားကျယ်-ခွဲထား။

အနက်ကိုလည်းကောင်း။ ကထာနုသန္ဓိဉ္စ၊ ရှေ့နောက်စကားအစပ်ကိုလည်းကောင်း။ [အချို့စာပေမူ၌၊ ဂါထာနုသန္ဓိ-ရှိသည်။ ။ဂါထာအနုသန္ဓေကိုလည်းကောင်း-ဟု ပေးရာ၏]။ ။အဝိနာသယန္တော၊ မပျက်စီးစေကုန်မူ၍။ ယထာ သုတံယေဝ၊ ဘုရားထံမှ နာခံမှတ်သား ကြားတော်မူဖူးသော အတိုင်းသာလျှင်။ ယာဝဇ္ဇကာလာ၊ ယနေ့ကာလ အခါသို့ ကျရောက်သည့်တိုင်အောင်။ သမာဟရိံသု၊ ကောင်းစွာ ဆောင်ကုန်ပြီ။

၅။ သမ္ဗုဒ္ဓဝရန္ဝယာ၊ မြတ်စွာဘုရား၏ အလိုတော်သို့လိုက်ထသော။ ဇနာနံ၊ သူတော်ကောင်းတို့၏။ သဒါ၊ အခါခပ်သိမ်း။ သဝနာမတာ၊ ကြားနာခြင်း၌ အမြိုက်သဖွယ် ဖြစ်ထသော။ ပသာဒ ပညာ ဇနနာ၊ ကြည်လင်သော ပညာကို ဖြစ်စေတတ်ထသော။ တဿေဝ၊ ထိုဗုဒ္ဓဝံသပါဠိတော်မြတ်၏သာလျှင်။ သံဝဏ္ဏနာ၊ အဖွင့်သည်။ အနုက္ကမတော၊ အစဉ်အားဖြင့်။ ပဝတ္တာ၊ ဖြစ်ပြီ။

၆။ သဒ္ဓမ္မ ရတေန၊ သူတော်ကောင်းတရား၌ မွေ့လျော်တော်မူတတ်ထသော။ သီလာဒိဂုဏောဒိတေန၊ သီလအစရှိသော ဂုဏ်ကျေးဇူး၏ဖြစ်ခြင်းရှိထသော။ ဗုဒ္ဓသီဟေန၊ ဗုဒ္ဓသီဟ အမည်ရသော ထေရ် ပုဂ္ဂိုလ်သူမြတ် ကဝိထွတ်သည်။ သုစိရမ္ပိ ကာလံ၊ ရက်ပေါင်းများစွာ အခါကာလပတ်လုံးလည်း။ သက္ကစ္စံ၊ ရိုသေစွာ။ ယသ္မာ၊ အကြင်ကြောင့်။ အာယာစိတော၊ ရှေးရှုထပ်ထပ် တောင်းပန်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ အဿ၊ ထိုဗုဒ္ဓဝံသပါဠိတော်၏။ ဝါ၊ ခုဒ္ဒကနိကာယ်သုတ္တန် ၁၅-ကျမ်းတို့တွင် ၁၄-ကျမ်းမြောက်ဖြစ်သော ဗုဒ္ဓဝင်ပါဠိတော်၏။ သံဝဏ္ဏနံ၊ သံဝဏ္ဏနာကို။ ဝါ၊ အဖွင့်ဖြစ်သော အဋ္ဌကထာကို။ အဟံ၊ ငါသည်။ ဝါ၊ ဗုဒ္ဓဒတ္တ ဟုအမည်ရသော ငါသည်။ ဝါ၊အဋ္ဌက္ခရာ ဂါထာ ၄၀၈၀-ရှိသော ဝိနယဝိနိစ္ဆယ အဋ္ဌကထာပါဌ်, ဂါထာ ၉၅၀-ရှိသော ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာပါဌ်, ဂါထာစုဏ္ဏိယရောသော အဘိဓမ္မာဝတာရအဋ္ဌကထာပါဌ်, ရူပါရူပဝိဘာဂအဋ္ဌကထာပါဌ်တို့ကို စီရင်ပြုလုပ်သော ငါဗုဒ္ဓဒတ်ဆရာသည်။ အာရဘိဿံ၊ အားထုတ်ပေအံ့။ ဝါ၊ ၂၆-ဘာဏဝါရ အဆုံးကျအောင် လုံ့လအားထုတ်ပေဦးအံ့။

၇။ သဒါ၊ အခါခပ်သိမ်း။ [ယဒါ-ဟု သီဟိုဠ်စာမူ ရှိသည်။ ။၎င်းမူအလို—ယဒါ၊ အကြင်အခါ၌-ဟု ပေးလေ]။ ဇနာနံ၊ သတ္တဝါအပေါင်းတို့၏။ ဝါ၊ ကိလေသာခါတ် ကိန်းဝပ်တတ်သူ အပေါင်းတို့၏။ ကလိနာသနသာ၊

ယုတ်မာညစ်ကျုံ မကောင်းမှုကို တစ်ခုမှမကျန် တွန်းလှန် ဖျက်ဆီးပေတတ်သော။ [ကလ သချ်ာနေ၊ ကလိယတိ ပမီယတီတိ ကလိ၊ ပါပံ-ဟူသော ဏွာဒိမောဂ္ဂလ္လာန် (၇)ဏွ-သုတ်၏ ဥဒါဟရုဏ်။....အဘိဓာနပ္ပဒီပိကာသူစိ ဂါထာနံပါတ် ၁၁၀၆။....တံ မမ အသ ကလီတိ တံ ဝစနံ မယှံ ဒေါသော ဘဝေယျာတိ အတ္ထော။ စတုက္ကင်္ဂုတ္တရဋ္ဌကထာ ဥရုဝေလဝဂ် စတုတ္ထသုတ် ၂၄၀-၄၀၄။....ကလိနာ တေနာတိ တေန အပ-ရာဓေန သုခံ န ဝိန္ဒတိ။ ဒသကင်္ဂုတ္တရဋ္ဌကထာ ထေရဝဂ် နဝမသုတ် — ၂၇၉-၇၅၂။ .... ကလီတိ ဒေါသေန သမော အပ-ရာဓော ပိ နတ္ထိ။ ဓမ္မပဒဋ္ဌကထာ သုခဝဂ် အညတရိယာကုလဒါရိကာယဝတ္ထု ၂၉၇။ .... သီဟိုဠ်စာအုပ် ၄၇၄-စသည်တို့ကို ထောက်၍ ပေးသော အနက် ဖြစ်သည်။ ။ပထမ ငါးခုန်ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဝင်အဋ္ဌကထာနိဿယ နံ့စောင်၌— ကလိသာသနဿ၊ ရေတွက်အပ်သော သာသနာတော်၏ဟူ၍ ပေး၏။ ။ပဥ္စမသင်္ဂါယနာတင် မင်းတရား၏ ကောင်းမှု ဦးဘား ပြင်သော ဗုဒ္ဓဝံသအဋ္ဌကထာမူ၌ ကလိ-သာသနဿ-ဟူ၍ ရှိ၏။ ။ဇိနသာသနဿ၊ သခင်ဘုရား သာသနာတော်မြတ်၏။ စိရဋ္ဌိတတ္ထဉ္စ၊ကာလမြင့်ရှည် တည်စေခြင်းငှာလည်းကောင်း။ မမာပိ၊ အကျွန်ုပ်၏လည်း။ ပုညောဒယဝုဒ္ဓိယတ္ထဉ္စ၊ ကောင်းမှုဖြင့် ပွါးများတိုးတက်ခြင်းငှာလည်းကောင်း။ မဟာဇနဿ၊ များစွာသော လူအပေါင်း၏။ ပသာဒနတ္ထဉ္စ၊ ကြည်ညိုစေခြင်း အကျိုးငှာလည်းကောင်း။

၇။ မဟာ ဝိဟာရဂတ ပါဠိ မဂ္ဂံ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ ဒက္ခိဏာသာခါ မဟာဗောဓိပင်ဖြင့် တန်ဆာ ဆင်အပ်သော မဟာမေဃဝန်ကျောင်းတိုက်မှ ရလာသော ဗုဒ္ဓဝံသ ပါဠိတော် အစဉ်ကို။ သန္နိဿိတာ၊ ကောင်းစွာ မှီသည် ဖြစ်၍။ သက်ရဒေါသဟီနာ၊ ရှုပ်ထွေးရောယှက်ခြင်း သက်ရဒေါသအပြစ်မှ ကင်းသည်ဖြစ်၍။ သာရဘူတာ၊ အနှစ်ဖြစ်၍ဖြစ်သော။ အယံ ပန ဗုဒ္ဓဝံသသံဝဏ္ဏနာ၊ ဤ ဗုဒ္ဓဝံသသံဝဏ္ဏနာသည်။ ဝါ၊ ဤ ဗုဒ္ဓဝင် ပါဠိတော်၏ အဖွင့်ဖြစ်သော “မဓုရတ္ထဝိလာသိနီ”ခေါ် ဗုဒ္ဓဝင်အဋ္ဌကထာသည်။ သမာသတော၊ အကျဉ်းအားဖြင့်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

၉။ ဣမ ဤသာသနာတော်၌။ ဗုဒ္ဓဝံသကထာယ၊ ဗုဒ္ဓဝံသအဋ္ဌကထာမှ။ ဝါ၊ ဗုဒ္ဓဝင်စကားတော်အကျယ်မှ။ အညံ၊ တပါးသော။ ဗုဒ္ဓဂုဏော၊ ဘုရားကျေးဇူးတော်၌။ ရတာနံ၊ မွေ့လျော်ကုန်သော သူတော် သူမြတ်တို့ကို။

ပသာဒနံ၊ ကြည်ညိုစေတတ်သော။ ပါပ မဟာ မလဿ၊ မကောင်းမှုတည်းဟူသော ကြီးစွာသော အညစ်အကြေးကို။ ပဝါဟနံ၊ ဖွပ်လျှော်မျှောတတ်သော။ သောတဗ္ဗ ရူပံ၊ နားကြားခြင်းငှာ လျောက်ပတ်သော သဘောရှိသော ကျမ်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။

၁၀။ တသ္မာ ဟိ တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ သမာဓိယုတ္တာ၊ သမာဓိနှင့် ယှဉ်ကုန်သည်ဖြစ်၍။ ဝိက္ခေပံ၊ စိတ်၏ပျံ့လွင့်ခြင်းကို။ ဝိဟာယ၊ စွန့်ခွါ၍။ အနညစိတ္တာ၊ တပါးသောစိတ် မရှိကြကုန်ဘဲ။ သုစိဏ္ဏံ၊ ကောင်းစွာ လေ့လာအပ်ထသော။ မစုရံ၊ ကောင်းမြတ်သော။ သံဂဏ္ဌနံ၊ အဋ္ဌကထာကို။ ဝဏ္ဏယတော၊ ဖွင့်သော။ (မေ—မမ၊ ငါ၏။ သန္တိကာ၊ အထံမှ။) ကဏ္ဏံ၊ နားကို။ နိဓာယ၊ ချထား၍။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏာထ၊ နာလင့်ကြကုန်လော့။

၁၁။ ဣဓ၊ ဤလောက၌။ အညေ၊ ဗုဒ္ဓဝံသမှတပါးကုန်သော အဋ္ဌကထာကျမ်းတို့သည်။ နိစ္စကာလံ၊ အခါခပ်သိမ်း။ သောတုမ္ပိ၊ နာခြင်းငှါလည်းကောင်း။ ကထေတုမ္ပိ၊ ဟောခြင်းငှာလည်းကောင်း။ န အတိဒုလ္လဘာ၊ အလွန်ရခဲသည် မဟုတ်ကုန်။ အယံ ပန ကထာ၊ ဤဗုဒ္ဓဝံသ အဋ္ဌကထာသည်ကား။ ဗုဓေန၊ ဘုရားနှင့်။ ယုတ္တာ၊ ယှဉ်စပ်သည်ဖြစ်၍။ နိစ္စကာလံ၊ အခါခပ်သိမ်း။ သောတုမ္ပိ၊ နာခြင်းငှါလည်းကောင်း။ ကထေတုမ္ပိ၊ ဟောခြင်းငှါလည်းကောင်း။ ဟိ-ယသ္မာ ပန၊ အကြင်ကြောင့်လျှင်။ အတိဒုလ္လဘာ၊ အလွန်ရခဲ၏။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ အညံ၊ ဗုဒ္ဓါနုဿတိမှ တပါးသော။ ကိစ္စံ၊ ကိစ္စကို။ ဝါ၊ ပြုဖွယ်ကို။ ဟိတွာ၊ ပယ်စွန့်၍။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏာထ၊ နာလင့်ကုန်။ ဣတိ၊ ဤသည် ပင်လျှင် ဂန္ဓာရမ္ဘ စကားရပ် အပြီးသတ်တည်း။

ဂန္ဓာရမ္ဘ ၁၁-ဂါထာ အနက် ပြီး၏။

[ထိုတစ်ဆယ့်တစ်ဂါထာတို့သည် ဗုဒ္ဓဝင်အဋ္ဌကထာ၏ ဂန္ဓာရမ္ဘဂါထာတို့ပင်တည်း။ ဝိမာနဝတ္ထု စကားပြင်ကျမ်း, ပေတဝတ္ထု စကားပြင်ကျမ်းတို့ကို စီရင်တော်မူသော ဆရာသည်လည်း—

မဟာကာရုဏိကံ နာထံ၊ ဉေယျသာဂရပါရဂုံ။

ဝန္ဒေ နိပုဏဂမ္ဘီရ- ဝိစိတြနယဒေသနံ–

အစရှိသော ကျမ်းစဉ်အားဖြင့် ဥဒါန်းအဋ္ဌကထာ, ဣတိဝုတ်အဋ္ဌကထာ, ဝိမာနဝတ္ထု အဋ္ဌကထာ, ပေတဝတ္ထုအဋ္ဌကထာ, ထေရဂါထာအဋ္ဌကထာ, နေတ္တိအဋ္ဌကထာတို့၏ ဂန္ထာရမ္ဘဂါထာသုံးပုဒ်ကိုပင် ယူ၍ ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ ပြုတော်မူ၏။ ။မေဓာဘိဝံသသဒ္ဓမ္မဇောတိကမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ညောင်ကန်ရွာဇာတိ ပြည်ဆရာတော်ဘုရားကြီး ဦးကျီးညို သည်လည်း မိုင်းခိုင်းမြို့စားမင်း ဦးယံ၊ တောင်သာမြို့စား ဘိုးသူတော် ရှင်းတို့ တောင်းပန်၍ စီရင်တော်မူအပ်သော ပါဠိဇာတ်ပါဠိတော်နိဿယသစ် အစ၌ —

ဇာတိကောဋိသဟဿေဟိ၊ ပမာဏရဟိတံ ဟိတံ။
လောကဿ လောကနာထေန၊ ကတံ ယေန မဟေသိနာ—

အစရှိသော ဇာတ်အဋ္ဌကထာ ဂန္ထာရမ္ဘ ဂါထာကိုပင် ယူ၍ ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘ ပြုတော်မူ၏။ ။ဤ ထုံးသာဓကတို့ကို ထောက်ဆ၍ ငါတို့လည်း ဤဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ဗုဒ္ဓဝင်အဋ္ဌကထာ-လာ ဂန္ထာရမ္ဘ ၁၁-ဂါထာကိုပင် ယူ၍ ပဏာမပုဗ္ဗကဂန္ထာရမ္ဘ ပြုချေ၏။ အနည်းငယ်မျှသာ အဋ္ဌကထာမှ အတ္ထုဒ္ဓါရတို့ကို ချဲ့ရသည်။ ဤကား စကားချုပ်]

ဂန္ထာရမ္ဘကထာ ပြီး၏။

၁-နိဒါနကဏ္ဍ

ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ အပိုင်းအခြားကို မှတ်သားရန် ပြခြင်း

ထို ၁၁-ဂါထာတို့တွင်“ဗုဒ္ဓဝံသသံဝဏ္ဏနာ ဟေဿတိ သာရဘူတာ”ဟူ၍ အဋ္ဌမဂါထာ တတိယပါဒ စတုတ္ထပါဒတို့၌ ငါအဋ္ဌကထာဆရာဆိုအပ်သည်၏ အဖြစ်ကြောင့် ရတနစင်္ကမကဏ္ဍဝဏ္ဏနာ- စသည် ပြသည်မှ ပြသည်၏ ရှေးဦးစွာ ဗုဒ္ဓဝင်ကျမ်းကို ပိုင်းခြားအပ်၏။ ထိုပိုင်းခြားရာ၌ ဤဆိုလတ္တံ့ သည်ကား ဝတ္ထာန်တည်း။ ဝါ၊ ပိုင်းခြားလတ္တံ့ဖြစ်သော စကားအစဉ် ပေတည်း။

ဤကမ္ဘာမှ စ၍ ရှေးကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးအသင်္ချေ တို့၌ ပွင့်တော်မူကုန်သော နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့ ပွင့်ရာ ကမ္ဘာ စသည်တို့ကို ပိုင်းခြားခြင်း၏ အစွမ်းအားဖြင့် အစဉ်အဆက် ဖြစ်သော

အကျယ်စကားကို ဗုဒ္ဓဝင်ဟူ၍ သိအပ်၏။ ထိုဗုဒ္ဓဝင်၏ တည်ရာဖြစ်သော ကြောင့် ဤကျမ်းကို မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးဟူ၍ ခေါ်ဝေါ်အပ်၏။

ဤဗုဒ္ဓဝင်ဝတ္ထုတော်ကြီးကို—

၁။ ကမ္ဘာ အပိုင်းအခြား။
၂။ အမည် အပိုင်းအခြား။
၃။ အနွယ် အပိုင်းအခြား။
၄။ ဇာတ် အပိုင်းအခြား။
၅။ မြို့ အပိုင်းအခြား။
၆။ ခမည်းတော် အပိုင်းအခြား။
၇။ မယ်တော် အပိုင်းအခြား။
၈။ ဗောဓိပင် အပိုင်းအခြား။
၉။ ဓမ္မစက္ကသုတ္တန်ဒေသနာတော်ကို ဖြစ်စေခြင်း အပိုင်းအခြား။
၁၀။ သစ္စာလေးပါးကို သိသော အပိုင်းအခြား။
၁၁။ သာဝကအစည်းအဝေး အပိုင်းအခြား။
၁၂။ အဂ္ဂသာဝက အပိုင်းအခြား။
၁၃။ အလုပ်အကျွေး အပိုင်းအခြား။
၁၄။ အဂ္ဂသာဝိကာ ရဟန္တာမိန်းမ အပိုင်းအခြား။
၁၅။ အခြံအရံ ရဟန်း အပိုင်းအခြား။
၁၆။ ရောင်ခြည်တော် အပိုင်းအခြား။
၁၇။ ကိုယ်တော်ပမာဏ အပိုင်းအခြား။
၁၈။ ဘုရားလောင်းတို့ ဆုတောင်းသော အပိုင်းအခြား။
၁၉။ ဗျာဒိတ်စကား ကြားတော်မူသော အပိုင်းအခြား။
၂၀။ ဘုရားလောင်းတို့ ဒုက္ကရစရိယာ ကျင့်တော်မူသော အပိုင်းအခြား။
၂၁။ သက်တော် အပိုင်းအခြား။
၂၂။ ပရိနိဗ္ဗာန်စံယူတော်မူသော အပိုင်းအခြား။

ဤနှစ်ဆယ့်နှစ်ပါးသော အပိုင်းအခြားတို့ဖြင့် ပိုင်းခြားမှတ်သားအပ်၏။ ထိုမှတပါးလည်း—

၁။ ရွှေနန်း ရွှေအိမ်၌ စံမြန်းနေသော အပိုင်းအခြား။
၂။ စံတော်မူသော ပြာသာဒ်သုံးဆောင် အပိုင်းအခြား။
၃။ ကချေသည် မင်းမောင်းမတို့ အပိုင်းအခြား။
၄။ မိဖုရားကြီး အပိုင်းအခြား။
၅။ သားတော် အပိုင်းအခြား။
၆။ ယာဉ်တော် အပိုင်းအခြား။
၇။ တောထွက်တော်မူသော အပိုင်းအခြား။
၈။ ဘုရားဖြစ်ခြင်းငှါ ကျင့်တော်မူသော အပိုင်းအခြား။
၉။ အလုပ်အကျွေး အပိုင်းအခြား။
၁၀။ ကျောင်းတော် အပိုင်းအခြား။

ဤဆယ်ပါးသော အပိုင်းအခြားတို့ဖြင့် ပိုင်းခြား မှတ်သားအပ်၏။

အမေးပုစ္ဆာ ၇-ရပ်ကို ပြခြင်း

ထိုမှတပါး ဤဗုဒ္ဓဝင်ဝတ္ထုတော်ကြီးကို ဆိုလတ္တံ့သော နည်းအားဖြင့်လည်း မှတ်သားအပ်၏—

၁။ ဤဗုဒ္ဓဝင်ဒေသနာတော်ကို အဘယ်သူ ဟောအပ်သနည်း။
၂။ အဘယ်အရပ်၌ ဟောတော်မူသနည်း။
၃။ အဘယ်သူ၏ အကျိုးငှါ ဟောအပ်သနည်း။
၄။ အဘယ်အကျိုးငှါ ဟောတော်မူသနည်း။
၅။ အဘယ်အခါ၌ ဟောတော်မူသနည်း။
၆။ အဘယ်သူ၏ စကားတော်နည်း။
၇။ အဘယ်သူသည် ဆောင်အပ်သနည်း။

ဤအမေးပုစ္ဆာ ခုနစ်ရပ်နှင့်တကွ အလုံးစုံသော အစီအရင်တို့ကို ရှေးဦးစွာကလျှင် မှတ်အပ်၏။

အဖြေဝိဿဇ္ဇနာ ၇-ရပ်ကို အစဉ်အတိုင်းပြခြင်း

၁။ ဤဗုဒ္ဓဝင် ဒေသနာတော်ကို အဘယ်သူ ဟောအပ်သနည်း ဟူသော အမေး၌— အလုံးစုံသော ဉေယျဓမ္မတို့ကို အပိတ်အပင် အဆီးအတား မရှိ ဉာဏ်၏ ဖြစ်ခြင်းရှိသော ဆယ်ပါးသော ဉာဏဗလနှင့် ပြည့်စုံသည်

ဖြစ်၍ လေးပါးသော ဝေသာရဇ္ဇဉာဏ်ကြောင့် ရဲရင့်သော တရားမင်းဘုရား ဖြစ်တော်မူခြင်းကြောင့် တရား၏အရှင် တရားကြောင့် သတ္တဝါတို့၏ အရှင် အစဉ်အလာကောင်းသော အလုံးစုံကိုသိနိုင်သော မြတ်စွာဘုရားဟောကြား တော်မူအပ်၏။

၂။ ဤဗုဒ္ဓ[၁]ဝင် ဒေသနာတော်ကို အဘယ်အရပ်ဝယ် ဟောတော်မူ သနည်း ဟူသော အမေး၌–ကပိလဝတ်ပြည်ကြီးတွင် နိဂြောဓမင်းသား၏ အရံ မဟာဝိဟာရကျောင်းတော်ကြီးအတွင်း ခင်းကျင်းစီမံကာ လွန်မြတ် စွာသော ပြိုးပြိုးပြက်ပြက် အရောင်ထွက်သည် ဖြစ်၍ တင့်တင့်တယ်တယ် ရှုဖွယ်ဘနန်း အဆန်းတမူ နတ်လူတို့ မျက်စိဘည်းဟူသော ငှက်အပေါင်း တို့၏ ကျရာဖြစ်၍ ဖြစ်သော ရတနာစင်္ကြံ၌ ကြွတော်မူစဉ် ဟောတော် မူအပ်၏။

၃။ အဘယ်သူ၏ အကျိုးငှာ ဟောအပ်သနည်း ဟူသော အမေး၌– ရှစ်သောင်းနှစ်ထောင်ကုန်သော ဆွေတော် မျိုးတော် ဘိုးတော် ဘွားတော် တို့၏ အကျိုးငှာ လည်းကောင်း, တစ်ပါးမက ကုဋေကုဋေ မရေတွက်သာ များစွာသော နတ်လူတို့၏ အကျိုးငှာ လည်းကောင်း အကြောင်းအား လျော်စွာ ကောင်းစွာ ရှုမျှော်၍ ဤဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော် မူအပ်၏။

၄။ အဘယ်အကျိုးငှာ ဟောတော်မူသနည်း ဟူသော အမေး၌– လေးပါးသော ဩဃမှ ထုတ်ဆောင် ကယ်တင်ခြင်းအကျိုးငှာ ဟောတော် မူအပ်၏။

မြတ်စွာဘုရား ဝါဆိုစဉ်ကို ပြခြင်း

၅။ အဘယ်အခါဝယ် ဟောတော်မူသနည်း ဟူသော အမေး၌— မြတ်စွာဘုရားသည် ပဌမဗောဓိ၌ အနှစ်နှစ်ဆယ်တို့ပတ်လုံး မမြဲသော

၁-သဗ္ဗညုဘုရား-သဗ္ဗညုဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ - ပစ္စေကဗုဒ္ဓ၊ ရဟန္တာပုဂ္ဂိုလ်-စတုသစ္စဗုဒ္ဓ၊ အကြားအမြင်များသော ဗဟုသုတ ရဟန်းသည် သုတဗုဒ္ဓမည်၏-ဟူ၍ ဗုဒ္ဓ ၄-မျိုး ရှိကြောင်း သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ နဠဝဂ်သတ္တမသုတ်အဖွင့် ၂၂။....ဧကက- င်္ဂုတ္တရအဋ္ဌကထာ ဧကပုဂ္ဂလဝဂ်ပဌမသုတ် ဂ၃-၌ဆိုသည်။ ဤနေရာ၌ သဗ္ဗညုဗုဒ္ဓသည် သာလျှင် ပဓာနအားဖြင့် လျော်သည်။

နေခြင်းရှိသည် ဖြစ်၍ အကြင်အကြင်အရပ်၌ ချမ်းသာသည်ဖြစ်အံ့။ ထိုထိုသို့သော အရပ်သို့ ကြွသွားတော်မူ၍ ဝါကပ်တော်မူ၏။ ။အဘယ်သို့ ဝါကပ်တော်မူသနည်း ဟူမူကား[၁]—

(က) ပထမဝါကို ပဉ္စဝဂ္ဂီတို့ကျရာ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ တစ်ဆယ့်ရှစ်ကုဋေသော ဗြဟ္မာတို့ကို အမြိုက်အရသာတည်းဟူသော ဆေးဖြင့် တိုက်ကျွေးတော်မူလျက် ဗာရာဏသီပြည်ကို အမှီပြု၍ မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၏။

(ခ) နှစ်ကြိမ်မြောက်သော ဝါကိုကား ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝါးတောဖြစ်သော ဝေဠုဝန်ကျောင်းတော်ကြီး၌ ဝါကပ်တော်မူ၏။

(ဂ) သုံးကြိမ်မြောက် လေးကြိမ်မြောက် ဝါတို့ကိုလည်း ထိုဝေဠုဝန်ကျောင်းကြီး၌သာလျှင် ဝါကပ်တော်မူ၏။

(ဃ) ငါးကြိမ်မြောက် ဝါကား ဝေသာလီပြည်ကို အမှီပြု၍ မဟာဝုန်တော စုလစ်မွန်းချွန်တပ်သော ကျောင်း၌ ဝါကပ်တော်မူ၏။

(င) ခြောက်ကြိမ်မြောက်ဝါကား မကုဋတောင်၌ ဝါကပ်တော်မူ၏။

(စ) ခုနစ်ဝါကား တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၏။

(ဆ) ရှစ်ခုမြောက်ဝါကား ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ကို အမှီပြု၍ ဘေသကဠ တောအရပ်၌ ဝါကပ်တော်မူ၏။

(ဇ) ကိုးခုမြောက်ဝါကား ကောသမ္ဗီပြည်၌ ဝါကပ်တော်မူ၏။

(ဈ) ဆယ်ခုမြောက်သော ဝါကား ပလလေယျ တောအုပ်အရပ်၌ ဝါကပ်တော်မူ၏။

(ည) တစ်ဆယ့်တစ်ဝါမြောက်ကား နာဠမည်သော ပုဏ္ဏားရွာ၌ ဝါကပ်တော်မူ၏။

၁-ဝါဆိုစဉ်အကျယ် အဆုံးအဖြတ်ကို အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ ဒုကနိပါတ် ၄ သမစိတ္တဝဂ် ၅-သမစိတ္တသုတ် ၂၇။...သီ ၃၁၄။ ဗုဒ္ဓဝင်အဋ္ဌကထာ သီ ၃။....ဝိနယသာရဂဏ္ဌိကျမ်း-၁၃။....သမန္တစက္ခုဒီပနီကျမ်း ဒုတိယအုပ် နဝမတဲ့ပုဒ်ရေ ၁၆၄ စာမျက်နှာ နံပါတ် ၃၇၀-၌ ကြည့်လေ။

(၄) တစ်ဆယ့်နှစ်ဝါမြောက်ကား ဝေရဥ္စာပြည်အရပ်၌ ဝါကပ်တော်မူ၏။
(၅) တစ်ဆယ့်သုံးဝါမြောက်ကား စာလိယတောင်၌ ဝါကပ်တော်မူ၏။
(၃) တစ်ဆယ့်လေးဝါမြောက်ကား ဇေတဝန် ကျောင်းတော်ကြီး၌ ဝါကပ်တော်မူ၏။
(၈) တစ်ဆယ့်ငါးဝါမြောက်ကား ကပိလဝတ်ပြည်ကြီး၌ ဝါကပ်တော်မူ၏။
(ဏ) တစ်ဆယ့်ခြောက်ဝါ မြောက်ကား အာဠဝကဘီလူးကို ဆုံးမ၍ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ကိုလည်း အမြိုက်တည်းဟူသောအဖျော်ကို တိုက်ကျွေးတော်မူ၍ အာဠဝီမည်သော ပြည်အရပ်၌ ဝါကပ်တော်မူ၏။
(တ) တစ်ဆယ့်ခုနစ်ဝါမြောက်ကား ရာဇဂြိုဟ်ပြည်၌ ဝါကပ်တော်မူ၏။
(ထ) တစ်ဆယ့်ရှစ်ဝါမြောက်, တစ်ဆယ့်ကိုးဝါမြောက်ကား စာလိယတောင်၌ ဝါကပ်တော်မူ၏။
(ဒ) အဝါနှစ်ဆယ်မြောက်ကား ရာဇဂြိုဟ်ပြည်ကြီး၌သာလျှင် ဝါကပ်တော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ပထမဗောဓိ၌ အနှစ်နှစ်ဆယ်တို့ ပတ်လုံး မမြဲသော နေခြင်းရှိသည် ဖြစ်၍ အကြင်အကြင်အရပ်၌ ချမ်းသာသည် ဖြစ်အံ့။ ထိုထိုအရပ်သို့ ကြွသွားတော်မူ၍သာ ဝါကပ်တော်မူ၏ဟု ဝါဆို့ခဲ့၏။ ထိုအဝါနှစ်ဆယ်မှ စ၍ သာဝတ္ထိပြည်ကိုသာလျှင် မှီလျက် ဇေတဝန်ကျောင်းတော်ကြီး၌လည်းကောင်း၊ပုဗ္ဗာရုံကျောင်းတော်ကြီး၌လည်းကောင်း အမြဲသုံးဆောင်ခြင်း အစွမ်းအားဖြင့် ဝါကပ်တော်မူ၏။

ဘုရားဖြစ်တော်မူပြီး၍ ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

အကြင်အခါ မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူလျှင် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ နေတော်မူ၍ ဝါကျွတ်ပြီးသော် ပဝါရဏာ ပြုတော်မူ၍ ဥရုဝေလတောသို့ ကြွတော်မူပြီးမှ ထိုဥရုဝေလတော၌ သုံးလ ပတ်လုံး နေတော်မူလျက် ရသေ့ညီနောင် သုံးယောက်တို့ကို ဆုံးမတော်မူ၍

ရဟန်းတစ်ထောင်ကို အခြံအရံပြုလျက် ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ နှစ်လပတ်လုံး ထိုရာဇဂြိုဟ်ပြည်၌ နေတော်မူ၏။

ထိုအခါ ဗာရာဏသီပြည်မှ ထွက်သော မြတ်စွာဘုရားကား ငါးလရှိပြီ။ အလုံးစုံသော ဆောင်းလလည်း ကုန်လွန်လေပြီ။ ဥဒါယီမထေရ်လာသော နေ့မှလည်း ခုနစ်ရက် ရှစ်ရက် လွန်လေကုန်၏။ ထို အရှင် ဥဒါယီသည် တပေါင်းလပြည့်နေ့၌ "ဆောင်းလလည်း လွန်ပြီ၊ ဝသန္တကာလလည်း ရောက်လာပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ကပိလဝတ်ပြည်တော်သို့ ကြွခြင်းငှာ အခါအခွင့် သင့်တန်ပြီ"ဟု ကြံ၏။

ထိုအရှင်ဥဒါယီသည် ဤသို့ ကြံပြီး၍ ဆွေတော်မျိုးတော် ဘိုးတော် ဘွားတော်တို့ ပြည်သို့ သွားခြင်းငှာ ခြောက်ဆယ် အတိုင်းအရှည်ရှိသော ဂါထာတို့ဖြင့် သွားခြင်း၏ အကျိုးကျေးဇူးကို ချီးမွမ်း၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်ဥဒါယီ စကားကို ကြား၍ ဆွေတော်မျိုးတော် ဘိုးတော် ဘွားတော်တို့ကို ထောက်ပံ့ချီးမြှင့်ခြင်း ပြုတော်မူလိုသည်ဖြစ်၍ အင်္ဂတိုင်း မဂဓတိုင်း၌ နေကုန်သော အမျိုးကောင်းသား တစ်သောင်းတို့ဖြင့်လည်းကောင်း၊ ကပိလဝတ်ပြည်၌ နေကုန်သော အမျိုးကောင်းသား တစ်သောင်းတို့ဖြင့် လည်းကောင်း ဤနှစ်သောင်းကုန်သော ရဟန္တာအရှင်မြတ်တို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ ရာဇဂြိုဟ်ပြည်မှ ထွက်၍ နေ့တိုင်းနေ့တိုင်း တစ်ယူဇနာစီ ကြွတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်မှ ယူဇနာခြောက်ဆယ် ရှိသော ကပိလဝတ်ပြည်သို့ နှစ်လနှင့်ရောက်၍ ကပိလဝတ်ပြည်၌ ဆွေတော် မျိုးတော်တို့ကို ရှိခိုးစေခြင်းငှာ အလုံးစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၏။ ထိုအခါ ဤဗုဒ္ဓဝင် ဒေသနာတော်ကို ဟောတော်မူ၏။

၆။ **အဘယ်သူ၏ စကားနည်း** ဟူသော အမေး၌—ရဟန္တာ သာဝက ပစ္စေကဗုဒ္ဓါတို့နှင့် မဆက်မဆံ အရဟံ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ထူးရသော မြတ်စွာ ဘုရား၏ စကားတော်သာတည်း။

၇။ **အဘယ်သူသည် ဆောင်အပ်သနည်း** ဟူသော အမေး၌— အာစရိယပရမ္ပရ ဆရာအဆက်ဆက်တို့သည် ဆောင်အပ်၏။ ထိုစကားသည် သင့်၏။ ဤဗုဒ္ဓဝင် ဒေသနာတော်ကို ရှင်သာရိပုတ္တရာမထေရ်၊ အဿဇိမထေရ် ကောသိယသား တိဿမထေရ်၊ သိဂ္ဂဝမထေရ်၊ မောဂ္ဂလိပုတ္တတိဿမထေရ်

သုဒ္ဓတ္တမထေရ်, ဓမ္မိကမထေရ်, ဒါသကမထေရ်, သောနကမထေရ်, ရေဝတမထေရ် အစရှိကုန်သော မထေရ်မြတ်တို့သည် တတိယသင်္ဂါယနာ တင်သည့်တိုင်အောင် ဆောင်အပ်ကုန်၏။ ထိုနောက်၌လည်း ဆရာမြတ်တို့၏ တပည့်အဆက်ဆက်တို့သည် ယနေ့ထက်တိုင်အောင် ဆောင်အပ်သည်သာလျှင်တည်း။

ဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ နိဒါန်းအပြားကို ပြခြင်း

နိဒါန်းတို့၏အပြား နိဒါန်းတို့၏ အကြောင်းကား—

၁။ ဒီပင်္ကရာ ထွတ်ချာမှန်ကင်း သုံးလူ့မင်း၏ ခြေရင်းတော်၌ ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသော ဘုရားလောင်းသည် သုမေဓာဘဝမှ အစပြုပြီးလျှင် အဆုံးဝေဿန္တရာမင်းအဖြစ်မှ စုတေခဲ့၍ တုသိတာနတ်ပြည်၌ ဖြစ်၏။ ထိုမျှလောက် စကားအစဉ်သည် ဒူရေနိဒါန်းမည်၏။

၂။ ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်တော်ကို ရသည်တိုင်အောင်သော စကားအစဉ်သည် အဝိဒူရေနိဒါန်းမည်၏။

၃။ သန္တိကေနိဒါန်း ဟူသည်ကား—ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ-ဟူ၍လည်းကောင်း၊ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ-ဟူ၍လည်းကောင်း၊ ဝေသာလိယံ ဝိဟရတိ မဟာဝနေ ကူဋာဂါရသာလာယံ-ဟူ၍လည်းကောင်း မဟာဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူသည်မှ အကြင်မျှလောက် ပရိနိဗ္ဗာန်ပြုရာညောင်စောင်း၌ လျောင်းတော်မူသည်တိုင်အောင် ထိုအတွင်း လေးဆယ့်ငါးဝါ ကာလပတ်လုံး မြတ်စွာဘုရားသည် အကြင်အကြင်အရပ်၌ နေတော်မူ၏။ ထိုထိုအရပ်၌ နေခြင်းကို သန္တိကေနိဒါန်းဟူ၍ မှတ်အပ်၏။ ဤနိဒါန်းသုံးပါးသည် ဗာဟိရနိဒါန်းတည်း။

၄။ ထိုဗာဟိရနိဒါန်းကား—"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ"အစရှိသည်တို့ကဲ့သို့ "ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ။ အထ ခေါ အာယသ္မာ သာရိပုတ္တော ယေန ဘဂဝါ၊ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဗုဒ္ဓဝံသံ

အာပုစ္ဆတိ”ဤသို့ အစရှိသောနည်းဖြင့် နိဒါန်းကို မဆိုဘဲ အဘယ့်ကြောင့် “ဗြဟ္မာ စ လောကာဓိပတိ သဟံပတိ[၁]၊ ကတဉ္စလီ အနဓိဝရံ အယာစထ” ဤသို့အစရှိသောနည်းဖြင့် နိဒါန်းကို ဟောတော်မူအပ်သနည်း ဟူမူကား— မြတ်စွာဘုရားအား အလုံးစုံသော တရားဟောခြင်း အကြောင်းဖြစ်၍ ဖြစ်သော သဟံပတိဗြဟ္မာ၏ တောင်းပန်ခြင်းကို ထင်လင်းစွာ ပြတော်မူခြင်းငှါ ဟောတော်မူအပ်၏။

သဟံပတိဗြဟ္မာ တရားဟောရန် တောင်းပန်ခြင်း

၁။ သဟံပတိဗြဟ္မာ အဘယ်အခါ၌ တရားဟောခြင်းငှာ တောင်းပန်သနည်း။

၂။ အဘယ်အရပ်၌ တောင်းပန်အပ်သနည်း။

၃။ အဘယ် အကြောင်းကြောင့် ဤ “ဗြဟ္မာ စ လောကာဓိပတိ သဟံပတိ၊ ကတဉ္စလီ”ဟူသော ဂါထာကို ဟောတော်မူသနည်း ဟူမူကား—

၁-သဟံပတိဗြဟ္မာသည် အနာဂါမ်ဗြဟ္မာတည်း။

အထ ခေါ ဗြဟ္မာ သဟံပတီတိ ကော သဟံပတိဗြဟ္မာ၊ ကဿပ စ ပန ဘဂဝတော် ဥပသကမ်ိတွာ တေဒဝေါစာတိ။ အယံ ကဿပဿ ဘဂဝတော သာသနေ သဟကော နာမ ဘိက္ခု အနာဂါမီ ဟုတွာ သုဒ္ဓါဝါသေသု ဥပ္ပန္နော၊ တတ္ထ နံ သဟံပတိဗြဟ္မာတိ သဉ္ဇာနန္တိ။ သုတ္တနိပါတ် အဋ္ဌကထာ ၃၆၊ ကောကာလိယသုတ် ၁၂-ကြောင်း ပေကု ချုပ် ဝမ်းဘက်-၉-ကြောင်း။...မူလပဏ္ဏာသအဋ္ဌကထာ ၂၆-ပါသရာသိသုတ် ၇၆။.... သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ '၆-ဗြဟ္မသံယုတ် ၁-ဝဂ် ၁-သုတ် ၁၆၅၊ ယိုးဒယား ၂၃၀။ သီ-၁၃၆။ တေရသကဏ္ဍဋီကာ မဟာဝါ မဟာခန္ဓကအဖွင့် ၂၃။

သုတ္တနိပါတ်အဋ္ဌကထာမှ ကြွင်းကုန်သော အဋ္ဌကထာ ဋီကာတို့၌ ၎င်းဗြဟ္မာကို ပထမဈာန် ဘုံသားဟူ၍ ဆိုကြကုန်၏။

သဟကပတိ-ဟူ၍ ဆိုအပ်လျက် က-အက္ခရာကို နိဂ္ဂဟိတ်ပြု၍ သဟံပတိ-ဟု ခေါ်ဆိုကြကုန်၏။ ထို့ကြောင့်— သဟကဲပတီတိ ဝတ္တဗ္ဗေ အနုဿရာဂမံ ကတွာ ရုဠှီဝသေန သဟံပတီတိ ဝဒန္တိ။ ဗုဒ္ဓဝံသအဋ္ဌကထာ ရတနစင်္ကမကဏ္ဍ ပထမဂါထာ ပထမပါဒအဖွင့် စာတော်မူ ကဲ ချုပ် ကျောဘက် ၄-ကြောင်း။ သီဟိုဠ်စာအုပ် ၁၁၊ ၄-ကြောင်း။ သဟကဿ ကဿ ပတိမှိ နိဂ္ဂဟိတတ္တံ။ သဒ္ဒနီတိသုတ္တမာလာ ၂၀-သန္ဓိသုတ်ဦးရေ ၁၉၆၊ သဒ္ဒနီတိ သုတ္တမာလာနိဿယ ဂ၆-တို့၌ ဆိုကုန်၏။

ဗြဟ္မာသဒ္ဒါ၏အဖွင့်ကို အတ္ထုဒ္ဓါရနှင့်တကွ မူလပဏ္ဏာသအဋ္ဌကထာ မူလပရိယာယသုတ် ၃၂။ ဗုဒ္ဓဝံသအဋ္ဌကထာ ရတနစင်္ကမကဏ္ဍဝဏ္ဏနာ သီ-၁၀။ အဘိဓာနပ္ပဒီပိကာသူစိ ၁၅-ဂါထာအဖွင့် စာမျက်နှာ ၄၂၆-၌ ယူပါ။

ဘုရားဖြစ်တော်မူသော ဘုန်းတော်သခင် ရှင်တော်ဘုရားကို အဋ္ဌမ သတ္တာဟ၌ တရားဟောတော်မူပါဟု ကောင်းစွာ တောင်းပန်အပ်၏။ ထို စကား၌ ဤ ဆိုလတ္တံ့သည်ကား အစဉ်ဖြစ်သော စကားတည်း။ ယောကျ်ား မြတ် ဖြစ်တော်မူသော ဘုရားလောင်းသည် ပြုအပ်ပြီးသော ဆုတောင်းခြင်း ရှိသည်ဖြစ်၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသော နေ့၌ ခြေလက်ဖောက်ပြန်ခြင်း, ထင်ရှားစွာ အဝတ်ကင်းခြင်း, အိပ်ပျော် ခြင်းသို့ ရောက်ကုန်သော ကချေသည် မင်းမောင်းမတို့ကို မြင်တော် မူလျှင် အလွန်ပင် ထိတ်လန့်သော နှလုံးတော်ရှိရကား ဆန္နအမတ်ကို ခေါ်ဟော်မူ၍ "ရန်သူကို တားမြစ်ခြင်းငှာ စွမ်းနိုင်သော နှစ်သက်အပ် မြတ်နိုးအပ်သော ကဏ္ဍက[၁] မည်သော မြင်းမြတ်ကို ဆောင်ခဲ့ချေ"ဟု စေတော်မူ၍ ဆန္နအမတ်လျှင် နောက်လိုက်ပါသော မြင်းဖြူရတနာကို စီးတော်မူလျက် ယခင်အခါကပင် မြို့တံခါး၌ စောင့်ရှောက်သော နတ်တို့ မြို့တံခါးကို ဖွင့်သည်ရှိသော် မြို့မှ ထွက်၍ ဒေဝဒဟ, ကောလိယနှင့် ကပိလပြည်ကြီးတို့ကို ထိုညဉ့်ဖြင့်သာလျှင် လွန်တော်မူ၍ မယုတ်မနည်း ထူးကဲမျှားမြတ်သော ဘုန်းသမ္ဘာရှင်ဖြစ်၍ အနောမာ-ဟု အမည်ရသော ဘုရားအလောင်းတော်သည် အနော်မာ မြစ်ကမ်းနား၌ ရပ်တော်မူလျက် ဆန္နအမတ်ကို "ချစ်သားဆန္န....သင်သည် သူတပါးတို့နှင့် မဆက်ဆံသော ဤ တန်ဆာကို လည်းကောင်း၊ ကဏ္ဍကမြင်းမြတ်ကို လည်းကောင်း ဆောင်ယူ၍ ကပိလဝတ် ပြည်တော်သို့ပြန်လေ"ဟု လွှတ်လိုက်၍ ကြာညိုပွင့် အဆင်းနှင့် တူသော သန်လျက်ဖြင့် မိမိ ဆံထွတ်ကို ဖြတ်တော်မူ၍ ကောင်းကင်သို့ မြှောက်လိုက်ပြီးမှ ပြဟ္မာတို့ ဆက်အပ်သော သပိတ် သင်္ကန်းကို လှမ်းယူတော်မူလျက် မိမိအလိုလိုလျှင် ရဟန်းပြု၍ အစဉ်သဖြင့် ဒေသစာရီကြွချီတော်မူသည် ရှိသော် လေ၏ အဟုန်ကြောင့် ကောင်းစွာ တက်သော လှိုင်းတံပိုးရှိသော မကပ်ငြိသော ဂင်္ဂါမြစ်ကို ကူးတော်မူ၍ ပတ္တမြားအပေါင်းတို့၏ အရောင်ဟူသော ကွန်ရက်တို့ဖြင့် တထိန်ထိန် တောက်ပသကဲ့သို့ဖြစ်သော ရာဇဂြိုဟ်မြို့တော်သို့ ဝင်၍ ထိုရာဇဂြိုဟ်ပြည်၌ အစိုးရခြင်းတည်းဟူသော ယစ်ခြင်းဖြင့် မေ့လျော့သော လူအပေါင်းကို ပြက်ရယ်ပြုသကဲ့သို့လည်းကောင်း, လူအပေါင်း၏ရှက်ခြင်းကို ဖြစ်စေသကဲ့သို့ လည်းကောင်း, နှစ်သက်ခြင်းဖြင့် မြို့သူ မြို့သားတို့၏ နှလုံးအလိုကို

---

[၁] ကဏ္ဍက မြန်မာစာမူ ဇာတ်အဋ္ဌကထာနိဒါန်း ၆၁။ ကန္ဒကသီဟိုဠ်စာမူ ၅၂-၆၁။

ကိုယ်တော်၌ ဖွဲ့ဘိသကဲ့သို့လည်းကောင်း, သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ဖြင့် တပ်အပ်သော အဆင်းအသရေတော်တို့ဖြင့် အလုံးစုံသော လူတို့ မျက်စိကို လုယက် နှောင့်ယှက်ဘိ သကဲ့သို့လည်းကောင်း, အဆင်းတည်းဟူသော ကျေ့ာကွင်းဖြင့် ကောင်းမှု၏ ဖြစ်ခြင်းကဲ့သို့လည်းကောင်း, ရွှေတောင်ကြီးကဲ့သို့ မားမားစွင့်စွင့် ကြွသွားတော်မူသဖြင့် ငြိမ်သက်သော ဣန္ဒြေ, ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ ထမ်းပိုးတစ်ပြန် တစ်လံမျှလောက် ရှုကြည့်တော်မူလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလို့ငှာ ကြွသွားတော်မူ၍ မျှလောက်ရုံမျှသော ဆွမ်းကို ရသည်ရှိသော် မြို့မှ ထွက်၍ ပဏ္ဍဝတောင်ဝှမ်း အရိပ်ရေချမ်းနှင့် ပြည့်စုံပြီးလျှင် စင်ကြယ်သော မြေအဖို့ရှိသဖြင့် အလွန်နှလုံးမွေ့လျော်ဖွယ်ရာ ဆိတ်ငြိမ်စွာသော အရပ်သို့ ကပ်တော်မူလျက် အရောရောသော ဆွမ်းကို ဘုဉ်းပေးဆင်ခြင်တော်မူ၍ ပဏ္ဍဝတောင်ယံသို့ အစဉ်ရောက်သောအခါ ဗိမ္ဗိသာရ အမည်ရှိသော မဂဓရာဇ် မင်းသည် ယောကျ်ားမြတ်၏ အထံသို့ ကပ်၍ အမည်အနွယ်ကို မေးလေ၏။ ထိုသို့ မေးမြန်း၍ သိရသောအခါ လွန်စွာဝမ်းမြောက်သော စိတ်ရှိသော ထိုမဂဓရာဇ် မင်းသည် "အကျွန်ုပ် ပြည်မြို့ကို တစ်ဖို့ ယူတော်မူပါ"ဟု မင်းအဖြစ်ဖြင့် ပင့်ဖိတ်သည် ရှိသော် "မဂဓရာဇ်မင်းကြီး....ငါ့အား ဤပြည်ဖြင့် အလိုမရှိ၊ ငါသည် ကပိလဝတ် ပြည်ကြီးကို ထီးနန်းပါ စွန့်ပစ်တော်မူ၍ လူသုံးပါးတို့၏ စီးပွါးအလို့ငှာ ဒုက္ကရစရိယာ ကျင့်တော်မူ၍ လောက၌ သံသရာဝဋ္ဋတည်းဟူသော အမိုးကို ဖောက်ထွင်းနိုင်သော ဘုရားဖြစ်အံ့ဟု တောထွက်တော်မူခဲ့၏"ဟု ဆိုသောကြောင့် ထိုဗိမ္ဗိသာရမင်းကြီးသည် "အရှင်ဘုရား....လူသုံးပါး၌ ဘုရားစင်စစ်ဖြစ်တော်မူပါလျှင် အလုံးစုံတို့၏ ရှေးဦးစွာ ဒကာတော်၏ နိုင်ငံသို့ ကြွတော်မူပါ"ဟု အခါခါ ပင့်ဖိတ်လေလျှင် ထိုဗိမ္ဗိသာရမင်းကြီးအား ကောင်းပြီဟူသော ပဋိညာဉ်ကို ဝန်ခံတော်မူပြီးမှ အာဠာရ, ဥဒကရသေ့တို့ အထံသို့ ကပ်တော်မူ၍ ထိုရသေ့တို့၏ တရားဒေသနာ၌ အမြိုက်အရသာ တည်းဟူသော အနှစ်ကို မရသည် ဖြစ်၍ ထိုအာဠာရ, ဥဒကတို့ထံမှ ဖဲခွဲ့ပြီးသော် ဥရုဝေလတော၌ ခြောက်နှစ်တို့ပတ်လုံး ပြုနိုင်ခဲလှသော ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူသော်လည်း အမြိုက်နိဗ္ဗာန်ကို ရအံ့သောငှာ မတတ်နိုင်ရကား ကြမ်းတမ်းသော အာဟာရကို မှီဝဲသဖြင့် ကိုယ်တော်ကို ရောင့်ရဲစေ၏။

သူကြွယ်သမီး သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း

ထိုအခါ ဥရုဝေလအရပ် သေနာနိဂုံး၌ သေနသူကြွယ် သမီး ဖြစ်သော သုဇာတာသည် အရွယ်သို့ ရောက်သည် ရှိသော် တစ်ခုသော ပညောင်ပင်၌ ဆုတောင်းခြင်းကို ပြု၏။ "အကျွန်ုပ်သည် အမျိုးတူသော လင့်အိမ်သို့ ရောက်သည် ရှိသော် ရှေးဦးစွာ သားယောကျ်ားကို ရပါမူကား ဗလိနတ်စာ ကျွေးပါအံ့"ဟု ဆုတောင်းခြင်းကို ပြု၏။

ထိုသုဇာတာအား ဆုတောင်းပတ္ထနာ ကောင်းစွာ ပြည့်စုံသောကြောင့် *ဗလိနတ်စာ ကောင်းစွာ ကျွေးအံ့ဟု နံနက်စောစောကလျှင် ပင်ပန်းခြင်း မရှိ လွန်မြတ်ကောင်းမွန်သော နို့ဃနာကို ကောင်းစွာ စီရင်၏။ ဘုရား လောင်းသည်လည်း ထိုလပြည့်နေ့၌ပင်လျှင် ပြုအပ်ပြီးသော ကိုယ်လက် သုတ်သင်ခြင်း ရှိသည် ဖြစ်၍ ဆွမ်းခံချိန်ကို ငံ့လင့်လျက် စောစောကလျှင် ကြွတော်မူ၍ ပညောင်ပင်ရင်းသို့ ချဉ်းကပ် နေတော်မူလင့်၏။

ထိုအခါ သူကြွယ်သမီး သုဇာတာ၏ နို့ထိန်း ပုဏ္ဏာမည်သော ကျွန်မသည် ပညောင်ပင်ရင်းကို သုတ်သင်အံ့သောငှာ သွားသည် ရှိသော် အရှေ့လောက ဓာတ်သို့ ကြည့်လျက် နေတော်မူသော ဆည်းဆာ အရောင်တို့ဖြင့် တပ်အပ်သော မြတ်သော ရွှေတောင်ထွတ်နှင့် တူတော်မူသော ကိုယ်တော် ရောင်ဖြင့် တပြောင်ပြောင် တင့်တယ်ခြင်း ရှိသည် ဖြစ်၍ ညဉ့်၏ အဆုံး အမိုက်တိုက်ကို တပြိုင်နက် လင်းစေတတ်သော ကြာနီ ကြာဖြူ ကြာပုဏ္ဍရိက် ကြာတံဆိပ် တည်းဟူသော တော၏ တင့်တယ်ခြင်းကို ပြုတတ်သော ဘာဏုမရာဇာ ရောင်ခြည်တစ်ထောင် ဆောင်လာသော စကြာနေမင်းကဲ့သို့ အသစ်အနုဖြစ်၍ မြတ်ခြင်းသို့ ရောက်သော ဘုရားတည်းဟူသော နေမင်းကို လင်းလင်းထင်ထင် မြင်လေ၏။

ဘုရားလောင်း ကိုယ်တော်မှလည်း ထွက်သော အရောင်တို့ဖြင့် အလုံးစုံ သော ပညောင်ပင်ကို ရွှေကဲ့သို့ ဖြစ်စေသည်ကို မြင်လျှင် ကြည်ရွှင်သော စိတ်သဒ္ဓါနှင့် ပုဏ္ဏာမည်သော ကျွန်မသည် ဤသို့ အကြံ ဖြစ်သတတ်။

---

* မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ သုသောဓိတ မဟာရာဇဝင်ကြီး ပထမတွဲ စာမျက်နှာ ၄၆-အဆို။

"ယနေ့ ငါတို့၏ ရှင်နတ်မင်းကား သစ်ပင်ထက်မှ ဆင်းသက်တော်မူ၍ မိမိလက်ဖြင့်သာ ဗလိနတ်စာကို ခံလိုသည် ဖြစ်၍ နေလင့်အံ့တကား" ဟု ထိုကျွန်မသည် လျင်စွာသွား၍ သုဇာတာအား ဤအကြောင်းကို ပြန်ကြား ပေ၏။

ထို့နောက်မှ သုဇာတာသည် ဖြစ်သောသဒ္ဓါခြင်းရှိသည်ဖြစ်၍ အလုံးစုံ သော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် အဖိုး တစ်သိန်းထိုက်သော ရွှေခွက်၌ အလွန်ကောင်းမြတ်သော နို့ဃနာကို ပြည့်စေလျက် ရွှေခွက် တစ်ခုဖြင့် ပိတ်ဖုံး၍ ဦးခေါင်းဖြင့် ဆောင်ယူပြီးမှ ပညောင်ပင်သို့ ရှေးရှု သွားသော သုဇာတာသည် အဝေးကလျှင် ပညောင်ပင်ရင်း၌ စောင့်သော နတ်ကဲ့သို့ အလုံးစုံသော ပညောင်ပင်ကို ကိုယ်ရောင်ဖြင့် ရွှေကဲ့သို့ အဆင်း ရှိသည်ကို ပြု၍ နေလင့်သော ဘုရားလောင်းကို မြင်လျှင် ကြည်ရွှင်သော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ရှိသည် ဖြစ်၍ သုဇာတာသည် စင်စစ် သစ်ပင်စောင့်နတ် ဟူသောအမှတ်ဖြင့် မြင်ရာအရပ်မှ စ၍ ညွတ်ပျပ် ဒူးတုပ်လျက် သွားပြီးမှ ဦးခေါင်းထက်က ရွှေခွက်ကို ချ၍ ဘုရားလောင်း လက်၌ ထားပြီးလျှင် ငါးအင်သော ထိခြင်းဖြင့် ရှိခိုး၍ "ကျွန်တော်မ နှလုံးအလို မငြိုမငြင် ပြည့်သကဲ့သို့ သခင်ဘုရားတို့အားလည်း နှလုံးအလို မငြိုမငြင် ပြည့်ပါစေသတည်း" ဟု ဆို၍ ဖဲခဲ့၏။

ထိုအခါ ဘုရားလောင်းသည် ရွှေခွက်ကိုယူတော်မူ၍ နေရဉ္ဇရာ မြစ်သာ ကမ်းနားသို့ သွား၍ သုပ္ပတိဋ္ဌမည်သော ဆိပ်၌ ရွှေခွက်ကို ထား၍ ရေချိုး ပြီးလျှင် မြစ်မှတက်၍ လေးဆယ့်ကိုးလုတ်ပြုလျက် နို့ဃနာကို ဘုဉ်းပေး၍ "ငါသည် ယနေ့ အကယ်စင်စစ် ဘုရားဖြစ်မည် မှန်အံ့၊ ဤသို့ ဖြစ်မူ ရွှေခွက်သည် အညာသို့ ဆန်တက်စေသတည်း" ဟု ဓိဋ္ဌာန်၍ ရေလျဉ်၌ ချလိုက်လေ၏။ ချလိုက်သော ရွှေခွက်သည်လည်း အညာသို့သာ ဆန်တက်၍ ကာလနဂါးမင်းနေရာ ဗိမာန်သို့သာ ဝင်၍ ယခင် ဘုရားသုံးဆူတို့၏ ရွှေခွက်တို့ အောက်၌ တည်လေ၏

ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားလောင်းသည်လည်း ထိုအင်ကြင်း တောအုပ်၌ပင်လျှင် နေသန့်ခြင်းကို လွန်စေ၍ ညချမ်းသောအခါ သောတ္ထိယ[၁]မည်သော မြက်ရိတ်ယောကျ်ားကို ခရီးအကြား၌ တွေ့လေလျှင် လှူစေချင်သောအခြင်းအရာကို သိ၍ လှူလိုက်သော မြက်ရှစ်ဆုပ်[၂]ကို ယူတော်မူလျက် ဗောဓိမဏ္ဍိုင်သို့ သက်တော်မူ၍ တောင်မျက်နှာအရပ်၌ ခံ့ခံ့မတ်မတ် ရပ်တော်မူလျှင် ပိန်းကြာဖက်တွင် ရေပေါက်ကဲ့သို့ လှုပ်ရှားသော် ယောကျ်ားမြတ်သည် "ဤအရပ်ကား ငါ့ကျေးဇူးကို ဆောင်ခြင်းငှာ မစွမ်းနိုင်ရာ"ဟု ကြံလျက် အနောက်မျက်နှာအရပ်သို့ သွားလေသော် ထိုအရပ်သည်လည်း ဤနည်းနှင်နှင် မြေပြင် ချောက်ချား‌သောကြောင့် မြောက်မျက်နှာ အရပ်ပါးသို့ သွားပြန်သော်လည်း ထိုနည်းမသွေ တုန်လှုပ်လေ၍ အရှေ့အရပ်သို့ကြွတော်မူမှ ပလ္လင်ပမာဏရှိသော အရပ်သည် ကြံ့ကြံ့ခိုင်ခိုင် တည်တံ့နိုင်ရကား ယောကျ်ားမြတ် ဖြစ်တော်မူသော လောင်းလျာသည် "ဤအရပ်သည်သာ ကိလေသာကို ဖျက်ဆီးအံ့သော အရပ်တည်း"ဟု ဆုံးဖြတ်ခြင်းကို ပြုတော်မူ၍ သောတ္ထိယ လှူလိုက်သော မြက်ရှစ်ဆုပ်တို့ကို အဖျား၌ ကိုင်၍ ကြဲလျှင် စုတ်တံဖျားဖြင့် ပိုင်းခြားသကဲ့သို့ ဖြစ်ကုန်၏။

ထိုအခါ ဘုရားလောင်းသည် "သမ္ဗုဒ္ဓတအရဟတ္တမဂ်ဉာဏ်သို့ ကေန်မရောက်ဘဲလျှင် ဤပလ္လင်ထက်ဝယ်မှ ရွှေ့ဖယ် မဖျက်အံ့"ဟု အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူ၍ ထက်ဝက်ဖွဲ့ခွေ နေတော်မူလျက်ဗောဓိပင်စည်ကို နောက်မှီတံကဲပြု၍ အရှေ့မျက်နှာသို့ ရှေးရှုနေတော်မူ၏။ ထိုခဏ၌ အလုံးစုံသော လောကကို ဆောင်နိုင်သော မာရ်မင်းသည်[၃]

၁– အချို့စာတို့၌ သုဒ္ဓိယ-ဟူ၍ ရှိသည်။

၂– ယသ္မိံ ဟိ ရုက္ခမူလေ ကုသပလ္လင်္ကေ နိသီဒိတွာ။ ပေ။ ဗောဓိရုက္ခမူလေတိ-ဟူ၍ မဟာဝံသဋီကာ ဒွါဒသမဂါထာဝဏ္ဏနာ သီဟိုဠ်စာအုပ် ၅၃-၌ လာသောကြောင့် "သမန်းမြက်ရှစ်ဆုပ်"ဟု ခံမှတ်သင့်၏။

၃– မာရ်နတ်မင်းသည် ရှေ့၁၂-ယူဇနာ၊ လက်ဝဲလက်ယာ ၁၂-ယူဇနာစီ၊ နောက်က စကြဝဠာတံတိုင်းအထိ အထက် ၉-ယူဇနာ စသည်များစွာ ခြံရံလျက် လေပွေမိုး၊ ကျောက်ခဲပူမိုး၊ လက်နက်မိုး၊ မီးကျီးခဲမိုး၊ ပြာပူမိုး၊ သဲပူမိုး၊ ရွှံ့ညွန်မိုး မိုက်မှောင်စက်လက်နက် ဟူကုန်သော လက်နက် ၁၀-ပါးတို့ဖြင့် တိုက်ပါသော်လည်း စစ်ရှုံး၍ ပြေးရကြောင်းကို ဇာတ်အဋ္ဌကထာနိဒါန်း၊ အပဒါန်အဋ္ဌကထာနိဒါန်း၊ အနာဂတဝင်အဋ္ဌကထာနိဒါန်းတို့၌ ရှုပါကုန်။

စာကြည့်တိုက်

၂၀၅၁၈

လက်ရိုးပေါင်းတစ်ထောင်ကို ကုန်အောင်ဖန်ဆင်း၍ ယူဇနာတစ်ရာ့ငါးဆယ် ရှိသော ရန်သူကို တားမြစ်နိုင်သော ဟိမဝန္တာတောင်ထွတ်နှင့် တူသော ဂိရိမေခလာဆင်မြတ်ကို တက်စီးတော်မူ၍ ကိုးယူဇနာရှိသောလေးလက်နက် ပုဆိန် မြား လှံနှင့်တကွ အလွန်ထူထဲသော မာရ်မင်း စစ်သည်သည် ခြံရံအပ်သည် ဖြစ်၍ ထက်ဝန်းကျင်မှ တောင်ကဲ့သို့ လွှမ်းမိုးလျက် ဘုရားလောင်းသို့ တပြိုင်နက် ကပ်လေကုန်၏။

ထိုအခါ ဘုရားလောင်းသည် နေမဝင်မီလျှင် အလွန်အန်တုမူသော မာရ်မင်းစစ်သည်ဗိုလ်ပါကို တခါတည်း ပယ်ဖျောက်၍ လယ်ခေါင်ရန်း ပန်းပွင့်နှင့် တူသည်ဖြစ်၍ သက်န်း၏ အထက်၌ ကျကုန်သော သန္တာညွန့် အသွင် အလွန်လျှင် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သဖြင့် နှစ်သက် တင့်တယ်ရှုဖွယ်ဘနန်း အံ့မခန်းကုန်သော ဗောဓိပင်ညွန့်တို့ဖြင့် မြူးကွန့်မချို နှစ်လိုဝမ်းသာခြင်းမကင်း ပူဇော်သကဲ့သို့ ပထမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်တော်မူ၍ ပစ္ဆိမယာမ်၌ကား ပဋိစ္စ-သမုပ္ပါဒ် စက်ရဟတ်ကို မပြတ်လည်ရာမှ ဉာဏ်ကို ချ၍ ဝဋ္ဋတရား၏ ကင်းခြင်းကို သုံးသပ်ဆင်ခြင်တော်မူလျက် အရှုဏ်တက်လတ်သော် ဘုရား စင်စစ် ဖြစ်တော်မူ၏။

ဘုရားဖြစ်၍ ဥဒါန်းကျူးရင့်တော်မူခြင်း

ထိုသို့ လူတွင်ထင်ရှား ဘုရားဖြစ်တော်မူပြီးမှ —

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရက ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ[၁]—

ဟူသော ဥဒါန်းစကားကို မြွက်ကြားတော်မူ၏။

ထိုဂါထာတို့၏ အနက်ကား—ဘော ဂဟကာရက၊ အိုအတ္တဘော တည်းဟူသော အိမ်ကို ပြုပြင်တတ်သော တဏှာယောကျ်ား ပဲခွပ်သမား။

၁-ဤဥဒါန်း နှစ်ဂါထာခွဲကား ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် ၁၁-ဇရာဝဂ် ၁၂၅-ဥဒါနဝတ္ထု ၁၈-၌ လာသည်။

တံ၊ သင်တဏှာကို။ ဂဝေသန္တော၊ ရှာသော ငါသည်။ တံ၊ ထိုသဗ္ဗညုတ ညာဏ်[၁] ကို။ အနိဗ္ဗိသံ-အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ မရေတွက်နိုင် များသော အဖြစ်ရှိသော သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ ကျင်လည်ရလေပြီ။ ဘော ဂဟကာရက၊ အိုး-အိမ်ကို ပြုတတ်သော တဏှာယောက်ျား ပဲခွပ်သမား။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေခြင်း သည်။ ဒုက္ခာ၊ ဆင်းရဲ၏။ တွံ၊ သင့်ကို။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ တွံ၊ သင်သည်။ ပုန၊ တဖန်။ ဂေဟံ၊ အတ္တဘောတည်း ဟူသော အိမ်ကို။ န ကာဟသိ၊ မပြုရလတ္တံ့။

တေ၊ သင်၏။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဖာသုကာ၊ ကိလေသာတည်း ဟူသောအိမ်၏အခြင်တို့ကို။ ဘဂ္ဂါ၊ ငါဖျက်ဆီးပြီ။ ဂဟကူဋံ၊ ကိလေသာ တည်းဟူသော အိမ်၏အထွတ်ကို။ ဝိသင်္ခတံ၊ ငါဖျက်ဆီးပြီ။ ဝိသင်္ခါရဂတံ၊ ပြုပြင်ခြင်းကင်းသော။ မေ၊ ငါ၏၊ စိတ္တံ၊ စိတ်သည်။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ-အဓိဂတော၊ ရောက်ပြီ။

ဘုရားဖြစ်တော်မူပြီးမှ သတ္တသတ္တာဟ စံနေတော်မူခြင်း

ထိုသို့ ဘုရားဖြစ်တော်မူပြီးသောအခါ—

၁။ ခုနစ်ရက်ပတ်လုံး မဟာဗောဓိ သိရိကြင်နီး ပလ္လင်နန်း၌ အခန်း ခန်းသော ဝိမုတ္တိသုခကို မှီဝဲရသဖြင့် ကာလကို လွန်စေ၏။ ထိုခုနစ်ရက်သည် ပလ္လင်္ကသတ္တာဟမည်၏။

၁· သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ၊ ဗုဒ္ဓေါ။ သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ၊ သဗ္ဗညုတာ-ညာဏံ။ သဗ္ဗညုဘာ ဧဝ ညာဏံ သဗ္ဗညုတညာဏံ၊ သံယောဂပရတ္တာ အာကာရဿ ရဿံ ကတွာ။ ပ။ သဗ္ဗညုတညာဏန္တိပိ ပုဂ္ဂါဒေွ။ တတ္ထ ညာသဒ္ဒေါ အသံယောဂေါတိ ဒဋ္ဌဗ္ဗော။ ပရိတ်ကြီးဋီကာ ၁၄-၃၅၊ ၁၁-ကြောင်း ပေ ညာ ချုပ် ကျော်သက် ၁၁-ကြောင်း၌ ရှိသည်။ ဤဋီကာအလို သဗ္ဗညုတညာဏံပုဒ်ကို သဗ္ဗညုတဉ်ဉာဏ်ဟု ဖတ်။ သဗ္ဗညုတညာဏံပုဒ်ကို သဗ္ဗညုတညာဏ်ဟု တဝမ်းပူ၌ သေတ် အသံမျိုးကဲ့သို့ မဖါဘဲဖတ်။ ဤပရိတ်ကြီးဋီကာကို ထောက်၍ မြန်မာပြည်ရှိ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ သဗ္ဗညုတညာဏံဟု တအက္ခရာနောက်၌ ည-နှစ်လုံးနှင့်သာ အပြင်များကြကုန်၏။ သီဟိုဠ်စာအုပ်မှု ယိုးဒယားစာအုပ်မှုတို့၌ကား သဗ္ဗညုတညာဏံ-ဟူ၍ ဉ-တစ်လုံးနှင့် ရှိကြကုန်၏။

၂။ ရှစ်ရက်မြောက်သောနေ့အခါ သမာပတ်ချမ်းသာမှထတော်မူလျက် နတ်တို့၏ ယုံမှားခြင်းကို သိလျှင် ထိုနတ်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်အံ့သောငှာ ကောင်းကင်သို့ ပြန်ကြွတော်မူ၍ အလုံးစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် နတ်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်၍ ပလ္လင်တော်မှ စဉ်းငယ် အရှေ့အရပ်သို့ ယွန်းသော မြောက်စွန်းမျက်နှာ အဖို့၌ ရပ်တော်မူ၍ စင်စစ်သာလျှင် ဤပလ္လင်၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိအပ်ပြီ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တွက်ကိန်းများလှဘဝများစွာ ပါရမီကို ဖြည့်အပ် အားအစွမ်းတို့ကို ရစေတတ် သိစေတတ်သော အရပ်ဖြစ်ရကား ပလ္လင်ကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်း မမှိတ်သော မျက်စိဖြင့် တစိမ့်စိမ့် ကြည့်ရှုလျက် ခုနစ်ရက်တို့ကို လွန်စေ၏။ ထိုအရပ်သည် အနိမိသစေတီယမည်၏။ ထိုခုနစ်ရက်သည်ကား အနိမိသသတ္တာဟမည်၏။

၃။ ထို့နောက် ပလ္လင်နှင့် မိမိတည်ရာ အရပ်၏ အကြား အရှေ့အနောက်အားဖြင့် ရှည်လျားသော ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် ခုနစ်ရက်ကို လွန်စေ၏။ ထိုအရပ်သည် ရတနစင်္ကမစေတီယမည်၏ ထိုခုနစ်ရက်သည်ကား ရတနစင်္ကမသတ္တာဟမည်၏။

၄။ တဖန် ဗောဓိပင်၏ အနောက်မျက်နှာ အဖို့၌ နတ်တို့သည် ရတနာရွှေအိမ်ကို ဖန်ဆင်းကုန်၏။ ထိုရတနာရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် အဘိဓမ္မာပိဋကတ်ကို လည်းကောင်း၊ အထူးအားဖြင့် အနန္တနယသမန္တဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကိုလည်းကောင်း သုံးသပ်ဆင်ခြင်တော်မူလျက် ခုနစ်ရက်ကို လွန်စေ၏။ ထိုအရပ်သည် ရတနာဃရစေတီယမည်၏။ ထိုခုနစ်ရက်သည်ကား ရတနာဃရသတ္တာဟမည်၏။ ဤသို့လျှင် ဗောဓိပင်အနီး၌ လေးသတ္တာဟကို လွန်စေ၏။

၅။ ပဉ္စမသတ္တာဟ၌ကား ဗောဓိပင်၏ အနီး အဇပါလညောင်ပင်သည် ရှိ၏။ ထိုညောင်ပင်အရပ်သို့ ကပ်တော်မူ၍ တရားကို ဆင်ခြင်ကာ ဝိမုတ္တိအရသာကို ကောင်းစွာစံစားလျက် ခုနစ်ရက်ပတ်လုံး ကာလကိုလွန်စေ၏။

၆။ ဤအတူ ခုနစ်ရက်ပတ်လုံး မုစလိန္ဒအမည်ရသော ကျည်းပင်အိုင်သတ္တာဟ၌ ဘုရား စံနေတော်မူစဉ် အလုံးစုံသော စကြဝဠာတိုက်ကို

ပြည့်စေလျက် အခါမဲ့ကြီးစွာသော မိုးသည် ရွာသည်ရှိသော် မုစလိန္ဒနဂါးမင်းသည် ကြံ၏။ "ဤမိုးကြီး ရွာငြားလျှင် မြတ်စွာဘုရား နေရာအိမ် ရခြင်းငှာ သင့်၏။ ရတနာ၇နစ်ပါးဖြင့်ပြီးသော နတ်ဗိမာန်နှင့်တူသော ရတနာ့ဗိမာန်ကို ဖန်ဆင်းခြင်းငှာ စွမ်းနိုင်ငြားသော်လည်း ငါ့အား အကျိုးမများချေ။ ကာယဝေယျာဝစ္စအမှု ပြုတော့အံ့"ဟု အလွန်ကြီးသော အတ္တဘောကို ဖန်ဆင်း၍ မြတ်စွာဘုရားကို ခုနစ်ပတ်သော အခွေတို့ဖြင့် ရံလျက် အထက်၌ ကြီးစွာသော ပါးပျဉ်းကိုပြု၍ တည်နေ၏။ မြတ်စွာဘုရားသည်လည်း အခွေ၏အတွင်း မြေတလင်းကဲ့သို့ ကျယ်သော အရပ်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ပလ္လင်၏ အထက် အထူးထူး အပြားပြား ထွက်စေဘိသကဲ့သို့ ဖြစ်သော ကောင်းသော အနံ့ရှိသော ပန်းဗိတာန် မျက်နှာကြက်နှင့် အမွှေးနံ့သာ ကောင်းစွာ ထုံအပ်သော ဂန္ဓကုဋိတိုက်တော်၌ နေတော်မူသကဲ့သို့ပင် နေတော်မူရ၏။

၇။ ထို့နောက်မှ ခုနစ်ရက်ပတ်လုံး ရာဇာယတန အမည်ရသော လင်းလွန်းပင် သတ္တာဟ၌ အရဟတ္တဖလ သုခချမ်းသာ ကောင်းစွာ ခံစားစံနေတော်မူပြန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ခုနစ်ရက် ခုနစ်လီအားဖြင့် သတ္တ-သတ္တာဟ လေးဆယ့်ကိုးရက် ပတ်လုံး ဈာနသုခ ဖလသုခဖြင့်သာ ကောင်းစွာ လွန်စေတော်မူ၏။

တရားတော်၏ သိမ်မွေ့နက်နဲခြင်း

ထိုအခါ မြတ်စွာဘုရားသည် သတ္တသတ္တာဟကို လွန်ချေသည်ရှိသော် ခံတွင်းတော်ကို ဆေးအံ့ဟု စိတ်တော်ဖြစ်လျှင် သိကြားမင်းသည် ကြစုသီးကိုလည်းကောင်း၊ နဂါးပြည်၌ ဖြစ်သော နာဂလတာတံပူကိုလည်းကောင်း၊ မျက်နှာသစ်တော်ရေကိုလည်းကောင်း ယူဆောင်၍ လှူ၏။ ထို့နောက်မှ မြတ်စွာဘုရားသည် ကွမ်းရိုးတံပူကို ဘုဉ်းပေးတော်မူ၍ အနောတတ်ရေဖြင့် ခံတွင်းတော်ကို ဆေးတော်မူ၍ လင်းလွန်းပင်ရင်း၌ နေတော်မူ၏။

ထိုအခါ စတုလောကပါလနတ်သား လေးယောက်တို့သည် ဆောင်အပ်သော အသီးအသီး အဖိုးများစွာ ထိုက်သော ပဲနောက်အဆင်းရှိသော

ကျောက်ဖြင့် ပြီးသော သပိတ်၌ တပုဿ ဘလ္လိက ကုန်သည် ညီနောင်တို့ ယူဆောင် လှူအပ်သော ကြွက်ကျစ်မုန့် ပျားမုန့်ဆုပ်တို့ကို ခံယူလျက် ဘုဉ်းပေးတော်မူပြီးမှ တဖန်ပြန်၍ အဇပါလညောင်ပင်ရင်း၌ နေတော်မူ၏။

ထိုသို့နေတော်မူစဉ်"အဓိဂတော ခေါ မျာယံ ဓမ္မော"စသော ဂါထာဖြင့် မြတ်စွာဘုရားသည် တရားတော်၏ နက်နဲသော အဖြစ်ကို ဆင်ခြင်သည် ရှိသော် အလုံးစုံသော ဘုရားရှင်တို့ လေ့လာအပ် ငါရအပ်သော ဤတရား သည်ကား အလွန်လျှင် သိမ်မွေ့နက်နဲ မြင်နိုင်ခဲ၏။ ငြိမ်သက်ခြင်း,မြတ်ခြင်း ကြံဆ၍ မသိနိုင်ခြင်းကြောင့် သိမ်မွေ့နူးညံ့၏။ ပညာရှိသော သူတို့သာ သိအပ်၏ဟု သူတပါးတို့အား တရားမဟောလိုသော အခြင်းအရာ အကြံ အစည်သည် ဖြစ်၏။

ထိုအခါ သဟံပတိဗြဟ္မာသည် မြတ်စွာဘုရား စိတ်အကြံတော်ကို မိမိစိတ်ဖြင့် သိ၍ "နဿတိ ဝတ ဘော လောကော၊ နဿတိ ဝတ ဘော လောကော"ဟူသော စကားကို မြွက်ဆိုလျက် ထစ်သောင်းသော စကြဝဠာမှ လာသော ဗြဟ္မာအပေါင်း ခြံရံလျက် သိကြားသုယာမ သန္တုသိတ ပရနိမ္မိတ ဝသဝတ္တီဘုံ၌ နေကုန်သော နတ်တို့သည် အစဉ် လိုက်အပ်သည် ဖြစ်၍ လာလတ်ပြီးမှ မြတ်စွာဘုရား ရှေတော်၌ ထင်ရှားစွာ ဖြစ်၏။

ထို သဟံပတိဗြဟ္မာသည် မိမိတည်ရာ အကျိုးငှာ မြေကို ဖန်ဆင်း၍ လက်ယာပုဆစ်ဒူးဝန်းကို မြေ၌ တုပ်ဂပ်လျက် ရေ၌ဖြစ်သော အညစ်အကြေး ကင်းသော ချိုတွဲခြင်းမရှိ ပကတိကြာဖူးနှင့် တူသော ဆယ်ချောင်းသော လက်သည်းတို့ဖြင့် ပေါင်းအပ်သော တောက်ပသော အရောင်ရှိသော လက်အုပ်ကို ဦးခေါင်းထက်၌ တင်သည်ကို ပြု၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တရားဟောတော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူ တတ်သောမြတ်စွာဘုရား....တရားဟောတော်မူပါ၊ ပညာမျက်စိ၌ ကိလေသာ တည်းဟူသော မြူနည်းသော သတ္တဝါတို့လည်း ရှိပါကုန်သည်။ တရားကို မကြားနာရသဖြင့် တရားမှ ဆုတ်ယုတ်ကုန်လတ္တံ့၊ တရားကို သိလွယ်သော သတ္တဝါဘို့သည်လည်း ရှိကုန်လတ္တံ့"ဟု လျှောက်၏။

"ရှေးအခါ မဂဓတိုင်း၌ ရာဂ အစရှိသော အညစ်အကြေးနှင့် တကွ ဖြစ်သော ခြောက်ယောက်သော ဆရာတို့သည် ကြံစည်အပ်သော စင်ကြယ်

ခြင်းမရှိသော မိစ္ဆာဒိဋ္ဌိ တရားသည် အရပ် ထက်ဝန်းကျင်၌ ပျံ့သဖြင့် ထင်ရှားစွာဖြစ်ခဲ့၏။ ထို့ကြောင့် အမြိုက်နိဗ္ဗာန်၏ အရိယာမဂ်တည်းဟူသော တံခါးကို ဖွင့်ပါလော့၊ ရာဂ အစရှိသော အညစ်အကြေး ကင်းသော ဘုရားရှင်သည် သိတော်မူအပ်သော တရားတော်ကို နာပါစေကုန်လော့”ဟု တောင်းပန်လိုသော သဟံပတိဗြဟ္မာသည်—

သေလေ ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော၊
ယထာပိ ပဿေ ဇနတံ သမန္တတော။
တထူပမံ ဓမ္မမယံ သုမေဓ၊
ပါသာဒ မာရုယှ သမန္တစက္ခု။

သောကာဝတိဏ္ဏံ ဇနတံ အပေတသောကော၊
အဝေက္ခဿု ဇာတိဇရာဘိဘူတံ။
ဥဋ္ဌေဟိ ဝီရ ဝိဇိတသင်္ဂါမ၊ သတ္ထဝါဟ အဏဏ ဝိစရ လောကေ။
ဒေသေတု ဘဂဝါ ဓမ္မံ၊ အညာတာရော ဘဝိဿန္တိ။

ပါတုရဟောသိ မဂဓေသု ပုဗ္ဗေ၊
ဓမ္မော အသုဒ္ဓေါ သမလေဟိ စိန္တိတော။
အဝါပုရေတံ အမတဿ ဒွါရံ၊
သုဏန္တု ဓမ္မံ ဝိမလေနာနုဗုဒ္ဓံ–

ဟူသော ဂါထာတို့ဖြင့် လျှောက်၏။

အနက်ကား—ယထာ၊ အတန္တုကား။ သေလေ-သေလမယေ၊ တခဲနက်သောကျောက်အတိပြီးသော။ ပဗ္ဗတမုဒ္ဓနိ၊ တောင်ထိပ်ထက်၌။ ပုရိသော၊ ယောကျ်ားသည်။ ယထာ ဌိတော၊ ရပ်တိုင်းပင်လျှင်။ (လည်မျှော်၍မကြည့်ရဟူလိုသည်။) သမန္တတော၊ ထက်ဝန်းကျင်မှ။ ဇနတံ၊ လူအပေါင်းကို။ ပဿေယျ၊ မြင်ရာ၏။ ပဿေ ယထာ၊ မြင်ရာသကဲ့သို့။ သုမေဓ၊ ကောင်းသော ပညာရှိသော ဘုရားမြတ်။ သမန္တစက္ခု၊ ထက်ဝန်းကျင်ကို မြင်နိုင်သော သဗ္ဗညုတ ဉာဏ်မျက်စိနှင့် ပြည့်စုံသော အရှင်ဘုရားသည်။ တထူပမံ၊ ထိုတခဲနက်သော ကျောက်အတိပြီးသော ဥပမာရှိသော။ ဓမ္မမယံ၊ လောကုတ္တရာတရားဖြင့်ပြီးသော။ ပါသာဒံ၊ ပညာဟူသောပြာသာဒ်ထက်သို့။

အာရုယှ၊ တက်၍။ အပေတသောကော၊ မိမိစိုးရိမ်ခြင်းကင်းပြီးသည်ဖြစ်၍။ သောကာဝတိဏ္ဏံ၊ စိုးရိမ်ခြင်းမှ မခန်းခြောက်သေးသော။ ဇာတိဇရာဘိဘူတံ၊ ဇာတိဇရာတို့သည် နှိပ်စက်အပ်သော။ ဇနတံ၊ လူအပေါင်းကို။ အဝေက္ခဿု၊ ကြည့်တော်မူပါလော့။

ဝီရ၊ လုံ့လကြီးသော ဘုရားမြတ်။ ဝိဇိတသင်္ဂါမ၊ အောင်ပြီးသော စစ်မြေရှိသော။ သတ္ထဝါဟ၊ ခရီးခဲမှ ကယ်တတ်သော ယာဉ်မှူးနှင့်တူသော။ အဏဏ၊ ကာမစ္ဆန္ဒတည်းဟူသော မြီကင်းသော ဘုရားမြတ်။ ဥဋ္ဌေဟိ၊ ထတော်မူလော့။ လောကေ၊ လောက၌။ ဝိစရ၊ လှည့်လည်တော်မူပါလော့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူစေချင်၏။ အညာတာရော၊ တရားကို သိလွယ်သော ဝေနေယျသတ္တဝါတို့သည်။ ဘဝိဿန္တိ၊ ရှိသည် ဖြစ်ကုန်လတ္တံ့သတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏။

ပုဗ္ဗေ၊ ရှေး၌။ မဂဓေသု၊ မဂဓတိုင်းတို့၌။ သ မလေဟိ၊ ရာဂ အစ ရှိသော အညစ်အကြေးနှင့် တကွဖြစ်ကုန်သော။ ဆ သတ္ထာရေဟိ၊ ပူရဏ ကဿပ အစရှိသော ခြောက်ယောက်သော ဆရာတို့သည်။ စိန္တိတော၊ ကြံဆအပ်သော။ အသုဒ္ဓေါ၊ မစင်ကြယ်သော။ ဓမ္မော၊ မိစ္ဆာဒိဋ္ဌိတရားသည်။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။ အမတဿ၊ အမြိုက်နိဗ္ဗာန်၏။ တံ ဒွါရံ၊ ထိုအရိယာမဂ် တည်းဟူသော တံခါးကို။ အဝါပုရ-ဝိဝရ၊ ဖွင့်လှစ်တော်မူပါလော့။ ဝိမလေန၊ ရာဂ အစရှိသော အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည်။ အနုဗုဒ္ဓံ၊ အဖန်ဘလဲလဲ သိတော်မူအပ်သော။ ဓမ္မံ၊ သစ္စာလေးပါးတရားကို။ သတ္တာ၊ သတ္တဝါတို့သည်။ သုဏန္တု၊ နာပါစေကုန်လော့။

ဤသို့ လျှောက်ပြီးမှ သဟံပတိဗြဟ္မာ တောင်းပန်သည်ကား "အရှင်ဘုရားတို့သည် ငါတည်း သစ္စာလေးပါး တရားကို သိဘိမူကား ဝေနေယျတို့ကို သိစေအံ့။ ငါတည်း သံသရာမှ ကူးမြောက်မူကား ဝေနေယျတို့ကို ကူးမြောက်စေအံ့။ ငါတည်း သံသရာမှ ကျွတ်လွတ်မူကား ဝေနေယျတို့ကို ကျွတ်လွတ်စေအံ့။ ဘုရားသဗ္ဗညူအဖြစ်သို့ ရောက်၍ နတ်နှင့်တကွသော လူအပေါင်းကို ကယ်တင်အံ့ဟု ဆုတောင်းခြင်းကို ပြု၍ ပါရမီတို့ကို ဖြည့်သောကြောင့်သာ သဗ္ဗညူအဖြစ်သို့ ရောက်သည်မဟုတ်ပါလော။ အရှင်ဘုရား တရားမဟောသည်ရှိသော် အဘယ်သူ ဟောအံ့နည်း။ အရှင်ဘုရားမှ

တပါး လူအပေါင်း၏ ကိုးကွယ်ရာ စောင့်ရှောက်ရာ ပုန်းအောင်းရာ လဲလျောင်းရာ အဘယ်မှာ ရှိအံ့နည်း” ဤသို့ အစရှိသော များစွာသော နည်းတို့ဖြင့် မြတ်စွာဘုရားကို တရားဟောစေခြင်းငှာ တောင်းပန်၏။

ပဉ္စဝဂ္ဂီတို့အား တရားဟောခြင်း

ထိုအခါ သဟံပတိဗြဟ္မာသည် စင်စစ် မြတ်စွာဘုရား တရားဟော ခြင်းငှာ ပူအပ်ပြီးသော အခွင့်ရှိသည်ကို သိ၍ ဆယ်ချောင်းသော လက်သည်းတို့ဖြင့် ပေါင်းအပ်သော တောက်ပသော အရောင်ရှိသော လက်အုပ်ကို ဦးခေါင်းထက် တင်သည်ကို ပြု၍ မြတ်စွာဘုရားကို အလွန် ရှိသေစွာရှိခိုးဦး၍ လက်ယာရစ်လှည့်သည်ကို ပြု၍ ဗြဟ္မာအပေါင်းခြံရံလျက် ဖဲလေ၏။

သဟံပတိ ဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မြတ်စွာ ဘုရား၌ မဟာကရုဏာတော် တဖန်ဖြစ်ပြန်ခြင်းကို ပြတော်မူလိုသော သင်္ဂါယနာတင် မဟာထေရ်တို့သည်—

သမ္ဗုဒ္ဓဝိဇ္ဇာစရဏဿ တာဒိနော၊
ဇုတိန္ဓရဿန္တိမဒေဟဓာရိနော။
တထာဂတဿ[၁] အပ္ပဋိပုဂ္ဂလဿ၊
ဥပ္ပဇ္ဇိ ကာရုညတာ သဗ္ဗသတ္တေ—

ဟူသော ဗုဒ္ဓဝင်ပါဠိတော် ဒုတိယဂါထာကို မိန့်တော်မူကုန်၏။

၁·တထာဂတောတိ အဋ္ဌဟိ ကာရဏေဟိ ဘဂဝါ တထာဂတော-အစရှိသည်ဖြင့် တထာဂတသဒ္ဒါ၏ အဖွင့်ကို သီလက္ခန် အဋ္ဌကထာ ဗြဟ္မဇာလသုတ် ၅၂၊ မူလ ပဏ္ဏာသ အဋ္ဌကထာ မူလပရိယာယသုတ် ၄၂၊ ခန္ဓဝဂ္ဂသံသုတ်အဋ္ဌကထာ ခဇ္ဇနီယဝဂ် ဆဋ္ဌသုတ် ၅၅၈၊ ၂၅၉၊ ကင်္ခါဝိတရဏီအဋ္ဌကထာ ကေပုဂ္ဂလဝဂ်၊ ပဌမသုတ် ၇၃၊ ဥဒါန်းအဋ္ဌကထာ မုစလိန္ဒဝဂ် အဋ္ဌမသုတ် သီဟဋ္ဌကွဲ့ရ ဂဂ၊ ဣတိဝုတ် အဋ္ဌကထာ ဒုကနိပါတ် ဒုတိယဝဂ် ဒုတိယသုတ် ၉၃၊ မဟာနိဒ္ဒေသအဋ္ဌကထာ ဂုဟဋ္ဌကသုတ္တ-နိဒ္ဒေသ ယိုးဒယားစာအုပ် ၂၂၀၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သီလမယဉာဏနိဒ္ဒေသ သီ ၁၄၄၊ ဗုဒ္ဓဝံသ အဋ္ဌကထာ ရတနစင်္ကမကဏ္ဍအဖွင့် သီ ၁၃၊ ပုဂ္ဂလပညတ် အဋ္ဌကထာ စတုက္ကနိဒ္ဒေသအဖွင့် ၇၇၊ ကင်္ခါဝိတရဏီဋီကာ ကေပုဂ္ဂလဝဂ် ပဌမသုတ်၊ အဘိဓမ္မာဝတာရဋီကာ ပဌမဂါထာအဖွင့်၊ ဝုတ္တိမောဂ္ဂလ္လာန်အဖွင့်၊ ပဒီပိကာပဏာမ အဖွင့်၊ အဘိဓာနပ္ပဒီပိကာသူစိ ဂါထာ·၃၊ ၁၁၄၂။

သမ္ဗုဒ္ဓဝိဇ္ဇာစရဏသ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူထသော။ တာဒိနော၊ သည်းခံခြင်း ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော။ ဇုတိန္ဓရဿ၊ အရဟတ္တမဂ် ပညာအရောင်ကို ဆောင်တော်မူထသော။ ဝါ၊ အသရေကို ဆောင်တော်မူထသော။ အန္တိမဒေဟဓာရိနော၊ အဆုံးစွန်သော ကိုယ်ကို ဆောင်တော်မူထသော။ အပ္ပဋိပုဂ္ဂလဿ၊ တုဖက်ကင်းသော ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူထသော။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဝါ၊ ရှစ်ပါးသော အကြောင်းကြောင့် တထာဂတအမည်ရသော မြတ်စွာဘုရားအား။ ဝါ၊ မြတ်စွာဘုရား၏။ သဗ္ဗသတ္တော၊ အလုံးစုံသော သတ္တဝါအပေါင်း၌။ ကာရုညတာ၊ သနားဟော်မူသည်၏ အဖြစ်သည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။

ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာမင်းအား တရားဟောအံ့ဟု ဝန်ခံခြင်း ပဋိညာဉ်ကို ပေးပြီးမှ "အဘယ်သူအား အမြိုက်တရားကို ရှေးဦးစွာ ဟောကြားရပါအံ့နည်း" ဟု ကြံအောက်မေ့သည်ရှိသော် "အာဠာရသည် ပညာရှိ၏။ ထိုအာဠာရသည် ဤတရားကို လျင်စွာ သိလတ္တံ့" ဟု စိတ်ကို ဖြစ်စေပြီးမှ တဖန် ပြန်ကြည့်သည် ရှိသော် ထိုအာဠာရသည် သေ၍ ခုနစ်ရက်ရှိသော အဖြစ်ကို သိတော်မူ၍ ဥဒကသည်လည်း ယမန်နေ့ညက သေသော အဖြစ်ကို သိတော်မူပြန်သောကြောင့် တဖန် "ယခုအခါ ငါးပါးသော ပဉ္စဝဂ္ဂီရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း" ဟု ဆင်ခြင်တော်မူသည် ရှိသော် ဗာရာဏသီပြည်[၁] ပစ္စေကဗုဒ္ဓါတို့၏ ကျရာ မိဂဒါဝုန်တော၌ နေသောအဖြစ်ကို သိ၍ နှယ်ကာအခါ ဝါဆိုလ၌ ညဉ့်အဖို့

၁။ ဗာရာဏသီယန္တိ ဗာရာဏသာ နာမ နဒီ၊ ဗာရာဏသာယ အဝိဒူရေ ဘဝါ နဂရီ ဗာရာဏသီ၊ တဿံ ဗာရာဏသိယံ။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၂-ယုဂနဒ္ဓဝဂ် (၇) ဓမ္မစက္ကပဝတ္တနကထာ သီဟိုဠ်စာအုပ် ၄၃၇။ ဝါနရသိသံ, တံသဏ္ဌာနော ဝါ ပါသာဏော ဧတ္ထ အတ္ထီတိ ဝါနရသီသန္တိ ဝတ္တဗ္ဗေ ဝဿ ဗတ္တံ, ဝဏ္ဏဝိပရိယာယံ, ဒီဃံ, ဏတ္တံ, သဿ လောပဉ္စ ကတွာ ဗာရာဏသီတိ ဝုတ္တံ။ အဘိဓာန်ဋီကာ ပုရာဂ် ဂါထာနံပါတ် ၂၀၀။

ဤဗာရာဏသီမြို့သည် ဇာတဒသကနိပါတ် (၄၅၈) ဥဒယဘဒ္ဒဇာတ် အဋ္ဌကထာ၌ သုရုန္ဓနမြို့ ၁၁၂။ စတ္တာလီသနိပါတ် (၅၂၇) စူဠသုတသောမ ဇာတ်အဋ္ဌကထာ၌ သုဒဿနမြို့ ၁၇၅။ သတ္တတိနိပါတ် (၅၃၂) သောဏနန္ဒ ဇာတ်အဋ္ဌကထာ၌ ဗြဟ္မဝဍ္ဎနမြို့ ၃၂၁။ မဟာနိပါတ် (၅၄၄) စန္ဒကုမာရ ဇာတ်အဋ္ဌကထာ၌ ပုပ္ဖဝတီမြို့ ၃၄၀။ ဒသကနိပါတ်, (၄၄၂) သင်္ခြာဗြဟ္မဏ

လင်းလတ်သော် ဝါဆိုလဆန်း ၁၄-ရက် သောကြာနေ့ နံနက်စောစော ကလျှင် သပိတ်သက်န်းကို လှမ်းယူတော်မူ၍ တစ်ဆယ့်ရှစ်ယူဇနာ ရှိသော ခရီးကို ကြွတော်မူသည် ရှိသော် ခရီးအကြား၌ ဥပက အမည်ရှိသော အာဇီဝကသည် မြတ်စွာဘုရားကို မြင်၍ ကိုယ်တော်၏ ဘုရားအဖြစ်ကို သိစေလျက် ထိုနေ့ ညချမ်းသောအခါ မိဂဒါဝုန်တောသို့ ရောက်တော်မူ၏။

ထိုမိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား ကိုယ်တော်၏ ဘုရားအဖြစ်ကို ပြတော်မူ၍ ခင်းထားအပ်မြတ်သောနေရာမှ ပဉ္စဝဂ္ဂီရဟန်းတို့ကို ခေါ်တော်မူလျက် ဓမ္မစက္ကသုတ္တန် ဒေသနာတော်ကို ဝါဆိုလပြည့် စနေနေ့ည ဟောတော်မူ၏။ ထိုပဉ္စဝဂ္ဂီတို့တွင် အညာတကောဏ္ဍည မထေရ်သည် ဒေသနာတော်ကို အစဉ်လျှောက်သဖြင့် ဉာဏ်ကို စေ၍ ဓမ္မစကြာသုတ် အဆုံး၌ ထုံးအပ်သော အနှောင်အဖွဲ့တို့မှ ကျွတ်လွတ်၍ တစ်ဆယ့်ရှစ် ကုဋေသော ဗြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသည် ထိုမိဂဒါဝုန်ကျောင်း၌ ဝါကပ်တော်မူ၍ မိုးသောက်သောအခါ ဝပ္ပထေရ်ကို သောတာပတ္တိဖိုလ်၌ တည်စေ၏။ ဤနည်းအတိုင်း နေ့စဉ် တစ်ပါးစီ သောတာပတ္တိဖိုလ်၌ တည်စေပြီးမှ ဝါဆိုလပြည့်ကျော် ငါးရက်မြောက်သော ကြာသပတေးနေ့၌ ငါးပါးကုန်သော ထိုမထေရ်တို့ကို စည်းဝေးစေ၍ အနတ္တလက္ခဏသုတ္တန် ဒေသနာတော်ကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ငါးပါးကုန်သော မထေရ်တို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် မိဂဒါဝုန် ကျောင်းအတွင်း ဝါတွင်း၌ ကိန်းအောင်း နေလျက်ပင်လျှင် ယသ သတို့သား၏ ဥပနိဿယကို မြင်တော်မူ၍ အိမ်ကို စွန့်ပစ်လျက် ထွက်လာသည်ကို မြင်လျှင် "ချစ်သား ယသ....လာလှည့်"ဟု ခေါ်တော်မူ၍ ထိုည၌အဖို့ သောတာပတ္တိဖိုလ်၌

ဇာတ်အဋ္ဌကထာ၌ မောဠိနီမြို့ ၁၇။ ကောဒသာနနိပါတ် (၄၆၀) ယုဓဥ္စယ ဇာတ်အဋ္ဌကထာ၌ ရမ္မမြို့ ၁၂၈။ ယုဓဥ္စယဇာတ် အဋ္ဌကထာအဆို ဗာရာဏသီမြို့ အမည်ပြောင်းပုံ။ ကေတုမတီမြို့ ပါထေယျပါဠိတော် စက္ကဝတ္တိသုတ် ၃၄ အဆို။ ဥပ္ပလမြို့ ပဒုမမြို့ မန္ဒာရဝမြို့ အနာဂတဝင် အဋ္ဌကထာ၌ လာသော ဗာရာဏသီမြို့၏ အမည်များ။ ယုဓဥ္စယ စရိယာပိဋကအဋ္ဌကထာ ၁၁၄-၌လည်း ဇင်းဇာတ် အဋ္ဌကထာနှင့်အတူ လာ၏။

တည်စေပြီးမှ နံနက်မိုးသောက် ရောက်သော နေ့၌ အရဟတ္တဖိုလ်ဝယ် တည်စေတော်မူ၏။

ထိုမှတပါးလည်း ယသာ သတို့သား၏ အဖော်ဖြစ်ကုန်သော ငါးကျိပ် လေးယောက်သော သူတို့ကိုလည်း ဟောဘိက္ခုခေါ်တော်မူ၍ ရဟန်းဖြစ်စေ ပြီးမှ အရဟတ္တဖိုလ်၌ တည်စေတော်မူ၏။ ဤသို့လျှင် လောက၌ ခြောက်ကျိပ် တစ်ယောက်ကုန်သော အရိယာ[၁]ရဟန္တာတို့သည် ဖြစ်ကုန်သည် ရှိသော် မြတ်စွာဘုရားသည် ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးမှ ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့သော စကားကို မိန့်ကြားတော်မူ၏။ အဘယ်သို့ မိန့်တော်မူသနည်းဟူမူကား—

ပရတ္ထံ စတ္တနော အတ္ထံ၊ ကရောန္တော ပထဝိံ ဇူမံ။
ဗျာဟရန္တာ မနုဿာနံ၊ ဓမ္မံ စရထ ဘိက္ခဝေါ။
ဝိဟရထ ဝိဝိတ္တေသု၊ ပဗ္ဗတေသု ဝနေသု စ။
ပကာသယန္တာ သဒ္ဓမ္မံ၊ လောကဿ သတတံ မမ။
ကရောန္တာ ဓမ္မဒူတေယျံ၊ ဝိကျွာပယထ ဘိက္ခဝေါ။
သန္တိအတ္ထာယ သတ္တာနံ၊ သုဗ္ဗတာ ဝစနံ မမ။
သဗ္ဗံ ပိဒဟထ ဒွါရံ၊ အပါယာန မနာသဝါ။
သဂ္ဂမောက္ခဿ မဂ္ဂဿ၊ ဒွါရံ ဝိဝရထာသမာ။
ဒေသနာပဋိပတ္တီဟိ၊ ကရုဏာဒိဂုဏာလယာ။
ဗုဒ္ဓိံ သဒ္ဓဥ္စ လောကဿ၊ အဘိဝဍ္ဎေထ သဗ္ဗသော။
ဂိဟီန မုပကရောန္တာနံ၊ နိစ္စ မာမိသဒါနတော။
ကရောထ ဓမ္မဒါနေန၊ တေသံ ပစ္စုပကာရကံ။
သမုဿယထ သဒ္ဓမ္မံ၊ ဒေသယန္တာ ဇူသိဒ္ဓဇံ။
ကတကတ္တဗ္ဗကမ္မန္တာ၊ ပရတ္ထံ ပဋိပဇ္ဇထာတိ။

ဘိက္ခဝေါ၊ ချစ်သားရဟန်းတို့။ ပရတ္ထဉ္စ၊ သူတပါးတို့၏ အကျိုးကို လည်းကောင်း။ အတ္တနော၊ မိမိ၏။ အတ္ထဉ္စ၊ အကျိုးကိုလည်းကောင်း။

၁။ အာစာရအရိယာ, ဒဿနအရိယာ, လိင်္ဂအရိယာ, ပဋိဝေဓအရိယာ။ ဒုကနိပါတ် (၁၆၁)ဣန္ဒသမာနဂေါတ္တဇာတ်အဋ္ဌကထာ .... သီဟိုဠ်စာအုပ် ၃၀...တိကနိပါတ် (၂၅၂)တိလမုဋ္ဌိဇာတ်အဋ္ဌကထာ သီ ၁၉၉။ ရှင်း ၄-ပါးတို့တွင် ဤနေရာ၌ ပဋိဝေဓအရိယာကို ယူလေ။

ကရောန္တာ၊ ပြုကုန်လျက်။ ဣမံ ပထဝိံ၊ ဤမြေပြင်ကို။ ဝါ၊ ဤမြေပြင်၌။ မနုဿာနံ၊ လူတို့အား။ ဓမ္မံ၊ တရားကို။ ဗျာဟရန္တာ၊ ဆောင်ကုန်လျက်။ ဝါ၊ ဟောကြားကုန်လျက်။ စရထ၊ ကျင့်ကြကုန်။ ဝါ၊ လှည့်လည်ကြကုန်။

လောကဿ၊ လူအပေါင်းအား။ သတတံ၊ အမြဲ။ မမ၊ ငါဘုရား၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ပကာသယန္တာ၊ ပြကုန်လျက်။ ဝိဝိတ္တေသု၊ ဆိတ်ငြိမ်ကုန်သော။ ပဗ္ဗတေသု စ၊ တောင်တို့၌လည်းကောင်း။ ဝနေသု စ၊ တောတို့၌လည်းကောင်း။ ဝိဟရထ၊ နေကြကုန်။

ဘိက္ခဝေါ၊ ချစ်သားရဟန်းတို့။ သုဗ္ဗတာ၊ ကောင်းသော အကျင့်ရှိကုန်သည်ဖြစ်၍။ သတ္တာနံ၊ သတ္တဝါတို့၏။ သန္တိအတ္တာယ၊ နိဗ္ဗာန်အကျိုးငှာ။ ဓမ္မဒူတေယျံ၊ တရားတည်းဟူသော တမန်စေလွှတ်မှုကို။ ကရောန္တာ၊ ပြုကြကုန်လျက်။ မမ၊ ငါဘုရား၏။ ဝစနံ၊ တရားစကားကို။ ဝိက္ခာပယထ၊ ဟောကြားကြကုန်။

ဘိက္ခဝေါ၊ ချစ်သားရဟန်းတို့။ အပါယာနံ၊ အပါယ်လေးပါးတို့၏။ သဗ္ဗံ၊ အလုံးစုံသော။ ဒွါရံ၊ တံခါးကို။ ပိဒဟထ၊ ပိတ်ကြကုန်။ အနာသဝါ၊ ကင်းသော အာသဝရှိကုန်သည်ဖြစ်၍။ သဂ္ဂမောက္ခဿ စ၊ နတ်ရွာနိဗ္ဗာန်၏လည်းကောင်း။ မဂ္ဂဿ စ၊ အရိယာမဂ်၏လည်းကောင်း။ ဒွါရံ၊ တံခါးကို။ အသမာ၊ ပင်ပန်းခြင်းမရှိကုန်ဘဲ။ ဝိဝရထ၊ ဖွင့်ကြလေကုန်။

ဒေသနာပဋိပတ္တိဟိ၊ တရားဟောခြင်း ကျင့်ခြင်းတို့ဖြင့်။ ကရုဏာဒိ-ဂုဏာသယာ၊ ကရုဏာ စသော ဂုဏ်ဘို့၏ တည်ရာ ဖြစ်ကြကုန်လျက်။ ဗုဒ္ဓိဥ္စ၊ အသိဉာဏ်ကို လည်းကောင်း။ သဒ္ဓဥ္စ၊ သဒ္ဓါတရားကိုလည်းကောင်း။ လောကဿ၊ လူအပေါင်းအား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အဘိဝဍ္ဎေထ၊ ပွားကြစေကုန်။

ဘိက္ခဝေါ၊ ရဟန်းတို့။ အာမိသဒါနတော၊ အာမိသဒါနအားဖြင့်။ နိစ္စံ၊ အမြဲ။ ဥပကရောန္တာနံ၊ ကျေးဇူးပြုပေကုန်သော။ တေသံ ဂိဟီနံ၊ ထိုလူတို့အား။ ဓမ္မဒါနေန၊ ဓမ္မဒါနဖြင့်။ ပစ္စုပကာရကံ၊ တဖန်ပြန်၍ ကျေးဇူးပြုခြင်းကို။ ကရောထ၊ ပြုကြလေကုန်။

ဘိက္ခဝေါ၊ ရဟန်းတို့။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့ တရားကို။ ဒေသယန္တာ၊ ဟောကုန်လျက်။ ဣသိဒ္ဓဇံ၊ အရိယာတို့၏ တံခွန်ကို။ သမုဿယထ၊ ဆောက်စိုက်ကြကုန်။ (သဘင်္ကန်းဝတ်၍ ရဟန်းပြုဟူလိုသတည်း)။ ကတကတ္တဗ္ဗကမ္မန္တာ၊ ပြုသင့် ပြုထိုက်သည်ကိုသာ ပြုအပ်သော အမှုရှိကုန်လျက်။ ပရတ္ထံ၊ သူတပါးအကျိုးငှာ။ ပဋိပဇ္ဇထ၊ ကျင့်ကြလေကုန်။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူ၍ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို အရပ်လေးမျက်နှာတို့သို့ လွှတ်လိုက်၍ မိမိသည် ဥရုဝေလတောသို့ ကြွတော်မူ၏။

ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်ကို ဆုံးမခြင်း

မြတ်စွာဘုရားသည် ဥရုဝေလတောသို့ ကြွတော်မူသည်ရှိသော် ခရီးအကြား ကပ္ပါသိကတောအုပ်၌ သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီမင်းသားတို့ကို ဆုံးမတော်မူပြန်၏။ ထိုသို့ ဆုံးမတော်မူသောအခါ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ဘွင် အကြင်သူသည် အလုံးစုံတို့အောက် ယုတ်၏။ ထိုသူသည် သောတာပန်ဖြစ်၍ အကြင်သူသည် အလုံးစုံထက် မြတ်၏။ ထိုသူသည် အနာဂါမ်ဖြစ်လေသတည်း။ တစ်ပါးသော ရဟန္တာသည်လည်းကောင်း၊ ပုထုဇဉ်သည်လည်းကောင်း မရှိ။ ထိုအလုံးစုံ သုံးကျိပ်တို့ကို ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းပြုပြီးမှ အရပ်လေးမျက်နှာတို့သို့ စေတော်မူ၍ ကိုယ်တော်သည်ကား ဥရုဝေလတောသို့ ကြွတော်မူ၏။

ထိုဥရုဝေလတော၌ အခွဲနှင့်တကွ တန်ခိုးပြာဋိဟာ လေးထောင်တို့ကိုသို့မဟုတ် သုံးထောင့်ငါးရာတို့ကို ပြတော်မူ၍ ဥရုဝေလကဿပ အစရှိကုန်သော တစ်ထောင်သော ရသေ့အခြံအရံ ရှိကုန်သော ညီနောင်သုံးယောက်တို့ကို ဆုံးမ၍ ဧဟိဘိက္ခုခေါ်တော်မူလျက် ရဟန်းပြု၍ ဂယာသီသ၌ နေစေလျက် အာဒိတ္တပရိယာယ သုတ္တန်ဒေသနာဖြင့် အရဟတ္တဖိုလ်၌ တည်စေတော်မူ၏။

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းအား ဝန်ခံခြင်းကို လွှတ်စေခြင်း

မြတ်စွာဘုရားသည် ရသေ့ညီနောင် ရဟန္တာတစ်ထောင် ခြံရံအပ်သည်ဖြစ်၍ ဗိမ္ဗိသာရ အမည်ရှိသော မင်းအား ဝန်ခံခြင်းကို လွှတ်စေအံ့ဟု

ရာဇဂြိုဟ်ပြည်၏ ဥပစာ ထန်းတောဥယျာဉ်သို့ ကြွတော်မူ၏။ ထို့နောက်မှ ဥယျာဉ်စောင့်သည် မင်းအား ကြားပေ၏။ မင်းသည်လည်း မြတ်စွာဘုရား ကြွတော်မူလာ၏ဟု ကြား၍ တစ်သိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့ ခြံရံအပ်သည်ဖြစ်၍ မြတ်စွာဘုရားကို တခဲနက်ပွင့်ခြင်းသို့ ရောက်သော တပြိုင်နက် တိမ်တိုက် အတွင်းမှ ပွင့်ခြင်းသို့ ရောက်သော နေမင်းကဲ့သို့ ကိလေသာတည်းဟူသော တောအုပ်၏ အတွင်းမှ ပွင့်ခြင်းသို့ ရောက်သော ဘုရားတည်းဟူသော မြတ်သော နေမင်းသို့ ကပ်၍ စက်တော်ဖြင့် တန်ဆာဆင်အပ်သော အပြင်ရှိကုန်သော ရေ၌ ဖြစ်သော အညစ်အကြေးကင်းသော မစုတ်မပဲ့ချို့တဲ့ခြင်း မရှိသောကြောင့် ကြာနီ ကြာဖြူ ကြာတံဆိပ် ကြာပုဏ္ဍရိက်တို့နှင့် တူသော ကြာရှိကုန်သော မြတ်စွာဘုရား ခြေတော်တို့၌ မကိုင်ရှ၍ ပတ္တမြားရောင်တို့ဖြင့် သန့်ရှင်းကြည်လင်စွာ တောက်ပသော ဦးခေါင်းဖြင့် ဝပ်၍ တင့်အပ်လျောက်ပတ်စွာ ပရိသတ်နှင့်တကွ နေ၏။

ထိုအခါ ပုဏ္ဏား သူကြွယ်တို့အား အကြံသည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား— "ရဟန်းကြီးသည် ဥရုဝေလကဿပ အထံ၌ မြတ်သော အကျင့်ကို ကျင့်သလော၊ ထိုသို့မဟုတ် ဥရုဝေလကဿပသည် ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်သလော"ဤသို့သော အကြံသည် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားသူကြွယ်တို့ စိတ်အကြံကို သိတော်မူ၍ မထေရ်ကို ဂါထာဖြင့် မိန့်တော်မူလို၍—

* ကိမေဝ ဒိသွာ ဥရုဝေလဝါသိ၊
ပဟာသိ အဂ္ဂိံ ကိသကောဝဒါနော။
ပုစ္ဆာမိ တံ ကဿပ ဧတမတ္ထံ၊
ကထံ ပဟီနံ တဝ အဂ္ဂိဟုတ္တံ—

ဟူသော ဂါထာဖြင့် မေးတော်မူ၏။ အနက်ကား— ဥရုဝေလဝါသိ၊ ဥရုဝေလတော၌နေသော။ ကဿပ၊ ကဿပ။ တွံ၊ သင်သည်။ ကိသကောဝ-ဒါနော၊ အကျင့်ဖြင့် ကြုံသော ကိုယ်ရှိသော ရသေ့တို့ကို ဆုံးမတတ်သော ဆရာဖြစ်လျက်။ ကိမေဝ၊ အဘယ်ကိုလျှင်။ ဒိသွာ၊ မြင်၍။ အဂ္ဂိံ၊ မီးပူဇော်

*ဝိနည်းမဟာဝါပါဠိတော် မဟာခန္ဓက ၄၁-၌ လာသော ဂါထာတည်း။

ခြင်းကို။ ပဟာသိ၊ စွန့်သနည်း။ ကဿပ၊ ကဿပ။ တံ၊ သင့်ကို။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆာမိ၊ ငါမေး၏။ ကထံ၊ အဘယ့်ကြောင့်။ တဝ၊ သင်၏။ အဂ္ဂိဟုတ္တံ၊ မီးပူဇော်ခြင်းကို။ ပဟီနံ၊ စွန့်သနည်း။

ထိုသို့ မေးတော်မူသည် ရှိသော် မထေရ်သည် မြတ်စွာဘုရား အလိုတော်ကို သိ၍—

* ရူပေ စ သဒ္ဒေ စ အထော ရသေ စ၊
ကာမိတ္ထိယော စာဘိဝဒန္တိ ယညာ။
ဧတံ မလန္တိ ဥပဓီသု ဉတွာ၊
တသ္မာ န ယိဋ္ဌေ န ဟုတေ အရဉ္ဇိံ—

ဟူသော ဂါထာဖြင့် လျှောက်၏။ အနက်ကား—ဘန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ရူပေ စ၊ အဆင်းတို့ကိုလည်းကောင်း။ သဒ္ဒေ စ၊ အသံတို့ကိုလည်းကောင်း။ အထော၊ ထိုမှတပါး။ ရသေ စ၊ ရသာရုံတို့ကိုလည်းကောင်း။ ကာမိတ္ထိယော စ၊ မိန်းမတို့ကိုလည်းကောင်း။ ဧတေ ကာမေ၊ ထိုကာမဂုဏ်တို့ကို။ ယညာ-ယာဂဟေတု၊ ယဇ်ပူဇော်ခြင်းကြောင့်။ ဣစ္ဆန္တိ၊ ပြည့်စုံကုန်၏။ ဣတိ၊ သို့။ အဘိဝဒန္တိ၊ ဆိုကြကုန်၏။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဥပဓီသု၊ ခန္ဓာဟူသော ဥပဓိတို့၌။ မလန္တိ၊ အညစ်အကြေးသာ ဖြစ်သည်ဟု။ ဉတွာ၊ သိ၍။ တသ္မာ၊ ထိုသို့ သိခြင်းကြောင့်။ ယိဋ္ဌေ၊ ယဇ်ကြီးပူဇော်ခြင်း၌လည်း။ န အရဉ္ဇိံ၊ မမွေ့လျော်။ ဟုတေ၊ နေ့တိုင်း ယဇ်ငယ်ပူဇော်ခြင်း၌လည်း။ န အရဉ္ဇိံ၊ မမွေ့လျော်သတည်း။

ဤဂါထာကို ဆို၍ မိမိ၏ သာဝက အဖြစ်ကို ပြအံ့သောငှာ လာခြင်းကောင်းသော မြတ်စွာဘုရား၏ ခြေတော်တို့၌ ဝပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း။ အကျွန်ုပ်သည် တပည့်ဖြစ်၏"ဟု ဆို၍ ထန်းတစ်ဖျား ထန်းနှစ်ဖျားမှ စ၍ ထန်းခုနစ်ဆင့် ပမာဏရှိသော အထက်ကောင်းကင်သို့ ခုနစ်ကြိမ် ပျံတက်၍ တန်ခိုး ပြာဋိဟာကို ပြလျက် ကောင်းကင်ထက်မှ ဆင်းသက်၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ် လျောက်ပတ်သော အရပ်၌ နေ၏။

---

* မဟာဝါပါဠိတော် မဟာခန္ဓက ၄၆-၌ လာသော ဂါထာ။

ထိုအခါ လူအပေါင်းသည် ဥရုဝေလကဿပ၏ တန်ခိုးပြာဋိဟာကို မြင်၍"ဘုရားမည်သည်ကား အံ့ဖွယ်ရှိစွတကား။ ကြီးသော အာနုဘော်ရှိ၏။ အားသို့ ရောက်သော မိစ္ဆာဒိဋ္ဌိ အယူရှိသော မိမိကိုယ်ကို ငါ ရဟန္တာ တည်းဟု ထင်မှတ်သော ဥရုဝေလကဿပသော်မှလည်း မိစ္ဆာတည်းဟူသော အယူကွန်ရက်ကို ဖြတ်၍ မြတ်စွာဘုရားသည် ဆုံးမတော်မူအပ်၏"ဟု မြတ်စွာဘုရား၏ ကျေးဇူးစကားကို ပြောကြားကြကုန်၏။

ထိုစကားကို ကြား၍ မြတ်စွာဘုရားသည် "ယခုအခါ၌သာ ငါဘုရားသည် ဥရုဝေလကဿပကို ဆုံးမသည် မဟုတ်သေး။ ရှေး၌လည်း ဤကဿပကို ငါသည် ဆုံးမဖူးသည် သာတည်း"ဟု မိန့်တော်မူ၏။ ထိုအခါ လူအပေါင်းသည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုး၍ ဦးခေါင်း ထက်၌ လက်အုပ်ချီလျက် ဤသို့ လျှောက်ကြကုန်၏— "အရှင်ဘုရား.... ယခုအခါ အကျွန်ုပ်တို့သည် ဤကဿပအား ဆုံးမခြင်းကို မြင်ရပါပြီ။ လွန်လေပြီးသောအခါ မြတ်စွာဘုရားသည် အဘယ်သို့ ဆုံးမအပ်ပါ သနည်း"ဟု လျှောက်ကြ၏။

ထိုနောက်မှ လူများအပေါင်းသည် တောင်းပန်အပ်သည် ဖြစ်ရကား မြတ်စွာဘုရားသည် ဘဝတပါးဖြင့် ဖုံးလွှမ်းအပ်သော မဟာနာရဒကဿပ ဇာတ်တော်ကို ဟောကြားတော်မူ၍ သစ္စာ လေးပါးကို ပြတော်မူ၏။ ထိုနောက်မှ မြတ်စွာဘုရား တရားစကားကို ကြားနာရသော ဗိမ္ဗိသာရ မင်းကြီးသည် တစ်သိန်း တစ်သောင်းသော ပုဏ္ဏား သူကြွယ်တို့နှင့် တကွ သောတာပတ္တိဖိုလ်၌ တည်၏။ တစ်သောင်းသော သူသည် ဥပါသကာ၏ အဖြစ်ကို ကြား၏။

မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်၍ သရဏဂုံ တည်ပြီးသော ဗိမ္ဗိသာရမင်းကြီးသည်လည်း နက်ဖြန်အကျိုးငှာ မြတ်စွာဘုရားကို ရဟန်း သံဃာနှင့် တကွ ဖိတ်၍ မြတ်စွာဘုရားကို သုံးကြိမ် လက်ယာရစ်လှည့် သည်ကို ပြု၍ ရှိခိုးပြီးမှ ဖဲသွားလေ၏။ နံနက်မိုးသောက် ရောက်သော နေ့၌ မြတ်စွာဘုရားသည် ရဟန်းတစ်ထောင်ခြံရံလျက် နတ်အပေါင်း ခြံရံအပ်သော မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်းကဲ့သို့ လည်းကောင်း, ဗြဟ္မာအပေါင်း ခြံရံအပ်သော မဟာဗြဟ္မာမင်းကဲ့သို့ လည်းကောင်း, ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၏။

ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ကျောင်းတော်ကို လှူဒါန်းခြင်း

ဗိမ္ဗိသာရ မင်းကြီးလည်း ဘုရားအမှူးရှိသော ရဟန်းသံဃာကို အလှူကြီးပေး၍ ဆွမ်းစားပြီးသောအဆုံး၌ မြတ်စွာဘုရားကို ဤသို့သောစကားဖြင့် နားတော်လျှောက်၏— "အရှင်ဘုရား....အကျွန်ုပ်သည် ရတနာသုံးပါးကို ကြဉ်၍ အစဉ်နေခြင်းငှာ မတတ်နိုင်။ အခါဟုတ်သည်၌လည်းကောင်း၊ အခါမဟုတ်သည်၌လည်းကောင်း မြတ်စွာဘုရားအထံသို့ ဆည်းကပ်ပါအံ့၊ အရှင်ဘုရား သိတင်းသုံးသော ထန်းတောဥယျာဉ်ကား အလွန်ဝေး၏၊ အကျွန်ုပ်တို့၏ ဝေဠုဝနမည်သော ဥယျာဉ်သည်ကား ဆိတ်ငြိမ်ရာကို အလိုရှိကုန်သော သူတို့အား ဝေးလည်း မဝေးလွန်း နီးလည်း မနီးလွန်း အလားအလာနှင့် ပြည့်စုံ၏။ ထွက်ဝင်သွားလာသူတို့ ကျဉ်းမြောင်းခြင်း ကင်း၏။ ဆိတ်ငြိမ်ရာကို ရှာကုန်သောသူတို့ ချမ်းသာ၏၊ အရိပ်ရေနှင့်လည်း ပြည့်စုံ၏။ ချမ်းအေးသော ကျောက်ဖျာအပြင်တို့ဖြင့် ညီညွတ်စွာ တန်ဆာဆင်အပ်၏၊ လွန်မြတ်စွာ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့ ရှိ၏။ နှစ်သက်ဖွယ်အနံ့ရှိသော ပန်း သစ်ပင် တောတို့ဖြင့် မပြတ်ရှိ၏၊ နှလုံးမွေ့လျော်ပျော်ဖွယ်ရှိသော ပြာသာဒ်ရှည် ပြာသာဒ်ဦးပြည်း ဗိမာန် ကျောင်းတစ်ဖက်စောင်း မိုးသော ကျောင်း မဏ္ဍပ် စသည်တို့ဖြင့် တန်ဆာဆင်အပ်၏၊ အရှင်ဘုရား....အရှင်ဘုရားသည် အကျွန်ုပ်၏ ဝေဠုဝန်ကို ခံတော်မူပါ"ဟု လျှောက်၏။

ထိုသို့ လျှောက်ပြီးမှ မီးကျီးခဲကဲ့သို့ ရဲရဲတောက်သော အဆင်းရှိသော ရွှေကရားဖြင့် ကောင်းမြတ်သော အနံ့ရှိသော ပန်းတို့ဖြင့် ထုံအပ်သော ပတ္တမြားညို အဆင်းရှိသော ရေကို ယူ၍ ဝေဠုဝန်ဥယျာဉ်ကို စွန့်တော်မူလိုသောကြောင့် မြတ်စွာဘုရားလက်တော်၌ ရေကို သွန်းလောင်း၏။ ထိုအာရာမ်ကို အလှူခံသော ခဏ၌ မြတ်စွာဘုရား သာသနာတော်၏ အမြစ်တို့သည် သက်ကုန်ပြီဟု နှစ်သက်ဝမ်းမြောက်သော အလိုသို့ လိုက်ကုန်သော သူတို့သည် ကကုန်သကဲ့သို့ ဤမဟာပထဝီမြေကြီးသည် တသိမ့်သိမ့် လှုပ်၏။ ဇမ္ဗူဒိပ်ကျွန်း၌ ဝေဠုဝန်ကျောင်းကြီးကို ထား၍ မြေကြီးလှုပ်စေ၍ အလှူခံသော ကျောင်းမည်သည် မရှိ။

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းအာရာမ်ကို အလှူခံတော်မူ၍ ဗိမ္ဗိသာရမင်းမြတ်အား လှူအပ်သော ကျောင်းအလှူကို အနုမောဒနာ အမှု ပြုတော်မူခြင်းငှာ—

၁။ အာဝါသဒါနဿ ပနာနိသံသံ၊
ကော နාම ဝတ္တုံ ပုရိသော သမတ္ထော။
အညတြ ဗုဒ္ဓါ ပန လောကနာထာ၊
ယုတ္တော မုခါနံ နဟုတေန စာပိ။

၂။ အာယုဉ္စ ဝဏ္ဏဉ္စ သုခံ ဗလဉ္စ၊
ဝရံ ပသတ္ထံ ပဋိဘာနမေဝ။
တဒါတိ နာမာတိ ပဝုစ္စတေ သော၊
ယော ဒေတိ သံဃဿ နရော ဝိဟာရံ။

၃။ ဒါတာ နိဝါသဿ နိဝါရဏဿ၊
သီတာဒိနော ဇီဝိတုပဒ္ဒဝဿ။
ပါလေတိ အာယုမ္ပန တဿ တသ္မာ၊
အာယုပ္ပဒေါ ဟောတိ တမာဟု သန္တော။

၄။ အစ္စုဏှသီတေ ဝသတော နိဝါသေ၊
ဗလဉ္စ ဝဏ္ဏော ပဋိဘာ န ဟောတိ။
တသ္မာ ဟိ သော ဒေတိ ဝိဟာရဒါတာ၊
ဗလဉ္စ ဝဏ္ဏံ ပဋိဘာနမေဝ။

၅။ ဒုက္ခဿ သီတုဏှသရီသပါ စ၊
ဝါတာတပါဒိပ္ပဘဝဿ လောကေ၊
နိဝါရဏာ နေကဝိဓဿ နိစ္စံ၊
သုခပ္ပဒေါ ဟောတိ ဝိဟာရဒါတာ။

၆။ သီတုဏှဝါတာတပဍံသဝုဋ္ဌိ-
သရီသပါဝါဠမိဂါဒိဒုက္ခံ ။
ယသ္မာ နိဝါရေတိ ဝိဟာရဒါတာ၊
တသ္မာ သုခံ ဝိန္ဒတိ သော ပရတ္ထ။

၇။ ပသန္နစိတ္တော ဘဝဘောဂဟေတုံ၊
မနောဘိရာမံ မုဒိတော ဝိဟာရံ။
ယော ဒေတိ သီလာဒိဂုဏောဒိတာနံ၊
သမ္ပိံဒဒေါ နာမ ပဝုစ္စတေ သော။

၈။ ပဟာယ မစ္ဆေရမလံ သလောဘံ၊
ဂုဏာလယာနံ နိလယံ ဒဒါတိ။
ခိတ္တောဝ သော တတ္ထ ပရေဟိ သဂ္ဂေ၊
ယထာဘတံ ဇာယတိ ဝီတသောကော။

၉။ ဝရေ စာရုရူပေ ဝိဟာရေ ဥဠာရေ၊
နရော ကာရယေ ဝါသယေ တတ္ထ ဘိက္ခူ။
ဒဒေယျန္နပါနဥ္စ ဝတ္ထဥ္စ နေသံ၊
ပသန္နေန စိတ္တေန သက္ကစ္စ နိစ္စံ။

၁၀။ တသ္မာ မဟာရာဇ ဘဝေသု ဘောဂေ၊
မနောရမေ ပစ္စနုဘုယျ ဘိယျော။
ဝိဟာရဒါနဿ ဖလေန သန္တံ၊
သုခံ အသောကံ အဓိဂစ္ဆ ပစ္ဆာ*—

ဟူသော ၁၀-ဂါထာတို့ဖြင့် မုနိအပေါင်းတို့၏ မင်းဖြစ်တော်မူသော ရဟန်းမင်းဘုရားသည် လူတို့၏အရှင် ဘုရင်ဗိမ္ဗိသာရ မင်းတရားအား ကျောင်းအနုမောဒနာတရား ဟောကြားတော်မူ၏။ ထိုဂါထာတို့၏ အနက်ကား—

၁။ လောကနာထာ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့ကို။ အညတြ၊ ကြဉ်၍။ အာဝါသဒါနဿ၊ ကျောင်းအလှူ၏။ အာနိသံသံ၊ အကျိုးကို။ မုခါနံ၊ ခံတွင်းတို့၏။ နဟုတေန စာပိ၊ တစ်သောင်းနှင့်လည်း။ ယုတ္တော၊ ယှဉ်လျက်။ ကော နာမ ပုရိသော၊ အဘယ်မည်သော ယောကျ်ားသည်။ ဝတ္တုံ၊ ဟောခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်ပေအံ့နည်း။

---

* ဇင်းဗုဒ္ဓဝင် အဋ္ဌကထာလာ ၁၀-ဂါထာကို သုတ္တသင်္ဂဟပါဠိတော် ဦးရေ ဖြ၃-စာအုပ် မျက်နှာ ၁၄၃, သီဟိုဠ်စာအုပ် မျက်နှာ ၁၁၃-၌ ဝေဠုဝန ဒါနာနုမောဒနာ-ဟူ၍ ထည့်ထားသည်။ သုတ္တသင်္ဂဟဋ္ဌကထာ သီဟိုဠ် စာအုပ်မျက်နှာ ၁၄၈-၌ မဖွင့်။

၂။ ယော နရော၊ အကြင်သူသည်။ သံဃဿ၊ သံဃာတော်အား။ ဝိဟာရံ၊ ကျောင်းအလှူကို။ ဒေတိ၊ လှူ၏။ သော နရော၊ ထိုသူကို။ အာယုဉ္စ၊ အသက်ရှည်ခြင်းကိုလည်းကောင်း။ ဝဏ္ဏဉ္စ၊ အဆင်းလှခြင်းကိုလည်းကောင်း။ သုခဉ္စ၊ ချမ်းသာခြင်းကိုလည်းကောင်း။ ဗလဉ္စ၊ ခွန်အားကြီးခြင်းကိုလည်းကောင်း။ ဝရံ၊ မြတ်သော။ ပသတ္ထံ၊ အထူးချီးမွမ်းအပ်သော။ ပဋိဘာနမေဝ၊ ပညာကိုလည်းကောင်း။ ဒဒါတိ နာမာတိ၊ ပေးသည်မည်၏ဟူ၍။ ပဝုစ္စတေ၊ ဆိုအပ်၏။

၃။ သီတာဒိနော၊ အချမ်း အစရှိသော။ ဇီဝိတုပဒ္ဒဝဿ၊ အသက်၏ ဘေးရန်ကို။ နိဝါရဏဿ၊ တားမြစ်တတ်သော။ နိဝါသဿ၊ ကျောင်းကို။ ယော၊ အကြင်သူသည်။ ဒါတာ၊ လှူ၏။ တဿ၊ ထိုသူအား။ အာယုံ၊ အသက်ကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပါလေတိ၊ စောင့်ရှောက်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ အာယုပ္ပဒေါ၊ အသက်ကို လှူသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တံ၊ ထိုကျောင်းအလှူကို။ သန္တော၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ အာဟု၊ ဟောတော်မူကုန်ပြီ။

၄။ အစ္စုဏှသီတေ၊ ပူလွန်းချမ်းလွန်းသော။ နိဝါသေ၊ နေရာကျောင်း၌။ ဝသတော၊ နေသောပုဂ္ဂိုလ်အား။ ဗလဉ္စ၊ အားသည်လည်းကောင်း။ ဝဏ္ဏော စ၊ "အဆင်းသည်လည်းကောင်း။ ပဋိဘာ စ၊ ပညာသည်လည်းကောင်း။ ယသ္မာ၊ အကြင့်ကြောင့်။ န ဟောတိ၊ မဖြစ်။ တသ္မာ ဟိ-တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ဝိဟာရဒါတာ၊ ကျောင်းအလှူကို ပေးတတ်သော။ သော၊ ထိုဒါယကာသည်။ ဗလဉ္စ၊ အားကိုလည်းကောင်း။ ဝဏ္ဏဉ္စ၊ အဆင်းကိုလည်းကောင်း။ ပဋိဘာနမေဝ စ၊ ပညာကိုလည်းကောင်း။ ဒေတိ၊ ပေးနိုင်၏။

၅။ လောကေ၊ လောက၌။ ဝိဟာရဒါတာ၊ ကျောင်းအလှူပေးတတ်သော ဒါယကာသည်။ သီတုဏှသရီသပါ၊ အချမ်း အပူ မြွေ ကင်း သန်းကြောင့်။ ဇာတဿ၊ ဖြစ်သော။ ဒုက္ခဿ စ၊ ဆင်းရဲကိုလည်းကောင်း။ ဝါတာတပါဒိပ္ပဘဝဿ၊ နေလေပူစသည်တို့ကြောင့်ဖြစ်သော။ အနေကဝိဓဿ၊ တစ်ပါးမက များသော။ ဒုက္ခဿ စ၊ ဆင်းရဲကိုလည်းကောင်း။ နိစ္စံ၊ အမြဲ။ နိဝါရဏာ၊ တားမြစ်တတ်သည်ဖြစ်၍။ သုခပ္ပဒေါ၊ ချမ်းသာကိုပေးတတ်သည်။ ဟောတိ၊ ဖြစ်၏။

၆။ ဝိဟာရဒါတာ၊ ကျောင်းအလှူပေးသော ဒါယကာသည်။ သီတုဏှ-ဝါတာတပဍံသဝုဋ္ဌိသရီသပဝါဠမိဂါဒိဒုက္ခံ၊ အချမ်း အပူ လေ နေပူခြင်း မိုးဖွဲ့ရွာခြင်း မြွေ ကင်း သန်း သားရဲ စသည်တို့ကြောင့် ဖြစ်သော ဆင်းရဲကို။ ယသ္မာ၊ အကြင်ကြောင့်။ နိဝါရေတိ၊ တားမြစ်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုကျောင်းလှူသောသူသည်။ ပရတ္ထ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာကို။ ဝိန္ဒတိ၊ ရ၏။

၇။ သီလာဒိဂုဏောဒိတာနံ၊ သီလ စသော ကျေးဇူး၏ ဖြစ်ခြင်း ရှိကုန်သော သူတော်ကောင်းတို့အား။ မုဒိတော၊ ဝမ်းမြောက်သော။ ပသန္န-စိတ္တော၊ ကြည်ညိုသော စိတ်ရှိသော။ ယော၊ အကြင်သူသည်။ ဘဝဘောဂ-ဟေတုံ၊ ဘဝဘောဂဟူသော အကြောင်းကြောင့်။ မနောဘိရာမံ၊ စိတ်၏ နှစ်သက်ဖွယ်ရှိသော။ ဝိဟာရံ၊ ကျောင်းကို။ ဒေတိ၊ လှူ၏။ သော၊ ထိုသူကို။ သဗ္ဗံ ဒဒေါ နာမ၊ အလုံးစုံကို လှူသည်မည်၏ဟူ၍။ ပဝုစ္စတေ၊ မိန့်အပ်၏။

၈။ ယော၊ အကြင်သူသည်။ သလောဘံ၊ လောဘနှင့် တကွသော။ မစ္ဆရမလံ၊ မစ္ဆေရတည်းဟူသော အညစ်အကြေးကို။ ပဟာယ၊ စွန့်၍။ ဂုဏာလယာနံ၊ သီလ စသော ဂုဏ်၏ တည်ရာ ဖြစ်ကုန်သော ရဟန်းမြတ်တို့အား။ နိလယံ၊ ကျောင်းကို။ ဒဒါတိ၊ လှူ၏။ ပရေဟိ၊ သူတပါးတို့သည်။ ခိတ္တော၊ ပစ်အပ်သောမြားသည်။ ယထာဘတံ၊ အရှိန်အဟုန်ဆောင်ယူသော အတိုင်း။ တတ္ထ၊ ထိုရည်မှန်းရာ အရပ်၌။ ပတတိ ဣဝ၊ ကျရောက်သကဲ့သို့။ သော၊ ထိုကျောင်းလှူသော ဒါယကာသည်။ သဂ္ဂေ၊ နတ်ပြည်၌။ ဝီတ-သောကော၊ ကင်းသော သောကရှိသည် ဖြစ်၍။ ဇာယတိ၊ ဖြစ်၏။

၉။ ယော နရော၊ အကြင်သူသည်။ ဝရေ၊ မြတ်သော။ စာရုရူပေ၊ တင့်တယ်သော သဘောရှိသော။ ဥဠာရေ၊ ပြန့်ပြောသော။ ဝိဟာရေ၊ ကျောင်းတို့ကို။ ကာရယေ၊ ပြုရာ၏။ တတ္ထ၊ ထိုကျောင်း၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝါသယေ၊ နေစေရာ၏။ နေသံ၊ ထိုရဟန်းမြတ်တို့အား။ အန္နပါနဉ္စ၊ ဆွမ်းအဖျော်ကိုလည်းကောင်း။ ဝတ္ထဉ္စ၊ အဝတ် သင်္ကန်းကိုလည်းကောင်း။ ပသန္နေန၊ ကြည်ညိုသော။ စိတ္တေန၊ စိတ်ဖြင့်။ နိစ္စံ၊ အမြဲ။ သက္ကစ္စံ၊ ရိုသေစွာ။ ဒဒေယျ၊ လှူရာ၏။

၁၀။ တသ္မာ၊ ထို့ကြောင့်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဝိဟာရဒါနဿ၊ ကျောင်းလှူခြင်း၏။ ဖလေန၊အကျိုးအားဖြင့်။ ဘဝေသု၊ဘဝတို့၌။ ဘိယျော၊ လွန်စွာ။ မနောရမေ၊ စိတ်၏ နှစ်သက်ဖွယ်ရှိသော။ ဘောဂေ၊ စည်းစိမ်တို့ကို။ ပစ္စနုဘုယျ၊ အဖန်ဖန်ခံစား၍။ ပစ္ဆာ၊ နောက်မှ။ အသောကံ၊ စိုးရိမ်ခြင်းကင်းသော။ သုခံ၊ ချမ်းသာသော။ သန္တံ၊ ငြိမ်သက်သောနိဗ္ဗာန်ကို။ အဓိဂစ္ဆ၊ ရရ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့လျှင် မုနိတကာတို့၏ မင်းဖြစ်တော်မူသော ဘုရားသခင်သည် ဗိမ္ဗိသာရ အမည်ရှိသော မင်းအား ကျောင်းအလှူ၏ အနုမောဒနာကို ပြုတော်မူ၍ နေရာမှ ထ၍ ရဟန်းအပေါင်း ခြံရံလျက် ကိုယ်တော်၏ လွန်မြတ်သော ရှုဖွယ်ဘနန်း ရှိသော ကိုယ်တော်ရောင်တို့ဖြင့် ရွှေနီဖလံရည်ဖြင့် သန်းလောင်းအပ်သော ဥဒေါင်းမြီးစည်းကဲ့သို့ မှို့၍ မြတ်သော ဗိမာန်စသည်တို့ကို တင့်တယ်အောင် ပြုလျက် နှိုင်းရှည့်စရာ ဥပမာမရှိသော ဘုရားမြတ်၏ တင့်တယ်ခြင်းဖြင့်လည်းကောင်း၊ အဆုံးမရှိသော ဘုရားအသရေတော်ဖြင့်လည်းကောင်း ဝေဠုဝန်ကျောင်းတော်ကြီးသို့သာလျှင် ကြွဝင်တော်မူလေ၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မြတ်စွာဘုရားကို ပင့်စေတော်မူခြင်း

လာခြင်း ကောင်းတော်မူသည်ဖြစ်၍ မြဲမြံ တည်ကြည်သော ဘုရားမြတ်သည် ပင်ပန်းခြင်းမရှိ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော ဝေဠုဝန်ကျောင်းတော်ကြီး၌ အထူးထူးသော နေခြင်းဖြင့် ကျွတ်ထိုက်သော ဝေနေယျကြာ သတ္တဝါတို့ကို ကြည့်ရှုတော်မူလျက် နေတော်မူ၏။

ထိုသို့ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူသည်ရှိသော် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ငါ၏သားတော် ဘုရားကာ၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ လွန်မြက်သော သဗ္ဗညုတဉာဏ်သို့ ရောက်သည်ဖြစ်၍ မြတ်သော ဓမ္မစကြာတရားကို ဟောကြားတော်မူပြီးမှ ရာဇဂြိုဟ်ပြည်သို့ ရောက်၍ ဝေဠုဝန်ကျောင်းတော်ကြီး၌ နေတော်မူ၏ဟု ကြား၍ အမှတ်မရှိသော အမတ်တစ်ယောက်ကို ခေါ်တော်မူပြီးမှ "အချင်း

အမတ်....လာလှည့်။ ယောကျ်ားတစ်ထောင် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ သွား၍ ငါ၏စကားဖြင့် အရှင်ဘုရား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဖူးမြင်လို၏ဆို၍ သားတော်ဘုရားကို ပင့်ကာ ပြန်လာပါလှည့်”ဟု မိန့်၏။

ထိုအမတ်သည်လည်း အရှင်မင်းကြီး ကောင်းပြီဟု ဝန်ခံ၍ ယောကျ်ား တစ်ထောင်ခြံရံလျက် ယူဇနာ ခြောက်ဆယ်ရှိသော ခရီးသို့ သွား၍ တရား ဟောသော အခါ၌ ကျောင်းတော်သို့ ဝင်လေ၏။ ထိုအမတ်သည်လည်း မင်း၏ စေအပ်သော သတင်းစကားကို ရှိစေဦးဟု ထား၍ ပရိသတ် အစွန်၌ နေလျက် မြတ်စွာဘုရား တရားဒေသနာကို ကြားနာသည် ရှိသော် တည်တိုင်းပင်လျှင် ယောကျ်ား တစ်ထောင်နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းအဖြစ်သို့ တောင်းပန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ လာကြကုန်ဟု လက်တော်ကို ဆန့်၍ ဧဟိဘိက္ခုခေါ်တော်မူလျှင် ထိုခဏ၌လျှင် တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်း ရဟန်းတို့ပရိက္ခရာနှင့်တကွ အဝါခြောက်ဆယ် ပြည့်ကြွယ် လေပြီး မထေရ်ကြီးတို့ကဲ့သို့ အသွင်အပြင်နှင့် ပြည့်စုံကုန်သည် ဖြစ်၍ မြတ်စွာဘုရားကိုသာ ခြံရံကာ နေကြကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း အမတ်များရောက်အောင် သွားကြသည် ကိုလည်းကောင်း၊ ဘုရားမြတ်စွာ လာသည်ကိုလည်းကောင်း မကြားရသည် ဖြစ်၍ ထိုသို့သော နည်းဖြင့် ကိုးကြိမ်တိုင်တိုင် အမတ်တို့ကို စေတော်မူ၏။ ထိုကိုးထောင်သော ယောကျ်ားတို့တွင် တစ်ယောက်မျှလည်း သုဒ္ဓေါဒန မင်းကြီးအား သတင်းစကားကို မစေလွှတ်၊ ခပ်သိမ်းသော သူတို့သည် အရဟတ္တဖိုလ်သို့ ရောက်၍သာလျှင် ရဟန်းပြုကုန်၏။

ထိုအခါ မင်းကြီးသည် ဤသို့ ကြံ၏။ အသူသည်လျှင် ငါ့စကားကို လိုက်နာပါအံ့နည်းဟု အလုံးစုံသော မင်း၏ ဗိုလ်ပါကို ကြည့်သည်ရှိသော် ဥဒါယီကို မြင်လေ၏။ ထိုဥဒါယီသည် သိဒ္ဓတ်မင်းသား ဘုရားလောင်း၏ အလုံးစုံသော ကိစ္စဟူသမျှကို ပြီးစေတတ်သော အတွင်း ကျွန်ယုံဖြစ်၍ အလွန်လည်း အကျွမ်းဝင်၏။ ဘုရားလောင်းနှင့် အတူတကွ တစ်နေ့ချင်း

ဖွားသော ဖွားဖက်တော် အတူတကွ ကစားဖော် ကစားဖက် ဖြစ်သော အမတ်ဖြစ်သတတ်။

ထိုအခါ မင်းကြီးသည် ဥဒါယီ အမတ်ကို ခေါ်တော်မူ၍ "ချစ်သား ဥဒါယီအမတ်....ငါသည် ငါ့သားဘုရားကို လွန်စွာ ဖူးမြင်လိုသည် ဖြစ်၍ ယောကျ်ား ကိုးထောင်တို့ကို စေလွှတ်သော်လည်း တစ်ယောက်သောသူမျှ လာ၍ သတင်းစကား မကြား။ အသက်၏ အန္တရာယ်ကို သိနိုင်ခဲ၏။ ငါ၏ အသက်ရှင်စဉ် သားဘုရားကို ဖူးမြင်ခြင်းငှါ အလိုရှိ၏။ ငါ့သားဘုရားကို ပြအံ့သောငှါ တတ်နိုင်ပါအံ့လော" ဟု မေးတော်မူ၏။

ထိုအခါ ဥဒါယီအမတ်သည် "အရှင်မင်းကြီး....ရဟန်းပြုခြင်းငှါ အကယ်၍ ရပါသည်ဖြစ်အံ့၊ တတ်နိုင်ပါ၏" ဟု လျှောက်သော် "ချစ်သား....သင်သည် ရဟန်းပြု၍လည်းကောင်း၊ ရဟန်းမပြုဘဲပင်လည်းကောင်း ငါ့သား ဘုရားကို ပြလော့" ဟု မိန့်တော်မူ၏။ ထိုအခါ ဥဒါယီသည် "အရှင်မင်းကြီး.... ကောင်းပါပြီ" ဟု သုဒ္ဓေါဒနမင်းကြီး၏ သတင်းစကားကို ယူ၍ ရာဇဂြိုဟ် ပြည်သို့ သွား၍ မြတ်စွာဘုရား တရားဒေသနာကို နာ၍ ယောကျ်ား တစ်ထောင်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန္တာဖြစ်လေ၏။

ထိုအခါ ကာဠုဒါယီ[1] မထေရ်သည် တပေါင်းလပြည့်နေ့၌ "ဆောင်းလ သည် လွန်လေပြီ။ ဝသန္တ[2] အခါသို့လည်း အစဉ်ရောက်၏။ တောအုပ်သည် လည်း ကောင်းစွာ ပွင့်၏။ ခရီးသွားခြင်းငှါလည်း သင့်၏။ မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်တို့ကို ထောက်ပံ့ခြင်းငှါ အခါရောက်ပြီ" ဟု ကြံ၍

၁။ လာဠုဒါယီထေရ်, ကာဠုဒါယီထေရ်, မဟာဥဒါယီထေရ်·ဟူ၍ ဥဒါယီထေရ် ၃-မျိုး ရှိကြောင်းကို သုတ်ပါထေယျ အဋ္ဌကထာ ၅·သမ္ပသာဒနိယသုတ် ၇၆-စသည်တို့၌ ဆို၏။ အမတ်သား ကာဠုဒါယီထေရ်, ဇာတ်ဆရာသား လာဠုဒါယီထေရ်, ပုဏ္ဏား သား မဟာဥဒါယီထေရ် ဖြစ်ကြောင်းကို သောဋ္ဌသနိပါတ် ၂၄၇၊ ဥဒါယီတ္ထေရ ဂါထာအဋ္ဌကထာ ပါဠိဘာသာ သီဟိုဠ်စာအုပ် စာမျက်နှာ နံပါတ် ၇-၌ ဆို၏။

၂။ သော ဖဂ္ဂုဏပုဏ္ဏမာသိယံ စိန္တေသိ၊ အတိက္ကန္တော ဒါနိ ဟေမန္တော၊ ဝသန္တသမယော အနုပ္ပတ္တော ။ပ။ ဒသဗလဿ ဉာတိသင်္ဂဟံ ကာတုန္တိ။ ဇာတ်အဋ္ဌကထာနိဒါန်း၊ သီ ၇၃၊ ယိုးဒယားစာအုပ် ၁၃၅၊ ဇာတတ္တကီပါဠ် ၁၀၁၊ နိဿယ ၄၁၇၊ အပဒါန် အဋ္ဌကထာနိဒါန်း သီ ..၇၆၊ ဗုဒ္ဓဝင် အဋ္ဌကထာနိဒါန်း သီ—၂၁၊ ဝသန္တသမယေ၊ ကေ ႆတ္တရ အဋ္ဌကထာ ၁၇၊ စတုတ္ထ ဇာတဒဂ္ဂဝဂ် ၂၁၆၊ ၂၄၂၊ ၁၆၀။ **ဝသန္တေ ပန ဥပဂတေ ။လ။ ဝသန္တေ သမ္ပတ္တေ၊ ဒသကနိပါတ်—၂၉၃၊ ကာဠုဒါ·**

မြတ်စွာဘုရားသို့ ကပ်၍ ခြောက်ဆယ်အတိုင်းအရှည်ရှိသော ဂါထာတို့ဖြင့် မြတ်စွာဘုရား ဆွေတော် မျိုးတော်တို့ ပြည်ကို သွားခြင်း၏ ကျေးဇူးကို ချီးမွမ်း၏။

ကာဠုဒါယီမထေရ် ချီးမွမ်းသော ဂါထာခြောက်ဆယ်ကို ပြခြင်း

၁။ အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တောဝ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ အရှင်ဘောင်းတို့။ ဒါနိ၊ ယခု။ ဒုမာ၊ သစ်ပင်တို့သည်။ ဆဒနံ၊ အခွံကို။ ဝိပ္ပဟာယ၊ စွန့်၍။ ဝါ၊ ပယ်၍၊ ဖလေသိနော၊ အသီးကိုသာ ရှာမှီးသည့်အလား အမျှားသီးကြကုန်၏။ တေ၊ ထိုသစ်ပင်တို့သည်။ အင်္ဂါ-ရိနော၊ မီးကျီးနှင့် တူကုန်သည် ဖြစ်၍။ အစ္စိမန္တောဝ၊ အရောင်ရှိကုန်သည့်

ယီတ္ထေရဂါထာ အဋ္ဌကထာ ၁၁ ကြောင်း ပေ တော ချုပ် ဝမ်းဘက် ၆ ကြောင်း။ သိဟိုဠ်မူ၊ ၄၉၉- ၂၃ ကြောင်း၊ ၅၅ ဝဂ် ၅၄၈- ကာဠုဒါယိတ္ထေရ အပဒါန်အဋ္ဌကထာ ၁၁ ကြောင်း ပေ ထား ဝမ်း ၁၀ ကြောင်း စသည်တို့အရ တပေါင်းလပြည့်နေ့ အရှင်ကာဠုဒါယီမထေရ် အကြံတော်ဖြစ်သော ယခုအခါ ဆောင်းဥတု လွန်ပြီ၊ ဝသန္တဂိမ္ဟ နွေဥတု ရှေ့ပိုင်းသည် အစဉ်ရောက်ဆဲ ဖြစ်၏ စသည် တို့တွင် ဝသန္တ-သဒ္ဒါသည် မိုးဥတုဟော မဖြစ်နိုင်။ တပေါင်းလပြည့်နေ့က မိုးဥတုဖြစ်သော ဝါဆိုလပြည့်ကျော် တစ်ရက်သို့ ကျော်ခုန်၍ မဖြစ်နိုင်ချေ။ ဒေဝေ ဝဿန္တေ၊ ကထိနက္ခန္ဓက ၃၂၃၊ ၃၁၈၊ ၃၁၁၊ သတ္တကင်္ဂုတ္တရပါဠိတော်—၇ မဟာဝဂ် ၂ သတ္တသူရိယသုတ် ၄၁၆၊ ၃၄၃၊ ၄၀၆၊ ပါရာဇိကကဏ် အဋ္ဌကထာ ဒုတိယပါရာဇိက၊ ၃၁၆၊ ၃၁၅၊ ၂၁၁ တို့၌လည်း ဥတု-သဒ္ဒါနှင့် တွဲစပ်၍ ပါဠိအဋ္ဌကထာတို့၌ အသုံးမပြုကြကုန်။ ဝဿာသဒ္ဒါ ဝဿာနသဒ္ဒါတို့သည်သာလျှင် မိုးဥတု ဟောပုံကို ကျမ်းဂန်၌ တွေ့ရ၏။ "တဿ မယှံ ဘိက္ခဝေ တယော ပါသာဒါ အဟေသုံ ဧကော ဟေမန္တိကော ဧကော ဂိမှိကော ဧကော ဝဿိကောတိ။ တိကင်္ဂုတ္တရပါဠိတော် ဒေဝဒူတဝဂ် နဝမသုတ် ၁၂၇၊ ၁၀၅၊ ၁၁၈၊ ၇၉၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ၂၅ မာဂဏ္ဍိယသုတ် ၁၅၈၊ ၁၄၃၊ ၁၆၆၊ မဟာခန္ဓက ၁၉၊ ၁၈၊ သံဃဘေဒကက္ခန္ဓက ၂၈၉၊ ၂၉၈၊ သုတ်မဟာဝါပါဠိတော် ၁ မဟာပဒါနသုတ် ၁၆။ "ဝဿဥတု နာမ"။ မူလသိက္ခာဋီကာသစ် ပုဒ်မ ၁၁၅ မျက်နှာ ၁၁၀။ သီမဝိသောဓနီပါဠ် ၁၉၊ နိဿယ ၁၅၈။ ဟေမန္တ မှဝဿာ-နသနံ တိဏ္ဏံ ဥတူနံ။ ကင်္ခါဝိတရဏီအဋ္ဌကထာ နိဒါန်း ၃။ ၆ ဥတုပ္ပမာဏံ

ဖြစ်၍သာလျှင်။ ပဘာသယန္တိ၊ တောက်ပကုန်၏။ မဟာဝီရ. ကြီးသော လုံ့လရှိတော်မူသောဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်သော အရောင်ရှိကုန်သော ဘုရားမြတ်တို့၏။ သမယော၊ ခရီးသွားရာအခါတည်း။ [ဘဒန္တေ-ကိုချည်းလိုက်လေ]။

၂။ ဒုမာ ဝိစိတ္တာ သုဝိရာဇမာနာ၊
ရတ္တင်္ကုရေဟေဝ စ ပလ္လဝေဟိ။
ရတနုဇ္ဇလမဏ္ဍပသန္နိဘာ သာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဒုမာ၊ သစ်ပင်တို့သည်။ ရတ္တင်္ကုရေဟေဝ၊ နီမြန်းသော အညွန့်တို့ဖြင့် လည်းကောင်း။ ပလ္လဝေဟိ စ၊ ရွက်နုတို့ဖြင့် လည်းကောင်း။ ဝိစိတ္တာ၊ ဆန်းကြယ်ကုန်၏။ သုဝိရာဇမာနာ၊ လွန်စွာ တင့်တယ်ကုန်၏။ သာ၊ ထိုသစ်ပင်တို့သည်။ ရတနုဇ္ဇလမဏ္ဍပသန္နိဘာ၊ ရတနာတို့ဖြင့် တောက်ပသော မဏ္ဍပ်နှင့် တူ၏။ ဝါ မဏ္ဍပ်ဒ.ဆင်း ရှိ၏။ မဟာဝီရ၊ ကြီးသော လုံ့လ ရှိတော်မူသောဘုရား။ ...င်္ဂီရသာနံ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိကုန်သော ဘုရားမြတ်တို့၏။ သ.ယော၊ ခရီးသွားရာအခါတည်း။

အာဝဇ္ဇိတမတ္တေ ဝဏ္ဏာနံ ဟောမန္တော ဂ်ိမ္မောဘတိ ဝ ဝံ ဥတုပုပ္ဖကာလံ အာဝဇ္ဇိတမ္ဗံ။ ယောခန္တက အဋ္ဌကထာ-၂၈၄၊ ၂၈၅။ ဝဏ္ဏာနသ ပန္တိမော မာသော ဝေနိတဗ္ဗော။ ပရိဝါပါဠိတော်၊ ပထိနဘာဒ-၂၆၄၊ ၂၆၀၊ ၂၅၆။ "ပဌမဂိမှော ဝ ဗာလဝသန္တော ဝ ဝုစ္စတိ"၊ ခုဒ္ဒကပါဌအဋ္ဌကထာ ရတနသုတ် ဝဏ္ဏနာမှ ဂါထာအဖွင့် သီ-၁၂၆၊ မြန်မာ ၁၉၉၊ သုတ္တနိပါတ် အဋ္ဌကထာ သီ-၂၂၂၊ မြန်မာ၊ ၂၅၉၊ ဓာတုကာဝါဂရဋ္ဌကထာ သီ-၁၁၀၊ ဗာလဝသန္တောတိ စိတ္တမာသော၊ ခုဒ္ဒကပါဌဋီကာ ၁၀-ကြောင်းရေး ပေစာ ဒီ၊ဝမ်း ...ည်း...ာင်း၊ ဝသန္တ ...သမာဂမေ စိတ္တဝိသာခေ တိလကော မေဃော ဝိယ ဝသန္တတိလကာ ဂါထာအ...င်း ဝဏ္ဏနာဘိလာဆန်းဋီကာ ၃၉၊ ၎င်းနှင့် ဆင်ဆင်တူ ...ာသော ...ဝိသာရဆန်းဋီကာ ၁၀-ကြောင်း ပေ ၈၂၊ ဝမ်း၊ ၇-ကြောင်း။ ဝသ ...န္တိယံ၊ သမ္မောဟ ...တုမာလာ ၄၃၈၊ ၁၃၁၊ ဝသိယတေတိ ဝသန္တော၊ ပုပ္ဖနုတ္တာ ဝါ ဝသိ...ာမော ဧတ္ထ ဝသန္တော။ အဘိဓာန်ဋီကာ ဂါထာ-၇၉။ ဝသ နိဝါသေ။ သဒ္ဒနီတိ ၄၃၈၊ ၁၃၁။ ဝသန္တ တေသို့ ကာလေ ကိဋ္ဌာ ပသုတာဘတိ ဝသန္တောဥတု။ ...ာဒိမော ...လ္လာန် ၇၆၊ ဝသာဒိယျ နွေသုတ်၊ ၂၇၊ စသည်တို့၌ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ ရှေ့ပိုင်းဖြစ်သော နွေဥတု ၂-လကို ဝသန္တ-ဟု ဖွင့်ပြ ပါလျက် ဝိဝိပ္ဖာသလာဘ်ရ မဟာထုဂေလုတ်ဆိပ်တော်ကို ၁၅၁-ခု တပေါင်းလပြည့်ကျော် ၁၀-ရက် ၄-နေ့ သက်ခတ်-၅၀၊ အခွဲတွင် ရတော်မူသော စလင်းကိုဏ်းအုပ်ဆရာတော် ဘုရားကြီး သာသနာ ၂၃၃၅၊ သက္ကရာဇ် ၁၁၅၃-ခု စီရင်ပြီးသော ပါတိမောက္ခပဒတ္ထ

၃။ သုပုပ္ဖိတဂ္ဂါ ကုသုမေဟိ ဘူသိတာ၊
မနုညာဘူတာ သုစိသာခုဂန္ဓာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဥဘောသု ပဿေသု၊ သွားရာလမ်းခရီး၏ နှစ်ဖက်သော နံပါးတို့၌။ ရုက္ခာ၊ သစ်ပင်တို့သည်။ သုပုပ္ဖိတဂ္ဂါ၊ ကောင်းစွာပွင့်သော အဖျားရှိကုန်၏။ ဘူတာ၊ စိတ်၏ နှစ်သက်ဖွယ်ဖြစ်၍ ဖြစ်ကုန်၏။ သုစိသာခုဂန္ဓာ၊ စင်ကြယ်သော ကောင်းသော အနံ့ရှိကုန်သည်ဖြစ်၍။ ဝိရောစန္တိ၊ တောက်ပကုန်၏။ [သမယော မဟာဝီရ အင်္ဂီရသာနံ·ကား ရှေးနည်းတူ]။

၄။ ဖလေဟိ နေကေဟိ သမိဒ္ဓိဘူတာ၊
ဝိစိတ္တရုက္ခာ ဥဘတောဝကာသေ။
ခုဒ္ဒံ ပိပါသံပိ ဝိနောဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဥဘတောဝါကာသေ၊ လမ်းခရီး၏ လက်ဝဲ လက်ယာ နှစ်ဖြာသော ကောင်းကင်၌။ ဝိစိတ္တရုက္ခာ၊ဆန်းကြယ်သောသစ်ပင်တို့သည်။ အနေကေဟိ၊ များစွာကုန်သော။ ဖလေဟိ၊ သစ်သီးတို့ဖြင့်။ ဝါ၊ တို့နှင့်။ သမိဒ္ဓိဘူတာ၊

အနုဝဏ္ဏနာပါ၌ ၁၂၇၀၊ ၁၂၈၁-ခု၊ နှိပ် စာမျက်နှာ ၁၈-၌ "ဥတုက္ခာနန္တိ ဟေမန္တ-ဂိမှန္တ ဝဿန္တဥတုသင်္ခါတာနံ တိဏ္ဏံ ဥတူနံ" ဟူ၍လည်းကောင်း။ ၁၂၀၆-ခု ကူးပြီး မြစ်ကွေးတိုက်ရှိ ၉-ကြောင်း ပေ ကံ၊ ကျော၊ ၁-ကြောင်း၌ ဝသန္တ-ဟု ရှိသည်။ ၎င်းအဖွင့်ကို ယောင်၍ ပါတိမောက် အမေး အဖြေ၊ ပဝါရဏာ အမေး အဖြေ၊ အထွေထွေတို့၌ မိုလေးလကို ဝသန္တဥတု-ဟု ရေ မိကြကုန်၏။ ရေ·မိတိုင်းလည်း မြန်မာပြည် တပြည်လုံးလိုလိုပင် ဤကဲ့သို့ ဥတုက္ခာနပုံရာ သိမ်အတွင်း၌ ပြောကြား သုံးစွဲမိကြကုန်သည်ဟူ၍လည်း ငါတို့မသိနိုင်ချေ။

ဥတုသုံးပါးကား—တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့ အထိ ၄-လသည် ဟေမန္တဥတု ဆောင်းအခါတည်း။ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ၄-လသည် ဂိမှာနဥတု နွေအခါတည်း။ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လသည် ဝဿာနဥတု မိုးအခါတည်း။

ဥတုခြောက်ပါးကား—တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ ပြာသိုလပြည့်နေ့ အထိ ဟေမန္တဥတု။ ပြာသိုလပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ သိသိရဥတု။ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ ဝသန္တဥတု။ ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ဂိမှာနဥတု။ ဝါဆိုလပြည့်ကျော်

ပြည့်စုံစွာ ဖြစ်၍ ဖြစ်ကုန်၏။ ခုဒ္ဒိပိ၊ အစာဆာလောင်ခြင်းကိုလည်းကောင်း။ ပိပါသမ္ပိ၊ ရေမွတ်သိပ်ခြင်းကိုလည်းကောင်း။ ဝိနောဒယန္တိ၊ ဖျောက်နိုင်ကုန်၏။ [သမယော မဟာဝိရ အင်္ဂီရသာနံ-လည်း နည်းတူ]။

၅။ ဝိစိတ္တမာလာ သုစိပလ္လဝေဟိ၊
သုသဇ္ဇိတာ မောရကလာပသန္နိဘာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

ဥဘောသု ပဿေသု၊ နံပါးနှစ်ဘက်တို့၌။ ရုက္ခာ၊ သစ်ပင်တို့သည်။ ဝိစိတ္တမာလာ၊ ဆန်းကြယ်သော ပန်းရှိကုန်သော။ သုစိပလ္လဝေဟိ၊ စင်ကြယ်သော ရွက်နုတို့ဖြင့်။ သုသဇ္ဇိတာ၊ ကောင်းစွာစီရင်အပ်ကုန်၏။ မောရကလာပသန္နိဘာ၊ ဥဒေါင်းမြီးစည်းအဆင်းနှင့် တူကုန်သည် ဖြစ်၍။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ [သမယော မဟာဝိရ အင်္ဂီရသာနံ-ကား ရှေ့နည်းတူ]။

---

၁ ရက်နေ့မှ တော်သလင်းလပြည့်နေ့အထိ ဝဿာနဥတု။ တော်သလင်းလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ သရဒဥတု၊ ၄-လစီ၊ တစ်နှစ်လျှင် ၃-ဥတု၊ ၂-လစီ တစ်နှစ်လျှင် ၆-ဥတု။ ပိုင်းခြားပုံကား—မာဂဓအဘိဓာန်စာကိုယ် ဂါထာဦးရေ ၇၈၊၇၉၊ ၎င်းဋီကာမျက်နှာ ၄၃၊ ၄၄၊ ၃၈-တို့ အလာတည်း။ ပဥ္စမ လက်ာရာမ ဆရာတော်ဘုရားကြီး စီရင်ခဲ့သော ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းနိဿယ ၅၃၊ ဇင်္ဂလား ဆရာတော်ဘုရားကြီးစီရင်ခဲ့သော ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်း ၅၉-တို့၌လည်းလာသည်။ ၎င်း ၅၉-၌ပင်လျှင် "ရတုခြောက်ပါးဟူ၍ ၎င်းဥတုခြောက်ပါးကိုပင် ဆိုသည်။ မာဂဓဘာသာ ဥတုဟူသောသဒ္ဒါကိုစွဲ၍ ဥတုခေါ်သည်။ သက္ကတဘာသာ ရိတုဟူသော သဒ္ဒါကိုစွဲ၍ ရတုဟု မြန်မာတို့ ခေါ်ကြသည်။ အနက်တူမှတ်လေ"ဟူ၍လည်း မှာတော်မူ၏။ ဥတု သဒ္ဒါ၏ ဝိဂြိုဟ်ကား ပါထေယျဋီကာ ၄-အဂ္ဂညသုတ် ၃၉၊ သဒ္ဒနီတိ ဓာတုမာလာ ၄၁၉၊ ၁၁၃၊ ဏွာဒိမောဂ္ဂလ္လာန် ၇၁၊ သုတ် ၂၆၊ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီပါဠိ၊ ၂၄၇ စသည်တို့၌ ရှိကုန်၏။ ဥတု၏ အရကောက်ပုံကား ဝိသုဒ္ဓိမဂ် မဟာဋီကာ ၁၁-နိဒ္ဒေသ ၄၁၄၊ ၃၁၈၊ ယိုးဒယားစာအုပ် ဒုတိယတွဲ၊ ၂၃၉-၈ ကြောင်း၌ ရှိ၏။

မိုးဥတုကို ကဗျာဆရာတို့လည်း ဝသန္တသဒ္ဒါက လာသကဲ့သို့ "လေးလဝသန်ကူးတော့သည်"။ ဆယ့်နှစ်ရာသီ ဘွဲ့ အမျိုးမျိုး စာအုပ်မျက်နှာ ၄။ "မိုးဝသန် ချိန်ဆုံးလို့၊ တန်ဆောင်မုန်းပြီစွာ"။ စာမျက်နှာ ၃၁။ "ဃွန်းမှူးစေ့ဘန် ခါဝသန်လည်း" နဝဒေးဆို ရတုပေါင်းချုပ် စာမျက်နှာ ၁၂၁ စသည်တို့၌ ရေးကြကုန်၏။ လေးလဝဿာန် ခါဝဿာန်"ဟူ၍ရေးပါမူကား ကျမ်းဂန်နှင့်သင့်လျော်ရာ၏။

၆။ ဝိရောစမာနာ ဖလပလ္လဝေဟိ၊
သုသဇ္ဇိတာ ဝါသနိဝါသဘူတာ။
တောသေန္တိ အဒ္ဓါနကိလန္တသတ္တေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ရုက္ခာ၊ သစ်ပင်တို့သည်။ ဝိရောစမာနာ၊ တင့်တယ်ကုန်သည် ဖြစ်၍။ ဖလပလ္လဝေဟိ၊ သစ်သီး သစ်ရွက်နုတို့ဖြင့်။ သုသဇ္ဇိတာ၊ ကောင်းစွာ စီရင်အပ်ကုန်၏။ အဒ္ဓါနကိလန္တသတ္တေ၊ ခရီးပင်ပန်းသော သတ္တဝါတို့ကို။ ဝါသနိဝါသဘူတာ၊ အရိပ်နားရာ တည်းခိုရာနှင့် တကွဖြစ်ကုန်၍။ တောသေန္တိ၊ နှစ်သက် စေနိုင်ကုန်၏။ [သမယော မဟာဝီရ အင်္ဂီရသာနံ-ကား ရှေ့နည်းတူ]။

၇။ သုဖုလ္လိတဂ္ဂါ ဝနဂုမ္ဗနိဿိတာ၊
လတာ အနေကာ သုဝိရာဇမာနာ။
တောသေ သတ္တေ မဏိမဏ္ဍပါဝ၊
သမယော မဟာဝီရအင်္ဂီရသာနံ။

အနေကာ၊ များစွာကုန်သော။ လတာ၊ နွယ်တို့သည်။ သုဖုလ္လိတဂ္ဂါ၊ ကောင်းစွာပွင့်သောအဖျားအညွန့်ရှိကုန်၏။ ဝနဂုမ္ဗနိဿိတာ၊ တောချုံကို မှီကုန်သည်ဖြစ်၍။ သုဝိရာဇမာနာ၊ ကောင်းစွာတင့်တယ်ကုန်လျက်။ သတ္တေ သတ္တဝါတို့ကို။ မဏိမဏ္ဍပါဝ၊ ပတ္တမြားမဏ္ဍပ်ကဲ့သို့။ တောသေန္တိ၊ နှစ်သက် စေနိုင်ကုန်၏။ [သမယော မဟာဝီရ အင်္ဂီရသာနံ-ကား ရှေ့နည်း]။

၈။ လတာ အနေကာ ဒုမနိဿိတာဝ၊
ပိယေဟိ သဒ္ဓိံ သဟိတာ ဝဓူဝ။
ပလောဘယန္တိ ဟိ သုဂန္ဓဂန္ဓာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

အနေကာ၊ များစွာကုန်သော။ လတာ၊ နွယ်တို့သည်။ ဒုမနိဿိတာဝ၊ သစ်ပင်ကို မှီကုန်သည် ဖြစ်၍သာလျှင်။ ပိယေဟိ၊ ချစ်လင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ သဟိတာ၊ တကွ ဖြစ်သော။ ဝဓူဝ၊ အမျိုးချွေးမကဲ့သို့

သုဂန္ဓဂန္ဓာ၊ ကောင်းသော အနံ့တို့ဖြင့် အနံ့ရှိကုန်သည် ဖြစ်၍။ သတ္တော၊ ခရီးသွားသူ လူအပေါင်းတို့ကို။ ပလောဘယန္တိ၊ ဖြားယောင်းကုန်၏။ [သမယော မဟာဝီရ အင်္ဂီရသာနံ-ကား ရှေးနည်း]။

၉။ ဝိစိတ္တနီလာဒိမနုညဝဏ္ဏာ၊
ဒိဇာ သမန္တာ အဘိကူဇမာနာ။
တောသေန္တိ မဉ္ဇုဿရတာရတီဟိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဝိစိတ္တာ၊ဆန်းကြယ်ကုန်သော။ ဒိဇာ၊ ငှက်တို့သည်။ သမန္တာ၊ လမ်းခရီး၏ ထက်ဝန်းကျင်မှ။ နီလာဒိမနုညဝဏ္ဏာ၊ အညိုအစရှိသော စိတ်၏ နှစ်သက်ဖွယ်အဆင်းရှိကုန်၏။ အဘိကူဇမာနာ၊ ကွန့်မြူး ကျူးရင့် ကုန်သည် ဖြစ်၍။ မဉ္ဇုဿရတာရတီဟိ၊ သာယာသော အသံရှိသည်၏အဖြစ် တည်းဟူသော မွေ့လျော်ဖွယ်တို့ဖြင့်။ ပထိကေ၊ ခရီးသွားတို့ကို။ တောသေန္တိ၊ နှစ်သက်စေနိုင်ကုန်၏။ [သမယော မဟာဝီရ အင်္ဂီရသာနံ-ကား ရှေးနည်း]။

၁၀။ မိဂါ စ နာနာ သုဝိရာဇမာနာ၊
ဥတ္တုင်္ဂကဏ္ဏာ စ မနုညနေတ္တာ။
ဒိသာ၊ သမန္တာ၊ မဘိဓာဝယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မိဂါ စ၊ သားတို့သည်လည်း။ နာနာ၊ အသီးအသီး။ သုဝိရာဇမာနာ၊ လွန်စွာ တင့်တယ်ကုန်သည် ဖြစ်၍။ ဥတ္တုင်္ဂကဏ္ဏာ၊ တစွင့်စွင့်ထောင်သော နားရှိကုန်သည်ဖြစ်၍။ ဝါ၊ အထက်သို့ တက်သော နားရှိကုန်သည်ဖြစ်၍။ မနုညနေတ္တာ၊ စိတ်၏ နှစ်သက်ဖွယ် ကျယ်သော မျက်စိရှိကုန်သည်ဖြစ်၍။ သမန္တာ ဒိသာ၊ ထက်ဝန်းကျင် အရပ်မျက်နှာတို့သို့။ အဘိဓာဝယန္တိ၊ ပြေးလွှားကြကုန်၏။ [သမယော မဟာဝီရ အင်္ဂီရသာနံ ကား ရှေးနည်း]

၁၁။ မနုညဘူတာ စ မဟီ သမန္တာ၊
ဝိရာဇမာနာ ဟရိတာဝ သဒ္ဒလာ။
သုပုပ္ဖိရုက္ခာ မောဠိနိဝ လက်တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မဟီ၊ မြေအပြင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဝိရာဇမာနာ၊ တင့်တယ်သည် ဖြစ်၍။ မနုညဘူတာ၊ စိတ်၏ နှစ်သက်ဖွယ်ဖြစ်၍ ဖြစ်၏။ သဒ္ဒလာ၊ နေဇာမြက်တို့သည်။ ဟရိတာ၊ စိမ်းရှင်ကုန်၏။ သုပုပ္ဖိရုက္ခာ၊ ကောင်းစွာ ပွင့်သော သစ်ပင်တို့သည်။ မောဠိနိဝ၊ အပျိုနှုနယ် ဆံထုံးသွယ် ကဲ့သို့။ အလင်္ကတာ၊ တန်ဆာဆင်ကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၁၂။ သုသဇ္ဇိတာ မုတ္တမယာဝ ဝါလုကာ၊
သုသဏ္ဍိတာ စာရုသုဖဿဒါတာ။
ဝိရောစယန္တေဝ ဒိသာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သမန္တာ ဒိသာ၊ လမ်းခရီး၏ ထက်ဝန်းကျင်အရပ်မှ။ ဝါလုကာ၊ ဖွေးဖွေး ဖြူသော သဲတို့သည်။ မုတ္တမယာဝ၊ ပုလဲဖြင့် ပြီးသကဲ့သို့။ သုသဇ္ဇိတာ၊ ကောင်းစွာ စီရင်အပ်ကုန်၏။ သုသဏ္ဍိတာ၊ ကောင်းစွာ တည်ကုန်၏။ စာရုသုဖဿဒါတာ၊ တင့်တယ်လျက် ကောင်းသော အတွေ့ကို ပေးတတ်ကုန်သည် ဖြစ်၍။ ဝိရောစယန္တေဝ၊ တောက်ပကုန်သည်သာတည်း။ [သမယော- စသည်ကား ရှေးနည်း]။

၁၃။ သမံ သုဖဿံ သုစိဘူမိဘာဂံ၊
မနုညပုပ္ဖောဒယဂန္ဓဝါသိတံ။
ဝိရာဇမာနံ သုစိမဉ္စ သုဘံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုစိဘူမိဘာဂံ၊ စင်ကြယ်သော မြေအဖို့သည်။ သမံ၊ ညီညွတ်၏။ သုဖဿံ၊ ကောင်းသော အတွေ့ရှိ၏။ မနုညပုပ္ဖောဒယဂန္ဓဝါသိတံ၊ စိတ်၏ နှစ်သက်ဖွယ်ရှိသော ပန်းပွင့်၌ ဖြစ်သော ဝတ်မှုံနံ့တို့ဖြင့် ထုံအပ်၏။ ဝိရာဇမာနံ၊ တင့်တယ်သည်ဖြစ်၍။ သုစိမံ၊ စင်ကြယ်၏။ သုဘံ၊ ကောင်းမွန်၏။ [သမယော-စသည်ကား ရှေးနည်း။ ပုပ္ဖောဒယ-၌ ပုပ္ဖဇော-ကဲ့သို့ ဝတ်မှုံကို ယူလေ]။

၁၄။ သုသဏ္ဌိတံ နန္ဒနကာနနံဝ၊
ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတံ။
သုဂန္ဓဘူတံ ပဝနံ သုရမ္မံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုသဏ္ဌိတံ၊ ကောင်းစွာ စီရင်အပ်သော။ ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတံ၊ ဆန်းကြယ်ထူးထွေသော သစ်ပင်အပေါင်းဖြင့် တန်ဆာ ဆင်အပ်သော။ သုဂန္ဓဘူတံ၊ ကောင်းစွာ သင်းပျံ့ရနံ့ထူးရှိသည် ဖြစ်၍ ဖြစ်သော။ ပဝနံ၊ ရာဇဂြိုဟ် ကပိလ နှစ်ဌာနကြားလမ်း တောစခန်းသည်။ နန္ဒနကာနနံဝ၊ တာဝတိံသာ နတ်ရွာပေါ်ထင် နန္ဒဝန်ဥယျာဉ်ကဲ့သို့။ သုရမ္မံ၊ အလွန်နှလုံး မွေ့လျော်ဖွယ်ရှိ၏။ [သမယော-စသည်ကား ရှေးနည်း]။

၁၅။ သရာ ဝိစိတ္တာ ဝိဝိဓာ မနောရမာ၊
သုသဏ္ဌိတာ မဟာပင်္ကဇပုဏ္ဍရီကေဟိ။
ပသန္နသီတောဒကစာရုပုဏ္ဏာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သရာ၊ ရေအိုင်တို့သည်။ ပသန္နသီတောဒကစာရုပုဏ္ဏာ၊ ကြည်လင်အေးမြသော ရေတို့ဖြင့် တင့်တယ်လျောက်ပတ်စွာ ပြည့်လျှံ၏။ မဟာပင်္ကဇပုဏ္ဍရီကေဟိ၊ ညွန်၌ ရောက်သော ကြီးစွာသော ကြာပုဏ္ဍရိက်တို့ဖြင့်။ သုသဏ္ဌိတာ၊ ကောင်းစွာ စီရင်အပ်၏။ ဝိစိတ္တာ၊ ဆန်းကြယ်ကုန်၏။ ဝိဝိဓာ၊ အထူးထူး အပြားပြားအားဖြင့်။ မနောရမာ၊ နှစ်သက်ဖွယ် ရှိကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၁၆။ သုဖုလ္လနာနာဝိဓပင်္ကဇေဟိ၊
ဝိရာဇမာနာ သုစိဂန္ဓဂန္ဓာ။
ပမောဒယန္တေဝ နရာမရာနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

နရာမရာနံ၊ လူနတ်တို့အား။ သုဖုလ္လနာနာဝိဓပင်္ကဇေဟိ၊ ကောင်းစွာ ပွင့်သော အထူးထူး အပြားပြားသော ကြာတို့ဖြင့်။ ဝိရာဇမာနာ၊ တောက်ပကုန်သည်ဖြစ်၍။ သုစိဂန္ဓဂန္ဓာ၊ စင်ကြယ် သင်းပျံ့သော ရနံ့တို့သည်။

ပမောဒယန္တေဝ၊ ဝမ်းမြောက်စေကုန်သည် သာတည်း။ [သမယော-စသည်ကား ရှေးနည်း]။

၁၇။ သုဖုလ္လပင်္ကေရုဟသန္နိသိတာ၊
ဒိဇာ သမန္တာ မဘိနာဒယန္တာ။
မောဒန္တိ ဘရိယာဟိ သမင်္ဂိနော တေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုဖုလ္လပင်္ကေရုဟသန္နိသိတာ၊ ကောင်းစွာ ပွင့်သော ကြာတို့ကို မှီကုန်သော။ ဒိဇာ၊ ငှက်တို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အဘိနာဒယန္တာ၊ တွန်မြူးကျူးရင့်ကုန်၍။ တေ၊ ထိုငှက်တို့သည်။ ဘရိယာဟိ၊ မယားရှင်ပျော် ချစ်ဖော်တို့နှင့်။ သမင်္ဂိနော၊ တကွဖြစ်ကုန်လျက်။ မောဒန္တိ၊ မွေ့လျော်ကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၁၈။ သုဖုလ္လပုပ္ဖေဟိ ရဇံ ဂဟေတွာ၊
အလီ ဝိဓာဝန္တိ ဝိကူဇမာနာ။
မဓုမ္ဟိ ဂန္ဓော ဝိဒိသံ ပဝါယတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

အလီ၊ ပိတုန်းတို့သည်။ ဝိကူဇမာနာ၊ တရှန်းရှန်း မြည်တွန်ကုန်သည် ဖြစ်၍။ သုဖုလ္လပုပ္ဖေဟိ၊ ကောင်းစွာ ပွင့်သော ပန်းပွင့်တို့မှ။ ရဇံ၊ ပန်းဝတ်မှုံကို။ ဂဟေတွာ၊ ယူ၍။ ဝိဓာဝန္တိ၊ ပျံဝဲကုန်၏။ မဓုမ္ဟိ၊ ပျားကြီး ပျားငယ် အမျိုးမျိုး၌။ ဂန္ဓော၊ အနံ့သည်။ ဝိဒိသံ၊ အထောင့်ဖြစ်သော အရပ်သို့။ ပဝါယတိ၊ လှိုင်၏။ [သမယော-စသည်ကား ရှေးနည်း]။

၁၉။ အဘိန္နနာဒါ မဒဝါရဏာ စ၊
ဂိရိဟိ ဓာဝန္တိ စ ဝါရိဓာရာ။
သဝန္တိ နဇ္ဇော သုဝိရာဇိတာဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မဒဝါရဏာ၊ အမှုန်ယစ်သော ဆင်ပြောင်ကြီးတို့သည်။ [မဒဝရဝါရဏာ-ဟူ၍လည်း ပါဌ်ရှိ၏။ အမှုန်ယစ်သော မြတ်သော ဆင်ပြောင်ကြီးတို့သည် ပေး]။ အဘိန္နနာဒါ၊ မကွဲမနာ ကြိုးကြာသံကဲ့သို့ မြည်ဟည်းကြကုန်၏။

ဂိရိဟိ၊ တောင်တို့မှ။ ဝါရိဓာရာ၊ ရေအလျဉ်တို့သည်။ ဓာဝန္တိ၊ အစီးထန်ပြင်း ဆင်းကြကုန်၏။ သုဝိရာဇိတာ၊ လွန်စွာ တင့်တယ်ကုန်သည်ဖြစ်၍။ နဇ္ဇော၊ မြစ်တို့သည်။ သဝန္တိ၊ စီးကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၂၀။ ဂိရိ သမန္တာဝ ပဒိဿမာနာ၊
မယူရဂီဝါ ဣဝ နီလဝဏ္ဏာ။
ဒိသာ ရဇိန္နာဝ ဝိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဂိရိ၊ တောင်တို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပဒိဿမာနာ၊ ထင်ရှားကုန်သည်ဖြစ်၍။ မယူရဂီဝါ ဣဝ၊ ဥဒေါင်းလည်ဆစ်ကဲ့သို့။ နီလဝဏ္ဏာ၊ ညိုသောအဆင်းရှိကုန်၏။ ဒိသာ၊ အရပ်မျက်နှာတို့သည်။ ရဇိန္နာဝ၊ မြူကို အစိုးရသကဲ့သို့ မထကြွစေဘဲ။ ဝိရောစယန္တိ၊ တင့်တယ်ကုန်၏။ ။ဂဇိန္နာဝ-လည်း ဤ၌ ပါဌ်ရှိ၏။ ဆင်ခြင်ကြလေ။ [သမယော-စသည်ကား ရှေးနည်း]။

၂၁။ မယူရသံဃာ ဂိရိမုဒ္ဓနသ္မိံ၊
နစ္စန္တိ နာရီဟိ သမင်္ဂိဘူတာ၊
ကူဇန္တိ နာနာမဓုရဿရေဟိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဂိရိမုဒ္ဓနသ္မိံ၊ တောင်ထိပ်ထက်၌။ မယူရသံဃာ၊ ဥဒေါင်း အပေါင်းတို့သည်။ နာရီဟိ၊ ချစ်ဖော်ခင်သား မယားတို့နှင့်။ သမင်္ဂိဘူတာ၊ တကွဖြစ်ကုန်လျက်။ နစ္စန္တိ၊ ကကြကုန်၏။ ။နာနာမဓုရဿရေဟိ၊ အထူးထူး အထွေထွေ အိုးဝေ အိုးဝေဟူသော သာယာသော အသံတို့ဖြင့်။ ကူဇန္တိ၊ တွန်မြူး ကျူးရင့်ကြကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၂၂။ သုဝါဒိကာ နေကဒိဇာ မနုညာ၊
ဝိစိတ္တပတ္တေဟိ ဝိရာဇမာနာ။
ဂိရိမှိ ဌတွာ အဘိနာဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုဝါဒိကာ၊ ကျေးအစရှိကုန်သော။ အနေကဒိဇာ၊ တစ်ပါးမက များလှစွာသော ငှက်တို့သည်။ မနုညာ၊ စိတ်၏ နှစ်သက်ဖွယ် ရှိကုန်သည် ဖြစ်၍။

ဝိစိတ္တပတ္တေဟိ၊ ဆန်းကြယ်သော အတောင်တို့ဖြင့်။ ဝိရာဇမာနာ၊ တင့်တယ်ကုန်သည်ဖြစ်၍။ ဂိရိမှိ၊တောင်၌။ ဌတ္ဝာ၊ နားနေ၍။ အဘိနာဒယန္တိ၊ တွန်မြူးကျူးရင့်ကြကုန်၏။ [သမယော–စသည်ကား ရှေးနည်း]။

၂၃။ သုဖုလ္လပုပ္ဖါကရမာဘိကိဏ္ဏာ၊
သုဂန္ဓနာနာဒလလင်္ကတာ စ။
ဂိရီ ဝိရောစန္တိ ဒိသာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဂိရီ၊ တောင်တို့သည်။ သမန္တာ ဒိသာ၊ ထက်ဝန်းကျင် အရပ်မျက်နှာမှ။ သုဖုလ္လပုပ္ဖါကရမာဘိကိဏ္ဏာ၊ ကောင်းစွာပွင့်သော ပန်းတို့၏ တည်ရာဖြစ်သော သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏။ သုဂန္ဓနာနာဒလလင်္ကတာ စ၊ ကောင်းသော အနံ့ရှိကုန်သည် ဖြစ်၍ အထူးထူးသော အရွက်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ ဝိရောစန္တိ၊ တောက်ပကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၂၄။ ဇလာသယာ နေကသုဂန္ဓဂန္ဓာ၊
သုရိန္ဒဥယျာနဇလာသယာဝ။
သဝန္တိ နဇ္ဇော သုဝိရာဇမာနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဇလာသယာ၊ ရေအိုင်တို့သည်။ သုရိန္ဒဥယျာနဇလာသယာဝ၊ သိကြားမင်း၏ ဥယျာဉ်ရေကန်ကဲ့သို့။ အနေကသုဂန္ဓဂန္ဓာ၊ တစ်ပါးမက များလှသော ကောင်းသောအနံ့တို့ဖြင့် အနံ့ရှိကုန်၏။ နဇ္ဇော၊ မြစ်တို့သည်။ သုဝိရာဇမာနာ၊ လွန်စွာ တင့်တယ်ကုန်သည် ဖြစ်၍။ သဝန္တိ၊ စီးကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၂၅။ ဝိစိတ္တတိတ္ထေဟိ အလင်္ကတာ စ၊
မနုညနာနာမိဂပက္ခိပါသာ။
နဇ္ဇော ဝိရောစန္တိ သုသန္ဒမာနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

နဇ္ဇော၊ မြစ်တို့သည်။ ဝိစိတ္တတိတ္ထေဟိ၊ ဆန်းကြယ်သော ဆိပ်တို့ဖြင့်။ အလင်္ကတာ၊ တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ မနုညနာနာမိဂပက္ခိပါသာ၊ စိတ်၏ နှစ်သက်ဖွယ် အထူးထူးသော သားငှက်တို့၏ ကျော့ကွင်းသဖွယ် ဖြစ်ကုန်၍။ သုသန္ဒမာနာ၊ ကောင်းစွာ စီးကုန်သည် ဖြစ်၍။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၂၆။ ဥဘောသု ပဿေသု ဇလာသယေသု၊
သုပုပ္ဖိတာ တရူ သုဂန္ဓရုက္ခာ။
ဝိဘူသိတဂ္ဂါ သုရသုန္ဒရီ ဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဥဘောသု ပဿေသု၊ ခရီး၏ လက်ဝဲ လက်ယာ နှစ်ဖြာသော နံပါးတို့၌။ ဇလာသယေသု၊ ရေအိုင်တို့၌။ တရူ၊ ရေ၌ ဖြစ်သော သစ်ပင်တို့သည်။ သုပုပ္ဖိတာ၊ ကောင်းစွာ ပွင့်ကုန်၏။ သုဂန္ဓရုက္ခာ၊ ကောင်းသော အနံ့ရှိကုန်သောသစ်ပင်တို့သည်။ ဝိဘူသိတဂ္ဂါ၊ တန်ဆာဆင်အပ်သော အဖျား အညွန့် ရှိကုန်သည်ဖြစ်၍။ သုရသုန္ဒရီ ဝ၊ နတ်တို့၌လည်း။ ဝါ၊ နတ်တို့အတွက်လည်း ကောင်းခြင်း ရှိကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၂၇။ သုဂန္ဓနာနာဒုမဇာလကိဏ္ဏံ၊
ဝနံ ဝိစိတ္တံ သုရနန္ဒနံဝ။
မနောဘိရာမံ သတတံ ဂတီနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုဂန္ဓနာနာဒုမဇာလကိဏ္ဏံ၊ ကောင်းသော အနံ့ရှိသော အထူးထူး အပြားပြားသော သစ်ပင်တည်းဟူသော ကွန်ရက်တို့ဖြင့် ပြွမ်းသော။ ဝနံ၊ တောသည်။ သုရနန္ဒနံ ဣဝ၊ သိကြားမင်း၏ နန္ဒဝန်ဉယျာဉ်ကဲ့သို့။ ဝိစိတ္တံ၊ ဆန်းကြယ်၏။ ဂတီနံ၊ ခရီးသွားသူ လူအများတို့၏။ သတတံ၊ အမြဲ။ မနောဘိရာမံ၊ စိတ်နှလုံးကို နှစ်သက်စေတတ်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၂၈။ သမ္ပန္နနာနာ သုစိအန္နပါနာ၊
သဗျဥ္ဇနာ သာဓုရသေန ယုတ္တာ။
ပထေသု ဂါမေ သုလဘာ မနုညာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ပထေသု စ၊ လမ်းခရီးတို့၌လည်းကောင်း။ ဂါမေ စ၊ ရွာအများ၌လည်းကောင်း။ သဗျဉ္ဇနာ၊ ဟင်းလျာနှင့် တကွကုန်သော။ သာဓုရသေန၊ ကောင်းသော အရသာနှင့်။ ယုတ္တာ၊ ယှဉ်ကုန်သော။ မနုညာ၊ စိတ်၏နှစ်သက်ခြင်း ရှိကုန်သော။ ၊ သမ္ပန္နနာနာသုစိအန္နပါနာ၊ ပြည့်စုံသော အထူးထူးသော စင်ကြယ်သော ထမင်းအဖျော်တို့ကို။ သုလဘာ၊ ရလွယ်ကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၂၉။ ဝိရာဇိတာ အာသိ မဟီ သမန္တာ၊
ဝိစိတ္တဝဏ္ဏာ ကုသုမာသနဿ။
ရတ္တိန္ဒဂေါပေဟိ အလင်္ကတာဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ကုသုမာသနဿ၊ ပန်းမွှေးရာ၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ မဟီ၊ မြေအပြင်သည်။ ဝိရာဇိတာ၊ တင့်တယ်သည် ဖြစ်၍။ ရတ္တိ၊ ညဉ့်၌။ ဣန္ဒဂေါပေဟိ၊ ပိုးပရန်တို့ဖြင့်။ အလင်္ကတာဝ၊ တန်ဆာဆင်သကဲ့သို့။ ဝိစိတ္တဝဏ္ဏာ၊ ဆန်းကြယ်သော အဆင်းရှိသည်။ အာသိ၊ ဖြစ်၏။ [သမယော-စသည်ကား ရှေးနည်း]။

၃၀။ ဝိသုဒ္ဓိသဒ္ဒါဒိဂုဏေဟိ ယုတ္တာ၊
သမ္ဗုဒ္ဓရာဇံ အဘိပတ္ထယန္တာ။
ဗဟူဟိ တတ္ထေဝ ဇနာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

တတ္ထေဝ၊ ထိုလမ်းခရီး၌လျှင်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဇနာ၊ လူအပေါင်းတို့သည်။ ဗဟူဟိ၊ များစွာကုန်သော။ ဝိသုဒ္ဓိသဒ္ဒါဒိဂုဏေဟိ၊ စင်ကြယ်သော သဒ္ဓါ စသော ဂုဏ်တို့နှင့်။ ယုတ္တာ၊ ယှဉ်ကုန်လျက်။ သမ္ဗုဒ္ဓရာဇံ၊ ဘုရား တည်းဟူသော တရားမင်းဘုရားကို။ အဘိပတ္ထယန္တာ၊

တော၁င့်တကုန်သည် ဖြစ်၍။ ဝသန္တိ၊ နေကြကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၃၁။ ဝိစိတြအာရာမသုပေါက္ခရညာ၊
ဝိစိတြနာနာပဒုမေဟိ ဆန္နာ။
ဘိသေဟိ ခီရံဝ ရသံ ပဝါယတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဝိစိတြ အာရာမ သုပေါက္ခရညာ၊ ဆန်းကြယ်သော အာရာမ် ဥယျာဉ်အတွင်းရှိ ကောင်းမွန်သော ရေကန်၌။ ဝိစိတြနာနာပဒုမေဟိ၊ ဆန်းကြယ်သော အထူးထူးသော ပဒုမာကြာပင်တို့ဖြင့်လည်းကောင်း။ ဘိသေဟိ စ၊ ကြာစွယ်ကြာရင်းတို့ဖြင့်လည်းကောင်း။ ဆန္နာ၊ ဖုံးလွှမ်းကုန်၏။ ခီရံဝ၊ နို့ရည်ကဲ့သို့သော။ ရသံ၊ ကြာစွယ်ကြာရင်း အရည်သည်။ ပဝါယတိ၊ လှိုင်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၃၂။ ဝိစိတြနီလစ္ဆဒနေနလက်တာ၊
မနုညရုက္ခာ ဥဘတောဝကာသေ။
သမုဂ္ဂတာ သတ္တ[1]သမူဟာဘူတာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဥဘတောဝါကာသေ၊ လမ်းနှစ်ဘက်၏ အထက်ကောင်းကင်၌။ မနုညရုက္ခာ၊ စိတ်၏ နှစ်သက်ဖွယ် သစ်ပင်တို့သည်။ ဝိစိတြနီလစ္ဆဒနေန၊ ဆန်းကြယ်သော စိမ်းညိုသော အမိုးဖြင့်။ အလက်တာ၊ တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ သမုဂ္ဂတာ၊ ကောင်းစွာ တက်သော အဖျားရှိကုန်၏။ သတ္တသမူဟာဘူတာ၊ သတ္တဝါတို့ကို လာလှည့်ဟု ပေါင်းရုံး သကဲ့သို့ ဖြစ်၍ ဖြစ်ကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၃၃။ ဝိစိတြနီလဗ္ဘမိဝါယတံ ဝနံ၊
သုရိန္ဒလောကေ ဣဝ နန္ဒနံ ဝနံ။
သဗ္ဗောတုကံ သာဓုသုဂန္ဓပုပ္ဖံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

၁။ ဆတ္တ ပဥ္စမသင်္ဂါယနာတင် မင်းတရား၏ စာတော်မူ။

ဝိစိတြနီလဗ္ဗမိဝ၊ ဆန်းကြယ်သော ညိုသော တိမ်တိုက်ကဲ့သို့။ အာယတံ၊ ရှည်သော။ ဝနံ၊ တောသည်။ သုရိန္ဒလောကေ၊ သိကြားမင်း တာဝတိံသာနတ်ပြည်၌။ နန္ဒနံ ဝနံ ဣဝ၊ နန္ဒဝန်ဥယျာဉ်ကဲ့သို့။ သဗ္ဗောတုကံ၊ အလုံးစုံဥတုသုံးပါးပတ်လုံး။ သာဓုသုဂန္ဓပုပ္ဖံ၊ အလွန်ကောင်းသော အနံ့ရှိသော ပန်းရှိ၏။ [သမယော·စသည်ကား ရှေးနည်း]။

၃၄။ သုဘဥ္စသံ ယောဇနယောဇနေသု၊
သုဘိက္ခဂါမာ သုလဘာ မနုညာ။
ဇနာဘိကိဏ္ဏာ သုလဘန္နပါနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ယောဇနယောဇနေသု၊ ယူဇနာတိုင်း ယူဇနာတိုင်းတို့၌။ အဥ္စသံ၊ ခရီး လမ်းသည်။ သုဘံ၊ တင့်တယ်ကောင်းမွန်လှ၏။ မနုညာ၊ စိတ်နှစ်သက်ဖွယ် ဖြစ်ကုန်သော။ သုဘိက္ခဂါမာ၊ ဝပြော သောယာသော ရွာတို့ကို။ သုလဘာ၊ ရလွယ်ကုန်၏။ တေ၊ ထိုရွာတို့သည်။ ဇနာဘိကိဏ္ဏာ၊ လူတို့ဖြင့် ပြွမ်းကုန် သည်ဖြစ်၍။ သုလဘအန္နပါနာ၊ ရလွယ်သော ထမင်းအဖျော် ရှိကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၃၅။ ပဟူတဆာယူဒကရမ္မဘူတာ၊
နိဝါသိနံ သဗ္ဗသုခပ္ပဒါတာ။
ဝိသာလသာလာ စ သဘာ စ ဗဟူ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ပဟူတဆာယူဒကရမ္မဘူတာ၊ များစွာသော အရိပ် ရေချမ်းတို့ဖြင့် နှလုံးမွေ့လျော်ဖွယ်ရှိသည်ဖြစ်၍။ နိဝါသိနံ၊ တည်းခိုနေထိုင်သောသူတို့အား။ သဗ္ဗသုခပ္ပဒါတာ၊ အလုံးစုံ ချမ်းသာကို ပေးတတ်ကုန်သော။ ဝိသာလသာလာ စ၊ ကျယ်သော ဇရပ်တို့သည်လည်းကောင်း။ သဘာ စ၊ သဘင် တို့သည်လည်းကောင်း။ ဗဟူ၊ များကုန်၏။ [သမယော·စသည်ကား ရှေးနည်း]။

၃၆။ ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတာ၊
မနုညဥယျာနသုပေါက္ခရညော။
သုမာပိတာ သာဓုသုဂန္ဓဂန္ဓာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ပထေ၊ လမ်းခရီး၌။ ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတာ၊ ဆန်းကြယ်သော အထူးထူးသော သစ်ပင် အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သည် ဖြစ်၍။ မနုညဥယျာနသုပေါက္ခရညော၊ စိတ်၏ နှစ်သက်ဖွယ်သော ဥယျာဉ် ရေကန်တို့ကို၊ သုမာပိတာ၊ ကောင်းစွာ ဖန်ဆင်းအပ်ကုန်၏။ သာဓုသုဂန္ဓ-ဂန္ဓာ၊ ရွှင်လန်းဖွယ်ရာ ကောင်းစွာသော အနံ့တို့ဖြင့် ပျံ့လှိုင်ခြင်းရှိကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၃၇။ ဝါတော မုဒုသီတလသာဓုရူပေါ၊
နဘာ စ အဗ္ဘာ ဝိဂတာ သမန္တာ။
ဒိသာ စ သဗ္ဗာဝ ဝိရောစယန္တိ၊
သမယော ပဟာဝီရ အင်္ဂီရသာနံ။

ဝါတော၊ လေသည်။ မုဒုသီတလသာဓုရူပေါ၊ နူးညံ့အေးမြ ကောင်းလှသော သဘောရှိ၏။ နဘာ စ၊ ကောင်းကင်တို့သည်လည်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အဗ္ဘာ၊ တိမ်တိုက်မှ။ ဝိဂတာ၊ ကင်းကုန်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒိသာ စ၊ အရပ်မျက်နှာတို့သည်လည်း။ ဝိရောစယန္တိ၊ တောက်ပကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၃၈။ ပထေ ရဇောနုဂ္ဂမနတ္ထမေဝ၊
ရတ္တိံ ပဝဿန္တိ စ မန္ဒဝုဋ္ဌိ။
နဘေ စ သူရော မုဒုကောဝ တာပေါ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။*

ပထေ၊ ခရီး၌။ ရဇောနုဂ္ဂမနတ္ထမေဝ၊ မြူမထစိမ့်သောငှါ သာလျှင်။ ရတ္တိံ၊ ညဥ့်၌။ မန္ဒဝုဋ္ဌိ၊ မိုးဖွဲတို့သည်။ ပဝဿန္တိ၊ ရွာကုန်၏။ နဘေ စ၊

* ၃၈-ခု မြောက်သော ဂါထာသည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ စာတော်ပေမူ၌ မပါ။

ကောင်းကင်၌လည်း။ သူရော၊ နေမင်းသည်။ မုဒုကော၀၊ နူးညံ့သည်ဖြစ်၍ သာလျှင်။ တာပေ၊ ပူ၏။ [သမယော-စသည်ကား ရှေးနည်း]။

၃၉။ မဒပ္ပဗာဟာ မဒဟတ္ထိသံဃာ၊
ကရေဏုသံဃေဟိ သုကီဠယန္တိ။
ဒိသာ ဝိဓာဝန္တိ, စ ဂဇ္ဇယန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မဒပ္ပဗာဟာ၊ မုန်တည်းဟူသော ရေအလျဉ် ရှိကုန်သော။ ဝါ၊ ရေအလျဉ်ကဲ့သို့ မုန်ယိုခြင်းရှိကုန်သော။[ပဒပ္ပဗာဟာ-ဟူ၍ပါဌ်ရှိလျှင် အပြားအားဖြင့် ထူထဲသော ဒြပ်ရှိကုန်သော။ ဝါ၊ ထူထဲသော ကိုယ်ရှိကုန်သောဟူ၍ အနက်ပေး။ ဤ၌ပါဠိပျက်လှ၏။ ဆင်ခြင်ကြကုန်]။ မဒဟတ္ထိသံဃာ၊အမုန်ယစ်သော ဆင်ပြောင်ကြီးအပေါင်းတို့သည်။ ကရေဏုသံဃေဟိ၊ ဆင်မအပေါင်းတို့နှင့်။ သုကီဠယန္တိ၊ ကစားပျော်ပါး မြူးထူးကြကုန်၏။ ဂဇ္ဇယန္တာ၊ ကြိုးကြာသံကဲ့သို့ ကြည်းညည်း ဟစ်ကြော်ကုန်လျက်။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ ဝိဓာဝန္တိ စ၊ ထိုမှ ဤမှ ပြေးလည်းပြေးကြကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၄၀။ ဝနံ သုနီလံ အဘိဒဿနီယံ၊
နီလဗ္ဘကူဋံ ဝ ရမ္မဘူတံ။
ဝိလောကိတာနံ အတိဝိမှနီယံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဝနံ၊ တောသည်။ သုနီလံ၊ ကောင်းစွာ စိမ်းညိုသော အဆင်းရှိ၏။ အဘိဒဿနီယံ၊ အလွန်ရှုဖွယ်ရှိ၏။ နီလဗ္ဘကူဋံ ဝ၊ ညိုသော တိမ်ထွတ်ကဲ့သို့။ ရမ္မဘူတံ၊ နှစ်သက်ဖွယ်ဖြစ်၏။ ဝိလောကိတာနံ၊ ဟူရှုကြည့်ကုန်သောသူတို့၏။ အတိဝိမှနီယံ၊ အလွန်အံ့သြဖွယ်သရဲဖြစ်၏။ [သမယော-စသည်ကား ရှေးနည်း]။

၄၁။ ဝိသုဒ္ဓမဗ္ဘံ ဂဂဏံ သုရမ္မံ၊
မဏိမယေဟိ သမလင်္ကတာဝ။
ဒိသာ စ သဗ္ဗာ အတိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဂဂဏံ၊ ကောင်းကင်သည်။ ဝိသုဒ္ဓမဏ္ဍံ၊ စင်ကြယ်သော တိမ်တိုက်ရှိသည် ဖြစ်၍။ သုရမ္မံ၊ အလွန်နှစ်သက်စချင်ဖွယ်ရှိ၏။ မဏိမယေဟိ၊ ပတ္တမြားဖြင့် ပြီးသော တန်ဆာတို့ဖြင့်။ သမလင်္ကတာဝ၊ ကောင်းစွာတန်ဆာဆင်သကဲ့သို့။ သဗ္ဗာ ဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့သည်။ အတိရောစယန္တိ၊ လွန်စွာ တောက်ပကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၄၂။ ဂန္ဓဗ္ဗဝိဇ္ဇာဓရကိန္နရာ စ၊
သုဂီတိယန္တာ မဓုရဿရေန။
စရန္တိ တသ္မိံ ပဝနေ သုရမ္မေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုရမ္မေ၊ အလွန်နှလုံးမွေ့လျော်ဖွယ်ရှိသော။ တသ္မိံ ပဝနေ၊ ထိုတော အုပ်၌။ ဂန္ဓဗ္ဗဝိဇ္ဇာဓရကိန္နရာ စ၊ ဂန္ဓဗ္ဗနတ် ဝိဇ္ဇာဓိုရ် ကိန္နရာတို့သည်လည်း။ မဓုရဿရေန၊ သာယာစွာသောအသံဖြင့်။ သုဂီတိယန္တာ၊ ကောင်းစွာသီဆို ကုန်လျက်။ စရန္တိ၊ သွားကုန်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၄၃။ ကိလေသသံဃဿ ဘိတာသကောဟိ၊
တပဿိသံဃေဟိ နိသေဝိတံ ဝနံ။
ဝိဟာရအာရာမသမိဒ္ဓဘူတံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ကိလေသသံဃဿ၊ ကိလေသာ အပေါင်းကို။ အဘိတာသကေဟိ၊ အလွန် ထိတ်လန့်ကြောက်ရွံ့ကြကုန်သော။ ဝါ၊ အလွန် တားဆီးနိုင်ကြ ကုန်သော။ တပဿိသံဃေဟိ၊ ရသေ့ရဟန်းအပေါင်းတို့သည်။ နိသေဝိတံ၊ မပြတ်အမြဲ မှီဝဲအပ်သော။ ဝနံ၊ တောအုပ်သည်။ ဝိဟာရအာရာမသမိဒ္ဓဘူတံ၊ ကျောင်းအာရာမ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ဖြစ်၏။ [သမယော-စသည်ကား ရှေ့နည်း]။

၄၄။ သမိဒ္ဓိနာနာဖလိနော ဝနန္တာ၊
အနာကုလာ နိစ္စမနောဘိရမ္မာ။
သမာဝိပိတိံ အဘိဝစ္စယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သမိဒ္ဓိနာနာဖလိနော၊ ပြည့်စုံစွာ အထူးထူး အသီးရှိကုန်သော။ ဝနန္တာ၊ တောအုပ်တို့သည်။ အနာကုလာ၊ နှောင့်ယှက်ခြင်း မရှိကုန်သည် ဖြစ်၍။ နိစ္စမနောဘိရမ္မာ၊ အမြဲလျှင် စိတ်၏ နှစ်သက်ဖွယ်ရှိကုန်၏။ ပထိကာနံ၊ ခရီးသွားတို့၏။ သမာဓိပီတိံ၊ တည်ကြည်ခြင်း နှစ်သက်ခြင်းကို။ အဘိဝဍ္ဎယန္တိ၊ ပွားစေနိုင်ကုန်၏။ [သမယော-စသည်ကား ရှေးနည်း]။

၄၅။ နိသေဝိတံ နေကဒိဇေဟိ နိစ္စံ၊
ဂါမေန ဂါမံ သတတံ ဝသန္တာ။
ပုရေပုရေ ဂါမဝရေ ဝသန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

အနေကဒိဇေဟိ၊ များစွာကုန်သော ငှက်တို့သည်။ နိစ္စံ၊ အမြဲ။ နိသေဝိတံ၊ မှီဝဲအပ်၏၊ ဂါမေန၊ တစ်ရွာမှ။ ဂါမံ၊ တစ်ရွာသို့။ ဂန္တွာ၊ သွား၍။ သတတံ၊ အမြဲ။ ဝသန္တာ၊ နေကုန်လျက်။ ပုရေပုရေ၊ မြို့တိုင်း မြို့တိုင်း၌။ ဂါမဝရေ၊ စားကျေးကျွန်ရွာတို့ကို။ ကတွာ၊ ပြု၍။ ဝသန္တိ၊ နေကုန်၏။ တစ်နည်း။ ။ဂါမေန ဂါမံ၊ တစ်ရွာမှ တစ်ရွာသို့။ သတတံ၊ အမြဲ။ ဝါ၊ မပြတ်။ သင်္ကမိတွာ၊ ပြောင်းရွှေ့၍။ ဝသန္တာ၊ နေလိုကုန်သော သူတို့သည်။ ပုရေပုရေ၊ ရှေးရှေးအခါ၌။ ဂါမဝရေ၊ ရွာမြတ်တို့ကို။ ကတွာ၊ ပြု၍။ ဝသန္တိ၊ နေကြကုန်၏။ [အကြွင်းရှေးနည်း]။

၄၆။ ဝတ္ထန္နပါနံ သယနာသနဉ္စ၊
ဂန္ဓဉ္စ မာလဉ္စ ဝိလေပနဉ္စ။
တဟိံ သမိဒ္ဓါ ဇနတာ ဗဟူ စ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဝတ္ထန္နပါနဉ္စ၊ အဝတ်ထမင်းအဖျော်သည်လည်းကောင်း။ သယနာသနဉ္စ၊ အိပ်ရာ နေရာသည်လည်းကောင်း။ ဂန္ဓဉ္စ၊ နံ့သာရည်သည်လည်းကောင်း။ မာလဉ္စ၊ ပန်းသည်သည်လည်းကောင်း။ ဝိလေပနဉ္စ၊ နံ့သာပျောင်းသည်လည်းကောင်း။ တဟိံ၊ ထိုခရီးလမ်း၌။ သမိဒ္ဓါ၊ ပြည့်စုံကြကုန်၏။ ဇနတာ စ၊ လူအပေါင်းတို့သည်လည်း။ ဗဟူ၊ များကုန်၏။ [အကြွင်းရှေးနည်း]။

၄၇။ ပုညိဒ္ဓိယာ သဗ္ဗယသဂ္ဂပတ္တာ၊
ဇနာ စ တသ္မိံ သုခိတာ သမိဒ္ဓါ။
ပဟူတဘောဂါ ဝိဝိဓာ ဝသန္တိ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

တသ္မိံ၊ ထိုလမ်းခရီး၌။ ပုညိဒ္ဓိယာ၊ ဘုန်းတန်ခိုးအားဖြင့်။ သဗ္ဗယသဂ္ဂ-ပတ္တာ၊ အလုံးစုံကျော်စောခြင်း အထွတ်သို့ ရောက်ကုန်သော။ ဇနာ၊ လူတို့သည်။ သုခိတာ၊ ချမ်းသာကုန်သည် ဖြစ်၍။ သမိဒ္ဓါ၊ ပြည့်စုံကြွယ်ဝကုန်သည်ဖြစ်၍။ ပဟူတဘောဂါ၊ များစွာသော အသုံးအဆောင်ရှိကုန်သည် ဖြစ်၍။ ဝိဓတာ၊ အထူးထူးအပြားပြားအားဖြင့်။ ဝသန္တိ၊ နေကြကုန်၏။ [အကြွင်းရှေ့နည်း]။

၄၈။ နဘေ စ အဗ္ဘာ သုဝိသုဒ္ဓဝဏ္ဏာ၊
ဒိသာ စ စန္ဒော သုဝိရာဇိတာဝ။
ရတ္တိဉ္စ ဝါတော မုဒုသီတလော စ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

နဘေ၊ ကောင်းကင်၌။ အဗ္ဘာ၊ တိမ်တိုက်တို့သည်။ သုဝိသုဒ္ဓဝဏ္ဏာ၊ ကောင်းစွာ စင်ကြယ်သော အဆင်းရှိကုန်၏။ ရတ္တိံ၊ ညဉ့်၌။ စန္ဒော၊ လမင်းသည်။ ဒိသာ၊ အရပ်လေးမျက်နှာမှ။ သုဝိရာဇိတာ၊ ကောင်းစွာတောက်ပ၏။ ဝါတော၊ လေသည်။ မုဒုသီတလော၊ ညင်းညင်းဖြည်းဖြည်း အေးစွာ လာ၏။ [အကြွင်းရှေ့နည်း]။

၄၉။ စန္ဒုဂ္ဂမေ သဗ္ဗဇနာ ပဟဋ္ဌာ၊
သကင်္ဂဏေ စိတြကထာ ဝဒန္တာ။
ပိယေဟိ သဒ္ဓိံ အဘိမောဒယန္တိ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

စန္ဒုဂ္ဂမေ၊ လထွက်လတ်သော်။ သဗ္ဗဇနာ၊ အလုံးစုံလူအပေါင်းတို့သည်။ ပဟဋ္ဌာ၊ ရွှင်လန်းကြကုန်လျက်။ သကင်္ဂဏေ၊ မိမိမြေအဖို့၌။ စိတြကထာ၊ ဆန်းကြယ်သော စကားတို့ကို။ ဝဒန္တာ၊ ဆိုကုန်လျက်။ ပိယေဟိ၊ ချစ်ခင်သောသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ အဘိမောဒယန္တိ၊ ဝမ်းမြောက်ကြကုန်၏။ [အကြွင်းရှေ့နည်း]။

၅၀။ စန္ဒသာ ရံသီဟိ နဘံ ဝိရောစိ၊
မဟီစ သံသုဒ္ဓမနုညဝဏ္ဏာ။
ဒိသာ စ သဗ္ဗာ ပရိသုဒ္ဓရူပါ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

စန္ဒသာ၊ လမင်း၏။ ရံသီဟိ၊ အရောင်တို့ဖြင့်။ နဘံ၊ ကောင်းကင်သည်။ ဝိရောစိ၊ တောက်ပ၏။ မဟီ စ၊ မြေပြင်သည်လည်း။ သံသုဒ္ဓမနုညဝဏ္ဏာ၊ ကောင်းစွာ စင်ကြယ်သဖြင့် စိတ်၏ နှစ်သက်ဖွယ် အဆင်းရှိ၏။ သဗ္ဗာ စ ဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့သည်လည်း။ ပရိသုဒ္ဓရူပါ၊ စင်ကြယ်သော သဘောရှိကုန်၏။ [အကြောင်းအတူ]။

၅၁။ ဒူရေ စ ဒိဿာ ဝရစန္ဒရံသိံ၊
ပုပ္ဖိံသု ပုပ္ဖါနိ မဟီတလသ္မိံ။
သမန္တတော ဂန္ဓဂုဏာတ္ထိကာနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဂန္ဓဂုဏတ္ထိကာနံ၊ အနံ့စုကို အလိုရှိကုန်သော သူတို့၏။ အတ္ထာယ၊ အကျိုးငှါ။ သမန္တတော၊ ထက်ဝန်းကျင်မှ။ မဟီတလသ္မိံ၊ မြေအပြင်၌။ ပုပ္ဖါနိ၊ ပန်းတို့သည်။ ဒူရေ စ၊ အဝေး၌လည်း။ ဝရစန္ဒရံသိံ၊ မြတ်သော လရောင်ကို။ ဒိဿာ၊ မြင်၍။ ပုပ္ဖိံသု၊ ပွင့်ကြကုန်၏။ [အကြောင်းအတူ]။

၅၂။ စန္ဒသာ ရံသီဟိ ဝိလီယနာဝ၊
မဟီ သမန္တာ ကုသုမေန လင်္ကတာ။
ဝိရောစိ သဗ္ဗင်္ဂသုမာလိနီဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မဟီ၊ မြေအပြင်သည်။ စန္ဒသာ၊ လမင်း၏။ ရံသီဟိ၊ အရောင်တို့မှ။ ဝိလီယနာဝ၊ ကြေမွ၍ ကျသကဲ့သို့။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ကုသုမေန၊ ပန်းဖြင့်။ အလင်္ကတာ၊ တန်ဆာဆင်အပ်သည်ဖြစ်၍၊ ဝိရောစိ၊ တင့်တယ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သဗ္ဗင်္ဂသုမာလိနီဝ၊ အလုံးစုံအင်္ဂါနှင့် ပြည့်စုံစွာ ပန်းပန်ဆင်ထားသော သတို့သမီးငယ်ကဲ့သို့။ ဝိရောစိ၊ တင့်တယ်၏။ [အကြောင်းအတူ]။

၅၃။ ကုစန္တိ ဟတ္ထိပိ မဒေန မတ္တာ၊
ဝိစိတ္တပိဠ္ဌာ စ ဒိဇာ သမန္တာ။
ကရောန္တိ နာဒံ ပဝနေ သုရမ္မေ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဟတ္ထိပိ၊ ဆင်တို့သည်လည်း။ မဒေန၊ အမှန်ယစ်ခြင်းဖြင့်။ မတ္တာ၊ ယစ်ကုန်သည်ဖြစ်၍။ ကုစန္တိ၊ ကြိုးကြာသံကဲ့သို့ အသံမှုကုန်၏။ ဝိစိတ္တပိဠ္ဌာ၊ ဆန်းကြယ်သော အတောင်ရှိကုန်သော။ ဒိဇာ စ၊ ငှက်တို့သည်လည်းကောင်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သုရမ္မေ၊ အလွန်နှလုံးမွေ့လျော်ဖွယ်ရှိသော။ ပဝနေ၊ တောအုပ်၌။နာဒံ၊ ဟစ်ကြွေးသောအသံကို။ ကရောန္တိ၊ ပြုကုန်၏။ [အကြွင်းရှေ့နည်း]။

၅၄။ ပထဠ္ဌ သဗ္ဗံ ပဋိပဇ္ဇနက္ခမံ၊
ဣဒ္ဓံ စ ရဋ္ဌံသခနံ သဘောဂံ။
သဗ္ဗတ္ထုတံ သဗ္ဗသုခပ္ပဒါနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သဗ္ဗံ၊ အလုံးစုံသော။ ပထဠ္ဌ၊ ခရီးသည်လည်း။ ပဋိပဇ္ဇနက္ခမံ၊ သွားခြင်းငှါခံ၏။ ရဋ္ဌံ၊ တိုင်းသည်။ ဣဒ္ဓဠ္ဌ၊ ပြည့်လည်း ပြည်စုံ၏။ သခနံ၊ ဥစ္စာရှိ၏။ သဘောဂံ၊ စည်းစိမ်ရှိ၏။ သဗ္ဗတ္ထုတံ၊ အလုံးစုံချီးမွမ်းအပ်၏။ သဗ္ဗသုခပ္ပဒါနံ၊ အလုံးစုံချမ်းသာကို ပေးတတ်၏။ [အကြွင်း ရှေ့နည်း]။

၅၅။ ဝနဠ္ဌ သဗ္ဗံ သုပိစိတ္တရူပံ၊
သုမာပိတံ နန္ဒနကာနနံဝ။
ယတီန ပီတိံ သတတံ ဇနေတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သုမာပိတံ၊ ကောင်းစွာ ဖန်ဆင်းအပ်သော။ နန္ဒနကာနနံဝ၊ နန္ဒဝန် ဥယျာဉ်ကဲ့သို့။ သဗ္ဗံ၊ အလုံးစုံသော။ ဝနဠ္ဌ၊ တောသည်လည်း။ သုပိစိတ္တရူပံ၊ ကောင်းစွာ ဆန်းကြယ်သော သဘောရှိ၏။ ယတီနံ၊ ခရီးသွား ရဟန်းတို့၏။ သတတံ၊ အမြဲ။ ပီတိံ၊ နှစ်သက်ခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ [အကြွင်းကား ရှေ့နည်း]။

၅၆။ အလင်္ကတံ ဒေဝပုရံဝ ရမ္မံ၊
ကပိလဝတ္ထုံ ဣတိ နာမဓေယျံ။
ကုလနဂရံ ဣဓ သဿိရိကံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဣဓ၊ ဤလောက၌။ သဿိရိကံ၊ အသရေရှိသော။ ကပိလဝတ္ထုံ ဣတိ နာမဓေယျံ၊ ကပိလဝတ်ဟု အမည်ရှိသော။ ကုလနဂရံ၊ ဆွေတော် မျိုးတော်တို့၏ ပြည်သည်။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော။ ဒေဝပုရံဝ၊ သုဒဿန နတ်ပြည်ကဲ့သို့။ အလင်္ကတံ၊ တန်ဆာဆင်အပ်၏။ [အကြွင်းရှေ့နည်း]။

၅၇။ မနုညအဋ္ဋာလဝိစိတ္တရူပံ၊
သုဖုလ္လပင်္ကေရုဟသဏ္ဍမဏ္ဍိတံ။
ဝိစိတ္တပရိခါဟိ ပုရံ သုရမ္မံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ပုရံ၊ ကပိလဝတ်မြို့သည်။ မနုညအဋ္ဋာလဝိစိတ္တရူပံ၊ စိတ်နှစ်သက်ဖွယ် ရှိသော ပြအိုး တန်ဆောင်းတို့ဖြင့် ဆန်းကြယ်သောသဘောရှိ၏။ သုဖုလ္လပင်္ကေရုဟသဏ္ဍမဏ္ဍိတံ၊ ကောင်းစွာ ပွင့်သော ကြာတောတို့ဖြင့် တန်ဆာဆင်အပ်၏။ ဝိစိတ္တပရိခါဟိ၊ ဆန်းကြယ်သော ကျုံးမြောင်းတို့ဖြင့်။ သုရမ္မံ၊ အလွန် နှလုံးမွေ့လျော် ပျော်ဖွယ်ရှိ၏။ [အကြွင်းကား ရှေ့နည်း]။

၅၈။ ဝိစိတ္တပါကာရဋ္ဋတောရဏဍ္ဍ၊
သုဘင်္ဂဏံ ဒေဝနိဝါသဘူတံ။
မနုညဝီထိ သုရလောကသန္နိဘံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ပုရံ၊ နေပြည်တော်သည်။ ဝိစိတ္တပါကာရဋ္ဋ၊ ဆန်းကြယ်သောမြို့တံတိုင်း လည်း ရှိ၏။ တောရဏဍ္ဍ၊ တုရိုဏ်တိုင်လည်း ရှိ၏။ သုဘင်္ဂဏံ၊ တင့်တယ် သော မြေအပြင်လည်း ရှိ၏။ ဒေဝနိဝါသဘူတံ၊ သမ္မုတိနတ်မင်းတို့၏ နေရာ ဖြစ်၍ ဖြစ်၏။ မနုညဝီထိ၊ စိတ်၏ နှစ်သက်ဖွယ်သော ခရီးလမ်းလည်း ရှိ၏။ သုရလောကသန္နိဘံ၊ တာဝတိံသာနတ်ပြည်နှင့် တူ၏။ [အကြွင်းနှင့်ရှေ့နည်း]။

၅၉။ အလင်္ကတာ သာကိယရာဇပုတ္တာ၊
ဝိရာဇမာနာ ဧရဘူသနေယာ။
သုရိန္ဒလောကေ ဣဝ ဒေဝပုတ္တာ၊
သမဒ္ဓယာ မဟာဝီရ အင်္ဂီရသာနံ။

သုရိန္ဒလောကေ၊ သိကြားမင်း၏တာဝတိံသာနတ်ပြည်၌။ ဒေဝပုတ္တာ ဣဝ၊ နတ်သားတို့ကဲ့သို့။ သာကိယရာဇပုတ္တာ၊ သာကီဝင်မင်းသားတို့သည်။ ဝရဘူသနေယာ၊ လွန်မြတ်သော တန်ဆာတို့ဖြင့်။ အလင်္ကတာ၊ တန်ဆာဆင်ကုန်သည်ဖြစ်၍။ ဝိရာဇမာနာ၊ တင့်တယ်ကြကုန်၏။ ။[အကြွင်းကားရှေ့နည်း]။

၆၀။ သုဒ္ဓေါဒနော မုနိဝရံ အဘိဒဿနာယ၊
အမစ္စပုတ္တေ ဒသဓာ အပေသယိ။
ဗလေန သဒ္ဓိံ မဟတာ မုနိန္ဒ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မုနိန္ဒ၊ ရဟန်းများ မင်းဖြစ်တော်မူသော မြတ်စွာဘုရား။ သုဒ္ဓေါဒနော၊ သုဒ္ဓေါဒနမည်သော မင်းကြီးသည်။ မုနိဝရံ၊ မုနိတကာတို့ထက် မြတ်သော ဘုရားကို။ အဘိဒဿနာယ၊ အရိုအသေဖူးမြင်ခြင်းငှါ။ ဒသဓာ၊ ဆယ်ကြိမ်။ အမစ္စပုတ္တေ၊ အမတ်သားတို့ကို။ မဟတာ၊ များစွာသော။ ဗလေန၊ ဗိုလ်ပါနှင့်။ သဒ္ဓိံ၊ တကွ။ အပေသယိ၊ စေပြီ။ [အကြွင်းကားရှေ့နည်း]။

၆၁။ နေဝါဂတံ ပဟိတံ နေဝ ဝါစံ၊
သောကာဘိဘူတံ နရဝီရသေဋ္ဌံ။
တောသေတု မိစ္ဆာမိ နရာဓိပတ္တံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

အာဂတံ၊ မြတ်စွာဘုရား ကြွလာသည်ကို။ နေဝ ပဟိတံ၊ သုဒ္ဓေါဒန မင်းကြီး မဖူးမြင်ရရှာ။ ဝါစံ၊ သတင်းစကားကိုမျှ။ နေဝ သဝတိ၊ မကြားရရှာပါ။ သောကာဘိဘူတံ၊ သောကနှင့် နှိပ်စက်သော။ နရဝီရသေဋ္ဌံ၊ ရဲရင့်သော လူတကာတို့ထက် မြတ်သော။ နရာဓိပတ္တံ။ လူတို့ကို အစိုးရခြင်းသို့ရောက်သော သုဒ္ဓေါဒနမင်းကြီးကို။တောသေတုံ၊ နှစ်သက်စေခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ [အကြွင်းကား ရှေ့နည်း]။

၆၂။ တံဒသာနေနုဗ္ဗုတပီတိရာသိ၊
ဥဒိက္ခမာနံ ဒွိပဒါနမိန္ဒံ။
တောသေဟိ တံ မုနိန္ဒဂုဏာသေဋ္ဌံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မုနိန္ဒ၊ မြတ်စွာဘုရား။ တံဒဿနေန၊ အရှင်ဘုရားကို ဖူးမြင်ရခြင်းဖြင့်။ အဗ္ဗုတပီတိရာသိ၊ အံ့ဩဖွယ် ဖြစ်သော နှစ်သက်ခြင်း အစုသည်။ ဘဝေယျ၊ သုဒ္ဓေါဒနမင်းကြီးအားဖြစ်ရာ၏။ ဥဒိက္ခမာနံ၊ မျှော်လင့်၍ နေသော။ ဒွိပဒါနမိန္ဒံ၊ အခြေနှစ်ချောင်းရှိသူ လူတို့ကို အစိုးရသော။ ဂုဏာသေဋ္ဌံ၊ ခမည်းတော်ဖြစ်သောဂုဏ်အားဖြင့် မြတ်သော။ တံ၊ ထိုသုဒ္ဓေါဒန မင်းကြီးကို။ တောသေဟိ၊ နှစ်သက်စေတော်မူပါလော့။

၆၃။ အာသာယ ကဿတေ ခေတ္တံ၊ ဗီဇံ အာသာယ ဝပ္ပတိ။
အာသာယ ဝါဏိဇာ ယန္တိ၊ သမုဒ္ဒံ ဓနဟာရကာ။
ယာယ အာသာယ တိဋ္ဌာမိ၊ သာ မေ အာသာ သမိဇ္ဈတု။

ခေတ္တံ၊ လယ်ကို။ ကဿကော၊ လယ်ထွန်ယောကျ်ား လယ်သမားသည်။ အာသာယ၊ အသီးကို တောင့်တခြင်းကြောင့်။ ကဿတေ၊ ထွန်၏။ ကသိတွာ စ၊ ထွန်ပြီး၍လည်း။ အာသာယ၊ အသီးကို တောင့်တခြင်းကြောင့် သာလျှင်။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတိ၊ ကြဲချ၏။ ဓနဟာရိကာ၊ ဥစ္စာကို ဆောင်ကုန်သော။ ဝါဏိဇာ၊ တဏ္ဍာဖြင့်သွား ကုန်သည်များတို့သည်။ အာ- သာယ၊ မြတ်စွန်းလိုဌြား တောင့်တသော တရားကြောင့်သာလျှင်။ သမုဒ္ဒံ၊ငါး မကန်းတို့ ကူသန်းဝဲစုပ် ရေသမုဒ်ကို။ ယန္တိ-ဂစ္ဆန္တိ၊လှေသင်္ဘောကြီး အသီးသီး တို့ဖြင့် ကူးသွားကြကုန်၏။ အဟံပိ၊ ကာဠုဒါယီ နာမည်သမုတ် အကျွန်ုပ် သည်လည်း။ ယာယ အာသာယ၊ နေပြည်တော်ဟောင်း ကြွစေကြောင်းဟု ကောင်းသော အကြင်သမ္မာဆန္ဒ တောင့်တခြင်းဖြင့်။ ဣဓ ဤဝေဠုဝန်ခေါ် မင်းကျောင်းတော်၌။ တိဋ္ဌာမိ၊ ရပ်တည်ပါ၏။ မေ၊ ကာဠုဒါယီ တွင်ညီသမုတ် အကျွန်ုပ်၏။ သာ အာသာ၊ ဆွေထံမျိုးထံ ကိုယ်တော်ပြန်၍ အဖူးမြော် ခံစေလိုသော ထိုသမ္မာဆန္ဒ တောင့်တချက်သည်။ သမိဇ္ဈတု၊ တလုံး တဝတည်း ပြည့်စုံပါစေသတည်း။ [ဤကား ပရမတ္ထဒီပနီ အမည်ရှိသော ထေရဂါထာအဋ္ဌကထာပါဠိ ဒသကနိပါတ် ၂၃၃-ကာဠုဒါယိတ္ထေရဂါထာ စတုတ္ထဂါထာ အဖွင့်နှင့် အညီ ယောဇနာသော အနက်ပေတည်း။]

၆၄။ နာတိသီတံ နာတိဥဏှံ၊ နာတိဒုဗ္ဘိက္ခဆာတကံ။
သဒ္ဒလာ ဟရိတာ ဘူမိ၊ ဧသ ကာလော မဟာမုနိ။

မုနိန္ဒ၊ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ ဣဒံ၊ ဤအခါကား။ နာတံသီတံ၊ မချမ်းလွန်း။ နာတိဥဏှံ၊ မပူလွန်း။ နာတိဒုဗ္ဘိက္ခဆာတကံ၊ ငတ်မွတ်ဆာလောင်ခြင်းမရှိ။ ဘူမိ၊ မြေအပြင်သည်။ သဒ္ဒလာ၊ နေဇာမြက်နှင့်အတူ။ ဟရိတာ၊ စိမ်းရှင်၏။ မဟာမုနိ၊ မုနိတတာတို့ထက် အကြီးဖြစ်တော်မူသော မြတ်စွာဘုရား။ ဧသ၊ ဤအခါကား။ ကာလော၊ ခရီးသွားရာအခါကာလပါတည်း။

ဤသို့လျှင် ဥဒါယီ မထေရ်သည် ဂါထာခြောက်ဆယ်*တို့ဖြင့် ခရီးသွားခြင်း၏ ကျေးဇူးကို ချီးမွမ်းသည် ရှိသော် ထိုအခါ မြတ်စွာဘုရားသည် "ချစ်သား ဥဒါယီ....အဘယ်အကြောင်းကြောင့် သွားခြင်း၏ ကျေးဇူးကို ချီးမွမ်းသနည်း"ဟု မေးတော်မူလျှင် "ဘုန်းတော်ကြီးသော အရှင်ဘုရား.... အရှင်ဘုရားတို့၏ ခမည်းတော်ဖြစ်သော သုဒ္ဓေါဒန မင်းကြီးသည် ဖူးမြင်ခြင်းကို အလိုရှိပါ၏။ ဆွေတော် မျိုးတော်တို့အား တရားသဖြင့် ချီးမြှင့်ထောက်ပံ့ခြင်းအမှုကို ပြုတော်မူပါကုန်"ဟု လျှောက်၏။

---

*ဖွားဖက်တော် ကာဠုဒါယီမထေရ်မြတ် လျှောက်ထားအပ်သော နိဒါန်းအကျယ်လွန်ဆန်းကြယ်သော ဂါထာတို့ကို ၆၀-ပင် ဆိုငြားသော်လည်း အဋ္ဌသာလိနီမူလဋီကာ ကိလေသာ ရေတွက်သော အရာကဲ့သို့ အနည်းငယ် ၄-ဂါထာ ပိုသော်လည်း ဂါထာ ၆၀-ဟူ၍ပင် ခေါ်ဝေါ်ကြကုန်၏။ ဒသကနိပါတ် (၂၃၃) ကာဠုဒါယိတ္ထေရဂါထာပါဠိတော် ၁၂၂-၌ ၁၀ ဂါထာသာလျှင် လာ၏။ ကေကဂုတ္တရ အဋ္ဌကထာ၌ နာတိသီတံ-အစရှိသော တစ်ဂါထာလာ၏။ ဝိနည်းမဟာဝါ အဋ္ဌကထာ မဟာခန္ဓက ၂၅၇-၌ တစ်ဂါထာမျှ မပါလာ။ မြန်မာစာဘာတ်အဋ္ဌကထာ နိဒါန်း၊ သီဟိုဠ်စာ ဂ၃, ယိုးဒယားစာ သီဟိုဠ်စာ ဗုဒ္ဓဝံသ အဋ္ဌကထာ ၂၁-တို့၌ ပေယျာလမြှုပ်၍ အစ တစ်ဂါထာ အဆုံး တစ်ဂါထာမျှစီ ရှိကြကုန်၏။ မြန်မာစာ ဗုဒ္ဓဝံသ အဋ္ဌကထာ ပေမူတို့၌ ၆၄-ဂါထာ ရှိကြကုန်၏။ ဝိသုဒ္ဓဇနဝိလာသိနီ အမည်ရှိသော ထေရအပဒါန် အဋ္ဌကထာ ၅၅-ဝဂ်မြောက် (၅၄၇) ကာဠုဒါယိတ္ထေရ ဂါထာ ဝဏ္ဏနာ၌ ၄၉-ဂါထာ။ အခွဲနှင့်တကွ ရေတွက်မူ ၆၃-ဂါထာမျှ ရှိသည်။ ဗုဒ္ဓဝင်အဋ္ဌကထာလာ ၆၄-ဂါထာနှင့် ဂါထာချင်း မတူသည်များ၏။ အပဒါန်အဋ္ဌကထာလာ ၆၃-ဂါထာသည် သာလျှင် ရှင်အုန်းညို စီရင်သော ဂါထာ ၆၀-ပျို့၏ မှီရာဖြစ်၏။ ဂါထာပေါင်း ၆၂-ပုဒ်တို့၏ စတုတ္ထပါဒ အဆုံးချခါနီးတို့၌ "အင်္ဂီရသာနံ" ဟူ၍ ဗုဒ္ဓဝင်ပေစာမူတို့၌ ရှိကြကုန်၏။ ထေရဂါထာ ပါဠိတော်တို့၌ "ဘာဂီရသာနံ" ဟူ၍ စာမူရှိကုန်၏၊ ဘာဂီ ရသာနန္တိ ဒုတ္ထရသာဒီနံ ဘာဂီ။ ဝုတ္တဥ္စေတံ

မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် ချစ်သား ဥဒါယိ ကောင်းပြီဟု ဝန်ခံ၍ ဆွေတော် မျိုးတော်တို့အား ထောက်ပံ့ခြင်းကို ပြုခြင်း အကျိုးငှာ ဒေသစာရီ ကြွချီတော်မူအံ့ဟု ရဟန်းအပေါင်းတို့အား ကြားချေ။ ခရီးသွားရာဝတ်ကို ဖြည့်အံ့ဟု မိန့်တော်မူလျှင် ရှင်ဥဒါယိလည်း ဘုန်းတော်ကြီးသော အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံ၍ ရဟန်း သံဃာ အပေါင်းတို့အား အကြောင်းကို ကြားပေ၏။

မြတ်စွာဘုရားသည်လည်း အင်္ဂတိုင်း မဂဓတိုင်း၌ နေကုန်သော အမျိုးကောင်းသား တစ်သောင်းတို့သည် လည်းကောင်း, ကပိကဝတ်ပြည်၌ နေကုန်သော အမျိုးကောင်းသား တစ်သောင်းတို့သည် လည်းကောင်း ဤအလုံးစုံ နှစ်သောင်းသော ရဟန္တာတို့ ခြံရံအပ်သည်ဖြစ်၍ ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၍ နေ့တိုင်း နေ့တိုင်း တစ်ယူဇနာ တစ်ယူဇနာ ကြွတော်မူလာသည်ရှိသော် နှစ်လနှင့် ကပိလာတ် နေပြည်တော်သို့ ရောက်တော်မူ၏။

ထိုအခါ သာကီဝင်မင်းသားတို့သည်လည်း မြတ်စွာဘုရား ရောက်တော်မူကြောင်း သတင်းစကားကို ကြားလျှင် ငါတို့ အမျိုးမြတ်ကို ဖူးမြင်အံ့ဟု မြတ်စွာဘုရား နေတော်မူရာအရပ်ကို စုံစမ်းသည်ရှိသော် နိဂြောဓမည်သော သာကီဝင် မင်းသား၏ ဥယျာဉ်အာရာမ်သည် နှလုံးမွေ့လျော်ဖွယ်ရှိ၏ဟု မှတ်၍ အလုံးစုံသော သုတ်သင်စီရင်ခြင်းကို ပြုစေ၍နံ့သာပန်း လက်စွဲကုန်လျက် ခရီးဦး ကြိုဆိုခြင်းကို ပြုကုန်လျက် ခပ်သိမ်းသော တန်ဆာတို့ဖြင့် ကောင်းစွာ တန်ဆာဆင်အပ်သော ကိုယ်ရှိသည်ဖြစ်၍ နံ့သာပန်း အခိုးအထုံ အစရှိသည်တို့ဖြင့် ပူဇော်လျက် မြတ်စွာဘုရားသို့ ရှေးရှုပြု၍ နိဂြောဓအာရာမ်သို့ သွားရောက် ဆည်းကပ်ကြကုန်၏။

ဓမ္မသေနာပတိနာ "ဘာဂီဝါ ဘဂဝါ အတ္တရသသာ ဓမ္မရသသာ" တိအာဒိ·ဟူ၍ မဟာနိဒ္ဒေသပါဠိတော် ၇-ဘိသာ မေတ္တေယျသုတ် ဂ၃-စသည်ကို ကိုး၍လည်းကောင်း။ "ဘာဂီရဌာနန္တိ ပန ပါဠေ ဘာဂီရဌော နာမ အာဒိရာဇာ၊ တဗ္ဗံသဇာတတာယ သာကိယာ ဘာဂီရဌာ၊ တေသံ ဘာဂီရဌာနံ ဥပကာရတ္တာန္တိ အဓိပ္ပါယော"ဟူ၍ ကာဠုဒါယိတ္ထေရဂါထာ အဋ္ဌကထာ၌ ဖွင့်ဆိုသည်။ ကာဠုဒါယိတ္ထေရဂါထာ ပါဠိတော်လာ ပဉ္စမဂါထာ ဆဋ္ဌဂါထာတို့သည် သဂါထာဝဂ္ဂ ၇-ဗြာဟ္မဏ သံယုတ် ပါဠိတော် ဥပါသကဝဂ် ဒုတိယသုတ်၌လည်း လာကုန်၏။

ထိုနိဂြောဓာရုံကျောင်း၌ ကိန်အောင်းစံနေတော်မူသော မြတ်စွာဘုရားသည် နှစ်သောင်းသော ရဟန္တာအပေါင်းတို့ဖြင့် ခြံရံလျက် ခင်းအပ်သော ဘုရားနေရာတော်၌ နေတော်မူစဉ် သာကီဝင် မင်းတို့သည်ကား ဇာတ်အားဖြင့် မာနခက်ထန်ကုန်၏။ သိဒ္ဓမင်းသားသည် ငါတို့အောက် အလွန်ငယ်၏။ ငါတို့ ညီထွေးမျှသာတည်း။ ငါတို့သား ငါတို့တူ ငါတို့မြေးသာတည်းဟု ကြံ၍ ငယ်ကုန် ငယ်ကုန်သော မင်းသားတို့ကို သင်တို့ကား ရှိခိုးကြကုန်။ ငါတို့သည် သင်တို့နောက်မှ နေကုန်အံ့ဟု ဆိုကုန်၏။

ထိုဆွေတော် မျိုးတော်တို့သည် ဤသို့ နေကုန်သည် ရှိသော် မြတ်စွာဘုရားသည် အလိုကို ကြည့်တော်မူ၍ ဤဆွေတော် မျိုးတော်တို့ကား မိမိ၏ အချည်းနှီး အိုမင်းသည် အဖြစ်ကြောင့် ငါဘုရားကို ရှိမခိုးကုန်။ ဘုရားမည်သည် အဘယ်သို့ သဘောရှိသနည်း၊ ဘုရားအားတော်သည် အဘယ်သို့ သဘော ရှိသနည်းဟု ကြံဆ တွေးတောခြင်း မရှိ။ ဘုရားမည်သည် ဤသို့ သဘောရှိ၏၊ ဘုရားအားတော်မည်သည် ဤသို့ သဘောရှိ၏ဟု ဆွေတော် မျိုးတော်တို့ မသိကုန်။ ယခုအခါ ဘုရား၏ အားတော်ကိုလည်းကောင်း, တန်ခိုးကိုလည်းကောင်း ပြတော်မူလိုသော မြတ်စွာဘုရားသည် ကောင်းကင်၌ တစ်သောင်းသော စကြဝဠာ အတိုင်းအရှည် ရှိသော အလုံးစုံ ရတနာ ခုနစ်ပါးဖြင့် ပြီးသော စင်္ကြံကို ဖန်ဆင်းတော်မူ၍ စင်္ကြံ ကြွတော်မူလျက် လူများ အပေါင်း၏ အလိုကို ကြည့်၍ တရားဒေသနာ ကောင်းစွာ ဟောတော်မူ၏။

ထို့ကြောင့် သင်္ဂါယနာတင်သော ဆရာမြတ်တို့သည်လည်း—

န ဟေတေ ဇာနန္တိ သဒေဝမာနုသာ၊
ဗုဒ္ဓေါ အယံ ကီဒိသကော နရုတ္တမော။
ဣဒ္ဓိဗလံ ပညာဗလဉ္စ ကီဒိသံ၊
ဗုဒ္ဓဗလံ လောကဟိတဿ ကီဒိသံ။
န ဟေတေ ဇာနန္တိ သဒေဝမာနုသာ၊
ဗုဒ္ဓေါ အယံ ဧဒိသကော နရုတ္တမော။
ဣဒ္ဓိဗလံ ပညာဗလဉ္စ ဧဒိသံ၊
ဗုဒ္ဓဗလံ လောကဟိတဿ ဧဒိသံ။

ဟန္ဒာဟံ ဒဿယိဿာမိ၊ ဗုဒ္ဓဗလံ အနုတ္တရံ။
စက်မံ မာပယိဿာမိ၊ နဘေ ရတနမဏ္ဍိတံ—

ဟူ၍ မိန့်ဆိုတော်မူကြကုန်၏။

ဂါထာတို့၏ အနက်ကား—

ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ မမ၊ ငါ၏။ ဧတေ ဉာတိအာဒယော၊ ထိုဆွေမျိုး အစရှိကုန်သော။ သဒေဝမာနုသာ၊ နတ်နှင့် တကွသော လူအပေါင်းတို့သည်။ မယာ၊ ငါသည်။ ဗုဒ္ဓဗလေ စ၊ ဘုရားအားတော်ကိုလည်းကောင်း။ ဣဒ္ဓိဗလေ စ၊ တန်ခိုးအစွမ်းအားကိုလည်းကောင်း။ အနာဝိကတေ၊ ထင်ရှားမပြုသည်ရှိသော်။ နရုတ္တမော၊ နတ်လူတို့ထက်မြတ်သော။ အယံ ဗုဒ္ဓေါ၊ ဤဘုရားသည်။ ကီဒိသကော၊ အဘယ်သို့သဘောရှိသနည်း။ ဣဒ္ဓိဗလဥ္စ၊ တန်ခိုး စွမ်းအားသည် လည်းကောင်း။ ပညာဗလဥ္စ၊ ပညာ စွမ်းအားသည်လည်းကောင်း။ ကီဒိသံ၊ အဘယ်သို့သဘောရှိသနည်း။ လောကဟိတဿ၊ လူတို့ အစီးအပွားကို ဆောင်တော်မူသော ဘုရားမြတ်၏။ ဉာဏဗလဥ္စ၊ ဉာဏ်တော် စွမ်းအားသည်လည်း။ ကီဒိသံ၊ အဘယ်သို့ သဘောရှိသနည်း။ ဣတိ၊ ဤသို့။ န ဇာနန္တိ၊ မသိကုန်။

ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ မမ၊ ငါ၏။ ဧတေ ဉာတိအာဒယော၊ ထိုဆွေမျိုး အစရှိကုန်သော။ သဒေဝမာနုသာ၊ နတ်နှင့်တကွသောလူအပေါင်းတို့သည်။ နရုတ္တမော၊ လူတို့ထက်မြတ်တော်မူသော။ အယံ ဗုဒ္ဓေါ၊ ဤဘုရားသည်။ ဧဒိသကော၊ ဤသို့သဘောရှိတော်မူ၏။ ဣဒ္ဓိဗလဥ္စ၊ တန်ခိုးစွမ်းအားသည်လည်းကောင်း။ ပညာဗလဥ္စ၊ ပညာစွမ်းအားသည် လည်းကောင်း။ ဧဒိသံ၊ ဤသို့ သဘောရှိ၏။ လောကဟိတဿ၊ လူတို့ အစီးအပွားကို ဆောင်တော်မူသော ဘုရားမြတ်၏။ ဗုဒ္ဓဗလဥ္စ၊ ဉာဏ်တော် စွမ်းအားသည်လည်း။ ဧဒိသံ၊ ဤသို့ သဘောရှိ၏။ ဣတိ၊ ဤသို့။ မယာ၊ ငါဘုရားသည်။ ဗုဒ္ဓဗလေ စ၊ ဘုရားအားတော်ကိုလည်းကောင်း။ ဣဒ္ဓိဗလေ စ၊ တန်ခိုးစွမ်းအားကိုလည်းကောင်း။ အနာဝိကတေ၊ ထင်စွာမပြုလတ်သော်။ န ဇာနန္တိ၊ မသိနိုင်ကုန်။

ဟန္ဒ-ဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါဘုရားသည်။ အနုတ္တရံ၊ အတုမရှိသော။ ဗုဒ္ဓဗလံ၊ ဘုရားစွမ်းအားကို။ ဒဿယိဿာမိ၊ ပြပေအံ့။ ဣတိ၊ ဤသို့။ နဘေ၊

ကောင်းကင်၌။ ရတနမဏ္ဍပံ၊ အလုံးစုံ ဆယ်ပါးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော။ စင်္ကမံ၊ စင်္ကြံကို။ မာပယိဿာမိ၊ ဖန်ဆင်းအံ့။

ဆွေတော်မျိုးတော်တို့အား တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း

ထိုသို့ အကြံ ဖြစ်ပြီးသောအခါ မြတ်စွာဘုရားသည် တစ်သောင်းသော စကြဝဠာတိုက်၌ အလင်းရောင်ကို နှံ့စေ၍ အဘိညာဉ်လျှင် အခြေရှိသော စတုတ္ထစျာန်ကို ဝင်စား၍ ထိုစတုတ္ထစျာန်မှ ထ၍ ဆင်ခြင်သည် ရှိသော် အဓိဋ္ဌာန်စိတ်ဖြင့် ကောင်းကင်သို့ ပျံတက်တော်မူ၍ ထိုဆွေတော်မျိုးတော်တို့၏ ဦးခေါင်းထက်၌ ခြေဖဝါးတော်အစုံမှ အကုန်ပါလာသော မြေမှုန့်ကို ကြဲသကဲ့သို့ များစွာသော လူနတ်ပရိသတ်တို့အလယ်၌ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

မြတ်စွာဘုရား၏ ရေမီးအစုံ အစုံသော တန်ခိုးပြာဋိဟာကို ပြရာ၌ ဉာဏ်တော် ထူးခြားခြင်းသည် အဘယ်နည်း ဟူမူကား—

ကထံ၊ ဤလောက၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယမကပါဋိဟာရိယံ၊ အစုံအစုံသော တန်ခိုးပြာဋိဟာကို။ ကရောတိ၊ ပြုတော်မူ၏။ သာဝကေဟိ၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ သာဝကတို့နှင့်။ အသာဓာရဏံ မဆက်ဆံသည် ဖြစ်၍။ကရောတိ၊ ပြုတော်မူ၏။

၁။ ဥပရိမကာယတော၊ အထက်ကိုယ်တော် တစ်ပိုင်းမှ။ အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ပဝတ္တတိ၊ ဖြစ်၏။

၂။ ဟေဋ္ဌိမကာယတော၊ အောက်ကိုယ်တော် တစ်ပိုင်းမှ။ ဥဒကဓာရာ၊ ရေအလျဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

၃။ ဟေဋ္ဌိမကာယတော၊ အောက်ကိုယ်တော် တစ်ပိုင်းမှ။ အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ပဝတ္တတိ၊ ဖြစ်၏။

၄။ ဥပရိမကာယတော၊ အထက်ကိုယ်တော် တစ်ပိုင်းမှ။ ဥဒကဓာရာ၊ ရေအလျဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

၅။ ပုရတ္ထိမကာယတော၊ ရှေ့ကိုယ်တော် တစ်ပိုင်းမှ။ အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ပဝတ္တတိ၊ ဖြစ်၏။

၆။ ပစ္ဆိမကာယတော၊ နောက်ကိုယ်တော် တစ်ပိုင်းမှ။ ဥဒကဓာရာ၊ ရေအလျဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

၇။ ပစ္ဆိမကာယတော၊ နောက်ကိုယ်တော် တစ်ပိုင်းမှ။ အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ပဝတ္တတိ၊ ဖြစ်၏။

၈။ ပုရိတ္ထိမကာယတော၊ ရှေ့ကိုယ်တော် တစ်ပိုင်းမှ။ ဥဒကဓာရာ၊ ရေအလျဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

၉။ ဒက္ခိဏအက္ခိတော၊ လက်ယာ မျက်စိတော်မှ။ အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ပဝတ္တတိ၊ ဖြစ်၏။

၁၀။ ဝါမအက္ခိတော၊ လက်ဝဲမျက်စိတော်မှ။ ဥဒကဓာရာ၊ ရေအလျဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

၁၁။ ဝါမအက္ခိတော၊ လက်ဝဲမျက်စိတော်မှ။ အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ပဝတ္တတိ၊ ဖြစ်၏။

၁၂။ ဒက္ခိဏအက္ခိတော၊ လက်ယာ မျက်စိတော်မှ။ ဥဒကဓာရာ၊ ရေအလျဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

၁၃။ ဒက္ခိဏကဏ္ဏသောတတော၊ လက်ယာ နားပေါက်တော်မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၁၄။ ဝါမကဏ္ဏသောတတော၊ လက်ဝဲ နားပေါက်တော်မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။

၁၅။ ဝါမကဏ္ဏသောတတော၊ လက်ဝဲ နားပေါက်တော်မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၁၆။ ဒက္ခိဏကဏ္ဏသောတတော၊ လက်ယာနားပေါက်တော်မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။

၁၇။ ဒက္ခိဏနာသိကသောတတော၊ လက်ယာ နှာခေါင်းပေါက်မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၁၈။ ဝါမနာသိကသောတတော၊ လက်ဝဲနှာခေါင်းပေါက်မှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၁၉။ ဝါမနာသိကသောတတော၊မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ပဝတ္တတိ၊၏။

၂၀။ ဒက္ခိဏနာသိကသောတတော၊ မှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၂၁။ ဒက္ခိဏအံသကူဋတော၊ လက်ယာပခုံးစွန်းမှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၂၂။ ဝါမအံသကူဋတော၊ လက်ဝဲပခုံးစွန်းမှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၂၃။ ဝါမအံသကူဋတော၊ လက်ဝဲ ပခုံးစွန်းမှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၂၄။ ဒက္ခိဏအံသကူဋတော၊ လက်ယာပခုံးစွန်းမှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၂၅။ ဒက္ခိဏဟတ္ထတော၊ လက်ယာလက်တော်မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၂၆။ ဝါမဟတ္ထတော၊ လက်ဝဲ လက်တော်မှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၂၇။ ဝါမဟတ္ထတော၊ မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၂၈။ ဒက္ခိဏဟတ္ထတော၊ မှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၂၉။ ဒက္ခိဏပဿတော၊ လက်ယာ နံပါးမှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၃၀။ ဝါမပဿတော၊ လက်ဝဲနံပါးမှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၃၁။ ဝါမပဿတော၊ လက်ဝဲနံပါးမှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ဖြစ်၏။

၃၂။ ဒက္ခိဏပဿတော၊ လက်ယာ နံပါးမှ။ ဥဒကခရော၊ သည်။ ပဝတ္တတိ၊ ၏။

၃၃။ ဒက္ခိဏပါဒတော၊ လက်ယာ ခြေတော်မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၃၄။ ဝါမပါဒတော၊ လက်ဝဲ ခြေတော်မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။

၃၅။ ဝါမပါဒတော၊ မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၃၆။ ဒက္ခိဏပါဒတော၊ မှ။ ဥဒကဓာရာ။ သည်။ ပဝတ္တတိ၊ ၏။

၃၇။ အင်္ဂုလီဟိ၊ လက်ချောင်းတော်တို့မှ။ အဂ္ဂိက္ခန္ဓော၊ သည်၊ ပဝတ္တတိ၊ ၏။

၃၈။ အင်္ဂုလန္တရိကာဟိ၊ လက်ချောင်းကြားတို့မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။

၃၉။ အင်္ဂုလန္တရိကာဟိ၊ တို့မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၄၀။ အင်္ဂုလီဟိ၊ လက်ချောင်းတော်တို့မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။

၄၁။ ဧကေကလောမတော၊ တစ်ချောင်းတစ်ချောင်းသော အမွေးတော်တို့မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၄၂။ လောမကူပတော၊ မွေးတွင်းတော်မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။

၄၃။ လောမကူပတော၊ မွေးတွင်းတော်မှ။ အဂ္ဂိက္ခန္ဓော၊ သည်။ ပဝတ္တတိ၊ ၏။

၄၄။ ဧကေကလောမတော၊ တစ်ချောင်း တစ်ချောင်းသော အမွေးတော်မှ။ ဥဒကဓာရာ၊ သည်။ ပဝတ္တတိ၊ ၏။*

ဤသို့လျှင် ညိုသောရောင်ခြည်တော် ရွှေသော ရောင်ခြည်တော် နီသော ရောင်ခြည်တော် ဖြူသော ရောင်ခြည်တော် မောင်းသော ရောင်ခြည်တော်

---

*ဤ ၄၄-ပါးသော တန်ခိုးပြာဋိဟာကား ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁-မဟာဝဂ် ၆ဝ-ယမက ပါဋိဟာရိယဉာဏကထာ ၉၃။ ၎င်း အဋ္ဌကထာသီ-၂၇၄-၌ လာသည်။

ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော် ခြောက်ပါးတို့ကို ဖြစ်စေလျက် မြတ်စွာဘုရား စင်္ကြံကြွတော်မူသည်ရှိသော် နိမ္မိတဘုရားရှင်သည် ရပ်မူလည်း ရပ်၏၊ ထိုင်မူလည်း ထိုင်၏၊ လျောင်းခြင်းကိုလည်း ပြု၏။ နိမ္မိတဘုရားရှင် လျောင်းခြင်းကို ပြုသည်ရှိသော် မြတ်စွာဘုရားသည် စင်္ကြံ ကြွတော်မူ၏၊ ရပ်မူလည်း ရပ်၏၊ ထိုင်မူလည်း ထိုင်၏။ ဤသို့အားဖြင့် မြတ်စွာဘုရားသည် ရေ မီး အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၏။

ထိုမှတပါးလည်း မြတ်စွာဘုရားသည် တေဇောကသိုဏ်း သမာပတ်ကို ဝင်စားသည် အစွမ်းအားဖြင့်လည်း အထက် ကိုယ်တော်တစ်ပိုင်းမှ မီးပုံကြီးသည် ဖြစ်၏။ အာပေါကသိုဏ်း သမာပတ်ကို ဝင်စားသည် အစွမ်းအားဖြင့်လည်း အောက်ကိုယ်တော်တစ်ပိုင်းမှ ရေအလျဉ်သည်ဖြစ်၏။ ရေအလျဉ်၏ဖြစ်ရာအရပ်မှလည်း မီးပုံကြီးသည် ဖြစ်၏။ မီးပုံကြီးဖြစ်ရာ အရပ်မှလည်း ရေအလျဉ်သည် ဖြစ်၏။ ထို့ကြောင့် "ဟေဋ္ဌိမကာယတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ၊ ဥပရိမကာယတော ဥဒကဓာရာ ပဝတ္တတိ" ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြတော်မူအပ်၏။ ဤသို့ မြတ်စွာဘုရား ရေ မီး အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည် ရှိသော် အလုံးစုံ တစ်သောင်းသော စကြဝဠာသည် တန်ဆာဆင်ခြင်းကို ပြုသောအခါကာလကဲ့သို့ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ခပ်သိမ်းသော လူ နတ် ပြဟ္မာ သတ္တဝါတို့အား အလွန်အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရေ မီး အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို ကောင်းကင်ပြင်၌ ပြတော်မူစဉ် လူအများပေါင်း၏ စိတ်ဖြစ်ခြင်းကို ကြည့်တော်မူ၍ တရားစကား ဟောကြားတော်မူ၏။

မြတ်စွာဘုရားအား နတ် ပြဟ္မာ အပေါင်းတို့ ဖန်ဆင်းအပ်သော စင်္ကြံ၌ ချီးမွမ်းပုံကို ပြခြင်း

၁။ တုဝံ သတ္ထာ စ ကေတူ စ၊ ဓဇော ယူပေါ စ ပါဏိနံ။
ပရာယဏော ပတိဋ္ဌာ စ၊ ဒီပေါ စ ဒွိပဒုတ္တမော။

၂။ ဒသသဟဿိလောကဓာတုယာ၊ ဒေဝတာယော မဟိဒ္ဓိကာ။
ပရိဝါရေတွာ နမဿန္တိ၊[၁] တုဋ္ဌဟဋ္ဌာ ပမောဒိတာ။

၃။ ဒေဝဗြဟ္မာ ဒေဝကညာ စ၊ ပသန္နာ တုဋ္ဌမာနသာ။
ပဉ္စဝဏ္ဏကပုပ္ဖေဟိ၊ ပူဇယန္တိ နရာသကံ။

၄။ ပဿန္တိ တံ ဒေဝသံဃာ၊ ပသန္နာ တုဋ္ဌမာနသာ။
ပဉ္စဝဏ္ဏိကပုပ္ဖေဟိ၊ ပူဇယန္တိ နရာသဘံ။

၅။ အဟော အစ္ဆရိယံ လောကေ၊ အဗ္ဘုတံ လောမဟံသနံ။
န မေဒိသံ ဘူတပုဗ္ဗံ၊ အစ္ဆေရံ လောမဟံသနံ။

၆။ သကသကမှိ ဘဝနေ၊ နိသီဒိတွာန ဒေဝတာ။
ဟသန္တိ တာ မဟာဟာသိတံ[၂]၊ ဒိသွာန စ္ဆေရကံ နဘေ။

၇။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ တိဏပန္ထနိဝါသိနော။
ကတဉ္ဇလီ နမဿန္တိ၊ တုဋ္ဌဟဋ္ဌာ ပမောဒိတာ။

၈။ ယေပိ ဒီဃာယုကာ နာဂါ၊ ပုညဝန္တော မဟိဒ္ဓိကာ။
ပမောဒိတာ နမဿန္တိ၊ ပူဇယန္တိ နရုတ္တမံ။

၉။ သင်္ဂီတိယော ပဝတ္တန္တိ၊ အမ္ဗရေ အနိလဉ္ဇသေ။
စမ္မနဒ္ဓါနိ ဝါဒေန္တိ၊ ဒိသွာနစ္ဆေရကံ နဘေ။

၁၀။ သင်္ခါ စ ပဏဝါ စေဝ၊ အထောပိ ဍိဏ္ဍိမာ ဗဟူ။
အန္တလိက္ခသ္မိံ ပဝဇ္ဇန္တိ၊ ဒိသွာနစ္ဆေရကံ နဘေ။

၁၁။ အဗ္ဘုတော ဝတ နော အဇ္ဇ၊ ဥပ္ပဇ္ဇိ လောမဟံသနော။
ဓုဝမတ္ထသိဒ္ဓိံ လဘာမ၊ ခဏော နော ပဋိပါဒိတော။

၁၂။ ဗုဒ္ဓေါတိ တေသံ သုတွာန၊ ပီတိ ဥပ္ပဇ္ဇိ တာဝဒေ။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကထယန္တာ၊ တိဋ္ဌန္တိ ပဉ္ဇလီကတာ။

၁၃။ ဟိင်္ကာရာ သာဓုကာရာ စ၊ ဥက္ကုဋ္ဌိ သမ္ပဟံသနံ။
ပဇာ စ ဝိဝိဓာ ဂဂနေ၊ ဝတ္တန္တိ ပဉ္ဇလီကတာ။

၁။ န ပဿန္တိ-စာတော်မူ။ ၂။ မဟာဟာသိ-စာတော်မူ။

၁၄။ ဂါယန္တိ စ သေဠေန္တိ စ ဝါဒယန္တိ စ၊
ဘုဇာနိ ပေါဌေန္တိ စ နစ္စယန္တိ စ။
မုဉ္စန္တိ ပုပ္ဖံ ပန ပဉ္စဝဏ္ဏိကံ၊
မန္ဒာရဝံ စန္ဒနစုဏ္ဏမိဿကံ။

၁၅။ ယထာ တုယှံ မဟာဝီရ၊ ပါဒေသု စက္ကလက္ခဏံ။
ဓဇဝဇိရပဋာကံ၊ ဝဍ္ဎမာနကုံသာစိတံ—

ဟူသော ဂါထာတို့ဖြင့် ချီးမွမ်း၏။

၁။ အနက်ကား—သတ္ထာ၊ မျက်မှောက် တမလွန်၌ ဖြစ်သော အကျိုးစီးပွားကိုပြ၍ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။ တုဝံ၊ အရှင်ဘုရားသည်။ ကေတု စ၊ ရှိသေ တုပ်ဝပ်အပ်သည်၏ အဖြစ်ကြောင့် မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူ၏။ ဓဇော စ၊ နိဗ္ဗာန်ကို ရတော်မူခြင်း၌ ထင်ရှားသည်၏ အဖြစ်ကြောင့် တံခွန်သဖွယ်လည်း ဖြစ်တော်မူ၏။ ယူပေါ စ၊ အာသဝက္ခယဉာဏ် အဆုံးရှိသော ဉာဏ်တော်ကို ကောင်းစွာ စိုက်ဆောက်သည်၏ အဖြစ်ကြောင့် ပြာသာဒ်သဖွယ်လည်း ဖြစ်တော်မူ၏။ ပါဏီနံ၊ သတ္တဝါတို့၏။ ပရာယဏော စ၊ လည်လျောင်း ကိုးကွယ်ရာလည်း ဖြစ်တော်မူ၏။ ပတိဋ္ဌာ စ၊ တည်ရာ မြေကြီးသဖွယ်လည်း ဖြစ်တော်မူ၏။ ဒီပေါ စ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌ တည်ရာမရ နစ်မွန်းကုန်သော သတ္တဝါတို့၏ မှီခိုရာ ကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူ၏။ ဒွိပဒုတ္တမော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ထက်သည်း မြတ်တော်မူ၏။ ဣတိ ဤသို့။ ထောမေန္တိ၊ ချီးမွမ်းကုန်၏။

၂။ ဒသ သဟဿိ လောကဓာတုယာ၊ တစ်သောင်းသော လောကဓာတ်၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးအာနုဘော် ရှိကုန်သော။ ဒေဝတာ-ဧယာ၊ နတ်တို့သည်။ တုဋ္ဌဟဋ္ဌာ၊နှစ်သက် ရွှင်လန်းကုန်သည်ဖြစ်၍။ ပမော-ဒိတာ၊ ဝမ်းမြောက်ဝမ်းသာ။ ပရိဝါရေတွာ၊ ခြံရံ၍။ စက်မန္တံ၊ စကြဲကြွတော်မူသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကြကုန်၏။

၃။ တုဋ္ဌမာနသာ၊နှစ်သက် ဝမ်းမြောက်သော နှလုံးရှိကုန်လျက်။ပသန္နာ၊ ကြည်ညိုခြင်းရှိကုန်သော။ ဒေဝတာ စ၊ နတ်သားဘို့သည် လည်းကောင်း။ ဒေဝကညာ စ၊ နတ်သမီးတို့သည်လည်းကောင်း။ နရာသဘံ၊ လူနတ်တို့ထက်

မြတ်တော်မူသော ဘုရားသခင်ကို။ ပဥ္စဝဏ္ဏိကပုပ္ဖေဟိ၊ အဆင်းငါးပါး ရှိသော ပန်းတို့ဖြင့်။ ပူဇယန္တိ၊ ပူဇော်ကုန်၏။

၄။ တုဋ္ဌမာနသာ၊ နှစ်သက်ဝမ်းမြောက်သော နှလုံးရှိကုန်လျက်။ ပသန္နာ၊ ကြည်ညိုခြင်းရှိကုန်သော။ ဒေဝသံဃာ၊ နတ်အပေါင်းတို့သည်။ တံ ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ ပဿန္တိ၊ ဖူးမြင်ကြကုန်၏။ ပဿိတွာ၊ ဖူးမြင်ပြီး၍။ နရာသဘံ၊ နတ်လူ့ဘို့ထက် မြတ်တော်မူသောမြတ်စွာဘုရားကို။ ပဥ္စဝဏ္ဏိကပုပ္ဖေဟိ၊ အဆင်းငါးပါးရှိသော ပန်းတို့ဖြင့်။ ပူဇယန္တိ၊ ပူဇော်ကြကုန်၏။

၅။ ဘော၊ အိုအချင်းတို့။ လောကေ၊ လောကသုံးပါး၌။ အဟော အစ္ဆရိယံ၊ ဩော်-အံ့ဖွယ်ကောင်းစွ။ လောမဟံသနံ၊ ငါ၏ ကြက်သီး မွေးညင်းထခြင်းသည်။ အဗ္ဘုတံ၊ အံ့ဖွယ်ရှိပေစွ။ မေ၊ ငါသည်။ ဤဒိသံ၊ ဤသို့သဘောရှိသော။ လောမဟံသနံ၊ ကြက်သီးမွေးညင်း ထစေနိုင်သော။ အစ္ဆေရံ၊ အံ့ဖွယ်ကို။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကို။ န ဒိဋ္ဌံ၊ မမြင်စဖူး။ ဣတိ၊ ဤသို့။ ဝိမှယန္တိ၊ အံ့သြကြကုန်၏။

၆။ ဒေဝတာ၊ နတ်သား နတ်သမီးတို့သည်။ သကံသကမှိ ဘဝနေ မိမိ မိမိဘုံဗိမာန်၌။ နိသီဒိတွာန၊ နေ၍။ နဘေ အာကာသေ၊ ကောင်းကင်၌။ အစ္ဆေရကံ၊ အံ့ဖွယ်သရဲသော တန်ခိုးပြာဋိဟာကို။ ဒိသွာ၊ မြင်၍။ တာ ဒေဝတာ၊ ထိုနတ်သား နတ်သမီးတို့သည်။ မဟာဟသိတံ၊ သည်းစွာ ရယ်ခြင်းကို။ ဟသန္တိ၊ ရယ်ကုန်၏။

၇။ အာကာသဋ္ဌာ စ၊ အာကာသဇိုဝ်းနတ်တို့သည် လည်းကောင်း။ ဘူမဋ္ဌာ စ၊ ဘူမဇိုဝ်းနတ်တို့သည် လည်းကောင်း။ တိဏပန္ထနိဝါသိနော၊ မြက်ပင်ဖျား ခရီးတို့၌နေကုန်သော နတ်တို့သည်လည်းကောင်း။ တုဋ္ဌဟဋ္ဌာ၊ နှစ်သက် ရွှင်လန်းသောစိတ်ရှိကုန်သည်ဖြစ်၍။ ပမောဒိတာ၊ ဝမ်းမြောက် ဝမ်းသာခြင်း ရှိကုန်သည်ဖြစ်၍။ ကတဉ္စလီ၊ ချီအပ်သော လက်အုပ်ရှိကုန် သည်ဖြစ်၍။ နမဿန္တိ၊ ရှိခိုးကုန်၏။

၈။ ဒီဃာယုကာ၊ ရှည်သော အသက် ရှိကုန်ထသော။ ပုညဝန္တော၊ ကြီးသော ဘုန်းလည်း ရှိကုန်ထသော။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးလည်း ရှိကုန်ထသော။ ယေပိ နာဂါ၊ အကြင်နဂါးတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။

တေ နာဂါ၊ ထိုနဂါးမင်းတို့သည်။ နရုတ္တမံ၊ လူနတ်တို့ထက် မြတ်တော်မူသော ဘုရားသခင်ကို။ ပမောဒိတာ၊ နှစ်သက် ဝမ်းမြောက်သော နှလုံးရှိကုန်သည် ဖြစ်၍။ နမဿန္တိ၊ ရှိလည်း ခိုးကုန်၏။ ပူဇယန္တိ၊ ပူဇော်လည်း ပူဇော်ကုန်၏။

၉။ နဘော၊ ကောင်းကင်၌။ အစ္ဆရကာ၊ တန်ခိုးပြာဋိဟာကို။ ဒိသွာန၊ မြင်၍။ အနိလဥ္ဇသေ၊ လေ၏ ခရီးဖြစ်သော။ အမ္ဗရေ၊ ကောင်းကင်၌။ တထာဂတံ၊ မြတ်စွာဘုရားကို။ ပူဇနတ္ထာယ၊ ပူဇော်ခြင်း အကျိုးငှာ။ သံဂီတိယော၊ နတ်များစုပေါင်း ကောင်းစွာ သီဆိုခြင်းတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ စမ္မနဒ္ဓါနိ၊ သားရေဖြင့် ကြက်အပ်သော တူရိယာတို့ကို။ ဝါဒေန္တိ၊ တီးကုန်၏။ ဝါ၊ မြည်စေကုန်၏။

၁၀။ အထောပိ၊ ထိုမှတပါးလည်း။ သင်္ခါ စ၊ ခရုသင်းတို့ကိုလည်း ကောင်း။ ပဏဝါ စေဝ၊ ထက်စည်တို့ကိုလည်းကောင်း။ ဗဟူ၊ များစွာကုန်သော။ ဍိဏ္ဍိမာ၊ ပတ်သာတို့ကိုလည်းကောင်း။ နဘော၊ ကောင်းကင်၌။ အစ္ဆရကာ၊ တန်ခိုးပြာဋိဟာကို။ ဒိသွာန၊ မြင်ရ၍။ အန္တလိက္ခသ္မိံ၊ ကောင်းကင်၌။ ပဝဇ္ဇန္တိ၊ တီးမှုတ်ကုန်၏။

၁၁။ အဇ္ဇ၊ ယနေ့။သောမဟံသနော- လောမဟံသကရော၊ ကြက်သီး- မွေးညင်းထခြင်းကို ပြုတတ်သော။ အဗ္ဘုတော၊ အံ့ဖွယ်သည်။ ဝတ၊ စင်စစ်။ ဥပ္ပဇ္ဇိနော၊ ဖြစ်ပြီ။ ဓုဝံ၊ မချွတ်။ အတ္ထသိဒ္ဓိံ၊ အကျိုး၏ပြီးစီးခြင်းကို။ လဘာမ၊ ငါတို့ရကုန်အံ့။ နော-အမှာကံ၊ ငါတို့အား။ ခဏော၊ ဘုရား ဖြစ်တော်မူသော သာသနာတော်တွင်း နဝမခဏကို။ ပဋိပါဒိတော၊ ရအပ်ပြီ။

၁၂။ တေသံ ဒေဝါနံ၊ ထိုနတ်သား နတ်သမီးတို့အား။ ဗုဒ္ဓေါတိ၊ ဘုရားဟူသော စကားကို။ သုတွာန၊ ကြား၍။ ပီတိ၊ ငါးပါးသော ပီတိသည်။ တာဝဒေ၊ ထိုကာလ၌။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရား ဘုရားဟူ။ ကထယန္တာ၊ မြည်တမ်းကုန်လျက်။ ပဉ္စလိကတာ၊ ချီအပ်သော လက်အုပ် ရှိကြကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။

၁၃။ ဂဂနေ၊ အထက် ကောင်းကင်၌။ ဝိဝိဓာ၊ အထူးထူးအပြား ပြားကုန်သော။ ပဇာ စ၊ နတ်စသော သတ္တဝါတို့သည်လည်း။ သမ္ပဟံသနံ၊ ကောင်းစွာ ရွှင်လန်းသော။ ဟိံကာရံ၊ ဟိံဟိံဟူသော အသံကို။ ကရောန္တိ၊ ပြုကုန်၏။ သာဓုကာရာ စ၊ ကောင်းချီးပေးသော အသံတို့သည်

လည်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဥက္ကာဒိပ္ပိ၊ ပွဲတင်သံသည်လည်း။ ပဝတ္တတိ၊ ဖြစ်၏။ ပဥ္စလိကတာ၊ နဖူးထိပ်ပြင် လက်အုပ် တင်ခြင်းတို့သည်လည်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

၁၄-၁၅။ မဟာဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား။ ယထာ၊ အကြင်အခြင်းဖြင့်။ တုယှံ၊ အရှင်ဘုရား၏။ ပါဒေသု၊ ခြေတော် နှစ်ဖက် အပြင်တို့၌။ ဓဇ ဝဇိရ ပဋာက ဝဍ္ဍမာနကင်္ကုသစိတံ၊ တံခွန် ဝဇိရစိန် အလံ နသွယ်ပန်း ချွန်းတောင်း စသည်တို့ဖြင့် စီစဉ်အပ်သော။ စက္ကလက္ခဏံ၊ စက်တော် သက္ခဏာသည်။ သောဘတိ၊ တင့်တယ်တော် မူ၏။ ။ဣတိ၊ ဤသို့။ ဗုဒ္ဓဂုဏပ္ပဋိသံယုတ္တံ၊ ဘုရားသခင် ကျေးဇူးတော်နှင့် စပ်သော။ ဂီတံ၊ သီချင်းကို။ ဂါယန္တိ၊ သီကုန်၏။ သေဠေန္တိ၊ လေချွန်ကုန်၏။ ဝါဒယန္တိ၊ တီးမှုတ်ကုန်၏။ ဘုဇာဒိ-ဘုဇော၊ လက်ပန်းပေါက်တို့ကို။ ပေါ့ဌေန္တိ၊ ခတ်ကုန်၏။ နစ္စယန္တိ၊ မိမိလည်းက, သူတပါးတို့ကိုလည်း ကစေကုန်၏။ စန္ဒနစုဏ္ဏမိဿကံ၊ စန္ဒကူးနံ့ သာမှုန့်တို့ဖြင့် ပြွမ်းထသော။ မန္ဒာရဝံ၊ နတ်ပြည်၌ ထင်ရှားဖြစ်သသော။ ပဥ္စဝဏ္ဏိကံ၊ အဆင်းငါးပါး ရှိထသော။ ပုပ္ဖဥ္စ၊ ပန်းကို လည်း။ မုဉ္စန္တိ၊ ကြဲမြောက် ပူဇော်ကြကုန်၏။

ဗုဒ္ဓဝံသ ဒေသနာတော်ကြီးကို လက်ယာတော်ရံ ရှင်သာရိပုတ္တရာ တောင်းပန်ခြင်း

ထိုအခါ ရှည်သော သက်တော်ရှိသည်ဖြစ်၍ တရားစစ်သူကြီး ဖြစ်တော်မူသော လက်ယာတော်ရံ ရှင်သာရိပုတ္တရာ မထေရ်သည် အလွန်အေးမြ ကြည်သင်သည်ဖြစ်၍ ရေကို ဆောင်ခြဲးကို ပြုတတ်သော မိုးတိမ်ရောင် တို့ဖြင့် ထက်ဝန်းကျင် ထိသော အထွတ်ရှိသော, အထူးထူးအပြားပြား ကောင်းသော အနံ့နှင့် ပြည့်စုံသည်ဖြစ်၍ သစ်ပင် ပန်းမန်တို့ဖြင့် ထုံအပ် သော အထွတ်ရှိသော, လွန်မြတ် တင့်တယ် ဆန်းကြယ်သော ဂိဇ္ဈကုဋ် တောင်ထွတ်၌ နေတော်မူစဉ် တစ်သောင်းသော စကြဝဠာတိုက်တို့မှ လာ ကုန်သော နတ်ပြဟ္မာ အပေါင်းတို့ဖြင့် သောင်းသောင်းညာမျှ ခြံရံကြလျက် အတုမရှိသော ဘုရားအသရေတော်ဖြင့် နှိုင်းရှည့်စရာ ဥပမာ မရသော ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် အလုံးစုံ ရတနာဆယ်ပါးဖြင့် ပြီးသော

စင်္ကြံ၌ စင်္ကြံကြွတော်မူသော ဘုရားမြတ်ကို မြင်၍ "ယခုအခါ ငါသည် မြတ်စွာဘုရားသို့ ကပ်၍ ဘုရားတို့ ကျေးဇူးကို ပြတတ်သော ဤဗုဒ္ဓဝင် ဒေသနာကို တောင်းပန်ရမူကား ကောင်းလေစွ"ဟု ကြံ၍ မိမိနှင့် တကွ နေကြကုန်သော ငါးရာသော ရဟန်းတို့ကို စည်းဝေးစေ၏။ ။ထို စည်းဝေး ခြင်း အကြောင်းကို ပြတော်မူလိုသောကြောင့်—

ပဉ္စန္နံ ဘိက္ခုသတာနံ၊ ကတကိစ္စာန တာဒိနံ။
ခီဏာသဝါနံ ဝိမလာနံ၊ ခဏေန သန္နိပါတယိ—

ဟူ၍ ဟောတော်မူအပ်၏။

ကတသစ္စာနံ၊ ပြုအပ်ပြီးသော ကိစ္စရှိကုန်သော။ တာဒိနံ၊ တာဒိကျေးဇူး နှင့် ပြည့်စုံကုန်သော။ ခီဏာသဝါနံ၊ ကုန်ပြီးသော အာသဝေါ ရှိကုန်သော။ ဝိမလာနံ၊ ကိလေသာတည်းဟူသော ကင်းသော အညစ်အကြေး ရှိကုန် သော။ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာကုန်သော ရဟန်းတို့ကို။ ခဏေန၊ ခဏ ချင်းဖြင့်။ သန္နိပါတယိ၊ စည်းဝေးစေပြီ။

ဤသို့လျှင် သစ္စာလေးပါး တရားတို့၌ လေးပါးသောမဂ်တို့ဖြင့် ပိုင်းခြား၍ သိခြင်း ပယ်ခြင်း မျက်မှောက်ပြုခြင်း ပွားစေခြင်းတို့၏ အစွမ်းအားဖြင့် ပြီးပြီးသော တဆယ့်ခြောက်ပါးသော ကိစ္စရှိကုန်သော ကုန်ပြီးသော လေးပါး သော အာသဝေါ ကင်းသောအညစ်အကြေး ဆေးလျှော်အပ်သည် ဖြစ်၍ စင်ကြယ်သော စိတ်ရှိသော ရဟန္တာ ပုဂ္ဂိုလ်တို့ကို စည်းဝေး စေပြီးမှ ထိုရဟန်းတို့ကို စည်းဝေးရခြင်းအကြောင်း, သွားရခြင်း အကြောင်းတို့ကို ပြအံ့သောငှာ—

လောကပ္ပသာဒနံ နာမ၊ ပါဋိဟီရံ နိဒဿယိ။
အမှေပိ တတ္ထ ဂန္တွာန၊ ဝန္ဒိဿာမ မယံ ဇိနံ။

ဧထ သဗ္ဗေ ဂမိဿာမ၊ ပုစ္ဆိဿာမ မယံ ဇိနံ။၊
ကင်္ခံ ဝိနောဒယိဿာမ၊ ပဿိတွာ လောကနာယကံ—

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

အနက်ကား–ယတ္ထ၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ လောကပ္ပသာဒနံ နာမ၊ လောကပ္ပသာဒန မည်သော။ ပါဋိဟီရံ၊ တန်ခိုး ပြာဋိဟာကို။ နိဒဿယိ၊ ပြတော်မူ၏။ တတ္ထ၊ ထိုတန်ခိုးပြာဋိဟာ ပြတော် မူရာအရပ်သို့။ အမေ့ပိ၊ ငါတို့သည်လည်း။ ဂန္တွာ၊ သွား၍။ ဇိနံ၊ မြတ်စွာ ဘုရားကို။ မယံ၊ ငါတို့သည်။ ဝန္ဒိဿာမ၊ ရှိခိုးကုန်အံ့။

ထေ၊ လာလတ်ကုန်လော့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ရဟန်းတို့သည်။ ဂမိဿာမ၊ သွားကြကုန်အံ့။ မယံ၊ ငါတို့သည်။ ဇိနံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိဿာမ၊ မေးလျှောက်ကုန်အံ့။ လောကနာယကံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ပဿိတွာ၊ ဖူးမြင်၍။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိနောဒယိဿာမ၊ ဖျောက်ကုန်အံ့။

ဤသို့ အရှင်သာရိပုတ္တရာ မိန့်တော်မူသည်ရှိသော် ငါးရာသော ရဟန်းတို့ သည် စကားကို နာယူ၍ မိမိ မိမိတို့၏ သပိတ် သင်္ကန်းကို လွမ်းယူလျက် ဆုံးမအပ်ပြီးသော မြင်းကဲ့သို့ ခွဲဖျက်အပ်ပြီးသော ကိလေသာ ရှိသော ဖြတ်အပ်ပြီးသော သံယောဇဉ် အနှောင်အဖွဲ့ ရှိသည် ဖြစ်၍ အလိုနည်းခြင်း ရောင့်ရဲခြင်း ဆိတ်ငြိမ်ရာ၌ နေလေ့ရှိခြင်း လူတို့နှင့် မနီးနှောခြင်း သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏ်အမြင်နှင့် ပြည့်စုံခြင်း ရှိကုန်သော ရဟန္တာ အရှင်မြတ်တို့သည် အဆောတလျင် ဝန်ခံကြကုန်၏။ ထိုသို့ ဝန်ခံကြောင်းကို ပြတော်မူလိုသောကြောင့်–

သာဓူတိ တေ ပဋိဿုတွာ၊ နိပကာ သံဝုတိန္ဒြိယာ။
ပတ္တစီဝရ မာဒါယ၊ တရမာနာ ဥပါဂမုံ–

ဟူသော ဂါထာကို ဟောတော်မူ၏။

သာဓုသဒ္ဒါသည် အာယာစနအနက် သမ္ပဋိစ္ဆနအနက် သမ္ပဟံသန အနက် သုန္ဒရအနက် ဒဠှီကမ္မအနက် အစရှိသည်တို့၌ ထင်မြင်ကုန်၏။

"သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"။ ခန္ဓဝဂ်သံယုတ် ပါဠိတော် အရဟတ္တဝဂ် ပထမသုတ် ၄၅-၌ အာယာစန တောင်းပန်ခြင်းအနက်၌ ဖြစ်၏။

အနက်ကား—နိပကာ၊ ပညာလည်း ရှိကုန်ထသော။ သံဝုတိန္ဒြိယာ၊ ဣန္ဒြိယသံဝရ ၊သီလနှင့်လည်း ပြည့်စုံကုန်ထသော။ တေ၊ ထို ငါးရာသော ရဟန္တာတို့သည်။ ထေရဿ၊ ရှင်သာရိပုတ္တရာ မထေရ်၏။ ဝစနံ၊ စကားကို။ သာဓူတိ၊ကောင်း၏ဟူ၍။ ပဋိဿုတွာ၊ဝန်ခံ၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ တရမာနာ၊ ဆောဆောလျင်လျင်။ ထေရံ၊ ရှင်သာရိပုတ္တရာ မထေရ်သို့။ ဥပါဂမုံ၊ ကပ်လေကုန်၏။

ထိုအခါ ရှင်သာရိပုတ္တရာ အထံသို့ ကပ်၍ သွားကြပြီးသော် ရှင်သာရိပုတ္တရာ အမှူးရှိသော ငါးရာသော ရဟန်းတို့သည် လက်အုပ်ကို ဦးခေါင်းထက် တင်သည်ကို ပြု၍ မြတ်စွာဘုရား၏ စက်ဖြင့် တန်ဆာဆင်အပ်သော ခြေဖဝါးတော် အပြင်တို့၌ တုပ်ဝပ်မြတ်နိုး ရှိခိုးကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သာရိပုတ္တရာမထေရ် အစရှိကုန်သော ငါးရာသော ရဟန်းတို့ စိတ်ဖြစ်ခြင်းကို သိတော်မူ၍ မိမိ၏ ကျေးဇူးတို့ကို ဟောအံ့သောငှါ အားထုတ်တော်မူ၏။ ထိုအကြောင်းကို ပြတော်မူလိုသောကြောင့်—

"သာဓု ဘန္တေတိ ခေါ ေသ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ" ။ စတုက္ကင်္ဂုတ္တရပါဠိတော် ဗြာဟ္မဏဝဂ် ဆဋ္ဌသုတ် ၃၅၆-၌ သမ္ပဒိနဒ္ဓန ဝန်ခံခြင်းအနက်။

"သာဓု သာဓု သာရိပုတ္တ"။ မဟာဝဂ္ဂသံယုတ် ပါဠိတော် နာလန္ဒဝဂ် ဒုတိယသုတ် ၁၀၄-၌ သမ္ပဟံသန ရွှင်ခြင်းအနက်။

"သာဓု ဓမ္မရုစိ ရာဇာ၊ သာဓု ပညာဏဝါ နရော။

သာဓု မိတ္တာန မဒ္ဒုဗ္ဘော၊ ပါပဿာကရဏံ သုခံ"။
ပဏ္ဏာသနိပါတ် ၅၂၇-ဥမ္မာဒန္တီဇာတ်ပါဠိတော်၌ သုန္ဒရအနက်။

"ဝေဠန ဟိ ဗြာဟ္မဏ သုဏောဟိ၊ သာဓုကံ မနသိ ကရောဟိ"။ဝံကင်္ဂုတ္တရ ပါဠိတော် ဗြာဟ္မဏဝဂ် နဝမသုတ် ၁၁၉-၌ သာဓုသဒ္ဒါသည် ဒဠှီကမ္မအနက်၌ ဖြစ်၏။

ဤနေရာ၌ သမ္ပဋိစ္ဆန ဝန်ခံခြင်း အနက်၌ ဖြစ်၏။

သာဓုသဒ္ဒါ၏ အတ္ထုဒ္ဓါရကို သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ် ၁၇၅၊ မူလပဏ္ဏာသ အဋ္ဌကထာ မူလပရိယာယသုတ် ၁၈၊ နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာ ဗုဒ္ဓဝဂ် ပဉ္စမသုတ် ၆၊ သုတ္တနိပါတ် အဋ္ဌကထာ ၇ အင်္ဂုတ္တရဒွါဒသုတ် ၁၄၀၊ ဗုဒ္ဓဝင် အဋ္ဌကထာ ရတနစင်္ကမကဏ္ဍ အဖွင့် သီဟိုဠ်စာ ၄၀-စသည်တို့၌ ဆိုကြကုန်၏။

ဧတေသံ စိတ္တံ မညာယ၊ ဩပမ္မကုသလော မုနိ။
ကမ္ဗွေ့ဒေါ မဟာဝီရော၊ ကထေသိ အတ္တနော ဂုဏံ—

ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား—ဧတေသံ၊ ထိုငါးရာသော မထေရ်မြတ်တို့၏။ စိတ္တံ၊ စိတ်ကို။ အညာယ၊ သိတော်မူ၍။ ဩပမ္မကုသလော၊ နှိုင်းနှည့်ကြောင်း၌ လိမ္မာတော်မူသော။ ကမ္ဗွေ့ဒေါ၊ ခင်သိမ်းသော သတ္တဝါတို့၏ ယုံမှား ခြင်းကို ဖျောက်တတ်သော။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လ ရှိတော် မူသော။ မုနိ၊ ဘုရားသခင်သည်။ အတ္တနော၊ ကိုယ်တော်၏။ ဂုဏံ၊ ကျေးဇူးတော်ကို။ ကထေသိ၊ ဟောတော်မူ၏။

ယခုအခါ၌ မိမိ၏ အကြွင်ကျေးဇူးတို့ကို ဟောတော်မူလို၏။ ထိုကျေးဇူး တို့ကို ပြအံ့သောငှါ—

စတ္တာရော တေ အသင်္ချေယျာ၊ ကောဋိ ယေသံ န နာယတိ။
သတ္တကာယော စ အာကာသော၊ စက္ကဝါဠာ စာနန္တကာ။
ဗုဒ္ဓဉာဏံ အပ္ပမေယျံ၊ န သက္ကာ တေ ဝိဇာနိတုံ—

ဟူ၍ ဟောတော်မူ၏။

ယေသံ အသင်္ချေယျာနံ၊ အကြွင်အသင်္ချေယျတို့၏။ ကောဋိ၊အဆုံးသည်။ တနည်းကား၊အစ အလယ် အဆုံးသည်။ န နာယတိ၊ မထင်။ တေ အသင်္ချေ- ယျာ၊ ထိုအသင်္ချေယျတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ သတ္တကာ- ယော စ၊ သတ္တဝါအပေါင်းသည် လည်းကောင်း။ အာကာသော စ၊ ကောင်းကင်သည် လည်းကောင်း။ စက္ကဝါဠာ စ၊ စကြဝဠာတို့သည် လည်းကောင်း။ အနန္တကာ-အပရိမာဏာ အပ္ပမေယျာ၊ အတိုင်းအရှည်မရှိ မရေ မတွက်နိုင်ကုန်။ ဗုဒ္ဓဉာဏံ၊ သဗ္ဗညုတ ဉာဏ်တော်သည်လည်း။ အပ္ပမေယျံ၊ မရေတွက်နိုင်။ တေ၊ ထိုသို့မရေတွက်နိုင်သော သဗ္ဗညုတ ဉာဏ်စသော လေးပါးတို့ကို။ ဝိဇာနိတုံ၊ သိအံ့သောငှါ။ န သက္ကာ၊ မတတ်ကောင်း။*

---

*ဤဗုဒ္ဓဝင် ပါဠိတော်လာ အသင်္ချေယျ ၄-ပါးကို အမှီပြု၍ အင္ဂုတ္တရ အဋ္ဌကထာ ၁-စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရပဒဘာဇနီ အဖွင့် စာမျက်နှာ နံပါတ် ၁၇၂-၌ အနန္တ ၄-ပါးဟု ပြတော်မူသည်။

မရေတွက်နိုင်သည်ကို အသင်္ချေယျ ဆို၏။ ထိုအသင်္ချေယျသည် မဟာ ကပ်ပေါင်း အသင်္ချေယျ၊ အသင်္ချေယျ ကပ်ပေါင်း အသင်္ချေယျ၊ အန္တရ

ယခုအခါ ဘုရားမြတ်စွာသည် မိမိ၏ တန်ခိုး ဖန်ဆင်းခြင်း၌ ငြိစ်သော အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲရှိကုန်သော နတ်လူတို့အား “ထိုအံ့ဖွယ်သရဲသည် အဘယ်နည်း။ ဤထင်ပင် ထူးသော အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ အဘယ်မှာ ရှိတော့အံ့နည်း”ဟု ငါဘုရား၏ အံ့ဖွယ်သရဲ ထူးကဲသောအဖြင်ကို စင်စစ် နာကြားကြကုန်ဟု တရားဒေသနာကို ပွါးစေတော်မူလိုသည် ဖြစ်၍—

ကိမေတံ အစ္ဆရိယံ လောကေ၊ ယံ မေ ဣဒ္ဓိဝိကုဗ္ဗနံ။
အညေ ဗဟူ အစ္ဆရိယာ၊ အဗ္ဘုတာ လောမဟံသနာ—

ဟူ၍ ဟောတော်မူ၏။

မေ၊ ငါ၏။ ယံဣဒ္ဓိဝိကုဗ္ဗနံ၊ အကြင်တန်ခိုးဖန်ဆင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုတန်ခိုးဖန်ဆင်ခြင်းသည်။ လောကေ၊ လောက၌။ အစ္ဆရိယံကိံ၊ အံ့ဖွယ်ကောင်းလှသည် မဟုတ်ပါလော။ အညေ၊ တန်ခိုးဖန်ဆင်းခြင်းမှ တပါးကုန်သော။ အဗ္ဘုတာ၊ မဖြစ်ဖူးမြဲ ဖြစ်ကုန်သော။ လောမဟံသနာ၊ ကြက်သီးမွေးညင်း ထစေတတ်ကုန်သော။ အစ္ဆရိယာ၊ အံ့ဖွယ်တို့သည်။ ဗဟူ၊ များလှကုန်သေး၏။

ကပ်ပေါင်း အသင်္ချေယျ၊ အာယုကပ်ပေါင်း အသင်္ချေယျ၊ နှစ်ပေါင်းအသင်္ချေယျ၊ လပေါင်းအသင်္ချေယျ၊ သတ္တဝါပေါင်း အသင်္ချေယျ-စသည်ဖြင့် အသင်္ချေယျပေါင်း အမျိုးမျိုး အစားစား အများရှိကြကုန်၏။

အသင်္ချေယျ ရေတွက်နည်းတို့တွင် သုည တရာ့လေးဆယ်ငါးလုံးနှင့်ဂဏန်းတစ်ခုကို အသင်္ချေယ ဟူ၍ အဘိဓာန် ဋီကာ ဂါထာနံပါတ် ၄၇၆-၌ ဆိုသည်။ ၂သုံးနှစ်ပတ်လုံး ကြေဝဋ္ဋာကို ပြည့်စေလျက် ရွာသော မိုးပေါက်ကို အသင်္ချေယျမည်၏ ဟူလည်းကောင်း၊ သုညတစ်ရာ့လေးဆယ်ကို အသင်္ချေယျမည်၏ ဟူလည်းကောင်း၊ အရေအတွက်ကို လွန်သည်၏အဖြစ်ကြောင့် အသင်္ချေယျမည်၏ ဟူ၍လည်းကောင်း၊ သဒ္ဒသာရတ္ထဇာလိနီစာကိုယ် ပါဠိဂါထာနံပါတ် ၂၀၇-၂၁၀။ ၎င်းဋီကာ စာမျက်နှာ ၁၆၀-၌ ဆို၏။

“ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ချိယေ”-ဟူသော ၎င်းငါ့ပါဠိတော် သုမေဓာကထာ၊ စရိယာပိဋက ပါဠိတော်၊ ထေရီအပဒါန် ပါဠိတော်တို့၌ မဟာကပ်ပေါင်း အသင်္ချေယျကိုယူ။ ။စရိယာ ပိဋကဋ္ဌကထာ ပဌမဂါထာအဖွင့် သီဟိုဠ်စာအုပ် မျက်နှာ နံပါတ် ၁၀-၌ ကြည့်ရှုပါကုန်။ အကျယ် မရေးသားသာပြီ။

ယခုအခါ၌ ထိုအံ့ဖွယ်သရဲတို့ကို ပြတော်မူပြန်လိုသည်ဖြစ်၍—

ယဒါဟံ တုသိတေ ကာယေ၊ သန္တုသိတော နာမ တဒါ။
ဒသသဟဿီ သမာဂမ္မ၊ ယာစန္တိ ပဉ္ဇလီ မမံ—

ဟူ၍ ဟောတော်မူ၏။

ယဒါ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ အဟံ၊ ငါသည်။ တိဏ္ဏံ စရိယာနံ၊ သုံးပါးသော စရိယတို့၏။ ကောဋိံ၊ အဆုံးသို့။ ပတွာ၊ ရောက်၍။ ဝေဿန္တရတ္တ-ဘာဝတော၊ ဝေဿန္တရာ မင်းအဖြစ်မှ။ စဝိတွာ၊ စုတေခဲ့၍။ တုသိတေ-တုသိတာသခ်ါတေ၊ တုသိတာ နတ်ပြည်ဟု ဆိုအပ်သော။ ကာယေ၊ နတ်အပေါင်း၌။ သန္တုသိတော နာမ၊ သန္တုသိတ သေတကေတု အမည်ရှိသော နတ်မင်းသည်။ အဟောသိ၊ ဖြစ်၏။ တဒါ တသ္မိံ ကာလေ၊ ထိုသန္တုသိတ သေတကေတုနတ်မင်းဖြစ်သောအခါ၌။ ဒသသဟဿီ၊ ဒသသဟဿီစက္က ဝါဠေသုံ၊ တစ်သောင်းသော စကြာဝဠာတိုက်တို့၌။ ဒေဝတာ၊ နတ်တို့သည်။ သမာဂမ္မ၊ စည်းဝေး၍။ မမံ၊ ငါ့ကို။ ပဉ္ဇလီ၊ လက်အုပ်ချီကြကုန်သည်ဖြစ်၍။ ယာစန္တိ၊ တောင်းပန်ကြကုန်၏။

အကြင်အခါ ငါဘုရားသည် အမျှသုံးဆယ်သော ပါရမီတို့ကို ဖြည့်တော်မူလျက် ငါးပါးသော စွန့်ခြင်းကြီးတို့ကို စွန့်တော်မူ၍ ဆွေတော် မျိုးတော်တို့၏အကျိုးငှါ ကျင့်ခြင်း, လောက၏ အကျိုးငှါ ကျင့်ခြင်း, ဘုရားဖြစ်ရန် အလို့ငှါ ကျင့်ခြင်း, အဆုံးသို့ ရောက်၍ သတ္တ သတက အလှူကြီးကို ပေးတော်မူလျက် ခုနစ်ကြိမ် မြေကြီးကို လှုပ်စေ၍ ဝေဿန္တရာမင်းအဖြစ်မှ စုတေခဲ့သည်ရှိသော် ဒုတိယစိတ်၏ အကြိမ်ဖြင့် တုသိတာဘုံ၌ ဖြစ်၏။ ထိုအခါ သန္တုသိတသေတကေတု နတ်မင်းဖြစ်သည် ရှိသော် တစ်သောင်းသော စကြာဝဠာတိုက်မှလာသော နတ်အပေါင်းတို့သည် စည်းဝေးကုန်၍ ငါ့သို့ ကပ်ကုန်လျက်"အချင်း နတ်သား သင်ကား ဆယ်ပါးသော ပါရမီတို့ကို ဖြည့်တော်မူသဖြင့် သိကြားမင်းစည်းစိမ်ကို တောင့်တ၍လည်း ပါရမီ မဖြည့်။ မာရ်မင်းစည်းစိမ်ကို တောင့်တ၍လည်း ပါရမီ မဖြည့်။ ဗြဟ္မာမင်း စည်းစိမ်ကို တောင့်တ၍လည်း ပါရမီ မဖြည့်။ စကြဝတေး မန္ဓာတ်မင်းတို့ စည်းစိမ်ကို တောင့်တ၍လည်း ပါရမီ မဖြည့်။ လူသုံးပါးကို တရားမယုတ် နိဗ္ဗာန်သို့ ထုတ်ဆောင်ခြင်းငှါ ဘုရားအဖြစ်ကို တောင့်တသဖြင့် ဖြည့်အပ်၏။ အချင်း... နတ်သား.... ထိုကာလကား သင် ဘုရားဖြစ်ခြင်း အခါအခွင့်

သင့်တန်ပြီ''ဟု တောင်းပန်ကြကုန်၏။ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်—

ကာလော ခေါ တေ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ—

ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား—တာ ဒေဝတာ၊ ထိုနတ်သားတို့သည်။ မံ၊ ငါသို့။ ဥပသင်္ကမိတွာ၊ ကပ်လတ်၍။ မဟာဝီရ၊ ကြီးမြတ်သော လုံ့လရှိသော။ ဒေဝ၊ အရှင် အလောင်းနတ်မင်း။ တေ-တဝ၊ သင်နတ်မင်းအား။ ကာလော၊ ဘုရားဖြစ်အံ့သောအခါတန်ပါပြီ။ မာတုကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။ ဥပ္ပဇ္ဇ၊ ပဋိသန္ဓေ တည်နေ ကိန်းအောင်းတော်မူပါလော့။ သဒေဝကံ၊ နတ်နှင့် တကွသော လူအပေါင်းကို။ တာရယန္တော၊ သံသရာတည်းဟူသော ဝဲဩဃမှ ကူးခပ်စေလျက်။ တနည်းကား၊ မဂ်ဖိုလ်တည်းဟူသော တရား၌ တည်စေလျက်။ အမတံ၊ သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဗုဇ္ဈဿု၊ သိတော်မူပါလော့။ ဣတိ၊ ဤသို့။ ယာစန္တိ၊ တောင်းပန်ကြကုန်၏။

"ကာလော ခေါ တေ မဟာဝီရ ။ပ။ အမတံ ပဒံ"
ဂါထာဝယ် တာရယန္တော-ဟူသော ပုဒ်၌
ကယ်တင်ခြင်း အဓိပ္ပါယ်ကို ပြခြင်း

၁။ ဘုရားသခင်သည် ပါရမီဆယ်ပါး အပြား သုံးဆယ် တို့ကို ဖြည့်ကျင့်ဆဲပင် ဖြစ်သော်လည်း ကယ်တင်သည် မည်၏။

၂။ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော် မူပြီး၍ အပြီးသို့ ရောက်သော်လည်း ကယ်တင်သည် မည်၏။

၃။ ဝေဿန္တရာမင်းအဖြစ်မှ စုတေခဲ့၍ တုသိတာနတ်ပြည်၌ပဋိသန္ဓေကို ယူ၍ အနှစ်ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းပတ်လုံး ထို တုသိတာနတ်ပြည်၌ တည်နေသော်လည်းကယ်တင်သည်မည်၏။

၄။ နတ်တို့သည် တောင်းပန်အပ်သည်ဖြစ်၍ ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်ပြီးမှ မဟာမာယာအမည်ရှိသော မိဘုရားကြီးဝမ်း၌ ပဋိသန္ဓေကိုယူလျက် ဆယ်လပတ်လုံး အမိဝမ်း၌ နေသော်လည်း ကယ်တင်သည် မည်၏။

၅။ နှစ်ဆဲ့ကိုးနှစ်တို့ပတ်လုံး အိမ်ယာထောင်သော လူတို့၏ ဘောင်၌ တည်နေသော်လည်း ကယ်တင်သည် မည်၏။

၆။ ရာဟုလာ သတို့သားကို ဖွားမြင်သောနေ့ ဆန္န အမတ်လျှင် အဖော် ရှိသည်ဖြစ်၍ ကဏ္ဍကမြင်းတော်ကို စီးလျက် တောထွက်သည် အဆုံး သုံးပြည်ထောင်တို့ကို လွန်၍ အနောမာမြစ်ကမ်း၌ ရဟန်းပြုသော်လည်း ကယ်တင်သည် မည်၏။

၇။ ခြောက်နှစ်တို့ပတ်လုံးဒုက္ကရစရိယာအကျင့်ကို ကျင့်သော်လည်း ကဆုန်လပြည့်နေ့ ဗောဓိမဏ္ဍိုင်သို့ ကပ်လျက် မာရ်နတ်၏ စစ်သည်ကို ပယ်ဖျောက်ပြီးမှ ပဌမယာမ်၌ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့၍ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု ဉာဏ်ကို သုတ်သင်၍ ပစ္ဆိမယာမ်၌ တစ်ဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တို့ကို အနုလုံ ပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်တော်မူ၍ သောတာပတ္တိမဂ်ကို ထိုးထွင်း၍ သိသော်လည်း ကယ်တင်သည် မည်၏။

၈။ သောတာပတ္တိဖိုလ်ခဏ သကဒါဂါမိမဂ်ခဏ သကဒါဂါမိဖိုလ်ခဏ အနာဂါမိမဂ်ခဏ အနာဂါမိဖိုလ်ခဏ အရဟတ္တမဂ်ခဏ အရဟတ္တဖိုလ်ခဏ၌ တည်နေသော်လည်း ကယ်တင်သည်မည်၏။

၉။ အကြင်အခါတစ်ဆယ့်ရှစ်ကုဋေသော ဗြဟ္မာတို့နှင့် တကွ ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားအထူးတို့ကို ပေး၏။ ထိုအခါမှ စ၍လည်း ကယ်တင်သည် မည်၏။

ပဉ္စလောကန ဘုရားဖြစ်ရာ ကြည့်ခြင်းကြီး ငါးပါးကို ပြခြင်း

ထိုအခါ ဘုရားလောင်းသည် နတ်များအပေါင်း တောင်းပန်အပ်သော်လည်း ထိုနတ်သားတို့အား ပဋိညာဉ် ဝန်ခံခြင်းကို မပေးမူ၍ ကာလ, ဒီပ, ဒေသ, ကုလ, ဇနေတ္တိအာယုပရိစ္ဆေဒ တည်းဟူသော ဘုရားပွင့်သော ကာလ, ကျွန်း, အရပ်, အမျိုး အမိရင်း၏ အသက် အပိုင်းအခြား၊ အစွမ်းအားဖြင့် ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူ၏။ ထိုငါးပါးတို့တွင် —

၁။ ဘုရားဖြစ်ချိန် အခါအခွင့် သင့်ပြီလော မသင့်လောဟု ကာလကို ကြည့်တော်မူရာ၌— အနှစ်တစ်သိန်းမှအထက် အသက်ရှိသော ကာလသည် ဘုရားတို့ပွင့်ရာ ကာလမဟုတ်။ အဘယ်ကြောင့်နည်း ဟူမူကား— ပဋိသန္ဓေနေခြင်း သေခြင်း စသည်တို့၏ မထင်ရှားသောကြောင့် ဘုရားပွင့်ရာကာလ မဟုတ်။ မြတ်စွာဘုရားတို့ တရားဟောခြင်း မည်သည်လည်း လက္ခဏာရေး သုံးပါးမှ လွတ်သောမည်သည် မရှိ။ အနိစ္စ ဒုက္ခ အနတ္တဟု ဟောတော်မူကုန်သော်လည်း အဘယ်ကြောင့် ဟောလေကုန်သနည်းဟု မယုံကြည်နိုင်ကြကုန်။ ထိုသို့ မယုံကြည်နိုင်ခြင်းကြောင့် သတ္တဝါလေးပါး တရားကိုမသိ။ ထိုသို့ မသိသည်ရှိသော် ဝဋ္ဋဆင်းရဲမှ မထွက်မြောက်စေ တတ်သော သာသနာသည် ဖြစ်၏။ ထို့ကြောင့် အနှစ်တစ်သိန်းမှလွန်သော ကာလသည် ဘုရားပွင့်ရာ အခါမဟုတ်။ ။အနှစ်တစ်ရာအောက် ယုတ်သော အသက်ရှိသော ကာလသည်လည်း ဘုရားပွင့်ရာ ကာလမဟုတ်။ အဘယ့်ကြောင့်နည်း ဟူမူကား– ထိုအသက်တိုသော ကာလ၌ သတ္တဝါတို့သည် ကိလေသာ ပြောကုန်၏။ ထိုပြောသော ကိလေသာရှိသော သတ္တဝါတို့အား ဘုရားဩဝါဒ ပေးသော်လည်း ဩဝါဒအရာ၌ မတည်နိုင်။ ထို့ကြောင့် အသက်တိုသော ကာလသည်လည်း ဘုရားပွင့်ရာကာလ မဟုတ်။ အနှစ်တစ်သိန်းမှစ၍ အောက်၌ အနှစ်တစ်ရာအထက် အသက်ရှိသော ကာလသည် ဘုရားပွင့်ရာ ကာလမည်၏။ ယခု ငါတို့ဘုရားလက်ထက် လူတို့အသက်ကား အနှစ်တစ်ရာ ရှိ၏။ ထိုအခါ ဘုရားလောင်းသည် ဘုရားဖြစ်ထိုက်သော ကာလတည်းဟု မြင်တော်မူလေ၏။

၂။ ထို့နောက်မှ ကျွန်းကို ကြည့်တော်မူသည်ရှိသော် ဇမ္ဗူဒိပ်ကျွန်း၌သာ ဘုရားတို့ပွင့်မြဲ ဓမ္မတာတည်းဟု ကျွန်းကို မြင်တော်မူလေ၏။

၃။ ထို့နောက်မှ ဇမ္ဗူဒိပ်ကျွန်း မည်သည်ကား ယူဇနာ တစ်သောင်း အတိုင်းအရှည် ရှိသောကြောင့် ကျယ်၏။ အဘယ်မည်သော အရပ်၌ ဘုရားရှင်တို့ ပွင့်ကုန်သနည်းဟု အရပ်ကို ကြည့်တော်မူသည်ရှိသော် မဇ္ဈိမဒေသကို မြင်တော်မူလေ၏။

၄။ ထို့နောက်မှ အမျိုးကို ကြည့်တော်မူသည်ရှိသော် ဘုရားတို့ မည်သည် လူတို့ မြတ်သည်ဟု သမုတ်အပ်သော အမျိုး၌ ဖြစ်ကုန်၏။ ယခု အခါ မင်းမျိုးမြတ်သည်ဟု လူတို့သမုတ်အပ် ချီးမွမ်းအပ်၏။ ထိုမင်းမျိုးဝယ် သုဒ္ဓေါဒန မည်သော မင်းသည် ငါ့ခမည်းတော် ဖြစ်လတ္တံ့ဟု အမျိုးကို မြင်တော်မူလေ၏။

၅။ ထို့နောက်မှ မယ်တော်ကို ကြည့်တော်မူသည်ရှိသော် ဘုရား မယ်တော် မည်သည် လျှပ်ပေါ်ခြင်း သေသောက်ကြူးခြင်း ကင်းလျက် ငါးပါးသော သီလကိုလည်း မကျိုးမပျက် အသက်ထက်ဆုံး တည်ရာ၏။ မဟာမာယာ မိဖုရားကြီးကား ဤအင်္ဂါတို့နှင့် ပြည့်စုံ၍ ငါ၏ မယ်တော် ဖြစ်လတ္တံ့ဟု မြင်တော်မူ၏။ ထိုမိဖုရားကြီး၏ အသက် အဘယ်မျှနည်းဟု ဆင်ခြင်သည်ရှိသော် ဆယ်လ၏အထက် ခုနစ်ရက်သာဟု မြင်တော်မူ၏။

ဤသို့လျှင် ငါးပါးသော ကြည့်ခြင်းကြီးတို့ဖြင့် ကြည့်တော်မူပြီးမှ "အချင်းနတ်သားတို့ ငါ ဘုရား ဖြစ်အံ့သောငှာ အခါတန်ပြီ"ဟု နတ်တို့အား ပဋိညာဉ်ကို ပေးတော်မူ၍ ထိုတုသိတာနတ်ပြည်၌ အသက် အတိုင်း တည်လျက် စုတေခဲ့ပြီးမှ သာကီဝင်မင်းမျိုး တန်ခိုးတေဇာ ကြီးမားစွာသော မာယာမိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ ယူတော်မူလေ၏။ ထိုအကြောင်းကို ပြလိုသောကြောင့်—

တုသိတာ ကာယာ စဝိတွာန၊ ယဒါ ဩက္ကမိ ကုစ္ဆိယံ။

ဒသသဟဿီလောကဓာတု၊ ကမ္ပိတ္ထ ဓရဏီ တဒါ။

ယဒါ၊ အကြင်အခါ၌။ တုသိတာ ကာယာ၊ တုသိတာ နတ်ပြည်မှ။ စဝိတွာန၊ စုတေခဲ့၍။ ကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။ ဩက္ကမိ၊ ကိန်းအောင်းတော်မူ၏။ တနည်းကား။ ကုစ္ဆိယံ၊ မယ်တော်ဝမ်းသို့။ ဩက္ကမိ၊ ဝင်တော်မူ၏။ တဒါ၊ ထိုအခါ၌။ ဒသသဟဿီလောကဓာတု၊ တစ်သောင်းသော လောကဓာတ်၌။ ဓရဏီ၊ မြေကြီးသည်။ ကမ္ပိတ္ထ၊ တုန်လှုပ်၏။

မြတ်စွာဘုရား စင်္ကြံကြွလျက် တရားဟောတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် စင်္ကြံ၌ စင်္ကြံ ကြွလျက်လျှင် ဆေးဒန်း မြင်းသီလာ ကျောက်ဖျာအပြင်၌ ဟောက်သော ခြင်္သေ့မင်းကဲ့သို့ လည်းကောင်း၊ လွန်စွာ ရွာသော မိုးကဲ့သို့လည်းကောင်း၊ အာကာသဂင်္ဂါ သက်သကဲ့သို့လည်းကောင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော နာအပ် နှစ်သက် အပ်သော ဗြဟ္မာမင်း၏ အသံ*ကဲ့သို့သော အသံတော်ဖြင့် အထူးထူးသော နည်း, ဆန်းကြယ်သော နည်းတို့ဖြင့် အံ့ချီး၍ မကုန်နိုင် လေးခိုင်သော သစ္စာတရားနှင့် လက္ခဏာရေး သုံးပါးကို ဆောင်သော သာယာလှစွာသော တရားစကားကို ဟောကြားတော်မူ၏။

မြတ်စွာဘုရားသည်လည်း ဖန်ဆင်းအပ်သော စင်္ကြံ၏ အစွန်းတစ်စွန်း သည် အရှေ့စကြဝဠာအဝသို့ ရောက်၏။ တစ်စွန်းကား အနောက်စကြဝဠာ အဝသို့ ရောက်၏။ ထိုမျှလောက်ကျယ်သော ရတနာစင်္ကြံ၌ စင်္ကြံကြွတော် မူသည် ရှိသော် ထိုမြတ်စွာဘုရားသည် အစွန်းတစ်ဖက်သို့ ရောက်ပြီးမှ သာလျှင် တစ်စွန်းသို့ ပြန်ကြွတော်မူ၏။ မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကိုကား မကြံစည်နိုင်။ အာကာနိုဌ ဗြဟ္မာ့ပြည်မှ စ၍ အကြင် မျှလောက် အဝီစိငရဲသည် ရှိ၏။ ထိုမျှလောက်သော အရပ်၌ တပြိုင်နက် အရောင်အလင်းသည် ဖြစ်၏။ အနံမှ တစ်သောင်းသော စကြဝဠာတို့သည် တပြိုင်နက် ဖြစ်ကုန်၏။ နတ်တို့သည် လူတို့ကို မြင်ကုန်၏။ လူတို့သည်လည်း နတ်တို့ကို မြင်ကုန်၏။ ခပ်သိမ်းသော နတ်လူတို့သည် ပြကတေ့အားဖြင့် စင်္ကြံ ကြွတော်မူသော မြတ်စွာဘုရားကို မြင်ကုန်၏။ စင်္ကြံကြွလျက်လျှင် တရားကိုလည်း ဟောတော်မူ၏။ အတိုင်းမသိသော သမာပတ်တို့ကိုလည်း ဝင်စားတော်မူ၏။

ထိုအခါ ရှင်သာရိပုတ္တရာ မထေရ်သည် မနှိုင်းရှည့်နိုင်သော ကာလ ပတ်လုံး ကောင်းစွာ ဆည်းပူးတော်မူအပ်သော ကုသိုလ်၏ အစွမ်းသည် ဖြစ်စေအပ်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာကြီး တို့ဖြင့်တင့်တယ်သော ရှစ်ဆယ်သောလက္ခဏာတော်ငယ် တို့ဖြင့် ထွန်းပသော

---

* ဗြဟ္မာမင်း၏ အသံဝယ် အင်္ဂါရှစ်ပါးကား သုတ်မဟာဝါ ပါဠိတော် ၅-ဇနဝသဘ သုတ်-၁၅၂။ ၆-မဟာဂေါဝိန္ဒသုတ် ၁၆၂-၁၆၄ တို့၌ လာ၏။

မြတ်သော ကိုယ်ရှိတော်မူသော တန်ဆောင်းမုန်းလ သရဒအခါ ပြည့်သော လပြည့်ဝန်းကဲ့သို့လည်းကောင်း, ရွှန်းရွှန်းဝေဝေ အလုံးစုံ ပင်လုံးကျွတ် ပွင့်သော ယူဇနာတစ်ရာ အစောက်ရှိသော ပင်လယ်ကသစ်ပင် ကဲ့သို့ လည်းကောင်း,တစ်ဆဲ့ရှစ်တောင် အစောက်ရှိသော မြတ်သောရွှေတောင် ထွတ်ကဲ့သို့ တစ်လံမျှလောက် ရောင်ခြည်တော်ဝန်းတည်းဟူသော အသရေ ရှိသော နှိုင်းရှည့်စရာ ဥပမာ မရှိသောဘုရား၏ တင့်တယ်ခြင်းဖြင့် စကြဲ ကြွတော်မူသော တစ်သောင်းသော နတ် ဗြဟ္မာ အပေါင်းသည် ခြံရံအပ် သော မြတ်စွာဘုရားကို မြင်လေ၏။ မြင်ပြီး၍လျှင် "ဤအခါသည်ကား အလုံးစုံ တစ်သောင်းသော လောကဓာတ်၌ နေသသူတို့ ညီတူညီမျှစည်းဝေး ကြသောအခါ ဖြစ်၏။ ဤအစည်းအဝေး၌ များမြတ်သော တရားဟောခြင်း ဖြစ်ရာ၏။ ဗုဒ္ဓဝင်ဒေသနာတော်သည်လည်းများသော ကျေးဇူးရှိ၏။ မြတ်စွာ ဘုရား၌ကြည်ညိုခြင်းကိုလည်းဆောင်တတ်၏။ အကယ်၍ ငါသည် မြတ်စွာ ဘုရားအားဘုရားဆုကိုတောင်းသည်မှစ၍ ဗုဒ္ဓဝံသကိုမေးပေအံ့"ဟုကြံလျက် ပခုံးတဘက်၌ လက်ကန်တော့သက်န်း စံပယ်တင်သည်ကို ပြုလျက် မြတ်စွာ ဘုရားသို့ကပ်၍ ဆယ်ချောင်းသော လက်သည်းရောင်တို့ဖြင့် တောက်ပ သော ကြာငုံဖူးနှင့်တူသော လက်အုပ်ကို ဦးခေါင်းထက်တင်လျက် မြတ်စွာ ဘုရားကို မေးလျှောက်၏။ ထို့ကြောင့်—

သာရိပုတ္တော မဟာပညော၊ သမာဓိဈာနကောဝိဒေါ။
ပညာယ ပါရမိပ္ပတ္တော၊ ပုစ္ဆတိ လောကနာယကံ။
ကီဒိသော တေ မဟာဝီရ၊ အဘိနီဟာရော နရုတ္တမ။
ကမှိ ကာလေ တယာ ဝီရ၊ ပတ္ထိတာ ဗောဓိမုတ္တမာ။

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

ပညာယ ပါရမိပတ္တော၊ သာဝက ပါရမီဉာဏ်၏ အပြီးသို့ရောက် ထသော။ တနည်းကား၊ အထွတ်သို့ ရောက်ထသော။ သမာဓိ ဈာနကော- ဝိဒေါ၊သမာဓိဈာန်၌ လိမ္မာတော်မူထသော။ မဟာပညော၊ ကြီးသောပညာ လည်း ရှိတော်မူထသော။ သာရိပုတ္တော၊ ရှင်သာရိပုတ္တရာ မထေရ်သည်။

လောကနာယကံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ပုစ္ဆတိ၊ မေးလျှောက်၏။

မဟာဝီရ၊ ကြီးသော လုံ့လရှိတော်မူသော။ နရုတ္တမ၊ လူတို့ထက်မြတ်တော်မူထသော။ ဘန္တေ၊ ရှင်တော်ဘုရား။ တေ၊ အရှင်ဘုရား၏။ အဘိနီ-ဟာရော၊ ဘုရားဆုကို ပန်ယူခြင်းသည်။တစ်နည်းကား၊ ဘုရားဖြစ်အံ့သောငှာ စိတ်ကို အားထုတ်၍ ဆောက်တည်ခြင်းသည်။ ကီဒိသော၊ အဘယ်သို့ သဘောရှိသနည်း။ ကမှိ ကာလေ-ကသ္မိံ ကာလေ၊ အဘယ်ကာလ၌။ မဟာ-ဝီရ၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား။ တယာ၊ အရှင်ဘုရားသည်။ ဥတ္တမာ၊မြတ်သော။ ဗောဓိ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ ပတ္ထိတာ၊ အလိုရှိတော်မူအပ်သနည်း။

ပါရမီဆယ်ပါးကို မေးလျှောက်ခြင်း

ယခုအခါ၌ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို မေးလိုသည် ဖြစ်၍—

ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယဉ္စ ကီဒိသံ။
ခန္တိ သစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာ စ ကီဒိသာ။
ဒသ ပါရမီ တယာ ဝီရ၊ ကီဒိသီ လောကနာယက။
ကထံ ဥပပါရမီ ပုဏ္ဏာ၊ ပရမတ္ထပါရမီ ကထံ—

ဟု ဟောတော်မူ၏။

ဝီရ၊ ကြီးသောလုံ့လရှိတော်မူသောမြတ်စွာဘုရား။ တယာ၊အရှင်ဘုရားသည်။ဒါနဉ္စ၊ဒါနပါရမီကိုလည်းကောင်း။သီလဉ္စ၊သီလပါရမီကိုလည်းကောင်း။ နေက္ခမ္မဉ္စ၊ နေက္ခမ္မပါရမီကိုလည်းကောင်း။ ပညာ ဝီရိယဉ္စ၊ ပညာပါရမီ ဝီရိယပါရမီကိုလည်းကောင်း။ ကီဒိသံ၊ အဘယ်သို့ ဖြည့်သနည်း။ ခန္တိ သစ္စ-မဓိဋ္ဌာနံ မေတ္တုပေက္ခာစ၊ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီတို့ကို လည်းကောင်း။ ကီဒိသာ၊ အဘယ်သို့ ဖြစ်သနည်း။

ဒသပါရမီ၊ ဆယ်ပါးသော ပါရမီတို့သည်။ ကီဒိသီ၊ အဘယ်သို့သဘော ရှိကုန်သနည်း။ လောကနာယက၊ လူတို့၏ ခရီးညွှန် ဖြစ်တော်မူသော မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့။ ဥပပါရမီ၊ ဥပပါရမီသည်။ ပုဏ္ဏာ၊ ပြည့်ပါသနည်း။ ကထံ၊ အဘယ်သို့။ ပရမတ္ထပါရမီ၊ ပရမတ္ထ ပါရမီသည်။ ပုဏ္ဏာ၊ ပြည့်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်၏။

ထိုဂါထာ၌ ပါရမီဆယ်ပါးတို့တွင် ဒါနပါရမီ၌—

၁။ ရွှေဦးစွာ အင်္ဂါကို စွန့်ခြင်းသည် ပါရမီ[၁] မည်၏။

၂။ ဗာဟိရ ဘဏ္ဍာကို စွန့်ခြင်းသည် ဥပပါရမီ မည်၏။

၃။ အသက်ကို စွန့်ခြင်းသည် ပရမတ္ထပါရမီ မည်၏။

ကြွင်းသော ပါရမီတို့၌လည်း ဤနည်းကို မှတ်အပ်၏။

ဤသို့လျှင် ဆယ်ပါးသော ဒသပါရမီတို့ကိုလည်းကောင်း၊ဆယ်ပါးသော ဒသဥပပါရမီတို့ကိုလည်းကောင်း၊ ဆယ်ပါးသော ဒသပရမတ္ထ ပါရမီတို့ကို လည်းကောင်း ဤအမျှသုံးဆယ်သော ပါရမီတို့သည် ဖြစ်ကုန်၏။ ထိုပါရမီ တို့တွင် ဘုရားအလောင်းသည် ဒါနပါရမီကို ဖြည့်ရာ၌ အတ္တဘောတို့၏ အတိုင်းအရှည်မည်သည် မရှိ။ စင်စစ်သဖြင့်ကား ထိုဘုရားလောင်း ယုန် ပညာရှိဖြစ်သော သသပဏ္ဍိတဇာတ်၌ကား—

ဘိက္ခာယ ဥပဂတံ ဒိသွာ၊ သကတ္တာနံ ပရိစ္စဇိံ။
ဒါနေန မေ သမော နတ္ထိ၊ ဧသာ မေ ဒါနပါရမီ[၂]—

ဟူ၍ ဟောတော်မူ၏။

၁။ ဤပါရမီနှင့် ဥပပါရမီအထူးကို ပြဆိုချက်သည် အရှင်ဗုဒ္ဓဒတ် ရေးသော ဗုဒ္ဓဝင်အဋ္ဌကထာအလို ဖြစ်၏။ အခြားအဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ကား ဗာဟိရဘဏ္ဍာကို စွန့်ခြင်းသည် ပါရမီမည်၏။ ကိုယ်အင်္ဂါကို စွန့်ခြင်းသည် ဥပပါရမီ မည်၏ဟူ၍ ပြဆိုတော်မူကြကုန်၏။

၂။ ဤနေရာ၌ စရိယာပိဋကပါဠိတော် ၃၂၉ ကို ဇာတ်ဆိုလိုသည်။ ညွှန်းသော ဇာတ် ပါဠိတော်၌ ဤဂါထာ မရှိလေ။

ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ ဥပဂတံ၊ ကပ်လာသော ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းကို။ဒိသွာ၊မြင်၍။သကတ္တာနံ၊မိမိကိုယ်ကို။ပရိစ္စဇိံ၊ စွန့်ပြီ။ မေ၊ ငါ၏။ ဒါနေန၊ ဒါနနှင့်။ သမော၊ တူသောမည်သည်။ နတ္ထိ၊ မရှိ။ သော၊ဤသည်ကား။ မေ၊ ငါ၏။ ဒါနပါရမီ၊ ဒါနပါရမီတည်း။

ထိုမှတပါးလည်း သီလပါရမီကို ဖြည့်တော်မူသော ဘုရားလောင်းအား အတိုင်းအရှည်မည်သည် မရှိ။စင်စစ်သဖြင့်ကား ထိုဘုရားလောင်း နဂါးမင်းဖြစ်သော သင်္ခပါလဇာတ်၌ကား—

သူလေဟိ ဝိဇ္ဈယန္တေပိ၊ ကောဋ္ဋယန္တေပိ သတ္တိဟိ။
ဘောဇပုတ္တေ န ကုပ္ပါမိ၊ သော မေ သီလပါရမီ[၁]—

ဟူ၍ ဟောတော်မူ၏။

သူလေဟိ၊ တံကျင်တို့ဖြင့်။ ဝိဇ္ဈယန္တေပိ၊ လျှိုသော်လည်း။ သတ္တိဟိ၊ လှံတို့ဖြင့်။ ကောဋ္ဋယန္တေပိ၊ ထိုးသော်လည်း။ ဘောဇပုတ္တေ၊ မုဆိုးသားတို့ကို။ န ကုပ္ပါမိ၊ အမျက်မထွက်။ သော၊ ဤသည်ကား။ မေ၊ ငါ၏။ သီလပါရမီ၊ သီလပါရမီတည်း။

ထိုမှတပါးလည်း ပြည်ကြီးစည်းစိမ်ကို စွန့်၍ တောထွက်ခြင်း နေက္ခမ္မပါရမီကို ဖြည့်ကုန်သော ဘုရားလောင်းတို့၏ အတိုင်း အရှည်သည်လည်း မရှိ။ စင်စစ်သဖြင့်ကား စူဠသုတသောမဇာတ်၌—

မဟာရဇ္ဇံ ဟတ္ထဂတံ၊ ခေဠပိဏ္ဍံဝ ဆဍ္ဍယိံ။
စဇန္တော န ဟောတိ လဂ္ဂနံ၊ သော မေ နေက္ခမ္မပါရမီ[၂]—

ဟူ၍ ဟောတော်မူ၏။

ဟတ္ထဂတံ၊ လက်သို့ ရောက်ပြီးသော။ မဟာရဇ္ဇံ၊ ပြည်ကြီးစည်းစိမ်ကို။ ခေဠပိဏ္ဍံဝ၊ တံတွေးပေါက်ကဲ့သို့။ ဆဍ္ဍယိံ၊စွန့်ပြီ။စဇန္တော၊ စွန့်သည်ရှိသော်။

၁။ စရိယာပိဋကပါဠိတော် ၃၉၆-၌ လာသော ဂါထာ။

၂။ အဋ္ဌကထာဆရာတို့ ကိုးသော်လည်း စတ္တာလီသ နိပါတ် ၅၂၅၊ စူဠသုတသောမဇာတ်၌ ၎င်းဂါထာကို မတွေ့ချေ။

လဂ္ဂန်၊ ကပ်ငြိခြင်းမည်သည်။ န ဟောတိ၊ မဖြစ်။ သော၊ ဤသည်ကား။ မေ၊ ငါ၏။ နေက္ခမ္မပါရမီ၊ နေက္ခမ္မပါရမီတည်း။

ထိုမှတပါးလည်း မဟောသဓာသုခမိန်ဖြစ်သော ကာလ စသည်၌ ပညာပါရမီကို ဖြည့်တော်မူသော ဘုရားလောင်း၏ အတ္တဘောသည် အတိုင်းအရှည်မရှိ။ စင်စစ်သဖြင့်ကား ထိုဘုရားလောင်းသည် သတ္တုဘသ္တဇာတ် ဝယ် သေနသုခမိန် ဖြစ်သော ကာလ၌—

ပညာယ ဝိစိနန္တောဟံ၊ ဗြာဟ္မဏံ မောစယိံ ဒုက္ခာ။
ပညာယ မေ သမော နတ္ထိ၊ ဧသာ မေ ပညာပါရမီ[၁]—

ဟူ၍ ဟောတော်မူ၏။

အဟံ၊ ငါသည်။ ပညာယ၊ ပညာဖြင့်။ ဝိစိနန္တော၊ ဆင်ခြင်သည်ဖြစ်၍။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ ဒုက္ခာ၊ ဆင်းရဲမှ။ မောစယိံ၊ လွှတ်စေပြီ။ မေ၊ ငါ၏။ ပညာယ၊ ပညာနှင့်။ သမော၊ တူသောမည်သည်။ နတ္ထိ၊ မရှိ။ ဧသာ၊ ဤသည်ကား။ မေ၊ ငါ၏။ ပညာပါရမီ၊ ပညာပါရမီတည်း။

ထိုမှတပါးလည်း ဝီရိယပါရမီကို ဖြည့်သော ဘုရားအလောင်းအား အတ္တဘော၏ အတိုင်းအရှည်သည်လည်းမရှိ။ စင်စစ်သဖြင့်ကား ထိုဘုရားလောင်းဖြစ်သော မဟာဇနကဇာတ်၌—

အတီရဒဿီ ဇလမဇ္ဈေ၊ ဟတာ သဗ္ဗေဝ မာနုသာ။
စိတ္တဿ အညထာ နတ္ထိ၊ ဧသာ မေ ဝီရိယပါရမီ[၂]—

ဟူ၍ ဟောတော်မူ၏။

အတီရဒဿီဇလမဇ္ဈေ၊ ကမ်းကိုမမြင်သော မဟာသမုဒ္ဒရာရေအလယ်၌။ သဗ္ဗေဝ၊ အလုံးစုံကုန်သော။ မာနုသာ၊ လူတို့သည်။ ဟတာ၊ သေပျောက်ကြကုန်၏။ စိတ္တဿ၊ စိတ်၏။ အညထာ၊ တပါးသော အခြင်းအရာ

၁—သတ္တကနိပါတ် ၄၀၂၊ သတ္တုဘသ္တဇာတ်၌ ဂုင်းဂါထာကို မတွေ့ရလေ။
၂—မဟာနိပါတ် ၅၃၉-မဟာဇနကဇာတ်၌ ဂုင်းဂါထာကို မတွေ့ရချေ။

အားဖြင့် ဖြစ်သော ဒေါမနဿသည်။ နတ္ထိ၊ မရှိ။ သော၊ ဤသည်ကား။ မေ၊ ငါ၏။ ဝီရိယပါရမီ၊ ဝီရိယပါရမီတည်း။

ထိုမှတပါးလည်း ခန္တိဝါဒီဇာတ်၌—

အစေတနံဝ ကောဋ္ဋေန္တေ၊ တိဏှေန ဖရသုနာ မမံ။
ကာသိရာဇေ န ကုပ္ပါမိ၊ သော မေ ခန္တိပါရမီ[၁]—

ဟူ၍ ဟောတော်မူ၏။

မမံ၊ ငါ့ကို။ တိဏှေန၊ ထက်လှစွာသော။ ဖရသုနာ၊ ပုဆိန်ဖြင့်။ ကောဋ္ဋေန္တေ၊ ဖြတ်သည်ရှိသော်။ အစေတနံဝ၊ စေတနာ မရှိသကဲ့သို့။ ကာသိရာဇေ၊ ကာသိမင်း၌။ န ကုပ္ပါမိ၊အမျက်မထွက်။ သော၊ဤသည်ကား။ မေ၊ ငါ၏။ ခန္တိပါရမီ၊ ခန္တိပါရမီတည်း။

ထိုမှတပါးလည်း မဟာသုတသောမဇာတ်၌—

သစ္စဝါစံ အနုရက္ခန္တော၊ စဇိတွာ မမ ဇီဝိတံ။
မောစေသိံ ဧကသတခတ္တျေ၊ သော မေ သစ္စပါရမီ[၂]—

ဟူ၍ ဟောတော်မူ၏။

သစ္စဝါစံ၊ သစ္စာစကားကို။ အနုရက္ခန္တော၊စောင့်ရှောက်သည်ဖြစ်၍။ မမ၊ ငါ၏။ ဇီဝိတံ၊ အသက်ကို။ စဇိတွာ၊ စွန့်၍။ ဧကသတခတ္တျေ၊ တစ်ရာ့တစ်ပါး မင်းအများတို့ကို။ မောစေသိံ၊ လွှတ်စေ၏။ သော၊ ဤသည်ကား။မေ၊ငါ၏။ သစ္စပါရမီ၊ ပရမတ္ထသစ္စာပါရမီတည်း။

ထိုမှတပါးလည်း မူဂပက္ခဇာတ်၌—

မာတာ ပိတာ န မေ ဒေဿာ၊ နပိ ဒေဿံ မဟာယသံ။
သဗ္ဗညုတံ ပိယံ မယှံ၊ တသ္မာ ဝတံ အဓိဋ္ဌဟိံ[၃]—

ဟူ၍ ဟောတော်မူ၏။

၁–စတုက္ကနိပါတ် ၃၁၃-ခန္တိဝါဒီဇာတ်၌ ဋ္ဌင်းဂါထာကို မတွေ့ရ။
၂–စရိယာပိဋကပါဠိတော် ၄၀၁ ၌ လာသည်။
၃–စရိယာပိဋကပါဠိတော် ၃၉၉-၌ လာသည်။

မာတာ ပိတာ၊ မိခင် ဖခင် ကျေးဇူးရှင်တို့ကို။ မေ-မယာ၊ ငါသည်။ န ဒေဿ၊ မချစ်သည်မဟုတ်။ မေ၊ ငါ၏။ မဟာယသံ၊ ကြီးစွာသော စည်းစိမ်ကို။ န ဒေဿံ၊ မချစ်သည်မဟုတ်။ မယှံ-မယာ၊ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်ကို။ ပိယံ၊ ချစ်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝတံ၊ အ,ကျွန်ဆုံ,,ကျွန် ဟူသော အကျင့်ကို။ အမိဋ္ဌဟိ ၊ ဆောက်တည်၏။

ထိုမှတပါးလည်း ကေရာဇဇာတ်၌—

န မံ ကောစိ ဥတ္တာသတိ၊ န ပိဟံ ဘာယာမိ ကဿစိ။
မေတ္တာဗလေနုပတ္ထဒ္ဓေါ၊ ရမာမိ ပဝနေ တဒါ[1]—

ဟူ၍ ဟောတော်မူ၏။

မံ၊ ငါ့ကို။ ကောစိ၊ တစ်စုံတစ်ယောက်သော သူသည်။ န ဥတ္တာသတိ၊ မလန့်။ အဟံ၊ ငါသည်။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူအား။ န ဘာယာမိ၊မကြောက်။ မေတ္တာဗလေန၊ မေတ္တာတည်းဟူသောအားသည်။ ဥပတ္ထဒ္ဓေါ၊ ထောက်ပံ့အပ်သည် ဖြစ်၍။ တဒါ၊ ထိုသုဝဏ္ဏသျှံသူမြတ်ဖြစ်လတ်သော အခါ၌။ ပဝနေ၊ တောအုပ်၌။ ရမာမိ၊ မွေ့လျော်၏။

ထိုမှတပါးလည်း လောမဟံသဇာတ်၌—

သုသာနေ သေယျံ ကပ္ပေမိ၊ ဆဝဋ္ဌိကံ ဥပနိဓာယ။
ဂါမဏ္ဍလာ ဥပဂန္တွာ၊ ရူပံ ဒဿေန္တိ အနပ္ပကံ[2]—

ဟူ၍ ဟောတော်မူ၏။

သုသာနေ၊ သုသာန်၌။ ဆဝဋ္ဌိကံ၊ ဦးခေါင်းခွံကို။ ဥပနိဓာယ၊ ခေါင်းအုံးလုပ်၍။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေမိ၊ ပြု၏။ ဂါမဏ္ဍလာ၊ ရွာသူသားငယ်တို့သည်။ ဥပဂန္တွာ၊ ကပ်၍။ အနပ္ပကံ၊ အတိုင်းမသိသော။ ရူပံ၊ အဆင်းကို။ ဒဿေန္တိ၊ ပြကုန်၏။

၁။ စရိယာပိဋကပါဠိတော် သုဝဏ္ဏသာမစရိယ ၄၀၁-တည်း။ ကေရာဇစရိယမဟုတ်။ ထိုထိုအဋ္ဌကထာပါဠိတို့၌ စာမူလွဲလျက် ရှိသည်။
၂။ စရိယာပိဋကပါဠိတော် ၄၀၂-အလာတည်း။

ဤသို့လျှင် ရှာသူ သားငယ်တို့သည် တံတွေးထွေးခြင်း စသည်တို့ဖြင့်လည်းကောင်း,ပန်းနှံ့သာကိုဆောင်ခြင်း စသည်ဖြင့်လည်းကောင်း ချမ်းသာဆင်းရဲကို ဖြစ်စေကုန်သော်လည်း လျစ်လျူရှုခြင်းကို မလွန်သောဘုရားလောင်း၏ ဥပေက္ခာပါရမီသည် ပရမတ္ထပါရမီ မည်၏။

ယခုအခါ၌ ရှင်သာရိပုတ္တရာ မထေရ်သည် မေးအပ်သော မြတ်စွာဘုရား၏ ဖြေခြင်းကို ပြလိုကုန်သော သင်္ဂါယနာတင်ဆရာတို့သည်—

တဿ ပုဋ္ဌော ဝိယာကာသိ၊ ကရဝီက မဓုရဂိရော။
နိဗ္ဗာပယန္တော ဟဒယံ၊ ဟာသယန္တော သဒေဝကံ—

ဟူ၍ မိန့်တော်မူကြကုန်၏။

တေန ဓမ္မသေနာပတိနာ၊ ထိုရှင်သာရိပုတ္တရာ မထေရ်သည်။ ပုဋ္ဌော၊ မေးလျှောက်အပ်သော၊။ ကရဝီက မဓုရဂိရော၊ ကရဝိက်ငှက်မင်း၏ အသံကဲ့သို့ သာယာသော အသံရှိထသော။ ဟဒယံ၊ လူတို့ ပူပန်ခြင်းနှလုံးကို။ နိဗ္ဗာပယန္တော၊ ငြိမ်းစေသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သဒေဝကံ၊ နတ်နှင့်တကွသော လူအပေါင်းကို။ ဟာသယန္တော၊ ရွှင်စေလျက်။ တဿ၊ ထိုရှင်သာရိပုတ္တရာအား။ အတ္တနော၊ ကိုယ်တော်၏။ အဘိနီဟာရတော၊ ဆုတောင်းခြင်းမှ။ ပဋ္ဌာယ၊ စ၍။ အဘိသမ္ဗောဓိ ပရိယောသာနံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တိုင်အောင်။ သဗ္ဗံ၊ အလုံးစုံသော။ ဗုဒ္ဓဝံသံ၊ ဗုဒ္ဓဝင်ဒေသနာတော်ကို။ ဝိယာကာသိ၊ ဟောတော်မူ၏။

ငါးမာရ် အောင်မြင် ဒီပင်္ကရာ စသော ဘုရားရှင်တို့ အစီအစဉ် ဟောကြားတော်မူအပ်သော တရားကိုလည်းကောင်း, ဒီပင်္ကရာ ဘုရားရှင်မှ စ၍ ကဿပ ဘုရားတိုင်အောင် လာလတ်သော ကမ္ဘာ ဇာတိ ဂေါတ္တ စသော အပိုင်းအခြားကို လည်းကောင်း နတ်နှင့် တကွသော လူအပေါင်းတို့ အကျိုးစီးပွားဖြစ်သော ဗုဒ္ဓဝင်ဒေသနာတော်ကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ဟောတော်မူ၏။

ကရဝိက်ငှက်မင်း၏ သာယာသော အသံအကြောင်းကို ပြခြင်း

မြတ်စွာဘုရားသည် ကရဝိက် ငှက်မင်း၏ အသံကဲ့သို့ သာယာသော အသံရှိ၏ဟု ဆိုသော ဥပမာစကား၌ မှတ်သားကြစေခြင်းငှါ ဤဆိုလတ္တံ့သည်ကား ကရဝိက်ငှက်တို့၏ သာယာသော အသံရှိပုံ အခြင်းအရာတည်း။ အဘယ်သို့ သာယာသနည်းဟူမူကား။ ကရဝိက်ငှက်တို့သည် ချိုမြိန်သော အရသာရှိသော သရက်သီးမှည့်ကို နှုတ်သီးဖြင့် ဖောက်၍ ယိုကျသော သရက်သီးအရည်ကို သောက်ပြီးမှ အတောင်ဖြင့် ရိုက်ခတ်လျက် မောင်းကြေးနင်းကဲ့သို့သော အသံကို ပေး၍ တွန်ကျူး မြူးထူးသည်ရှိသော် ထိုသို့ မြူးထူး တွန်ကျူးသော အသံကို ကြားရလျှင်—

၁။ အခြေ လေးချောင်း ရှိသော သတ္တဝါ အစရှိသည် တို့သည် မာန် မာနဖြင့် ယစ်ကူးသကဲ့သို့ စံပယ်ကွန့်မြူးခြင်းငှာ အားထုတ်ကြကုန်၏။

၂။ ကျက်စားလျက် ရှိကြကုန်သော အခြေလေးချောင်းရှိ သတ္တဝါ တို့သည်လည်း ခံတွင်းသို့ ရောက်ကုန်သော မြက် သစ်ရွက် တို့ကို စွန့်၍ ထိုကရဝိက်ငှက် အသံကိုသာ နားကြားကုန်၏။

၃။ ကျားရဲတို့ သားသမင်ကို အစဉ်လိုက်သည် ရှိသော် ကြွချီပြီးသော ခြေကို မချနိုင်မူ၍ အရှိအသေ မပြုသော်လည်း အရှိအသေ ပြုသကဲ့သို့ပင် ရပ်၍ နေကြရ၏။

၄။ ကျားရဲလိုက်၍ ပြေးသော သားသမင်တို့သည်လည်း သေအံ့သော ဘေးကို စွန့်၍ မပြေးဘဲ ရပ်တည်နေကြကုန်၏။

၅။ ကောင်းကင်၌ ပျံကုန်သော ငှက်တို့သည်လည်း အတောင်တို့ကို ဆန့်၍ မခတ်ဘဲ ရပ်တည်ကုန်၏။

၆။ ရေ၌ ကျက်စား သွားလာသော ငါးအပေါင်းတို့ သည်လည်း ပါးဟက် တို့ကို မလှုပ်စေဘဲ ထိုအသံကို နားထောင်လျက် ရပ်တည်ကုန်၏။

ဤသို့လျှင် ကရဝိက်ငှက်မင်း၏ အသံသည် သာယာသော အသံရှိ၏။*

ဤတွင်ရွေ့ကား
ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ရတနာစင်္ကြံ၏ အပိုင်းအခြားကို
ပြရာ ပြကြောင်း ဖြစ်သော အခန်းသည် ပြီး၏။

ခပ်သိမ်းသော အခြင်းအရာအားဖြင့် အဗ္ဘန္တရ နိဒါန်းကား ပြီးပြည့်စုံပြီ။

---

* ဤကရဝိက်ခေါ်သော ဥသြငှက်အထူး၏ တုန်မြူးသောအသံကို အစဉ်လျှောက်၍ သောတာပန်အဖြစ်သို့ ရောက်ဖူးသော သီရိဓမ္မာသောကမင်းကြီး၏ အဂ္ဂမဟေသီ အသန္ဓိမိတ္တာဒေဝီ မိဖုရားကြီး၏ ဝတ္ထုကို သုတ်မဟာဝါ ဋ္ဌကထာ ၁-မဟာပဒါန သုတ်အဖွင့် [၄၀-၁]လည်းကောင်း, မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၄၁-ဗြဟ္မာယုသုတ် အဖွင့်၂၇၉-၈လည်းကောင်း ရှုပါကုန်။

၂-သုမေဓကထာ

ဤ ဗုဒ္ဓဝင်ဝတ္ထုဘော်ကြီး၌ သုတ်ကိုထားခြင်း*

သုတ္တနိက္ခေပလေးပါးကို ပြခြင်း

ယခုအခါ၌—

ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ချေယျေ။
အမရံနာမ နဂရံ၊ ဒဿနေယျံ မနောရမံ—

ဤသို့ အစရှိသော နည်းဖြင့် ဖြစ်သော ဗုဒ္ဓဝင် ဒေသနာတော်၌ အခါ အခွင့် သင့်တင့်ရောက်လာ ပြရာပြကြောင်း ဖြစ်သော သုတ်၏ ထားခြင်းကို စီရင်၍ ဆိုအပ်သည်ရှိသော် ထင်ရှားသည်သာ ဖြစ်ရာ၏။ ထို့ကြောင့် ရှေးဦးစွာ သုတ်၏ထားခြင်း အစီအရင်ကို သိအပ်၏။ ထိုစကား မှန်၏။ သုတ်၏ ထားခြင်းကား လေးပါး အပြားရှိ၏။ ။လေးပါးဟူသော်ကား—

၁။ အတ္တဇ္ဈာသယော၊ ကိုယ်တော်အလိုအားဖြင့် ထားခြင်း။

၂။ ပရဇ္ဈာသယော၊ သူတပါးတို့ အလိုအားဖြင့် ထားခြင်း။

၃။ ပုစ္ဆာဝသိကော၊ ပုစ္ဆာနှင့် စပ်၍ ထားခြင်း။

၄။ အတ္ထုပ္ပတ္တိကော၊ အကြောင်းဖြစ်ပေါ်လာ၍ ထားခြင်း—

ဤသို့အားဖြင့် လေးပါးအပြားရှိ၏။ ။ထိုလေးပါးတို့တွင်—

၁။ အကြင်အကြင် သုတ်တို့ကို မြတ်စွာဘုရားသည် သူတပါးတို့ မတိုက်တွန်းအပ်သည် ဖြစ်၍ သက်သက် ကိုယ်တော်၏ အလိုအားဖြင့် ဟောကြားတော်မူ၏။ အဘယ်သုတ်တို့နည်း ဟူမူကား— အာကင်္ခေယျသုတ် ဝတ္ထသုတ် အစရှိသည်တို့တည်း။ ထိုသုတ်တို့ကို ထားခြင်းသည် မြတ်စွာ ဘုရားကိုယ်တော်တိုင် အလိုရှိ၍ ထားခြင်းမည်၏။

---

* သုတ်ပါဠိတော်တို့ကို ဟောကြားခြင်းကိုပင် "သုတ်ကိုထားခြင်း" ဟု ဆိုသည်။

၂။ "ရာဟုလာ၏ အရဟတ္တဖိုလ်ကို ရင့်စေတတ်သော တရားတို့သည် ရင့်ကြကုန်၏။ ငါသည် ရာဟုလာကို အထက်ဖြစ်သော အာသဝေါတရားတို့ကုန်ရာ အရဟတ္တဖိုလ်၌ ဆုံးမ-ရမူကား ကောင်း၏"ဟု သူတပါးတို့၏ အလိုကို လည်းကောင်း၊ စိတ်၏ နှစ်သက်ခြင်းကို လည်းကောင်း၊ သိလွယ်သော အဖြစ်ကိုလည်းကောင်း ကြည့်၍ သူတပါးတို့ အလိုအားဖြင့် အကြင်သုတ်တို့ကို ဟောအပ်ကုန်၏။ ထိုသုတ်တို့သည် အဘယ်နည်း ဟူမူကား။ ရာဟုလောဝါဒသုတ်, ဓမ္မစက္ကပဝတ္တနသုတ် အစရှိသည်တို့တည်း။ ထိုသုတ်တို့ကို ထားခြင်းသည် သူတပါးတို့ အလိုရှိ၍ ထားခြင်းမည်၏။

၃။ မြတ်စွာဘုရားသို့ ကပ်၍ ထိုထိုလူနတ်တို့ ပြဿနာကို မေးကုန်၏။ ဤသို့ မေးအပ်သော မြတ်စွာဘုရားသည် အကြင်သုတ်တရားတို့ကို ဟောကြားတော်မူအပ်ကုန်၏။ ထိုသုတ်တို့သည် အဘယ်သုတ်တို့နည်းဟူမူကား။ ဒေဝတာသံယုတ်, ဗောဇ္ဈင်္ဂသံယုတ် အစရှိသည်တို့တည်း။ ထိုသုတ်တို့ကို ထားခြင်းသည် ပုစ္ဆာတို့နှင့်စပ်သော ထားခြင်းမည်၏။

၄။ ဖြစ်သော အကြောင်းကို စွဲ၍ အကြင်သုတ်တို့ကို ဟောအပ်ကုန်၏။ ထိုသုတ်တို့သည် အဘယ်နည်းဟူမူကား။ ဓမ္မဒါယာဒသုတ်, ပုတ္တမံသူပမသုတ်* အစရှိသည်တို့တည်း။ ထိုသုတ်တို့ကို ထားခြင်းသည် အကြောင်းရှိ၍ ထားခြင်းမည်၏။

ဤလေးပါးကုန်သော သုတ်ကို ထားခြင်းတို့တွင် ဤဗုဒ္ဓဝင်ဝတ္ထုကို ထားခြင်းသည်ကား ပုစ္ဆာနှင့်စပ်၍ ထားသော သုတ်မည်၏။ ရှင်သာရိ-ပုတ္တရာမထေရ်၏ ပုစ္ဆာအစွမ်းအားဖြင့်သာ ထားအပ်သောကြောင့်တည်း။

အမရဝတီပြည်၌ အလောင်းတော် သုမေဓာပုဏ္ဏား အကြောင်းကို ပြခြင်း

ထိုအမရဝတီပြည်၌ သုမေဓာမည်သော ပုဏ္ဏားသည် နေ၏။ ထိုပုဏ္ဏားသည် ကောင်းမြတ်သော မိဘနှစ်ပါးမှ ဖွားမြင်သောသားတည်း။ စင်ကြယ်သန့်ရှင်းသော အမိဝမ်းတိုက်လည်း ရှိ၏။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်

*ပုတ္တမံသူပမသုတ်ကား နိဒါနသံယုတ် ၇၊ မဟာဝဂ်တတိယသုတ် ၂၆၆-၌ လာ၏။

တိုင်အောင် မပစ်ပယ်အပ်။ ဇာတိဝါဒဖြင့်လည်း သူတပါးတို့ မကဲ့ရဲ့အပ်။ အလွန် အဆင်းလှ၏။ ရှုချင်ဖွယ်လည်း ရှိ၏။ ကြည်ညိုဖွယ်လည်း ရှိ၏။ လွန်မြတ်သောအဆင်း၏ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။ ထိုသုမေဓာသည် နိဃဏ္ဍုကျမ်း ကေဋုဘကျမ်းနှင့်တကွ အက္ခရပ္ပဘေဒကျမ်း ဣတိဟာသကျမ်းတို့ကိုလည်း တတ်၏။ ဗေဒင်သုံးပုံ၌ ကမ်းတစ်ဖက်သို့လည်း ရောက်၏။ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ ပုဒ်၏အစွမ်းအားဖြင့် တတ်ကျွမ်းလိမ္မာ၏။ ထိုသုမေဓာပုဏ္ဏား ငယ်ရွယ်စဉ် ကာလကပင် မိခင် ဖခင်တို့သည် သေခြင်းသို့ ရောက်ကုန်၏။

ထိုအခါ၌ သုမေဓာပုဏ္ဏား၏ ဥစ္စာစပါး ပွားများခြင်းကို ပြုတတ်သော စာရေး အမတ်သည် မှတ်အပ်သော ကမ္ပည်းစာရင်း ရှင်းလင်းသော ပုရပိုက်ပေတို့ကို သေသေချာချာ ကောင်းစွာ ဆောင်ယူခဲ့၍ ရွှေ,ငွေ,ပတ္တမြား, ပုလဲ အစရှိသော အထူးထူးသော ရတနာတို့ဖြင့် ပြည့်သော တိုက်တို့ကို ဖွင့်လှစ်၍ "သတို့သား—ဤမျှလောက်သော ဥစ္စာကား အမိမှလာသော ဥစ္စာတည်း။ ဤမျှလောက်သော ဥစ္စာကား အဘမှလာသော ဥစ္စာတည်း။ ဤမျှလောက်သော ဥစ္စာကား အဘိုးအဘေး အစရှိသည်တို့မှ လာသော ဥစ္စာတည်း"ဟု ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင် ဥစ္စာကို ကြား၍ ဤဥစ္စာကို စီရင်ပါလော့ဟု ဆောက်နှင်း၏။

ထိုသုမေဓာပုဏ္ဏားလည်း စီးပွားကို ပြုတတ်သော စာရေးအမတ်စကားကို ကြားလျှင် ကောင်းပြီဟု ပဋိညာဉ် ဝန်ခံပြီးမှ ကောင်းမှုတို့ကို ပြုလျက်သာ အိမ်၌ နေ၏။ ။ထို့ကြောင့်—

နဂရေ အမရ ဝတိယာ၊ သုမေဓောနာမ ဗြာဟ္မဏော။
နေကကောဋိသန္နိစယော၊ ပဟူတဓနဓညဝါ။
သဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။
လက္ခဏေ ဣတိဟာသေ စ၊ သဓမ္မေ ပါရမိံ ဂတော—

ဟူ၍ ဟောတော်မူ၏။

အမရဝတိယာ၊ အမရဝတီ အမည်ရှိသော။ နဂရေ၊ ပြည်၌။ သုမေဓော နာမ၊ သုမေဓာအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ နေက ကောဋိသန္နိစယော၊ ဆည်းပူး၍ ထားအပ်သော များစွာသော ကုဋေဥစ္စာရှိ၏။ ပဟူတဓန ဓညဝါ၊ များစွာသော ဥစ္စာစပါးလည်း ရှိ၏။

သဇ္ဈာယကော၊ ဗေဒင်ကို သရဇ္ဈာယ်တတ်၏။ မန္တဓရော၊ ဗေဒင်ကို ဆောင်၏။ တိဏ္ဏံဝေဒါနံ၊ ဗေဒင်သုံးပုံတို့၏၊ ပါရဂူ၊ ကမ်းတစ်ဖက်သို့ ရောက်၏။ လက္ခဏေစ၊ လက္ခဏာကျမ်း၌လည်းကောင်း။ ဣတိဟာသေစ၊ ဣတိဟာသကျမ်း၌ လည်းကောင်း။ သဓမ္မေစ၊ မိမိဆရာအတတ်၌လည်းကောင်း။ ပါရမိံ ဂတော၊ အဆုံးအပြီးသို့ ရောက်သည်။ အဟောသိ၊ ဖြစ်၏။

သုမေဓာပုဏ္ဏားနိဗ္ဗာန်ရှာမှီးအံ့ဟုကြံခြင်း

ထိုအခါ တနေ့သ၌ ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သုမေဓာ ပညာရှိဖြစ်သော ပုဏ္ဏားသည် မြတ်သော ပြာသာဒ်ထက်၌ ဆိတ်ကွယ်ရာသို့ ကပ်သည်ဖြစ်၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် အကြံဖြစ်၏။ "တဖန် ဘဝသစ်၌ ပဋိသန္ဓေ နေခြင်းမည်သည် ဆင်းရဲ၏။ ပဝတ္တိ၌ ဖြစ်ခြင်းသည်လည်း ထို့အတူ ဆင်းရဲ၏။ ဖြစ်ရာအရပ်၌ ကိုယ်၏ ပျက်စီးခြင်းသည်လည်း ဆင်းရဲ၏။ ငါသည်လည်း ပဋိသန္ဓေနေခြင်း သဘောရှိ၏။ အိုခြင်း သဘောရှိ၏။ သေခြင်းသဘော ရှိ၏။ ဤသို့ ဖြစ်သဖြင့် ငါသည် ပဋိသန္ဓေ တည်နေခြင်းမရှိရာ,အိုခြင်းမရှိရာ,နာခြင်းမရှိရာ, ချမ်းသာသုခ အေးငြိမ်းလှသော နိဗ္ဗာန်ကို ကေန်ရှာခြင်းငှာ သင့်၏။ ဘဝဖြစ်ခြင်းမှ လွတ်၍ နိဗ္ဗာန်သို့ ရောက်စေတတ်သော တစ်ခုသော ခရီးသည် ဖြစ်ရာ၏" ဟု ကြံ၏။ ထိုကြောင့်ရကား—

ရဟောဂတော နိသီဒိတွာ၊ ဧဝံ စိန္တေသဟံ တဒါ။
ဒုက္ခော ပုနဗ္ဘဝေါ နာမ၊ သရီရဿ စ ဘေဒနံ။
ဇာတိဓမ္မော ဇရာဓမ္မော၊ ဗျာဓိဓမ္မော သဟံ တဒါ။
အဇရံ အမတံ ခေမံ၊ ပရိယေသိဿာမိ နိဗ္ဗုတိံ။
ယန္နူနိမံ ပူတိကာယံ၊ နာနာကုဏပပူရိတံ။
ဆဍ္ဍယိတွာန ဂစ္ဆေယျံ၊ အနပေက္ခော အနတ္ထိကော။
အတ္ထိ ဟေဟိတိ သော မဂ္ဂေါ၊ န သော သက္ကာ အဟေတုယေ။
ပရိယေသိဿာမိ တံ မဂ္ဂံ၊ ဘဝတော ပရိမုတ္တိယာ—

ဟူ၍ ဟောတော်မူအပ်၏။

တဒါ၊ ထိုသုမေဓာပုဏ္ဏား ဖြစ်သော အခါ၌။ အဟံ၊ ငါဘုရားသည်။ ရဟောဂတော၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍။ နိသီဒိတွာ၊ ထိုင်၍။ ဧဝံ၊ ဤသို့။ စိန္တေသိံ၊ ကြံ၏။ ကိံ စိန္တေသိံ၊ အဘယ်သို့ ကြံသနည်းဟူမူကား။ ပုနဗ္ဘဝေါနာမ၊ တဖန် ပဋိသန္ဓေနေခြင်း မည်သည်ကား။ ဒုက္ခော၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ သရီရဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒနဥ္စ၊ ပျက်ခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

တဒါ၊ ထိုသုမေဓာဖြစ်သော အခါ၌။ အဟံ၊ ငါသည်။ ဇာတိဓမ္မော၊ ပဋိသန္ဓေနေခြင်း သဘောရှိသည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ အသိ၊ ဖြစ်၏။ အဇရံ၊ အိုခြင်းမရှိထသော။ အမတံ၊ သေခြင်းမရှိထသော။ ခေမံ၊ ဘေးလည်း မရှိထသော။ နိဗ္ဗုတိံ၊ ငြိမ်းခြင်းဖြစ်သော နိဗ္ဗာန်ကို။ ပရိယေသိဿာမိ၊ ရှာမှီးအံ့။ ဣတိ၊ ဤသို့။ စိန္တေသိံ၊ ကြံ၏။

အဟံ၊ ငါသည်။ နာနာကုဏပပူရိတံ၊ အထူးထူးသော အပုပ်အတိပြည့်ထသော။ ဣမံ ပူတိကာယံ၊ ဤအကောင်ပုပ်ကို။ အနပေက္ခော၊ ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍။ အနတ္ထိကော၊ အလိုမရှိသည်ဖြစ်၍။ ဆဍ္ဍယိတွာန၊ စွန့်၍။ ဂစ္ဆေယျ၊ သွားရမူကား။ ယန္နူန၊ ကောင်း၏။

သော မဂ္ဂေါ၊ ထိုအကောင်ပုပ်စွန့်၍ သွားရာလမ်းခရီးသည်။ အတ္ထိ၊ ရှိသည်။ ဟေဟိတိ၊ ဖြစ်ပါလတ္တံ့။ သော မဂ္ဂေါ၊ ထိုခရီးကို။ အဟေတုယော၊ အကြောင်းမရှိဘဲ။ န သက္ကာ၊ သွားခြင်းငှာ မတတ်ကောင်း။ ဘဝတော၊ ဘဝသုံးပါးမှ။ ပရိမုတ္တိယာ၊ လွတ်မြောက်ခြင်းငှာ။ တံ မဂ္ဂံ၊ ထိုအကောင်ပုပ်ကို စွန့်၍သွားရာလမ်းခရီးကို။ ပရိယေသိဿာမိ၊ ငါရှာတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေသိံ၊ ငါကြံ၏။

သုမေဓာပုဏ္ဏားသည် နိဗ္ဗာန်တရားရှိရာ၏ဟု ဥပမာတို့ဖြင့် ကြံခြင်း

ယခုအခါ မိမိသည် ကြံအပ်သော အမြိုက်နိဗ္ဗာန်ကို ပြီးစေခြင်း ရောက်စေခြင်းငှာ ဥပမာဖြင့် ထင်စွာ ပြလို၍ – "လောက၌ ဆင်းရဲ၏ ဆန့်ကျင်ဘက်ဖြစ်သော ချမ်းသာမည်သည် ရှိရာသကဲ့သို့ ထို့အတူ ဘဝရှိသော်

ထိုဘဝ၏ ဆန့်ကျင်ဘက်ဖြစ်သော ဘဝ၏ကင်းရာ ချမ်းသာသုခသည်လည်း ရှိသည်ဖြစ်ရာ၏။ အပူရှိလျှင်မူလည်း ထိုအပူ၏ ငြိမ်းရာဖြစ်သော ချမ်းအေးခြင်းသည်လည်း ရှိရာသကဲ့သို့,ထို့အတူ ရာဂ စသော မီး၏ ငြိမ်းရာသည် ရှိသည် ဖြစ်ရာ၏။ ။ယုတ်မာသော မကောင်းမှု တရား၏ ဆန့်ကျင်ဘက် ဖြစ်သော ကောင်းသော အပြစ်မရှိသော ကုသိုလ်တရားသည် ရှိရာသကဲ့သို့, ထို့အတူ ယုတ်မာစွာသော ဘဝပဋိသန္ဓေ နေခြင်း ရှိခဲ့သော် အလုံးစုံ ပဋိသန္ဓေ နေခြင်းကို ပယ်တတ်သော ပဋိသန္ဓေ နေခြင်းမရှိသော နိဗ္ဗာန် သည်လည်း ရှိသည်ဖြစ်ရာ၏" ဟု ကြံ၏။ ။ထို့ကြောင့်—

ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ၊ သုခံ နာမာပိ ဝိဇ္ဇတိ။

ဧဝံ ဘဝေ ဝိဇ္ဇမာနေ၊ ဝိဘဝေါ ဣစ္ဆိတဗ္ဗကော။

ယထာပိ ဥဏှေ ဝိဇ္ဇန္တေ၊ အပရံ ဝိဇ္ဇတိ သီတလံ။

ဧဝံ တိဝိဓဂ္ဂိ ဝိဇ္ဇန္တေ၊ နိဗ္ဗာနံ ဣစ္ဆိတဗ္ဗကံ။

ယထာပိ ပါပေ ဝိဇ္ဇန္တေ၊ ကလျာဏမပိ ဝိဇ္ဇတိ။

ဧဝမေဝ ဇာတိ ဝိဇ္ဇန္တေ၊ အဇာတိပိ ဣစ္ဆိတဗ္ဗကံ—

ဟူ၍ ဟောတော်မူ၏။

လောကေ၊ လောက၌။ ဒုက္ခေ၊ ဆင်းရဲခြင်းသည်။ ဝိဇ္ဇန္တေ၊ ရှိသော်။ သုခံနာမ၊ ချမ်းသာခြင်းသည်။ ဝိဇ္ဇတိ ယထာပိ၊ ရှိသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဘဝေ၊ ဖြစ်ခြင်းသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားဖြစ်သည်ရှိသော်။ ဝိဘဝေါ၊ မဖြစ်ခြင်းသဘောကို။ ဣစ္ဆိတဗ္ဗကော၊ အလိုရှိအပ်၏။

ဥဏှေ၊ အပူသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိသော်။ အပရံ၊ တပါးသော။ သီတလံ၊ အချမ်းသည်။ ဝိဇ္ဇတိယထာပိ၊ ရှိရာသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ တိဝိဓဂ္ဂိ၊ သုံးပါး အပြားရှိသော မီးသည်။ ဝိဇ္ဇန္တေ၊ ထင်ရှား ရှိသော်။ နိဗ္ဗာနမ္ပိ၊ သုံးပါး အပြားရှိသော မီး၏ ငြိမ်းရာကိုလည်း။ ဣစ္ဆိတဗ္ဗကံ၊ အလိုရှိအပ်၏။

ပါပေ၊ မကောင်းခြင်းသည်။ [အကုသိုလ်သည်လည်းဟူ]။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိသော်။ ကလျာဏံအပိ၊ ကောင်းခြင်းသည်လည်း။ [ကုသိုလ် သည်လည်းဟူ]။ ဝိဇ္ဇတိယထာပိ၊ ရှိရာသကဲ့သို့။ ဧဝ မေဝ၊ ဤအတူလျှင်။

ဇာတိ ဇာတိယာ၊ ဇာတိသည်။ [ဖြစ်ခြင်းသည်လည်းဟူ]။ ဝိဇ္ဇန္တေ- ဝိဇ္ဇမာနာယ၊ ထင်ရှားရှိသော်။ အဇာတိပိ၊ ဇာတိ၏ ကုန်ရာဖြစ်သော။ [ငြိမ်းရာဖြစ်သောလည်းဟူ]။ နိဗ္ဗာန်ကိုလည်း။ ဣစ္ဆိတဗ္ဗကံ၊ အလိုရှိအပ်၏။

သုမေဓာ ပုဏ္ဏားသည် နိဗ္ဗာန်မရှာမှီးသူတို့၏ အပြစ်ကို ဥပမာဘို့ဖြင့် ကြံခြင်း

ထိုအခါ ငါဘုရားလောင်းသည် တပါးတုံလည်း ကြံတော်မူ၏။ ဥပမာမည်သည်ကား။ မစင်စုဋ္ဌ နစ်သော ယောကျာ်းသည် အဝေးမှ ကြာနီ ကြာဖြူ ကြာပုဏ္ဍရိက် ကြာတံဆိပ်တို့ဖြင့် တန်ဆာဆင်အပ်သော အညစ်အကြေး ကင်း၍ ကြည်လင် သန့်ရှင်းသော ရေရှိသော တစ်ဖက်ဆည်ကန်ကို မြင်သော် ထိုအရပ်သို့ အဘယ်ခရီးဖြင့် သွားရပါအံ့နည်းဟု တစ်ဖက် ဆည်ကန်ကို ရှာခြင်းငှါသင့်၏။ ထိုယောကျာ်းအား အကြင်မရှာခြင်းသည် ရှိ၏။ ထိုအပြစ်ကား တစ်ဖက်ဆည်ကန်၏ အပြစ်မဟုတ်။ မစင်တွင်း၌ မွန်းနစ်သော ယောကျာ်း၏ အပြစ်သာ ဖြစ်သကဲ့သို့ ထို့အတူ ကိလေသာ တည်းဟူသော အညစ်အကြေးကို ဆေးလျှော်ရာဖြစ်သော အမြိုက်နိဗ္ဗာန် တည်းဟူသော ရေကန်ကြီးသည် ထင်ရှားရှိလျက် ထိုယောကျာ်းအား မရှာမှီးခြင်းသည် အမြိုက်နိဗ္ဗာန်ဟု ဆိုအပ်သော တစ်ဖက်ဆည်ကန်ကြီး၏ အပြစ်မဟုတ်။ ယောကျာ်း၏ အပြစ်သာတည်း။

ခိုးသူတို့ ခြံရံအပ်သော ယောကျာ်းသည် ပြေးသွားရာ ခရီးသည် ထင်ရှားရှိပါလျက်လည်း ထိုယောကျာ်းသည် အကယ်၍ မပြေးသည်ဖြစ်အံ့။ ထိုမပြေးသောအပြစ်သည် ခရီး၏အပြစ်မဟုတ်။ ထိုမပြေးသော ယောကျာ်း၏ အပြစ်သာ ဖြစ်သကဲ့သို့ ထို့အတူ ကိလေသာတည်းဟူသော ခိုးသူတို့သည် ခြံရံ၍ ယူအပ်သော ထိုယောကျာ်းအား နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ ရောက်စေတတ်သော ငြိမ်းချမ်းသော ခရီးလမ်းမသည် ထင်ရှားရှိပါလျက် ထိုခရီးကို မရှာမှီးခြင်းသည် ခရီး၏ အပြစ်မဟုတ်။ မရှာမှီးသော ယောကျာ်း၏ အပြစ်သာတည်း။

အနာ နှိပ်စက်သော ယောကျ်ားသည်လည်း ထိုအနာကို ကုစား တတ်သော ဆေးဆရာသည် ထင်ရှားရှိပါလျက် ဆေးသမားကို မရှာမှီးမူ၍ အနာကို အကယ်၍ မကုစားသည်ဖြစ်အံ့။ ထိုအပြစ်သည် ဆေးသမား၏ အပြစ်မဟုတ်။ အနာကို မကုစားသောယောကျ်ား၏ အပြစ်သာ ဖြစ်သကဲ့သို့ ထို့အတူ ကိလေသာတည်း ဟူသော အနာဖြင့် နှိပ်စက်သော အကြင် ယောကျ်ားသည် ကိလေသာ၏ ငြိမ်းရာခရီး၌ လိမ္မာသော ဆရာသည် ထင်ရှားရှိလျက် မရှာမှီး။ ထိုမရှာမှီးသော ယောကျ်ား၏ အပြစ်သာတည်း။ ကိလေသာတည်းဟူသော အနာကို ပျောက်ကြောင်း ဆေးကောင်းသဖွယ် ဆုံးမတတ်သော ဆရာ၏ အပြစ်မဟုတ်ဟု ပြပြန်၏ ထို့ကြောင့်—

ယထာ ဂူထဂတော ပုရိသော၊ တဠာကံ ဒိသွာန ပူရိတံ။
န ဂဝေသတိ တံ တဠာကံ၊ န ဒေါသော တဠာကဿ သော။
ဧဝံ ကိလေသမလဓောဝေ၊ ဝိဇ္ဇန္တေ အမတန္တလေ။
န ဂဝေသတိ တံ တဠာကံ၊ န ဒေါသော အမတန္တလေ။
ယထာ အရီဟိ ပရိရုဒ္ဓေါ၊ ဝိဇ္ဇန္တေ ဂမနမ္ပထေ။
န ပလာယတိ သော ပုရိသော၊ န ဒေါသော အဥ္ဇသဿ[၁] သော။
ဧဝံ ကိလေသပရိရုဒ္ဓေါ၊ ဝိဇ္ဇမာနေ သိဝေ ပထေ။
န ဂဝေသတိ တံ မဂ္ဂံ၊ န ဒေါသော သိဝမဥ္ဇသေ။
ယထာပိ ဗျာဓိတော ပုရိသော၊ ဝိဇ္ဇမာနေ တိကိစ္ဆကေ။
န တိကိစ္ဆာပေတိ တံ ဗျာဓိံ၊ န ဒေါသော သော တိကိစ္ဆကေ။
ဧဝံ ကိလေသဗျာဓီဟိ၊ ဒုက္ခိတော ပရိပီဠိတော။
န ဂဝေသတိ တံ အာစရိယံ၊ န ဒေါသော သော ဝိနာယကေ—

ဟူ၍ ဟောတော်မူ၏။

၁။ "အဥ္ဇသဿ" ဟူ၍ ဇကွဲ၌ တစ်ချောင်းငင်နှင့် ရေးက စာအများ ရှိကြကုန်၏။ "အဥ္ဇ ဂတိယံ၊ အသော"ဟု အဘိဓာနပ္ပဒီပိကာဋီကာ ဂါထာ ၁၆ဝ-အဖွင့်၌ ရှိသောကြောင့် "အဥ္ဇသဿ"ဟူ၍ ဤပါဠိတော်၌ ရှိသင့်၏။
မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော၊ အဥ္ဇသံ ဝဋုမာယနံ၊
နာဝါ ဥတ္တရသေတူ စ၊ ကုလ္လော စ ဘိသိ သင်္ကမော။
စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ် သင်္ဂီယသုတ္တနိဒ္ဒေသ ၁၃၇။ ။ပုဒ်ဂါထာကို သုတ်မဟာဝါ အဋ္ဌကထာ ၉-မဟာသတိပဋ္ဌာန ၂၉၉-မူလပဏ္ဏာသအဋ္ဌကထာ ၁၀-မဟာသတိပဋ္ဌာနသုတ် ၅၁၅၊ မဟာဝဂ္ဂသံယုတ်

ဂူထဂတော၊ မစင်အလိမ်းလိမ်းကပ်သော။ တနည်းကား၊ မစင်စုဠ် နှစ်သော။ ပုရိသော၊ ယောကျ်ားသည်။ ပူရိတံ၊ ရေဖြင့်ပြည့်သော။ တဠာကံ၊ တစ်ဖက်ဆည်ကန်ကို။ ဒိသွာန၊ မြင်၍။ တံ တဠာကံ၊ ထိုရေဖြင့် ပြည့်သော တစ်ဖက်ဆည်ကန်ကို။ န ဂဝေသတိ၊ မရှာမှီးအံ့။ သော ဒေါသော၊ ထိုမရှာ မှီးခြင်း တည်းဟူသော အပြစ်သည်။ တဠာကဿ၊ တစ်ဖက်ဆည်ကန်၏။ န ဒေါသော ယထာ၊ အပြစ်မဟုတ်သကဲ့သို့။

ဧဝံ တထာ၊ ထို့အတူ။ ကိလေသမလဓောဝေ၊ ကိလေသာတည်း ဟူသော အညစ်အကြေးကို ဆေးလျှော်ရာဖြစ်သော။ အမတန္တလေ၊ အမြိုက် နိဗ္ဗာန်တည်းဟူသော ရေကန်ကြီးသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိပါလျက်။ တံ တဠာကံ၊ ထိုအမြိုက်နိဗ္ဗာန်တည်းဟူသော ရေကန်ကြီးကို။ န ဂဝေသတိ၊ မရှာမှီးအံ့။ သော ဒေါသော၊ ထိုမရှာမှီးခြင်း တည်းဟူသော အပြစ်သည်။ အမတန္တလေ-အမတန္တလဿ၊ အမြိုက်နိဗ္ဗာန် တည်းဟူသော ရေကန် ကြီး၏။ န ဒေါသော၊အပြစ်မဟုတ်။ ပုရိသဿေဝ၊ မရှာမှီးသောယောကျ်ား၏ သာလျှင်။ ဒေါသော၊ အပြစ်တည်း။

တနည်းကား။ ဂူထဂတော၊ မစင်စုဠ် နှစ်သော။ ပုရိသော၊ ယောကျ်ား သည်။ ဒူရတော၀၊ အဝေးမှသာလျှင်။ ပူရိတံ၊ ကြာမျိုးငါးပါးဖြင့် တန်ဆာ ဆင်လျက် ကြည်လင်သောရေဖြင့် ပြည့်သော။ တဠာကံ၊ တစ်ဖက်ဆည်ကန် ကို။ ဒိသွာန၊ မြင်လတ်၍။ တံ တဠာကံ၊ ထိုတစ်ဖက်ဆည်ကန်သို့။ ဂတမဂ္ဂံ၊ သွားအံ့သော ခရီးကို။ ကတရေန မဂ္ဂေန၊ အဘယ်ခရီးဖြင့်။ ဂန္တဗ္ဗံ နု ခေါ၊ သွားအပ်မည်နည်း။ ဣတိ၊ ဤသို့။ န ဂဝေသတိ၊ မရှာမှီး။ သော ဒေါသော၊ ထိုမရှာမှီးသော အပြစ်သည်။ တဠာကဿ၊ တစ်ဖက်ဆည်ကန်၏။ န ဒေါသော၊ အပြစ်မဟုတ်။ ပုရိသဿေဝ၊ မရှာမှီးသော ယောကျ်ား၏ သာလျှင်။ ဒေါသော ယထာ၊အပြစ်ဖြစ်သကဲ့သို့။ဧဝမေဝ၊ဤအတူသာလျှင်။ (လ) ဒေါသော၊ အပြစ်တည်း။

အဋ္ဌကထာ ၃-သတိပဋ္ဌာန သံယုတ် ၂၁၁၊ သုတ္တနိပါတ် အဋ္ဌကထာ ၁-ဥရဂဝဂ် ၂-ဓနိယသုတ်၊ ၂၈၊ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ မဟာဝဂ် အာနာပါနဿတိကထာ သီ၊ ၃၃၃၊ ဗုဒ္ဓဝံသအဋ္ဌကထာ ၂-သုမေဓကထာ သိဟိုဠ်စာအုပ် ၅၉၊ နေတ္တိအဋ္ဌကထာ ပဋိနိဒ္ဒေသဝါရ သာသနပဋ္ဌာန ၂၅၆၊ မာဂဓ အဘိဓာန်စာကိုယ် ဘူမိဝဂ် ဂါထာနံပါတ် ၁၉၀၊ သဒ္ဒနီတိ ဓာတုမာလာ ၂၀၁-စသည်တို့၌လည်း ပြကြကုန်၏။

ယော ပုရိသော၊ အကြင် ယောကျ်ားကို။ အရိယ၊ ရန်သူတို့သည်။ တနည်းကား၊ ခိုးသူတို့သည်။ ပရိရုဒ္ဓေါ-ပရိပါရိတော၊ ထက်ဝန်းကျင်မှ ခြံရံ အပ်၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ဂမနမ္ပထေ၊ ပြေးသွားရာ ဖြစ်သော ခရီးသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိလျက်။ တံ မဂ္ဂံ၊ ထိုခရီးလမ်းသို့။ န ပလာယတိ၊မပြေးပြေးအံ့၊ သော ဒေါသော၊ ထိုမပြေးခြင်းတည်းဟူသော အပြစ်သည်။ အဥ္စသာယ၊ခရီး၏။ န ဒေါသော၊ အပြစ်မဟုတ်။ ပုရိသဿေဝ၊ မပြေးသော ယောကျ်ား၏သာလျှင်။ ဒေါသော ယထာ၊ အပြစ်ဖြစ်သကဲ့သို့။

ဧဝမေဝ၊ ဤအတူသာလျှင်။ ကိလေသပရိရုဒ္ဓေါ၊ ကိလေသာတည်း ဟူသော ခိုးသူသည် ခြံရံအပ်သော။ ပုရိသော၊ ယောကျ်ားသည်။ သိဝေ၊ ကိလေသာတို့၏ ငြိမ်းရာဖြစ်သော။ ပထေ၊ နိဗ္ဗာန်တည်းဟူသော ခရီးမသည်။ [နိဗ္ဗာန်သို့သွားရာဖြစ်သော ခရီးမသည်လည်းဟူ]။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိ လျက်။ တံ မဂ္ဂံ၊ ထိုနိဗ္ဗာန်တည်းဟူသော ခရီးမကို။ န ဂဝေသတိ၊ မရှာမှီးအံ့။ သော ဒေါသော၊ ထိုသို့ မရှာမှီးခြင်း တည်းဟူသော အပြစ်သည်။ သိဝ-အဥ္စသော၊ နိဗ္ဗာန်တည်းဟူသောခရီးမ၏။ [နိဗ္ဗာန်ပြည်သို့ သွားရာဖြစ်သော ခရီးမ၏လည်းဟူ]။ န ဒေါသော၊ အပြစ်မဟုတ်။ ပုရိသဿေဝ၊ ယောကျ်ား၏ သာလျှင်။ ဒေါသော၊ အပြစ်တည်း။

ဗျာဓိတော၊ အနာသည်နှိပ်စက်အပ်သော။ ပုရိသော၊ ယောကျ်ားသည်။ တိကိစ္ဆကေ၊ ဆေးသမားသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိလျက်။ တံ ဗျာဓိံ၊ ထိုအနာကို။ န တိကိစ္ဆာပေတိ၊ မကုစေငြားအံ့။ သော ဒေါသော၊ ထို ဆေးမကုစေသော အပြစ်သည်။ တိကိစ္ဆကေ-တိကိစ္ဆကဿ၊ ဆေးသမား၏။ န ဒေါသော၊ အပြစ်မဟုတ်။ တဿ ပုရိသဿေဝ၊ ထိုအနာနှိပ်စက်သော ယောကျ်ား၏သာလျှင်။ ဒေါသော ယထာပိ၊ အပြစ်ဖြစ်သကဲ့သို့။

ဧဝံ တထာ၊ ဤအတူသာလျှင်။ ကိလေသဗျာဓိဟိ၊ ကိလေသာတည်း ဟူသော အနာတို့သည်။ ပတိပီဠိတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ ဒုက္ခိတော၊ ဆင်းရဲသောကိုယ်စိတ်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ တံ အာစရိယံ၊ ထိုဆင်းရဲခြင်းကို ဖျောက်ပေတတ်သော ဆရာကို။ န ဂဝေသတိ၊ မရှာမှီးအံ့။ သော ဒေါသော၊ ထိုမရှာမှီးသောအပြစ်သည်။ ဝိနာယကေ-ဝိနာယကဿ၊

ဆင်းရဲကို ဖျောက်တတ်သော ဆရာ၏။ န ဒေါသော၊ အပြစ်မဟုတ်။ ပုရိသဿေဝ၊ မရှာမှီးသော ယောကျ်ား၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံတော်မူ၏။

သုမေဓာပုဏ္ဏားသည် နိဗ္ဗာန်သွားအံ့ဟု ဥပမာတို့ဖြင့် ကြံခြင်း

ဤသို့ ငါဘုရားလောင်းသည် ကြံတော်မူပြီး၍ ထို့ထက် အလွန်လည်း ကြံတော်မူပြန်၏။ တန်ဆာဆင်အပ်သော အလေ့ရှိသော ယောကျ်ားသည် လည်၌ ကပ်ငြိလျက်ပါသော အကောင်ပုပ်ကိုစွန့်၍ ချမ်းသာရာအရပ်သို့ သွားသကဲ့သို့ ထို့အတူ ငါသည်လည်း ဤအကောင်ပုပ်ကို စွန့်၍ ငဲ့ကွက်ခြင်း မရှိသဖြင့် နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ ဝင်တော့အံ့။

ထိုမှတပါးလည်း မိန်းမယောကျ်ားတို့သည် မစင်မကြယ် စက်ဆုပ်ဖွယ် အမှိုက်ကျသော မြေအရပ်၌ ကျင်ကြီး ကျင်ငယ်ကို စွန့်ပြီးမှ ထိုကျင်ကြီး ကျင်ငယ်ကို ယူ၍ မသွားကုန်။ စင်စစ် စက်ဆုပ်သည် ဖြစ်၍သာလျှင် ကြည့်ခြင်းငှါလည်း အလိုမရှိကုန်။ ငဲ့ကွက်ခြင်း မရှိ လွတ်လွတ် စွန့်၍ သွားကုန်သကဲ့သို့ ထို့အတူ ငါသည်လည်း ဤကိုယ်ခန္ဓာ အကောင်ပုပ်ကို ငဲ့ကွက်ခြင်း မရှိသဖြင့် စွန့်လွှတ်၍ ဘေးခြင်းကင်းရာ နိဗ္ဗာန်တည်းဟူသော မြို့သို့ မချွတ်ဝင်ခြင်းငှာသင့်၏။

လှေသူကြီးတို့ မည်သည်ကား ဆွေးမြည့်ပေါက်ပြဲ ကွဲအက် ရေဝင်သော လှေကို စွန့်၍ ပစ်ပယ်သွားကုန်သကဲ့သို့လည်း ထို့အတူ ငါသည်လည်း ကိုးပေါက်သော အမာဝတို့မှ ယိုထွက်သော ဤကိုယ်အကောင်ကို စွန့်၍ ငဲ့ကွက်ခြင်းမရှိ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ မချွတ်ဝင်တော့အံ့။

တစုံတယောက်သော ယောကျ်ားသည် ပုလဲ ပတ္တမြား ကျောက်မျက်နှင့် အစရှိသော အထူးထူး အပြားပြားသော ရတနာတို့ကို ယူ၍ ခိုးသူတို့နှင့်တကွ ခရီးမသို့ သွားသည် ရှိသော် မိမိရတနာ ပျက်စီးအံ့သော ဘေးကြောင့် ခိုးသူတို့ကို စွန့်၍ ဘေးမရှိသော ခရီးကို ယူသကဲ့သို့ ထို့အတူ ဤကိုယ်သည်လည်း ရတနာကို လုတတ်သော ခိုးသူနှင့် တူ၏။ ငါသည် ဤကိုယ်၌ တပ်ခြင်း စွဲလမ်းခြင်း တဏှာကို အကယ်၍ ပြုသည် ဖြစ်အံ့။ ဤသို့ ပြုသည်ရှိသော် ငါ့အား အရိယာမဂ် တည်းဟူသော

ကုသိုလ်ဓမ္မ တည်းဟူသော ရတနာတို့သည် ပျောက်ကုန်လတ္တံ့။ ထို့ကြောင့် ငါသည် ခိုးသူကြီးနှင့်တူသော ဤကရဇကာယကို စွန့်၍ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ မချွဲဝင်ခြင်းငှါ သင့်၏။ ဤသို့လည်း ကြံတော်မူ၏။ ထို့ကြောင့်—

ယထာပိ ကုဏပံ ပုရိသော၊ ကဏ္ဌေ ဗဒ္ဓံ ဇိဂုစ္ဆိယံ။
မောစယိတွာန ဂစ္ဆေယျ၊ သုခီ သေရီ သယံဝသီ။
တထေဝိမံ ပူတိကာယံ၊ နာနာကုဏပသဉ္စယံ။
ဆဍ္ဍယိတွာန ဂစ္ဆေယျံ၊ အနပေက္ခော အနတ္ထိကော။
ယထာ ဥစ္စာရဋ္ဌာနမှိ၊ ကရီသံ နရနာရိယော။
ဆဍ္ဍယိတွာန ဂစ္ဆန္တိ၊ အနပေက္ခာ အနတ္ထိကာ။
ဧဝ မေဝါဟံ ဣမံ ကာယံ၊ နာနာကုဏပပူရိတံ။
ဆဍ္ဍယိတွာန ဂစ္ဆိဿံ၊ ဝစ္စံ ကတွာ ယထာကုဋိံ။
ယထာပိ ဇဇ္ဇရံ နာဝံ၊ ပလုဂ္ဂံ ဥဒဂါဟိနိံ။
သာမီ ဆဍ္ဍေတွာ ဂစ္ဆန္တိ၊ အနပေက္ခာ အနတ္ထိကာ။
ဧဝ မေဝါဟံ ဣမံ ကာယံ၊ န ဝစ္ဆိဒ္ဒံ ဓုဝဿဝံ။
ဆဍ္ဍယိတွာန ဂစ္ဆိဿံ၊ ဇိဏ္ဏနာဝံဝ သာမိကာ။
ယထာပိ ပုရိသော စောရေဟိ၊ ဂစ္ဆန္တော ဘဏ္ဍမာဒိယ။
ဘဏ္ဍစ္ဆေဒဘယံ ဒိသွာ၊ ဆဍ္ဍယိတွာန ဂစ္ဆတိ။
ဧဝမေဝ အယံ ကာယော၊ မဟာစောရသမော ဝိယ။
ပဟာယိမံ ဂမိဿာမိ၊ ကုသလစ္ဆေဒနာဘယာ–

ဟူ၍ ဟောတော်မူ၏။

မဏ္ဍနဇာတိကော၊ တန်ဆာဆင်တတ်သော သဘောရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ကဏ္ဌေ၊ လည်၌။ ဗဒ္ဓံ၊ ဖွဲ့အပ်သော။ [စွပ်အပ်သောလည်း ဟူ]။ ဇိဂုစ္ဆိယံ၊ စက်ဆုပ်ရွံ့ရှာဖွယ်ရှိသော။ ကုဏပံ၊ အကောင်ပုပ်ကို။ သုခီ၊ ချမ်းသာစွာ နေလိုသည်ဖြစ်၍။ သေရီ၊ အစိုးတရ နေလိုသည်ဖြစ်၍။ သယံဝသီ၊ မိမိအလိုရှိတိုင်းနေလိုသည်ဖြစ်၍။ တနည်းကား၊ သုခီ-သုခတော ချမ်းသာသောအားဖြင့်။ သေရီ ယဒိစ္ဆိ၊ အလိုရှိတိုင်း။ သယံဝသီ၊ မိမိနေလို သည်ဖြစ်၍။ မောစယိတွာန၊ ဖြေ၍။ [ချွတ်၍လည်းဟူ]။ ဂစ္ဆေယျ ယထာ၊ သွားသကဲ့သို့။

တထေဝ၊ ထိုအတူသာလျှင်။ နာနာကုဏပသာဍ္ဍယံ၊ အထူးထူးသော အပုပ်တို့၏ စုဝေးရာ ဖြစ်သော။ ဣမံ ပူတိကာယံ၊ ဤအကောင်ပုပ်ကို။ ဆဍ္ဍယိတွာန၊ စွန့်လတ်၍။ အနပေက္ခော၊ ငဲ့ကွက်ခြင်း မရှိသည် ဖြစ်၍။ အနတ္ထိကော၊ အလိုမရှိသည် ဖြစ်၍။ ဂစ္ဆေယျံ၊ သွားရအံ့။

နရနာရိယော၊ ယောကျ်ား မိန်းမတို့သည်။ ဥစ္စာရဋ္ဌာနမှ၊ ကျင်ကြီး သွားရာအရပ်၌။ ကရီသံ၊ ကျင်ကြီးကို။ ဆဍ္ဍယိတွာန၊ စွန့်၍။ အနပေက္ခာ၊ ငဲ့ကွက်ခြင်း မရှိကုန်သည် ဖြစ်၍။ အနတ္ထိကာ၊ အလိုမရှိကုန်သည် ဖြစ်၍။ ဂစ္ဆန္တိ ယထာ၊ သွားကုန်သကဲ့သို့။

ဧဝမေဝ၊ ဤအတူသာလျှင်။ အဟံ၊ ငါသည်။ ဝစ္စံ၊ ကျင်ကြီးကို။ ကတွာ၊ ပြု၍။ ကုဋိံ၊ ကျင်ကြီးအိမ်ကို။ ဆဍ္ဍယိတွာန၊ စွန့်၍။ ဂစ္ဆန္တိ ယထာ၊ သွားကုန်သကဲ့သို့။ နာနာကုဏပပူရိတံ၊ အထူးထူးသော အပုပ်တို့ဖြင့် ပြည့်သော။ ဣမံ ကာယံ၊ ဤခန္ဓာကိုယ်ကို။ ဆဍ္ဍယိတွာန၊ စွန့်၍။ ဂစ္ဆိဿံ၊ သွားတော့အံ့။

သာမိ၊ လှေရှင်တို့သည်။ ဇဇ္ဇရံ၊ ဆွေးမြည့်ထသော။ ပလုဂ္ဂံ၊ ပျက်စီးထသော။ ဥဒဂါဟိနိံ၊ ရေဝင်ဖျဉ်းဖျဉ်း ယိုထသော။ နာဝံ၊ လှေကို။ ဆဍ္ဍေတွာ၊ စွန့်၍။ အနပေက္ခာ၊ ငဲ့ကွက်ခြင်းမရှိကုန်သည် ဖြစ်၍။ အနတ္ထိကာ၊ အလိုမရှိကုန်သည် ဖြစ်၍။ ဂစ္ဆန္တိ ယထာ၊ သွားကုန်သကဲ့သို့။

ဧဝမေဝ၊ ဤအတူသာလျှင်။ နဝစ္ဆိဒ္ဒံ၊ ကိုးပေါက်သော အပေါက်လည်း ရှိထသော။ ဓုဝဿဝံ၊ အခါခပ်သိမ်း ယိုသော မစင်ရှိထသော။ ဣမံ ကာယံ၊ ဤကိုယ်ကို။ သာမိကာ၊ လှေရှင်တို့သည်။ ဇိဏ္ဏ နာဝံ၊ ဆွေးမြည့်သောလှေကို။ ဆဍ္ဍယိတွာန၊ စွန့်၍။ ဂစ္ဆန္တိ ဣဝ၊ သွားကုန်သကဲ့သို့။ အဟံ၊ ငါသည်။ ဆဍ္ဍယိတွာန၊ စွန့်၍။ ဂစ္ဆိဿံ၊ သွားတော့အံ့။

ဘဏ္ဍံ၊ ဥစ္စာကို။ အာဒိယ၊ ယူ၍။ စောရေဟိ၊ ခိုးသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂစ္ဆန္တော၊ သွားသော။ ပုရိသော၊ ယောကျ်ားသည်။ ဘဏ္ဍစ္ဆေဒဘယံ၊ ဥစ္စာ ပျက်စီးအံ့သောဘေးကို။ [ဥစ္စာကို လုယက်သောကြောင့် ဖြစ်သောဘေးကို သော်လည်းဟူ]။ ဒိသွာ၊ မြင်၍။ တေ စောရေ၊ ထိုခိုးသူတို့ကို။ ဆဍ္ဍယိတွာန၊ စွန့်၍။ ဂစ္ဆတိ ယထာ၊ သွားသကဲ့သို့။

ဝေမေဝ၊ ဤအတူသာလျှင်။ အယံ ကာယော၊ ဤခန္ဓာကိုယ်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ မဟာစောရသမော ဝိယ၊ ခိုးသူကြီးနှင့် တူ၏။ တသ္မာ၊ ထို့ကြောင့်။ ကုသလစ္ဆေဒနဘယာ၊ ကုသိုလ် ပျက်စီးအံ့သည်မှ ကြောက်သောကြောင့်။ ဣမံ ကာယံ၊ ဤကိုယ်ကို။ ပဟာယ၊ ပယ်၍။ အတ္တနော၊ မိမိ၏။ သောတ္ထိဘာဝကရံ၊ ချမ်းသာသည်၏ အဖြစ်ကို ပြုတတ်သော။ မဂ္ဂံ၊ မဂ်ကို။ ဂဝေသိတုံ၊ ရှာခြင်းငှါ။ ဂမိဿာမိ၊ သွားရအံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။

သုမေဓာပုဏ္ဏားတောထွက်၍ အဘိညာဉ်သမာပတ်တို့ကို ရခြင်း

ထိုအခါ သုမေဓာပညာရှိသည် အထူးထူး အပြားပြား များလှသော ဥပမာတို့ဖြင့် တောထွက်ခြင်း၏ အကြောင်းရင်းကို ကြံပြီး၍ တဖန်လည်း ဤသို့ ကြံတော်မူပြန်၏ "ဤဥစ္စာအစုကို ရှာဖွေစုဆောင်း၍ ငါ၏ ဘိုးဘစသည်တို့သည် တမလွန်လောကသို့ သွားကြကုန်သော်လည်း တစ်ခုသော အသပြာကိုမျှ ယူဆောင်၍ မသွားနိုင်ကြကုန်။ ငါသည် တမူကား ယူ၍ သွားခြင်း အကြောင်းကို ပြုအံ့သောငှါ သင့်၏"ဟု သွား၍ မင်းအား ကြားလျှောက်၏"ပြည့်ရှင်မင်းကြီး အကျွန်ုပ်သည် ဇာတိဇရာ အစရှိသည်တို့ နှိပ်စက်အပ်သော နှလုံးရှိသည် ဖြစ်၍ အိမ်ရာထောင်သော လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်တော့အံ့။ အကျွန်ုပ်၌ ကုဋေ တစ်သိန်းမက များလှစွာသော ဥစ္စာစုကို အရှင်မင်းကြီးသည် စီရင်ပါလေ"ဟု လျှောက်၏။

ထိုအခါ မင်းကြီးသည် "သင့်ဥစ္စာဖြင့် ငါအလိုမရှိ။ သင်သည်သာ အလိုရှိတိုင်းပြုလေ"ဟု မိန့်တော်မူလျှင် "အရှင်မင်းကြီး ကောင်းပါပြီ" ဟု ဝန်ခံ၍ မြို့၌ စည်လည်စေပြီးသော် လူအပေါင်းအား အလှူကြီးကို ပေး၍ ဝတ္ထုကာမ ကိလေသာကာမတို့ကို တစမကျန် စွန့်၍ အမရဝတီမြို့မှ ထွက်ခဲ့၍ တစ်ယောက်ထီးတည်း အထူးထူးသောသားအပေါင်းတို့ ပြည့်သော ဟိမဝန္တာ၌ ဓမ္မိကမည်သော တောင်ကို မှီ၍ သစ်ရွက်မိုးသော သခ်မ်းကျောင်းကို ပြုလျက်ငါးပါးသော အပြစ်တို့မှကင်းသော စင်္ကြံကို ဖန်ဆင်း၍ ရှစ်ပါးသောကျေးဇူးနှင့် ပြည့်စုံသော အဘိညာဉ်အားကို ဆောင်အံ့သောငှါ ကိုးပါးသော အပြစ်နှင့် ပြည့်စုံသော ခါးဝတ်ပုဆိုးကို စွန့်၍ တစ်ဆယ့်

နှစ်ပါးသော ကျေးဇူးနှင့် ပြည့်စုံသော လျှော်တေသကန်းကို ဝတ်လျက် ရဟန်းပြုတော်မူ၏။

ဤသို့ ရဟန်းပြုသော ထိုသုမေဓာ ဘုရားလောင်းသည် ရှစ်ပါးသော အပြစ်တို့ဖြင့် ပြွမ်းသော ကျောင်းသင်္ခမ်းကို စွန့်၍ ဆယ်ပါးသော ကျေးဇူးနှင့် ပြည့်စုံသော သစ်ပင်ရင်းသို့ ကပ်လျက် အလုံးစုံ ပေါ်းမှ ဖြစ်သော အစာကို စွန့်ပစ်၍ အလိုလိုဖြစ်သော သစ်သီးလျှင် အစာရှိသည် ဖြစ်၍ ထိုင်ခြင်း ရပ်ခြင်း ကြိုးစံသွားခြင်း၏ အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းကို အားထုတ်လျှင် ခုနစ်ရက်အတွင်း၌ သမာပတ်ရှစ်အင်နှင့် အဘိညာဉ်ငါးပါးကို ရတော်မူ၏။

ထို့ကြောင့်—

ဧဝါဟံ စိန္တယိတွာန၊ နေကကောဋိသတံ ဓနံ။
နာထာနာထာနံ ဒတွာန၊ ဟိမဝန္တံ ဥပါဂမိံ။
ဟိမဝန္တဿ အဝိဒူရေ၊ ဓမ္မိကော နာမ ပဗ္ဗတော။
အဿမော သုကတော မယှံ၊ ပဏ္ဏသာလာ သုမာပိတာ။
စင်္ကမံ တတ္ထ မာပေသိံ၊ ပဉ္စဒေါသဝိဝဇ္ဇိတံ။
အဋ္ဌဂုဏသမုပေတံ၊ အဘိညာဗလ မာဟရိံ။
သာဋကံ ပဇဟိံ တတ္ထ၊ နဝဒေါသ မုပါဂတံ။
ဝါကစီရံ နိဝါသေသိံ၊ ဒွါဒသဂုဏ မုပါဂတံ။
အဋ္ဌဒေါသသမာကိဏ္ဏံ၊ ပဇဟိံ ပဏ္ဏသာလကံ။
ဥပါဂမိံ ရုက္ခမူလံ၊ ဂုဏေ ဒသဟုပါဂတံ။
ဝါပိတံ ရောပိတံ ဓညံ၊ ပဇဟိံ နိရဝသေသတော။
အနေကဂုဏသမ္ပန္နံ၊ ပဝတ္တဖလမာဒိယိံ။
တတ္ထ ပ္ပဓာနံ ပဒဟိံ၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။
အဗ္ဘန္တရမှိ သတ္တာဟေ၊ အဘိညာဗလ ပါပုဏိံ—

ဟူ၍ ဟောတော်မူ၏။

ဧဝံ၊ ဤသို့။ အဟံ၊ ငါသည်။ စိန္တယိတွာန၊ ကြံပြီး၍။ အနေကကောဋိ-သတံ၊ ကုဋေအရာမကသော။ ဓနံ၊ ဥစ္စာကို။ နာထာနာထာနံ၊ ကိုးကွယ်ရာ ရှိ,မရှိ သူတို့အား။ ဒတွာန၊ လှူပြီး၍။ ဟိမဝန္တံ၊ ဟိမဝန္တာတောသို့။ ဥပါဂမိံ၊ ကပ်လေ၏။

ဟိမဝန္တာ၊ ဟိမဝန္တာတော၏။ အဝိဒူရေ၊ မနီးမဝေး၌။ ဓမ္မိကော နာမ၊ ဓမ္မိကအမည်ရှိသော။ ပဗ္ဗတော၊ တောင်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဓမ္မိကတောင်၌။ မယ္ဟံ၊ ငါသည်။ အဿမော၊ သင်္ခမ်းကို။ သုကတော၊ ကောင်းစွာ ပြုအပ်ပြီ။ ပဏ္ဏသာလာ၊ သစ်ရွက်မိုးသော ဇရပ်ကို။ သုမာပိတာ၊ ကောင်းစွာ ဖန်ဆင်းအပ်ပြီ။

တတ္ထ၊ ထိုသင်္ခမ်း၌။ ပဉ္စဒေါသဝိဝဇ္ဇိတံ၊ ငါးပါးသော အပြစ်မှ ကင်းထသော။ အဋ္ဌဂုဏသမုပေတံ၊ ရှစ်ပါးသော ကျေးဇူးနှင့် ပြည့်စုံထသော။ စင်္ကမံ၊ စင်္ကြံကို။ မာပေသိံ၊ ဖန်ဆင်းပြီ။ အဘိညာဗလံ၊ အဘိညာဉ်တည်း ဟူသော အားကို။ အာဟရိံ၊ ဆောင်ပြီ။

တနည်းကား။ တတ္ထ၊ ထိုဓမ္မိကတောင်၌။ စင်္ကမံ၊ စင်္ကြံကို။ မာပေသိံ၊ ဖန်ဆင်းပြီ။ ပဉ္စဒေါသဝိဝဇ္ဇိတံ၊ နီဝရဏတရားငါးပါးတို့မှ ကင်းထသော။ အဋ္ဌဂုဏသမုပေတံ၊ ရှစ်ပါးသော ကျေးဇူးနှင့်ပြည့်စုံထသော။ အဘိညာဗလံ၊ အဘိညာဉ်တည်းဟူသော အားကို။ အာဟရိံ၊ ဆောင်ပြီ။

တတ္ထ၊ ထိုသင်္ခမ်းကျောင်း၌။ နဝဒေါသမုပါဂတံ၊ ကိုးပါးသော အပြစ်နှင့် ပြည့်စုံသော။ သာဋကံ၊ ဝတ်လဲပုဆိုးကို။ [ဝတ်ရုံသော ပုဆိုးကိုလည်းဟူ]။ ပဇဟံ၊ စွန့်ပြီ။ ဒွါဒသဂုဏမုပါဂတံ၊ တစ်ဆယ့်နှစ်ပါးသော အကျိုးနှင့် ပြည့်စုံသော။ ဝါကစီရံ၊ လျှော်တေသက်န်းကို။ နိဝါသေသိံ၊ ဝတ်ပြီ။

ဝါပိတံ၊ ကြဲအပ်ထသော။ ရောပိတံ၊ စိုက်အပ်ထသော။ ဓညံ၊ စပါးကို။ နိရဝသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ပဇဟိံ၊ စွန့်ပြီ။ အနေကဂုဏသမ္ပန္နံ၊ များစွာသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။ ပဝတ္တဖလံ၊ အလိုလို သာလျှင် ကြွေကျသော သစ်သီးကို။ အာဒိယိံ-ပရိဘုဉ္ဇိံ၊ စားပြီ။

တတ္ထ တသ္မိံ အဿမေ၊ ထိုသင်္ခမ်းကျောင်း၌။ နိသဇ္ဇဋ္ဌာနစင်္ကမေ၊ ထိုင်ခြင်း ရပ်ခြင်း သွားခြင်း၌။ ပဓာနံ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို။ ပဒဟိံ၊ အားထုတ်ပြီ။ သတ္တာဟေ-သတ္တာဟဿ၊ ခုနစ်ရက်၏။ အဗ္ဘန္တရမှို၊ အတွင်း၌။ အဘိညာဗလံ၊ အဘိညာဉ်တည်းဟူသော အားသို့။ ပါပုဏိံ၊ ရောက်ပြီ။

စကြံ၌ အပြစ်ငါးပါးကို ပြခြင်း

စကြံ၌ အပြစ်ငါးပါးရှိ၏။ ငါးပါးဟူသော်ကား—

၁။ ခရဝိသမတာ၊ ကြမ်းတမ်းခြင်း မြေပြင် မညီညွတ်သည်၏အဖြစ်။
၂။ အန္တောရုက္ခတာ၊ အတွင်း၌ သစ်ပင်ရှိသည်၏အဖြစ်။
၃။ ဂဟနစ္ဆန္နတာ၊ မြက် သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်းသည်၏ အဖြစ်။
၄။ အတိသမ္ဗာဓတာ၊ အလွန်ကျဉ်းမြောင်းသည်၏အဖြစ်။
၅။ အတိဝိသာလတာ၊ အလွန်ကျယ်သည်၏အဖြစ်။

သုမေဓာရသေ့ စကြံသည် ဤငါးပါးသော အပြစ်တို့မှ စင်ကြယ် သန့်ရှင်း ကင်း၏။

အဘိညာဉ်အားကို ဆောင်သော ဂုဏ်ရှစ်ပါးကို ပြခြင်း

၁။ စိတ်၏ တည်ခြင်း-သမာဟိတ။
၂။ စိတ်၏ စင်ကြယ်ခြင်း-ပရိသုဒ္ဓ။
၃။ စိတ်၏ ဖြူစင်ခြင်း-ပရိယောဒါတ။
၄။ ကိလေသာမရှိခြင်း-အနင်္ဂဏ။
၅။ ကိလေသာကင်းခြင်း-ဝိဂတူပက္ကိလေသ။
၆။ စိတ်၏ နူးညံ့ခြင်း-မုဒုဘူတ။
၇။ စိတ်၏ ခိုင်ခံ့ခြင်း-ကမ္မနိယ။
၈။ မတုန်မလှုပ်သောအဖြစ်သို့ ရောက်ခြင်း-အာနေဉ္ဇပတ္တ။*

သမဏသုခရှစ်ပါးကို ပြခြင်း

၁။ ဓနဓညပရိဂ္ဂဟာဘာဝေါ၊ ဥစ္စာစပါးသိမ်းဆည်းခြင်း မရှိသည်၏ အဖြစ်။

၂။ အနဝဇ္ဇ ပိဏ္ဍပါတ ပရိယေသန ဘာဝေါ၊ အပြစ်မရှိသော ထမင်းကို ရှာမှီးသည်၏အဖြစ်။

---

* ဤဂုဏ်ရှစ်ပါးတို့ကား ဒုတိယသီလက္ခန်ပါဠိတော် ၂-သာမညဖလသုတ် ၆၂၊ ပါရာဇိကကဏ်ပါဠိတော် ဝေရဉ္ဇကဏ္ဍ ၅-စသော ထိုထိုပါဠိတော်တို့၌ လာကုန်၏။

၃။ နိဗ္ဗုဘာပိဏ္ဍာဘုဥ္စနဘာဝေါ၊ အေးပြီးသော ထမင်းကို သုံးဆောင်စားသောက်ရသောအဖြစ်။

၄။ ရဋ္ဌံ၊ တိုင်းနိုင်ငံသူကို။ ပီဠေတွာ၊ နှိပ်စက်၍။ မနေမညာနိ၊ ဥစ္စာစပါးတို့ကို။ ရာဇပုရိသေသု၊ မင်းချင်းတို့သည်။ ဂဏှန္တေသု၊ ယူကုန်သည်ရှိသော်။ ရဋ္ဌပီဠာယ၊ တိုင်းနိုင်ငံသူတို့ကို နှိပ်စက်ခြင်း၏။ အဘာဝေါ၊ မရှိသည်၏အဖြစ်။

၅။ ဥပကရဏေသု၊ အဆောက်အအုံ အသုံးအဆောင်တို့၌။ နိစ္ဆန္ဒရာဂဘာဝေါ၊ ကင်းသော ဆန္ဒရာဂရှိသည်၏ အဖြစ်။

၆။ စောရဝိလောပနေန၊ ခိုးသူတို့ လုယက်သဖြင့်။ နိဗ္ဘယဘာဝေါ၊ ဘေးမရှိသည်၏အဖြစ်။

၇။ ရာဇရာဇမဟာမတ္တေဟိ၊ မင်း မင်း၏ အမတ် စသည်တို့နှင့်။ အသံသဋ္ဌဘာဝေါ၊ နှီးနှောခြင်း မရှိသည်၏အဖြစ်။

၈။ စတူသု ဒိသာသု၊ အရပ်လေးမျက်နှာတို့၌။ အပ္ပဋိဟတာဘာဝေါ၊ အပိတ်အပင် အဆီးအတားမရှိသည်၏အဖြစ်။*

သုမေဓာပညာရှိသည် သစ်ရွက်မိုးသော သခ်မ်းကျောင်းမှ ဖဲ၍ သစ်ပင်ရင်း၌ နေခြင်း

ထိုအခါ သုမေဓာ ပညာရှိသည် ဟိမဝန္တာအနီး သင်ရွက်မိုးသော ကျောင်းသခ်မ်း၌ နေတော်မူလျက် မိုးသောက်ထအခါ စောစောထ၍ မိမိ တောထွက်ခြင်း၏အကြောင်းကို စူးစမ်းဆင်ခြင်သည်ရှိသော် ဤသို့ ကြံမိ၏ "ငါတမူကား လုပ်သစ်စဖြစ်သော ရွှေလက်ကောက် ရွှေခြေကျင်း အစရှိသည်တို့၏ အချင်းချင်း ထိခိုက်ခြင်းကြောင့်ဖြစ်သော အသံတို့နှင့် ရောနှောလျက် သာယာစွာ ရယ်မောခြင်း စကား ပြောဟောခြင်း ရှိသော အိမ်ကြီးသူလူအပေါင်းတို့၏ မွှေ့လျော်ဖွယ်ရှိသော ပြန့်ပြောသော စည်းစိမ်ဥစ္စာရတနာတို့ပြင့် တင့်တယ်သော နတ်တို့၏ နေရာဗိမာန်နှင့် တူသော အခြင်းအရာ

---

* သဋ္ဌီနိပါတ် ၅၂၉-သောဏကအရိန္ဒမဇာတ် ပါဠိတော် ၁၇၀၊ ရင်းအဋ္ဌကထာ ၂၆၁၊ အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်း ၃၅။

ရှိသော ကောင်းမြတ်သောအိမ်ကို တံတွေးပေါက်ကဲ့သို့ စွန့်၍ ဆိတ်ငြိမ်ရာ၌ မွေ့လျော်သည်အဖြစ်ကြောင့် အလုံးစုံသော လူအပေါင်းတို့၏ မကောင်းမှုကို မျှောတတ်သော အကျင့်တည်းဟူသော တောအရပ်သို့ ဝင်ကပ်နေ၏။ ဤသစ်ရွက်မိုးသော ကျောင်း၌ နေခြင်းကား အိမ်ရာထောင်သော လူတို့ကဲ့သို့ နှစ်ယောက်မြောက်နေခြင်းဖြစ်၏”ဟု ဆင်ခြင်တော်မူမိ၏။ ထို့ကြောင့် သုမေဓာရသေ့သည် သစ်ပင်ရင်း၌ နေခြင်းကို ပြုတော်မူ၏။

ထို့ကြောင့်—

ဝဏ္ဏိတော ဗုဒ္ဓသေဋ္ဌေန၊ နိဿယောတိ စ ဘာသိတော။
နိဝါသော ပဝိဝိတ္တဿ၊ ရုက္ခမူလသမော ကုတော။
အာဝါသမစ္ဆေရဟရေ၊ ဒေဝတာပရိပါလိတေ။
ပဝိဝိတ္တေ ဝသန္တော ဟိ၊ ရုက္ခမူလမှိ သုဗ္ဗတော။
အဘိရတ္တာနိ နီလာနိ၊ ပဏ္ဍူနိ ပတိတာနိ စ။
ပဿန္တော တရုပဏ္ဏာနိ၊ နိစ္စသညံ ပနူဒတိ။
တသ္မာ ဟိ ဗုဒ္ဓဒါယဇ္ဇံ၊ ဘာဝနာဘိရတာလယံ။
ဝိဝိတ္တံ နာတိမညေယျ၊ ရုက္ခမူလံ ဝိစက္ခဏော*—

ဟူ၍ ဟောတော်မူ၏။

နိဝါသော၊ သစ်ပင်ရင်းကျောင်း၌ နေခြင်းကို။ ဗုဒ္ဓသေဋ္ဌေန၊ ဘုရားမြတ်သည်။ ဝဏ္ဏိတော၊ ချီးမွမ်းအပ်၏။ နိဿယောတိ စ၊ နိဿယဟူ၍လည်း။ ဝါ၊ ရဟန်းတို့မှီရာဟူ၍လည်း။ ဘာသိတော၊ ဟောတော်မူအပ်၏။ ပဝိဝိတ္တဿ၊ ဆိတ်ငြိမ်ရာအရပ်၌ နေသော ပုဂ္ဂိုလ်အား။ ရုက္ခမူလသမော၊ သစ်ပင်ရင်းတည်းဟူသော ကျောင်းနှင့်တူသော။ ဝိဟာရော၊ ကျောင်းသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။

အာဝါသမစ္ဆေရဟရေ၊ ကျောင်း၌ ဝန့်တိုခြင်းကို ဖျောက်တတ်သော။ ဒေဝတာပရိပါလိတေ၊ နတ်ဘို့ စောင့်ရှောက်ရာ ဖြစ်သော။ ပဝိဝိတ္တေ၊ ဆိတ်ငြိမ်ရာ ဖြစ်သော။ ရုက္ခမူလမှိ၊ သစ်ပင်ရင်း၌။ ဝသန္တော၊ နေသော။ သုဗ္ဗတော၊ ကောင်းသော အကျင့်ရှိသော။ အယံ၊ ငါသည်—

* ဤလေးဂါထာကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-ခုအာဂ်နိဒ္ဒေသ ၆၄-၌လည်း လာ၏။

အဘိရတ္တာနိ စ၊ နီသောအဆင်းရှိသည်လည်း ဖြစ်ကုန်သော။ နီလာနိ၊ ညိုသောအဆင်းရှိသည်လည်း ဖြစ်ကုန်သော။ ပဏ္ဍုနိ၊ ဖျော့တော့သော အဆင်းရှိသည်လည်း ဖြစ်ကုန်သော။ တရုပဏ္ဏာနိ၊ သစ်ရွက်တို့သည်။ ပတိတာနိ စ၊ ကြွေကျသည်တို့ကိုလည်း။ ပဿန္တော၊ မြင်သည် ရှိသော်။ နိစ္စသညံ၊ နိစ္စသညာကို။ ပနူဒတိ၊ ဖျောက်နိုင်၏။

တနည်းကား။ ပတိတာနိ၊ ကြွေကျကုန်သော။ အဘိရတ္တာနိ စ၊ နီသော အဆင်းရှိသော အရွက်တို့ကိုလည်းကောင်း။ နီလာနိ စ၊ ညိုသောအဆင်း ရှိသော အရွက်တို့ကိုလည်းကောင်း။ ပဏ္ဍုနိ စ၊ ဖျော့တော့သော အဆင်း ရှိသော အရွက်တို့ကိုလည်းကောင်း။ တရုပဏ္ဏာနိ၊ သစ်ရွက်နုတို့ကို လည်းကောင်း။ ပဿန္တော၊ မြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ နိစ္စသညံ၊ နိစ္စသညာကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပနူဒတိ၊ ပယ်ဖျောက်နိုင်၏။

တသ္မာ ဟိ-တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ဗုဒ္ဓဒါယဇ္ဇံ၊ ဘုရားရှင် အမွေတော်ဖြစ်သော။ ဘာဝနာဘိရတာလယံ၊ ဘာဝနာ၌ မွေ့လျော်မှု ဓမွေ့လျော်ကြောင်းဖြစ်သော။ ဝိဝိတ္တံ၊ ဆိတ်ငြိမ်သော။ ရုက္ခမူလံ၊ သစ်ပင် ရင်းကျောင်းကို။ ဝိစက္ခဏော၊ အထူးကို မြင်နိုင်သောပညာရှိ သူမြတ်သည်။ နာတိမညေယျ၊ မထေမဲ့မြင်မပြုရာ။

ဒီပင်္ကရာ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ဤသို့လျှင် အဘိညာဉ်သို့ ရောက်ပြီးသော ရှင်ရသေ့သည် သမာပတ္တိ သုခဖြင့် ကာလကို လွန်စေသည်ရှိသော် ထိုအခါ အလုံးစုံသောလူအပေါင်းကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုတတ်သည် ဖြစ်၍ မာရ်မင်း၏ ဗိုလ်ပါစသည်ကို နှိမ်ချိုး၍ ဉာဏ်တည်းဟူသော အရောင်အလင်းကို ပြုတတ်သော ဒီပင်္ကရာ ထွတ်ချာမှန်ကင်း သုံးလူ့မင်းသည် သောင်းတွင်းစက္ကဝါ ထင်ရှားစွာ ဖြစ်တော်မူသည်။

ထိုဒီပင်္ကရာမြတ်စွာဘုရား အလောင်းတော်ကား အမျှသုံးဆယ်စေသော ပါရမီတို့ကို ဖြည့်တော်မူ၍ ဝေဿန္တရာအဖြစ်နှင့် တူသော အတ္တဘော၌ တည်တော်မူလျက် မြေကြီး တုန်လှုပ်စေနိုင်သော အလှူတို့ကို ပေး၍ အသက်၏အဆုံး တုသိတာ နတ်ပြည်၌ ဖြစ်၍ ထိုတုသိတာ နတ်ပြည်၌ အသက်ထက်ဆုံး တည်၍ တပ်သောင်းသော စကြဝဠာ၌ နေကုန်သော

နတ်ပြဟ္မာတို့ စည်းဝေး၍ "အလောင်းနတ်သား ဘုရားဖြစ်ခါ ချိန်တန်ပါပြီ၊ လူ့အပေါင်းကို ကယ်တင်တော်မူပါ၊ အမိဝမ်းတွင်း ကိန်းအောင်းခြင်း ပဋိသန္ဓေကိုယူလျက် အမြိုက်နိဗ္ဗာန်ကို သိစေတော်မူပါ"ဟု တောင်းပန်သည် ရှိသော် နတ်တို့၏ စကားကို ကြား၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ဖြင့် လောကကို ကြည့်ရှုကာ တုသိတာနတ်ပြည်မှ စုတေ့ခဲ့သော် ရမ္မဝတီ နေပြည်တော်ကြီး၌ မိမိ၏ အခြေအရံ စည်းစိမ် ဥစ္စာဖြင့် ရန်သူကို အောင်နိုင်သော ဝါသုဒေဝမည်သော မင်းမျိုး သုမေဓာမည်သော မိဖုရားကြီး ဝမ်း၌ ဥတ္တရာသာဠ်နက္ခတ်နှင့် ယှဉ်လျက် စွဲလမ်းသန္ဓေ နေတော်မူ၍ များစွာသော အစောင့်အရှောက် အခြံအရံဖြင့် ဆောင်လျက် ပတ္တမြား နားတောင်းတွင်း၌ ဖြစ်သကဲ့သို့ တစုံတခု မစင်ကြယ်သောအရာ ကောင်းစွာ မလိမ်းကျံစေဘဲ ဆယ်လတို့ ပတ်လုံး နေတော်မူ၍ တန်ဆောင်မုန်းလ၌ ရေကို ဆောင်တတ်သော မိုးတိမ်ပုပ် ကင်း၍ ပွင့်လင်းသော လမင်းကဲ့သို့ မိဖုရားကြီးဝမ်းမှ ဖွားမြင်တော်မူ၏။

ထိုဒီပင်္ကရာသတို့သားသည် ပဋိသန္ဓေတည်နေသော ခဏ၌လည်းကောင်း, ဖွားမြင်သော ခဏ၌လည်းကောင်း သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်ဟု ဆိုအပ်သော တန်ခိုးပြာဋိဟာတို့သည် ထင်ရှားဖြစ်ကုန်၏။ ဘုရားလောင်းတို့ ဓမ္မတာအားဖြင့် အမိဝမ်းသို့ သက်သော်လည်းကောင်း, အမိဝမ်းမှ ဖွားမြင်သော်လည်းကောင်း, အလုံးစုံသော သစ္စာလေးပါးတရားကို သိသောအခါ၌ လည်းကောင်း, ဓမ္မစကြာ တရားကို ဟောကြားတော်မူသော အခါ၌လည်း ကောင်း ဤလေးပါးကုန်သော အရာဌာနတို့၌ သုံးဆယ့်နှစ်ပါးသော နိမိတ် တန်ခိုးပြာဋိဟာတို့သည် ဖြစ်မြဲတို့တည်း။

ထို့ကြောင့်—

ဒီပင်္ကရေ စာရုကရေ ကုမာရေ၊
သိဝံကရေ သန္တိကရေဝ[၁] ဇာတေ။
ပကမ္ပိ သမ္ပကမ္ပိ တဒါ သမန္တာ၊
သဟဿသချ ဒသလောကဓာတု—

ဟူ၍ ဟောတော်မူ၏။

၁။ သန္တိကရေထ။ သီဟိုဠ် ဗုဒ္ဓဝံသအဋ္ဌကထာ ၆၂။

စာရုကရေ၊ ရွှေကဲ့သို့ တင့်တယ်ခြင်းကို ပြုတတ်သော။ သိဝံကရေ၊ ငြိမ်းချမ်းခြင်းကို ပြုတတ်သော။ သန္တိကရေ၊ ငြိမ်သက်ခြင်းကို ပြုတတ်သော။ ဒီပင်္ကရေ၊ ဒီပင်္ကရာမည်သော။ ကုမာရေ၊ သတို့သားသည်။ ဇာတေ၊ ဖွားတော်မူလေသော်။ တဒါ၊ ထိုဖွားတော်မူသော ခဏ၌။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သဟဿသချျာ၊ တစ်ထောင် အရေအတွက်ရှိသော။ ဒသလောကဓာတု၊ ဆယ်ပါးသော လောကဓာတ်သည်။ ပကမ္ပိ၊ တသိမ့်သိမ့် လှုပ်၏။ သမ္ပကမ္ပိ၊ ထက်ဝန်းကျင်မှ ပြင်းစွာ လှုပ်၏။

စက္ကဝါဠသဟဿေသု၊ ဒသသေဝ စ ဒေဝတာ[1]။
ကေသ္မိံ စက္ကဝါဠသ္မိံ၊ တဒါ သန္နိပတိံသု တာ။

ဒသသေဝ စ စက္ကဝါဠသဟဿေသု၊ တစ်သောင်းသော စကြဝဠာတိုက်တို့၌။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ တဒါ၊ ထိုဖွားတော်မူသော အခါ၌။ ကေသ္မိံ စက္ကဝါဠသ္မိံ၊ တစ်ခုသော ငါတို့စကြဝဠာတိုက်၌။ သန္နိပတိံသု၊ စည်းဝေးကြကုန်၏။

ဗောဓိသတ္တံ မဟာသတ္တံ၊ ဇာတမတ္တံ့ ဒေဝတာ။
ပဌမံ ပဋိဂ္ဂဏှိံသု၊ ပစ္ဆာ တံ မနုဇာ ပန။

ဇာတမတ္တံ၊ ဖွားတော်မူကာမျှ ဖြစ်သော။ မဟာသတ္တံ၊ မြတ်သော သတ္တဝါဖြစ်သော။ ဗောဓိသတ္တံ၊ ဒီပင်္ကရာဘုရားလောင်းကို။ ဒေဝတာ၊ နတ်တို့သည်။ ပဌမံ၊ ရှေးဦးစွာ။ ပဋိဂ္ဂဏှိံသု၊ ခံကုန်၏။ တံ၊ ထိုဘုရားလောင်းကို။ ပစ္ဆာ၊ နောက်မှ။ မနုဇာ၊ လူတို့သည်။ ပဋိဂ္ဂဏှိံသု၊ ခံကုန်၏။

အဝါဒိတာ ဂေနစိ စမ္မနဒ္ဓါ။
သုပေါက္ခရာ ဒုန္ဒုဘိယော စ ဝီဏာ။
အဃဋ္ဋိတာနာဘရဏာနိ တသ္မိံ၊
ခဏေ သမန္တာ မဓုရံ ရဝိံသု။

သုပေါက္ခရာ၊ ကောင်းသော စောင်းခွက်ရှိကုန်သော။ ဂေနစိ စမ္မနဒ္ဓါ၊ တစုံတခုမသော အရေဖြင့် ကြက်အပ်ကုန်သော။ ဒုန္ဒုဘိယော စ၊ စည်ပုတ်

၁။ ဒသသဟဿေဝ ဒေဝတာ။ သီဟိုဠ် ဗုဒ္ဓဝံသ အဋ္ဌကထာ ၆၅။

တို့သည်လည်းကောင်း။ ဝါ၊ စည်ကြီးတို့သည်လည်းကောင်း။ ဝီဏာ စ၊ စောင်းတို့သည်လည်းကောင်း။ တနည်းကား၊ စမ္မနဒ္ဓ၊ သားရေဖြင့် ကြက်အပ်ကုန်သော။ ဒုန္ဒုဘိယော စ၊ စည်ကြီးတို့သည်လည်းကောင်း။ သုပေါက္ခရာ၊ ကောင်းသော စောင်းခွက် ရှိကုန်သော။ ဝီဏာ စ၊ စောင်းတို့သည်လည်းကောင်း။ အဃဋ္ဋိတာနိ၊ အချင်းချင်း အထိအခိုက် မရှိကုန်သော။ အာဘရဏာနိ စ၊ လက်ကောက် စသော အဆင်းတန်ဆာတို့သည်လည်းကောင်း။ အဝါဒိတာ၊ မတီးကုန်ဘဲ။ တသ္မိံ ခဏေ၊ ထိုဖွားတော်မူသော ခဏ၌။ သမန္တာ၊ ထက်ဝန်းကျင်မှ။ မဓုရံ၊ သာယာစွာသော အသံကို။ ရဝိံသု၊ မြည်ကုန်၏။

ဆိဇ္ဇိံသု သဗ္ဗတ္တ စ ဗန္ဓနာနိ၊
သယံ ဝိဂစ္ဆိံသု စ သဗ္ဗရောဂါ။
ရူပါနိ ပဿိံသု စ ဇာတိအန္ဓာ၊
သဒ္ဒံ သမန္တာ ဗဓိရာ သုဏိံသု။

တဒါ၊ ထိုဖွားတော်မူသောခဏ၌။ သဗ္ဗတ္တ၊ ခပ်သိမ်းသောအရပ်၌။ ဝါ၊ ခပ်သိမ်းသောသူ၌။ ဗန္ဓနာနိ၊ အနှောင်အဖွဲ့တို့သည်။ ဆိဇ္ဇိံသု၊ ပြတ်ကုန်၏။ သယံ၊ အလိုလိုမကုဘဲ။ သဗ္ဗရောဂါ၊ အလုံးစုံသောအနာတို့သည်။ ဝိဂစ္ဆိံသု၊ ကင်းကုန်၏။ ဇာတိအန္ဓာ၊ ပဋိသန္ဓေ၌ ကန်းကုန်သော သူတို့သည်။ ရူပါနိ၊ ရူပါရုံတို့ကို။ ပဿိံသု၊ မြင်ကုန်၏။ ဗဓိရာ၊ နားပင်းသော သူတို့သည်။ သမန္တာ၊ ထက်ဝန်းကျင်အရပ်မှ။ သဒ္ဒံ၊ အသံကို။ သုဏိံသု၊ ကြားကုန်၏။

အနုဿတိံ ဇာတိဇဠာ မနုဿာ၊
လဘိံသု ယာနံ ပဒသာဝ ပင်္ဂုလာ။
ဝိဒေသ ဂတာနံ သယမေ နာဝါ။
သုပဋ္ဋနံ သီဃာမုပါဂမိံသု။

ဇာတိဇဠာ၊ ပဋိသန္ဓေမှအရည်ယိုကုန်သော။ ဝါ၊ မိုက်ကုန်သော။ မနုဿာ၊ လူတို့သည်။ အနုဿတိံ၊ အဖန်ဖန် အောက်မေ့နိုင်ခြင်းကို။ လဘိံသု၊ ရကုန်၏။ ပင်္ဂုလာ၊ သူဆွံ့တို့သည်။ ပဒသာဝ၊ ခြေဖြင့်သာလျှင်။ ယာနံ၊ သွားခြင်းကို။ လဘိံသု၊ ရကုန်၏။ ဝိဒေသဂတာနံ၊ အရပ်တပါးသွားလာကုန်

သောသူတို့အား။[သဘော်လှင့်ကုန်သောသူတို့အားလည်းဟူ] နာဝါ၊ လှေ့သဘော်တို့သည်။ သယမေဝ၊ ပိမိအလိုလိုပင်လျှင်။သုပဋ္ဋနံ၊ ကောင်းမွန်သောသဘော်ဆိပ်သို့။ သီဃံ၊ လျင်စွာ။ ဥပါဂမိ ံသု၊ ကပ်ရောက်လာကုန်၏။

အာကာသင္ဂ ဘူမိဂတံ သဗ္ဗံ၊
သမန္တာ ရတနံ ဝိရောစတိ။
နိဗ္ဗာယိ ဃောရော နိရယော ဟုတာသော၊
နဒီသု တောယမ္ပိ နပ္ပဝတ္တတိ။

အာကာသင္ဂ၊ ကောင်းကင်၌ တည်သော။ ဘူမိဂတံ၊ မြေ၌ တည်သော။ သဗ္ဗံ၊ အလုံးစုံသော။ ရတနံ၊ ရတနာသည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဝိရောစတိ၊ တောက်ပ၏။ နိရယော၊ ငရဲ၌။ ဃောရော၊ ကြမ်းကြုတ်သော။ ဟုတာသော၊ မီးသည်။ နိဗ္ဗာယိ၊ ငြိမ်း၏။ နဒီသု၊ မြစ်တို့၌။ တောယမ္ပိ၊ ရေသည်လည်း။ နပ္ပဝတ္တတိ၊ မစီး။

လောကန္တရေ[1] ဒုက္ခနိရန္တရေပိ၊
ပဘာ ဥဠာရာ ဝိပုလာ အဟောသိ။
တထာ တဒါ သန္တတရင်္ဂမာလော။
မဟာသမုဒ္ဒေါ မဓုရောဒကောယံ။

၁-ပစ္ဆိမဘဝိကဘုရားလောင်းတို့ ပဋိသန္ဓေနေတော်မူသောအခါ ဖွားတော်မူသောအခါတို့၌ ၃၂-ပါးသော ပုဗ္ဗနိမိတ်တို့ ဖြစ်ကုန်၏၊ လောကန္တရိက်ငရဲ ခေါ်သော စကြဝဠာတောင် သုံးလုံးအကြား၌ ကွမ်းအစ်ဖုံး ၃-ခုကို ဖိုခနောက်ဆိုင်ထိ၍ထားသောအခါ အလယ်ကအကြားကျန်သကဲ့သို့ အထောင့်သုံးခုရှိ၍ ယူဇနာ ၈၀၀၀-ကျယ်သော မှောင်မိုက်ရေအေးငရဲ၌ အရောင်အလင်းတို့သည် အထူးဖြစ်ကုန်၏။ တန်ခိုးကြီးသော လ, နေတို့သည် အဘယ့်ကြောင့် လောကန္တရိက်ငရဲကို အရောင်မလင်းနိုင်ပါသနည်းဟု မေးမူကား၊ စကြဝဠာတောင်သည် ယူဇနာ ၈၂၀၀၀ မြင့်၏၊ မြင်းမိုရ်တောင်သည် ယူဇနာ ၈၄၀၀၀-ရေပေါ်၌ မြင့်၏။ ယုဂန္ဓိုရ်တောင်သည် ယူဇနာ ၄၂၀၀၀ မြင့်၏။ လ နေ တို့သည် မြင်းမိုရ်တောင်၏ ထက်ဝက်၊ စကြဝဠာတောင်၏ ထက်ဝက်သာသာ ယုဂန္ဓိုရ်တောင်ထိပ်နှင့် မျှသော ကောင်းကင်ကသွားလာ လှည့်ပတ်ကြကုန်၏။ ထိုကြောင့် စကြဝဠာတောင်ကို ကျော်၍ စကြဝဠာတောင်၏ အပြင်ဘက်၌ တည်သော လောကန္တရိက်ငရဲကို အရောင်မထွန်းလင်းနိုင်ကုန်။ ။ဤအကြောင်းကို။ ။"လောကန္တရိကာတိ တိဏ္ဏံ တိဏ္ဏံ စက္ကဝါဠာနံ အန္တရာ ဧကော လောကန္တရိကော ဟောတိ ။လ။ တေ ကိရ စက္ကဝါဠ ပဗ္ဗတဿ ဝေမဇ္ဈေန စရန္တိ။စက္ကဝါဠ ပဗ္ဗတဉ္စ အတိက္ကမ္မ လောကန္တရိကနိရယော"အစရှိသည်ဖြင့်

ဒုက္ခနိရန္တရေ၊ ဒုက္ခအခြားမရှိသော။ လောကန္တရေပိ၊ လောကန္တရိက် ငရဲ၌လည်း။ ဝိပုလာ၊ ထူထဲသော။ ဥဋ္ဌာရာ၊ ပြန့်ပြောသော။ ပဘာ၊ အရောင်သည်။ ဝါ၊ အလင်းသည်။ အဟောသိ၊ ဖြစ်၏။ တထာ၊ ထိုမှတပါး။ တဒါ၊ ထိုဖွားတော်မူသော ခဏ၌။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ သန္တတရဂ်မာလော၊ ငြိမ်သက်သော လှိုင်းတံပိုးဟူသော ပန်းရှိ၏။ အယံ၊ ဤမဟာသမုဒ္ဒရာသည်။ မဓုရောဒကော၊ ချိုမြိန်သော ရေရှိ၏။

> န ဝါယိ ဝါတော ဖရုသော ခရော ဝါ၊
> သမ္ဖုလ္လပုပ္ဖါ တရဝေါ အဟေသုံ။
> ဝိရောစိ စန္ဒော အဓိကံ သတာရော၊
> န စာပိ ဥဏှော သူရိယော အဟောသိ။

ခရော ဝါ၊ ထက်သည်လည်း ဖြစ်သော။ ဖရုသော ဝါ၊ ကြမ်းတမ်းသည်လည်းဖြစ်သော။ ဝါတော၊ လေသည်။ တဒါ၊ ထိုဖွားတော်မူသောခဏ၌။ နဝါယိ၊ မလာ။ တရဝေါ၊ သစ်ပင်တို့သည်။ သမ္ဖုလ္လဖုပ္ဖါ၊ ကောင်းစွာ ပွင့်သော အပွင့်ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ သတာရော၊ နက္ခတ်တာရာနှင့်တကွသော။ စန္ဒော၊ လမင်းသည်။ အဓိကံ၊ လွန်စွာ။ ဝိရောစိ၊ တောက်ပ၏။ သူရိယော၊ နေသည်။ ဥဏှော၊ ပူသည်။ န စာပိ အဟောသိ၊ မဖြစ်။

ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ် ၂၃....မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ အဋ္ဌကထာ အစ္ဆရိယ အဗ္ဘုတဓမ္မသုတ် ၁၂၂...ခန္ဓဝဂ္ဂသံယုတ္တနိကာယ် သံယုတ်အဋ္ဌကထာ ခဇ္ဇနီယဝဂ် ၇-သုတ် ၂၆၀-၂၆၁ .... အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အဋ္ဌကထာ ဘယဝဂ် ၇-သုတ် ၂၉၁.... ခုဒ္ဒကနိကာယ် အဋ္ဌကထာ ဗုဒ္ဓဝံသဝဏ္ဏနာ ရတနစင်္ကမကဏ္ဍ သီ- ၂၆....ခုဒ္ဒကနိကာယ် သမ္မောဟဝိနောဒနီ အဋ္ဌကထာ ခန္ဓဝိဘင်း ၃-စသည်တို့၌ ဆိုကုန်၏။ ။"ဥဗ္ဗေဓေန ဟိ စက္ကဝါဠပဗ္ဗတဿ ဝေမဇ္ဈတော စန္ဒိမသူရိယာ ဝိစိရန္တိ" ဟူသော မူလပဏ္ဏာသဋီကာ ၃၂-မဟာဂေါသိင်္ဂသုတ် ၁၀-ကြောင်းပေ ပါချုပ် ကျော-ဘက် ၉-ကြောင်းကို ထောက်၍လည်း မြင်းမိုရ်တောင်ကို တိုင်းသော ယူဇနာဘွဲ့တာ ၇-တောင်တာ။ စကြဝဠာတောင်ကို တိုင်းသော ယူဇနာဘွဲ့တာ ၂၁-တောင် ဟူသော စကားကို ပယ်အပ်၏။ ဤတာအတိုင်းယူဇနာဖွဲ့၍ မြင့်ပါမူကား စကြဝဠာတောင်သည် ယူဇနာပေါင်း (၂၄၆၀၀၀) မြင့်ရာ၏။ ဤသို့ မြင့်ခဲ့ပါမူ အဋ္ဌကထာ ဋီကာတို့၌ ဝေမဇ္ဈ မဆိုရာ။ ။လောကန္တရိက သဒ္ဒါကို ထောက်၍ လောကန္တရိက်ဟု ရ၌ လုံးကြီးတင် ကသုတ်ရေးလေ။

ခဂ္ဂါ နဘမှာပိ စ ရုက္ခတော စ၊
ဘဋ္ဌာ စ ဟေဋ္ဌာပထဝိံ ဂစ္ဆိံသု။
မဟာစတုဒီပဂတော စ မေဃော၊
ပဝဿိ တောယံ မဓုရံ သမန္တာ။

ခဂ္ဂါ၊ ငှက်တို့သည်။ နဘမှာပိစ၊ကောင်းကင်မှလည်းကောင်း။ ရုက္ခတောစ၊ သစ်ပင်မှလည်းကောင်း။ ဟေဋ္ဌာပထဝိံ၊ အောက်မြေသို့။ ဘဋ္ဌာ၊ လျှောကျကုန်လျက်။ ဂစ္ဆိံသု၊ မြည်ကြွေးကြကုန်၏။ မဟာ စတုဒီပဂတော၊ ကျွန်းကြီး လေးကျွန်း၌ ဖြစ်သော။ မေဃော၊ မိုးကြီးသည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ မဓုရံ၊ ချိုမြိန်သော။ တောယံ၊ ရေကို။ ပဝဿိ၊ ရွာ၏။

ဌတ္ဂာဝ ဒိဗ္ဗေ ဘဝနေ သကသ္မိံ၊
ပသန္နစိတ္တာ ပန ဒေဝတာယော။
နစ္စိံသု ဂါယိံသု စ ဝါဒယိံသု၊
သေဠိံသု တာ ကေဠိမကံသု စေဝ။

ဒေဝတာယော၊ နတ်တို့သည်။ သကသ္မိံ၊ မိမိတို့ဥစ္စာဖြစ်သော။ ဒိဗ္ဗေ- ဘဝနေ၊ နတ်တို့ဗိမာန်၌။ ဌတွာဝ၊ တည်၍လျှင်။ ပသန္နစိတ္တာ၊ကြည်ညိုသော စိတ်ရှိကုန်သည်ဖြစ်၍။ နစ္စိံသု၊ ကကြကုန်၏။ ဂါယိံသု၊ သီကြကုန်၏။ ဝါဒယိံသု၊ တီးမှုတ်ကြကုန်၏။ သေဠိံသု၊ လေချွန်ကြကုန်၏။တာ၊ထိုနတ်တို သည်။ ကေဠိံ၊ ကစားမြူးတူးခြင်းကို။အကံသုစေဝ၊ပြုလည်း ပြုကြကုန်၏။

သယံ ကိရ ဒွါရမဟာကဝါဋ္ဌာ၊
ခဏေဝ တသ္မိံဝိဝဋ္ဋာ အဟေသုံ။
မဟာဇနေ နေဝ ခုဒါ ပိပါသာ၊
ပီဠေသိ လောကံ ကိရ ဂ်ဋ္ဌိ ဂ်ဋ္ဌိ။

ဒွါရ မဟာကဝါဋ္ဌာ၊ တံခါး၌ ကြီးစွာသော တံခါးရွက်တို့သည်။ တသ္မိံ ခဏေဝ၊ ထိုဖွားတော်မူသောခဏ၌လျှင်။ သယံ၊ မိမိတို့ အလိုလို။ ဝိဝဋ္ဋာ၊ ဖွင့်လင်းပွင့်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ မဟာဇနေ၊ လူအပေါင်း တို့ကို။ ခုဒါ၊ ဝတ်မွတ်ခြင်းသည်။ နေဝ ပီဠေသိ၊ မနှိပ်စက်။ လောကံ၊ လူအပေါင်းကို။ ဂ်ဋ္ဌိ ဂ်ဋ္ဌိ၊ စိုးစဉ်းစိုးစဉ်းမျှ။ ပိပါသာ၊ မွတ်သိပ်ခြင်းသည်။ န ပီဠေသိ၊ မနှိပ်စက်။

ယေ နိစ္စဝေရာ ပန ပါဏိသံဃာ၊
တေ မေတ္တစိတ္တံ ပရမံ လဘိံသု။
ကာကာ ဥလူကေဟိ စရိံသု သဒ္ဓိံ၊
သောဏာ ဝရာဟေဟိ အကံသု ကေဠိံ။

ယေ ပန ပါဏိသံဃာ၊ အကြင်သတ္တဝါအပေါင်းတို့သည်ကား။ နိစ္စဝေရာ၊ အမြဲပင် ရန်ရှိကြကုန်၏။ တေ၊ ထိုသတ္တဝါအပေါင်းတို့သည်။ ပရမံ၊ လွန်သော။ မေတ္တ စိတ္တံ၊ မေတ္တာစိတ်ကို။ လဘိံသု၊ ရကြကုန်၏။ ကာကာ၊ ကျီးတို့သည်။ ဥလူကေဟိ၊ ခင်ပုပ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ စရိံသု၊ ကျက်စားကြကုန်၏။ ဝါ၊ အတူပျံကြကုန်၏။ သောဏာ၊ ခွေးတို့သည်။ ဝရာဟေဟိ၊ ဝက်တို့နှင့်။ ကေဠိံ၊ အတူတကွ ကစားမြူးထူးခြင်းကို။ အကံသု၊ ပြုကြကုန်၏။

ဃောရဝိသာ န ဃောရာပိ သပ္ပါ[1]၊
ကီဠိံသု ကာမံ နကုလေဟိ သဒ္ဓိံ။
ဂဏှိံသု မဇ္ဈာရိသရေသု ယုတာ[2]၊
ဝိဿဋ္ဌစိတ္တာ ဃရမူသိကာပိ။

ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ သပ္ပါပိ၊ မြွေတို့သည်လည်း။ န ဃောရာ၊ မကြမ်းကုန်။ သပ္ပါ၊ မြွေတို့သည်။ နကုလေဟိ၊ မြွေပါတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကာမံ၊ အလိုရှိတိုင်း။ ကီဠိံသု၊ ကစားကြကုန်၏။ မဇ္ဈာရိသရေသု၊ ကြောင်သံတို့နှင့်။ ဝါ၊ ကြောင်သံတို့၌။ ယုတာ၊ ယှဉ်ကုန်၍။ ဃရမူသိကာပိ၊ အိမ်ကြွက်တို့သည်လည်း။ ဝိဿဋ္ဌစိတ္တာ- ဝိဿဋ္ဌစိတ္တာနိ၊ လွတ်သော စိတ်တို့ကို။ ဝါ၊ မကြောင့်မကြသော စိတ်တို့ကို။ ဂဏှိံသု၊ ယူကုန်၏။

ဗုဒ္ဓန္တရေနာပိ အလဒ္ဓတောယေ ပိသာ စ၊
လောကေ ဝိဂတာ ပိပါသာ ခုဒါ။
ခုဇ္ဇာ အဟေသုံ သမစာရုကာယာ၊
မူဂါ စ ဝါစံ မဓုရံ လပိံသု။

၁။ ဃောရာပိ သပ္ပါ န မုခါပိ သပ္ပါ။ }
၂။ ဂဏှိံသု မဇ္ဈာရသိရေသု ယူကာ၊ } သီဟိုဠ်အဋ္ဌကထာမူ ၆၆။

ဗုဒ္ဓန္တရေနာပိ၊ ဘုရားနှစ်ဆူတို့၏ တစ်ခုသော အကြားအားဖြင့်လည်း။ အလဒ္ဓတောယေ၊ မရအပ်သော ရေရှိသော။ ပိသာစ လောကေ၊ မြေဘုတ်ဘီလူးတို့ပြည့်၍။ ပိပါသာ၊ မွတ်သိပ်ခြင်းတို့သည် လည်းကောင်း။ ခုဒါ၊ ဆာလောင်ခြင်းတို့သည် လည်းကောင်း။ ဝိဂတာ၊ ကင်းကုန်၏။ ခုဇ္ဇာ၊ ကုန်းသောသူတို့သည်။ သမာ စာရု ကာယာ၊ အညီအညွတ် တင့်တယ်သော ကိုယ်ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ မူဂါစ၊ အ,ကုန်သော သူတို့သည် လည်း။ မဓုရံ၊ သာယာသော။ ဝါစံ၊ စကားကို။ လပိံသု၊ ဆိုကုန်၏။

ပသန္နစိတ္တာ ပန ပါဏိသံဃာ၊
ဝါစံ အညမညံ ပိယ မာလပိံသု။
အဿာ စ ဟသိံသု ပဟဋ္ဌစိတ္တာ၊
ဂဇ္ဇိံသု မတ္တာဝရဝါရဏာပိ။

ပါဏိ သံဃာ ဝါ၊ သတ္တဝါအပေါင်းတို့သည်လည်း။ ပသန္နစိတ္တာ၊ ကြည်ညိုသော စိတ်ရှိကုန်သည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ ပိယံ၊ ချစ်ဖွယ်သော။ ဝါစံ၊ စကားကို။ အာလပိံသု၊ ပြောဆိုကြကုန်၏။ အဿာ စ၊ မြင်းတို့သည်လည်း။ ပဟဋ္ဌစိတ္တာ၊ ရွှင်လန်းသော စိတ်ရှိကုန်သည် ဖြစ်၍။ ဟသိံသု၊ ဟီကြကုန်၏။ မတ္တာ ဝရ ဝါရဏာပိ၊ အမုန်ယစ်သော မြတ်သော ဆင်ပြောင်ကြီးတို့သည်လည်း။ ဝါ၊ အမုန်ယစ်သော ရန်သူကို တားမြစ်နိုင်သော ဆင်ပြောင်ကြီးတို့သည်လည်း။ ဂဇ္ဇိံသု၊ ကြိုးကြာသံ ကဲ့သို့ ကြိုးကုန်၏။ ဝါ၊ ကြိုးကြာသံကဲ့သို့သော အသံဖြင့် ဟစ်အော်ကုန်၏။

သုရဘိ စန္ဒန စုဏ္ဏ သမာကုလာ၊
ကုသုမ ကုင်္ကုမ မဓုရ[၁] သုဂန္ဓိနီ။
ဝိဝိဓ စာရု မဟဒ္ဓဇ မာလိနီ၊
ဒသသဟဿီ အဟောသိ သမန္တတောတိ။

သုရဘိ စန္ဒန စုဏ္ဏ သမာကုလာ၊ ကောင်းသော အနံ့ရှိသော စန္ဒကူးမှုန့်တို့ဖြင့် ကောင်းစွာ အညီအညွတ် ရောပြွမ်းထားသော။ ကုသုမ ကုင်္ကုမ မဓုရ သုဂန္ဓိနီ၊ ပန်းမာလာကြိုကျူတို့ဖြင့် ကောင်းမြတ်သော အနံ့ရှိထသော။ ဝိဝိဓ-

၁- မူပ။ သီဟိုဠ် အဋ္ဌကထာစာမူ ဖဒ။

စာရှ မဟာဒ္ဓဇ မာလိနီ၊ အထူးထူးအပြားပြား ᳚တင့်တယ် များမြတ်သော တံခွန်တည်းဟူသော ပန်းရှိထသော။ သမန္တတော၊ ᳚ထက်ဝန်းကျင်မှ။ ဒသသဟဿီ၊ တစ်သောင်းသော လောကဓာတ်သည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဿိတာနိ၊ ပြအပ်ကုန်၏။

ဒီပင်္ကရာ သတို့သား ပဋိသန္ဓေနေသောအခါနှင့် ဖွားသောအခါတို့မှာ ပြသော ပုဗ္ဗနိမိတ်တို့ကို ပြခြင်း

တတြ၊ ထိုနိမိတ်တို့တွင်။ အဿ၊ ထိုဒီပင်္ကရာသတို့သား၏—

၁။ ဒသသဟဿိလောကဓာတုကမ္ပော၊ တစ်သောင်းသော လောကဓာတ်တို့၏ တုန်လှုပ်ခြင်းသည်။ သဗ္ဗညုတညာဏပ္ပဋိလာဘဿ၊ သဗ္ဗညုတညာဏ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်သည်။ အဟောသိ၊ ဖြစ်၏။

၂။ ဒေဝတာနံ၊ နတ်တို့၏။ ဧက စက္ကဝါဠေ၊ တစ်ခုသော စကြဝဠာ၌။ သန္နိပါတော၊ စည်းဝေးခြင်းသည်။ ဓမ္မစက္ကပ္ပဝတ္တနကာလေ၊ ဓမ္မစကြာတရားကို ဟောသော ကာလ၌။ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက် အားဖြင့်သာလျှင်။ သန္နိပတိတွာ၊ စည်းဝေး၍။ ဓမ္မပ္ပဋိဂ္ဂဟဏဿ၊ တရားကို နာခံခြင်း၏။ ဝါ၊ တရားတော်ကို နာခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၃။ ပဌမံ၊ ရှေးဦးစွာ။ ဒေဝတာနံ၊ နတ်ဗြဟ္မာတို့၏။ ပဋိဂ္ဂဟဏံ၊ ခံခြင်းသည်။ စတုန္နံရူပါဝစရဈာနာနံ၊ လေးပါးကုန်သောရူပါဝစရ ဈာန်တို့ကို။ ပဋိလာဘဿ၊ ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၄။ ပစ္ဆာ၊ နောက်မှ။ မနုဿာနံ၊ လူတို့၏။ ပဋိဂ္ဂဟဏံ၊ ခံခြင်းသည်။ စတုန္နံ အရူပါဝစရဈာနာနံ၊ လေးပါးကုန်သော အရူပါဝစရဈာန် တို့ကို။ ပဋိလာဘဿ၊ ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်ပင်တည်း။

၅။ စမ္မနဒ္ဓဒုန္ဒုဘီနံ၊ သားရေဖြင့် ကြက်သော စည်ကြီးတို့၏။ သယမေဝ၊ မိမိအလိုလိုပင်။ ဝဇ္ဇနံ၊ မတီးဘဲမြည်ခြင်းသည်။ မဟတိယာ၊

များစွာသော။ ဓမ္မဘေရိယာ၊ တရားတည်းဟူသော စည်ကြီးကို။ အနုသဝနာယ၊ အဆင့်ဆင့်နာခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၆။ ဝိဏာဘရဏာနံ၊ စောင်း စောင်းကောက်တို့၏။ သယမေဝ၊ မိမိတို့ အလိုလိုပင်လျှင်။ ဝဇ္ဇနံ၊ မတီးဘဲမြည်ခြင်းသည်။ အနုပုဗ္ဗ-ဝိဟာရ ပဋိလာဘာယ၊ အစဉ်အတိုင်း သုံးပါးသော ဝိဟာရကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၇။ ဗန္ဓနာနံ၊ အနှောင်အဖွဲ့တို့၏။ သယမေဝ၊ မိမိအလိုလိုပင်လျှင်။ ဆေဒေါ၊ သတ္တဝါတို့အား ပြတ်ခြင်းသည်။ အသ္မိမာနသမုစ္ဆေဒာယ၊ ငါဟူသော မာနတို့ ပြတ်နိုင်ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၈။ မဟာဇနဿ၊ လူအပေါင်းအား။ ရောဂဝိဂမော၊ ရောဂါကင်းခြင်းသည်။ စတုသစ္စပဋိလာဘာယ၊ သစ္စာလေးပါး တရားတည်းဟူသော ဖလကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၉။ ဇစ္စန္ဓာနံ၊ အမိဝမ်း၌ ကန်းကုန်သော သူတို့၏။ ရူပဒဿနံ၊ ရူပါရုံကို မြင်ခြင်းသည်။ ဒိဗ္ဗစက္ခုပဋိလာဘာယ၊ ဒိဗ္ဗစက္ခု ဉာဏ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၀။ ဗဓိရာနံ၊ နားပင်းကုန်သော သူတို့၏။ သဒ္ဒသဝနံ၊ အသံကိုကြားခြင်းသည်။ ဒိဗ္ဗသောတဓာတု ပဋိလာဘာယ၊ ဒိဗ္ဗသောတဓာတ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၁။ ဇာတိ ဇဠာနံ၊ ပဋိသန္ဓေအားဖြင့် အရည်ယိုသော သူတို့အား။ ဝါ၊ မိုက်ကုန်သော သူတို့အား။ အနုဿတုပ္ပါဒေါ၊ အဖန်တလဲလဲ သတိ၏ ဖြစ်ခြင်းသည်။ စတုသတိပဋ္ဌာန ပဋိလာဘာယ၊ လေးပါးသော သတိပဋ္ဌာန်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၂။ ပင်္ဂုလာနံ။ သူဆွံ့တို့၏။ ဝါ၊ ခြေဆွံ့သော သူတို့၏။ ပဒသာ၊ ခြေကျင်။ ဝါ၊ ခြေဖြင့်။ ဂမနံ၊ သွားခြင်းသည်။ စတုရိဒ္ဓိပါဒ ပဋိလာဘာယ၊ လေးပါးသော ဣဒ္ဓိပါဒ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၃။ ဝိဒေသ ဂတာနံ၊ အရပ်တပါး သွားလာ ကုန်သော။ နာဝါနံ၊ သင်္ဘောလှေတို့၏။ ပဋ္ဋ ဂမနံ၊ ဆိပ်သို့ ရောက်ခြင်းသည်။ စတု-ပဋိသမ္ဘိဒါဓိဂမဿ၊ လေးပါးသော ပဋိသမ္ဘိဒါကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၄။ ရတနာနံ၊ ရွှေ,ငွေ စသော ရတနာတို့၏။ သယမေဝ၊ အလိုလို ပင်လျှင်။ ဝိရောစနံ၊ ထွန်းတောက်ပခြင်းသည်။ ဓမ္မောဘာသ ပဋိလာဘဿ၊ တရားတည်း ဟူသော အရောင်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၅။ နိရယေ၊ ငရဲ၌။ အဂ္ဂိ နိဗ္ဗာယနံ၊ မီးငြိမ်းခြင်းသည်။ ကောဒသ-အဂ္ဂိနိဗ္ဗာယနဿ၊ တစ်ဆယ့်တစ်ပါးသော ရာဂ စသော မီးငြိမ်း ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၆။ နဒီသု၊ မြစ်တို့၌။ တောယဿ၊ အယဉ်ထန်စွာ စီးသော ရေ၏။ နပ္ပဝတ္တနံ၊ မစီးဘဲ တန့်ရပ် ခြင်းသည်။ စတု ဝေသာရဇ္ဇ ပဋိလာ ဘဿ၊ လေးပါးသော ဝေသာရဇ္ဇဉာဏ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၇။ လောကန္တရေ၊ လောကန္တရိက်ငရဲ၌။ အာလောကော၊ အလင်း ဖြစ်ခြင်းသည်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်ကို။ ဝိဓမိတ ဉာဏာလောကဒဿနဿ၊ ဖျောက်တတ်သော ဉာဏ်တည်း ဟူသော အလင်းကို ပြခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၈။ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏။ မဓုရောဒကတာ၊ ချိုမြိန်သော ရေရှိသည်၏ အဖြစ်သည်။ နိဗ္ဗာန ရသေန၊ နိဗ္ဗာန်တည်းဟူသော ရသာဖြင့်။ ဧက ရသီ ဘာဝဿ၊ တစ်ခုသော ရသာရှိသည်၏ အဖြစ်၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၁၉။ ဝါတဿ၊ လေ၏။ အဝါယနံ၊ သည်းထန်စွာ မလာခြင်းသည်။ ဒွါသဋ္ဌိဒိဋ္ဌိဂတဘေဒနဿ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူကို ဖျက်ဆီးခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၀။ တရုဏ ပုပ္ဖိတ ဘာဝေါ၊ သစ်ပင်ပျိုတို့၏ ပွင့်သော အဖြစ်သည်။ ဝိမုတ္တိ ပုပ္ဖေဟိ၊ ဝိမုတ္တိ တည်းဟူသော အပွင့်တို့ဖြင့်။ ပုပ္ဖိတဘာဝဿ၊ ပွင့်သည် အဖြစ်၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၁။ စန္ဒဿ၊ လမင်း၏။ အတိရောစနံ၊ အလွန် ထွန်းတောက်ပခြင်းသည်။ ဗဟုဇနကန္တတာယ၊ များစွာသော လူအပေါင်း နှစ်သက်ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၂။ သူရိယဿ၊ နေမင်း၏။ နာတိဥဏှ ဝိမလဘာဝေါ၊ မပူလွန်း အညစ်အကြေး ကင်းသော အဖြစ်သည်။ ကာယိက စေတသိကသုခုပ္ပတ္တိယာ၊ ကာယိကသုခ, စေတသိကသုခ ဖြစ်ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၃။ ခဂါနံ၊ ငှက်တို့၏။ နဘာဒီဟိ၊ ကောင်းကင် စသည်တို့မှ။ ဩရောဟိတွာ၊ သက်၍။ ပထဝီဂမနံ၊ မြေ၌ သွားခြင်းသည်။ ဩဝါဒံ-အဆုံးအမကို။ သုတွာ၊ နာရ၍။ မဟာဇနဿ၊ လူအပေါင်း၏။ ပါဏေဟိ၊အသက်တို့ဖြင့်။ သရဏာဂမနဿ၊သရဏဂုံကို ယူခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၄။ မဟာတော၊ များစွာသော။ စတုဒ္ဒိပ ဂတ မေဃဿ၊ လေးကျွန်း လုံး၌ ဖြစ်သော မိုးကြီး၏။ ဝဿနံ၊ ရွာခြင်းသည်။ မဟာတော၊ များစွာသော၊ ဓမ္မ ဝဿဿ၊ တရားတည်း ဟူသော မိုး၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၅။ ဒေဝတာနံ၊ နတ်တို့၏။ သက သက ဘဝနေသွေဝ၊ မိမိ မိမိတို့ ဗိမာန်တို့၌။ ဌဘွာ၊ ရပ်၍။ နစ္စာဒီဟိ၊ ကခြင်း အစရှိသည်တို့ဖြင့်။ ကီဠနံ၊ ကစားမြူးထူးခြင်းသည်။ ဗုဒ္ဓဘာဝံ၊ ဘုရားအဖြစ်သို့။ ပတွာ၊ ရောက်၍။ ဥဒါနုဒါနဿ၊ ဥဒါန်းကျူးခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၆။ ဒွါရကဝါဋာနံ၊ တံခါးရွက်တို့၏။ သယမေဝ ဝိဝရဏံ၊ အလိုလို ပွင့်ခြင်းသည်။ အဋ္ဌင်္ဂိက မဂ္ဂဒွါရ ဝိဝရဏဿ၊ အဋ္ဌင်္ဂိကမဂ်တည်း ဟူသော တံခါးပွင့်ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၇။ ခုဒ္ဒါ ပီဠနသာ၊ ငတ်မွတ်ခြင်းဖြင့် နှိပ်စက်ခြင်း၏။ အဘာဝေါ၊ မရှိခြင်းသည်။ ကာယဂတာသတိ အမတ ပဋိလာဘာယ၊ ကာယဂတာသတိတည်းဟူသော အမြိုက်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၈။ ပိပါသာ ပီဠနသာ၊ မွတ်သိပ်ခြင်းဖြင့် နှိပ်စက်ခြင်း၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဝိမုတ္တိ သုခေန၊ ဝိမုတ္တိ သုခဖြင့်။ သုခိတဘာဝဿ၊ ချမ်းသာခြင်းရှိသည် အဖြစ်၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၂၉။ ဝေရိနံ၊ ရန်သူတို့၏။ မေတ္တစိတ္တပဋိလာဘော၊ မေတ္တာစိတ်ကို ရခြင်းသည်။ စတုဗြဟ္မဝိဟာရ ပဋိလာဘာယ၊ လေးပါးသော ဗြဟ္မဝိဟာရကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၃၀။ ဒသသဟဿိ လောကဓာတုယာ၊ တစ်သောင်းသော လောကဓာတ်၌။ ဧကဓဇ မာလိတာ၊ တပြိုင်နက် တံခွန်တည်းဟူသော ပန်းရှိသည်၏ အဖြစ်သည်။ အရိယ ဓဇ မာလိတာယ၊ အရိယာ ဓဇဖြစ်သော ပန်းရှိသည်အဖြစ်၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

၃၁။ သေသ ဝိသေသော၊ ကြွင်းသော နိမိတ်အထူးကို။ သေသ ဗုဒ္ဓဂုဏ ပဋိလာဘာယ၊ ကြွင်းသော ဘုရားဂုဏ်ကို ရခြင်း၏။ *ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

ဒီပင်္ကရာသတို့သား တောထွက်တော်မူခြင်း

ထိုအခါ ဒီပင်္ကရာသတို့သားသည် များစွာသော စည်းစိမ်ချမ်းသာတို့ဖြင့် စံပယ်တော်မူလျက် အစဉ်သဖြင့် ကောင်းမြတ်သော အရွယ်သို့ ရောက်၍ ဥတုသုံးပါးအား လျော်ပတ်သော သုံးဆောင်သော ပြာသာဒ်တို့၌ နတ်မင်းတို့၏ အသရေကဲ့သို့သော စည်းစိမ်ကို ခံစားလျက် ဥယျာဉ်ကစား

---

* ဇာတ်အဋ္ဌကထာ နိဒါန်း-၆၃ ဇာတတ္ထကီပါဠိ-၆၁ ၎င်းနိဿယ ၁၁၄-တို့၌ "မာတ္တိ သပုဗ္ဗနိမိတ္တံ"ဟု လာ၏။ ။ဤဗုဒ္ဓဝင်အဋ္ဌကထာ ဇိနာလင်္ကာရဋီကာ ဂဗ္ဘောက္ကန္တိ ဝဏ္ဏနာ- ၁၅၉-တို့နှင့် အချို့မတူ။ ။ပုဗ္ဗနိမိတ်ဟူသည်ကား ဓမ္မနိယာမ ပင်တည်း။ ၎င်းသည် ဓမ္မတာပင်တည်း။

ခြင်းငှါ သွားသောအခါ အစဉ်သဖြင့် သူအို သူနာ သူသေ တည်းဟူသော သုံးပါးသော နတ်တမန်တို့ကို မြင်၍ ထိတ်လန့်ခြင်းဖြင့် ရွှေနန်းတော်သို့ ပြန်ခဲ့၍ သုဒဿန နတ်မြို့ဖြင့် တူသော စည်းစိမ်ဥစ္စာတို့ဖြင့် တင့်တယ်သော ရမ္မဝတီပြည်ကြီးသို့ ဝင်တော်မူ၏။

နေပြည်တော်သို့ ဝင်၍ တဖန် လေးကြိမ်မြောက်၌ ဆင်ထိန်းကို ခေါ်စေပြီးမှ "အမောင်ဆင်ထိန်း–ငါကား ဥယျာဉ်ကစားခြင်းငှါ ထွက်အံ့။ ဥယျာဉ်ကို စီရင်စေ" ဟု ဆို၏။ ထိုဆင်ထိန်းသည်လည်း "အရှင်မင်းကြီး ကောင်းပါပြီ"ဟု ဝန်ခံ၍ ရှစ်သောင်းလေးထောင်သော ဆင်တို့ကို စီရင်စေ၏။ ထိုအခါ ဝိသကြုံ နတ်သားသည် ဒီပင်္ကရာ ဘုရားအလောင်းကို အထူးထူး အပြားပြားသော အဝတ်အရုံတို့ဖြင့် လည်းကောင်း, လည်တွင်ဆွဲအပ်သော ပုလဲသွယ်ဖြင့်လည်းကောင်း ပြိုးပြိုးပြက်ပြက် တခဲနက် အရောင်ထွက်သော ရွှေနီဖလံဖြင့် ပြုအပ်သော နားဒောင်း, လက်စွပ်တို့ဖြင့် လည်းကောင်း၊ ဦးခေါင်း၌ တင့်တယ်သော ပန်းတို့ဖြင့် လည်းကောင်း ကောင်းစွာ တန်ဆာဆင်၏။

ထိုအခါ ဒီပင်္ကရာ သတို့သားသည် နတ်သားကဲ့သို့ ရှစ်သောင်းလေးထောင်သော ဆင်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ မြတ်သော ဆင်ထက်၌ စီးလျက် များစွာသော စစ်သည်ဗိုလ်ပါ ကောင်းစွာ ခြံရံအပ်သည် ဖြစ်၍ နှစ်သက် မြတ်နိုးခြင်းကို ဖြစ်စေတတ်သော ဥယျာဉ်သို့ ဝင်၍ ဆင်ထက်မှ ဆင်းသက်ပြီးသော် ဥယျာဉ်၌ ထိုမှဤမှ သွားလာ၍ အလွန်အေးမြသော ကျောက်ဖျာအပြင်၌ နေလျက် ရဟန်းအဖြစ်၌ စိတ်ကို ဖြစ်စေ၏။

ထိုခဏ၌ သုဒ္ဓါဝါသဘုံ၌ နေသော ရဟန္တာဖြစ်သော ပြဟ္မာကြီးသည် ရှစ်ပါးသော ရဟန်းပရိက္ခရာတို့ကိုယူ၍ ဘုရားအလောင်း မျက်စိမြင်ကောင်းသောအရပ်၌ ထင်ရှား ဖြစ်စေ၏။ အလောင်းမင်းသားလည်း ထိုပရိက္ခရာကို မြင်လျှင် ဤကား အဘယ်နည်းဟု မေးသော် ရဟန်းတို့ ပရိက္ခရာ ဖြစ်ကြောင်းကို ကြား၍ ဆင်အပ်သော တန်ဆာတို့ကိုချွတ်ပြီးမှ ဘဏ္ဍာစိုးလက်သို့ ပေး၍ မင်္ဂလာရှိသော *သန်လျက်ကို ယူလျက် ဆံထွတ် သျှောင်ထုံးနှင့် တကွ ဖြတ်၍ ကောင်းကင်သို့ ပစ်တော်မူ၏။

* "ရှောင်ဖြူပြိုးပြက်၊ ဓားသန်လျက်သည်။ ။ရှလျက်ထိတိုင်းမှန်သည်သာ"။ ။ ဝန်တောင်လယ်အဖြေ ပေမူနှင့်အညီ သန်လျက်နှင့် ယူလျက်ကား ခွဲထား။

ထိုအခါ သိကြားမင်းသည် ရွှေပန်းတောင်းဖြင့် ထိုဆံထွတ်ကို ယူ၍ မြင်းမိုရ်တောင်ထက်၌ သုံးယူဇနာ ပမာဏရှိသော ဣန္ဒနီလာကျောက်၌ ဌာပနာ၍ မကုဋစေတီတည်လေ၏။ ထိုအခါ ယောကျ်ားမြတ်သည်လည်း ဗြဟ္မာမင်းတို့ ပေးအပ်သော အရဟတ္တဓဇဖြစ်သော သင်္ကန်းကို ဝတ်ရုံ၍ ပုဆိုးအစုံကို ကောင်းကင်သို့ ပစ်လိုက်သော် ထိုပုဆိုးကိုလည်း ဗြဟ္မာကြီးသည် ခံလင့်၍ ဗြဟ္မာ့ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော အလုံးစုံ ရတနာဖြင့် ပြီးသော စေတီကို ပြုလေ၏။ ရဟန်း ပြုတော်မူသော ဒီပင်္ကရာ သတို့သားသို့ အတုလိုက်၍လည်း ယောကျ်ားတစ်ကုဋေတို့သည် ရဟန်းပြုကြကုန်၏။ထိုတစ်ကုဋေ သောရဟန်းပရိသတ် ခြံရံအပ်သော ဘုရားလောင်းသည် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၏။

ထိုအခါ ကဆုန်လပြည့်နေ့ အမှတ်မရှိသော မြို့သို့ ဆွမ်းခံဝင်သော် ထိုမြို့၌ နတ်တို့အား ဗလိနတ်စာအလို့ငှါ ရေမရောသော နို့ဃနာကို မြို့သူ မြို့သားတို့ ချက်ကြစဉ် ပရိသတ်နှင့်တကွ ဆွမ်းအလို့ငှါ ဝင်သော ဘုရားလောင်းအား လူတို့သည် လှူကုန်၏။ ထိုဃနာနို့ဆွမ်းကား တစ်ကုဋေ အရေအတွက်ရှိသော ရဟန်းတို့အား မျှတဆောင်စွမ်းနိုင်သည် ဖြစ်သတတ်။ ဘုရားလောင်း၏ သပိတ်၌ နတ်တို့သည် နတ်တို့ဩဇာကို ထည့်ကုန်၏။

ဘုရားလောင်းသည်လည်း ထိုဃနာနို့ဆွမ်းကို ဘုဉ်းပေးလျက် ဘုရားတို့ နေခြင်းဖြင့် ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီးမှ နေ့နေခြင်းကို လွန်စေ၍ ညချမ်းသောအခါ မိမိနှင့်ပါလာသော ပရိသတ် ကိုစွန့်၍ သုနန္ဒမည်သော အာဇီဝက တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ညောင်ကြတ် ဗောဓိအနီးသို့ သွား၍ မြက်အခင်းတို့ကို ခင်းလျက် အတောင် ကိုးဆယ် မြင့်သော ဗောဓိပင်ကို နောက်မှီတံကဲပြု၍ ပလ္လင်ဖွဲ့ခွေ နေတော်မူသော် လေးပါးသောအင်္ဂါနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည် တော်မူပြီးမှ ဗောဓိပင်အရပ်သို့ ချဉ်းကပ်လာသော မာရ်စစ်သည်ဗိုလ်ပါကို ကောင်းစွာ ပယ်ဖျောက်၍ ပထမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်,မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, အမြင်ကို သုတ်သင်တော်မူ၍ ပစ္ဆိမယာမ်၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ အားဖြင့် အစုန် အဆန် ဆင်ခြင်တော်မူ၍ အာနာပါန စတုတ္ထ ဈာန်ကို ဝင်စား၍ ထပြီးမှ ခန္ဓာငါးပါးတို့၌ အဖန်ဖန် နှလုံးသွင်း၍ ဖြစ်ခြင်း

ပျက်ခြင်းတို့၌ အမျှငါးဆယ်သော လက္ခဏာတို့ကို မြင်၍ ဂေါတြဘူတိုင်အောင် ဝိပဿနာကို ပွားစေပြီးမှ အရဟတ္တသည် ရှိသော် အရိယမဂ်ဖြင့် အလုံးစုံသော ကျေးဇူးတို့ကို ထိုးထွင်း၍ သိပြီးကာ ကောင်းစွာ ဘုရားဖြစ်တော်မူ၏။

ထိုနောက်မှ သတ္တသတ္တာဟပတ်လုံး ဗောဓိပင် အနီး၌ ကာလကို လွန်စေ၍ ဗြဟ္မာမင်း၏ တရားဟောရန် တောင်းပန်ခြင်းကို ဝန်ခံတော်မူပြီးမှ သုနန္ဒာရာမ၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ ကုဋေတစ်ရာသော လူနတ်တို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၍ လေးကျွန်းလုံးအနှံ့ ရွာသော မိုးကြီးကဲ့သို့ တရားတည်းဟူသော မိုးကို ရွာကြိုးစေလျက် လူနတ်အပေါင်းတို့အား အနှောင်အဖွဲ့မှ လွတ်စေခြင်းကို ပြုလျက် ထိုထိုဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူလေ၏။

ထိုသို့ ဒီပင်္ကရာ မြတ်စွာဘုရား လူသုံးပါး၌ ဘုရားဖြစ်တော်မူသောအခါ သုမေဓာပညာရှိသည် သမာပတ်ချမ်းသာဖြင့် ကာလကို လွန်စေ၍ မြေလှုပ်ခြင်းစသော နိမိတ်ပြခြင်းတို့ကိုလည်း မမြင်မသိ မကြားမိလေ။

ထို့ကြောင့်—

ဧဝံ မေ သိဒ္ဓိပတ္တဿ၊ ဝသီဘူတဿ သာသနေ။
ဒီပင်္ကရေ နာမ ဇိနေ၊ ဥပ္ပဇ္ဇိ လောကနာယကော။
ဥပ္ပဇ္ဇန္တေ စ ဇာယန္တေ၊ ဗုဇ္ဈန္တေ ဓမ္မဒေသနေ။
စတုရော နိမိတ္တေ နာဒသံ၊ ဗျာနရတိသမပ္ပိတော—

ဟူ၍ဟောတော်မူ၏။

၁- ဒီပင်္ကရာမြတ်စွာဘုရား ပဋိသန္ဓေနေတော်မူသောအခါ ဖွားတော်မူသောအခါ ဘုရားဖြစ်တော်မူသောအခါ ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ၎င်းအခါတို့၌ နိမိတ်အမျိုးမျိုးတို့ကို ဈာန်၌မွေ့လျော်ခြင်းနှင့် ပြည့်စုံသော သုမေဓာရသေ့ မမြင်လိုက်ရဟူသော စကား၊ ဒီပင်္ကရာဘုရားလောင်းသည် အနှစ် ၁၀၀၀၀ လူ့ဘောင်၌နေပြီးမှ တောထွက်သည်ဆိုသော ပါဠိတော်စကား ၂-ရပ်ကို ပေါင်းစပ်၍ ကြည့်ပါမူကား သုမေဓာရှင်ရသေ့ ဒီပင်္ကရာဘုရားနှင့် တွေ့သောအခါ အသက် ၁၀၀၀၀ ကျော်ပြီးသော ရသေ့ကြီးဖြစ်ပြီဟု သန္နိဋ္ဌာန်ကျ သိအပ်၏။

ဧဝံ ယထာ ဝုတ္တပ္ပကာရေန၊ အကြင် အကြင် ဆိုအပ်ခဲ့ ပြီးသော အကြောင်းဖြင့်။ မေ-မယာ၊ ငါသည်။ သာသနေ၊ ရသေ့တို့၏ သာသနာ၌။ သိဒ္ဓိပတ္တဿ၊ ဈာန်အဘိညာဉ်တို့နှင့် ပြည့်စုံခြင်းသို့ ရောက်၍နေစဉ်။ ဝသီ-ဘူတဿ၊ ဝသီဘော်၌ လေ့လာစွာ ဖြစ်၍နေစဉ်။ လောကနာယကော၊ တစ်လောကလုံး၏ ရှေ့ဆောင်လမ်းပြ ဖြစ်တော်မူသော။ ဒီပင်္ကရောနာမ၊ ဒီပင်္ကရာအမည်ရှိတော်မူသော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပွင့်တော်မူလာ၏။

ဥပ္ပဇ္ဇန္တေစ၊ မယ်တော်ဝမ်း၌ ပဋိသန္ဓေယူခြင်း၌ လည်းကောင်း။ ဇာယန္တေစ၊ ဖွားတော်မူခြင်း၌လည်းကောင်း။ ဗုဇ္ဈန္တေစ၊ သဗ္ဗညုတဉာဏ်ကို ရခြင်း၌လည်းကောင်း။ ဓမ္မဒေသနေ စ၊ ဓမ္မစကြာတရားကို ဟောကြားတော်မူခြင်း၌လည်းကောင်း။ ဣမေသု ဌာနေသု၊ ဤလေးပါးကုန်သော အရာတို့၌။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ စတုရော-စတ္တာရိ၊ လေးပါးကုန်သော။ နိမိတ္တေ-နိမိတ္တာနိ၊ နိမိတ်တို့ကို။ အဟံ၊ ငါသည်။ ဈာနရတိ သမပ္ပိတော၊ ဈာန်ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍။ နာဒသိံ၊ မမြင်ရလိုက်။

ဒီပင်္ကရာမြတ်စွာဘုရား ရမ္မဝတီပြည်သို့ ကြွတော်မူခြင်း

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားသည် လေးသိန်းသော ရဟန်းတို့ ခြံရံအပ်သည်ဖြစ်၍ အစဉ်သဖြင့် ဒေသစာရီ ကြွချီသည် ရှိသော် လွန်စွာ မွေ့လျော် ဖွယ်ရှိသော ရမ္မတီပြည်သို့ ရောက်တော်မူ၍ သုဒဿန အမည်ရှိသောကျောင်း၌ ကိန်းအောင်းစံပယ်တော်မူ၏။ ရမ္မဝတီ ပြည်သူပြည်သားတို့သည်လည်း လူသုံးပါး၌ ထင်ရှား ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ၍ အစဉ်သဖြင့် ဒေသစာရီ ကြွချီသည်ရှိသော် ရမ္မဝတီ ပြည်သို့ ရောက်၍ သုဒဿန ကျောင်းကြီး၌ နေတော် မူကြောင်းကို ကြားကြရ၍ ထောပတ် အစရှိသော ဆေးတို့ကို ယူဆောင်လျက် နံနက်စာ စားပြီးသော စင်ကြယ်သော အဝတ်ကို ဝတ်ကုန်လျက် ပန်းနံ့သာ အထုံအခိုး အမျိုးမျိုး လက်စွဲလျက် မြတ်စွာဘုရား အထံတော်သို့ ကပ်၍ တင့်တယ် လျောက်ပတ်သော အရပ်၌ နေ၍ တရားတော်ကို နာပြီးလျှင် နက်ဖြန်အလို့ငှါ မြတ်စွာဘုရားကို ပင့်ဖိတ်၍ လက်ယာရစ် လှည့်သည်ကို ပြု၍ ဖဲသွားကြကုန်၏။

ထိုလူတို့သည်လည်း နံ့နက်မိုးသောက် ရောက်သော နေ့၌ အသဒိသ အလှူကြီးကို စီရင်၍ အညစ်အကြေး ကင်းသော မဏ္ဍပ်ကို ကြာညိုတို့ဖြင့် မိုး၍ နံ့သာမျိုး လေးပါးတို့ဖြင့် လိမ်းကျံလျက် ပေါက်ပေါက် ကြဲခြင်း ချမ်းအေးသော ရေပြည့်အိုးတည်ခြင်း ငှက်ပျောပင်စိုက်ခြင်း ခေါင်ရမ်းပန်း မုလေးပန်းတို့ဖြင့် မဏ္ဍပ်၌ ခြံရံစေလျက် ပုဆိုး ဗိတာန် ကြက်ခြင်း စသည် တို့ကိုလည်း ပြု၏။

ရမ္မဝတီပြည်ကိုလည်း အထူးထူးသော တံခွန် ကုက္ကား မုလေးပွား တို့ဖြင့် ဆောက်စိုက်စေ၍ နံပါး နှစ်ဘက်တို့ကိုလည်း တင်းတိမ်တို့ဖြင့် ရံစေလျက် ကြွတော်မူရာ ခရီးကိုလည်း တန်ဆာဆင်၍ မညီညွတ်သော မြေအဖို့ကို ညီညွတ်အောင်ဖို့၍ ပုလဲနှင့်တူသော သဲတို့ဖြင့် ကြဲဖြန့်လျက် အသီးနှင့်တကွသော ငှက်ပျောပင်စိုက်ခြင်း, ကွမ်းသီးပင် စိုက်ခြင်း တို့ကိုလည်း ပြုကုန်၏။

ထိုအခါ၌ သုမေဓ ရှင်ရသေ့သည် မိမိသခ်မ်းကျောင်းမှ ပျံတက်၍ ရမ္မဝတီပြည်၌ နေကုန်သော လူတို့၏ အထက်ကောင်းကင်သို့ သွားလေ သည်ရှိသော် အလွန်ရွှင်သော စိတ်နှင့်ခရီးကို သုတ်သင်တန်ဆာဆင် ကုန်သော ထိုလူတို့ကို မြင်လျှင် အကြောင်းအဘယ်သို့ ရှိသနည်းဟု ကြံ၍ အလုံးစုံသော ပြည်သူပြည်သားတို့၏ မျက်စိမြင်စဉ် ကောင်းကင်မှ သက်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၍ လူတို့ကို "အချင်းတို့–အဘယ် အကျိုးငှါ သင်တို့သည် ဤခရီးကို သုတ်သင်ကြကုန်သနည်း"ဟု မေး၏။ ထို့ကြောင့်–

ပစ္စန္တဒေသဝိသယေ၊ နိမန္တေတွာ တထာဂတံ။
တဿ အာဂမနမဂ္ဂံ၊ သောဓေန္တိ တုဋ္ဌမာနသာ။
အဟံ တေန သမယေန၊ နိက္ခမိတွာ သကာဿမာ။
ဓုနန္တော ဝါကစီရာနိ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။
ဝေဒဇာတံ ဇနံ ဒိသွာ၊ တုဋ္ဌဟဋ္ဌံ ပမောဒိတံ။
ဩရောဟိတွာန ဂဂနာ၊ မနုဿေ ပုစ္ဆိ တာဝဒေ။
တုဋ္ဌဟဋ္ဌော ပမောဒိတော၊ ဝေဒဇာတော မဟာဇနော။
တဿ သောဓီယတိ မဂ္ဂေါ၊ အဉ္ဇသံ ဝဋုမာယနံ—

ဟူ၍ ဟောတော်မူ၏။

ပစ္စန္တဒေသ ဝိသယေ၊ မဇ္ဈိမဒေသ၏သာလျှင် တစ်ခုသော ရွာစွန်အရပ်၌။ တထာဂတံ၊ ဒီပင်္ကရာမြတ်စွာဘုရားကို။ နိမန္တေတွာ၊ ပင့်ဖိတ်၍။ တဿ၊ ထိုဒီပင်္ကရာ ဘုရားသခင်၏။ အာဂမနမဂ္ဂံ၊ ကြွတော်မူလတ္တံ့သော ခရီးကို။ တုဋ္ဌမာနသာ၊ သာလွန် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍။ သောဓေန္တိ၊ သုတ်သင်ရှင်းလင်းကြကုန်၏။

တေန သမယေန၊ ထိုသို့ခရီးကို သုတ်သင်ရှင်းလင်းသော အခါ၌။ အဟံ၊ ငါသည်။ ဝါကစီရာနိ၊ လျှော်တေသက်န်းတို့ကို၊ ဓုနန္တော၊ ခါလျက်။ သကဿမာ၊ မိမိသခ်မ်းမှ။ နိက္ခမိတွာ၊ ထွက်လတ်၍။ တဒါ၊ ထိုခရီးကို သုတ်သင်သောအခါ၌။ အမ္ဗရေ၊ ကောင်းကင်၌။ ဂစ္ဆာမိ၊ သွား၏။

အဟံ၊ ငါသည်။ ဝေဒဇာတံ၊ ကောင်းစွာ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိထသော။ တုဋ္ဌဟဋ္ဌံ၊ အလွန် ရွှင်သော စိတ်ရှိထသော။ ပမောဒိတံ၊ အလွန် ဝမ်းမြောက်သော စိတ်ရှိထသော။ ဇနံ၊ လူများကို။ ဒိသွာ၊ မြင်၍။ ဂဂနာ၊ ကောင်းကင်မှ။ ဩရောဟိတွာန၊ သက်လတ်၍။ တာဝဒေ၊ ထိုခဏ၌။ မနုဿေ၊ လူတို့ကို။ ပုစ္ဆိ၊ မေးပြီ။

မဟာဇနော၊ လူများသည်။ တုဋ္ဌဟဋ္ဌော၊ အလွန်ရွှင်သော စိတ်ရှိသည် ဖြစ်၍။ ပမောဒိတော၊ အလွန် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍။ ဝေဒဇာတော၊ ကောင်းစွာဖြစ်သော ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍။ ကဿ၊ အဘယ်သူ၏။ အတ္ထာယ၊ အကျိုးငှာ။ အဥ္စသံ ဝဋုမာယနံ၊ အဥ္စသ ဝဋုမ အယန ဟုဆိုအပ်သော။ မဂ္ဂေါ၊ ခရီးကို။ သောဓိယတိ၊ သုတ်သင်အပ် သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

သုမေဓာရှင်ရသေ့ လမ်းခရီးကို သုတ်သင်ခြင်း

ဤသို့လျှင် သုမေဓာရှင်ရသေ့ မေးအပ်သည်ရှိသော် လူတို့သည် "အရှင်ရသေ့ သုမေဓာ- အရှင်ဘုရားတို့သည် အဘယ့်ကြောင့် မသိကုန်သနည်း။ ဒီပင်္ကရာ မြတ်စွာဘုရားသည် အတုမရှိသော သမ္ဗောဓိဉာဏ်သို့ ရောက်၍ ဟောအပ်ပြီးသော တရားဓမ္မစကြာ ရှိသည်ဖြစ်၍ ဇနပုဒ်သို့ ဒေသစာရီကြွချီ သည်ရှိသော် အစဉ်သဖြင့် အကျွန်ုပ်တို့ ရမ္မဝတီပြည်သို့ ရောက်၍ သုဒဿန ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို

ပင့်ဖိတ်၍ မြတ်စွာဘုရားကြွတော်မူရာ ခရီးတာကို ကောင်းစွာ သုတ်သင်ပါကုန်၏”ဟု ဆိုကြကုန်၏။

ထိုစကားကို ကြား၍ သုမေဓာရသေ့သည်“ဤဘုရားဟူသော အသံကား အလွန်လျှင် ကြားရခဲ၏။ ဘုရားအဖြစ်ကိုမူကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ ထိုသို့တမူကား ဤလူတို့နှင့် အတူတကွ ကြွတော်မူရာ ခရီးမကို သုတ်သင်ခြင်းအမှု ပြုတော့အံ့”ဟု ကြံ၍ ထိုလူတို့ကို “ အချင်းတို့.... သင်တို့သည် ဤခရီးကို မြတ်စွာဘုရားအကျိုးငှာ အကယ်၍ သုတ်သင်သည် ဖြစ်အံ့။ ငါ့အားလည်း တစ်ခုသော အရပ်ကို ပေးပါကုန်။ ငါသည်လည်း သင်တို့နှင့် အတူတကွ သုတ်သင်ပါအံ့”ဟု ဆို၏။

ထို့နောက်မှ လူတို့သည်လည်း ကောင်းပြီဟု ဝန်ခံ၍ “ဤသုမေဓာ ရှင်ရသေ့ကား ကြီးသော တန်ခိုးရှိ၏။ ကြီးသော အာနုဘော်လည်း ရှိ၏”ဟု သိကြပြီးသော် သုတ်သင်ခက်ခြင်း ရွံ့ညွန်များခြင်း၊ ရေနှင့်စပ်ခြင်း အလွန်လျှင် မညီညွတ်သော တစ်ခုသောအရပ်ကို မှတ်၍“ဤအရပ်ကို အရှင်ရသေ့ သုတ်သင်ပါလော့။ တန်ဆာဆင်ပါလော့”ဟု ပေးကြကုန်၏။

ထို့နောက်မှ သုမေဓာရှင်ရသေ့သည် ဘုရားလျှင် အာရုံရှိသော နှစ်သက်ခြင်းကို ဖြစ်စေ၍ “ငါတမူကား ဤအရပ်ကို တန်ခိုးဖြင့် လွန်စွာ ရှုဖွယ် ဘနန်း ရှိအောင် ပြုပြင် ဖန်ဆင်းခြင်းငှာ စွမ်းနိုင်သော်လည်း ဤသို့ တန်ခိုးဖြင့် ဖန်ဆင်းပြုလုပ်သည်ရှိသော် ထိုအလုပ်သည် ငါ့ကိုနှစ်သက်ကျေနပ် စေနိုင်လိမ့်မည်မဟုတ်။ ယနေ့ ငါသည် ကာယဝေယျာဝစ္စ အမှုကို ပြုခြင်းငှာ သင့်၏”ဟု ကြံ၍ မြေမှုန့်တို့ကို ဆောင်ယူပြီးမှ မညီညွတ်သော အရပ်ကို ပြည့်စေ၏။ ထိုသုမေဓာရှင်ရသေ့ သုတ်သင်၍ အပြီးသို့ မရောက်မီ ရမ္မဝတီပြည်သူ လူအပေါင်းတို့သည် မြတ်စွာဘုရားအား “အရှင်ဘုရား.... ဆွမ်းကိစ္စအပြီးသို့ ရောက်ပါပြီ”ဟု လူအပေါင်းတို့ အခါကို ကြားသည် ရှိသော် ဒီပင်္ကရာ မြတ်စွာဘုရားသည် လယ်ခေါင်ရန်းပန်းနှင့် တူသော အဆင်းရှိသော နှစ်ထပ်သော သင်္ကန်းကို အဝန်းညီညွတ်စွာ ဝတ်ရုံတော်မူ၍ သင်းပိုင်၏အထက် ရွှေဆောက်လုံးဖြင့် လယ်ခေါင်ရန်း ပန်းစည်းကို ရစ်သကဲ့သို့ လျှပ်စစ်နွယ်ကဲ့သို့သော ခါးပန်းကို ဖွဲ့တော်မူ၍ ရွှေတောင် ထွတ်ဖျား၌ ချိပ်ရည်ကို သွန်းလောင်းဘိသကဲ့သို့လည်းကောင်း, ရွှေစေတီ၌

သန္တာ ကွန်ရက်ဖြင့် ပတ်လျက် ရှိဘိသကဲ့သို့လည်းကောင်း, အဖိုးများစွာ ထိုက်သောရွှေကို ကမ္ဗလာဖြင့် ရစ်ပတ်ဘိသကဲ့သို့လည်းကောင်း,တန်ဆောင် မုန်းလအခါ တိမ်နီတိမ်ဝါဖြင့် ဖုံးလွှမ်းသကဲ့သို့လည်းကောင်း, ချိပ်ရည်ဖြင့် ဆွတ်ဖျန်းအပ်သော တောင်ကသစ်ပန်းနှင့် တူသော နီမြန်းသော ပုံသကူ သင်္ကန်းကို ဆင်မြန်းတော်မူ၍ ရွှေဂူမှ ထွက်သော ခြင်္သေ့မင်းကဲ့သို့ ဂန္ဓကုဋီ တိုက်ကျောင်းတော် တံခါးဝမှ ထွက်ကြွရပ်တော်မူ၏။ ထိုအခါ အလုံးစုံသော ရဟန်းတို့သည်လည်း မိမိမိမိတို့၏သပိတ်သင်္ကန်းကိုယူလျက် မြတ်စွာဘုရားကို ခြံရံကာ နေကြကုန်လျက် ဤသို့သဘောရှိသည် ဖြစ်ကုန်၏။ ထို့ကြောင့်—

အပ္ပိစ္ဆာ ပန သန္တုဋ္ဌာ၊ ဝတ္တာရော ဝစနက္ခမာ။
ပဝိဝိတ္တာ အသံသဋ္ဌာ၊ ဝိနီတာ ပါပဂရဟိနော။
သဗ္ဗေပိ သီလသမ္ပန္နာ၊ သမာဓိဈာနကောဝိဒါ။
ပညာဝိမုတ္တိသမ္ပန္နာ၊ တိပဉ္စစရဏာယုတာ။
ခီဏာသဝါ ဝသိပ္ပတ္တာ၊ ဣဒ္ဓိမန္တော ယသဿိနော။
သန္တိန္ဒြိယာ ပရမံပ္ပတ္တာ၊ သုဒ္ဓါ ခီဏာ ပုနဗ္ဘဝါ—

ဟူ၍ ဟောတော်မူသည်။

တော၊ ထိုရဟန်းမြတ်တို့သည်။ အပ္ပိစ္ဆာ၊ အလိုနည်းကုန်၏။ သန္တုဋ္ဌာ၊ ရောင့်ရဲလွယ်ကုန်၏။ ဝတ္တာရော၊ ဆုံးမတတ်ကုန်၏။ ဝစနက္ခမာ၊ ဆိုဆုံးမ ခြင်းငှာ ခံ့ကုန်၏။ ပဝိဝိတ္တာ၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်၏။ အသံသဋ္ဌာ၊ လူတို့နှင့်နှီးနှောခြင်းမရှိကုန်။ ဝိနီတာ၊ အထူးဆောင်တတ်ကုန်၏။ ပါပဂရ-ဟိနော၊ မကောင်းမှုကို ကဲ့ရဲ့တတ်ကုန်၏။

သဗ္ဗေပိ၊ အလုံးစုံသော ရဟန်းတို့သည်လည်း။ သီလသမ္ပန္နာ၊ သီလနှင့် ပြည့်စုံကုန်၏။ သမာဓိဈာနကောဝိဒါ၊ သမာဓိဈာန်၌ လိမ္မာကုန်၏။ ပညာ-ဝိမုတ္တိသမ္ပန္နာ၊ ပညာဝိမုတ္တိနှင့် ပြည့်စုံကုန်၏။ တိပဉ္စစရဏာယုတာ၊ တစ်ဆယ့်ငါးပါးသော စရဏတို့နှင့် ယှဉ်ကုန်၏။ ဝါ၊ ပြည့်စုံကုန်၏။

တော၊ ထိုရဟန်းမြတ်တို့သည်။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါ ရှိကုန်၏။ ဝသိပ္ပတ္တာ၊ ဝသီဘော်သို့ ရောက်ကုန်၏။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီး ကုန်၏။ ယသဿိနော၊ အခြံအရံ အကျော်အစော ရှိကုန်၏။ သန္တိန္ဒြိယာ၊

၁-သမ္ပန္နာ။ ၂-ဒမ၊ အဋ္ဌကထာ သီဟိုဠ်စာအုပ် ၇၁။

တည်ကြည်သော ဣန္ဒြေ ရှိကုန်၏။ ပရမပ္ပတ္တာ၊ အလွန်မြတ်သော အဖြစ်သို့ ရောက်ကုန်၏။ သုဒ္ဓါ၊ ကိလေသာစင်ကြယ်ကုန်၏။ ပုနဗ္ဘဝါ၊ တဖန်ဘဝသစ် တို့သည်။ ခီဏာ၊ ကုန်ကုန်ပြီ။

ဤသို့လျှင် မြတ်စွာဘုရားသည် ရာဂ ကင်းတော် မူသောကြောင့် ကိုယ်တော်ကို အမှီပြု၍ ရာဂကင်းကုန်သော ရဟန္တာ အရှင်မြတ်, ဒေါသ ကင်းတော်မူသောကြောင့် ကိုယ်တော်ကို အမှီပြု၍ ဒေါသ ကင်းကုန်သော ရဟန္တာ အရှင်မြတ်, မောဟကင်းတော်မူသောကြောင့် ကိုယ်တော်ကို အမှီ ပြု၍ မောဟကင်းကုန်သော ရဟန္တာ အရှင်မြတ်တို့ မပြတ် ခြံရံအပ်သည် ဖြစ်၍ စင်စစ် တင့်တယ်တော်မူ၏။

ထိုအခါ ဘုရားမြတ်စွာသည် ကြီးသော အာနုဘာဝ ဆဋ္ဌာဘိညာ ခြောက်ပါးသော အဘိညာဉ် ရရှိကုန်သော ရဟန္တာအရှင် ထေရ်သခင် လေးသိန်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားနတ်မင်းကဲ့သို့ လည်းကောင်း, ပြဟ္မာအပေါင်း ခြံရံအပ်သော ဟာရိတမဟာပြဟ္မာကြီးကဲ့သို့ လည်းကောင်း, မနှိုင်းရှည့်အပ်သော ကာလ ပတ်လုံး ကောင်းစွာ ဖြည့်ဆည်းပူးတော် မူအပ်သော ကုသိုလ်၏ အကျိုး ကြောင့် ဖြစ်သော နှိုင်းရှည့်စရာ ဥပမာ မရှိသော ဘုရားမြတ်၏ တင့်တယ် ခြင်းဖြင့် တန်ဆောင်မုန်းလအခါ နက္ခတ်တာရာ ကြယ်တကာ အပေါင်းတို့ ကောင်းစွာ ခြံရံအပ်သော ကောင်းကင်ပြင်ကဲ့သို့ ကောင်းကင်ပြင်နှင့် တူသော တန်ဆာ ဆင်အပ်သော ခရီးမသို့ ကြွတော်မူ၏။ ထို့ကြောင့်—

သုဝဏ္ဏဝဏ္ဏာယ ပဘာယ ဓီရော၊
သုဝဏ္ဏဝဏ္ဏော ဂိရိ[၁] မဂ္ဂရုက္ခေ။
သုဝဏ္ဏဝဏ္ဏော ကုသုမေ[၂] ကရောန္တော၊
သုဝဏ္ဏဝဏ္ဏော ပဋိပဇ္ဇိ မဂ္ဂံ—

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ မိန့်တော်မူ၏။

သုဝဏ္ဏဝဏ္ဏော၊ သိင်္ဂီနိက်ရွှေစင် အဆင်းကဲ့သို့သော အဆင်းရှိတော် မူသော။ ဓီရော၊ မြဲမြံခိုင်ခံ့ တည်ကြည်သော သမာဓိ ရှိတော်မူသော ဘုရား

၁-ဂိရိ။ ၂-သုဝဏ္ဏဝဏ္ဏေသု သမေ။ ဗုဒ္ဓဝံသအဋ္ဌကထာ သီ-၇၂။

မြွတ်သည်။ သုဝဏ္ဏဝဏ္ဏာယ၊ ရွှေအဆင်းကဲ့သို့သော အဆင်း ရှိသော။ ပဘာယ၊ အရောင်တော်ဖြင့်။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့သော အဆင်း ရှိကုန်သော။ ဂိရိမဂ္ဂရုက္ခော၊ တောင် ခရီး သစ်ပင်တို့ကို။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့သော အဆင်း ရှိကုန်သော။ ကုသုမေ၊ ပန်းတို့ကို။ ကရောန္တော၊ ပြုတော်မူလျက်။ ဝါ၊ ပြုတော်မူသကဲ့သို့။ မဂ္ဂံ၊ ခရီးကို။ ပဋိပဇ္ဇိ၊ ချီကြွတော်မူ၏။

ထိုသုမေဓာ ရှင်ရသေ့သည်လည်း တန်ဆာ ဆင်ခြင်းနှင့် စပ်သော ခရီးဖြင့် ကြွတော် မူလာသော မြတ်စွာဘုရားကား သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာ ဆင်အပ်သော ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် အဖန်ဖန် တပ်အပ်သော တစ်လံမျှလောက်သော အရောင်တော်ဖြင့် ရံအပ်သော ဣန္ဒနီလာပတ္တမြားနှင့် တူသည်ဟု ထင်မှားဖွယ်ရှိသော ကောင်းကင်၌ အထူးထူးအပြားပြားသော လျှပ်စစ်နွယ်ကဲ့သို့ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် အဆင်းတော်၏ တင့်တယ်ခြင်းသို့ ရောက်သော ကိုယ်တော်ကို မျက်စိဖွင့်လျက် ကြည့်ပြီးမှ "ယနေ့ကား ငါသည် မြတ်စွာဘုရားအား အသက်ကို စွန့်ခြင်းငှာ သင့်၏"ဟု ကြံ၍ "ဝိသုဒ္ဓိနတ် ဘုရားမြတ်ကား ညွှန်ပျောင်း၌ မနင်းပါစေသတည်း။ ပတ္တမြားဖြင့် ပြီးသော ပျဉ်တံတားကို နင်းသကဲ့သို့ လေးသိန်းသော ရဟန္တာအရှင်မြတ်တို့နှင့်တကွ ငါ၏ ကျောက်ကုန်းကို နင်းလျက် ကြွတော်မူပါစေသတည်း။ ထိုသို့ ကြွတော်မူခြင်းသည် ငါ့အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်း ချမ်းသာခြင်း ဖြစ်လတ္တံ့"ဟု ဆံကျစ်တို့ကို ဖြေ၍ သစ်နက်ရေလျှော်တေသက်န်းကို မည်းသောအဆင်းရှိသော ညွှန်ပျောင်း၌ ဖြန့်လျက် ထိုညွှန်ပျောင်း၌ပင်လျှောင်းစက်ကာ အိပ်လေ၏။ ထို့ကြောင့်—

တေ မေ ပုဋ္ဌာ ဝိယာကံသု၊ ဗုဒ္ဓေါ လောကေ အနုတ္တရော။
ဒီပင်္ကရော နာမ ဇိနော၊ ဥပ္ပဇ္ဇိ လောကနာယကော။
တဿ သောဓီယတိ မဂ္ဂေါ၊ အဉ္ဇသံ ဝဋုမာယနံ—

ဟူ၍ ဟောတော်မူ၏။

မေ-မယာ၊ ငါသည်။ ပုဋ္ဌာ၊ မေးအပ်ကုန်သော။ တေ၊ ထိုရမ္မဝတီပြည်သူ ပြည်သားတို့သည်။ ဝိယာကံသု၊ ပြောကြားကုန်ပြီ။ ကိံ ဝိယာကံသု၊ အဘယ်သို့ ပြောကြားကုန်သနည်းဟူမူကား။ လောကေ၊ လူ့ပြည်၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားတို့ကို သိတော်မူပြီးထသော။ အနုတ္တရော၊ တုဖက် မရှိထသော။ လောကနာယကော၊ ဝေနေယျ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ဆောင်တော်မူတတ်ထသော။ ဒီပင်္ကရော နာမ၊ ဒီပင်္ကရာအမည်တော်ရှိသော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။ တဿ၊ ထိုဒီပင်္ကရာမြတ်စွာ ဘုရား၏။ အဥ္စသံ ဝဋ္ဋုမာယနံ၊ အဥ္စသ ဝဋ္ဋုမ အယန-ဟု ဆိုအပ်သော။ မဂ္ဂေါ၊ ခရီးကို။ အမှေဟိ၊ ငါတို့သည်။ သောဓီယတိ၊ သုတ်သင်အပ်၏။ ဣတိ၊ ဤသို့။ ဝိယာကံသု၊ ကြားကုန်၏။

ဗုဒ္ဓေါတိ မမ သုတွာန၊ ပီတိ ဥပ္ပဇ္ဇိ တာဝဒေ။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကထယန္တော၊ သောမနဿံ ပဝေဒယိံ။

ဗုဒ္ဓေါတိ၊ ဘုရားဟူသော အမည်ကို။ သုတွာန၊ ကြား၍။ မမ၊ ငါ့အား။ တာဝဒေ၊ ထိုခဏ၌။ ပီတိ၊ နှစ်သက်ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရားဘုရားဟူ၍။ ကထယန္တော၊ ဆိုလျက်။ အဟံ၊ ငါသည်။ သောမနဿံ၊ သောမနဿဝေဒနာကို။ ပဝေဒယိံ-အနုဘဝိံ၊ ခံစားပြီ။

တတ္ထ ဌတွာ ဝိစိန္တေသိံ၊ တုဋ္ဌော သံဝိဂ္ဂမာနသော။
ဣဓ ဗီဇာနိ ရောပိဿံ၊ ခဏော ဝေ မာ ဥပစ္စဂါ။

အဟံ၊ ငါသည်။ တတ္ထ၊ ထိုကောင်းကင်မှ သက်ရာ အရပ်၌။ ဌတွာ၊ တည်၍။ တုဋ္ဌော၊ နှစ်သက်ခြင်းရှိသည်ဖြစ်၍။ သံဝိဂ္ဂမာနသော၊ အံ့ဖွယ်သော စိတ်ရှိသည်ဖြစ်၍။ ဝိစိန္တေသိံ၊ ကြံ၏။ ကိံ ဝိစိန္တေသိံ၊ အဘယ်သို့ကြံသနည်း ဟူမူကား။ ဣဓ၊ ဤဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌။ တနည်းကား၊ ဣဓ ဣမသ္မိံ ဒီပင်္ကရခေတ္တေ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်တာမြေကောင်းသဖွယ် ဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရားခြေတော် ရင်း၌။ ဗီဇာနိ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို။ ဝေ၊ စင်စစ်။ ရောပိဿံ-ရောပိဿာမိ၊ စိုက်ပျိုးအံ့။ ခဏော၊ ကိုးခုတို့၏ ပြည့်ကြောင်းဖြစ် သော ဗုဒ္ဓုပ္ပါဒ နဝမခဏသည်။ တနည်းကား၊ ဘုရားဖြစ်တော်မူသော ကာလ

တည်းဟူသော နဝမခဏသည်။ မာဥပစ္စဂါ-မာ အတိက္ကမိ၊ မလွန်စေလင့်။ ဣတိ၊ ဤသို့။ ဝိစိန္တေသိ'၊ ကြံ၏။

ယဒိ ဗုဒ္ဓဿ သောခေထ၊ ကောကာသံ ဒဒါထ မေ။
အဟမ္ပိ သောခယိဿာမိ၊ အဠုသံ ဝဠုမာယနံ။

ဘောန္တော မနုဿာ၊ အိုလူအများအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ဗုဒ္ဓဿ၊ ဘုရားသခင်၏။ ဝဠုမာယနံ၊ ဝဠုမ အယန-ဟု ဆိုအပ်သော။ အဠုသံ၊ ခရီးကို။ ယဒိသောခေထ၊ အကယ်၍ သုတ်သင်ကုန်အံ့။ ဧဝံ၊ ဤသို့သုတ်သင်ကုန်သည်။ သန္တေသု၊ ဖြစ်ကုန်သည်ရှိသော်။ မေ၊ ငါ့အား။ ကောကာသံ၊ တစ်ခုသော အရပ်ကို။ ဒဒါထ၊ ပေးကုန်လော့။ အဟမ္ပိ၊ ငါသည်လည်း။ ဝဠုမာယနံ၊ ဝဠုမ အယန-ဟု ဆိုအပ်သော။ အဠုသံ၊ ခရီးကို။ သောခယိဿာမိ၊ သုတ်သင်အံ့။

အဒံသု တေ မမောကာသံ၊ သောခေတုံ အဠုသံ တဒါ။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ စိန္တေန္တော၊ မဂ္ဂံ သောခေမဟံ တဒါ။

တဒါ၊ ထိုသို့ တောင်းသောအခါ၌။ တေ၊ ထိုရမ္မဝတီ ပြည်သူပြည်သားတို့သည်။ အဠုသံ၊ ခရီးကို။ သောခေတုံ၊ သုတ်သင်စိမ့်သော ငှါ။ မမ၊ ငါ့အား။ ဩကာသံ၊ တစ်ခုသောအရပ်ကို။ အဒံသု၊ ပေးကြကုန်ပြီ။ တဒါ၊ ထိုသို့ ပေးသောအခါ၌။ အဟံ၊ငါသည်။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရားဘုရားဟူ၍။ စိန္တေန္တော၊ ကြံလျက်။ မဂ္ဂံ၊ ခရီးကို။ သောခေမိ၊ သုတ်သင်၏။

အနိဋ္ဌိတေ မမောကာသေ၊ ဒီပင်္ကရော မဟာမုနိ။
စတူဟိ သတသဟဿေဟိ၊ ဆဠဘိညေဟိ တာဒိဟိ။
ခီဏာသဝေဟိ ဝိမလေဟိ၊ ပဋိပဇ္ဇိ အဠုသံ ဇိနော။

မမ၊ ငါ၏။ ဩကာသေ၊ အခွင့်သည်။ အနိဋ္ဌိတေ၊ မပြီးမီ။ ဇိနော၊ ဗာရ်ငါးပါးကို အောင်တော်မူပြီးသော။ ဒီပင်္ကရော၊ ဒီပင်္ကရာအမည်တော်ရှိသော။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ စတူဟိ သတသဟဿေဟိ၊ လေးသိန်း အတိုင်းအရှည်ရှိကုန်သော။ ဆဠဘိညေဟိ၊ ခြောက်ပါးသော အဘိညာဉ်တို့နှင့် ပြည့်စုံကုန်ထသော။ တာဒီဟိ၊ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံမတော်မူကုန်ထသော။ ဝိမလေဟိ၊ ကိလေသာ တည်းဟူသော အညစ်အကြေး

ဆေးလျှော် သုတ်သင် ကင်းစင်ကုန်ပြီးထသော။ ခိဏာသဝေဟိ၊ ရဟန္တာတို့နှင့်။ သဒ္ဓိံ၊ တကွ။ အညသံ၊ ခရီးမသို့။ ပဋိပဇ္ဇိ၊ ကြွတော်မူလာ၏။

ပစ္စုဂ္ဂမနာ ဝတ္တန္တိ၊ ဝဇ္ဇန္တိ ဘေရိယော ဗဟူ။
အာမောဒိတာ နရမရူ[၁]၊ သာဓုကာရံ ပဝတ္တယုံ။

ရမ္မဝတိဝါသိနော၊ ရမ္မဝတီ ပြည်သူ ပြည်သားတို့သည်။ ဒီပင်္ကရသာ၊ ဒီပင်္ကရာမြတ်စွာဘုရားအား။ ပစ္စုဂ္ဂမနာ၊ ခရီးဦးကြိုဆိုကုန်သည် ဖြစ်၍။ အာဝတ္တန္တိ၊ ရှေ့ရှုလာကြကုန်၏။ ဗဟူ၊ များစွာကုန်သော။ ဘေရိယော၊ စည်ကြီးတို့ကို။ ဝဇ္ဇန္တိ၊ တီးကြကုန်၏။ နရမရူ၊ လူနတ်တို့သည်။ အာမောဒိတာ၊ အလွန်ဝမ်းမြောက်ကုန်သည်ဖြစ်၍။ သာဓုကာရံ၊ ကောင်းချီးကို။ ပဝတ္တယုံ၊ ဖြစ်စေကုန်၏။

ဒေဝါ မနုဿေ ပဿန္တိ၊ မနုဿာပိ စ ဒေဝတာ။
ဥဘောပိ တေ ပဉ္စလိကာ၊ အနုယန္တိ တထာဂတံ။

ဒေဝါ၊ နတ်တို့သည်။ မနုဿေ၊ လူတို့ကို။ ပဿန္တိ၊ မြင်ကုန်၏။ မနုဿာ စ၊ လူတို့သည်လည်း။ ဒေဝတာ၊ နတ်တို့ကို။ ပဿန္တိ၊ မြင်ကုန်၏။ တေ ဥဘောပိ၊ ထိုနတ်လူတို့သည်လည်း။ ပဉ္စလိကာ၊ လက်အုပ်ချီခြင်းကို ပြုကုန်လျက်။ တထာဂတံ- တထာဂတဿ၊ ဒီပင်္ကရာ မြတ်စွာဘုရား၏။ ပစ္ဆတော၊ နောက်တော်မှ။ အနုယန္တိ၊ အစဉ်လိုက်ကုန်၏။ အနုသဒ္ဒါကား၊ အနု-ပစ္ဆတော၊ နောက်တော်မှ။ ယန္တိ၊ သွားကုန်၏။

ဒေဝါ ဒိဗ္ဗေဟိ တူရိယေဟိ၊ မနုဿာ မာနုသေဟိ စ။
ဥဘောပိ တေ ဝဇ္ဇယန္တာ၊ အနု ယန္တိ တထာဂတံ။

ဒေဝါ၊ နတ်တို့သည်။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ တူရိယေဟိ၊ တူရိယာတို့ကို။ ဝဇ္ဇယန္တာ၊ တီးမှုတ်ကုန်လျက်။ မနုဿာ၊ လူတို့သည်။ မာနုသေဟိ၊ လူတို့ပြည်၌ဖြစ်ကုန်သော။ တူရိယေဟိ၊ စည် စောင်းညှင်းတို့ကို။ ဝဇ္ဇယန္တာ၊

၁။ "မရူတိ အမရာ"။ ဗုဒ္ဓဝံသ အဋ္ဌကထာ သီဟဠက္ခရာ-၇၃။ "မရုတိ ရူပ-ကာဒယန သဟောဝါတ် မရု ဒေဝေါ"။ ဏွာဒိမောဂ္ဂလ္လာန် ဒုတိယသုတ်။ မရ-ဓာတ် ဥ-ပစ္စည်း။ "ဒိဿယုကာပိ သမာနာ ယထာ ရိစ္ဆေဒံ သမ္ပတ္တကာလေ မရန္တိ သီလေနာတိ မရူ"။ အဘိဓာန်ဋီကာ ၁၁-ဂါထာဖွင့်။

တီးမှုတ်ကုန်လျက်၊ တေ ဥဘောပိ၊ ထိုနတ်လူ နှစ်ဦးတို့သည်လည်း။ တထာဂတံ-တထာဂတဿ၊ မြတ်စွာဘုရား၏။ အနု-ပစ္ဆတော၊ နောက်တော်မှ။ ယန္တိ၊ လိုက်ကြကုန်၏။

ဒိဗ္ဗံ မန္ဒာရဝံ ပုပ္ဖံ၊ ပဒုမံ ပါရိဆတ္တကံ။
ဒိသောဒိသံ ဩကိရန္တိ၊ အာကာသေန ဂတာ[1] မရူ။

အာကာသေန၊ ကောင်းကင်၌။ [နတ်ပြည်၌လည်းဟူ]။ ဂတာ၊ ဖြစ်ကုန်သော။ မရူ၊ နတ်တို့သည်။ ဒိဗ္ဗံ၊ နတ်ပြည်၌ ဖြစ်သော။ မန္ဒာရဝံ ပုပ္ဖံ၊ ထင်ရှားပန်းကိုလည်းကောင်း။ ပဒုမံ ဝါ၊ ပဒုမ္မာကြာကိုလည်းကောင်း။ ပါရိဆတ္တကဉ္စ၊ ပင်လယ်ကသစ်ပွင့်ကို လည်းကောင်း။ ဒိသောဒိသံ-ဒိသတောဒိသတော၊ အရပ်မျက်နှာ အရပ်မျက်နှာမှ။ ဩကိရန္တိ၊ ကြဲကုန်၏။

စမ္ပကံ သရလံ နီပံ၊ နာဂပုန္နာဂကေတကံ။
ဒိသောဒိသံ ဩကိရန္တိ၊ ဘူမိတလဂတာ နရာ။

ဘူမိတလဂတာ၊ မြေပြင်၌ တည်ကုန်သော။ နရာ၊ လူတို့သည်။ စမ္ပကဉ္စ၊ စကားပွင့်ကိုလည်းကောင်း။ သရလဉ္စ၊ ထင်းရှူးပွင့်ကို လည်းကောင်း။ နီပဉ္စ၊ ထိန်ပွင့်ကိုလည်းကောင်း။ နာဂပုန္နာဂကေတကဉ္စ၊ ကန့်ကော် ပုန်းညက် ဆပ်သွားပွင့်ကို လည်းကောင်း။ ဒိသောဒိသံ-ဒိသတော ဒိသတော၊ အရပ်မျက်နှာ အရပ်မျက်နှာတိုင်းမှ။ ဩကိရန္တိ၊ ကြဲမြှောက်ကြကုန်၏။

ကေသေ မုဉ္စိတွာဟ[2] တတ္ထ၊ ဝါကစီရဉ္စ စမ္မကံ။
ကလလေ ပတ္ထရိတွာန၊ အဝကုဇ္ဇော နိပဇ္ဇဟံ။

အဟံ၊ ငါသည်။ တတ္ထ၊ ထိုညွန်ပျောင်းအရပ်၌။ ကေသေ၊ ဆံပင်တို့ကို။ မုဉ္စိတွာ၊ ဖြေ၍။ ဝါကစီရဉ္စ၊ လျှော်တေသက်န်းကို လည်းကောင်း။ စမ္မကဉ္စ၊ သားရေနယ်ကို လည်းကောင်း။ ကလလေ၊ ညွန်ပျောင်း၌။ ပတ္ထရိတွာန၊ ဖြန့်၍။ အဝကုဇ္ဇော၊ မှောက်ခုံ။ နိပဇ္ဇိံ၊ အိပ်၏။ [ဝပ်၏ လည်းဟူ]။

၁။ အာကာသနဘဂတာ၊ သီဟိုဠ် ဗုဒ္ဓဝင်ပါဠိတော် ၁၃မူ-၃၁။
၂။ သုဒံ ခေါ အဿု ယဋ္ဌေ ဝေါ ဟာဒယော ပဒပူရဏော။ အဘိဓာန် အဗျယဝဂ်။

အက္ကမိတွာန မံ ဗုဒ္ဓေါ၊ သဟ သိဿေဟိ ဂစ္ဆတု။
မာ နံ[၁] ကလလေ အက္ကမိတ္ထ၊ ဟိတာယ မေ ဘဝိဿတိ။

ဗုဒ္ဓေါ၊ ဒီပင်္ကရာမြတ်စွာဘုရားသည်။ မံ၊ ငါ့ကို။ အက္ကမိတွာန၊ နင်း၍။ သိဿေဟိ၊ တပည့်လေးသိန်းတို့နှင့်။ သဟ၊ တကွ။ ဂစ္ဆတု၊ ကြွတော်မူပါစေ သတည်း။ ဗုဒ္ဓေါ၊ ဒီပင်္ကရာမြတ်စွာဘုရားသည်။ ကလလေ၊ ညွန်ပျောင်း၌။ မာ အက္ကမိတ္ထ၊ မနင်းစေသတည်း။ တောံ၊ ဤသို့ မနင်းခြင်းသည်။ မေ၊ ငါ့အား။ ဟိတာယ၊ အစီးအပွားအလို့ငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ သတည်း။ ဣတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးသွင်း၍။ အဟံ၊ ငါသည်။ နိပဇ္ဇတိ၊ ညွန်ပျောင်း၌ ဝပ်၏။

ဘုရားအလောင်းသုမေဓာရှင်ရသေ့သည်
ဒီပင်္ကရာမြတ်စွာဘုရားထံ—ဘုရားဆုကိုတောင်းခြင်း

ထိုနောက်မှ သုမေဓာရှင်ရသေ့သည် ထိုညွန်ပျောင်း၌ လျောင်းလျက် လျှင် "အကယ်၍ငါကား ယခုအလိုရှိသည်ဖြစ်အံ့။ အလုံးစုံသော ကိလေသာ တို့ကို ကုန်စေ၍ ထိုလေးသိန်းသော သံဃာတို့ အငယ်ဆုံးဖြစ်ပြီးမှ ရမ္မပြည် သို့ ဝင်ရာ၏။ ထိုသို့ဝင်ရသော ငါ့အားလည်း မထင်ရှားသော အသွင်ဖြင့်သာ နိဗ္ဗာန်သို့ ရောက်ရာ၏၊ အကယ်၍ ငါသည် ဒီပင်္ကရာ မြတ်စွာဘုရား ကဲ့သို့ အလွန် မွန်မြတ်လှသော သဗ္ဗညုတအဖြစ်သို့ ရောက်ပြီးမှ တရား တည်းဟူသော သင်္ဘောလှေကြီးသို့ လူအပေါင်းကို တင်၍ သံသရာတည်း ဟူသော မဟာသမုဒ္ဒရာမှ ကယ်တင်လျက် နောက်မှ နိဗ္ဗာန်ပြည်ခွင်သို့ ဝင်ရ ပါမူကား ကောင်းလေစွ၊ ဤသို့ ဘုရားအဖြစ်ကို ယူခြင်းသည်လည်း ငါ့အား သင့်တင့်လျောက်ပတ်စွ"ဟု ကြံ၍ ရှစ်ပါးသော တရားတို့ကို ပေါင်း၍ ဘုရားဖြစ်ခြင်း၌ ဆုတောင်းခြင်းကို ပြုလျက် အိပ်၏။ ထို့ကြောင့်—

ပထဝိယံ နိပန္နဿ၊ ဧဝံ မေ အာသိ စေတသော။
ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဈာပယေ မမ။

၁။ နန္တိ ပဒပူရဏတ္ထေ နိပါတော။ သီဟိုဠ် ဗုဒ္ဓဝင် အဋ္ဌကထာ ၇၃။

ကိံ မေ အညာတဝေသေန၊ ဓမ္မံ သစ္ဆကတေနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။
ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကေ။
ဣမိနာ အဓိကာရေန၊ ကတေန ပုရိသုတ္တမေ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။
သံသာရ သောတံ ဆိန္ဒိတွာ၊ ဝိဒ္ဓံသေတွာ တယော ဘဝေ။
ဓမ္မနာဝံ သမာရုယှ၊ သန္တာရေဿံ သဒေဝကေ—

ဟူ၍ ဟောတော်မူ၏။

ပထဝိယံ၊ ညွှန်ပျောင်းအပြင်၌။ နိပန္နဿ၊ လျောင်းသော။ မေ၊ ငါ၏။ စေတသော၊ စိတ်၏။ ဧဝံ ပရိဝိတက္ကော၊ ဤသို့ အကြံသည်။ အာသိ၊ ဖြစ်၏။ ကိံ အာသိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အဟံ၊ ငါသည်။ အဇ္ဇ၊ ယနေ့။ ဣစ္ဆမာနော၊ အလိုရှိလတ်သော်။ မမ၊ ငါ၏။ ကိလေသေ၊ ကိလေသာတို့ကို။ ဈာပယေ-ဈာပေယျာမိ၊ အရဟတ္တမဂ်ဖြင့် ကုန်စေရာ၏။

ဣဓ၊ ဤဒီပင်္ကရာမြတ်စွာဘုရားသာသနာတော်၌။ အညာတဝေသေန၊ မထင်ရှားသောအသွင်ဖြင့်။ ဓမ္မံ၊ အရဟတ္တဖိုလ်တရားကို။ သစ္ဆိကတေန၊ မျက်မှောက်ပြုသဖြင့်။ မေ၊ ငါ့အား။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အဟံ၊ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတညာဏ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လောက၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဟေဿံ၊ ဖြစ်တော့အံ့။

၁။ ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနံ၊ သံသာရောတိ ပဝုစ္စတိ—

ဟူသော ဂါထာအရ ခန္ဓာ အာယတန ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းကို သံသရာဟု ဆိုအပ်၏။

ထိုဂါထာသည် ဒီဃနိကာယ် မဟာဝါ အဋ္ဌကထာ မဟာနိဒါနသုတ် ၇၉၊ သံယုတ္တနိကာယ် နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ ရုက္ခဝဂ် ၁၀-သုတ်၊ ၈၉၊ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အဋ္ဌကထာ မဟာဝဂ် ၉-သုတ် ၃၃၆၊ သ်-၅၇၄၊ ခုဒ္ဒကနိကာယ် ဥဒါန်းအဋ္ဌကထာ ၄-မေဃိယဝဂ် ၉-သုတ်

ပုရိသေန၊ ယောကျ်ားတစ်ယောက်ဖြစ်၍ ဖြစ်ထသော။ ထာမဒဿိနာ၊ မိမိ၏ အားအစွမ်းကို မြင်ပြီးထသော။ မေ-မယာ၊ ငါသည်။ ဧကေန၊ တစ်ယောက်အထီးတည်း။ တိဏ္ဏေန၊ ဝဋ်ဆင်းရဲတည်းဟူသော ရေအလျဉ်မှ ကူးသဖြင့်။ ကိ ံ ပယောဇနံ၊ အဘယ်အကျိုးရှိအံ့နည်း။ အဟံ၊ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သဒေဝကေ၊ နတ်နှင့် တကွကုန်သော။ လောကေ၊ ဝေနေယျကြွ သတ္တဝါအပေါင်းတို့ကို။ သံသာရ-သောတတော၊ သံသရာ တည်းဟူသော သမုဒ္ဒရာရေအလျဉ်မှ။ ဉဒ္ဓရိတွာ၊ ထုတ်ဆောင်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းထက်သို့။ သန္တာ-ရေဿံ၊ ကယ်တင်တော်မူအံ့။

ပုရိသုတ္တမေ၊ ယောကျ်ားတကာတို့ထက် မြတ်သော ဒီပင်္ကရာဘုရား အထံတော်၌။ မေ-မယာ၊ ငါသည်။ ကတေန၊ ပြုအပ်သော။ ဣမိနာ အဓိကာ-ရေန၊ ဤ အလွန်အကဲရှိသေပူဇော်ခြင်းဖြင့်။ သဗ္ဗညုတံ၊ သဗ္ဗညုတအဖြစ်သို့။ ပါပုဏိတွာ၊ ရောက်၍။ ဗဟုံ၊များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရ-သောတတော၊ သံသရာတည်းဟူသော ရေအလျဉ်မှ။ ဉဒ္ဓရိတွာ၊ ထုတ်ဆောင်၍။နိဗ္ဗာနထလံ၊နိဗ္ဗာန်တည်းဟူသော ကြည်းထက်သို့။တာရေမိ၊ကယ်တင်အံ့။

အဟံ၊ ငါသည်။ သံသာရသောတံ၊ သံသရာတည်းဟူသော ရေအလျဉ်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ တယော ဘဝေ၊ သုံးပါးသော ဘဝတို့ကို။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီး၍။ ဓမ္မနာဝံ၊ တရားတည်းဟူသော သင်္ဘောလှေကို။ ဝါ၊ သင်္ဘော လှေသို့။ သမာရုယှ၊ ကောင်းစွာ တက်စီး၍။ သဒေဝကေ၊ နတ်နှင့်တကွ ကုန်သော။ လောကေ၊ လူအပေါင်းတို့ကို။ သံသာရသောတတော၊ သံသရာ

သီဟိုဠ် - ၁၉၀၊ ဣတိဝုတ် အဋ္ဌကထာ ဧကကနိပါတ် ၂-ဝဂ် ၄-သုတ် သီဟိုဠ် ၄၆၊ သုတ္တနိပါတ် အဋ္ဌကထာ ၃၂- တတိယသုတ် သီ ၃၆၀၊ ထေရ ဂါထာ အဋ္ဌကထာ ဧကကနိပါတ် ၆၇- ဧကဓမ္မသဝနိယထေရ သီ- ၂၀၃၊ စူဠနိဒ္ဒေသ အဋ္ဌကထာ အဇိတမာဏဝကပဉှာ သီ-၄... ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ မဟာဝဂ် သီ-၂၈၀၊ ဗုဒ္ဓဝံသ အဋ္ဌကထာ သုမေဓကထာ သီ-၇၄၊ အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါနကထာ ၁၀၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ ဝိဘင်း ၁၂၉၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၁၇-ပညာဘူမိနိဒ္ဒေသ ၄၈၂၊ သဂ္ဂ သင်္ဂဟ အဋ္ဌကထာ ၂၁ အင်္ဂုပုဋ္ဌသုတ် သီ-၈၅၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ ၇-နိဒ္ဒေသ ၁၈၇။ မူလပဏ္ဏာသဋီကာ မဟာသီဟနာဒသုတ် ၁၀-ကြောင်း ပေ ဏော ကျောဘက် ဇိနာလင်္ကာရဋီကာ ၁၈-၃၀၁၊ အဘိဓမ္မာဝတာရဋီကာသစ် ၃၁၇, စသည်ဖြင့် များစွာသော ကျမ်းဂန်တို့၌ ထင်၏။

တည်းဟူသော ရေအလျဉ်မှ။ ဥဒ္ဓရိတ္ဝာ၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန် တည်းဟူသော ကြည်းထက်သို့။ သန္တာရေသံ၊ ကယ်တင်အံ့။ ဣတိ၊ ဤသို့။ စေတသော၊ စိတ်၏။ ပရိဝိတက္ကော၊ အကြံသည်။ အသိ၊ ဖြစ်ပြီ။

ဘုရားဆုကိုတောင်းသော ပုဂ္ဂိုလ်အား ပြည့်စုံအပ်သော အကြောင်းရှစ်ပါးတို့ကို အဓိပ္ပာယ်နှင့်တကွ ပြခြင်း

* မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတုသတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

မနုဿတ္တံ၊ လူ၏ အဖြစ်လည်းကောင်း။ လိင်္ဂသမ္ပတ္တိ၊ ပုရိသလိင်၏ ပြည့်စုံခြင်း လည်းကောင်း။ ဟေတုသတ္ထာရဒဿနံ။ တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း, ဘုရားရှင်ကို ဖူးမြင်ရခြင်း လည်းကောင်း။ ပဗ္ဗဇ္ဇာ၊ ရဟန်း အဖြစ်လည်းကောင်း။ ဂုဏသမ္ပတ္တိ၊ သမာပတ္တိစသော ကျေးဇူးနှင့် ပြည့်စုံခြင်း လည်းကောင်း။ အဓိကာရော စ၊ မြတ်စွာဘုရားတို့အား အလွန်အကဲ ရှိသေ ပူဇော်မှုပြုခြင်း လည်းကောင်း။ ဆန္ဒတာ စ၊ ဘုရားအဖြစ်၌ ပြင်းသော ဆန္ဒရှိသည့် အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးသော တရားတို့ကို ပေါင်းရုံးသဖြင့်။ အဘိနီဟာရော၊ ဆုတောင်း ခြင်းသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

ဤဂါထာ၌—

၁။ မနုဿတ္တ ဟူသည်ကား—လူ၏ အဖြစ်၌ တည်၍ ဘုရားအဖြစ်ကို တောင့်တသောသူအား ဆုတောင်းခြင်းသည် ပြည့်စုံ၏။ နဂါးဇာတ် အစရှိ သည်တို့၌ တည်ကုန်သော သူတို့အားကား ဘုရားအဖြစ်ကို ဆုတောင်း ခြင်းသည် မပြည့်စုံ။ အဘယ့်ကြောင့်နည်း ဟူမူကား— အကြောင်းပဋိသန္ဓေ မရှိခြင်းကြောင့်တည်း။

---

* ဤဂါထာကား သီဟိုဠ်စာလုံးဖြင့် ပုံနှိပ်သော ဗုဒ္ဓဝံသ ပါဠိတော် ဂါထာနံပါတ် ၅၈၊ စာမျက်နှာနံပါတ် ၃၃-၌ ပါရှိသည်၊ မြန်မာစာမူ၌ မပါ။

၂။ **လိင်္ဂသမ္ပတ္တိ** ဟူသည်ကား– လူအဖြစ်၌ ဖြစ်သော သူအားလည်း ပုရိသလိင်၌ တည်သော သူအားသာလျှင် ဆုတောင်းခြင်းသည် ပြည့်စုံ၏။ မိန်းမအား လည်းကောင်း, ဥဘတောဗျည်း နပုန်း ပဏ္ဍုက်တို့အား လည်းကောင်း မပြည့်စုံနိုင်။ အဘယ့်ကြောင့်နည်း ဟူမူကား— လက္ခဏာ ပြည့်စုံခြင်း၏ မရှိခြင်းကြောင့်တည်း။ ထိုစကားမှန်၏၊ "အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ဣတ္ထီ အဿ အရဟံ သမ္မာသမ္ဗုဒ္ဓေါ"ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဣတ္ထီ၊ ဤမိန်းမသည်။ အရဟံ၊ ပူဇော်အထူးကို ခံထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားကို သိသော ဘုရားသည်။ အဿ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ မိန်းမဘုရား ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်း မဟုတ်။ အနဝကာသော၊ အရာ မဟုတ်။ ထို့ကြောင့် ဣတ္ထိလိင်၌ တည်သော လူဇာတ် ရှိသော သူအားလည်း ဘုရားဆုတောင်းခြင်းသည် မပြည့်စုံနိုင်။

၃။ **ဟေတု** ဟူသည်ကား– ယောကျ်ားဖြစ်သော သူအားလည်း ထိုအတ္တဘော၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏ အကြောင်း တိဟိတ် ပဋိသန္ဓေနှင့် ပြည့်စုံသော သူအားသာလျှင် ဘုရားဆုကို တောင်းခြင်းသည် ပြည့်စုံ၏။ ဆိုတိုင်း မပြည့်စုံသော သူအား ဘုရားဆုတောင်းခြင်းသည် မပြည့်စုံနိုင်။

၄။ **သတ္ထာရဒဿန** ဟူသည်ကား – သက်တော်ထင်ရှားရှိသောဘုရား အထံတော်၌ အကယ်၍ ဆုတောင်းသည်ဖြစ်အံ့။ ထိုသို့ ဆုတောင်းခြင်းသည် ပြည့်စုံ၏။ ပရိနိဗ္ဗာန်ပြုသော မြတ်စွာဘုရား၌ လည်းကောင်း စေတီတော် အထံ၌လည်းကောင်း, ဗောဓိပင်ရင်း၌လည်းကောင်း, ဆင်းတုတော်၌ လည်းကောင်း,ပစ္စေကဗုဒ္ဓါ,ဗုဒ္ဓသာဝကအထံတော်၌လည်ကောင်း ဆုတောင်း ခြင်းသည် မပြည့်စုံနိုင်။ အဘယ့်ကြောင့်နည်း ဟူမူကား– ဘုရားအဖြစ်၌ ရထိုက်, မရထိုက်သည်တို့ကို သိ၍ ကံအကျိုးတို့ကို ပိုင်းခြားတတ်သော ဉာဏ်ဖြင့် ပိုင်းခြားပြီးမှ ဗျာဒိတ်စကားမိန့်ကြားခြင်းငှာ မစွမ်းနိုင်သော ကြောင့်တည်း။ ထို့ကြောင့် သက်တော်ထင်ရှားရှိသော ဘုရားအထံ၌ သာလျှင် ဘုရားဆုတောင်းခြင်းသည် ပြည့်စုံရာ၏။

၅။ ပဗ္ဗဇ္ဇ ဟူသည်ကား– ဘုန်းတော်ကြီးသော မြတ်စွာဘုရားအထံတော်၌ ဆုတောင်းသော ပုဂ္ဂိုလ်အားလည်း ကံသာလျှင် ပြုပြင်၏ဟု ယူလေ့ရှိသော ရသေ့တို့၌လည်းကောင်း, ရဟန်းတို့၌လည်းကောင်း, ရဟန်းပြုသော သူအားဆုတောင်းခြင်းသည် ပြည့်စုံ၏။ လူတို့၏အသွင်၌ တည်သောသူအား မပြည့်စုံနိုင်။ အဘယ့်ကြောင့်နည်းဟူမူကား– ရဟန်းအဖြစ်၌ တည်သော ဘုရားလောင်းတို့သာ သဗ္ဗညုတဉာဏ်သို့ ရောက်ကုန်၏။ လူဖြစ်သောသူမူကား မရနိုင် မရောက်နိုင်။ ထို့ကြောင့် အစဦးစွာ ဆုတောင်းသော ကာလ ရဟန်းအဖြစ် တည်ရာ၏။

၆။ ဂုဏသမ္ပတ္တိ ဟူသည်ကား– ရှစ်ပါးသော သမာပတ်ကို ရခြင်း ငါးပါးသော အဘိညာဉ်ကိုရခြင်းရှိသော ရဟန်းအားသာ ပြည့်စုံ၏။ ဤဆိုခဲ့ပြီးသော ဂုဏ်ကျေးဇူးတို့မှ ကင်းသော ရဟန်းအား မပြည့်စုံ။ အဘယ့်ကြောင့်နည်းဟူမူကား– ဆိုခဲ့ပြီးသော ဂုဏ်ကျေးဇူးမရှိသော သူအား ဘုရားဆုတောင်းခြင်းသည် မပြည့်စုံနိုင်သောကြောင့်တည်း။

၇။ အဓိကာရ ဟူသည်ကား– ထိုဂုဏ်တို့နှင့် ပြည့်စုံခြင်းရှိသည်ဖြစ်စေ, မိမိအသက်ကို မြတ်စွာဘုရားတို့အား စွန့်၍ ရှိသေပူဇော်မှုပြုသည်လည်း ဖြစ်စေ, ထိုပုဂ္ဂိုလ်အားသာလျှင် ဆုတောင်းခြင်းသည် ပြည့်စုံ၏။ ထိုအခြင်းအရာအင်္ဂါနှင့် မပြည့်စုံသော သူအား ဘုရားဆုမပြည့်စုံနိုင်။

၈။ ဆန္ဒတာ ဟူသည်ကား– ဆုတောင်းခြင်းနှင့်ပြည့်စုံသော အကြင်သူအား ဘုရားအဖြစ်ကို ပြုတတ်သော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ အကျိုးငှာ သည်းစွာသော အလိုဆန္ဒ လုံ့လအားထုတ်ခြင်း ရှာမှီးခြင်းသည် ရှိ၏။ ထို လုံ့လ ဆန္ဒ အာလယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အားသာလျှင် ဘုရားဆုကို တောင်းခြင်းသည် ပြည့်စုံ၏။ ဤအလိုဆန္ဒ သည်းစွာ မရှိသော ပုဂ္ဂိုလ်အား ဘုရားဆု တောင်းခြင်းသည် မပြည့်စုံနိုင်။

ယခု တောင်းသော ဤသုမေဓာရှင်ရသေ့ကား ရှစ်ပါးသော တရားတို့ကို ပေါင်း၍သာလျှင် ဘုရားအဖြစ်၌ ဆုတောင်းခြင်းကို ပြုလျက် ညွှန်ပျောင်း၌ လျောင်းစက်အိပ်နေတော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရား သုမေဓာရှင်ရသေ့အား ဗျာဒိတ်စကား ကြားတော်မူခြင်း

ဒီပင်္ကရာမြတ်စွာဘုရားသည်လည်း ကြွတော်မူလာ၍ သုမေဓာရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူလျက် ညွန့်ပျောင်း၍ လျောင်းစက်သော သုမေဓာရသေ့ကို မြင်တော်မူ၍ "ဤရသေ့ကား ဘုရားဖြစ်ခြင်းငှာ ဆုတောင်းခြင်းကို ပြုလျက် ညွန့်ပျောင်း၍ လျောင်းစက်၏။ ထိုရသေ့ဆုတောင်း ကောင်းစွာ ပြည့်စုံအံ့လော" ဟု အနာဂတံသဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်တော်မူသည်ရှိသော် "ဤကမ္ဘာမှ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေထက်၌ ဂေါတမမည်သောဘုရားသည် ထင်ရှားဖြစ်လတ္တံ့" ဟု သိတော်မူ၍ ပရိသတ် အလယ် တင့်တယ်မတ်မတ် ရပ်တော်မူလျက် "ချစ်သား ရဟန်းတို့.... သင်တို့သည် ခြိုးခြံသော အကျင့်ရှိသော ညွန့်ပျောင်း၍ လျောင်းစက်သော ဤရသေ့ကို မြင်ကြ၏လော" ဟု မိန့်တော်မူသော် "အရှင်ဘုရား.... မြင်သည် မှန်ပါ၏" ဟု လျှောက်လျှင် "ဤရသေ့ကား ဘုရားဖြစ်ခြင်းငှါ ဆုတောင်းခြင်းကိုပြု၍ ညွန့်ပျောင်း၍လျောင်းစက်သောဤရသေ့ ဆုတောင်းခြင်းသည် ပြည့်စုံလတ္တံ့။ ဤကမ္ဘာမှကမ္ဘာတစ်သိန်းအလွန်ရှိသော လေးသင်္ချေထက်၌ ဂေါတမအမည်ရှိသော ဘုရားသည် လောကသုံးပါး၌ ထင်ရှားဖြစ်လတ္တံ့။ ကပိလဝတ်မည်သောမြို့ကြီးသည် နေရာဖြစ်လတ္တံ့။ မာယာ အမည်ရှိသော မိဖုရားကြီးသည် မယ်တော်ဖြစ်လတ္တံ့။ သုဒ္ဓေါဒနအမည်ရှိသော မင်းကြီးသည် ခမည်းတော် ဖြစ်လတ္တံ့။ ဥပတိဿ ကောလိတ အမည်ရှိသော လက်ယာရံ လက်ဝဲရံ တပည့်မြတ်အစုံတို့သည် ဖြစ်ကုန်လတ္တံ့။ အာနန္ဒာ မည်သော အလုပ်အကျွေးသည်ဖြစ်လတ္တံ့။ ခေမာ ဥပ္ပလဝဏ် မည်သော တပည့်မနှစ်ယောက်အစုံတို့သည် ဖြစ်ကုန်လတ္တံ့။ ဤရသေ့ သည် ရင့်သော ဉာဏ်ရှိသည်ဖြစ်၍ မြတ်သောတောထွက်ခြင်းဖြင့်တောထွက်၍ ကြီးစွာသော ဒုက္ကရစရိယာကို အားထုတ်၍ ပညောင်ပင်ရင်း၌ သုဇာတာမည်သော သတို့သမီးသည် လှူအပ်သော ဃနာနို့ဆွမ်းကို ခံတော်မူ၍ နေရဉ္ဇရာမြစ်သာ ကမ်းနား၌ ဘုဉ်းပေးတော်မူပြီးမှ ဗောဓိမဏ္ဍိုင်သို့သက်လျက် ညောင်ဗုဒ္ဓေါ ပင်ရင်း၌ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိလတ္တံ့" ဟု ဗျာဒိတ် စကား ကြားတော်မူ၏။ ထို့ကြောင့်—

၁။ ဒီပင်္ကရော လောကဝိဒူ၊ အာဟုတိနံ ပဋိဂ္ဂဟော။
ဥဿီသကေ မံ ဌတွာန၊ ဣဒံ ဝစနမဗြဝိ။

၂။ ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျိတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

၃။ အဟော ကပိလဝှယာ ရမ္မာ၊ နိက္ခမိတွာ တထာဂတော။
ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ။

၄။ အဇပါလရုက္ခမူလသ္မိံ၊ နိသီဒိတွာ တထာဂတော။
တတ္ထ ပါယာသံ ပဂ္ဂယှ၊ နေရဉ္ဇရမုပေဟိတိ။

၅။ နေရဉ္ဇရာယ တီရမှိ၊ ပါယာသံ အဒ သော ဇိနော။
ပဋိယတ္တဝရမဂ္ဂေန၊ ဗောဓိမူလမုပေဟိတိ။

၆။ တတော ပဒက္ခိဏံ ကတွာ၊ ဗောဓိမဏ္ဍံ အနုတ္တရော။
အဿတ္ထရုက္ခမူလသ္မိံ၊ ဗုဇ္ဈိဿတိ မဟာယသော။

၇။ ဣမဿ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟေဿတိ ဂေါတမော[၁]။

၁။ အယံ ဟေဿတိ ဂေါတမော-ဟူသော ပါဒ၌ ဂေါတမသဒ္ဒါသည် အနွယ်၏ အမည် ဟောတည်း။ ထို့ကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုပင် မြတ်စွာဘုရားက ဂေါတမဟု ခေါ်တော်မူ၏။ အထောက်အထား— "အတိက္ကန္တဝရာ ခေါ ဂေါတမ တထာဂတာတို ။လ။ ဝဒေဟိ ဂေါတမာတိ"။ မဟာဝါပါဠိတော် မဟာခန္ဓက ၁၁၆။ "အနုကမ္ပာယ ဂေါတမ"ဟူ၍ အရှင်ဝင်္ဂီသ ရဟန်းငယ်က အရှင်အာနန္ဒာကို ဂေါတမခေါ်၏။ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဝင်္ဂီသ သံယုတ် စတုတ္ထသုတ် ၁၁၄။ ဤနေရာ၌မူကား မြတ်စွာဘုရားကိုပင် အနွယ်အားဖြင့် ခေါ်ကြကုန် လတ္တံ့သည်ကို ဗျာဒိတ်ပေးတော်မူ၏။ "ဂေါတမောတိ ဘဂဝန္တံ ဂေါတ္တ-ဝသေန ပရိကိတ္တေတိ"။ သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ် ၁၉၄၊ ၎င်းနှင့် အဓိပ္ပါယ် တူလာသော မူလပဏ္ဏာသ အဋ္ဌကထာ သာလေယျကသုတ် ၂၁၃၊ ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ ၇၇၊ သီ-၆၆၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သီလနိဒ္ဒေသ အစနား၊ ခုဒ္ဒပါဌအဋ္ဌကထာ ရတနသုတ် သီ-၁၂၁၊ ဓမ္မပဒအဋ္ဌကထာ ပကိဏ္ဏကဝဂ် ဒါရုံ-သာကဋိကပုတ္တဝတ္ထု ၄၀၆၊ ဥဒါန်းအဋ္ဌကထာ သီ-၃ဂ-၂၆၅၊ ထေရဂါထာအဋ္ဌကထာ ဒုတိယအုပ် သီ၊၁၅၅-၂၀၄၊ သာရတ္ထဒီပနီဋီကာ ဝေရဉ္ဇကဏ္ဍအဖွင့် ၂၀၂၊ အဘိဓာန် ဋီကာ ဂါထာနံပါတ် ၄ အဖွင့် ၉။ သာကီဝင်မင်းသမီးကို အနွယ်နှင့် စပ်၍ ဂေါတမီဟု ခေါ်ကြကုန်၏။ "ဂေါတမီတိ ဂေါတ္တံ"ဟူ၍လည်းကောင်း၊ ဣမ ပန ဂေါတ္တေန သဒ္ဓိံ သံသန္ဒိတွာ မဟာပဇာပတိဂေါတမီတိ ဝုတ္တံ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ ၄၂-ဒက္ခိဏာဝိဘင်္ဂသုတ် ၁၉၄၊ မိထွေးတော် မဟာပဇာပတိ ဂေါတမီကိုသာ ဂေါတမီခေါ်သည် မဟုတ်၊ သိရိမဟာမာယာမိဖုရားကိုလည်း ဂေါတမီဟု ခေါ်၏။ ထို့ကြောင့် "သာ ဂေါတမီ ကာလကတာ စုတာ—စသည်ဖြင့် အရှင်ကာဠုဒါယီထေရ် ဒသကနိပါတ် ထေရဦးရေ ၂၃၃-၌ ဆိုပြီ။

၈။ အနာသဝါ ဝီတရာဂါ၊ သန္တစိတ္တာ သမာဟိတာ။
ကောလိတော ဥပတိဿော စ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။

၉။ အာနန္ဒော နာမုပဋ္ဌာကော၊ ဥပဋ္ဌဟိဿတိမံ ဇိနံ။
ခေမာ ဥပ္ပလဝဏ္ဏာ စ၊ အဂ္ဂါ ဟေဿန္တိ သာဝိကာ။

၁၀။ အနာသဝါ ဝီတရာဂါ၊ သန္တစိတ္တာ သမာဟိတာ။
ဗောဓိ တဿ ဘဂဝတော၊ အဿတ္ထောတိ ပဝုစ္စတိ။

၁၁။ စိတ္တော စ ဟတ္ထာဠဝကော၊ အဂ္ဂါ ဟေဿန္တုပဋ္ဌကာ။
ဥတ္တရာ နန္ဒမာတာ စ၊ အဂ္ဂါ ဟေဿန္တုပဋ္ဌိကာ—

ဟူ၍ ဟောတော်မူသည်။

၁။ လောကဝိဒူ၊ လောကသုံးပါးကိုသိတော်မူတတ်ထသော။ အာဟုတိနံ၊ ပေးလှူပူဇော်အပ်သော အလှူတို့ကို။ ပဋိဂ္ဂဟော၊ ခံထိုက်ထသော။ ဒီပင်္ကရော၊ ဒီပင်္ကရာအမည်တော်ရှိသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ မံ-မမ၊ ငါ၏။ ဥဿီသကေ၊ ဦးခေါင်းရင်း၌။ ဌတွာန၊ ရပ်တော်မူ၍။ ဣဒံ ဝစနံ၊ ဤဆိုလတ္တံ့သော စကားကို။ အဗြဝိ၊ ဆိုတော်မူ၏။

၂။ ဇဋိလံ၊ ဆံကျစ် ထုံးသော။ ဥဂ္ဂတာပနံ၊ ခြိုးခြံသော အကျင့်ရှိသော။ ဣမံ တာပသံ၊ ဤရှင်ရသေ့ကို။ တုမှေ၊ သင်တို့သည်။ ပဿထ၊ ရှုကြကုန်လော့။ အယံ၊ ဤရသေ့သည်။ ဣတော၊ ဤသာရမဏ္ဍကမ္ဘာမှ။ အပရိမေယျေ၊ မရေတွက်နိုင်သော။ ကပ္ပေ၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးအသင်္ချေထက်၌။ လောကေ။ လောက၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဣဒံ၊ ဤစကားကို။ အဗြဝိ၊ မိန့်ပြီ။

၃။ ဣမဿ တာပသဿ၊ ဤရသေ့၏။ ဣဒံ ကမ္မံ၊ ဤအမူအရာသည်။ အဟော၊ အံ့ဖွယ်ရှိစွတကား။ တထာဂတော၊ လာခြင်း ကောင်းသော ဂေါတမဘုရားသည်။ ရမ္မာ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ကပိလဝှယာ၊ ကပိလဝတ်အမည်ရှိသော ပြည်မှ။ နိက္ခမိတွာ၊ ထွက်၍။ ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍။ ဒုက္ကရကာရိကံ၊ ပြုနိုင်ခဲသော ဒုက္ကရစရိယာကို။ ကတွာ၊ ပြု၍။

၄။ အဇပါလ ရုက္ခ မူလသ္မိံ၊ အာဇပါလ ညောင်ပင်ရင်း၌။ တထာ-ဂတော၊ ဂေါတမဘုရားသည်။ နိသီဒိတွာ၊ နေ၍။ တတ္ထ၊ ထိုညောင်ပင်ရင်း၌။ ပါယာသံ၊ နို့ဃနာကို။ ပဂ္ဂယှ၊ ခံ၍။ နေရဉ္ဇရံ[၁]၊ နေရဉ္ဇရာမြစ်သို့။ ဥပေဟိတိ၊ ကပ်လတ္တံ့။

၅။ သော ဇိနော၊ ထိုဂေါတမဘုရားသည်။ နေရဉ္ဇရာယ၊ နေရဉ္ဇရာမြစ်၏။ တီရမှိ၊ ကမ်းနား၌။ ပါယာသံနို့ဃနာကို။ အ-ဒ-ခါဒိတွာ၊ စားပြီး၍။ ပဋိယတ္တ ဝရ မဂ္ဂေန၊ နတ်တို့စီရင်အပ်သော မြတ်သောခရီးဖြင့်။ ဗောဓိမူလံ၊ ဗောဓိပင်ရင်းသို့။ ဥပေဟိတိ၊ ကပ်လတ္တံ့။

၆။ တတော၊ ထိုနောက်မှ။ အနုတ္တရော၊ အတုမရှိသော။ မဟာယသော၊ များသော အခြံအရံရှိသော။ သဗ္ဗညုဒ္ဓေါ၊ ဂေါတမဘုရားသည်။ ဗောဓိမဏ္ဍံ၊ ဗောဓိမဏ္ဍိုင်ကို။ ပဒက္ခိဏံ၊ လက်ယာရစ်လည်သည်ကို။ ကတွာ၊ ပြု၍။ အဿတ္ထ ရုက္ခ မူလသ္မိံ၊ ညောင်ဗုဒ္ဓဟေ၏ အနီး၌။ ဗုဇ္ဈိဿတိ၊ ပွင့်လတ္တံ့။

၇။ ဣမဿ၊ ဤဂေါတမဘုရား၏။ ဇနိကာ၊အမိရင်းဖြစ်သော။ မာတာ၊ မယ်တော်သည်။ မာယာနာမ၊ မာယာမည်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပိတာ၊ ခမည်းတော်သည်။ သုဒ္ဓေါဒနော နာမ၊ သုဒ္ဓေါဒနမည်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အယံ၊ ဤရသေ့သည်။ ဂေါတမော၊ ဂေါတမ မည်သည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

၈။ အနာသဝါ၊ အာသဝေါလည်း မရှိကုန်ထသော။ ဝီတ ရာဂါ၊ ကင်းသောရာဂလည်း ရှိကုန်ထသော။ သန္တစိတ္တာ၊ ငြိမ်သက်သော စိတ်ရှိကုန်ထသော။ သမာဟိတာ၊ တည်ကြည်သော စိတ်ရှိကုန်ထသော။ ကောလိ-

---

၁—"နေရဉ္ဇရာယာတိ နေလံ ဇလ မဿာတိ နေလဉ္ဇလာတိ ဝတ္တဗ္ဗေ လကာရဿ ရကာရံ ကတွာ နေရဉ္ဇရာယာတိ ဝုတ္တံ။ ကဒ္ဒမ သေဝါလ ပဏကာဒိ ဒေါသ ရဟိတ သလိလာယာတိ အတ္ထော။ ကေစိ နီလဇလာယာတိ ဝတ္တဗ္ဗေ နေရဉ္ဇရ ယာတိ ဝုတ္တန္တိ။ ဝဒန္တိ။ နာမမေဝ ဝါ ဧတိဿာ နဒိယာတိ ဝေဒိတဗ္ဗံ"။ ဥဒါန်းအဋ္ဌကထာ ၁-ဗောဓိဝဂ် ပဌမ ဗောဓိသုတ် သီ-၁၉.......တေရသကဏ္ဍဋီကာ မဟာဝါ မဟာခန္ဓက ၂——စတုက္ကင်္ဂုတ္တရဋီကာ ဥရုဝေလဝဂ် တတိယသုတ် ၂၂... အဋ္ဌသာလိနီ အဋ္ဌကထာယောဇနာ နိဒါန်း ၄၆။

တော စ၊ကောလိတလည်းကောင်း။ ဥပတိဿော စ၊ ဥပတိဿလည်းကောင်း။ အဂ္ဂါ၊ မြတ်ကုန်သော။ သာဝကာ၊ တပည့်တို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

၉-၁၀။ အာနန္ဒောနာမ၊ အာနန္ဒာမည်သော။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ဧတံ ဇိနံ၊ ဤဂေါတမဘုရားကို။ ဥပဋ္ဌဟိဿတိ၊ လုပ်ကျွေးလတ္တံ့။ အနာသဝါ၊ အာသဝေါ မရှိကုန်သော။ ဝီတရာဂါ၊ ကင်းသောရာဂရှိကုန်ထသော။ သန္တစိတ္တာ ငြိမ်သက်သောစိတ်ရှိကုန်ထသော။ သမာဟိတာ၊ တည်ကြည်သော စိတ်ရှိကုန်ထသော။ ခေမာစ၊ ခေမာလည်းကောင်း။ ဥပ္ပလဝဏ္ဏာ စ၊ ဥပ္ပလဝဏ်လည်းကောင်း။ အဂ္ဂါ၊ မြတ်ကုန်သော။ သာဝိကာ၊ တပည့်မနှစ်ယောက်တို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တဿ ဘဂဝတော၊ ထိုဂေါတမဘုရား၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ အဿတ္ထောတိ၊ ညောင်ဗုဒ္ဓေဟဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။

၁၁။ စိတ္တောစ၊ စိတ္တသူကြွယ် လည်းကောင်း။ ဟတ္ထာဠဝကော စ၊ ဟတ္ထာဠဝကမင်းသားလည်းကောင်း။ အဂ္ဂါ၊ မြတ်ကုန်သော။ ဥပဋ္ဌာကာ၊ အလုပ်အကျွေးဒါယကာတို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဥတ္တရာ စ၊ ဥတ္တရာ လည်းကောင်း။ နန္ဒမာတာ စ၊ နန္ဒမာတာ လည်းကောင်း။ အဂ္ဂါ၊ မြတ်ကုန်သော။ ဥပဋ္ဌိကာ၊ အလုပ်အကျွေး ဒါယိကာမတို့သည်။ ဟေဿန္တိ၊ ဖြစ်ကြကုန်လတ္တံ့ *။

---

* သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူသောနေရာ၌ ဗုဒ္ဓဝင်ပါဠိတော် ၂-သုမေဓကထာ။ မဓုရတ္ထဝိလာသိနီ အမည်ရှိသော ၎င်းဗုဒ္ဓဝင်အဋ္ဌကထာ။ ဇာတ်အဋ္ဌကထာနိဒါန်း။ အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်း။ အပဒါန် အဋ္ဌကထာနိဒါန်း။ ဇိနာလင်္ကာရဋီကာ။ မဟာဝင်ဋီကာ စသည်တို့၌ သိဒ္ဓတ္ထမင်းသား၏ ကြင်ယာမြောက်သားမိဖုရားကြီးဖြစ်ဖူးသော ယသောဓရာထေရီ ဘိက္ခုနီမ၏အလောင်း သုမိတ္တာ ပုဏ္ဏားမသတို့သမီး၏ အကြောင်းအရာကို အနည်းငယ်မျှ မတွေ့ရသော်လည်း ဤဗုဒ္ဓဝင် ဝတ္ထုတော်ကြီးကို ကြည့်ရှုသူတို့ လွယ်ကူစွာ တွေ့ရှိနိုင်ရန် အကျိုးဆိုးဖြစ်သော အမြွက်မျှ ပြပေဦးအံ့။ ဆိုခဲ့ပြီးသောဒ. တိုင်း သုမေဓာရှင်ရသေ့ သည် ဒီပင်္ကရာမြတ်စွာဘုရား သံဃာတော် လေးသိန်းနှင့်တကွ ကြွလာတော်မူရန် ခရီးလမ်းကို သုတ်သင်ရှင်းလင်းသောအခါ သုမိတ္တာအမည်ရှိသော ပုဏ္ဏားသတို့သမီး ကညာသည် ကြာရှစ်လက်,ကြာရှစ်ပွင့်တို့ကို ဒီပင်္ကရာမြတ်စွာဘုရားအားပူဇော်ခြင်း

သုမေဓာရှင်ရသေ့ကို မြတ်စွာဘုရားနှင့်တကွ လူနတ်တို့ ချီးမွမ်းကြခြင်း

ထို့နောက်မှ သုမေဓာရသေ့သည် "ငါကား ဆုတောင်းခြင်း ပြည့်စုံလတ္တံ့" ဝမ်းမြောက်သော စိတ်ဖြစ်၏။ လူအပေါင်းတို့သည်လည်း ဒီပင်္ကရာမြတ်စွာဘုရား စကားတော်ကိုကြား၍ "ဤသုမေဓာရသေ့ကား ဘုရားမျိုးစေ့ဖြစ်သတတ်။ ဘုရားအညွန့်ဖြစ်လတ္တံ့" ဟု ကြံ၍ သုမေဓာရသေ့၌ နှစ်သက်ခြင်းသည်ဖြစ်၏။ ထိုလူအပေါင်းတို့သည်လည်း ဤသို့ အကြံဖြစ်သတတ်။ "မြစ်သို့ကူးသော ယောကျ်ားသည် ဖြောင့်ဖြောင့်ကူးခြင်းငှာ မစွမ်းနိုင်ရကား အောက်ဆိပ်သို့ ကူးသကဲ့သို့ ထို့အတူ ငါတို့သည်လည်း ဒီပင်္ကရာ မြတ်စွာဘုရား သာသနာတော်၌ မဂ်ဖိုလ်ကို မရကုန်သည်ရှိသော် နောင်သောအခါ အကြင်ကမ္ဘာ၌ အရှင်ရသေ့သည် ဘုရားဖြစ်လတ္တံ့။ ထိုအခါ ရှင်ရသေ့မျက်မှောက် မဂ်ဖိုလ်ရောက်ရပါလိုသော" ဟု ပတ္ထနာဆုပြုကြကုန်၏။

ဒီပင်္ကရာ မြတ်စွာဘုရားသည်လည်း သုမေဓာဘုရားလောင်းကို ချီးမွမ်းတော်မူ၍ ရှစ်ဆုပ်သောပန်းတို့ဖြင့် ပူဇော်လျက် လက်ယာရစ်လှည့်သည်ကို ပြု၍ ဖဲတော်မူ၏။ လေးသိန်းကုန်သော ရဟန္တာ အရှင်မြတ်တို့သည်လည်း

အကျိုးငှာ ပရိသတ်သို့ ချဉ်းကပ်၏။ ထိုအခါ ရှေးမြင်ရှည်ကြာစွာ သံသရာက ကြင်နာသနားခဲ့ဖူးသော သုမေဓာရှင်ရသေ့ကို တွေ့မြင်ရ၍ များစွာ ကြည်ညိုသော်လည်း ကြ ညိုပန်း ရှစ်ပွင့်မှတပါး အခြားလှူစရာမရှိ မပါလာ၍ "အရှင်သုမေဓာရသေ့အား ကြာငါးလက်တို့သည် ဖြစ်ပါစေကုန်။ အကျွန်ုပ်သုမိတ္တာအား ကြာသုံးလက်တို့သည် ဖြစ်ပါစေကုန်" ဟု လျှောက် ဆို၍ သုမေဓာရသေ့အား ကြာငါးလက် လှူ၏။ ဒီပင်္ကရာမြတ်စွာဘု ရားအား ကြာသုံးလက်လှူ၏။ အရှင်ရသေ့ ၏ သဗ္ဗညုတဉာဏ်ရသည်တိုင်အောင် သင် ရှင်ရသေ့နှင့် ပေါင်းမိစေကုန်သတည်း ဟု ဆုတောင်း၏။ ဒီပင်္ကရာမြတ်စွာဘုရားသည်လည်း ထိုသုမေဓာရသေ့နှင့် သုမိတ္တာ ပုဏ္ဏားသမီးတို့အား ညီမျှသောစိတ် ညီမျှသောကံ ညီမျှသော ကုသိုလ်ပြုခြင်း ဖြစ်လတ္တံ့ စသည်ဖြင့် ဗျာဒိတ်ပေးတော်မူ၏။ ထိုအကြောင်းကို ထေရီအပဒါန် ပါဠိတော် သုံးခုမြောက်သော ကုဏ္ဍလကေသီဝဂ် အပဒါန်ဦးရေ ၂၈ ဂါထာ ၉၀ ပုဇ္ဇာဝလိယခေါ်သော သီဟိုဠ်ကျမ်းစာအုပ်၌ လာသော မူကွဲနှင့်တကွ ၉၇ ဂါထာ ယသောဓရာထေရီ ဘိက္ခုနီအပဒါန် ၃၂၂... အပဒါန်ပါဠိတော် သီဟိုဠ်စာအုပ်၄၅၇ စသည်တို့၌ ကြည့်၍ သိအပ်၏။

ဘုရားလောင်းကို ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ လက်ယာရစ် လှည့်သည်ကို ပြု၍ ဖဲကြလေကုန်၏။ လူနတ်တို့သည်လည်း ထို့အတူ ပူဇော်ရှိခိုး၍ ဖဲကြပြန်ကုန်၏။

ထိုအခါ အလုံးစုံသော လူအပေါင်းတို့ ဦးခေါင်းညွတ်လျှိုး ရှိခိုးပူဇော်ရာ ဒီပင်္ကရာမြတ်စွာဘုရားသည် လေးသိန်းကုန်သော ရဟန္တာ အရှင်မြတ်တို့ ဆည်းကပ်ခြံရံအပ်သည်ဖြစ်၍ ရမ္မဝတီ ပြည်သူပြည်သား လူအများတို့ အပူဇော်ကိုခံလျက် နတ်တို့ ရှိခိုးအပ်ကုန်သည်ဖြစ်၍ ညချမ်းအခါ ဆည်းဆာရောင်ဖြင့် တပ်အပ်သော မြတ်သော ရွှေတောင်ထွတ်ကဲ့သို့ ကြွတော်မူသည်ရှိသော် များစွာကုန်သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးလျှင် တန်ဆာဆင်ခြင်းနှင့်စပ်သော ထိုခရီးဖြင့် ကြွတော်မူ၍ အထူးထူးသော အနံ့ရှိသော နံ့သာတို့ဖြင့် ထုံအပ်သော အခိုးအထုံ အမှုန့်နံ့သာတို့ဖြင့် ပြွမ်းလျက် ကောင်းစွာ စိုက်အပ်သော တံခွန် ကုက္ကား မုလေးပွားနှင့်

ဤသုမိတ္တာဗျာဒိတ်ခန်း ကြာညိုပန်းလှူဒါန်းရာ၌....

ပဉ္စ ဟတ္ထာ တဝ ဟောန္တု၊ တယော ဟောန္တု မမ ဇလသေ။ (၄၉)
တေန သဒ္ဓိံ သမာ ဟောန္တု၊ ဗောဓတ္ထာယ တဝ ဇူလသေ။ (၁၀၀၄)—

ဟူ၍ လာရှိသောဂါထာကို၊ ။ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တဝ၊ အရှင်မြတ်ဘုရားအား။ ပဉ္စ ဟတ္ထာ၊ ကြာငါးလက်တို့သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်လော့။ မမ ဇလသေ၊ အကျွန်ုပ်၏ ရှင်ရသေ့အား။ တယော၊ ကြာသုံးလက်တို့သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်။ ။စသည်ဖြင့် သစ်ချတောင် ဦးတိလောက-ရေး ယသောဓရာဆုတောင်းခန်းစာအုပ် မျက်နှာနံပါတ် ၆၄-၌ အနက်ပေး၏။ ။ဇလသေ၊ ရသေ့။ ပဉ္စဟတ္ထာ၊ တို့သည်။ တဝ၊ ရှင်ရသေ့ဖို့။ ဟောန္တု၊ ကုန်လော့။ တယော၊ ကြာသုံးလက်တို့သည်။ မမ၊ အကျွန်ုပ်ဖို့။ ဟောန္တု၊ ကုန်။ စသည်ဖြင့် ညောင်ကန်ဆရာတော် ဦးဗုဓ်ချပို့၍ သိရိမာလာ အမည်ရှိသော ရဟန်းသည် စီရင်ရေးသားအပ်သော သက္ကရာဇ် ၁၂၀၃-ခုနှစ် တပေါင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့ နေ့တက် တစ်ချက်တီးအချိန်၌ပြီးသော ထေရီအပဒါန်ပါဠိတော် နိဿယသစ် ယောအတွင်းဝန်မင်းကြီး ဦး-ဘိုးလှိုင် ကောင်းမှု ၁၁-ကြောင်‘ရေး ပေစာ ရွှေပိန်းချ ဖော်ချပ်ဝမ်းဘက် ၉-ကြောင်း၌ အနက်ယောဇနာတော်မူ၏။ ။ ဤသို့ ဇလသိ ဇလသေ ရှိသော ပုဒ်ကို အာလုပ်ကြံ၍ တဝအရ-သုမေဓာရသေ့။ မမ-မမံ-ရှိသောပုဒ်ကို သုမိတ္တာပုဏ္ဏေးမ စသည်ဖြင့် ညောင်ကန်ဆရာတော်ဘုရားကြီး အနက်ပေးခြင်းကို ပညာရှိအများတို့ နှစ်သက်ကြကုန်၏။ ။ထေရီအပဒါန်ပါဠိတော် စာချနက် မိုးထိမှု စာမျက်နှာနံပါတ် ၁၃၅ ၌လည်း ဒုတိယအုတ်ကျောင်းဆရာတော် ခေါ်ဝေါ်အပ်သော ညောင်ကန်ဆရာတော် ဦးဗုဓ်ချပို့ဇတော်မူသော နိဿယအတိုင်းပင် ရှိ၏။ နှစ်သက်ရာ ယူတော်မူကြပါကုန်။

တကွနက် ကြက်အပ်သော ဗိတာန်မျက်နှာကြက် ရှိသည်ဖြစ်၍ အလွန်နှလုံး မွေ့လျော်ပျော်ဖွယ်ရာဖြစ်သော ရမ္မဝတီမြို့သို့ ဝင်တော်မူ၍ ခင်းအပ်သော မြတ်သော သူတို့သာ နေခြင်းငှာ ထိုက်သော ဘုရားနေရာတော်၌ ယုဂန္ဓိုရ် တောင်ထိပ်ဝယ် တန်ဆောင်မုန်းလ သရဒအခါ ပြိုးပြိုးပြက် အရောင်ကို ဆောင်စွမ်းနိုင်သော ကြာနီ ကြာဖြူ ကြာပုဏ္ဍရိက် ကြာတံဆိပ်တို့၏ ပွင့်ခြင်းကို ပြုတတ်သော နေမင်းကဲ့သို့ ဘုရားတည်းဟူသော နေမင်းသည် နေတော်မူ၏။ ရဟန်းသံဃာတို့သည်လည်း အစဉ်အားဖြင့် မိမိတို့ ရောက်ရာ အရပ်၌ နေထိုင် ကြကုန်၏။

ရမ္မဝတီ ပြည်သူပြည်သား သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ဒါယကာ တို့သည် အထူးထူးအပြားပြားသော ခဲဖွယ်တို့ဖြင့် တန်ဆာဆင်အပ်သော အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော အလှူကြီးကို ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ပေးလှူကြကုန်၏။

ထိုအခါ သုမေဓာရှင်ရသေ့ ဘုရားလောင်းသည်လည်း မြတ်စွာဘုရား ဗျာဒိတ်ထားသည်ကို ကြား၍ ဘုရားအဖြစ်ဟူသည် ယနေ့ နက်ဖြန်ပင် လက်ဝါးပြင်သို့ လျှင်လျှင်ရောက်အံ့သကဲ့သို့ မှတ်ထင်လျက် ဝမ်းမြောက် သော စိတ်ရှိသည် ဖြစ်၍ အလုံးစုံသော ရဟန်းရှင်လူတို့ ဖဲ့ကုန်သည်ရှိသော် နေရာမှထ၍ ပါရမီတို့ကို စူးစမ်းဆင်ခြင်အံ့ဟု ပန်းစုအထက်၌ ထက်ဝယ် ဖွဲ့ခွေ နေတော်မူ၏။

ထိုသို့ ဘုရားလောင်း နေလေသည်ရှိသော် တစ်သောင်းသောစကြဝဠာ၌ နေကုန်သော နတ်ဗြဟ္မာတို့သည် ကောင်းချီးပေးကာ မဟာထုတိ ပသံသ တို့ဖြင့် ကောင်းချီးပေးလျက် "အရှင်သုမေဓာရသေ့–ရှေးဘုရားလောင်း သူတော်ကောင်းတို့သည် ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို စူးစမ်းဆင်ခြင်အံ့ဟု နေသောအခါ၌ ပုဗ္ဗနိမိတ်တို့ ထင်ကုန်၏။ ထိုနှင့်အတူ ယခုအခါလည်း ထင်စွာ ဖြစ်ကုန်၏။ အရှင်ရသေ့ သည် ဘုရားစင်စစ် ဖြစ်လတ္တံ့ဟု အကျွန်ုပ်တို့သဘောအားဖြင့် သိပါကုန်၏။ ထို့ကြောင့် ရှင်ရသေ့သည် မိမိဝီရိယကို မြဲစွာပြုလျက် ချီးမြောက်ပါလော့" ဟု ဘုရားလောင်းကို အထူးထူး အပြားပြားသော ချီးမွမ်းခြင်းတို့ဖြင့် ချီးမြောက်ကြကုန်၏။ ။ထို့ကြောင့်—

ဣဒံ သုတွာန ဝစနံ၊ အသမဿ မဟေသိနော။
အာမောဒိတာ နရမရူ၊ ဗုဒ္ဓဗီဇင်္ကုရော အယံ—

ဟူ၍ ဟောတော်မူ၏။

နရမရူ၊ နတ်လူတို့သည်။ အသမဿ၊ တုဘက်မရှိသော။ မဟေသိနော၊ ဒီပင်္ကရာမြတ်စွာဘုရား၏။ ဣဒံဝစနံ၊ ဤဗျာဒိတ်စကားကြားတော်မူခြင်းကို။ သုတွာန၊ ကြားရ၍။ အယံ၊ ဤရှင်ရသေ့သည်။ ဗုဒ္ဓဗီဇင်္ကုရော၊ ဘုရားအလောင်းတော်သည်။ ဥပ္ပန္နောကိရ၊ ဖြစ်ပေသောသူတကား။ ဣတိ၊ဤသို့။ အာမောဒိတာ၊ ဝမ်းမြောက်သော စိတ်ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

ဥက္ကုဋ္ဌိသဒ္ဒါ ဝတ္တန္တိ၊ အပ္ဖေါဋ္ဌေန္တိ ဟသန္တိ စ။
ကတဉ္ဇလီ နမဿန္တိ၊ ဒသသဟဿီ သဒေဝကာ။

ဒသသဟဿီ၊တစ်သောင်းသော စကြဝဠာ၌ နေကုန်သော။သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ဒီပင်္ကရဿ၊ ဒီပင်္ကရာမြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။သုတွာ၊ကြား၍။ ဥက္ကုဋ္ဌိသဒ္ဒါ၊ကြွေးကြော်သောအသံရှိကုန်သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ အပ္ဖေါဋ္ဌေန္တိ၊ လက်ပမ်းပေါက်ခတ်ကုန်၏။ ဟသန္တိ စ၊ ရယ်လည်း ရယ်ကုန်၏။ ကတဉ္ဇလီ၊ လက်အုပ်ချီသည်ကိုပြု၍။ နမဿန္တိ၊ ရှိခိုးကုန်၏။

ယဒိမဿ လောကနာထဿ၊ ဝိရဇ္ဈိဿာမ သာသနံ။
အနာဂတမှိ အဒ္ဓါနေ၊ ဟေဿာမ သမ္မုခါ ဣမံ။

မယံ၊ ငါတို့သည်။ လောကနာထဿ၊ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သော။ ဣမဿ၊ ဤဒီပင်္ကရာမြတ်စွာဘုရား၏။ သာသနံ၊သာသနာတော်ကို။ ယဒိ ဝိရဇ္ဈိဿာမ၊ အကယ်၍ ချွတ်ယွင်းကုန်အံ့။ အနာဂတမှိ၊ နောင်လာလတ္တံ့သော။ အဒ္ဓါနေ၊ အခွန့်၌။ ဣမံ-ဣမဿ၊ ဤရသေ့၏။ သမ္မုခါ၊ မျက်မှောက်မှ။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။

ယထာ မနုဿာ နဒိံ တရန္တာ၊ ပဋိတိတ္ထံ ဝိရဇ္ဈိယ။
ဟေဋ္ဌာတိတ္ထေ ဂဟေတွာန၊ ဥတ္တရန္တိ မဟာနဒိံ ။

နဒိံ၊ ဖြစ်ကို။ တရန္တာ၊ ကူးကုန်သော။ မနုဿာ လူတို့သည်။ ပဋိတိတ္ထံ၊ အညာဆိပ်ကို။ ဝိရစ္ဆိယ၊ ချွတ်ယွင်းကုန်သောကြောင့်။ ဟေဋ္ဌာ တိတ္ထေ၊ အောက်ဆိပ်၌။ ဂဟေတွာန၊ ယူကုန်၍။ မဟာနဒိံ၊ မြစ်ကြီးကို။ ဥတ္တရန္တိ ယထာ၊ ကူးကုန်သကဲ့သို့။

ဝေမေဝ မယံ သဗ္ဗေ၊ ယဒိ မုဉ္စာမိမံ ဇိနံ။
အနာဂတမှိ အဒ္ဓါနေ၊ ဟေဿာမ သမ္မုခါ ဣမံ။

ဝေမေဝ၊ ဤအတူသာလျှင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မယံ၊ ငါတို့သည်။ ဣမံ ဇိနံ၊ ဤဒီပင်္ကရာဘုရားကို။ ယဒိ မုဉ္စာမ၊ အကယ်၍ ချွတ်ယွင်းကုန်အံ့။ ဝေံ၊ ဤသို့ ချွတ်ယွင်းသည်။ သတိ၊ ရှိသော်။ အနာဂတမှိ၊ နောက်ကာလဖြစ်သော။ အဒ္ဓါနေ၊ အခွန့်၌။ ဣမံ-ဣမဿ၊ ဤရှင်ရသေ့၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ အကံသု၊ ပြုကြကုန်၏။

ဒီပင်္ကရော လောကဝိဒူ၊ အာဟုတီနံ ပဋိဂ္ဂဟော။
မမ ကမ္မံ ပကိတ္တေတွာ၊ ဒက္ခိဏံ ပါဒ မုဒ္ဓရိ။

လောကဝိဒူ၊ လောကသုံးပါးကို သိတော်မူပြီးထသော။ အာဟုတီနံ၊ ပေးလှူပူဇော်အပ်သော အလှူကို။ ပဋိဂ္ဂဟော၊ ခံတော်မူထိုက်ထသော။ ဒီပင်္ကရော၊ ဒီပင်္ကရာမြတ်စွာဘုရားသည်။ မမ၊ ငါ့အား။ ကမ္မံ၊ ဗျာဒိတ်အမှုကို။ ပကိတ္တေတွာ၊ ကြားပြီး၍။ ဒက္ခိဏံ၊ လက်ယာရစ်ဖြစ်သော။ ပါဒံ၊ ခြေတော်ကို။ ဥဒ္ဓရိ၊ ချီတော်မူပြီ။

ယေ တတ္ထာသုံ ဇိနပုတ္တာ၊ သဗ္ဗေ ပဒက္ခိဏာ မကံသု မံ။
ဒေဝါ မနုဿာ အသုရာ စ ယက္ခာ၊ အဘိဝါဒေတွာန ပက္ကမုံ။

တတ္ထ၊ ထိုဗျာဒိတ်စကားကြားရာ၌။ ယေ ဇိန ပုတ္တာ၊ အကြင်ဘုရားသားတော်ဖြစ်ကုန်သော လေးသိန်းသော ရဟန္တာတို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဇိန ပုတ္တာ၊ ထိုဘုရားသားတော်တို့သည်။ မံ၊ ငါ့ကို။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ ပူဇေတွာ၊ ပူဇော်ကုန်၍။ ပဒက္ခိဏံ၊ လက်ယာရစ်လှည့်သည်ကို။ အကံသု၊ ပြုကုန်၏။ ဒေဝါစ၊ နတ်တို့သည်လည်း

ကောင်း။ မနုဿာ စ၊ လူတို့သည်လည်းကောင်း။ အသုရာ စ၊ အသုရာနတ်တို့သည်လည်းကောင်း။ ယက္ခာ စ၊ ဘီလူးတို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဇလမေ၊ ဤသူတို့သည်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ပဒက္ခိဏံ၊ လက်ယာရစ် လှည့်သည်ကို။ ကတွာ၊ ပြု၍။ အဘိဝါဒေတွာန၊ ငါးပါးသော ပဉ္စပတိဋ္ဌိတတို့ဖြင့် ကောင်းစွာရှိခိုး၍။ ဝဏ္ဏေန္တာ၊ အထူးထူးသော ချီးမွမ်းခြင်းတို့ဖြင့် ချီးမွမ်းကုန်လျက်။ ပက္ကမုံ။ ဖဲကြလေကုန်၏။

ဒဿနံ မေ အတိက္ကန္တေ၊ သသံဃေ လောကနာယကေ။
သယနာ ဝုဋ္ဌဟိတွာန၊ ပလ္လင်္ကံ အာဘုဇိံ တဒါ။

သသံဃေ၊ သံဃာတော်နှင့်တကွသော။ လောကနာယကေ၊ ဝေနေယျသတ္တဝါတို့၏ ခရီးညွှန်ဖြစ်သော။ ဘဂဝတိ၊ ဒီပင်္ကရာမြတ်စွာဘုရားသည်။ မေ၊ ငါ၏။ ဒဿနံ၊ မြင်ကောင်းသော အရပ်ကို။ အတိက္ကန္တေ၊ လွန်ပြီးသော်။ တဒါ၊ ထိုသို့ မြင်ကောင်းသောအရပ်ကို လွန်ပြီးသောအခါ၌။ သယနာ၊ လျောင်းရာညွှန်ပျောင်းမှ။ ဝုဋ္ဌဟိတွာန၊ထလတ်၍။ ပုပ္ဖရာသိမှိုပန်းစုထက်၌။ ပလ္လင်္ကံ၊ ထက်ဝယ်ဖွဲ့ခွေနေခြင်းကို။ အာဘုဇိံ၊ ခွေနေပြီ။

သုခေန သုခိတော ဟောမိ၊ ပါမောဇ္ဇေန ပမောဒိတော။
ပီတိယာ အဘိသန္နော၊ ပလ္လင်္ကံ အာဘုဇိံ တဒါ။

အဟံ၊ ငါသည်။ တဒါ၊ ထိုသို့ထက်ဝယ်ဖွဲ့ခွေ နေသောအခါ၌။ သုခေန၊ မြတ်သော ချမ်းသာဖြင့်။ သုခိတော၊ မြတ်သောချမ်းသာသည်။ ဟောမိ၊ ဖြစ်၏။ ပါမောဇ္ဇေန၊ နုသောပီတိဖြင့်။ ပမောဒိတော၊ ဝမ်းမြောက်သည်။ ဟောမိ၊ ဖြစ်၏။ ပီတိယာ၊ အားကြီးသောပီတိဖြင့်။ အဘိသန္နော၊ နှံ့သော ကိုယ်စိတ်ရှိသည်။ ဟောမိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိံ၊ ခွေပြီ။

ပလ္လင်္ကေန နိသီဒိတွာ၊ ဧဝံ စိန္တေသဟံ တဒါ။
ဝသီဘူတော အဟံ ဈာနေ၊ အဘိညာသု ပါရမိဂတော။

တဒါ၊ ထိုသို့ ဒီပင်္ကရာ ဘုရားသခင်သည် ငါ မြင်ကောင်းသော အရပ်ကို လွန်သောအခါ၌။ အဟံ၊ ငါသည်။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခွေ နေခြင်းဖြင့်။ နိသီဒိတွာ၊ နေ၍။ ဧဝံ၊ ဤသို့။ စိန္တေသိံ၊ ကြံ၏။ ကိံ စိန္တေသိံ၊ အဘယ်သို့

ကြံသနည်းဟူမူကား။ အဟံ၊ ငါသည်။ ဈာနေ၊သမာပတ်ရှစ်ပါး ဈာန်တရား၌။ ဝသီဘူတော၊ လေ့လာခြင်းသို့ ရောက်၏။ အဘိညာသု၊ အဘိညာဥ်တရား ငါးပါးတို့၌။ ပါရမိဂတော၊ အဆုံးသို့ ရောက်၏။

ဒသသဟဿိယမှိ လောကမှိ၊ ဣသယော နတ္ထိ မေ သမာ။
အသမော ဣဒ္ဓိဓမ္မေသု၊ အလဘိံ ဤဒိသံ သုခံ။

ဒသသဟဿိယမှိ၊ တစ်သောင်း အတိုင်းအရှည် ရှိသော။ လောကမှိ၊ လောကဓာတ်၌။ မေ-မယှာ၊ ငါနှင့်။ သမာ၊ တူကုန်သော။ ဣသယော၊ ရသေ့တို့သည်။ နတ္ထိ-န သန္တိ၊ မရှိကုန်။ ဣဒ္ဓိဓမ္မေသု၊ ဣဒ္ဓိဝိဓ-စသော ငါးပါးသော တရားတို့၌။ မေ-မယှာ၊ ငါနှင့်။ အသမော၊ တူသောသူ မရှိ။ ဤဒိသံ၊ ဤသို့ သဘောရှိသော။ သုခံ၊ ချမ်းသာခြင်းကို။ အလဘိံ၊ ရပြီ။

ပလ္လင်္ကာဘုဇနေ မယှံ၊ ဒသသဟဿဝါသိနော။
မဟာနာဒံ ပဝတ္တေသုံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

မယှံ၊ ငါ၏။ ပလ္လင်္ကာဘုဇနေ၊ ထက်ဝယ်ဖွဲ့ခွေ နေသောအခါ၌။ ဒသသဟဿဝါသိနော၊ တစ်သောင်းသော လောကဓာတ်၌ နေကုန်သော။ မဟာဗြဟ္မာနော၊ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည်။ အယျ သုမေဓ တာပသ၊အရှင်သုမေဓာ ရသေ့။ တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်မလွဲ အမြဲကေန်အမှန်မုချ။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ မဟာနာဒံ၊ သည်းစွာသောအသံကို။ ပဝတ္တေသုံ၊ ဖြစ်စေကုန်၏။

ယာ ပုဗ္ဗေ ဗောဓိသတ္တာနံ၊ ပလ္လင်္ကဝရ မာဘုဇေ။
နိမိတ္တာနိ ပဒိဿန္တိ၊ တာနိ အဇ္ဇ ပဒိဿရေ။

ပုဗ္ဗေ၊ ရှေး၌။ ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့၏။ ပလ္လင်္က ဝရ မာဘုဇေ၊ မြတ်သော ထက်ဝယ်ဖွဲ့ခွေနေခြင်း၌။ ယာနိ၊ အကြင်သို့ သဘောရှိကုန်သော။ နိမိတ္တာနိ၊ နိမိတ်တို့သည်။ ပဒိဿန္တိ၊ ထင်ကုန်ပြီ။ တာနိ နိမိတ္တာနိ၊ ထိုနိမိတ်တို့သည်။ အဇ္ဇ၊ ယခု။ ပဒိဿရေ၊ ထင်ကုန်၏။

သီတံ ဗျပဂတံ ဟောတိ၊ ဥဏှဉ္စ ဥပသမ္မတိ။
တာနိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

သီတံ၊ အချမ်းသည်လည်း။ ဗျပဂတံ၊ အထူးကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥဏှဉ္စ၊ အပူသည်လည်း။ ဥပသမ္မတိ၊ ငြိမ်း၏။ တာနိ နိမိတ္တာနိ၊ ထိုနိမိတ်တို့သည်။ အဇ္ဇ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒသ သဟဿ ဝါသိနော၊ တစ်သောင်းသော စကြဝဠာ၌ နေကုန်သော။ မဟာဗြဟ္မာနော၊ ဗြဟ္မာကြီးတို့သည်။ မဟာနာဒံ၊ သည်းစွာသော အသံကို။ ပဝတ္တေသုံ၊ ဖြစ်စေကုန်ပြီ။

ဒသသဟဿိလောကဓာတု၊ နိဿဒ္ဒါ ဟောန္တိ နိရာကုလာ။
တာနိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ဒသ သဟဿိ လောကဓာတု၊ တစ်သောင်းသော စကြဝဠာတို့သည်။ နိဿဒ္ဒါ၊ အသံမရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိရာကုလာ၊ နှောင့်ယှက်ခြင်း ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ နိမိတ္တာနိ၊ ထိုနိမိတ်တို့သည်။ အဇ္ဇ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

မဟာဝါတာ န ဝါယန္တိ၊ န သန္ဒန္တိ သဝန္တိယော။
တာနိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

မဟာဝါတာ၊ ပြင်းစွာသော လေတို့သည်။ န ဝါယန္တိ၊ မလာကုန်။ သဝန္တိယော၊ အမှန်ထန်စွာ စီးသော မြစ်တို့သည်။ န သန္ဒန္တိ၊ မစီးကုန်။ တာနိ နိမိတ္တာနိ၊ထိုသို့ လေတို့၏ ပြင်းစွာ မလာခြင်း, မြစ်တို့၏ မစီးခြင်း တည်းဟူသောနိမိတ်တို့သည်။အဇ္ဇ၊ယခု။ ပဒိဿန္တိ၊ထင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ထလဇာ ဇလဇာ ပုပ္ဖါ၊ သဗ္ဗေ ပုပ္ဖန္တိ တာဝဒေ။
တေပဇ္ဇ ပုပ္ဖိတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ထလဇာ-ထလဇာတာနိ၊ ကြည်းကုန်းခင်၌ ဖြစ်ကုန်ထသော။ ဇလဇာ-ဇလဇာတာနိ၊ ရေ၌ ဖြစ်ကုန်ထသော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ပုပ္ဖါ-ပုပ္ဖါနိ၊ ပန်းတို့သည်။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသောအခါ၌။ ပုပ္ဖန္တိ၊ ပွင့်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပိ

တာနိပိ၊ ထိုပန်းတို့သည်လည်း။ အဇ္ဇ၊ ယခု။ ပုပ္ဖိတာ-ပုပ္ဖိတာနိ၊ ပွင့်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

လတာ ဝါ ယဒိဝါ ရုက္ခာ၊ ဖလဓာရာ¹ ဟောန္တိ တာဝဒေ။
တေပဇ္ဇ ဖလိတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

လတာဝါ၊ နွယ်တို့သည်လည်းကောင်း။ ယဒိ၊ ထိုမှို။ ရုက္ခာဝါ၊ သစ်ပင်တို့သည်လည်းကောင်း။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေနေသောအခါ၌။ ဖလဓာရာ၊ အသီးကို ဆောင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပိ၊ ထိုနွယ်သစ်ပင်တို့သည်လည်း။ အဇ္ဇ၊ ယခု။ ဖလိတာ၊ ကောင်းစွာ ဖြစ်ကုန်သော အသီးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဓုဝံ၊မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ရတနာ ဇောတန္တိ တာဝဒေ။
တေပဇ္ဇ ရတနာ ဇောတန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

အာကာသဋ္ဌာ၊ ကောင်းကင်၌ တည်ကုန်သော။ ရတနာနိစ၊ ရတနာတို့သည်လည်းကောင်း။ ဘူမဋ္ဌာ၊ မြေ၌ တည်ကုန်သော။ ရတနာနိစ၊ ရတနာတို့သည် လည်းကောင်း။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေနေတော်မူသောခဏ၌။ ဇောတန္တိ၊ ထွန်းတောက်ပကုန်၏။ တေပိ ရတနာနိ၊ ထိုရတနာတို့သည်လည်း။ အဇ္ဇ၊ ယခု။ ဇောတန္တိ၊ ထွန်းပကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

မာနုဿကာ စ ဒိဗ္ဗာ စ၊ တူရိယာ ဝဇ္ဇန္တိ တာဝဒေ။
တေပဇ္ဇုဘော အဘိရဝန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

မာနုဿကာ၊ လူတို့၏ ဥစ္စာဖြစ်ကုန်သော။ တူရိယာစ၊ ပဉ္စင်တူရိယာတို့သည်လည်းကောင်း။ ဒိဗ္ဗာ၊ နတ်တို့၏ ဥစ္စာဖြစ်ကုန်သော။ တူရိယာစ၊ တူရိယာတို့သည်လည်းကောင်း။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေသောအခါ၌။ ဝဇ္ဇန္တိ၊ မြည်ကုန်၏။ တေ ဥဘောပိ၊ ထိုနတ်

၁။ ဖလဘာရာ။ သီဟိုဠ်မူ ဗုဒ္ဓဝင် ပါဠိတော် ၃၉။

လှူဥစ္စာဖြစ်သော ပဥ္စင် တူရိယာ နှစ်ပါးတို့သည်လည်း။ အဇ္ဈ၊ ယခု။ အဘိရဝန္တိ – အဘိနဒန္တိ၊ ကောင်းစွာ တီးမှုတ်ကုန်သကဲ့သို့ မြည်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ဝိစိတြပုပ္ဖါ ဂဂနာ၊ အဘိဝဿန္တိ တာဝဒေ။
တေပိ အဇ္ဇ ပဝဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ဂဂနာ၊ကောင်းကင်မှ။ ဝိစိတြပုပ္ဖါ-နာနာ ဝဏ္ဏ ဂန္ဓ ပုပ္ဖါနိ၊ အထူးထူးသော အဆင်းအနံ့ရှိကုန်သော ပန်းတို့သည်။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသော အခါ၌။ အဘိဝဿန္တိ- အဘိဝဿိံသု-နိပတိံသု၊ ကျကုန်ပြီ။ တေပိ-တာနိ ဝိစိတြပုပ္ဖါနိ၊ ထိုအထူးထူးသောအဆင်း အနံ့ရှိကုန်သောပန်းတို့သည်။ အဇ္ဇ၊ ယခု။ ပဝဿန္တိ၊ ကျကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

မဟာသမုဒ္ဒေါ အာဘုဇတိ၊ ဒသသဟဿီ ပကမ္ပတိ။
တေပဇ္ဇုဘော အဘိရဝန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ အာဘုဇတိ၊ လည်၏။ ဒသ-သဟဿီ၊တစ်သောင်းသော လောကဓာတ်သည်။ ပကမ္ပတိ၊တုန်လှုပ်၏။ တေ ဥဘောပိ၊ ထိုသမုဒ္ဒရာ စကြဝဠာ နှစ်ပါးတို့သည်လည်း။ အဇ္ဇ၊ ယခု။ အဘိ-ရဝန္တိ၊ မြည်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

နိရယေ ဒသသဟဿီ၊ အဂ္ဂီ နိဗ္ဗန္တိ တာဝဒေ။
တေပဇ္ဇ နိဗ္ဗုတာ အဂ္ဂီ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ဒသသဟဿီ ဒသသဟဿေ၊ တစ်သောင်းသော စကြဝဠာ၌။ ဌိတေ၊ တည်သော။ နိရယေစ၊ ငရဲ၌လည်း။ အဂ္ဂီ၊မီးတို့သည်။ တာဝဒေ၊ထိုရှေးဘုရား လောင်းတို့ ထက်ပယ်ဖွဲ့ခွေ နေသောအခါ၌။ နိဗ္ဗန္တိ–သမ္မန္တိ၊ ငြိမ်းကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ။ ဖြစ်လတ္တံ့။

ဝိမလော ဟောတိ သူရိယော၊ သဗ္ဗာ ဒိဿန္တိ တာရကာ။
တေပိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

သူရိယော၊ နေမင်းသည်။ ဝိမလော၊ ညစ်ကြေးမတင် သန့်ရှင်း စင်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တာရကာ၊ ကြယ်တို့သည်။ ဒိဝါ၊ နေ့၌။ ဒိဿန္တိ၊ ထင်ကုန်၏။ တေပိ၊ ထိုနေ၏ အညစ်အကြေး မရှိခြင်း, ကြယ်နက္ခတ်တို့ နေ့အခါထင်ခြင်း နိမိတ်တို့သည်လည်း။ အဇ္ဇ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်ပြီ။ ခုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

အနောဝဋ္ဌေန ဥဒကံ၊ မဟိယာ ဥဗ္ဘိဇ္ဇိ တာဝဒေ။
တမ္ပဇ္ဇုဗ္ဘိဇ္ဇတေ မဟိယာ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

အနောဝုဋ္ဌေန၊ မိုးမရွာဘဲ။ မဟိယာ၊ မြေမှ။ ဥဒကံ၊ ရေသည်။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ် ဖွဲ့ခွေနေသော အခါ၌။ ဥဗ္ဘိဇ္ဇိ- ဥဋ္ဌေတိ၊ ပန်း၍ထွက်၏။ တမ္ပိ၊ ထိုရေသည်လည်း။ အဇ္ဇ၊ ယခု။ မဟိယာ၊ မြေမှ။ ဥဗ္ဘိဇ္ဇတေ၊ ထွက်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

တာရဂဏာ ဝိရောစန္တိ၊ နက္ခတ္တာ ဂဂနမဏ္ဍလေ။
ဝိသာခါ စန္ဒိမာယုတ္တာ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တာရဂဏာစ၊ နက္ခတ်မှ တပါးကုန်သော ဂြိုဟ်ကြယ်တာရာ အပေါင်းတို့သည်လည်းကောင်း။ နက္ခတ္တာ၊ နှစ်ဆယ့်ခုနစ်လုံးကုန်သော နက္ခတ်တို့သည်လည်းကောင်း။ ဂဂနမဏ္ဍလေ၊ကောင်းကင်ပြင်၌။ ဝိရောစန္တိ၊ ထွန်းပကုန်၏။ တစ်နည်းကား။ ဂဂနမဏ္ဍလေ၊ ကောင်းကင်ပြင်၌။ ဒိဝါ၊ နေ့အခါ၌။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ဝိသာခါ၊ ဝိသာခါနက္ခတ်သည်။ စန္ဒိမာယုတ္တာ၊ ပြည့်သော လဝန်းနှင့်ယှဉ်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ဗိလာသယာ ဒရီသယာ၊ နိက္ခမန္တိ သကာသယာ။
တေပဇ္ဇ အာသယာ ဆုဒ္ဓါ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ဗိလာသယာစ၊ တွင်းခေါင်း၌ အောင်းနေကုန်သော မြွေပွေး ဖား ဖွတ် အစရှိကုန်သော သတ္တဝါတို့သည် လည်းကောင်း။ ဒရီသယာစ၊ ချောက်၌ နေကုန်သော မြွေခွေး ဝံ သစ် အစရှိကုန်သော သတ္တဝါတို့သည်လည်းကောင်း။ သကာသယာ၊ မိမိတို့နေရာမှ။ နိက္ခမန္တိ၊ ထွက်ကုန်၏။ တေပိ၊

ထိုသတ္တဝါတို့သည်လည်း။ အာသာယာ၊ မိမိတို့နေရာမှ။ အဇ္ဇ၊ ယခု။ ဆုဒ္ဒါ၊ ထွက်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

န ဟောတိ အရတိ သတ္တာနံ၊ သန္တုဋ္ဌာ ဟောန္တိ တာဝဒေ။
တေပဇ္ဇ သဗ္ဗေ သန္တုဋ္ဌာ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ပုဗ္ဗေ၊ ရှေး၌။ ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့၏။ ပလ္လင်္ကာဘုဇနေ၊ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသော။ တာဝဒေ၊ ထိုအခါ၌။ သတ္တာနံ၊ သတ္တဝါတို့၏။ အရတိ၊ မမွေ့လျော်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ သန္တုဋ္ဌာ၊ နှစ်လိုဝမ်းသာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပိ သတ္တာ၊ ထိုသတ္တဝါတို့သည်လည်း။ အဇ္ဇ၊ ယခု။ သန္တုဋ္ဌာ၊ နှစ်လိုဝမ်းသာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ရောဂါ တဒုပသမ္မန္တိ၊ ဇိဃစ္ဆာပိ ဝိနဿတိ။
တာနိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တဒါ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေနေသောအခါ၌။ ရောဂါ၊ အနာတို့သည်။ ဥပသမ္မန္တိ၊ ငြိမ်းကုန်၏။ ဇိဃစ္ဆာပိ၊ မွတ်သိပ် ဆာလောင်ခြင်းသည်လည်း။ ဝိနဿတိ၊ ပျောက်ကင်း၏။ တာနိပိ၊ ထိုအနာငြိမ်းခြင်း, မွတ်သိပ်ဆာလောင်ခြင်းတို့၏ ကင်းပျောက်ခြင်းတို့သည်လည်း။ အဇ္ဇ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ရာဂေါ တဒါ တနု ဟောတိ၊ ဒေါသော မောဟော ဝိနဿတိ။
တေပဇ္ဇ ဝိဂတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တဒါ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေသော အခါ၌။ ရာဂေါ၊ ကာမရာဂသည်။ တနု၊ ခေါင်းပါးသည်။ ဟောတိ၊ ဖြစ်၏။ ဒေါသော စ၊ ဒေါသသည်လည်းကောင်း။ မောဟော စ၊ မောဟသည် လည်းကောင်း။ ဝိနဿတိ၊ ပျောက်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပိ၊ ထိုရာဂ ဒေါသ မောဟတို့သည်လည်း။ အဇ္ဇ၊ ယခု။ ဝိဂတာ၊ ကင်းကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ဘယံ တဒါ န ဘဝတိ၊ အဇ္ဇပေတံ ပဒိဿတိ။
တေန လိင်္ဂေန ဇာနာမ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တဒါ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေသော အခါ၌။ ဘယံ၊ ကြောက်မက်ဖွယ်သော ဘေးဘျမ်းသည်။ န ဘဝတိ၊ မဖြစ်။ အဇ္ဇပိ၊ ယခုလည်း။ တဝ၊ ရှင်ရသေ့၏။ ပလ္လင်္ကာဘုဇနေ၊ ထက်ဝယ်ဖွဲ့ခွေ နေခြင်း၌။ တံ ဘယံ၊ ထိုသို့သော ဘေးဘျမ်း မဖြစ်ခြင်းသည်။ ပဒိဿတိ၊ ထင်၏။ တေန လိင်္ဂေန၊ ထိုသို့သော အကြောင်းအားဖြင့်။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ မယံ၊ ငါတို့သည်။ ဇာနာမ၊ သိကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ရဇော နုဒ္ဓံသတိ ဥဒ္ဓံ၊ အဇ္ဇပေတံ ပဒိဿတိ။
တေန လိင်္ဂေန ဇာနာမ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တဒါ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေနေသောအခါ၌။ ရဇော၊ မြူသည်။ ဥဒ္ဓံ၊ အထက်သို့။ နုဒ္ဓံသတိ၊ မတက်။ တံပိ၊ ထိုသို့မြူမတက်ခြင်း သည်လည်း။ အဇ္ဇ၊ ယခု။ ပဒိဿတိ၊ ထင်၏။ တေန လိင်္ဂေန၊ ထိုအကြောင်းဖြင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ မယံ ငါတို့သည်။ ဇာနာမ၊ သိကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

အနိဋ္ဌဂန္ဓော ပက္ကမတိ၊ ဒိဗ္ဗဂန္ဓော ပဝါယတိ။
သောပဇ္ဇ ဝါယတိ ဂန္ဓော၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တဒါ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေသော အခါ၌။ အနိဋ္ဌဂန္ဓော၊ မကောင်းသောအနံ့သည်။ ပက္ကမတိ၊ ရှောင်ဖယ်၏။ ဒိဗ္ဗဂန္ဓော၊ နတ်တို့၏ အနံ့သည်။ ပဝါယတိ၊ လှိုင်၏။ သောပိ ဂန္ဓော၊ ထိုနတ်တို့၏ အနံ့သည်လည်း။ အဇ္ဇ၊ ယခု။ ဝါယတိ၊ လှိုင်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

သဗ္ဗေ ဒေဝါ ပဒိဿန္တိ၊ ထပယိတွာ အရူပိနော။
တေပဇ္ဇ သဗ္ဗေ ဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

အရူပိနော၊ အရူပဗြဟ္မာတို့ကို။ ထပယိတွာ၊ ထား၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်

ဖွဲ့နေသောအခါ၌။ ပဒိဿန္တိ၊ ထင်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပိ ပြဟ္မာနော၊ ထိုပြဟ္မာတို့သည်။ အဇ္ဇ၊ ယခု။ ဒိဿန္တိ၊ ထင်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ယာဝတာ နိရယာ နာမ၊ သဗ္ဗေ ဒိဿန္တိ တာဝဒေ။
တေပဇ္ဇ သဗ္ဗေ ဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

ဒသသဟဿလောကမှ၊ တစ်သောင်းသောလောကဓာတ်၌။ ယာဝတာ-ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ နိရယာ နာမ၊ ငရဲတို့ မည်သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ နိရယာ၊ ထိုငရဲတို့သည်။ တာဝဒေ၊ ထိုရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ နေသော အခါ၌။ ဒိဿန္တိ၊ ထင်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်လော။ တေပိ နိရယာ၊ ထိုငရဲတို့သည်လည်း။ အဇ္ဇ၊ ယခု။ ဒိဿန္တိ၊ ထင်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်၊ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ကုဋ္ဋာ ကဝါဋာ သေလာ စ၊ န ဟောန္တာဝရဏာ တဒါ။
အာကာသဘူတာ တေပဇ္ဇ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တဒါ၊ ထိုရှေးဘုရားလောင်းတို့ထက်ဝယ်ဖွဲ့ခွေနေသောအခါ၌။ ကုဋ္ဋာ စ၊ တံတိုင်း နံရံတို့သည်လည်းကောင်း။ ကဝါဋာ စ၊ တံခါးရွက်တို့သည်လည်းကောင်း။ သေလာ စ၊ ကျောက်တို့သည်လည်းကောင်း။ အာဝရဏာ၊ ပိတ်ပင်ဆီးတားကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ တေပိ၊ ထိုတံတိုင်းနံရံ တံခါးရွက်တို့သည်လည်း။ အဇ္ဇ၊ ယခု။ အာကာသဘူတာ၊ ဟင်းလင်းဖြစ်၍ ဖြစ်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

စုတီ စ ဥပပတ္တိ စ၊ ခဏေ တသ္မိံ န ဝိဇ္ဇတိ။
တာနိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

တသ္မိံ ခဏေ၊ ထိုမြတ်သော ထက်ဝယ်ဖွဲ့ခွေ နေသောအခါ၌။ စုတိ စ၊ စုတေ့ခြင်းသည်လည်းကောင်း။ ဥပပတ္တိ စ၊ ပဋိသန္ဓေ ယူခြင်းသည် လည်းကောင်း။ န ဝိဇ္ဇတိ၊ မရှိ။ တာနိ နိမိတ္တာနိ၊ ထိုစုတိပဋိသန္ဓေ မရှိခြင်း တည်းဟူသော နတ်တို့ နိမိတ်တို့သည်။ အဇ္ဇ၊ ယခု။ ပဒိဿန္တိ၊ ထင်ကုန်၏။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ဒင္ဍံ ပဂ္ဂဏှ ဝီရိယံ၊ မာ နိဝတ္တ အဘိက္ကမ။
မယမ္ပေတံ ဝိဇာနာမ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ။

အယျ သုမေဓ တာပသ၊ အရှင်သုမေဓာရသေ့။ တွံ၊ သင်ရှင်ရသေ့သည်။ ဒဠှံ၊ မြဲစွာ။ ဝီရိယံလုံ့လကို။ ပဂ္ဂဏှ၊ အားထုတ်လော့။ မာ နိဝတ္တ-မာ ပဋိက္ကမ၊ မဆုတ်လင့်။ အဘိက္ကမ-ပရက္ကမ၊ ပြင်းစွာ အားထုတ်လော့။ မယမ္ပိ၊ ငါတို့သည်လည်း။ တဝ၊ ရှင်ရသေ့၏။ ဧတံ ဗုဒ္ဓနဘာဝံ၊ ထိုသို့ ကေန်စင်စစ်ဘုရားဖြစ်လတ္တံ့သည်အဖြစ်ကို။ ဝိဇာနာမ၊ သိပါကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင် သုမေဓာ ရှင်ရသေ့သည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

ဤသို့လျှင် တစ်သောင်းသော လောကဓာတ်၌ နေကုန်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် ဤ ဆိုအပ်ခဲ့ ပြီးသော ဂါထာတို့ကို ရွတ်ဆိုလျက် ကောင်းချီးပေးသော အသံကို ဖြစ်စေကုန်၏။

သုမေဓာရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်စကား၌ မချွတ်မလွဲ အမြဲမှန်သည်ကို ဆင်ခြင်ခြင်း

ထိုနောက်မှ သုမေဓာ ရသေ့သည်လည်း ဤသို့ ဗျာဒိတ် ထားတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားနှင့် တစ်သောင်းသောစကြဝဠာမှ လာရောက်ကုန်သော နတ်ဗြဟ္မာအပေါင်းတို့ ကောင်းချီးပေးသောစကားသံကို ကြား၍ အတိုင်းထက်အလွန် ထူးချွန်သော အားထုတ်ခြင်းရှိသည် ဖြစ်၍ "ဘုရားတို့မည်သည်ကား အချည်းနှီးသော စကားကို မဆိုကုန်။ ဘုရားမြတ်တို့၏ စကားတော်သည်လည်း တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သည်မရှိ။ တည်တံ့မှန်ကန်၏။ ကောင်းကင်၌ ပစ်အပ်သောကျောက်ခဲသည် အောက်သို့ကျခြင်းငှာ မြဲသကဲ့သို့လည်းကောင်း, ဖြစ်ခြင်းပဋိသန္ဓေနေခြင်းရှိသော သူသည်လည်း သေခြင်းသည် မြဲသကဲ့သို့လည်းကောင်း, အရုဏ်တက်လတ်သော် နေမင်း၏ ထွက်ခြင်းမြဲသကဲ့သို့လည်းကောင်း, နေရာမှထွက်သော ခြင်္သေ့မင်း၏ ဟောက်ခြင်း မြဲသကဲ့သို့လည်းကောင်း, လေးသော ကိုယ်ဝန်ရှိသော မိန်းမသည် ကိုယ်ဝန်ချခြင်းမှ အမြဲလျှင် မလွဲသကဲ့သို့လည်းကောင်း ထို့အတူ မြတ်စွာဘုရားတို့ စကားတော်မည်သည်ကား မြဲ၏။ အချည်းနှီး

မဟုတ်။ မချွတ်မလွဲ အမြဲကေန် အမှန်မုချ ဗုဒ္ဓဘာ၀တည်းဟူသော ဘုရားအဖြစ် စင်စစ်ဖြစ်ရ‌ေပတော့အံ့”ဟု ကြံ၏။ ထို့ကြောင့်—

ဗုဒ္ဓါ ၀စနံ သုတွာ၊ ဒသသဟဿီန စူဘယံ။
တုဋ္ဌဟဋ္ဌော ပမောဒိတော၊ ဧဝံ စိန္တေသဟံ တဒါ—

ဟူ၍ ဟောတော်မူ၏။

အဟံ၊ ငါသုမေဓာသည်။ တဒါ၊ ထိုအခါ၌။ ဗုဒ္ဓဿ စ၊ ဒီပင်္ကရာမြတ်စွာဘုရား၏လည်းကောင်း။ ဒသသဟဿီနဉ္စ၊ တစ်သောင်းသော စကြဝဠာ၌ နေကုန်သောသုဒ္ဓါဝါသဗြဟ္မာတို့၏လည်းကောင်း။ ဥဘယံ ဥဘယေသံ၊နှစ်ပါးစုံသောသူတို့၏။ ၀စနံ၊ စကားကို။ သုတွာ၊ ကြား၍။ တနည်းကား၊ ဥဘယံ ၀စနံ၊ နှစ်ခုသောစကားကို။ သုတွာ၊ ကြား၍။ တုဋ္ဌဟဋ္ဌော၊ အလွန်နှစ်သက်သည်ဖြစ်၍။ ပမောဒိတော၊ အလွန်ဝမ်းမြောက်သည် ဖြစ်၍။ ဧဝံ၊ ဤသို့။ စိန္တေသိံ၊ ကြံပြီ။ ကိံ စိန္တေသိံ၊ အဘယ်သို့ ကြံသနည်းဟူမူကား—

အဒ္ဓေဇ္ဈဝစနာ ဗုဒ္ဓါ၊ အမောဃဝစနာ ဇိနာ။
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

ဇိနာ၊ မာရ်ငါးပါးကို အောင်တော်မူကုန်ပြီးသော။ ဗုဒ္ဓါ၊ ဘုရားသခင်တို့သည်။ အဒ္ဓေဇ္ဈဝစနာ၊ နှစ်ခွန်းသောစကားကိုဆိုတော်မမူကုန်။ အမောဃဝစနာ၊ အချည်းအနှီးသော စကားကို ဆိုတော်မမူကုန်။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့၏။ ဝစနံ၊ စကားတော်သည်။ ဝိတထံ၊ ချွတ်ယွင်းသောမည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ စိန္တေသိံ၊ ကြံပြီ။

ယထာ ခိတ္တံ နဘေ လေဍ္ဍု၊ ဓုဝံ ပတတိ ဘူမိယံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ၀စနံ ဓုဝသဿတံ။
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

နဘေ၊ ကောင်းကင်၌။ခိတ္တံ၊ ပစ်အပ်သော။ လေဍ္ဍု၊ ခဲသည်။ ဓုဝံ၊ မချွတ်။ ဘူမိယံ၊ မြေ၌။ ပတတိ ယထာ၊ ကျသကဲ့သို့။ တနည်းကား၊ လေဍ္ဍု၊ ခဲသည်။ ဘူမိယံ၊ မြေ၌။ ယမ္ပိ ပတနံ၊ အကြင်ကျခြင်းသည်။ ဓုဝသဿတံ ယထာ၊

မချွတ်လျှင်မှန်၏သို့။ တထေဝ၊ ထို့အတူရင်းလျှင်။ ဗုဒ္ဓသေဋ္ဌာနံ၊ ဘုရားမြတ်တို့၏။ ဝစနံ၊ စကားတော်သည်။ ဓုဝသဿတံ၊ မြဲ၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဝစနံ၊ စကားတော်သည်။ ဝိတထံ၊ ချွတ်ယွင်းသောမည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်လတ္တံ့။

ယထာပိ သဗ္ဗသတ္တာနံ၊ မရဏံ ဓုဝသဿတံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံ ဓုဝသဿတံ။
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့၏။ မရဏံ၊ သေခြင်းသည်။ ဓုဝသဿတံ ယထာ၊ မချွတ်လျှင် မြဲသကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ ဗုဒ္ဓသေဋ္ဌာနံ၊ ဘုရားမြတ်တို့၏။ ဝစနံ၊ စကားတော်သည်။ ဓုဝသဿတံ၊ မြဲ၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဝစနံ၊ စကားတော်သည်။ ဝိတထံ၊ ချွတ်ယွင်းသောမည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်လတ္တံ့။

ယထာ ရတ္တိက္ခယေ ပတ္တေ၊ သူရိယုဂ္ဂမနံ ဓုဝံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံ ဓုဝသဿတံ။
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

ရတ္တိက္ခယေ၊ ညဉ့်၏ကုန်ခြင်းသို့။ ပတ္တေ၊ ရောက်လတ်သော်။ သူရိယုဂ္ဂမနံ၊ နေအရုဏ်တက်ခြင်းသည်။ ဓုဝံ ယထာ၊ မြဲသကဲ့သို့။ တထေဝ၊ ထို့အတူရင်းလျှင်။ ဗုဒ္ဓသေဋ္ဌာနံ၊ ဘုရားမြတ်တို့၏။ ဝစနံ၊ စကားတော်သည်၊ ဓုဝသဿတံ၊ မြဲ၏။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့၏။ ဝစနံ၊ စကားတော်သည်။ ဝိတထံ၊ ချွတ်ယွင်းသောမည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်လတ္တံ့။

ယထာ နိက္ခန္တသယနဿ၊ သီဟဿ နဒနံ ဓုဝံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံ ဓုဝသဿတံ။
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

နိက္ခန္တသယနသာ၊ အိပ်ရာဌ္ဌေဂူမှ ထွက်သော။ သိဟသာ၊ ကေသရရာဇာ ခြင်္သေ့မင်း၏။ နဒနံ၊ မြည်ခြင်းသည်၊ ဟောက်ခြင်းသည်။ ဧဝံ ယထာ၊ အမြဲ မှန်သကဲ့သို့။ တထေဝ၊ ထို့အတူရင်းလျှင်။ ဗုဒ္ဓသေဋ္ဌာနံ၊ ဘုရားမြတ်တို့၏။ ဝစနံ၊ စကားတော်သည်။ ဝိတထံ၊ ချွတ်ယွင်းသောမည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဧဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်ရအံ့။

ယထာ အာပန္နသတ္တာနံ၊ ဘာရမောရောပနံ ဓုဝံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံ ဓုဝသဿတံ။
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ။

အာပန္နသတ္တာနံ၊ ကိုယ်ဝန်ဆောင်ခြင်းသို့ ရောက်ကုန်သော မိန်းမတို့၏။ ဘာရမောရောပနံ၊ ကိုယ်ဝန်ကို ချခြင်းသည်။ ဓုဝံ ယထာ၊ မြဲသကဲ့သို့။ တထေဝ၊ ထို့အတူ ရင်းလျှင်။ ဗုဒ္ဓသေဋ္ဌာနံ၊ ဘုရားမြတ်တို့၏။ ဝစနံ၊ စကားတော်သည်။ ဓုဝသဿတံ၊ မြဲ၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဝစနံ၊ စကားတော်သည်။ ဝိတထံ၊ ချွတ်ယွင်းသော မည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဓုဝံ၊ မချွတ်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်လတ္တံ့။

သုမေဓာရသေ့သည် ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကို ဆင်ခြင်ရာ ဒါနပါရမီကို မြင်တော်မူခြင်း

ဘုရား ဖြစ်ရတော့အံ့ဟု မိမိကိုယ်ကို ဆုံးဖြတ်ခြင်း ပြုပြီးသော ဘုရားလောင်း သုမေဓာရှင်ရသေ့သည် ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကို စူးစမ်းဆင်ခြင်ခြင်းငှာ "ဘုရားအဖြစ်ကို ပြုတတ်သောတရား တို့ကား အဘယ်မျှရှိသနည်း"ဟု အထက်အောက်၌ လည်းကောင်း, အရပ် လေးမျက်နှာတို့၌ လည်းကောင်း, အထောင့်အရပ်တို့၌ လည်းကောင်း အစဉ်သဖြင့် အလုံးစုံသော ဓမ္မဓာတ်ကို စူးစမ်းဆင်ခြင်သည်ရှိသော် ရှေး၌ ဖြစ်ကုန်သော ဘုရားလောင်းတို့သည် အမြဲမပြတ် မှီဝဲအပ် အဖန်တလဲလဲ မှီဝဲအပ်သော ရှေးဦးစွာ ဒါနပါရမီကို မြင်တော်မူ၍ ဤသို့ မိမိကိုယ်ကို ဆုံးမ၏ "သုမေဓာရသေ့....သင်ကား ဤနေ့မှ စ၍ ရှေးဦးစွာ ဒါနပါရမီကို ဖြည့်လော့၊ မှောက်၍ ထားအပ်သော ရေအိုးသည် အကြွင်းမရှိ တစ်စက် မကျန် အကုန် အန်သကဲ့သို့ ထို့အတူ ဥစ္စာစီးပွား သားမယား အခြံအရံ

တို့ကိုလည်းကောင်း, အင်္ဂါ ကြီးငယ် အသွယ်သွယ်ကို လည်းကောင်း မကြည့်မရှုမူ၍ အလုံးစုံသော အလှူခံ ယာစကာ သူတောင်းစားတို့အား အလိုရှိတိုင်း အကြွင်းမရှိသည်ကို ပြု၍ ပေးလှူသည် ရှိသော် ဗောဓိပင်ရင်း၌ နေလျက် ဘုရားဖြစ်လတ္တံ့”ဟု ရှေးဦးစွာ ဒါနပါရမီကို မြဲမြံစွာ ပြု၍ ဆောက်တည်တော်မူ၏။ ထို့ကြောင့်—

ဟန္ဒ ဗုဒ္ဓကရေ ဓမ္မေ၊ ဝိစိနာမိ ဣတော စိတော။
ဥဒ္ဓံ အဓော ဒသ ဒိသာ၊ ယာဝတာ ဓမ္မဓာတုယာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။

ဣမံ တွံ ပဌမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
ဒါနပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

ယထာပိ ကုမ္ဘော သမ္ပုဏ္ဏော၊ ယဿ ကဿစိ အဓောကတော။
ဝမတေဝုဒကံ နိဿေသံ၊ န တတ္ထ ပရိရက္ခတိ။

တထေဝ ယာစကေ ဒိသွာ၊ ဟီနမုက္ကဋ္ဌမဇ္ဈိမေ။
ဒဒါဟိ ဒါနံ နိဿေသံ၊ ကုမ္ဘော ဝိယ အဓောကတော—

ဟူ၍ ဟောတော်မူ၏။

ဟန္ဒ-ဣဒါနိ၊ ယခုအခါ၌။ တနည်းကား၊ ဟန္ဒ-ဧကန္တေန၊ စင်စစ်သဖြင့်။ အဟံ၊ ငါသည်။ ဗုဒ္ဓကရေ၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ ပါရမီ ဆယ်ပါး တရားတို့ကို။ ဣတော စိတော၊ ထိုထိုသို့သော အရပ်၌။ ဝိစိနာမိ-ဝိစိနိဿာမိ၊ စူးစမ်းဆင်ခြင်ပေအံ့။ ဥဒ္ဓံ၊ အထက်နတ်ပြည်၌လည်းကောင်း။ အဓော စ၊ လူ့ပြည်၌လည်းကောင်း။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ ဒသ ဒိသာ၊ ဆယ်ပါးသော အရပ်မျက်နှာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာဝတာ၊ ထိုမျှလောက်ကုန်သော။ ဒသသု ဒိသာသု၊ ဆယ်ပါးသော အရပ်မျက်နှာတို့၌။ သန္တိယာ၊ ထင်ရှားရှိသော။ ဓမ္မဓာတုယာ၊ တရားသဘော၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဝိစိနာမိ-ဝိစိနိဿာမိ၊ စူးစမ်း ဆင်ခြင်ပေအံ့။

ဝိစိနန္တော၊ စူးစမ်းဆင်ခြင်သည်ရှိသော်။ တဒါ၊ ထိုစူးစမ်းဆင်ခြင်သော အခါ၌။ ပုဗ္ဗကေဟိ၊ ရှေး၌ ဖြစ်ကုန်သော။ မဟေသီဟိ၊ မြတ်စွာဘုရား တို့သည်။ အနုစိဏ္ဏံ၊ အဖန်တလဲလဲ လေ့ကျက်အပ်ထသော။ [အဖန်တလဲလဲ မှီဝဲအပ်ထသောလည်းဟူ]။ မဟာပထံ၊ ခရီးမသဖွယ်လည်း ဖြစ်ထသော။ ပဌမံ၊ ရှေးဦးစွာသော။ ဒါနပါရမိံ၊ ဒါနပါရမီကို။ အဒက္ခိံ၊ မြင်ပြီ။

သုမေဓပဏ္ဍိတ၊ သုမေဓာပညာရှိ။ တွံ၊ သင်သည်။ ဗောဓိံ၊ သဗ္ဗညုတ ဉာဏ်သို့။ ပတ္တုံ၊ ရောက်ခြင်းငှာ။ ယဒိ ဣစ္ဆသိ၊ အကယ်၍ အလိုရှိသည် ဖြစ်အံ့။ ဣတိ၊ ဤသို့အလိုရှိသည်။ သတိ၊ ရှိသော်။ ပဌမံ၊ ရှေးဦးစွာဖြစ်သော။ ဣမံ၊ ဤဒါနပါရမီကို။ တာဝ-အတိဝိယ၊ အလွန်လျှင်။ ဒဠှံ၊ မြဲမြံသည်ကို။ ကတွာ၊ ပြု၍။ မနသာ၊ စိတ်ဖြင့်။ သမာဒိယ၊ ကောင်းစွာဆောက်တည်လော့။ ဒါနပါရမိတံ၊ ဒါနပါရမီအဖြစ်ကို။ ဂစ္ဆ-ပူရယ၊ ဖြည့်လေလော့။

ယထာ ကသ်ာစိ-ယေန ကေနစိ၊ အမှတ်မရှိသော ရေဖြင့်။ သမ္ပုဏ္ဏော၊ ပြည့်စုံသော။ အဓောကတော၊ အောက်သို့ မျက်နှာပြု၍ထားသော။ ကုမ္ဘော၊ အိုးသည်။ နိဿေသံ၊ အကြွင်းမရှိ။ ဥဒကံ၊ ရေကို။ ဝမတေဝ၊ အန်သည်သာ လျှင်တည်း။ တတ္ထ-တသ္မိံ ဝမနေ၊ ထိုရေအန်ထွက်ရာ၌။ န ပရိရက္ခတိ ယထာ၊ မစောင့်နိုင်သကဲ့သို့။

တထေဝ၊ ထို့အတူရင်းလျှင်။ တွမ္ပိ၊ သင်သည်လည်း။ ဟီနမုက္ကဋ္ဌမဇ္ဈိမေ၊ အယုတ် အလတ် အမြတ် ဖြစ်ကုန်သော။ ယာစကေ၊ ယာစကာတို့ကို။ ဒိသွာ၊ မြင်၍။ အဓောကတော၊ အောက်သို့ မျက်နှာပြု၍ ထားအပ်သော။ ကုမ္ဘော ဝိယ၊ အိုးကဲ့သို့။ နိဿေသံ၊ အကြွင်းမရှိ။ ဒါနံ၊ ဒါနဝတ္ထုကို။ ဒဒါဟိ၊ စွန့်လေလော့။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိံ၊ ဆုံးမ၏။

သီလပါရမီကို မြင်တော်မူခြင်း

ထိုအခါ သုမေဓာအား ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရား တို့သည် ဤမျှ အတိုင်းအရှည်သာလျှင် ရှိသည် မဖြစ်တန်ရာ။ ထို့ထက် အလွန် စူးစမ်းဆင်ခြင်သည် ရှိသော် နှစ်ခုမြောက်သော သီလပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံသည် ဖြစ်၏ "သုမေဓာပညာရှိ....သင်ကား

ဤနေ့မှစ၍ နှစ်ခုမြောက်သော သီလပါရမီကို ဖြည့်လေ၏။ စမရီ မည်သော အမြီးလေးချောင်းရှိ သားကောင်သည် အသက်ကို မကြည့်မူ၍ မိမိအမြီးကို သာလျှင် စောင့်ရှောက်သကဲ့သို့ ထို့အတူ သင်သည် ဤနေ့မှ စ၍ အသက် ကိုသော်လည်း မကြည့်မူ၍ သီလကိုသာလျှင် စောင့်ရှောက်သည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့”ဟု နှစ်ခုမြောက်သော သီလပါရမီကို မြဲမြံစွာ ပြု၍ ဆောက်တည်တော်မူ၏။ ထို့ကြောင့်—

န ဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ ဒုတိယံ သီလပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

ဣမံ တွံ ဒုတိယံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
သီလပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

ယထာပိ စမရီ ဝါလံ၊ ကိသ္မိဉ္စိ ပဋိလဂ္ဂိတံ။
ဥပေတိ မရဏံ တတ္ထ၊ န ဝိကောပေတိ ဝါလဓိံ။

တထေဝ တွံ စတူသု ဘူမီသု၊ သီလာနိ ပရိပူရယ။
ပရိရက္ခ သဗ္ဗဒါ သီလံ၊ စမရီ ဝိယ ဝါလဓိံ–

ဟူ၍ ဟောတော်မူသည်။

ဧတ္တကာ၊ ဤမျှလောက်ကုန်သော။ ဧဝေယေဝ ဓမ္မာ၊ ထိုဒါနပါရမီ တရားတို့သည်သာလျှင်။ ဗုဒ္ဓဓမ္မာ၊ ဘုရားဖြစ်ခြင်း၏ အကြောင်းတို့သည်။ န ဘဝိဿရေ၊ မဖြစ်ကုန်။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗောဓိ- ပါစနာ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်သော။ ယေ ဓမ္မာ၊ အကြင်သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ ဓမ္မေ၊ ထိုသဘော တရားတို့ကိုလည်း။ အဟံ၊ ငါသည်။ ဝိစိနိဿာမိ၊ စူးစမ်း ဆင်ခြင်အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံပြီ။

ဝိစိနန္တော၊ စူးစမ်းဆင်ခြင်သည်ရှိသော်။ တဒါ၊ ထိုအခါ၌။ ပုဗ္ဗကေဟိ၊ ရှေး၌ ဖြစ်ကုန်သော။ မဟေသီဟိ၊ ဘုရားသခင်တို့သည်။ အာသေဝိတ-

နိသေဝိတံ၊ အဖန်တလဲလဲမှီဝဲအပ် မပြတ်မှီဝဲအပ်သော။ ဒုတိယံ၊ နှစ်ခုမြောက်သော။ သီလပါရမိံ၊ သီလပါရမီကို။ အဒက္ခိံ၊ မြင်ပြီ။

သုမေဓ ပဏ္ဍိတ၊ သုမေဓာပညာရှိ။ တွံ၊ သည်သည်။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့။ ပတ္တုံ၊ ရောက်ခြင်းငှာ။ ယဒိ ဣစ္ဆသိ၊ အကယ်၍အလိုရှိသည်ဖြစ်အံ့။ စေ၊ ဤသို့အလိုရှိသည်။ သတိ၊ ရှိသော်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ဣမံ သီလပါရမိံ၊ ဤသီလပါရမီကို။ တာဝ-အတိဝိယ၊ အလွန်လျှင်။ ဒဠှံ၊ မြဲမြံသည်ကို။ ကတွာ၊ ပြု၍။ မနသာ၊ စိတ်ဖြင့်။ သမာဒိယ၊ ကောင်းစွာဆောက်တည်လော့။ သီလပါရမိတံ၊ သီလပါရမီကို။ ဂစ္ဆ-ပူရေဟိ၊ ဖြည့်လေလော့။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိံ၊ ဆုံးမပြီ။

စမရီ၊ စမရီအမည်ရှိသော သားသည်။ ကိသ္မိဉ္စိ၊ တစုံတခုသော သစ်ပင် နွယ် စသည်၌။ ဝါ၊ တခုခု၌။ ပဠိလဂ္ဂိတံ၊ ငြိသော။ ဝါလံ၊ အမြီးကို။ ရက္ခတိ၊ စောင့်၏။ ယတ္ထ၊ အကြင်အရပ်၌။ လဂ္ဂိတံ၊ ငြိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုငြိရာအရပ်၌။ ဌတွာ၊ ရပ်၍။ မရဏံ၊ သေခြင်းသို့။ ဥပေတိ၊ ရောက်၏။ ဝါလမိံ၊ အမြီးကို။ န ဝိကောပေတိ ယထာ၊ မပျက်စေသကဲ့သို့။

တထေဝ၊ ထို့အတူငှင်းလျှင်။ တွံ၊သင်သည်။ စတူသု၊လေးပါးကုန်သော။ ဘူမိသု၊ အရပ်တို့၌။ သီလာနိ၊ နှဝေအပ်သော ပါတိမောက္ခစသော သီလတို့ကို။ ပရိပူရယ၊ ပြည့်စုံစေလော့။ စမရီ၊စမရီသားသည်။ ဝါလမိံ၊အမြီးကို။ ရက္ခတိ ဝိယ၊ စောင့်သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သီလံ၊ သီလကို။ ပရိရက္ခ၊ စောင့်လေလော့။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိံ၊ ဆုံးမပြီ။

နေကန္တမ္မပါရမီကို မြင်တော်မူခြင်း

ထိုအခါ သုမေဓာ ပညာရှိအား ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤမျှ အတိုင်းအရှည်သာရှိသည် မဖြစ်ရာ။ ထို့ထက်အလွန် စူးစမ်းဆင်ခြင်သော သုမေဓာအား သုံးခုမြောက်သော နေကန္တမ္မပါရမီကို မြင်တော်မူ၍ ဤသို့ အကြံဖြစ်သတတ် "သုမေဓာ....သင်ကား ဤနေ့မှစ၍ နေကန္တမ္မပါရမီကို ဖြည့်လေလော့။ ရှည်မြင့်စွာသော ကာလပတ်လုံး နှောင်အိမ်

ထောင်တန်း၌ နေရသောယောကျ်ားသည် ထိုနှောင်အိမ်၌ ချစ်ခြင်းကို မပြု စင်စစ်ငြီးငွေ့ မနေလိုဖြစ်သကဲ့သို့ ထို့အတူ သင်သုမေဓာရသေ့သည်လည်း အလုံးစုံသော ဘဝတည်းဟူသော နှောင်အိမ်သံချိုင့်တွင်းမှ လွတ်ကင်းလို သည်ဖြစ်၍ တောထွက်ခြင်းသို့ ရှေးရှုပြုမူလေလော့။ ဤသို့ စိတ်ဖြစ်သည် ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့” ဟု သုံးခုမြောက်သော နေက္ခမ္မပါရမီကို မြဲမြံစွာ ပြု၍ ဆောက်တည်တော်မူ၏။ ထို့ကြောင့်—

န ဟေတေ တွေကာယေဝ၊ ဗုဒ္ဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ တတိယံ နေက္ခမ္မပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

ဣမံ တွံ တတိယံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
နေက္ခမ္မပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

ယထာ အန္ဒုဃရေ ပုရိသော၊ စိရဝုဋ္ဌော ဒုခဋ္ဋိတော။
န တတ္ထ ရာဂံ ဇနေတိ၊ မုတ္တိံ ယေဝ ဂဝေသတိ။

တထေဝ တွံ သဗ္ဗဘဝေ၊ ပဿ အန္ဒုဃရေ ဝိယ။
နေက္ခမ္မာဘိမုခေါ ဟောဟိ၊ ဘဝတော ပရိမုတ္တိယာ—

ဟူ၍၊ ဟောတော်မူ၏။

တွေကာ၊ ဤမျှအတိုင်းအရှည်ရှိကုန်သော။ ဧတေ ဓမ္မာ ဧဝ၊ ထိုဒါနသီလ ပါရမီတို့သည်သာလျှင်။ ဗုဒ္ဓမ္မာ၊ ဘုရားဖြစ်ခြင်း၏ အကြောင်းတို့သည်။ န ဟိ ဘဝိဿရေ၊ မဖြစ်ကုန်လေ။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗောဓိပါစနာ၊ အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်သော။ ယေ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ ဧတေ ဓမ္မေပိ၊ ထိုသဘောတရားတို့ကို လည်း။ အဟံ၊ ငါသည်။ ဝိစိနိဿာမိ၊ စူးစမ်းဆင်ခြင်အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ ၊ ကြံပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါသည်။ ဝိစိနန္တော၊ ကြံသည်ရှိသော်။ တဒါ၊ ထိုအခါ၌။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသီဟိ၊ ဘုရားသခင်

တို့သည်။ အာသေဝိတနိသေဂ်တံ၊ အဖန်တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်သော။ တတိယံ၊ သုံးခုမြောက်သော။ နေက္ခမ္မပါရမိံ၊ နေက္ခမ္မပါရမီကို။ အဒက္ခိ၊ မြင်ပြီ။

သုမေဓပဏ္ဍိတ၊ သုမေဓာပညာရှိ။ တွံ၊ သည်။ ဗောဓိံ၊ သို့။ ပတ္တုံ၊ ငှါ။ ယဒိ ဣစ္ဆသိ၊ အံ့။ ဧဝံ၊ သည်။ သတိ၊ သော်။ တတိယံ၊ သော။ ဣမံ၊ ဤနေက္ခမ္မပါရမီကို။ တာဝ-အတိဝိယ၊ လျှင်။ ဒဠှံ၊ ကို။ ကတွာ၊ ၍။ မနသာ၊ ဖြင့်။ သမာဒိယ၊ လော့။ နေက္ခမ္မပါရမိတံ၊ ကို။ ဂစ္ဆ-ပူရေဟိ၊ ဖြည့်လေလော့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိ၊ ပြီ။

အန္ဒုဃရေ၊ နှောင်အိမ်တွင်း၌။ စိရဝုဋ္ဌော၊ ကြာမြင့်စွာသော ကာလပတ်လုံး နေရသော။ ဒုခဋ္ဋိတော-ဒုက္ခပီဠိတော၊ ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်သော။ ပုရိသော၊ ယောကျ်ားသည်။ တတ္ထ အန္ဒုဃရေ၊ ထိုနှောင်အိမ်တွင်း၌။ ရာဂံ သိနေဟံ၊ ချစ်ခြင်းကို။ [တပ်ခြင်းကိုလည်းဟူ]။ န ဇနေတိ၊ မဖြစ်စေ။ မုတ္တိံ ယေဝ၊ လွတ်ခြင်းကိုသာလျှင်။ ဂဝေသတိ ယထာ၊ ရှာမှီးသကဲ့သို့။ တနည်းကား၊ ပုရိသော၊ သည်။ ဣမံ အန္ဒုဃရံ၊ ကို။ မုဥ္စိတွာ၊ လွတ်၍။ အဟံ၊ သည်။ အညတ္ထ၊ တပါးသော အရပ်သို့။ ဂမိဿာမိ၊ သွားအံ့။ ဣတိ ဧဝံ၊ ဤသို့။ တတ္ထ၊ ထိုနှောင်အိမ်၌။ ရာဂံ၊ တပ်ခြင်းကို။ န ဇနေတိ၊ မဖြစ်စေ။ မုတ္တိံ ယေဝ၊ လွတ်ခြင်းကိုသာလျှင်။ ဂဝေသတိ ယထာ၊ ရှာမှီးသကဲ့သို့။

တထေဝ၊ လျှင်။ တွံ၊ သည်။ သဗ္ဗဘဝေ၊ ခပ်သိမ်းသော ဘဝတို့ကို။ အန္ဒုဃရေ ဝိယ၊ နှောင်အိမ်တို့ကိုကဲ့သို့။ ပဿ၊ ရှုလော့။ ဘဝတော၊ ဘဝသုံးပါးမှ။ ပရိမုတ္တိယာ၊ လွတ်ခြင်းငှာ။ နေက္ခမ္မာဘိမုခေါ၊ တောထွက်ခြင်းကို ရှေးရှုသည်။ ဟောတိ၊ ဖြစ်လေလော့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိ၊ ပြီ။

ပညာပါရမီကို မြင်တော်မူခြင်း

ထို့နောက်မှ သုမေဓာရှင်ရသေ့လည်း ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကား ဤမျှသာလျှင် မဟုတ်သေး။ ထို့ထက်အလွန် စူးစမ်းဆင်ခြင်သော သုမေဓာရှင်ရသေ့အား လေးခုမြောက်သော ပညာပါရမီကို မြင်တော်မူ၍ ဤသို့ အကြံဖြစ်သတတ် "သုမေဓာ ပညာရှိ....သင်ကား ဤယနေ့မှ စ၍ ပညာပါရမီကို ဖြည့်လော့။ ပညာရှိသော ရဟန်းသည်

အယုတ် အလတ် အမြတ်မရွေး တစုံတခုသော အိမ်ကို မမှတ်မူ၍ အိမ်စဉ် မပြတ် ဆွမ်းရပ် လှည့်လည်သည် ရှိသော် မျလောက်ရုံမျှသော ဆွမ်းကို ရသကဲ့သို့ ထို့အတူ သင်သည်လည်း အလုံးစုံသော ပညာရှိတို့သို့ ကပ်၍ ပြဿနာကို မေးသည် ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့ "ဟု လေးခုမြောက် ပညာပါရမီကို မြင်တော်မူ၍ မြဲမြံစွာ ပြုလျက် ဆောက်တည်တော်မူ၏။ ထို့ကြောင့်—

န ဟောတေ တ္တောကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ စတုတ္ထံ ပညာပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

ဣမံ တွံ စတုတ္ထံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
ပညာပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

ယထာ ဟိ ဘိက္ခု ဘိက္ခန္တော၊ ဟီနမုက္ကဋ္ဌမဇ္ဈိမေ။
ကုလာနိ န ဝိဝဇ္ဇေန္တော၊ ဧဝံ လဘတိ ယာပနံ။

တထေဝ တွံ သဗ္ဗကာလံ၊ ပရိပုစ္ဆံ ဗုဓံ ဇနံ။
ပညာပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ—

ဟူ၍ ဟောတော်မူ၏။

[န ဟောတေ-စသော သုံးဂါထာ အနက်ကား ရှေ့အနက် ပေးပြီးသည်နှင့် အတူပင်။ အထူးကား ဧတေယေဝ ဓမ္မာ-ကို ဤဒါန။ လ။ နေက္ခမ္မပါရမီတို့ သည်သာလျှင် ဆိုရုံသာ ထူးတော့သည်]။

ဘိက္ခု၊ ရဟန်းသည်။ ဟီနမုက္ကဋ္ဌမဇ္ဈိမေ၊ အယုတ် အလတ် အမြတ် ဖြစ်ကုန်သော။ကုလာနိ၊ အမျိုးတို့ကို။ န ဝိဝဇ္ဇေန္တော၊မကြဉ်မူ၍။ ဘိက္ခန္တော၊ ဆွမ်းခံသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ အယုတ် အလတ် အမြတ် မရွေး အိမ်စဉ်ရပ်၍ ဆွမ်းခံသည်ရှိသော်။ ဘိက္ခု၊ သည်။ ယာပနံ၊ မျလောက်ရုံကို။ လဘတိ ယထာ၊ ရသကဲ့သို့။

တထေဝ၊လျှင်။ သုမေဓပဏ္ဍိတ၊ သုမေဓာပညာရှိ။ တွံ၊ သည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဗုဓံ ဇနံ၊ ပညာရှိသောသူကို။ ပရိပုစ္ဆံ-ပရိပုစ္ဆန္တော၊ မေးသည်။ ဟုတ္ဝာ၊ ၍။ ပညာပါရမိတံ၊ ကို။ ဂန္တွာ ပူရေတွာ၊ ဖြည့်၍။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိဿသိ၊ ရောက်လတ္တံ့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိ၊ ပြီ။

ဝီရိယပါရမီကို မြင်တော်မူခြင်း

ထို့နောက်မှ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤမျှ အတိုင်းအရှည် ရှိသည်သာ မဟုတ်သေး။ ထို့ထက်အလွန် စူးစမ်းဆင်ခြင်သော သုမေဓာ ဘုရားလောင်းအား ငါးခုမြောက်သော ဝီရိယ ပါရမီကို မြင်တော်မူ၍ ဤသို့အကြံဖြစ်သတတ် "သုမေဓာပညာရှိ....သင်ကား ဤနေ့မှ အစပြု၍ ဝီရိယပါရမီကို ဖြည့်လေလော့။ ကေသရရာဇာ ခြင်္သေ့မင်းသည် အလုံးစုံသော ဣရိယာပုထ်တို့၌ မြဲမြံခြင်း လုံ့လဝီရိယသည် ဖြစ်သကဲ့သို့ ထို့အတူ သင်သည်လည်း အလုံးစုံသော ဘဝတို့၌ အလုံးစုံသော ဣရိယာပုထ်တို့ကို မြဲမြံစွာသော လုံ့လဖြင့် မယုတ်သည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ငါးခုမြောက်သော ဝီရိယပါရမီကို မြဲမြံစွာ ပြု၍ အဓိဋ္ဌာန် ဆောက်တည်တော်မူ၏။ ထို့ကြောင့်—

နှ ဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဉ္စမံ ဝီရိယပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

ဣမံ တွံ ပဉ္စမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
ဝီရိယပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

ယထာပိ သီဟော မိဂရာဇာ၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။
အလီနဝီရိယော ဟောတိ၊ ပဂ္ဂဟိတမနော သဒါ။

တထေဝ တွံ သဗ္ဗဘဝေ၊ ပဂ္ဂယှ ဝီရိယံ ဒဠှံ။
ဝီရိယပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ—

ဟူ၍ ဟောတော်မူ၏။ [ဤ၌လည်း သုံးဂါထာ ရှေးနည်းပင်]။

မိဂရာဇာ၊ သားတကာတို့မင်းဖြစ်သော။ သီဟော၊ ကေသရရာဇာ ခြင်္သေ့မင်းသည်။ နိသဇ္ဇဋ္ဌာနစက်မေ၊ ထိုင်ခြင်း ရပ်ခြင်း သွားခြင်း၌။ အလီန- ဝီရိယော၊ မတွန့်မဆုတ်သော လုံ့လရှိသည်။ ဟောတိ၊ ဖြစ်၏။ သဒါ၊ အခါခပ်သိမ်း။ ပဂ္ဂဟိတမနော၊ အားထုတ်သော စိတ်ရှိသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။

တထေဝ၊ ထိုအတူပင်းလျှင်။ သုမေဓပဏ္ဍိတ၊ သုမေဓာ ပညာရှိ။ တွံ၊ သင်သည်။ သဗ္ဗဘဝေ-သဗ္ဗဘဝေသု၊ အလုံးစုံသော ဘဝတို့၌။ ဒဠှံ၊ မြဲစွာ။ ဝီရိယံ၊ လုံ့လကို။ ပဂ္ဂယှ၊ အားထုတ်၍။ [ချီးမြှောက်၍လည်းဟူ]။ ဝီရိယ- ပါရမိတံ၊ ကို။ ဂန္တွာ-ပူရေတွာ၊ ဖြည့်၍။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိဿသိ၊ ရောက်လတ္တံ့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိံ၊ ဆုံးမပြီ။

ခန္တီပါရမီကို မြင်တော်မူခြင်း

ထို့နောက်မှ ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကား ဤမျှသာလျှင် မဟုတ်သေး။ ထို့ထက်အလွန် စူးစမ်းဆင်ခြင်သော ဘုရားလောင်းအား ခြောက်ခုမြောက်သော ခန္တီပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံသည် ဖြစ်သတတ် "သုမေဓာပညာရှိ...သင်ကား ဤနေ့မှ စ၍ ခန္တီပါရမီကို ဖြည့်လော့၊ မိမိနှိုင်းရှည့်ဖက်ဖြစ်သော သူ၌လည်းကောင်း, မိမိအောက် ယုတ်သော သူ၌လည်းကောင်း သည်းခံခြင်းသည် ဖြစ်ရာ၏။ မြေကြီး၌ စင်ကြယ်သည်ကို လည်းကောင်း,မစင်ကြယ်သည်ကိုလည်းကောင်းပစ်ချထည့်သွင်းခြင်းကြောင့် ချစ်ခြင်း နှလုံးမသာယာခြင်းကို မပြုဘဲ လွန်စွာ သည်းခံသကဲ့သို့ ထို့အတူ သင် သုမေဓာသည်လည်း မိမိနှင့် တူသောသူ, မိမိအောက် ယုတ်သောသူတို့၌ သည်းခံသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟု ခြောက်ခုမြောက်သော ခန္တီပါရမီကို မြဲမြံစွာ ပြု၍ ဆောက်တည်တော်မူ၏။ ထို့ကြောင့်——

န ဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ ဆဋ္ဌမံ ခန္တီပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

ဣမံ တုံ ဆင္ဃမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
တတ္ထ အဒွေဇ္ဈမာနသော၊ သမ္ဗောဓိံ ပါပုဏိဿသိ။

ယထာပိ ပထဝီ နာမ၊ သုစိမ္ပိ အသုစိမ္ပိ စ။
သဗ္ဗံ သဟတိ နိက္ခေပံ၊ န ကရောတိ ပဋိဃဒ္ဒယံ။

တထေဝ တွမ္ပိ သဗ္ဗေသံ၊ သမ္မာနာဝမာနက္ခမော။
ခန္တီပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ–

ဟူ၍ ဟောတော်မူ၏။ [ရှေ့နှစ်ဂါထာ အနက်ကား လွယ်ပြီ]။

သုမေဓပဏ္ဍိတ၊ သုမေဓာပညာရှိ။ တုံ၊ သင်သည်။ ဆင္ဃမံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဣမံ၊ ဤခန္တီပါရမီကို။ တာဝ-အတိဝိယ၊ အလွန်လျှင်။ ဒဠှံ၊ မြဲမြံသည်ကို။ ကတွာ၊ ပြု၍။ သမာဒိယ၊ ဆောက်တည်လော့။ တတ္ထ၊ ထိုခန္တီပါရမီကို ပြုခြင်း၌။ အဒွေဇ္ဈမာနသော၊ မခွသော နှလုံးရှိသည်။ [တစ်ချောင်းတည်းသော နှလုံးရှိသည်လည်းဟူ]။ ဟုတ္ွာ၊ ဖြစ်၍။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိဿသိ၊ ရောက်လတ္တံ့။

ပထဝီ နာမ၊ မြေမည်သည်ကား။ နိက္ခေပံ၊ ထားအပ်သော။ သုစိမ္ပိ၊ စင်ကြယ် သန့်ရှင်း ကောင်းခြင်း တည်းဟူသော စန္ဒကူး မာလာကျိုကျူ စသည်ကိုလည်းကောင်း။ အသုစိမ္ပိ၊ မစင်မကြယ် ရွံဖွယ်ရှိသောခွေးကောင်ပုပ် စသည်ကို လည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော ဝတ္ထုကို။ သဟတိ၊ သည်းခံ၏။ ပဋိဃဒ္ဒယံ၊ မုန်းခြင်း ချစ်ခြင်းကို။ န ကရောတိ ယထာ၊ မပြုသကဲ့သို့။

တထေဝ၊ ထို့အတူပင်လျှင်။ သုမေဓပဏ္ဍိတ၊ ရှိ။ တွံ၊ သည်။ သဗ္ဗဘဝေ၊ အလုံးစုံသော ဘဝ၌။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ သမ္မာနာဝ-မာနက္ခမော၊ မြတ်နိုးခြင်း မထီမဲ့မြင်ပြုခြင်းတို့၌ သည်းခံခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ခန္တီပါရမိတံ၊ ခန္တီပါရမီအဖြစ်ကို။ ဂန္တွာ-ပူရေတွာ၊ ဖြည့်၍။ သမ္ဗောဓိံ၊ သို့။ ပါပုဏိဿသိ၊ လတ္တံ့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိံ၊ ဆုံးမပြီ။

သစ္စပါရမီကို မြင်တော်မူခြင်း

ထို့နောက်မှ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကား ဤမျှသာ မဟုတ်သေး။ ထို့ထက်အလွန် စူးစမ်းဆင်ခြင်သော ဘုရားလောင်း သုမေဓာအား ခုနစ်ခုမြောက်သော သစ္စပါရမီကို မြင်တော်မူ၍ ဤသို့ အကြံ ဖြစ်သတတ်။ "သုမေဓာပညာရှိ...သင်ကား ဤနေ့မှ စ၍ သစ္စပါရမီကို ဖြည့်လော့။ မိုးကြိုးလက်နက် ထိပ်ထက်သို့ ကျသော်လည်း ဥစ္စာစပါး သား မယား စသည်တို့၏ အကျိုးငှါ ဆန္ဒာဂတိ-စသည်တို့၏ အစွမ်းအားဖြင့် သိလျက် ချွက်ယွင်းသော စကားကို ဆိုခြင်းကိုမျှ မပြုလင့်။ သောက်ရူးကြယ် မည်သည်ကား အလုံးစုံသော ဥတုတို့၌ မိမိသွားမြဲလမ်းကို စွန့်၍ တပါးသော ခရီးဖြင့် မသွား။ မိမိသွားမြဲခရီးဖြင့်သာ မှန်စွာ သွားသကဲ့သို့ ထို့အတူ သင်သည်လည်း သစ္စာကို စွန့်၍ မုသားမည်သည်ကို မဆိုသည် ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ခုနစ်ခုမြောက်သော သစ္စာပါရမီကို မြဲမြံစွာ ပြု၍ အဓိဋ္ဌာန် ဆောက်တည်တော်မူ၏။ ထို့ကြောင့်—

> န ဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
> အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။
>
> ဝိစိနန္တော တဒါ ဒက္ခိံ၊ သတ္တမံ သစ္စပါရမိံ။
> ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။
>
> ဣမံ တွံ သတ္တမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
> တတ္ထ အဒွေဇ္ဈဝစနော၊ သမ္ဗောဓိံ ပါပုဏိဿသိ။
>
> ယထာပိ ဩသဓီ နာမ၊ တုလာဘူတာ သဒေဝကေ။
> သမယေ ဥတုဝဿေ ဝါ၊ န ဝေါက္ကမတိ ဝီထိတော။
>
> တထေဝ တွမ္ပိ သစ္စေသု၊ မာ ဝေါက္ကမသိ ဝီထိတော။
> သစ္စပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ —

ဟူ၍ ဟောတော်မူ၏။

[န ဟေတေ-စသော သုံးဂါထာ၌ ရှေးနည်းအတူ လွယ်ပြီ။ ထိုဂါထာ တို့တွင် တတ္ထ အဒွေဇ္ဈဝစနော၌ တတ္ထ၊ ထိုသစ္စာပါရမီကို ဖြည့်ရာ၌။

အဒွေဇ္ဈဝစနော-အဝိတထ ဝစနော၊ မချွတ်မယွင်းသော စကားရှိသည်။ ဟုတွာ၊ ဖြစ်၍။ သမ္ဗောဓိံ၊ သို့။ ပါပုဏိဿသိ၊ လတ္တံ့။

သဒေဝကော၊ နတ်နှင့်တကွသော။ လောကော၊ လောကဉ္စ။ တစ်နည်းကား။ သဒေဝကေ-သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လူအပေါင်း၏။ တုလာဘူတာ၊ ချိန်သဖွယ်ဖြစ်၍ ဖြစ်သော။ ဩသမိနာမ၊ သောက်ရှူး ကြယ်မည်သည်ကား။ သမယေ၊ မိုးကာလ၌ လည်းကောင်း။ ဥတုဝဿေ၊ ဆောင်းနွေကာလဟူသော ဥတု၌လည်းကောင်း။ တစ်နည်းကား။ သမယေ၊ နွေဖြစ်သောကာလ၌ လည်းကောင်း။ ဥတုဝဿေ၊ ဆောင်းမိုးကာလ၌ လည်းကောင်း။ ဝီထိတော၊ သွားမြဲဖြစ်သော ခရီးမှ။ န ဝေါက္ကမတိ ယထာ၊ မဖဲသကဲ့သို့။ [မရွေ့သကဲ့သို့လည်းဟူ]။

တထေဝ၊ လျှင်။ သုမေဓ ပဏ္ဍိတ၊ ရှိ။ တွံပိ၊ သင်သည်လည်း။ သစ္စေသု သစ္စာနံ၊ သစ္စာတို့၏။ဝီထိတော၊ သွားမြဲဖြစ်သောခရီးမှ။ မာ ဝေါက္ကမသိ၊ မဖဲလေလင့်။ သစ္စပါရမိတံ၊ ကို။ ဂန္တွာ ပူရေတွာ၊ ဖြည့်၍။ သမ္ဗောဓိံ၊ သို့။ ပါပုဏိဿသိ၊ လတ္တံ့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိံ၊ ပြီ။

အဓိဋ္ဌာန်ပါရမီကို မြင်တော်မူခြင်း

ထို့နောက်မှ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကား ဤမျှသာ မဟုတ်သေး။ ထို့ထက်အလွန် စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် ထိုရသေ့ သုမေဓာအား ရှစ်ခုမြောက်သော အဓိဋ္ဌာန်ပါရမီကို မြင်တော်မူ၍ ဤသို့ အကြံဖြစ်သတတ်။ "သုမေဓာပညာရှိ....သင်ကား ယနေ့မှ စ၍ အဓိဋ္ဌာန် ပါရမီကို ဖြည့်လော့။ ထိုအဓိဋ္ဌာန်ပါရမီ၌ မတုန်မလှုပ် ဆောက်တည် လေလော့။ တောင်တို့မည်သည်ကား အလုံးစုံသော အရပ်မျက်နှာတို့မှ လေတို့ဖြင့်ခတ်သော်လည်း တုန်လှုပ် ယိမ်းယိုင်ခြင်းမရှိ။ ပကတိ မိမိ၏ တည်ရာ၌သာလျှင် အမြဲတည်သကဲ့သို့ ထို့အတူ သင် ရသေ့သုမေဓာ သည်လည်း မိမိအဓိဋ္ဌာန်ခြင်း၌ မတုန်မလှုပ် မြဲသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ရှစ်ခုမြောက်သော အဓိဋ္ဌာန်ပါရမီကို မြဲစွာပြု၍ ဆောက်တည် တော်မူ၏။ ထို့ကြောင့်—

န ဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ အဋ္ဌမံ အဓိဋ္ဌာနပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတ နိသေဝိတံ။

ဣမံ တွံ အဋ္ဌမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
တတ္ထ တွံ အစလော ဟုတွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ။

ယထာပိ ပဗ္ဗတော သေလော၊ အစလော သုပ္ပတိဋ္ဌိတော။
န ကမ္ပတိ ဘုသဝါတေဟိ၊ သကဋ္ဌာနေဝ တိဋ္ဌတိ။

တထေဝ တွမ္ပိ အဓိဋ္ဌာနေ၊ သဗ္ဗဒါ အစလော ဘဝ။
အဓိဋ္ဌာနပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ—

ဟူ၍ ဟောတော်မူ၏။

[နဟေတေ-စသော ဂါထာကား ရှေ့နည်းပေးလေ]။

သေလော၊ ကျောက်ဖြင့်ပြီးသော။ အစလော၊ မလှုပ်သော။ သုပ္ပတိဋ္ဌိတော၊ ကောင်းစွာတည်သော။ ပဗ္ဗတော၊ တောင်သည်။ ဘုသဝါတေဟိ၊ ပြင်းစွာသောလေတို့ကြောင့်။ န ကမ္ပတိ၊ မလှုပ်။ သကဋ္ဌာနေဝ၊ မိမိတည်မြဲတိုင်း၌သာလျှင်။ တိဋ္ဌတိ ယထာ၊ တည်သကဲ့သို့....

တထေဝ၊ ထို့အတူလျှင်။ တွမ္ပိ၊ သင် ရှင်ရသေ့သည်လည်း။ အဓိဋ္ဌာနေ၊ အဓိဋ္ဌာန်ခြင်း၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အစလော၊ မတုန်လှုပ်သည်။ ဘဝ၊ ဖြစ်လော့။ အဓိဋ္ဌာနပါရမိတံ၊ ကို။ ဂန္တွာ-ပူရေတွာ၊ ၍။ သမ္ဗောဓိံ၊ သဗ္ဗညုတ ဉာဏ်သို့။ ပါပုဏိဿသိ၊ ရောက်လတ္တံ့။

မေတ္တာပါရမီကို မြင်တော်မူခြင်း

ထိုအဓိဋ္ဌာန်ပါရမီ၏ အခြားမဲ့၌ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကား ဤမျှသာမဟုတ်သေး။ ထိုထက်အလွန် စူးစမ်းဆင်ခြင်သည် ရှိသော် ထိုသုမေဓာရှင်ရသေ့အား ကိုးခုမြောက်သော မေတ္တာပါရမီကို မြင်တော်မူ၍ ဤသို့ အကြံဖြစ်သတတ်။ ''သုမေဓာပညာရှိ—သင်ကား

ဤနေ့မှစ၍ မေတ္တာပါရမီကို ဖြည့်လော့။ ကျေးဇူးရှိသော သူတို့၌ လည်းကောင်း, ကျေးဇူးမရှိသောသူတို့၌လည်းကောင်း တူမျှသော စိတ်ရှိသည်ကို ဖြစ်စေလော့။ ရေတို့မည်သည်ကား ယုတ်မာသောသူအားလည်းကောင်း, ကောင်းမြတ်သောသူအားလည်းကောင်း ချမ်းအေးချင်းတူမျှစွာ ဖြစ်စေသကဲ့သို့ ထို့အတူ အလုံးစုံသော သတ္တဝါတို့၌ တူမျှသော မေတ္တာစိတ်ကို ဖြစ်စေသည်ရှိသော် ဘုရားစင်စစ် ဖြစ်လတ္တံ့”ဟု ကိုးခုမြောက်သော မေတ္တာပါရမီကို မြဲမြံစွာပြု၍ ဆောက်တည်တော်မူ၏။ ။ထို့ကြောင့်—

န ဟေတေ တ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ နဝမံ မေတ္တာပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ အာသေဝိတ နိသေဝိတံ။

ဣမံ တွံ နဝမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
မေတ္တာယ အသမော ဟောတိ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

ယထာပိ ဥဒကံ နာမ၊ ကလျာဏေ ပါပကေ ဇနေ။
သမံ ဖရတိ သီတေန၊ ပဝါဟေတိ ရဇောမလံ။

တထေဝ တွံ ဟိတာဟိတေ၊ သမံ မေတ္တာယ ဘာဝယ။
မေတ္တာပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ—

ဟူ၍ ဟောတော်မူ၏။

[နဟေတေ-စသော ဂါထာတို့ကား အနက်ပေးနည်း ရှေ့အတူတွင် တေယေဝ-ဟူသောပုဒ်ကို ဆိုခဲ့ပြီးသော ပါရမီတို့ကို စွဲလေ။ သမာဒိယ၊ ဆောက်တည်၍။မေတ္တာယ၊မေတ္တာစိတ်ဖြစ်ခြင်း၌။ကေနစိ၊တစ်စုံတစ်ယောက်သောသူနှင့်။ အသမော- တူသောသူမရှိသည်။ ဟောဟိ၊ ဖြစ်လော့]။

ဥဒကံနာမ၊ ရေမည်သည်ကား။ ကလျာဏေ၊ ကောင်းကုန်သော။ ဇနေ၊ လူတို့ကိုလည်းကောင်း။ ပါပကေ၊ မကောင်းကုန်သော။ ဇနေ၊ လူတို့ကိုလည်းကောင်း။ သမံ-တုလျမေဝ၊ အတူသာလျှင်။ သီတေန၊

အချမ်းဖြင့်။ ဖရတိ၊ နှ၍။ ရဇောမလံ၊ ကိုယ်၌တင်သော မြူအညစ်အကြေး ချေးစသည်ကို။ ပဝါဟေတိ ယထာ၊ မျှောသကဲ့သို့။ [ဆေးလျှော်ပေသကဲ့သို့လည်းဟူ]။

တထေဝ၊ လျှင်။ သုမေဓပဏ္ဍိတ၊ ရှိ။ တွံ၊ သင်သည်။ ဟိတာဟိတေ၊ အစီးအပွါးရှိသည် မရှိသည်တို့ကို ပြုတတ်ကုန်သော။ ဇနေ၊ လူတို့ကို။ သမံ၊ အတူသာလျှင်။ တစ်နည်းကား။ သမံ၊ အမျှ။ မေတ္တာယ၊ မေတ္တာစိတ်ဖြစ်ခြင်းဖြင့်။ ဘာဝယ-ဝဍ္ဎေဟိ၊ ပွါးစေလော့။ မေတ္တာပါရမိတံ၊ ကို။ ဂန္တွာ-ပူရေတွာ၊ ၍။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိဿသိ၊ လတ္တံ့။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ ဩဝဒိံ၊ ပြီ။

ဥပေက္ခာပါရမီကို မြင်တော်မူခြင်း

ဤမေတ္တာပါရမီ၏ အခြားမဲ့၌ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကား ဤမျှသာ မဟုတ်သေး။ ထို့ထက်အလွန် ဗုဒ္ဓမ်းဆင်ခြင်သည် ရှိသော် ဆယ်ခုမြောက်သော ဥပေက္ခာပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံသည် ဖြစ်သတတ်။ "သုမေဓာပညာရှိ – သင်ကား ယနေ့မှစ၍ ဥပေက္ခာပါရမီကို ဖြည့်လော့။ ချမ်းသာခြင်း၌လည်းကောင်း၊ ဆင်းရဲခြင်း၌လည်းကောင်း လျစ်လျူရှုသည်သာ ဖြစ်စေလော့။ မြေကြီးသည်ကား စင်ကြယ်သည်ကိုလည်းကောင်း၊ မစင်ကြယ်သည်ကိုလည်းကောင်း ပစ်ချသော်လည်း လျစ်လျူသာ ဖြစ်သကဲ့သို့ ထို့အတူ သင်ရသော့ သုမေဓာသည်လည်း ဆင်းရဲခြင်း, ချမ်းသာခြင်းတို့၌ လျစ်လျူရှုသည်ရှိသော် ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့"ဟု ဆယ်ခုမြောက်သော ဥပေက္ခာပါရမီကို ဆောက်တည်တော်မူ၏။ ။ထို့ကြောင့်—

န ဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊ ဒသမံ ဥပေက္ခာပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတ နိသေဝိတံ။

ဣမံ တွံ ဒဿမံ ဘာ၀ါ၊ ဒဠှံ ကတွာ သမာဒိယ။
တုလာဘူတော ဒဠှော ဟုတွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ။

ယထာပိ ပထဝီနာမ၊ နိက္ခိတ္တံ အသုစိံ သုစိံ။
ဥပေက္ခတိ ဥဘောပေတေ၊ ကောပါနုနယဝဇ္ဇိတာ။

တထေ၀ တွံ သုခဒုက္ခေ၊ တုလာဘူတော သဒါ ဘ၀၊
ဥပေက္ခာပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ—

ဟူ၍ ဟောတော်မူ၏။

ဧတ္တကာ၊ ဤမျှလောက်ကုန်သော။ ဧတေယေ၀ ဓမ္မာ၊ ထိုမေတ္တာပါရမီတို့သည်သာလျှင်။ ဗုဒ္ဓ ဓမ္မာ၊ ဘုရားဖြစ်ခြင်း၏ အကြောင်းတို့သည်။ န ဟိ ဘ၀ိဿရေ၊ မဖြစ်ကုန်ရာ။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗောဓိပါစနာ၊ သဗ္ဗညုတ ဉာဏ်ကို ရင့်စေတတ်ကုန်သော။ ယေ ဓမ္မာ၊ အကြင်သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ ဓမ္မေ၊ ထိုသဘောတရားတို့ကိုလည်း။ အဟံ၊ ငါသည်။ ဝိစိနိဿာမိ၊ စူးစမ်းဆင်ခြင်အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံပြီ။

ဝိစိနန္တော၊ စူးစမ်းဆင်ခြင်သော။ အဟံ၊ ငါသည်။ တဒါ၊ ထိုအခါ၌။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မဟေသီဟိ၊ မြတ်စွာဘုရားတို့သည်။ အာသေဝိတနိသေဝိတံ၊ အမြဲမပြတ် မှီဝဲအပ် အဖန်တလဲလဲ မှီဝဲအပ်သော။ ဒသမံ၊ ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဥပေက္ခာပါရမိံ၊ ဥပေက္ခာပါရမီကို။ အဒက္ခိံ၊ မြင်ပြီ။

သုမေဓပဏ္ဍိတ၊ သုမေဓာပညာရှိ။ တွံ၊ သင်သည်။ ဒသမံ၊ ဆယ်ခုမြောက်သော။ ဣမံ၊ ဤဥပေက္ခာပါရမီကို။ ဘာ၀ အတိဝိယ၊ အလွန်လျှင်။ ဒဠှံ၊ မြဲမြံသည်ကို။ ကတွာ၊ ပြု၍။ မနသာ၊ စိတ်ဖြင့်။ သမာဒိယ၊ ကောင်းစွာ ဆောက်တည်၍။ တုလာဘူတော၊ ချိန်သဖွယ်ဖြစ်၍။ [လျစ်လျူရှုသည် ဖြစ်၍သော်လည်းဟူ]။ဒဠှော၊မြဲမြံသည်။ဟုတွာ၊ဖြစ်၍။သမ္ဗောဓိံ၊ သဗ္ဗညုတ ဉာဏ်သို့။ ပါပုဏိဿသိ၊ရောက်လတ္တံ့။

ပထဝီနာမ၊ မြေမည်သည်ကား။ နိက္ခိတ္တံ၊ မိမိ၌ ပစ်ထားအပ်သော အသုစိမှို၊ မစင်မကြယ် ရွံဖွယ်ဖြစ်သော ခွေးကောင်ပုပ် စသည်ကိုလည်း။

ကောင်း။ သုစိမှိ၊ သန့်ရှင်းစင်ကြယ် နှစ်သက်ဖွယ်ဖြစ်သော စန္ဒကူးနံ့သာ စသည်ကိုလည်းကောင်း။ ဧတေ ဥဘောပိ၊ ထိုမစင်မသန့်၊ စင်ကြယ်သန့်ပြန့်၊ နှစ်ပါးတို့ကိုလည်း။ ကောပါနုနယ ဝဇ္ဇိတာ၊ မုန်းခြင်း ချစ်ခြင်းမှ ကင်းကုန်သည်။ ဟုဘူ၊ ဖြစ်၍။ ဥပေက္ခတိ ယထာ၊ လျစ်လျူရှုသကဲ့သို့။....

တထေဝ၊ ထို့အတူရင်းလျှင်။ တွံ၊ သင်သည်။ သုခဒုက္ခေ၊ ချမ်းသာ ဆင်းရဲ၌။ သဒါ၊ အခါခပ်သိမ်း။ တုလာဘူတော၊ ချိန်နှင့်တူသည်။ [ချိန်သဖွယ် ဖြစ်၍ဖြစ်သည် လည်းဟူ]။ ဘဝ၊ ဖြစ်လော့။ ဥပေက္ခာပါရမိတံ၊ ဥပေက္ခာ ပါရမီကို။ ဂန္တွာ-ပူရေတွာ၊ ဖြည့်၍။ သမ္ဗောဓိံ၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပါပုဏိဿသိ၊ ရောက်လတ္တံ့။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ သြဝဒိံ၊ ဆုံးမတော်မူပြီ။

ဘုရားအလောင်း သုမေဓာရသေ့ တန်ခိုးကြောင့် မြေလျှင် တုန်လှုပ်ခြင်း

ထို့နောက်မှ သုမေဓာရသေ့သည် ဤဆယ်ပါးသော ပါရမီတို့ကို စူးစမ်း ဆင်ခြင်တော်မူပြီး၍ ထို့နောက်တဖန် ဤသို့ ကြံပြန်၏။ "ဤလောက၌ ဘုရားလောင်းတို့ ဖြည့်အပ်သော သဗ္ဗညုတ ဉာဏ်ကို ရင့်စေကြောင်း တရားတို့ကား ဤမျှသာ ရှိကုန်၏။ ဤဆယ်ပါးသော တရားတို့ကား အထက် ကောင်းကင်၌သည်းကောင်း, အောက်မြေ အတွင်း၌လည်းကောင်း, အရှေ့ အရပ် အစရှိသော အရပ်တို့၌လည်းကောင်း မရှိကုန်။ ငါ၏ နှလုံးသား အကြား၌သာ တည်ကုန်၏"ဟု ထိုပါရမီတို့ကို မိမိစိတ်နှလုံး၌ တည်သော အဖြစ်ကို မြင်၍ အလုံးစုံသော ထိုပါရမီတို့ကို မြဲစွာပြု၍ ဆောက်တည်လျက် အဖန်တလဲလဲ သုံးသပ် ဆင်ခြင်သည်ရှိသော် အနုလုံ ပဋိလုံ အစမှ အဆုံးသို့ ရောက်စေ၏။ အဆုံးမှ အစသို့ ရောက်စေ၏။ အလယ်၌ နှစ်ပါးစုံ ဆုံးစေ၏။ ဗာဟိရ ဘဏ္ဍာကို စွန့်ခြင်းသည် ပါရမီ သာမည မည်၏။ အင်္ဂါ ကြီးငယ်ကို စွန့်ခြင်းသည် ဥပပါရမီ မည်၏။ အသက်ကို စွန့်ခြင်းသည် ပရမတ္ထပါရမီ မည်၏။ ဤသို့လျှင် ဆယ်ပါးသော ပါရမီတို့ကိုလည်းကောင်း, ဆယ်ပါးသော ဥပပါရမီတို့ကိုလည်းကောင်း, ဆယ်ပါးသော ပရမတ္ထပါရမီတို့ကိုလည်းကောင်း အစုံအစုံသော ဆီမီးစာကို ကျစ်သကဲ့သို့ သုံးသပ် ဆင်ခြင်တော်မူ၏။

ဆယ်ပါးသော ပါရမီတို့ကို သုံးသပ် ဆင်ခြင်တော်မူသော ဘုရားလောင်း၏ တန်ခိုးတော်ကြောင့်လည်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည် ဆင်ပြောင်ကြီးသည် နင်းနယ်အပ်သော ကျူစည်းကဲ့သို့ လည်းကောင်း, ညှစ်အပ်သော ကြံညှစ် ယန္တယားကဲ့သို့ လည်းကောင်း သည်းထန်စွာ မြည်ဟည်းလျက် ကသိမ့်သိမ့် လှုပ်၏။ အိုးထိန်းစက် ဆီညှစ် ယန္တရားစက်ကဲ့သို့ ချာချာလည်၏။ ။ထို့ကြောင့်—

တ္တေကာယေဝ တေ လောကေ၊ ယေ ဓမ္မာ ဗောဓိပါစနာ။
တတုဒ္ဓံ နတ္ထိ အညတြ၊ ဒဠှံ တတ္ထ ပတိဋ္ဌဟ။

ဣမေ ဓမ္မေ သမ္မသတော၊ သဘာဝသရသလက္ခဏေ။
ဓမ္မတေဇေန ဝသုဓာ၊ ဒသသဟဿီ ပကမ္ပထ။

စလတီ ရဝတီ ပထဝီ၊ ဥစ္ဆုယန္တံဝ ပီဠိတံ။
တေလယန္တေ ယထာ စက္ကံ၊ ဧဝံ ကမ္ပတိ မေဒနီ—

ဟူ၍ ဟောတော်မူ၏။

လောကေ၊ လောက၌။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ဗောဓိပါစနာ၊ သဗ္ဗညုတဉာဏ်ကို ရင့်စေဟတ်ကုန်၏။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ တ္တေကာယေဝ၊ ဤဆယ်ပါးတို့ သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒတော၊ ထိုဆယ်ပါးသက်။ ဥဒ္ဓံ၊ အလွန်။ နတ္ထိ၊ မရှိ။ တတော၊ ထိုဆယ်ပါးမှ။ ဝါ၊ ထိုဆယ်ပါးကို။ အညတြ၊ ကြဉ်၍။ ဗုဒ္ဓ ကာရက ဓမ္မော၊ ဘုရားအဖြစ်ကို ပြုတတ်သော တရားသည်။ နတ္ထိ၊ မရှိ။ တတ္ထ၊ ထိုဆယ်ပါးတို့၌။ ဒဠှံ၊ မြဲမြံစွာ။ ပတိဋ္ဌဟ၊ ဆောက်တည်လော့။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိံ၊ ဆုံးမပြီ။

သဘာဝသရသ လက္ခဏေ၊ မဖောက်မပြန်ခြင်းဟု ဆိုအပ်သော ကိစ္စ လက္ခဏာရှိကုန်သော။ ဣမေ ဓမ္မေ၊ ဤတရားတို့ကို။ သမ္မသတော၊ သုံးသပ် သော။ သုမေဓပဏ္ဍိတဿ၊ သုမေဓာပညာရှိ၏။ ဓမ္မတေဇေန၊ ပါရမီတရားကို ဆည်းပူးသော ဉာဏ်၏ အစွမ်းကြောင့်။ ဒသသဟဿီ၊ တစ်သောင်းသော လောကဓာတ်၌။ ပတိဋ္ဌိတာ၊ တည်သော။ ဝသုဓာ၊ မြေကြီးသည်။ ပကမ္ပထ၊ လှုပ်ပြီ။

ပထဝီ၊ တစ်သောင်းသော လောကဓာတ်၌ တည်သော မြေသည်။ စလတိ၊ ခြောက်ပါးအားဖြင့် လှုပ်၏။ စလတာယ၊ လှုပ်ခြင်းကြောင့်။ ရဝတိ၊ မည်၏။ ပိဋ္ဌိတံ၊ ကြံကိုညှစ်သော။ ဥစ္ဆုယန္တံ ဣဝ၊ ကြံညှစ်ယန္တရားကဲ့သို့လည်းကောင်း။ တေလယန္တေ၊ ဆီကြိတ်ယန္တရား၌။ ၊စက္ကိယထာ၊ စက်ဝန်းကဲ့သို့လည်းကောင်း။ ဇဝ တထာ၊ ထို့အတူ။ မေဒနီ မြေကြီးသည်။ ပရိဗ္ဘမိတွာ၊ လည်၍။ ကမ္ပတိ၊ လှုပ်၏။

ရမ္မဝတီ ပြည်သူ ပြည်သားတို့သည် မြေလှုပ်ခြင်းအကြောင်းကို ဒီပင်္ကရာ မြတ်စွာဘုရားအား မေးလျှောက်ခြင်း

ဤသို့လျှင် မဟာပထဝီမြေကြီး မြည်ဟည်းတုန်လှုပ်သည်ရှိသော် ရမ္မဝတီ ပြည်သူပြည်သားတို့ ဒီပင်္ကရာ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးစဉ် မိမိတို့ နေရာ၌ တည်တံ့ခြင်းငှာ မတတ်နိုင်ရကား ယုဂန္ဓိုရ်တောင်ဖျားဝယ် လေဆိုးတို့ တိုးဝှေ့အပ်သော အင်ကြင်းပင်ကြီးကဲ့သို့ မိန်းမော ယိမ်းယိုင် မခိုင် ပြိုလဲကြကုန်၏။ အိုး ခွက် စလောင်း စသည်တို့လည်း အချင်းချင်း ထိခိုက်ကြကုန်သည်ဖြစ်၍ မှုန့်မှုန့်ညက်ညက် ကြေမွကုန်၏။ လူအပေါင်းတို့သည်လည်း ကြောက်လန့်သည်ဖြစ်၍ ဒီပင်္ကရာမြတ်စွာဘုရားသို့ ကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား – နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခိုသ် တို့ကြောင့် မြေလှုပ်သလော။ အကျွန်ုပ်တို့ ဤအကြောင်းကို မသိပါကုန်။ စင်စစ်သော်ကား အလုံးစုံသောဤလူအပေါင်းသည်ကြောက်ခြင်းဖြင့်နှိပ်စက်ရကား လူအပေါင်းအား မကောင်းကျိုး ဖြစ်လတ္တံ့လော။ ထိုသို့မဟုတ် ကောင်းကျိုးချမ်းသာ ပွားများရာသလောဟု မေးလျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် လူအပေါင်းတို့ စကားကို ကြား၍ "သင်တို့ မကြောက်ကြကုန်လင့်။ သင်တို့ မကြံကြကုန်လင့်။ ဤမြေတုန်လှုပ်ခြင်း ကြောင့် ဘေးဥပါဒ် မရှိ။ ငါဘုရားသည် ယနေ့ သုမေဓာရှင်ရသေ့အား နောင်သောအခါ မြတ်စွာရှင်စော ဂေါတမ အမည်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့ ဟု ဗျာဒိတ်စကား ကြားတော်မူပြီ။ ထိုသုမေဓာ ရှင်ရသေ့ သည်လည်း ဆယ်ပါးသော ပါရမီတို့ကို သုံးသပ် ဆင်ခြင်သော တန်ခိုး

အားဖြင့် အလုံးစုံ တစ်သောင်းသော လောကဓာတ်သည် တပြိုင်နက် တစ်ချက်တည်း တုန်လှုပ် မြည်ဟည်းသည် ဟု ဟောတော်မူ၏။ ။ ထို့ကြောင့်—

ယာဝတာ ပရိသာ အာသိ၊ ဗုဒ္ဓဿ ပရိဝေသနေ။
ပဝေဓမာနာ သာ တတ္ထ၊ မုစ္ဆိတာ သေတိ ဘူမိယံ။

ဃဋ္ဋာ နေကသဟဿာနိ၊ ကုမ္ဘာနံ စ သတာ ဗဟူ။
သံစုဏ္ဏမထိတာ တတ္ထ၊ အညမညံ ပဃဋ္ဋိတာ။

ဥဗ္ဘိဂ္ဂါ တသိတာ ဘီတာ၊ ဘန္တာ ဗျာဓိတမာနသာ။
မဟာဇနာ သမာဂမ္မ၊ ဒီပင်္ကရံ ဥပါဂမုံ။

ကိံ ဘဝိဿတိ လောကဿ၊ ကလျာဏ မထ ပါပကံ။
သဗ္ဗော ဥပဒ္ဒုတော လောကော၊ တံ ဝိနောဒေဟိ စက္ခုမ။

တေသံ တဒါ သညာပေသိ၊ ဒီပင်္ကရော မဟာမုနိ။
ဝိဿဋ္ဌာ ဟောထ မာ ဘာထ၊ ဣမသ္မိံ ပထဝိကမ္ပနေ။

ယမဟံ အဇ္ဇ ဗျာကာသိံ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။
ဧသော သမ္မသတိ ဓမ္မံ၊ ပုဗ္ဗကံ ဇိနသေဝိတံ။

တဿ သမ္မသတော ဓမ္မံ၊ ဗုဒ္ဓဘူမိံ အသေသတော။
တေနာယံ ကမ္ပိတာ ပထဝီ၊ ဒသသဟဿီ သဒေဝကေ—

ဟူ၍ ဟောတော်မူ၏။

ဗုဒ္ဓဿ၊ ဒီပင်္ကရာ မြတ်စွာဘုရားကို။ ပရိဝေသနေ၊ ဆွမ်းလုပ်ကျွေးရာ အရပ်၌။ ယာဝတာ၊ အကြင်မျှလောက်သော။ ပရိသာ၊ ပရိသတ်သည်။ အာသိ၊ ရှိ၏။ တတ္ထ၊ ထိုဆွမ်းလုပ်ကျွေးရာ အရပ်၌။ သာ ပရိသာ၊ ထိုပရိသတ်သည်။ပဝေဓမာနာ၊ တုန်လှုပ်သည်ဖြစ်၍။ မုစ္ဆိတာ၊ မိန်းမောတွေဝေသည်ဖြစ်၍။ ဘူမိယံ၊ မြေ၌။ သေတိ၊ အိပ်၏။

တတ္ထ၊ထိုဆွမ်းကျွေးရာအရပ်၌။ ဌိတာနံ၊ တည်ကုန်သော။ဃဋ္ဋာ-ဃဋ္ဋာနံ၊ အိုးတို့၏။ အနေကသဟဿာနိ၊ အထောင်မကတို့သည် လည်းကောင်း။ ကုမ္ဘာနံ၊ အိုးစရည်းတို့၏။ သတာ စ၊ အရာတို့သည်လည်းကောင်း။ ဗဟူ၊

များစွာကုန်သော အိုးတို့သည်။ အညမညံ၊ အချင်းချင်း။ ဥပဃဋ္ဋိတာ၊ ထိခိုက်ကုန်သည်ဖြစ်၍။ သံစုဏ္ဏာ ပတိတာ၊ မှုန့်မှုန့်ညက်ညက် ကွဲကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

မဟာဇနာ၊ များစွာကုန်သော လူတို့သည်။ ဥဗ္ဗိဂ္ဂါ၊ ထိတ်လန့်သော နှလုံးရှိကုန်သည်ဖြစ်၍။ ကသိတာ၊ ဖြစ်သော ထိတ်လန့်ခြင်း ရှိကုန်သည် ဖြစ်၍။ ဘီတာ၊ ကြောက်ကုန်သည်ဖြစ်၍။ ဘန္တာ၊ တုန်လှုပ်သော နှလုံး ရှိကုန်သည်ဖြစ်၍။ ဗျာခိဘမာနသာ၊ ပင်ပန်းသောစိတ် ရှိကုန်သည်ဖြစ်၍။ သမာဂမ္မ၊ အညီအညွတ်လာကုန်၍။ ဒီပင်္ကရံ၊ ဒီပင်္ကရာ မြတ်စွာဘုရားသို့။ ဥပဂမုံ၊ ကပ်ကုန်ပြီ။

စက္ခုမ၊ ငါးပါးသော စက္ခုရှိတော်မူသော ဘုရား။ လောကဿ၊ လူအပေါင်းအား။ ကိံ ဘဝိဿတိ၊ အဘယ်သို့ဖြစ်လတ္တံ့နည်း။ ကလျာဏံ ဝါ၊ ကောင်းသော အခြင်းအရာသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့လော။အထ၊ ထိုသို့မဟုတ်မူကား။ ပါပကံ ဝါ၊ မကောင်းသော အခြင်းအရာသည်လည်း။ ဘဝိဿတိ၊ဖြစ်လတ္တံ့လော။ သဗ္ဗော၊ အလုံးစုံလော။ လောကော၊လူအပေါင်းကို။ဘယေန၊ ကြောက်လန့်ခြင်းသည်။ ဥပဒ္ဒုတော၊ နှိပ်စက်အပ်၏။ တံ ဘယံ၊ ထိုကြောက်လန့်ခြင်းကို။ တွံ၊ ရှင်ပင်ဘုရားသည်။ ဝိနောဒေဟိ၊ ဖျောက် တော်မူလော့။ ဣတိ၊ ဤသို့။ အာဟံသု၊ လျှောက်ကုန်ပြီ။

တဒါ၊ထိုအခါ၌။ဒီပင်္ကရောနာမ၊ ဒီပင်္ကရာအမည်တော်ရှိသော။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ တေသံ ဝေဇနေ၊ ထိုရမ္မဝတီ ပြည်သူတို့ကို။ သညာ- ပေသိ၊ သိစေတော်မူ၏။ တုမှေ၊ သင်တို့သည်။ ဣမသ္မိံ ပထဝိကမ္ပနေ၊ ဤမြေလှုပ်ရာ၌။ ဝိဿဋ္ဌာ၊ ထိတ်လန့်ခြင်း ကင်းသော စိတ်ရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ မာ ဘာထ၊ မကြောက်ကြကုန်လင့်။

အဟံ၊ ငါဘုရားသည်။ အဇ္ဇ၊ ယနေ့။ ယံ၊ အကြင် သုမေဓာ ပညာရှိကို။ အယံ၊ ဤရသေ့သည်။ လောကေ၊ လောက၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိံ၊ ဗျာဒိတ်စကားကြား တော်မူ၏။ သော၊ ဤသုမေဓာရသေ့သည်။ ပုဗ္ဗကံ၊ ရှေး၌ဖြစ်သော။ ဇိနသေဝိတံ၊ ဘုရားလောင်းတို့သည် မှီဝဲအပ်သော။ ဓမ္မံ၊ ပါရမီဆယ်ပါး တရားမြတ်ကို။ သမ္မသတိ၊ သုံးသပ် ဆင်ခြင်၏။

ဗုဒ္ဓ ဘူမိံ၊ ဘုရားဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ ဓမ္မံ၊ ပါရမီဆယ်ပါး တရားကို။ အသေသတော၊ အကြွင်းမရှိသော အားဖြင့်။ သမ္မသတော၊ သုံးသပ်ဆင်ခြင်သော။ တဿ၊ ထိုသုမေဓာရှင်ရသေ့၏။ တေန သမ္မသန-ကာရဏေန၊ ထိုသို့ သုံးသပ်ဆင်ခြင်ခြင်းအကြောင်းကြောင့်။ သဒေဝကော၊ နတ်နှင့်တကွသော။လောကော၊ လောကဥ္စ။ ဒသသဟဿီ၊ တစ်သောင်းသော စကြဝဠာ ဖြစ်သော။ အယံ ပထဝီ၊ ဤ မြေကြီးသည်။ ကမ္ပိတာ၊ တုန်လှုပ်၏။

သုမေဓာရှင်ရသေ့အား ရမ္မဝတီပြည်သူတို့ ပူဇော်ခြင်း

ထို့နောက်မှ လူအပေါင်းတို့ သည်လည်း ဒီပင်္ကရာ မြတ်စွာဘုရား စကားတော်ကို ကြား၍ အလွန် ရွှင်လန်းသော စိတ်ရှိကုန်သည် ဖြစ်၍ ပန်းနံ့သာ နံ့သာပျောင်း စသော လှူဖွယ်ဝတ္ထုတို့ကို ယူလျက် ရမ္မဝတီမြို့မှ ထွက်၍ ဘုရားလောင်း သုမေဓာ ရှင်ရသေ့ အထံသို့ ကပ်လျက် ပန်းနံ့သာ စသည်ဖြင့် ပူဇော်၍ ရှိခိုးလျက် လက်ယာရစ် လှည့်လည်သည်ကို ပြု၍ ရမ္မဝတီမြို့သို့ ဝင်လေကုန်၏။

ထိုအခါ သုရားလောင်း သုမေဓာ ရှင်ရသေ့သည်လည်း ဆယ်ပါးသော ပါရမီတို့ကို သုံးသပ် ဆင်ခြင်တော်မူလျက် ဝီရိယကို မြဲစွာပြု၍ ဆောက် တည်တော်မူပြီးမှ ထက်ဝယ်ဖွဲ့ခွေ နေတော်မူရာမှ ထတော်မူ၏။ ထို့ကြောင့်—

> ဗုဒ္ဓဿ ဝစနံ သုတွာ၊ မနော နိဗ္ဗာယိ တာဝဒေ။
> သဗ္ဗေ မံ ဥပသင်္ကမ္မ၊ ပုနပိ မံ အဘိဝန္ဒယုံ။
>
> သမာဒိယိတွာ ဗုဒ္ဓဂုဏံ၊ ဒဠှံ ကတွာန မာနသံ။
> ဒီပင်္ကရံ နမဿိတွာ၊ အာသနာ ဝုဋ္ဌဟိံ တဒါ—

ဟူ၍ ဟောတော်မူ၏။

ဗုဒ္ဓဿ၊ ဒီပင်္ကရာ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ သုတွာ၊ ကြား၍၊ ကြားသောကြောင့်။ တာဝဒေ၊ ထိုကြားသောခဏ၌။မဟာဇနဿ၊

လူအများ၏။ မနော၊ နှလုံးသည်။ နိဗ္ဗာယိ၊ ငြိမ်း၏။ သဗ္ဗေ၊ အလုံးစုံကုန်သော ရမ္မဝတီပြည်သူတို့သည်။ မံ၊ ငါ့ကို။ ဝါ၊ ငါ့သို့။ ဥပသင်္ကမ္မ၊ ကပ်ကုန်၍။ ပုနပိ၊ တဖန်လည်း။ မံ၊ ငါ့ကို။ အဘိဝန္ဒယုံ၊ ရှိခိုးကုန်ပြီ။

တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ ဗုဒ္ဓ ဂုဏံ၊ ဘုရား ဂုဏ်ကျေးဇူးကို။ သမာဒိယိတွာ၊ ကောင်းစွာ ဆင်ခြင်၍။ ဝါ၊ ကောင်းစွာ ဆောက်တည်၍။ မာနသံ၊ စိတ်ကို။ ဒဠှံ ကတွာန၊ မြဲမြံစွာပြု၍။ ဒီပင်္ကရံ၊ ဒီပင်္ကရာ ထွက်ချာမှန်ကင်း သုံးလူ့မင်းကို။ နမဿိတွာ၊ ရှိခိုး၍။ အာသနာ၊ ထက်ဝယ်ဖွဲ့ခွေ နေရာမှ။ ဝုဋ္ဌဟိံ၊ ထပြီ။

သုမေဓာရှင်ရသေ့ကို နတ်တို့ ပူဇော်ခြင်း

ထိုအခါ သုမေဓာ ရသေ့သည် နေရာမှ ထသည်ရှိသော် အလုံးစုံ စကြဝဠာ တစ်သောင်း၌ နေကုန်သော နတ်အပေါင်းတို့သည် စည်းဝေး၍ နတ်၌ဖြစ်သော ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကုန်လျက် သုမေဓာရသေ့အား "သင်ကား ယနေ့ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကြီးစွာသော ဆုတောင်းခြင်းကို တောင့်တအပ်၏။ ထိုဆုတောင်းခြင်းသည် သင့်အား အန္တရာယ် မရှိသဖြင့် ပြည့်စုံသည် ဖြစ်ပါစေသတည်း။ သင် ထိုဘုရားဆုကို ယူရာ၌လည်း ဘေးသည်လည်းကောင်း, ကိုယ်လက် ခက်ထရော်ရှိခြင်းသည်လည်းကောင်း မဖြစ်ပါစေသတည်း။ သင်၏ ကိုယ်၌ အနည်းငယ်မျှသော အနာသည်လည်း မဖြစ်ပါစေသတည်း။ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုဖြည့်၍ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပါစေသတည်း။ ပွင့်ခြင်း သီးခြင်းသို့ ရောက်နိုင်စွမ်းသော သစ်ပင်တို့သည် မိမိတို့ သီးချိန် ပွင့်ချိန် ရောက်သောအခါ ကောင်းစွာ သီးကုန် ပွင့်ကုန်သကဲ့သို့ ထိုအတူ ရှင်ရသေ့သည်လည်း ဘုရားဗျာဒိတ်ကြားသော ကာလကို မလွန်စေမူ၍ သဗ္ဗညုတဉာဏ်သို့ ရောက်ပါစေသတည်း" ဤသို့အစရှိသော ထုတိမင်္ဂလာ ဩဘာစကားတို့ကို တစ်သောင်းသော နတ်အများတို့ ဆိုကြားကြကုန်၏။

ဤသို့သော ချီးမွမ်းစကားကို ဆိုကြားပြီးမှ ဘုရားလောင်းအား အလွန် ရိုသေစွာ ရှိခိုးလျက် မိမိ မိမိတို့၏ ဘုံဗိမာန်နေရာဌာန နတ်ပြည်သို့သာ ပြန်သွားကြကုန်၏။ နတ်တို့ ချီးမွမ်းအပ်သော ဘုရားလောင်း သည်လည်း

“ငါကား ဆယ်ပါးသော ပါရမီတို့ကိုဖြည့်၍ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေထက်၌ ဘုရားစင်စစ် ဖြစ်ပေအံ့” ဟု ဝီရိယကို မြဲမြံစွာပြု၍ ဆောက်တည်ကာ ကောင်းကင်သို့ ပျံတက်၍ ရသေ့အပေါင်းတို့ နေရာ ဟိမဝန္တာသို့ ကြွတော်မူ၏။ ။ထို့ကြောင့်——

ဒိဗ္ဗံ မာနုသကံ ပုပ္ဖံ၊ ဒေဝါ မာနုသကာ ဥဘော။
သမောကိရန္တိ ပုပ္ဖေဟိ ဝုဋ္ဌဟန္တဿ အာသနာ။

ဝေဒယန္တိ စ တေ သောတ္ထိံ၊ ဒေဝါ မာနုသကာ ဥဘော။
မဟန္တံ ပတ္ထိတံ တုယှံ၊ လဘဿု တံ ယထိစ္ဆိတံ။

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊ ဖုသ ခိပ္ပံ ဗောဓိမုတ္တမံ။

ယထာ သမယေ သမ္ပတ္တေ၊ ပုပ္ဖန္တိ ပုပ္ဖိနော ဒုမာ။
တထေဝ တွံ မဟာဝီရ၊ ဗုဒ္ဓဉာဏေဟိ ပုပ္ဖဿု။

ယထာ ယေကေစိ သမ္ဗုဒ္ဓါ၊ ပူရယုံ ဒသပါရမီ။
တထေဝ တွံ မဟာဝီရ၊ ပူရယ ဒသပါရမီ။

ယထာ ယေကေစိ သမ္ဗုဒ္ဓါ၊ ဗောဓိမူလမှိ ဗုဇ္ဈရေ။
တထေဝ တွံ မဟာဝီရ၊ ဗုဇ္ဈဿု ဇိနဗောဓိယံ။

ယထာ ယေကေစိ သမ္ဗုဒ္ဓါ၊ ဓမ္မစက္ကံ ပဝတ္တယုံ။
တထေဝ တွံ မဟာဝီရ၊ ဓမ္မစက္ကံ ပဝတ္တယ။

ပုဏ္ဏမာယေ ယထာ စန္ဒော၊ ပရိသုဒ္ဓေါ ဝိရောစတိ။
တထေဝ တွံ ပုဏ္ဏမနော၊ ဝိရောစ ဒသသဟဿိယံ။

ရာဟုမုတ္တော ယထာ သူရိယော၊ တာပေန အတိရောစတိ။
တထေဝ လောကာ မုစ္စိတွာ၊ ဝိရောစ သိရိယာ တုဝံ။

ယထာ ယေကေစိ နဒိယော၊ ဩသရန္တိ မဟောဒဓိံ။
ဧဝံ သဒေဝကာ လောကာ၊ ဩသရန္တိ တဝန္တိကေ။

တေဟိ ထုတိပ္ပလဒ္ဓော သော၊ ဒသမေမ့ သမာဒိယ။
တေ ဓမ္မေ ပရိပူရေန္တော၊ ပဝနံ ပါဝိသိ တဒါ —

ဟူ၍ ဟောတော်မူ၏။

ဥဘော၊ နှစ်ပါးကုန်သော။ ဒေဝါ-မာနုသကာ၊ နတ်လူတို့သည်။ ဒိဗ္ဗံ၊ နတ်ပြည်၌ဖြစ်သော။ ပုပ္ဖဉ္စ၊ ပင်လယ် ကသင်စသော ပန်းတို့ကို လည်းကောင်း။ မာနုသကံ၊ လူ၌ ဖြစ်သော။ ပုပ္ဖဉ္စ၊ စပယ် ခရေး စသော ပန်းတို့ကို လည်းကောင်း။ ဂဟေတွာ၊ ယူ၍။အာသနာ၊ ထက်ဝယ်ဖွဲ့ခွေနေတော်မူရာမှ။ ဝုဋ္ဌဟန္တဿ၊ ထသော။ မေ၊ငါ့အား။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ သမောကိရန္တိ၊ ထက်ဝန်းကျင် ရှိသေစွာ ကြဲဖြန့်ပူဇော်ကုန်၏။

ဥဘော၊နှစ်ပါးကုန်သော။ တေ ဒေဝါ-မာနုသကာ၊ ထိုနတ်လူတို့သည်။ သောတ္ထိံ၊ ချမ်းသာသည်၏ အဖြစ်ကို။ ဝေဒယန္တိ၊ သိစေကုန်ပြီ။ တုယှံ၊ သင်ကား။ မဟန္တံ၊ ကြီးမြတ်သော။ ယံ၊ အကြင်ဆုကို။ ပတ္ထိတံ၊ တောင့်တအပ်၏။ တံ၊ ထိုဆုကို။ တွံ၊ ရှင်ရသေ့သည်။ ယထိစ္ဆိတံ၊ အလိုရှိတိုင်း။ လဘဿု၊ ရစေသတည်း။

တေ၊ ရှင်ရသေ့အား။ သဗ္ဗီတိယော၊ ဘေးဥပဒ္ဒဝေါတို့သည်။ ဝိဝဇ္ဇန္တု၊ မဖြစ်စေကုန်သတည်း။ [ကင်းစေကုန်သတည်းလည်းဟူ]။ သောကော စ၊ စိုးရိမ်ခြင်းသည် လည်းကောင်း။ ရောဂေါ စ၊ အနာသည် လည်းကောင်း။ ဝိနဿတု၊ ပျောက်စေသတည်း။ တေ၊ရှင်ရသေ့အား။ အန္တရာယာ၊အန္တရာယ်တို့သည်။ မာ ဘဝန္တု၊ မဖြစ်စေကုန်သတည်း။ တွံ၊ ရှင်ရသေ့သည်။ ဥတ္တမံ၊ မြတ်သော။ ဗောဓိံ၊အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ခိပ္ပံ၊ လျင်စွာ။ ဖုသ-ပါပုဏာဟိ၊ ရောက်လေလော့။

သမယေ၊ ပွင့်ချိန်ကာလသည်။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ပုပ္ဖိနော၊ အပွင့်ကိုဆောင်ကုန်သော။ ဒုမာ၊ သစ်ပင်တို့သည်။ ပုပ္ဖန္တိယထာ၊ ပွင့်ကုန်သကဲ့သို့။ တထေဝ၊ ထို့အတူရင်းလျှင်။ မဟာဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူသော ရှင်ရသေ့။ တွံ၊ရှင်ရသေ့သည်။ဗုဒ္ဓဉာဏေဟိ၊ တစ်ဆယ့်ရှစ်ပါးသော ကျေးဇူးတို့ဖြင့်။ ပုပ္ဖဿု၊ ပွင့်လေလော့။

ယေကေစိ၊ ခပ်သိမ်းကုန်သော။ သမ္ဗုဒ္ဓါ၊ ဘုရားတို့သည်။ ဒသ ပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရယုံ ယထာ၊ ဖြည့်ကုန်သကဲ့သို့။ တထေဝ၊ လျှင်။ မဟာဝီရ၊ ကြီးသောလုံ့လရှိသော ရှင်ရသေ့။ တွံ၊ ရှင်ရသေ့သည်။ ဒသ ပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရယ-ပရိပူရယ၊ ဖြည့်လေလော့။

ယေကေစိ၊ ကုန်သော။ သမ္ဗုဒ္ဓါ၊ တို့သည်။ ဗောဓိမဏ္ဍမှိ၊ ဗောဓိမဏ္ဍိုင်၌။ ဗုဇ္ဈရေ ယထာ၊ ပွင့်ကုန်သကဲ့သို့။ တထေဝ၊ လျှင်။ မဟာဝီရ၊ ရသေ့။ တွံ၊ သည်။ ဇိန ဗောဓိယံ၊ ဘုရားတို့၏ ပွင့်ရာဖြစ်သော ဗောဓိမဏ္ဍိုင်၌။ တနည်းကား။ မာရ်ငါးပါးကို အောင်မြင်ရာဖြစ်သော ဗောဓိပင်ရင်း၌။ ဗုဇ္ဈဿု၊ ပွင့်လေလော့။

ယေကေစိ၊ ကုန်သော။ သမ္ဗုဒ္ဓါ၊ တို့သည်။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားတော်ကို။ ပဝတ္တယုံ ယထာ၊ ဟောကုန်သကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ မဟာဝီရ၊ ရသေ့။ တွံ၊ သည်။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တယ၊ ဟောတော်မူလော့။

စန္ဒော၊ လသည်။ ပုဏ္ဏမာသေ၊ လပြည့်နေ့၌။ ပရိသုဒ္ဓေါ၊ စင်ကြယ်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိရောစတိ ယထာ၊ တင့်တယ်သကဲ့သို့။ တထေဝ၊ လျှင်။ မဟာဝီရ၊ ရသေ့။ တွံ၊ သည်။ ပုဏ္ဏမနော-ပုဏ္ဏမနောရထော၊ ပြည့်စုံသော နှလုံးရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဒသသဟဿိယံ၊ တစ်သောင်းသော လောကဓာတ်၌။ ဝိရောစ၊ တင့်တယ်ပါလော့။

ရာဟု မုတ္တော၊ ရာဟုဖမ်းခြင်းမှ လွတ်သော။ သူရိယော၊ နေမင်းသည်။ တာပေန၊ အရောင်ဖြင့်။ အတိရောစတိ ယထာ၊ အလွန် တင့်တယ်သကဲ့သို့။ တထေဝ၊ လျှင်။ မဟာဝီရ၊ ရသေ့။ တုဝံ၊ သည်။ လောကာ၊ ဝဋ်ဆင်းရဲတို့သည်။ မုစ္စိတွာ၊ မလိမ်းကျံသည်ဖြစ်၍။ တစ်နည်းကား။ လောကာ၊ ဝဋ်ဆင်းရဲမှ။ မုစ္စိတွာ၊ လွတ်၍။ သိရိယာ၊ ဘုရား၏ အသရေတော်ဖြင့်။ ဝိရောစ၊ တင့်တယ်ပါလော့။

သုမေဓ တာပသ၊ သုမေဓာရှင်ရသေ့။ ယာကာစိ၊ ခပ်သိမ်းကုန်သော။ နဒိယော၊ မြစ်တို့သည်။ မဟောဒဓိံ၊ မဟာသမုဒ္ဒရာသို့။ သြသရန္တိ ယထာ၊ စီးဝင်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သဒေဝကာ၊ နတ်နှင့်တကွကုန်သော။ လောကာ၊ လူတို့သည်။ တဝန္တိကေ၊ ရှင်ရသေ့အထံသို့။ သြသရန္တိ-

ဥပဂစ္ဆန္တိ၊ ကပ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ဥဘော၊ နှစ်ပါးကုန်သော။ တေ ဒေဝမနုဿာ၊ ထိုနတ်လူတို့သည်။ သောတ္ထိံ၊ ချမ်းသာသောမင်္ဂလာကို။ ပဝေဒယန္တိ၊ သိစေကုန်ပြီ။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ သော၊ ထိုသုမေဓာရှင်ရသေ့သည်။ တေဟိ၊ ထိုနတ်လူတို့သည်။ ထုတိပ္ပသတ္တော၊ အလွန်ချီးမွမ်းအပ်သည်ဖြစ်၍။ တစ်နည်းကား။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တေဟိ၊ ထိုနတ်လူတို့သည်။ ထုတိပ္ပသတ္တော၊ အလွန် ချီးမွမ်းအပ်သော။ သော၊ ထိုသုမေဓာ ရှင်ရသေ့သည်။ ဒသ ဓမ္မေ၊ ဆယ်ပါးသော ပါရမီတရားတို့ကို။ သမာဒိယ၊ ကောင်းစွာ ဆောက်တည်၍။ တေ ဓမ္မေ၊ ထိုပါရမီဆယ်ပါးတို့ကို။ ပရိပူရေန္တော၊ ဖြည့်လိုသည်။ ဟုတွာ၊ ဖြစ်၍။ ပဝနံ၊ ဓမ္မိကတောင်သို့။ တဒါ၊ ထိုအခါ၌။ ပါဝိသိ၊ ဝင်တော်မူ၏။

ဤတွင် ရှေ့ကား ကောင်းမြတ်ချိုမြိန်သောလူနတ်တို့၏ တင့်တယ်ရာ
တင့်တယ်ကြောင်းဖြစ်သော ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌
သုမေဓာကို ဆိုရာဆိုကြောင်းဖြစ်သော
အခန်းကား ပြီး၏။

၃-ဒီပင်္ကရာ ဗုဒ္ဓဝံသ

ရမ္မဝတီ ပြည်သူပြည်သားတို့အား ဒီပင်္ကရာမြတ်စွာဘုရား ဒါနတရားကို ဟောတော်မူခြင်း

ရမ္မဝတီပြည်၌ နေကုန်သော ဥပါသကာဒါယကာတို့သည်လည်း ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား အလှူကြီးကို ပေး၍ ဆွမ်းစားပြီးသော မြတ်စွာဘုရားကို ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကာ ကောင်းစွာရှိခိုး၍ အလှူပေးခြင်း၌ တရားအနုမောဒနာ နာလိုကုန်သည်ဖြစ်၍ အနီးသို့ချဉ်းကပ် လျောက်ပတ်သော အရပ်၌ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည်လည်း ရမ္မဝတီ ပြည်သူပြည်သားတို့အား လွန်မြတ်ချီးမြိန်စွာ သာယာနာပျော်ဖွယ်ရှိသော အလှူပေးခြင်းတရားကို ဟောကြားတော်မူ၏။ အဘယ်သို့ ဟောကြားတော်မူသနည်းဟူမူကား—

ဒါနံ နာမ သုခါဒီနံ၊ နိဒါနံ ပရမံ မတံ။
ဒိဗ္ဗာနံ ပန သောပါနံ၊ ပတိဋ္ဌာတိ ပဝုစ္စတိ။

ဒါနံ နာမ၊ ဒါနမည်သည်ကား။ သုခါဒီနံ၊ သုခစသည်တို့၏။ ပရမံ၊ လွန်မြတ်သော။ နိဒါနံ၊ အကြောင်းဟူ၍။ မတံ၊ သိအပ်၏။ ဒိဗ္ဗာနံ ပန၊ နတ်ပြည်တို့၏ကား။ သောပါနံ၊ စောင်းတန်းမည်၏။ ပတိဋ္ဌာတိ၊ သတ္တဝါတို့တည်ရာဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။

ဒါနံ တာဏံ မနုဿာနံ[၁]၊ ဒါနံ ဗန္ဓု ပရာယနံ။
ဒါနံ ဒုက္ခာဓိပန္နာနံ၊ သတ္တာနံ ပရမာ ဂတိ။

ဒါနံ၊ ဒါနသည်။ မနုဿာနံ၊ လူတို့အား။ ဝါ၊ လူတို့ကို။ တာဏံ၊ စောင့်ရှောက်ရာဖြစ်၏။ ဒါနံ၊ ဒါနသည်။ ဗန္ဓု၊ အဆွေအမျိုးနှင့်တူ၏။ ပရာယနံ၊ လဲလျောင်းရာတည်း။ ဒါနံ၊ဒါနသည်။ ဒုက္ခာဓိပန္နာနံ၊ဒုက္ခသို့ရောက်ကုန်သော။ ဝါ၊ ဒုက္ခဖြင့် ပျက်စီးကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ပရမာ ဂတိ၊ လွန်မြတ်သော လားရာသည်။ ဟောတိ၊ ဖြစ်၏။

ဒုက္ခနိတ္ထရဏဋ္ဌေန၊ ဒါနံ နာဝါတိ ဒီပိတံ။
ဘယရက္ခဏတော ဒါနံ၊ နဂရန္တိ စ ဝဏ္ဏိတံ။

၁။ မနုဿာနံ၊ သီဟိုဠ်စာ ဗုဒ္ဓဝင်အဋ္ဌကထာ ၉၆။

ဒုက္ခနိတ္ထရဏဋ္ဌေန၊ ဒုက္ခမှ ထုတ်ဆောင်တတ်သော အနက်ကြောင့်။ ဒါနံ၊ ဒါနကို။ နာဝါတိ၊ လှေသင်္ဘောဟူ၍။ ဝါ၊ လှေသင်္ဘောနှင့် တူ၏ဟူ၍။ ဒီပိတံ၊ ပြအပ်၏။ ဘယရက္ခဏတော၊ ဘေးကို စောင့်ရှောက်တတ်သော ကြောင့်။ ဝါ၊ ဘေးကို တားမြစ်တတ်သောကြောင့်။ ဒါနံ၊ ဒါနကို။ နဂရန္တိ စ၊ မြို့ကြီးနှင့်တူ၏ဟူ၍လည်း။ ဝဏ္ဏိတံ၊ ချီးမွမ်းအပ်၏။

ဒါနံ ဒုရာသဒဋ္ဌေန၊ ဝုတ္တမာသိဝိသောတိ စ။
ဒါနံ လောဘမလာဒီဟိ၊ ပဒုမံ အနုပလိတ္တတော။

ဒါနံ၊ ဒါနကို။ ဒုရာသဒဋ္ဌေန၊ ရန်သူတို့ ချဉ်းကပ်ဖိစီးနိုင်ခဲသော အနက် ကြောင့်။ အာသိဝိသောတိ၊ ပြင်းစွာသောအဆိပ်ဟူ၍လည်း။ ဝုတ္တံ၊ ဆိုအပ်၏။ ဒါနံ၊ ဒါနသည်။ လောဘမလာဒီဟိ၊ လောဘစသော အညစ်အကြေးတို့ဖြင့်။ အနုပလိတ္တတော၊ မလိမ်းကျံအပ်သောကြောင့်။ ပဒုမံ၊ ပဒုမ္မာကြာနှင့်တူ၏။

နတ္ထိ ဒါနသမော လောကေ၊ ပုရိသဿ အဝဿယော။
ပဋိပဇ္ဇထ တသ္မာ တံ၊ ကိရိယာဇ္ဈာသယေန စ။

လောကေ၊ လောက၌။ ပုရိသဿ၊ ယောကျ်ားအား။ ဒါနသမော၊ ဒါန နှင့်တူသော။ အဝဿယော၊ ကိုးကွယ်ရာမည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုဒါနကို။ အဇ္ဈာသယေန စ၊ လွန်စွာသောအလိုဖြင့်လည်း။ ကိရိယာ၊ ပြုရာ၏။ ပဋိပဇ္ဇထ၊ ကျင့်ကြကုန်လော့။

သဂ္ဂလောကနိဒါနာနိ၊ မတိမာ စ ဣဓ ယသ္မာ[၁]။
ကော ဟိ နာမ နရော လောကေ၊ န ဒဒေယျ ဟိတေ ရတော။

ဣဓ လောကေ၊ ဤလောက၌။ ဒါနာနိ၊ ဒါနတို့သည်။ သဂ္ဂလောက-နိဒါနာနိ၊ နတ်ရွာ၏ အကြောင်းရင်းတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ လောကေ၊ လောက၌။ မတိမာ၊ ပညာရှိသော။ ဟိတေ၊ မိမိစီးပွား, သူတပါးစီးပွား၌။ ရတော၊ မွေ့လျော်သော။ ကော ဟိ နာမ နရော၊ အဘယ်မည်သော သူသည်။ န ဒဒေယျ၊ အလှူမပေးဘဲ နေလေအံ့နည်း။

သုတွာ ဒေဝေသု သမ္ပတ္တိံ၊ ကော နရော ဒါနသမ္ဘဝံ။
န ဒဇ္ဇာ သုခပ္ပဒံ ဒါနံ၊ ဒါနံ စိတ္တပ္ပမောဒနံ။

၁။ ဒါနာနိ မတိမာ ဣဓ။ သီဟိုဠ်ဗုဒ္ဓဝင် အဋ္ဌကထာ ၉၆။

ဒေဝေသု၊ နတ်ပြည်တို့၌။ ဒါနသမ္ဘဝံ၊ ဒါနကြောင့် ဖြစ်သော။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာကို။ သုတွာ၊ ကြားရသည် ရှိသော်။ သုခပ္ပဒံ၊ ချမ်းသာကို ပေးတတ်သော။ ဒါနံ၊ ဒါနကို။ ကော နရော၊ အဘယ်မည်သောယောကျ်ား သည်။ န ဒဇ္ဇာ၊ မပေးမလှူဘဲ နေနိုင်တုံအံ့နည်း။ ဒါနံ၊ ဒါနသည်။ စိတ္တပ္ပ-မောဒနံ၊ စိတ်ကိုရွှင်လန်း ဝမ်းမြောက်စေတတ်၏။

ဒါနေန ပဋိပန္နေန၊ အစ္ဆရာပရိဝါရိတာ။
ရမတေ သုစိရကာလံ၊ နန္ဒနေ သုရနန္ဒနေ။

ပဋိပန္နေန၊ ကျင့်သော။ ဒါနေန၊ ဒါနဖြင့်။ ဝါ၊ ဒါနကြောင့်။ သုရနန္ဒနေ၊ တာဝတႎံသာနတ်တို့၏ နှစ်သက်ရာ ဖြစ်သော။ နန္ဒနေ၊ နန္ဒဝန်ဥယျာဉ်၌။ သုစိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အစ္ဆရာပရိဝါရိတာ၊ နတ်သမီးအပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍။ ရမတေ၊ မွေ့လျော်ရာ၏။

ပီတိမုဠာရံ ဝိန္ဒတိ ဒါတာ၊ ဂါရဝသ္မိံ ဂစ္ဆတိ လောကေ။
ကိတ္တိမနန္တံ ယာတိ စ ဒါတာ၊ ဝိဿသနီယော ဟောတိ စ ဒါတာ။

ဒါတာ၊ ပေးလှူသော သူသည်။ ဥဠာရံ၊ ပြန့်ပြောသော။ ပီတိံ၊ ပီတိကို။ ဝိန္ဒတိ၊ ရ၏။ ဒါတာ၊ ပေးလှူသောသူသည်။ အသ္မိံ လောကေ၊ ဤလောက၌။ ဂါရဝံ၊ သူခပ်သိမ်းတို့ ရိုသေခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဒါတာ၊ ပေးလှူသောသူသည်။ အနန္တံ၊ အဆုံးမရှိသော။ ကိတ္တိဥ္စ၊ ကျော်စောခြင်းသို့လည်း။ ယာတိ၊ ရောက်၏။ ဒါတာ၊ ပေးလှူသော သူသည်။ ဝိဿသနီယော စ၊ သူတထူးတို့ အကျွမ်းဝင်စေတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ဒတွာ ဒါနံ ယာတိ နရော သော၊ ဘောဂသမိဒ္ဓိံ ဒီဃဥ္စာယု။
သုဿရတမ္ပိ စ ဝိန္ဒတိ ရူပံ၊ သဂ္ဂေ သဒ္ဓိံ ကီဠတိ ဒေဝေဟိ။

သော နရော၊ ထိုသူသည်။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ဝါ၊ ပေးသောကြောင့်။ ဘောဂသမိဒ္ဓိံ၊ စည်းစိမ်ချမ်းသာ၏ပြည့်စုံခြင်းသို့။ ယာတိ၊ ရောက်၏။ အာယု စ၊ အသက်သည်လည်း။ ဒီဃံ၊ ရှည်ခြင်းသို့။ ယာတိ၊ ရောက်၏။ သုဿရတမ္ပိ စ၊ ကောင်းသော အသံရှိသည်၏ အဖြစ်ကိုလည်း ကောင်း။ ရူပဉ္စ၊ အဆင်းကိုလည်းကောင်း။ ဝိန္ဒတိ၊ ရ၏။ သဂ္ဂေ၊ နတ်ပြည်၌။ နာနာမတ္တမယူရာဘိရုတေသု၊ အထူးထူး အပြားပြား ယစ်ကုန်သော

ဥခေါင်းတို့၏ တွန်မြူးရာဖြစ်ကုန်သော။ ဝိမာနေသု၊ ဗိမာန်တို့၌။ ဌတွာ၊ တည်၍။ ဒေဝေဟိ၊ နတ်တို့နှင့် ။သဒ္ဓိံ၊ တကွ။ ကီဠတိ၊ ရွှင်မြူးရ၏။

ဤသို့ အစရှိသောနည်းတို့ဖြင့် ဒါနကြောင့် ကောင်းသောသုခချမ်းသာ မဂ်လာကို အစဉ် အလာဖြင့် ဟောကြားတော်မူပြီးမှ ဒါန၏ အကျိုး အာနိသံသကို ပြတော်မူသည်၏ အခြားမဲ့၌ သီလတရား စကားကို ဟောကြားတော်မူ၏။ အဘယ်သို့ ဟောကြားတော်မူသနည်း ဟူမူကား— သီလမည်သည် ပစ္စုပ္ပန်လောက, တမလွန်လောက၌ ဖြစ်သော စည်းစိမ် ချမ်းသာတို့၏ မူလအကြောင်းရင်းတည်း။ သီလသည် ချမ်းသာဟူသမျှတို့၏ လွန်မြတ်သော အကြောင်းရင်းတည်း။ သီလတန်ခိုးကြောင့် ထူးမြတ်သော နတ်ပြည်သို့ ရောက်တတ်၏။ သီလသည် သံသရာသို့ ကပ်သော သူအား စောင့်ရှောက်ရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာလည်း ဖြစ်၏။ လူတို့အား ပစ္စုပ္ပန်လောက, တမလွန်လောက၌ သီလနှင့် တူသော တပါးသော မှီခို ကိုးကွယ်ရာမည်သည် အဘယ်မှာ ရှိအံ့နည်း။ ထာဝရဥစ္စာ, ဇင်္ဂမဥစ္စာတို့၏ တည်ရာဖြစ်သော မြေကဲ့သို့ ထို့အတူ သီလသည် အလုံးစုံသော ဂုဏ်ကျေးဇူးတို့၏ တည်ရာလည်း ဖြစ်၏။

* သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
အရိယဝုတ္တိသမာစာရော၊ ယေန ဝုစ္စတိ သီလဝါ။

သီလံ၊ သီလသည်။ ကလျာဏံ၊ ကောင်း၏။ လောကေ၊ လောက၌။ သီလံ၊ သီလသည်။ ယေန-ယသ္မာ ကာရဏာ၊ အကြင်ကြောင့်။ အနုတ္တရံ၊ အတုမရှိ။ တေန-တသ္မာ ကာရဏာ၊ ထို့ကြောင့်။ သီလဝါ၊ သီလရှိသောသူကို။ အရိယ-ဝုတ္တိသမာစာရောတိ၊ အရိယာတို့၏ နေခြင်းဖြင့် ကောင်းသော အကျင့် ရှိသော သူဟူ၍။ ဝါ၊ အရိယာတို့၏ အသက်မွေးခြင်းဖြင့် ကောင်းသော အကျင့်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

လောက၌ သီလတည်းဟူသော-တန်ဆာနှင့် တူသော တန်ဆာမည်သည် မရှိ။ သီလအနံ့နှင့်တူသော အနံ့မည်သည်မရှိ။ သီလနှင့်တူသော ကိလေသာ အညစ်အကြေးကို ဆေးလျှော် သုတ်သင်တတ်သော တရားမည်သည် မရှိ။ သီလနှင့် တူသော ပူပန်ခြင်းကို ငြိမ်းစေတတ်သော တရားမည်သည် မရှိ။

---

* တိကနိပါတ် ၂၉၀-သီလဝိမံသကဇာတ် ပါဠိတော် ၂၉။

သီလနှင့်တူသော ကျော်စောခြင်းကို ဖြစ်စေတတ်သော တရားမည်သည်မရှိ။ သီလနှင့် တူသော နတ်ရွာသို့ တက်ရာ စောင်းတန်းသဖွယ်မည်သည် မရှိ။ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ ဝင်ခြင်း၌ သီလနှင့်တူသော တံခါးမည်သည် မရှိ။

ပုလဲပတ္တမြားတို့ဖြင့် တန်ဆာဆင်အပ်သော အဆင်းအရွယ်ရှိသော မင်းတို့ တင့်တယ်သကဲ့သို့ ထို့အတူ သီလတည်းဟူသော တန်ဆာဖြင့် တန်ဆာဆင်ကုန်သော ရဟန်းမြတ်တို့သည် တင့်တယ်ကုန်၏။ သီလ၏ အနံ့သည် လေကြေလေညာသို့ လှိုင်၏။ ပန်တို့၏ အနံ့သည် လေညာသို့ မလှိုင်နိုင်။ စန္ဒကူးအနံ့ တောင်ဇလပ်အနံ့ ကြက်ရုံးအနံ့ ဂမုန်းအနံ့တို့သည် လေညာသို့ မရောက်နိုင်။ သူတော်ကောင်းတို့၏ သီလအနံ့ကား လေညာသို့လည်းကောင်း, အလုံးစုံသော အရပ်မျက်နှာသို့လည်းကောင်း ပျံ့လှိုင်၏။

* န ဂင်္ဂါ ယမုနာ စာပိ၊ သရဘူ သရဿတီ။
နိန္နဂါ ဝါ စိရဝတီ၊ မဟီ ပါပိ မဟာနဒီ။
သက္ကုဏန္တိ ဝိသောဓေတုံ၊ တံ မလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီလဇလံ မလံ။

န တံ သဇလဒါ ဝါတာ၊ န စာပိ ဟရိစန္ဒနံ။
နေဝ ဟာရာ န မဏယော၊ န စန္ဒကိရဏင်္ကုရာ။

သမယန္တီဓ သတ္တာနံ၊ ပရိဠာဟံ သုရက္ခိတံ။
ဇနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတော သဒါ။

သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန–နဂရဿ ပဝေသနေ။

ဂုဏာနံ မူလဘူတဿ၊ ဒေါသာနံ ဗလဃာတိနော။
ဣတိ သီလဿ ဇာနာထ၊ အာနိသံသမနုတ္တရံ။

ဂင်္ဂါ ယမုနာ စာပိ၊ ဂင်္ဂါ ယမုနာ အမည်ရှိသည်လည်း ဖြစ်ကုန်သော။ သရဘူ၊ သရဘူ အမည်ရှိသည်လည်း ဖြစ်သော။ အစိရဝတီ၊ အစိရဝတီ

---

* ဤဂါထာတို့သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၁-သီလနိဒ္ဒေသ ၉-လာ ဂါထာတို့ ပေတည်း။ အချို့မတူသော်လည်း အဓိပ္ပါယ်မပျက်၍ မပြင်ပြီ။

အမည်ရှိသည်လည်း ဖြစ်သော။ မဟီ ဝါပိ၊ မဟီ အမည်ရှိသည်လည်း ဖြစ်သော။ မဟာနဒီ ဝါ၊ ကြီးစွာသော မြစ်တို့သည်လည်းကောင်း။ သရဿတီ၊ သရဿတီ အမည်ရှိသော။ နိန္နဂါ ဝါ၊ မြစ်ငယ်သည်လည်းကောင်း။ ဣမ၊ ဤလောက၌။ ပါဏီနံ၊ သတ္တဝါတို့၏။ တံ မလံ၊ ထိုလောဘ စသော အညစ်အကြေးကို။ ဝိသောဓေတုံ၊ သုတ်သင်ခြင်းငှါ။ န သက္ကုဏန္တိ၊ မတတ်နိုင်ကုန်။

သတ္တာနံ၊ သတ္တဝါတို့၏။ ယံ မလံ၊ အကြင်လောဘစသော အညစ်အကြေးကို။ ဝေ၊ စင်စစ်။ သီလဇလံ၊ သီလတည်းဟူသော ရေသည်။ ဝိသောဓယတိ၊ သုတ်သင်နိုင်၏။ တံ မလံ၊ ထိုအညစ်အကြေးကို။ သဇလဇာ၊ မိုးဖွဲနှင့် တကွကုန်သော။ ဝါတာ၊ လေတို့သည်။ န ဝိသောဓယန္တိ၊ မသုတ်သင်နိုင်ကုန်။ ဟရိစန္ဒနံ၊ စန္ဒကူးရွှေသည်။ န စာပိ ဝိသောဓယတိ၊ မသုတ်သင်နိုင်။

ဣမ၊ ဤလောက၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ပရိဠာဟံ၊ ကိလေသာတည်းဟူသော ပူအိုက်ခြင်းကို။ ဟာရာ၊ ပုလဲသွယ်တို့သည်။ နေဝ သမယန္တိ၊ မအေးငြိမ်းစေနိုင်ကုန်။ မဏိယော၊ ပတ္တမြားတို့သည်။ န သမယန္တိ၊ မအေးငြိမ်းစေနိုင်ကုန်။ စန္ဒကိရဏင်္ကုရာ၊ လရောင်ညွန့်တို့သည်။ န သမယန္တိ၊ မအေးငြိမ်းစေနိုင်ကုန်။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်အပ်သော။ သီလံ၊ သီလသည်။ သမေတိ၊ အေးငြိမ်းစေနိုင်၏။

သီလဝတော၊ သီလရှိသောသူအား။ ဝါ၊ သူ၏။ သီလံ၊ သီလသည်။ သဒါ၊ အခါခပ်သိမ်း။ ကိတ္တိဥ္စ၊ ကျော်စောခြင်းကိုလည်းကောင်း။ ဟာသဉ္စ၊ ရွှင်ခြင်းကိုလည်းကောင်း။ ဇနေယံ၊ ဖြစ်စေနိုင်၏။ သီလသမံ၊ သီလနှင့် တူသော။ အညံ၊ သီလမှ တပါးသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ရွာသို့ တက်ရာ စောင်းတန်းသဖွယ်မည်သည်။ ကုတော၊ အဘယ်မှာ ရှိပေတော့ အံ့နည်း။

နိဗ္ဗာနနဂရဿ၊ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့။ ပဝေသနေ၊ ဝင်ခြင်း၌။ သီလသမံ၊ သီလနှင့် တူသော။ ဒွါရံ ဝါ ပန၊ တံခါးမည်သည်။ ကုတော၊ အဘယ်မှာ ရှိတော့အံ့နည်း။ ဂုဏာနံ၊ ကျေးဇူးတို့၏။ မူလဘူတဿ၊ အကြောင်းရင်းဖြစ်၍ ဖြစ်သော။ ဒေါသာနံ၊ အပြစ်တို့၏။ ဗလဃာတိနော၊ အားအစွမ်းကို သတ်တတ်သော။ သီလဿ၊ သီလ၏။ အနုတ္တရံ၊ အတုမရှိသော။ အာနိသံသံ၊ အကျိုးကို။ ဣတိ၊ ဤသို့။ ဇာနာထ၊ သိကြကုန်လော့။

ဤသို့လျှင် မြတ်စွာဘုရားသည် သီလအကျိုးတို့ကို ပြတော်မူ၍ ဤ သီလကို မှီလျက် နတ်ပြည်ကို ရ၏ဟု ပြခြင်းငှာ သီလ၏ အခြားမဲ့၌ နတ်ရွာ စကားတို့ ဟောကြားတော်မူ၏။ ဤနတ်ရွာ ဟူသည်လည်း အလိုရှိအပ် နှစ်သက်အပ်နှလုံးကို ပွါးစေတတ်သည်ဖြစ်၍ စင်စစ် ချမ်းသာ၏။ ဤနတ်ရွာ၌ အမြဲလျှင် ကစားမြူးထူးခြင်းရှိသည် ဖြစ်၍ စည်းစိမ်ချမ်းသာတို့ကို ရအပ် ကုန်၏။

စတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော နတ်တို့သည်ကား အနှစ် ကိုးသန်းတို့ ပတ်လုံး နတ်၌ ဖြစ်သော ချမ်းသာကိုလည်းကောင်း, နတ်၌ ဖြစ်သော စည်းစိမ်ကိုလည်းကောင်း ရကုန်၏။ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော နတ်တို့ ကား အနှစ် သုံးကုဋေခြောက်သန်းတို့ပတ်လုံး နတ်၏ စည်းစိမ်ချမ်းသာကို ရကုန်၏။ ဤသို့ အစရှိသော နည်းဖြင့် နတ်ရွာ၏ ကျေးဇူးနှင့် စပ်သော စကားတို့ကို ဟောကြားတော်မူ၏။

ဤသို့ နတ်ရွာစကားဖြင့် ဖြားယောင်းပြီးမှ တဖန် ဤနတ်ရွာဟူသည် လည်း မမြဲခြင်းမရှိ။ ထိုနတ်ရွာ၌ တပ်ခြင်းတည်းဟူသော ဆန္ဒရာဂကို မပြု အပ်ဟု ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း,ယုတ်သော အခြင်းအရာကို လည်းကောင်း, ညစ်နွမ်းခြင်းကိုလည်းကောင်း, တောထွက်ခြင်း၌ အကျိုးကို လည်းကောင်း ပြတော်မူ၍ အမြိုက် နိဗ္ဗာန်လျှင် အဆုံးရှိသော တရား စကားကို ဟောကြားတော်မူ၏။

ဤသို့ လူအပေါင်းအား ဒီပင်္ကရာ မြတ်စွာဘုရား တရားဟောတော် မူသည် ရှိသော် အချို့သော သူတို့ သရဏဂုံ၌ တည်ကုန်၏။ အချို့အား ငါးပါးသီလ, အချို့အား သောတာပတ္တိဖိုလ်, အချို့အား သကဒါဂါမိဖိုလ်, အချို့အား လေးပါးသောဖိုလ်, အချို့အား ဝိဇ္ဇာသုံးပါး, အချို့အား အဘိညာဉ် ခြောက်ပါး, အချို့အား သမာပတ်ရှစ်ပါးတို့၌ တည်စေတော် မူပြီးမှ နေရာမှ ထတော်မူကာ ရမ္မဝတီမြို့မှ ထွက်၍ သုဒဿန ကျောင်းတော် ကြီးသို့သာလျှင် ဝင်တော်မူ၏။ ထို့ကြောင့်—

တဒါ တေ ဘောဇယိတွာန၊ သသံဃံ လောကနာယကံ။
ဥပဂစ္ဆုံ သရဏံ တဿ၊ ဒီပင်္ကရဿ သတ္ထုနော။
သရဏာဂမနေ ကဉ္စိ၊ နိဝေသေသိ တထာဂတော။
ကဉ္စိ ပဉ္စသု သီလေသု၊ သီလေ ဒသဝိဓေ ပရံ။

ကဿစိ ဒေတိ သာမညံ၊ စတုရော ဖလမုတ္တမေ။
ကဿစိ အသမေ ဓမ္မေ၊ ဒေတိ သော ပဋိသမ္ဘိဒါ။

ကဿစိ ဝရသမာပတ္တိယော၊ အဋ္ဌ ဒေတိ နရာသဘော။
တိဿော ကဿစိ ဝိဇ္ဇာယော၊ ဆဠဘိညာ ပဝေစ္ဆတိ။

တေန ယောဂေန ဇနကာယံ၊ ဩဝဒတိ မဟာမုနိ။
တေန ဝိတ္ထာရိကံ အာသိ၊ လောကနာထဿ သာသနံ။

မဟာဟနုသဘက္ခန္ဓော၊ ဒီပင်္ကရသနာမကော။
ဗဟူ ဇနေ တာရယတိ၊ ပရိမောစေတိ ဒုဂ္ဂတိံ။

ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။
ခဏေန ဥပဂန္တွာန၊ ဗောဓေတိ တံ မဟာမုနိ–

ဟူ၍ ဟောတော်မူ၏။

တဒါ၊ ထိုအခါ၌။ တေ၊ ထိုရမ္မဝတီပြည်သူတို့သည်။ သသံဃံ၊ သံဃာတော်နှင့်တကွသော။ လောကနာယကံ၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ဒီပင်္ကရာ ဘုရားသခင်ကို။ ဘောဇယိတွာန၊ ဆွမ်းကျွေးပြီး၍။ ဒီပင်္ကရဿ၊ ဒီပင်္ကရာ အမည်တော်ရှိသော။ တဿ သတ္ထုနော၊ ထိုမြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ် လဲလျောင်းခြင်းသို့။ ဥပဂစ္ဆုံ၊ ရောက်ကုန်ပြီ။

တထာဂတော၊ ဒီပင်္ကရာ မြတ်စွာဘုရးသည်။ ကဉ္စိ၊ အချို့သောသူကို။ သရဏာဂမနေ၊ သရဏဂုံ အရာ၌။ နိဝေသေသိ၊ တည်စေပြီ။ ကဉ္စိ၊ အချို့သောသူကို။ ပဉ္စသု သီလေသု၊ ငါးပါးကုန်သော သီလတို့၌။ နိဝေသေသိ၊ တည်စေပြီး။ အပရံ၊ အချို့သောသူကို။ ဒသဝိဓေ၊ ဆယ်ပါးအပြားရှိသော။ သီလေ၊ သီလ၌။ နိဝေသေသိ၊ တည်စေပြီ။ [ဆောက်တည်စေပြီလည်းဟူ]။

သော၊ ထိုဒီပင်္ကရာ မြတ်စွာဘုရားသည်။ ကဿစိ၊ အချို့သော ပုဂ္ဂိုလ်အား။ သာမညံ၊ လေးပါးသော အရိယာမဂ်သို့ လည်းကောင်း။ စတုရော-စတ္တာရိ၊ လေးပါးကုန်သော။ ဖလမုတ္တမေ-ဥတ္တမာနိ ဖလာနိ စ၊ မြတ်သော ဖိုလ်တို့ကိုလည်းကောင်း။ ဒေတိ—အဒါသိ၊ ပေးတော်မူပြီ။ ကဿစိ၊ အချို့သောသူအား။ အသမေ၊ အတုမရှိသော။ ပဋိသမ္ဘိဒါဓမ္မေ၊ ပဋိသမ္ဘိဒါ တရားလေးပါးတို့ကို။ ဒေတိ-အဒါသိ၊ ပေးတော်မူပြီ။

နရာသဘော၊ နတ်လူတို့ထက် မြတ်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည်။ ကဿစိ၊ အချို့သောသူအား။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝရ-သမာပတ္တိယော၊ မြတ်သောသမာပတ်တရားတို့ကို။ ဒေတိ၊ ပေးတော်မူပြီ။ ကဿစိ၊ အချို့သောသူအား။ တိဿော၊ သုံးပါးကုန်သော။ ဝိဇ္ဇာယော၊ ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာတရားတို့ကို။ ဒေတိ၊ ပေးတော်မူပြီ။ ကဿစိ၊ အချို့သော သူအား။ ဆဠဘိညာ၊ ခြောက်ပါးသော အဘိညာဉ်တရားတို့ကို။ ပဝေစ္ဆတိ-အဒါသိ၊ ပေးတော်မူပြီ။

မဟာမုနိ၊ ဒီပင်္ကရာ မြတ်စွာဘုရားသည်။ တေန ယောဂေန၊ ထိုသို့သော နည်းဖြင့်။ [ထိုသို့သော အစဉ်အားဖြင့်လည်းဟူ]။ ဇနကာယံ-ဇနသမူဟံ၊ လူအပေါင်းကို။ ဩဝဒတိ၊ ဆုံးမပြီ။ တေန ဩဝါဒေန၊ ထိုသို့ဆုံးမတော်မူခြင်းကြောင့်။ လောကနာထဿ၊ ဒီပင်္ကရာမြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်သည်။ ဝိတ္ထာရိကံ၊ ပြန့်ပြောသည်။ အာသိ၊ ဖြစ်ပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ မဟာဟနု၊ မြတ်သောမေးရှိတော်မူထသော။ တနည်းကား၊ ပြည့်စုံသောမေးလည်း ရှိတော်မူထသော။ တနည်းကား၊ ခြင်္သေ့၏မေးနှင့်တူသော မေးတော်လည်း ရှိတော်မူထသော။ ဥသဘက္ခန္ဓော၊ နွားလားဥသဘပခုံးနှင့် တူသော ပခုံးလည်း ရှိတော်မူထသော။ [အညီအညွတ် ကောင်းစွာ တည်သော ပခုံးတော်လည်း ရှိတော်မူထသောလည်းဟူ]။ ဒီပင်္ကရသနာမကော၊ မိမိအမည်အားဖြင့် ဒီပင်္ကရာ အမည်တော်ရှိသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗဟူ ဇနေ၊ များစွာကုန်သော ဝေနေယျကြွ သတ္တဝါတို့ကို။ သံသာရသောတတော၊ သံသရာတည်းဟူသောရေအလျဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်၍။ နိဗ္ဗာနတလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့။ တာရယတိ၊ တင်တော်မူပြီ။ ဒုဂ္ဂတိံ၊ အပယ်လေးပါးတို့မှ။ ပရိမောစေတိ၊ လွတ်စေတော်မူပြီ။

မဟာမုနိ၊ ဒီပင်္ကရာ မြတ်စွာဘုရားသည်။ သတသဟဿေပိ ယောဇနေ၊ ယူဇနာ အသိန်းမကသော အရပ်၌။ ဌိတံ၊ တည်သော။ ဗောဓနေယျံ၊ ကျွတ်ထိုက်သော။ ဇနံ၊ သတ္တဝါအပေါင်းကို။ ဒိသွာ၊ မြင်တော်မူ၍။ ခဏေန၊ ခဏချင်းဖြင့်။ ဥပဂန္တွာန၊ ကြွတော်မူ၍။ တံ ဇနံ၊ ထိုကျွတ်ထိုက်သော သတ္တဝါတို့ကို။ ဗောဓေတိ၊ သစ္စာလေးပါးတရားကို သိစေတော်မူပြီ။

ဒီပင်္ကရာမြတ်စွာဘုရား သုံးကြိမ်မြောက် တရားအမြိုက် တိုက်ကျွေးတော်မူခြင်း

ဒီပင်္ကရာ အမည်တော်ရှိသော မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဗောဓိပင်ရင်း၌ သတ္တ သတ္တာဟတို့ကို လွန်စေလျက် အဋ္ဌမ သတ္တာဟ၌ မဟာဗြဟ္မာမင်းသည် ဝပ်စင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ သုနန္ဒာရာမ၌ ဓမ္မစကြာတရားကို ဟောကြားတော်မူလျှင် ကုဋေ တစ်ရာသော နတ်လူတို့အား တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဤသည်ကား ပဌမတရားဟောခြင်းတည်း။

ထို့နောက်မှ နှစ်ကြိမ်မြောက်၌ ဥသဘက္ခန္ဓ အမည်ရှိသော မိမိ သားတော်၏ ဉာဏပရိပါကညာဏ်ရင့်ခြင်းကို သိမြင်တော်မူလျှင် အကြင် သားတော်ကို အမှူးပြု၍ ရာဟုလောဝါဒသုတ်နှင့်တူသော သုတ္တန်ဒေသနာကို ဟောကြားတော်မူသည် ရှိသော် နတ်လူတထွေ ကုဋေ ကိုးဆယ်တို့အား တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက် တရားဟောခြင်းတည်း။

တဖန်လည်း မြတ်စွာဘုရားသည် အမရဝတီ မြို့တံခါး၌ ကုက္ကိုပင် ကြီး၏အနီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ လူအပေါင်း အား အနှောင်အဖွဲ့မှ လွတ်စေသည်ကို ပြုလျက် နေမင်း၏ အထူးအချွန် အလွန်တောက်ပသော အရောင်လွှတ်ခြင်းကို ဖြစ်စေသကဲ့သို့ တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်၏အနီး အလွန်ချမ်းအေးသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာ စံနေတော်မူလျက် အလုံးစုံသောနတ်အပေါင်း တို့၏ နှစ်သက်ခြင်းကို ဖြစ်စေတော်မူလျက် ဒီပင်္ကရာ မြတ်စွာဘုရား၏ အမိရင်း သုမေဓာဒေဝီကို အမှူးပြု၍ နတ်အပေါင်းခြံရံကာ လေးပါးသော သစ္စာကို ကောင်းစွာ သိစေတတ် နတ်ထက်နတ် ဖြစ်တော်မူသော ဒီပင်္ကရာ ထွတ်ချာမှန်ကင်း သုံးလူ့မင်းသည် ကျမ်းရင်းခုနစ်ဖြာ အဘိဓမ္မာ ပိဋကတ်ကို အတပ်ထင်ထင် သိမြင်အောင် ဟောတော်မူသောအခါ ကုဋေ ကိုးသောင်းသော နတ်ဗြဟ္မာတို့အား တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဤကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိစေခြင်းတည်း။ ထို့ကြောင့်—

ပဌမာဘိသမယေ ဗုဒ္ဓေါ၊ ကောဋိသတမဗောဓယိ။
ဒုတိယာဘိသမယေ နာထော၊ နဝုတိကောဋိမဗောဓယိ။

ယဒါ စ ဒေဝဘာဝနမှိ၊ ဗုဒ္ဓေါ ဓမ္မမဒေသယိ။
နဝုတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု–

ဟူ၍ ဟောတော်မူ၏။

ပဌမာဘိသမယေ၊ ရှေးဦးစွာသော သစ္စာလေးပါးတရားကို သိစေရာ၌။ ဗုဒ္ဓေါ၊ ဒီပင်္ကရာ မြတ်စွာဘုရားသည်။ ကောဋိသတံ၊ ကုဋေ တစ်ရာကို။ အဗောဓယိ၊ သိစေတော်မူပြီ။ ဒုတိယာဘိသမယေ၊ ဒုတိယသစ္စာလေးပါး တရားကို သိစေရာ၌။ နာထော၊ ဒီပင်္ကရာဘုရားမြတ်သည်။ နဝုတိကောဋိံ၊ ကုဋေကိုးဆယ်သော နတ်လူအပေါင်းကို။ အဗောဓယိ၊ သိစေတော်မူပြီ။

ယဒါ စ၊ အကြင်အခါ၌လည်း။ ဒေဝဘာဝနမှိ၊ နတ်ပြည်၌လည်း။ ဗုဒ္ဓေါ၊ ဒီပင်္ကရာဘုရားမြတ်သည်။ ဓမ္မံ၊ အဘိဓမ္မာတရားကို။ အဒေသယိ၊ ဟောတော်မူပြီ။ နဝုတိကောဋိသဟဿာနံ၊ ကုဋေ ကိုးသောင်းတို့၏။ တတိယာဘိသမယော၊ သုံးကြိမ်မြောက် သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ဒီပင်္ကရာမြတ်စွာဘုရား နာရဒဘီလူးကို ဆုံးမခြင်း

အခါတပါး၌ ဒီပင်္ကရာ မြတ်စွာဘုရားသည် လေးသိန်းသော ရဟန်းတို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ ရွှာနိဂုံး မင်းနေပြည်တို့သို့ များစွာသော လူအပေါင်းတို့ကို ချီးမြှောက်ခြင်း ပြုတော်မူလျက် ခရီးဒေသစာရီ ကြွချီသည် ရှိသော် အစဉ်သဖြင့် တစ်ခုသောအရပ်ဝယ် လူအပေါင်းတို့ ပြုအပ်သော ပူဇော် သက္ကာရ ရှိသည် ဖြစ်၍ အလုံးစုံသော လောက၌ ထင်ရှား ကျော်စောစွာ ဘီလူးသာလျှင် သိမ်းဆည်းအပ်သော အလွန်ကြောက်မက် ဖွယ်ကောင်းသော အထူးထူး အပြားပြားသော ရေကို ဆောင်တတ်သည် ဖြစ်၍ မိုးရေ မိုးပေါက်တို့ဖြင့် ထိအပ်သော အထွတ်ရှိသော အထူးထူး အပြားပြား ကောင်းသော အနံ့ရှိသော သစ်ပင်တို့ဖြင့် ထုံအပ်သော

သားအပေါင်းတို့၏ ကျက်စားသွားလာရာ လွန်စွာနူးညံ့မွေ့လျော်ဖွယ်ရှိသော နာဠာဂိရိတောင်ထွတ်သို့ ရောက်တော်မူ၏။

ထိုတောင်ကို နာဠာဂိရိမည်သော ဘီလူးသည် သိမ်းဆည်းအပ်သည်ဖြစ်၍ ထိုတောင်စောင့် ဘီလူးအား နှစ်စဉ်မပြတ် လူအပေါင်းတို့သည် လူကို ဗလိနတ်စာအလို့ငှါ ကောင်းစွာယူဆောင်ကြရကုန်၏။ ထိုအခါ ဒီပင်္ကရာ ဘုရားမြတ်စွာသည် ထိုလူအပေါင်းတို့အား ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ ရဟန်းသံဃာတို့ကို အရပ်လေးမျက်နှာတို့သို့ စေလွှတ်တော်မူလိုက်ပြီးမှ အဖော်မပါ တစ်ယောက်ထီးတည်း မဟာကရုဏာတည်းဟူသော အားဖြင့် တန်ဆာ ဆင်အပ်သော နှလုံးရှိတော်မူသည် ဖြစ်၍ ထိုဘီလူးကို ဆုံးမတော်မူအံ့သောငှါ နာဠာဂိရိတောင်သို့ တက်တော်မူ၏။

ထိုအခါ လူသားကို စားတတ်သည် ဖြစ်၍ မိမိ၏ အကျိုးစီးပွားကိုမျှ ငဲ့ကွက်ခြင်းမရှိ သူတပါးတို့အား သတ်ဖြတ် ညှဉ်းဆဲခြင်း၌ လိမ္မာသော ထိုနာဠာဂိရိဘီလူးသည် မိမိအမျက်ကို မသိမ်းဆည်း သည်းမခံနိုင်သည် ဖြစ်၍ အမျက်ဖြင့် နှိပ်စက်သော စိတ်ရှိရကား ဒီပင်္ကရာ မြတ်စွာဘုရားကို ကြောက်လန့်၍ ပြေးစေလိုသောကြောင့် တောင်ကို လှုပ်၍ ပြ၏။ ထိုတောင်ကို နာဠာဂိရိဘီလူး လှုပ်သည် ရှိသော် မြတ်စွာဘုရား၏ တန်ခိုးတေဇော်အာနုဘော်တော်အားဖြင့် ဘီလူးထိပ်ထက်၌ ကျအံ့သကဲ့သို့ ဖြစ်၏။

ထို့နောက်မှ နာဠာဂိရိဘီလူးသည် ကြောက်သည် ဖြစ်၍ ယခုအခါ ထိုဘုရားမြတ်စွာကို မီးဖြင့် တိုက်အံ့ဟု အလွန်ကြောက်ဖွယ်ဘနန်းသော မီးပုံကြီးကို ဖြစ်စေသော်လည်း ထိုမီးပုံကြီးသည် မိမိလေညာမှ ပစ်ချအပ်သကဲ့သို့ မိမိကိုယ်သာ ပူလောင်ဆင်းရဲခြင်းကို ဖြစ်စေ၏။ မြတ်စွာဘုရား၏ သင်္ကန်းကိုမျှလည်း လောင်ခြင်းငှာ မစွမ်းနိုင်။ ဘီလူးသည်ကား ရဟန်းကြီးကို လောင်သလော မလောင်လောဟု ကြည့်သည် ရှိသော် အားဆယ်ပါးနှင့် ပြည့်စုံတော်မူသည် ဖြစ်၍ တန်ဆောင်မုန်းလ-သရဒအခါ သန့်စင်စွာသော အညစ်အကြေးမရှိ ပကတိ စင်ကြယ်သော အရောင် အဖုံဖုံတို့ကြောင့် အလုံးစုံသော လူအပေါင်းတို့၏ နှစ်သက်ဖွယ် တပ်မက်ဖွယ်ကို ပြုတတ်သော လမင်းကဲ့သို့ ချမ်းအေးကြည်လင်ရေအပြင်၌ ဖြစ်သောကြာဖြူ ကြာနီ ကြာပုဏ္ဍရိက် ကြာကံဆိပ်တို့၏ အချက်၌ ငြိမ်သက် ထိုင်နေသကဲ့သို့

နေတော်မူသည်ကိုမြင်လျှင် "ဤရှင်ကြီးရဟန်းကား အံ့ဖွယ်ရှိစွ။ ကြီးသော အာနုဘော်လည်း ရှိ၏။ ဤရဟန်းကြီးအား ငါသည် အကြင်အကျိုးမဲ့သော အမှုကို ပြုမိ၏။ ထိုအကျိုးမဲ့သောအမှု ပြုမိခြင်းသည်လည်း ငါ၏ အပေါ်သို့သာ ကျရောက်ခဲ့၏။ ဤရဟန်းကြီးကို လွှတ်၍ ဤရဟန်းကြီးမှတပါး ကိုးကွယ်ရာ လဲလျောင်းရာမည်သည်မရှိပြီ။ မြေကြီး၌ ချွတ်ချော်တိမ်းလည်းသူတို့သည် မြေကြီးကိုသာ အမှီပြု၍ ထရကုန်သကဲ့သို့ ယခု ငါသည်လည်း ဤရဟန်းကြီးကိုသာ ကိုးကွယ်ခြင်းသို့ ရောက်တော့အံ့"ဟု ကြံ၏။

ထိုသို့ ကြံပြီးသောအခါ နာရဒဘီလူးသည် မြတ်စွာဘုရား၏ စက်ဖြင့်တန်ဆာ ဆင်အပ်သော ခြေတော်စုံ အပြင်တို့၌ ဦးခေါင်းဖြင့် ဝပ်၍ "အစ္စယော မံ ဘန္တေ အစ္စာဂမာ"ဟူသော ပါဠိစကားဖြင့် မိမိအပြစ်ကို ကောင်းစွာ ပြဆိုလျက် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်လေ၏။ ထိုအခါ ဘီလူးအား မြတ်စွာဘုရားသည် အစဉ်ဖြစ်သော တရားစကားကို ဟောတော်မူသော် ထိုဘီလူးလည်း အခြံအရံ ဘီလူးပေါင်း တစ်သောင်းတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုနေ့၌လည်း အလုံးစုံ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကုန်သော လူတို့သည် ထိုဘီလူးအား ဗလိနတ်စာ ကောင်းစွာ ပြုခြင်းငှာ တစ်ရွာတစ်ရွာမှ တစ်ယောက်တစ်ယောက်ကို ဆောင်ခဲ့ကြကုန်၏။ ထိုမှတပါး ဆန် နှမ်း ကုလားပဲ ပဲနောက် ပဲကြီး အစရှိသော ဝတ္ထု၊ ထောပတ် ဆီဦး ဆီ ပျား တင်လဲ အစရှိသော ဝတ္ထုတို့ကိုလည်း ဆောင်ကြကုန်၏။ ထိုအခါ၌ ထိုနေ့ ဆောင်အပ်သော ဆန်အစရှိသော ဝတ္ထုကို ထိုသူတို့အားသာလျှင် ပေး၍ ဗလိနတ်စာ ပြုခြင်းအကျိုးငှာ ဆောင်လာသော လူတို့ကို ဒိပင်္ကရာမြတ်စွာဘုရားအား ဆောင်နှင်းလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုလူတို့ကို ဟေဘိက္ခု ခေါ်တော်မူ၍ ရဟန်းပြုပြီးမှ ခုနစ်ရက်အတွင်း၌သာ ထိုများစွာသော လူတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူ၏။ တပို့တွဲလပြည့်နေ့ ကုဋေ တစ်ရာသော ရဟန်းတို့၏အလယ် တင့်တယ်လှစွာ အင်္ဂါလေးပါးနှင့်ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။

လေးပါးသော အင်္ဂါတို့မည်သည်ကား—

၁။ ခပ်သိမ်းသော ရဟန်းတို့သည် ဧဟိဘိက္ခုရဟန်း ဖြစ်ကြကုန်၏။

၂။ ခပ်သိမ်းသော ရဟန်းတို့သည် ဆဠဘိညရဟန်း ဖြစ်ကြကုန်၏။

၃။ ခပ်သိမ်းသော ရဟန်းတို့သည် မပင့်ဖိတ်ကုန်ဘဲ ဘုရားထံသို့ လာကြကုန်၏။

၄။ ပန္နရသီ တိထိရက်စေ့ ဉပုသ်နေ့လည်း ဖြစ်၏။ ဤအင်္ဂါလေးပါး တို့တည်း။

ထို့ကြောင့်—

ပုန နာရဒကူဋမှိ၊ ပဝိဝေကဂတော ဇိနော။
ခီဏာသဝါ ဝီတမလာ၊ သမိံသု သတကောဋိယော—

ဟူ၍ ဟောတော်မူ၏။

ပုန၊ တဖန်။ ဇိနော၊ ဒီပင်္ကရာမြတ်စွာဘုရားသည်။ နာရဒကူဋမှိ၊ နာရဒ တောင်၌။ ပဝိဝေကဂတော၊ ဆိတ်ငြိမ်ရာသို့ ကပ်လေသော်။ ဝီတမလာ၊ ကိလေသာ တည်းဟူသော အညစ်အကြေး ကင်းကုန်သော။ သတ-ကောဋိယော၊ ကုဋေတစ်ရာဖြစ်ကုန်သော။ ခီဏာသဝါ၊ ရဟန္တာအရှင်မြတ် တို့သည်။ သမိံသု၊ စည်းဝေးကြကုန်၏။

ဒီပင်္ကရာမြတ်စွာဘုရား သုဒဿနတောင်၌ ဝါကပ်တော်မူခြင်း

အကြင်အခါ လူသုံးပါးတို့၏ ကောင်းကျိုးကို ဆောင်တော်မူတတ်သော ဒီပင်္ကရာမြတ်စွာဘုရားသည် သုဒဿန အမည်ရှိသော တောင်၌ ဝါကပ် တော်မူ၏။ ထိုအခါ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောသူတို့သည် နှစ်တိုင်းနှစ်စဉ် တောင်ထိပ်ပွဲသဘင် ပြုကြကုန်၏။ ထိုတောင်ထိပ် ပွဲသဘင်၌ စည်းဝေး ကုန်သော လူတို့သည် ဒီပင်္ကရာ မြတ်စွာဘုရားကို မြင်၍ တရားတော်ကို နာရလျှင် ကြည်လင်သော စိတ်ဖြင့် ရဟန်းပြုကြကုန်၏။

မြတ်စွာဘုရားသည်လည်း မဟာပဝါရဏာနေ့၌ ထိုရဟန်းတို့၏ အလိုဆန္ဒ အဇ္ဈာသယအားလျော်သော ဝိပဿနာ တရားစကားကို ဟောကြားတော်မူလျှင် ထိုတရားတို့ကို အစဉ်လျှောက်ကာ သင်္ခါရတရားတို့ကို သုံးသပ်သည်ရှိသော် ဝိပဿနာအစဉ်အားဖြင့် လည်းကောင်း, မဂ်အစဉ်အားဖြင့် လည်းကောင်း အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည်လည်း ကုဋေကိုးသောင်းသော ရဟန်းတို့နှင့်တကွ ပဝါရဏာပြုတော်မူ၏။ ဤပဝါရဏာကား သုံးကြိမ်မြောက်သော ပဝါရဏာတည်း။

ထို့ကြောင့်—

ယမှိ ကာလေ မဟာဝီရော၊ သုဒဿနသိလုစ္စယေ။
နဝုတိကောဋိသဟဿေဟိ၊ ပဝါရေသိ မဟာမုနိ–

ဟူ၍ ဟောတော်မူ၏။

ယမှိ ကာလေ၊ အကြင်အခါ၌။ မဟာဝီရော၊ ကြီးသောလုံ့လရှိတော်မူသော။ မဟာမုနိ၊ မုနိတကာတို့၏ အထွတ်အကြီး ဖြစ်တော်မူသော ဒီပင်္ကရာဘုရားသည်။ သုဒဿနသိလုစ္စယေ၊ သုဒဿနတောင်၌။ နဝုတိကောဋိသဟဿေဟိ၊ ကုဋေကိုးသောင်းသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဝါရေသိ၊ ပဝါရဏာပြုတော်မူ၏။

ဒီပင်္ကရာ အမည်တော် ရှိသော မြတ်စွာဘုရားကို အခါခပ်သိမ်း အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ တန်ခိုးကြီးကုန်သော ရဟန္တာ လေးသိန်းတို့ အမြဲခြံရံကုန်၏။ ထိုဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်၌ သေက္ခအဖြစ်နှင့်သာ သေသော သူတို့ကို ကဲ့ရဲ့ကြကုန်၏။ အလုံးစုံသော သူတို့သည် ရဟန္တာဖြစ်ကုန်၍သာလျှင် ပရိနိဗ္ဗာန် စံဝင်တော်မူကြကုန်၏။ ထို့ကြောင့် ဒီပင်္ကရာမြတ်စွာဘုရား သာသနာတော်သည် ကောင်းစွာ ပွင့်လင်းပြန့်ပြောသည် ဖြစ်၍ ရဟန္တာတို့ဖြင့်သာ အလွန်တင့်တယ်ကုန်၏။

ထို့ကြောင့်–

စတ္တာရိ သတသဟဿာနိ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
ဒီပင်္ကရံ လောကဝိဒုံ၊ ပရိဝါရေန္တိ သဗ္ဗဒါ။

ယေကေစိ တေန သမယေန၊ ဇဟန္တိ မာနုသံ ဘဝံ။
အပတ္တမာနသာ သေခါ၊ ဂရဟိတာဝ ဘဝန္တိ တေ။

သုပုပ္ဖိတံ ပါဝစနံ၊ အရဟန္တေဟိ တာဒိဟိ။
ခီဏာသဝေဟိ ဝိမလေဟိ၊ ဥပသောဘတိ သဗ္ဗဒါ—

ဟူ၍ ဟောတော်မူ၏။

မဟိဒ္ဓိကာ၊ ကြီးသောလုံ့လရှိကုန်သော။ ဆဋ္ဌဘိညာ၊ ခြောက်ပါးသော အဘိညာဉ်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ စတ္တာရိ သတသဟဿာနိ၊ လေးသိန်းတို့သည်။ လောကဝိဒုံ၊ လောကသုံးပါးကို သိတော်မူပြီးသော။ ဒီပင်္ကရံ၊ ဒီပင်္ကရာ အမည်တော်ရှိသော မြတ်စွာဘုရားကို။ သဗ္ဗဒါ၊ အခါ ခပ်သိမ်း။ ပရိဝါရေန္တိ၊ ခြံရံကုန်ပြီ။

တေန သမယေန၊ ထိုဒီပင်္ကရာ မြတ်စွာဘုရားဖြစ်တော်မူသောအခါ၌။ ယေကေစိ၊ ခပ်သိမ်းကုန်သောသူတို့သည်။ အပတ္တမာနသာ၊ အရဟတ္တဖိုလ်သို့ မရောက်ကုန်မူ၍။ သေခါ၊ သေက္ခသာဖြစ်ကုန်၍။ မာနုသံ ဘဝံ၊လူ့ဘုံဖြစ်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။ တေ၊ ထိုသူတို့ကို။ ဂရဟိတာဝ၊ ကဲ့ရဲ့အပ်ကုန်သည် သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

သုပုပ္ဖိတံ၊ အလွန်ပွင့်ခြင်းသို့ ရောက်သော။ ပါဝစနံ၊ ဒီပင်္ကရာမြတ်စွာ ဘုရား၏ သာသနာတော်သည်။ အရဟန္တေဟိ၊ သံသရာစက်၏ အကန့်ကို ဖျက်ဆီးကုန်ပြီးသော။ တာဒိဟိ၊ သည်းခံခြင်း ကျေးဇူးနှင့် ပြည့်စုံကုန် ထသော။ ဝိမလေဟိ၊ ကိလေသာတည်းဟူသော အညစ်အကြေး ကင်းစင်ကုန် ပြီးထသော။ ခီဏာသဝေဟိ၊ ရဟန္တာအရှင်တို့ဖြင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လောက၌။ ဥပသောဘတိ။ တင့်တယ်၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ နေပြည်တော်, မယ်တော်, ခမည်းတော် စသည်တို့ကို ပြဆိုခြင်း

ဒီပင်္ကရာ အမည်တော်ရှိသော မြတ်စွာဘုရား၏ မြို့တော်ကား ရမ္မဝတီ မည်၏။ ခမည်းတော်ကား သုဒေဝမင်းကြီး။ မယ်တော်ကား သုမေဓာဒေဝီ

မိဖုရား။ လက်ဝဲရံ လက်ယာရံကား သုမင်္ဂလနှင့်တိဿ။ အလုပ်အကျွေးကား သာဂတ။ လက်ယာရံ လက်ဝဲရံ ရဟန္တာ မိန်းမမြတ်အစုံကား နန္ဒာ, သုနန္ဒာ မည်၏။ ပွင့်ရာဗောဓိကား ညောင်ကြတ်ပင်။ ကိုယ်တော်အမြင့်ကား အတောင်ရှစ်ဆယ်။ အသက်တော်ကား အနှစ်တစ်သိန်းရှိ၏။

ဤသို့လျှင် ဖွားတော်မူရာ မြို့စသည်တို့ကို ပြခြင်း၌ အဘယ်သို့ အကျိုးရှိသနည်းဟူမူကား။ အကြင်ဒီပင်္ကရာမြတ်စွာဘုရား၏ ဖွားတော်မူရာ ပြည်တော်ကို အကယ်၍ မပြသည်ဖြစ်အံ့။ ခမည်းတော်နှင့် မယ်တော်ကို အကယ်၍ မပြသည်ရှိသော် ဤမြတ်စွာဘုရား ဖွားတော်မူရာ နေပြည်တော် ခမည်းတော် မယ်တော်တို့ကို လူ နတ် နဂါး ဒိကြွား ပြဟ္မာတို့ မထင်မမြင် နိုင်ရာ။ ထိုသို့ မထင်နိုင်သော် နတ်လော, လူလော, ပြဟ္မာလောဟု တွေးတော မရဖြစ်ခဲ့ရာ၏။ နတ်တို့၏ တန်ခိုးပြာဋိဟာသည် အစ္ဆရိယ အံ့ဖွယ်မရှိဟု ထင်မှတ်သည်ဖြစ်၍ ရှိသေစွာ တရားကို မနာရာ။ ယုံကြည်အပ်၏ ဟု မအောက်မေ့ရာ။ ထိုသို့ မယုံကြည် တရားမနာခြင်းကြောင့် သစ္စာလေးပါး တရားကို ထိုးထွင်း၍ မသိနိုင်။ ထိုသို့ ထိုးထွင်း၍ မသိသော် ဘုရားဖြစ်ခြင်း၌ အကျိုးမရှိ။ဘုရားအဆုံးအမတော်သည် ဝဋ္ဋဆင်းရဲမှ မထွက်မြောက်စေတတ် သကဲ့သို့ ဖြစ်လေအံ့သတည်း။ ထို့ကြောင့် အလုံးစုံသော ဘုရားရှင်တို့၏ ဖွားတော်မူရာ နေပြည်တော် အပိုင်းအခြားကို မှတ်သားပြသအပ်၏။ ထို့ကြောင့်—

* နဂရံ ရမ္မဝတီနာမ၊ သုဒေဝေါနာမ ခတ္တိယော။
သုမေဓာနာမ ဇနိကာ၊ ဒီပင်္ကရဿ သတ္ထုနော။

သုမင်္ဂလော စ တိဿော စ၊ အဟေသုံ အဂ္ဂသာဝကာ။
သာဂတော နာမုပဋ္ဌာကော၊ ဒီပင်္ကရဿ သတ္ထုနော။

---

* ဗုဒ္ဓဝံသဋ္ဌကထာ ၆၉- ဇာတ် အဋ္ဌကထာ ၁၄-တို့၌ “ရမ္မနဂရဝါသိနော” ဟု ရှိ၏။ ရမ္မာဟူသည်ကား အမရဝတီပြည်ကိုပင် ဆိုသည်ဟု ဇာတတ္တကီ နိဿယ ၁၆၃-၌ ဆို၏။ “အမရဝတီ နာမ နဂရေ”ဟူ၍လည်းကောင်း၊ “ရမ္မနဂရံပတ္တာ” ဟူ၍ လည်းကောင်း“သုမေဓတာပသော အမရဝတီနဂရေ” ဟူ၍လည်းကောင်း ဇိနာလင်္ကာရဋီကာ ပုဗ္ဗာဘိနီဟာရ ဝဏ္ဏနာ ၃၂၁-၌ ဆို၏။ ထို့ကြောင့် အမည် ချင်း ကွဲလွဲသော်လည်း တစ်မြို့တည်းသာဟု ယူကြကုန်၏။

နန္ဒာ စေဝ သုနန္ဒာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ဝိပ္ပလီတိ ပဝုစ္စတိ။

တပုဿဘလ္လိကာ နာမ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
သိရိမာ သောဏာ ဥပဋ္ဌိကာ၊ ဒီပင်္ကရဿ သတ္ထုနော။

အသီတိဟတ္ထမုဗ္ဗေဓော၊ ဒီပင်္ကရော မဟာမုနိ။
သောဘတိဒီပရုက္ခောဝ၊ သာလရာဇာဝ ဖုလ္လိတော။

ဝဿသတသဟဿာနိ၊ အာယု တဿ မဟေသိနော။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဇောတယိတွာန သဒ္ဓမ္မံ၊ သန္တာရေတွာ မဟာဇနံ။
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ၊ နိဗ္ဗုတော သော သသာဝကော။

သာ စ ဣဒ္ဓိ သော စ ယသော၊တာနိ စ ပါဒေသု စက္ကရတနာနိ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ —

ဟူ၍ ဟောတော်မူ၏။

ဒီပင်္ကရဿ၊ ဒီပင်္ကရာအမည်တော်ရှိသော။ သတ္ထုနော၊ မြတ်စွာဘုရား၏။ နဂရံ၊ ပြည်တော်သည်။ ရမ္မဝတီနာမ၊ ရမ္မဝတီအမည်ရှိ၏။ သုဒေဝေါနာမ၊ သုဒေဝအမည်ရှိသော။ ခတ္တိယော၊ မင်းသည်။ အဿ၊ ထိုမြတ်စွာဘုရား၏။ ပိတာ၊ ခမည်းတော်သည်။ အဟောသိ၊ ဖြစ်၏။ တစ်နည်းကား။ ခတ္တိယော၊ အဘဖြစ်သော မင်းသည်။ သုဒေဝေါနာမ၊ သုဒေဝအမည်ရှိ၏။ ဇနိကာ၊ မယ်တော်သည်။ သုမေဓာနာမ၊ သုမေဓာ အမည်ရှိ၏။

သုမင်္ဂလော စ၊ သုမင်္ဂလ လည်းကောင်း။ တိဿော စ၊ တိဿ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝကာ၊ တပည့်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဒီပင်္ကရဿ၊ ဒီပင်္ကရာ အမည်တော်ရှိသော။ သတ္ထုနော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးတော်သည်။ သာဂတောနာမ၊ သာဂတမည်၏။

နန္ဒာစေဝ၊ နန္ဒာလည်းကောင်း။ သုနန္ဒာ စ၊ သုနန္ဒာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်

အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ တဿ၊ ထိုဒီပင်္ကရာဘုရားမြတ်၏။ ဗောဓိ၊ ပွင့်တော်မူရာဗောဓိကို။ ပိပ္ပလီတိ၊ ညောင်ကြွတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဒီပင်္ကရဿ၊ ဒီပင်္ကရာ အမည်တော်ရှိသော။ သတ္ထုနော၊ မြတ်စွာဘုရား၏။ တပုဿဘလ္လိကာနာမ၊ တပုဿသလ္လိက အမည်ရှိသောသူတို့သည်။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်ဒ ကျွေးတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ သိရိမာ၊ သိရိမာသည်လည်းကောင်း။ သောဏာ၊ သောဏာသည်လည်းကောင်း။ ဥပဋ္ဌိကာ၊ မြတ်သောအလုပ်အကျွေးဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

ဒီပင်္ကရော၊ ဒီပင်္ကရာ အမည်တော်ရှိသော။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ အသီတိ ဟတ္ထ မုဗ္ဗေဓော၊ ၈၀တောင်ရှစ်ဆယ် မြင့်တော်မူ၏။ ဒီပင်္ကရကွော၊ အလျှံပြောင်ပြောင် ထွန်းတောက်ပသော ရွှေတန်းဆောင်ကဲ့သို့။ ပုပ္ဖိတော၊ ပင်လုံးကျွတ်ပွင့်သော။ သာလရာဇာဝ၊ အင်ကြင်းပင်မင်းကဲ့သို့။ အသီတိ ဟတ္ထ မုဗ္ဗေဓော၊ အတောင်ရှစ်ဆယ်မြင့်သော။ ဘဂဝါ၊ ဒီပင်္ကရာဘုရားသခင်သည်။ အတိဝိယ၊ အလွန်လျှင်။သောဘတိ၊တင့်တယ်တော်မူ၏။

မဟေသိနော၊ သီလ အစရှိသော ဂုဏ်ကျေးဇူးအပေါင်းတို့ကို ရှာမှီးတော်မူပြီးသော။ တဿ၊ ထိုဒီပင်္ကရာဘုရားသခင်၏။ အာယု၊ အသက်တမ်းတော်သည်။ ဝဿ သတသဟဿာနိ၊ အနှစ်တစ်သိန်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ သော၊ ထိုဒီပင်္ကရာဘုရားသည်။ တာဝတာ၊ ထိုအနှစ်တစ်သိန်းကာလပတ်လုံး။ ဌိတမာနော၊ တည်လျက်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ ဝေနေယျကြွာ သတ္တဝါအပေါင်းကို။ သံသာရ-သောတတော၊ သံသရာတည်းဟူသော ရေအယဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်ဆယ်ကယ်တင်တော်မူ၍။နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့။ တာရေသိ၊ ကယ်တင်တော်မူပြီ။

သော၊ ထိုဒီပင်္ကရာမြတ်စွာဘုရားသည်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားတည်းဟူသော ပိဋကတ်သုံးပုံကို။ ဇောတယိတွာန၊ ထွန်းတောက်ပစေပြီး၍။ သဒေဝကံ၊ နတ်နှင့်တကွသော။ မဟာဇနံ၊ များစွာသောလူကို။ သံသာရ-

သောတတော၊ သံသရာတည်းဟူသော ရေအယဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့။ သန္တာရေတွာ၊ ကယ်တင်တော်မူပြီး၍။ အင်္ဂီရသော၊ မီးပုံကြီးကဲ့သို့။ ဇလိတွာ၊ ထွန်းတောက်ပ၍။ သသာဝကော၊ တပည့်တော်များနှင့်တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုတော်မူပြီ။

သာ စ ဣဒ္ဓိ၊ ထိုတန်ခိုးအာနုဘော်သည် လည်းကောင်း။ သော စ ယသော၊ ထိုသို့သော အခြံအရံအကျော်အစောသည် လည်းကောင်း။ ပါဒေသု၊ ခြေတော်တို့၌။ တာနိ စက္ကရတနာနိ၊ ထိုတစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ရတနာတို့သည် လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ခဲ့ပြီ။ သဗ္ဗ သင်္ခါရာ၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည်။ ရိတ္တာ နနု-ရိတ္တာ ဧဝ၊ အချည်းနှီးတို့သာလျှင်။ ဒေဟောသုံ၊ ဖြစ်ကုန်ပြီ။

ဒီပင်္ကရာ မြတ်စွာဘုရား အလောင်းကား မယားပေါင်း သုံးသိန်း[၁]။ မိဖုရားကား ပဒုမာ မည်၏။ သားတော်ကား ဥသဘက္ခန္ဓ မည်၏။ ဘုရားလောင်း စံတော်မူသော ပြာသာဒ်ကား သုံးဆောင်တည်း။ သုံးဆောင်ဟူသော်ကား ဟံသပါသာဒ-ဟင်္သာပြာသာဒ်။ ကောဉ္စပါသာဒ- ကြိုးကြာပြာသာဒ်။ မယူရပါသာဒ- ဥဒေါင်းပြာသာဒ်။ အနှစ်တစ်သောင်း တိုင်တိုင် ရွှေနန်းပြာသာဒ်၌ စံတော်မူပြီးမှ ဆင်ယာဉ်စီးလျက် တောထွက်တော်မူပြီးလျှင် ဆယ်လတိုင်တိုင် ဒုက္ကရစရိယာကျင့်၍ ဘုရားဖြစ်တော်မူပြီးနောက် နန္ဒာရာမ၌ ဓမ္မစကြာတရား ဟောခြင်း ကုက္ကိုပြင်ရင်း၌ တိတ္ထိတို့အား နှိမ်နင်းခြင်းတို့ကို ပြုတော်မူ၏။

အလုံးစုံသော ဘုရားရှင်တို့အား ဝေမတ္တ[၂]ဟု ဆိုအပ်သော အတိုင်းအရှည် ထူးခြားသော ဒ‌ေဖြစ်တို့သည် ငါးပါးပြားကုန်၏။[၃] ။ငါးပါး

၁-သီဟိုဠ်၌မူကား တစ်သိန်း-လာရှိ၏။

၂- "ဣန္ဒြိယဝေမတ္တတံ ဝဒါမိတိ ဣန္ဒြိယနာနတ္တတံ ဝဒါမိ" အစရှိသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ၁၄၊မဟာမာလုကျသုတ်အဖွင့် ၉၆-နှင့် အညီတည်း။

၃-ဝေမတ္တတရားမှာ ရှစ်ပါးရှိသော်လည်း ဗုဒ္ဓဝင်အဋ္ဌကထာ ဤအရာ၌ ငါးပါး ပြဆိုထားသဖြင့် အဋ္ဌကထာအတိုင်း ငါးပါးပင် ပြဆိုသည်။ နောက်ဆက်တွဲမှာ ရှစ်ပါး အပြည့်အစုံ ပါလတ္တံ့။

ဟူသော်ကား။ အာယုဝေမတ္တ၊ ပမာဏဝေမတ္တ၊ ကုလဝေမတ္တ၊ ပဓာနဝေမတ္တ၊ ရသ္မိဝေမတ္တ-ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့တွင်—

၁-အာယုဝေမတ္တ ဟူသည်ကား

အချို့သော ဘုရားရှင်တို့ အသက်ရှည်ကုန်သည်။ အချို့သော ဘုရားရှင်တို့ အသက်တိုကုန်သည်။ ထို့ကြောင့် ဒီပင်္ကရာမြတ်စွာဘုရားသည် အနှစ်တစ်သိန်း အသက်အတိုင်းအရှည်ရှိ၏။ ငါတို့သခင် အရှင်ဂေါတမ၏ အသက်တော်ကား တစ်ရာသာ ရှည်၏။

၂-ပမာဏဝေမတ္တ ဟူသည်ကား

အချို့သော ဘုရားရှင်တို့အရပ်တော် တိုကုန်သည်။ အချို့သော ဘုရားရှင်တို့ အရပ်တော် ရှည်ကုန်သည်။ ထို့ကြောင့် ဒီပင်္ကရာမြတ်စွာဘုရား အရပ်တော်ကား အတောင်ရှစ်ဆယ် ပမာဏရှိ၏။ ငါတို့ ကျေးဇူးရှင်သခင် ဘုရားမြတ်မူကား တစ်ဆယ့်ရှစ်တောင်ပမာဏသာ ရှိ၏။

၃-ကုလဝေမတ္တ ဟူသည်ကား

အချို့သော ဘုရားရှင်တို့ မင်းမျိုး၌ ဖြစ်ကုန်၏။ အချို့သော ဘုရားရှင်တို့ ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၏။ ထို့ကြောင့် ဒီပင်္ကရာဘုရား အစရှိကုန်သော ဘုရားရှင်တို့သည် မင်းမျိုး၌ ဖြစ်ကုန်၏။ ကကုသန် ကောဏာဂုမ် အစရှိသော ဘုရားရှင်တို့သည် ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၏။

၄-ပဓာနဝေမတ္တ ဟူသည်ကား

အချို့သော ဘုရားရှင်တို့ ဒုက္ကရစရိယာကျင့်ခြင်းသည် ကဿပဘုရားရှင်ကဲ့သို့ တိုသောကာလ ခုနစ်ရက်မျှသာ ဖြစ်၏။ အချို့သော ဘုရားရှင်တို့ ဒုက္ကရစရိယာ ကျင့်ခြင်းသည် ငါတို့ ဘုရားရှင်ကဲ့သို့ ရှည်သောကာလ ရှိ၏။

၅-ရသ္မိဝေမတ္တ ဟူသည်ကား

မင်္ဂလဘုရားရှင်၏ ကိုယ်တော်ရောင်သည် တစ်သောင်းသော လောကဓာတ်ကို နှံ့၍ တည်၏။ ငါတို့ ဘုရားရှင်၏ ကိုယ်တော်ရောင်သည် တစ်လံ

မျှလောက်သာ နှံ့၍ တည်၏။ ကိုယ်တော်မှ အရပ်လေးမျက်နှာ အထက် အရပ် တစ်ဆယ့်ခြောက်တောင်စီ လင်းသော အရောင်ကို ဗျာမမတ္တ ဟူသတတ်။

ထိုဝေမတ္တငါးပါးတို့တွင် ရသ္မိဝေမတ္တသည် ဘုရားအလိုတော်နှင့်စပ်၏။ ဘုရားရှင်သည် အကြင်မျှလောက် အရောင်ကို အလိုရှိအံ့။ ထိုဘုရားရှင် အလိုရှိသမျှ ကိုယ်တော်ရောင်သည် နှံ့၏။ မင်္ဂလဘုရားရှင်ကား တစ်သောင်း သောလောကဓာတ်ကို နှံ့စေသတည်းဟု အလိုရှိတော်မူ၏။

ထိုဝေမတ္တ၌ အလုံးစုံသော ဘုရားရှင်တို့ မစွန့်အပ်သော အဝိဇဟိတ ဌာနအရပ်တို့သည် လေးပါးဖြစ်ကုန်၏။

အဝိဇဟိတ ဌာနလေးပါးဟူသည်ကား

၁–ဗောဓိပလ္လင် ဗောဓိပင်နှင့် ရွှေပလ္လင်သည် မစွန့်အပ်သော အဝိဇဟိတ ဌာနအရပ်မည်၏။ ။ဤဗောဓိပင်ပေါက်ရာဌာန သည် တစ်ခုသော အရပ်၌သာ ဖြစ်၏။

၂–ဘုရားဖြစ်ပြီးခါ ဓမ္မစကြာတရားဟောရာအရပ်၊ ပဉ္စဝဂ္ဂီတို့ ကျရာ မိဂဒါဝုန်တောအရပ်သည်လည်း မစွန့်အပ်သော အဝိဇဟိတ ဌာန ဗႏ ရပ်မည်၏။

၃–တာဝတိံသာနတ်ပြည်မှ သက်သောကာလ သင်္ကာသနဂိုရ်ပြည် တောင်တံခါး၌ ရှေးဦးစွာ ခြေတော် ချရာအရပ်ကို အဝိဇဟိတ ဌာနဖြစ်၍ မစွန့်အပ်။

၄–ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ လေးပါးသော ညောင်စောင်း ခြေရာတို့ကိုလည်း အဝိဇဟိတဌာနဖြစ်၍ မစွန့်အပ်၊ ထိုဇေတဝန် ကျောင်းတော်သည်ကား ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ မစွန့်အပ်သည်သာလျှင်တည်း။

ငါတို့ဘုရားရှင်အားကား တစ်ပါးသော ဖွားဘက် အပိုင်းအခြားသည် လည်းကောင်း၊ နက္ခတ် အပိုင်းအခြားသည်လည်းကောင်း ထူး၏။ ။ငါတို့ ဘုရားလောင်းနှင့် အတူတကွ ရာဟုလမယ်တော်ယသောဓရာ၊ အာနန္ဒာ မထေရ်[၁]၊ ဆန္နမထေရ်၊ ကဏ္ဍကမြင်း[၂]၊ ရွှေအိုးကြီး၊ မဟာဗောဓိပင်၊ ကာဠုဒါယီအမတ် ဤခုနစ်ပါးတို့ကား အတူတကွဖွားကုန်၏။ ။ယောကျ်ား မြတ်ဖြစ်သော ဘုရားလောင်းသည် ဥတ္တရာသာဠ် နက္ခတ်ဖြင့် သာလျှင် မယ်တော်ဝမ်းသို့ သက်တော်မူ၏။ မြတ်သော တောထွက်ခြင်းဖြင့်လည်း တောထွက်တော်မူ၏။ ဓမ္မစကြာတရားကိုလည်း ဟောကြားတော်မူ၏။ အစုံ အစုံသော တန်ခိုးပြာဋိဟာတို့ကိုလည်း ပြတော်မူ၏။ ။ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားတော်မူ၏။ သစ္စာလေးပါးတရားကိုလည်း သိတော်မူ၏။ ပရိ နိဗ္ဗာန်လည်းပြုတော်မူ၏။ ။မာဃနက္ခတ်နှင့် ယှဉ်လျက် သာဝက အစည်း အဝေးကိုလည်းကောင်း, အာယုသင်္ခါရ လွှတ်တော်မူခြင်းကို လည်းကောင်း ပြု၏။ အဿယုဇနက္ခတ်နှင့်ယှဉ်လျက် တာဝတိံသာ နတ်ပြည်မှ သက်တော် မူ၏။

ဤသို့လျှင် ဒီပင်္ကရာမြတ်စွာဘုရားသည် အသက်အတိုင်း တည်တော် မူ၍ အစဉ်သဖြင့် အလုံးစုံသော ဗုဒ္ဓကိစ္စကို ပြုတော်မူပြီးမှ အနုပါဒိသေသ နိဗ္ဗာန်နန်းသို့ စံမြန်းဝင်တော် မူလေ၏။ အကြင် သာရမဏ္ဍ ကမ္ဘာ၌ ဒီပင်္ကရာမြတ်စွာဘုရားသည် လူတွင် ထင်ရှားဘုရားဖြစ်တော်မူ၏။ထိုကမ္ဘာ၌ တပါးသော တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာဟု ဆိုအပ်သော သုံးဆူသော ဘုရားရှင်တို့သည်လည်း ပွင့်တော်မူကုန်၏။ ထိုသုံးဆူသော ဘုရားရှင်တို့၏ အထံတော်၌ ငါတို့ ဘုရားလောင်းအား ဗျာဒိတ်စကား ကြားသော မည်သည် မရှိ။ ထို့ကြောင့် ဘုရားရှင် သုံးဆူတို့ကို ဤဗုဒ္ဓဝင် ပါဠိတော် ဒေသနာတော်၌ မပြအပ်။ အဋ္ဌကထာ၌သာ ထိုသာရမဏ္ဍကမ္ဘာ အစမှ ဖြစ်ပွင့်တော်မူကုန်သော အလုံးစုံသော ဘုရားရှင်တို့ကို ပြတော် မူခြင်းငှာ—

၁· “အာရောဟနိယဟတ္ထိ”ဟူ၍ ကေကင်္ဂုတ္တိုရ်အဋ္ဌကထာ ၂၁၅....တေရသကဏ်ဋီကာ မဟာခန္ဓက ၁၀၄·တို့၌ ဆိုသည်။

၂· “ကဏ္ဍက”မြန်မာမူ ဇာတ်အဋ္ဌကထာ ၆၆....ဇာတတ္ထကီ-၆၄။ “ကန္ထက” သီဟိုဠ်မူ ဗုဒ္ဓဝင်အဋ္ဌကထာ ၁၀၆။ “ကဏ္ဍက”သီဟိုဠ်မူဇာတ်အဋ္ဌကထာ။ ၎င်းမူတစ်စောင် ၅၂·၌“ကန္ထက”။

တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။

မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။

သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။

တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါ စာပိ နာယကော။

ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ။
သတရံသီဝ ဥပ္ပန္နာ၊ မဟာတမဝိနောဒနာ။
ဇလိတွာ အဂ္ဂိက္ခန္ဓာဝ၊ နိဗ္ဗုတာ တေ သသာဝကာ—

ဟူ၍ မိန့်တော်မူ၏။

တဏှင်္ကရော၊ တဏှင်္ကရာ အမည်တော်ရှိသော။ သမ္ဗုဒ္ဓေါ၊ ဘုရားလည်းကောင်း။ အထောပိ၊ ထိုမှတပါးလည်း။ မေဓင်္ကရော၊ မေဓင်္ကရာ အမည်တော်ရှိသော။ သမ္ဗုဒ္ဓေါ၊ ဘုရားလည်းကောင်း။ သရဏင်္ကရော၊ သရဏင်္ကရာ အမည်တော်ရှိသော။သမ္ဗုဒ္ဓေါ၊ဘုရားလည်းကောင်း။ဒီပင်္ကရော၊ ဒီပင်္ကရာအမည်တော်ရှိသော။ သမ္ဗုဒ္ဓေါ၊ ဘုရားလည်းကောင်း။ဒွိပဒုတ္တမော၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်သော။ ကောဏ္ဍညော၊ ကောဏ္ဍညဘုရားလည်းကောင်း။

မင်္ဂလောစ၊ မင်္ဂလဘုရားလည်းကောင်း။ သုမနောစ၊ သုမနဘုရားလည်းကောင်း။ ရေဝတောစ၊ ရေဝတဘုရားလည်းကောင်း။ သောဘိတော၊ သောဘိတ အမည်တော်ရှိသော။ မုနိ၊ဘုရားလည်းကောင်း။ အနောမဒဿီ၊ အနောမဒဿီဘုရားလည်းကောင်း။ ပဒုမော၊ ပဒုမဘုရားလည်းကောင်း။ နာရဒေါ၊ နာရဒဘုရားလည်းကောင်း။ ပဒုမုတ္တရော၊ ပဒုမုတ္တရဘုရားလည်းကောင်း။

မဟာယသော၊ များသော အခြံအရံရှိသော။ သုမေဓောစ၊ သုမေဓာဘုရားလည်းကောင်း။သုဇာတော စ၊သုဇာတဘုရားလည်းကောင်း။ပိယဒဿီ၊

ပိယဒဿီဘုရားလည်းကောင်း။ လောကနာယကော၊ လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော။ အတ္ထဒဿီ၊ အတ္ထဒဿီဘုရားလည်းကောင်း။ ဓမ္မဒဿီ၊ ဓမ္မဒဿီဘုရားလည်းကောင်း။ သိဒ္ဓတ္ထော၊ သိဒ္ဓတ္ထဘုရားလည်းကောင်း။

သမ္ဗုဒ္ဓေါ၊ ကိုယ်တော်တိုင် သစ္စာလေးပါးတရားကို သိသော။ တိဿောစ၊ တိဿဘုရားလည်းကောင်း။ ဖုဿောစ၊ ဖုဿဘုရားလည်းကောင်း။ နာယကော၊ မဂ္ဂင်ဖောင်ဖြင့် ဆောင်တော်မူတတ်သော။ ဝိပဿီ၊ ဝိပဿီဘုရား လည်းကောင်း။ သိခီ၊ သိခီဘုရားလည်းကောင်း။ ဝေဿဘူ၊ ဝေဿဘူဘုရား လည်းကောင်း။ ကကုသန္ဓော၊ ကကုသန်ဘုရားလည်းကောင်း။ ကောဏာ-ဂမနော၊ ကောဏာဂုံ ဘုရားလည်းကောင်း။ ကဿပေါစာပိ၊ ကဿပ ဘုရားလည်းကောင်း။

ဝီတရာဂါ၊ ကင်းသောရာဂရှိကုန်သော။ သမာဟိတာ၊ တည်ကြည်သော စိတ်ရှိကုန်သော။ သတရံသီဝ၊ နေမင်းကဲ့သို့။ ဥပန္နာ၊ ဖြစ်ကုန်သော။ တေသမ္ဗုဒ္ဓါ၊ ထိုဘုရားရှင်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တေ၊ထိုဘုရားရှင် တို့သည်။ မဟာ တမ ဝိနောဒနာ၊ ကြီးစွာသော မောဟ တည်းဟူသော အမိုက်မှောင်ကို ဖျောက်ကုန်လျက်။ အဂ္ဂိက္ခန္ဓာဝ၊ မီးပုံကြီးတို့ကဲ့သို့။ ဇလိတွာ၊ ပြောင်ပြောင်တောက်ပ၍။ သသာဝကာ၊ သာဝကနှင့်တကွ။ ပရိနိဗ္ဗုတာ၊ ပရိနိဗ္ဗာန် ပြုတော်မူကြကုန်ပြီ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့် မကျဉ်းလွန်း မကျယ်လွန်း အလယ်အလတ် အားဖြင့် ကောင်းမြတ်စွာ ပြုအပ်သော ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ဒီပင်္ကရာ မြတ်စွာဘုရား အကြောင်းကား ပြီးပြီ။

၄-ကောဏ္ဍညဗုဒ္ဓဝံသ

ကောဏ္ဍညမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ဒီပင်္ကရာ အမည်တော်ရှိတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူသည်ရှိသော် ထိုဒီပင်္ကရာမြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာလည်း အနှစ်တစ်သိန်း တွက်ကိန်းများလှတည်ပြီးမှလျှင် ဘုရား, ဘုရားကို အမှီပြု၍ သစ္စာလေးပါး တရားကို သိကုန်သော သာဝကတို့ ကွယ်သဖြင့် ဒီပင်္ကရာ မြတ်စွာဘုရား၏ သာသနာတော်လည်း တိမ်စွယ်တိမ်လုံး ဖုံးအပ်သော လမင်းကဲ့သို့ ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏။

ထိုဒီပင်္ကရာမြတ်စွာဘုရား၏ နောက်အဖို့၌ တစ်သင်္ချေကို လွန်၍ တစ်ခုသော ကမ္ဘာ၌ ကောဏ္ဍညအမည်တော်ရှိသော မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏။ ထိုကောဏ္ဍည မြတ်စွာဘုရားသည်ကား တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတို့ကို ဖြည့်တော်မူ၍ သဗ္ဗညုတဉာဏ်ကိုရင့်စေလျက် ဝေဿန္တရာအဖြစ်နှင့်တူသော အတ္တဘော၌ တည်တော်မူ၍ ထိုအဖြစ်မှ စုတေလျှင် တုသိတာနတ်ပြည်၌ ဖြစ်၍ ထိုတုသိတာနတ်ပြည်၌ အသက်ထက်ဆုံး တည်တော်မူလျက် နတ်တို့ တောင်းပန်သော အသံ ပဋိညာဉ် ဝန်ခံခြင်းကိုပေး၍ တုသိတာနတ်ပြည်မှ စုတေခဲ့ပြီးသော် ရမ္မဝတီမည်သော မင်းနေပြည်ကြီးဝယ် အနွယ်စဉ်လာ သုနန္ဒမည်သော မင်းမျိုး၌ တန်ခိုးအာဏာ သုဇာတာမည်သော မိဖုရားဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။

ထိုကောဏ္ဍညဘုရားလောင်း ပဋိသန္ဓေယူရာ၌ ဒီပင်္ကရာဘုရားလောင်းကို ဆိုခဲ့ပြီးသော နည်းအားဖြင့် တန်ခိုးပြာဋိဟာတို့သည်လည်း ဖြစ်ကုန်၏။ ထိုဘုရားလောင်းကို နတ်တို့ ပြုအပ်သော စောင့်ရှောက်ခြင်း အစီအရင်ရှိသည်ဖြစ်၍ ဆယ်လကို လွန်သဖြင့် အမိဝမ်းမှ ဖွားမြင်လျှင် အလုံးစုံသော သတ္တဝါတို့ထက် မြတ်တော်မူသော ဘုရားလောင်းသည် မြောက်သို့ မျက်နှာရှေးရှုမူသည်ဖြစ်၍ ခုနစ်ဖဝါးကြွတော်မူလျက် အလုံးစုံသောအရပ်မျက်နှာကို

ကြည့်ပြီးမှ "အဂ္ဂေါဟ မသ္မိ လောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ လောကဿ။အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ" ဟူသော မကြောက်မရွံ့သော စကားကို မြွက်ဆိုတော်မူ၏။ ။အဟံ၊ ငါသည်။ လောကဿ၊ လူအပေါင်း၏။ အဂ္ဂေါ၊အဦးသည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ငါသည်။ လောကဿ၊ လူအပေါင်းထက်။ ဇေဋ္ဌော၊ ကြီးသည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ငါသည်။လောကဿ၊လူအပေါင်းထက်။ သေဋ္ဌော၊မြတ်သည်။ အသ္မိ၊ဖြစ်၏။အယံ၊ဤသည်ကား။အန္တိမာ၊အဆုံးဖြစ်သော။ ဇာတိ၊ပဋိသန္ဓေနေခြင်းတည်း။ဒါနိ၊ယခု။ပုနဗ္ဘဝေါ၊တဖန်ပဋိသန္ဓေနေခြင်းသည်။နတ္ထိ၊မရှိပြီ။

ထို့နောက်မှ မင်းသားကို အမည်မှည့်အံ့သောနေ့၌ အမည် မှည့်သည် ရှိသော် ကောဏ္ဍညအနွယ်မှ လာသည် ဖြစ်သောကြောင့် ကောဏ္ဍည ဟူသော အမည်ကို မှည့်ကုန်၏။ ထိုကောဏ္ဍည ဘုရားလောင်းအား ရမ, သုရမ, သုဘ[၂] မည်သော ပြာသာဒ် သုံးဆောင်တို့သည် ဖြစ်ကုန်၏။ ထိုပြာသာဒ်တို့၌ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း၌ လိမ္မာကုန်သော ကချေသည် မောင်းမသုံးသိန်းတို့ဖြင့် အခါခပ်သိမ်း ရွေးရှုတည်သဖြင့်နှံခြံရံ ကခုန်မြူးထူး ပျော်ရွှင်စေကုန်၏။

ထိုဘုရားလောင်းအား ရုစိဒေဝီမည်သော မိဖုရားကြီး, ဝိဇိတသေန မည်သော သားတော်ရှိ၏။အနှစ်တစ်သောင်းတို့ပတ်လုံး အိမ်ရာထောင်သော လူ့ဘောင်၌ နေလျက် သူနာ, သူအို, သူသေ, ရဟန်းတည်းဟူသော နိမိတ် လေးပါးကို မြင်၍ အာဇာနည်မြင်းကသော ရထားဖြင့် တောထွက်၍ ရဟန်းပြုလျက် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၏။

ထိုကောဏ္ဍညသတို့သား ဘုရားအဖြစ်ကို ရည်မှန်း၍ ရဟန်းပြုသည် ရှိသော် ဆယ်ကုဋေသော လူတို့လည်း အတုလိုက်၍ ရဟန်းပြုကြကုန်၏။ ကောဏ္ဍညဘုရားအလောင်းလည်း ဆယ်ကုဋေသော ရဟန်းတို့ ခြံရံအပ်သည် ဖြစ်၍ ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်သည် ရှိသော် ကဆုန်

၁- သုတ်မဟာဝါ ပါဠိတော် ၁·မဟာပဒါနသုတ် ၁၂....ဥပရိပဏ္ဏာသပါဠိတော် ၂၃-အစ္ဆရိယ အဗ္ဘုတသုတ် ၁၃၃။

၂· သုစိ-သုရုစိ-သုဘ ဗုဒ္ဓဝင် ပါဠိတော်....မြန်မာမူ-၅၃၂ ရုစိ-သုရုစိ·သုဘ·ဂုဏ် သီဟိုဠ်မူ ၇၂။

လပြည့် နေ့အခါ သုနန္ဒရွာ၌ ယသောဓရာအမည်ရှိသော သေဌေးသမီးသည် လှူအပ်သော လွန်မြတ်ချိုမြိန်ကောင်းမွန်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ အပွင့်ရွက်နု အညွန့်တို့ဖြင့် သင့်တင့်ညီညွတ်စွာ တန်ဆာ ဆင်အပ်သော အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေတော်မူ၍ ညချမ်းသောအခါ ရဟန်းအပေါင်းတို့အား စွန့်တော်မူ၍ သုနန္ဒကမည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ကြောင်လျှာဗောဓိပင်ကို သုံးကြိမ် လက်ယာရစ် လည်လျက် အရှေ့အရပ်အဖို့ ကြည့်တော်မူ၍ ဗောဓိပင်ကို နောက်မှီတ်ကဲ သဟဲပြုလျက် ငါးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကိုခင်း၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် လေးပါးသော အင်္ဂါနှင့် ပြည့်စုံသောဝီရိယကို ဆောက်တည်တော်မူ၍ မာရ်မင်းစစ်သည် ဗိုလ်ပါကို ဖျက်ဆီးလျက် ညဉ့်၏ပထမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို သုတ်သင်၍ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ် ပစ္ဆိမယံ၌ကား ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်တော်မူလျက် အာနာပါနစတုတ္ထစျာန်မှ ထတော်မူ၍ ခန္ဓာငါးပါးတို့၌ နှလုံးသွင်း၍ ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းအားဖြင့် အမျ ငါးဆယ်သော လက္ခဏာတို့ကို မြင်တော်မူ၍ ဂေါတြဘူဉာဏ် တိုင်အောင် ဝိပဿနာကို ပွားစေလျက် လေးပါးသောမဂ်ဉာဏ် လေးပါးသောဖိုလ်ဉာဏ် လေးပါးသော ပဋိသမ္ဘိဒါ လေးပါးသော ယောနိတို့ကို ပိုင်းခြားတတ်သော ဉာဏ်ကိုလည်းကောင်း, ငါးပါးသော ဂတိတို့ကို ပိုင်းခြားတတ်သော ဉာဏ်တို့ကို လည်းကောင်း, ခြောက်ပါးသော အသာဓာရဏ ဉာဏ်တို့ကို လည်းကောင်း အလုံးစုံသော ဘုရားကျေးဇူးတော်တို့ကို ထိုးထွင်းသိတော်မူ၍ ပြည့်စုံသော အကြွံရှိပြီဖြစ်သောကြောင့် ဗောဓိပင်ရင်း၌ နေတော်မူလျက်လျှင် ဥဒါန်းကျူးရင့်တော်မူလိုသည်ဖြစ်၍—

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရက ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ[1]။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ[2]။

၁-ဓမ္မပဒပါဠိတော် ၁၁-ဇရာဝဂ် ၁၂၅-အာနန္ဒတ္ထေရဿ ဥဒါနဂါထာဝတ္ထု-၂၅။
၂-ဓမ္မပဒပါဠိတော် ၂၅။

အယောဃနဟာတဃောဝ၊ ဇလတော ဇာတဝေဒသော။
အနုပုဗ္ဗ ပသန္တဿ၊ ယထာ န ဉာယတေ ဂတိ[၁]။

ဧဝံ သမ္မာဝိမုတ္တာနံ၊ ကာမဗန္ဓောဃတာရိနံ။
ပညာပေတုံ ဂတိ နတ္ထိ၊ ပတ္တာနံ အစလံ သုခံ[၂]။

အနေကဇာတိသံသာရံ-စသော ဂါထာအနက်ကိုကား ရှေ့က ရေးခဲ့ပြီ။ နောက် နှစ်ဂါထာ၏အနက်ကား—

အယောဃနဟာတဃောဝ၊ သံတူဖြင့် ပုတ်ခတ်အပ်သော။ [အယောဃန သဒ္ဒါကားသံတူပရိယာယ်တည်း]။ဝါ၊ မီးခတ်ဖြင့်ခတ်အပ်သော။ ဇလတော-ဇလန္တဿ၊ အလျှံပြောင်ပြောင် တောက်သော။ အနုပုဗ္ဗ၊ အစဉ်အတိုင်း။ ဥပသန္တဿ၊ ငြိမ်းလေပြီးသော။ ဇာတဝေဒသော၊ မီး၏။ ဂတိ၊ လားရာကို။ ဝါ၊ သွားရာကို။ န ဉာယတေ ယထာ၊ မသိအပ်သကဲ့သို့။

ဧဝံ တထာ၊ ထို့အတူ။ သမ္မာဝိမုတ္တာနံ၊ ကောင်းစွာ ကိလေသာမှ လွတ်ကုန်ပြီးသော။ ကာမဗန္ဓောဃတာရိနံ၊ နှောင်ဖွဲ့တတ်သော ကာမ တရားတည်းဟူသော ဝဲသြဃမှ ကူးမြောက်တော်မူကုန်ပြီးသော။ အစလံ၊ တုန်လှုပ်ခြင်းမရှိသော။သုခံ၊နိဗ္ဗာန်သို့။ ပတ္တာနံ၊ ရောက်ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၏။ ဂတိ၊လားရာကို။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ ဝါ၊ အပြားအားဖြင့် သိစေခြင်းငှါ။ နတ္ထိ၊ မရှိပြီ။

ကောဏ္ဍည မြတ်စွာဘုရား သတ္တဝါတို့ကို ချတ်တော်မူခြင်း

သတ္တသတ္တာဟ ဗောဓိပင်ရင်း၌ 'သာလျှင် ဖလသမာပတ္တိ သုခဖြင့် လွန်စေ၍ အဋ္ဌမသတ္တာဟ၌ ဗြဟ္မာမင်းသည် တောင်းပန် အပ်သည်ကို အကြောင်းပြု၍ "အဘယ်သူအား ရှေးဦးစွာ တရားဟောရအံ့နည်း" ဟု စူးစမ်းဆင်ခြင်သည်ရှိသော် မိမိနှင့် အတူတကွ ရဟန်းပြုကုန်သော ကုဋ္ဌေ တစ်ဆယ်သော ရဟန်းတို့ကိုမြင်တော်မူ၏။"ဤအမျိုးကောင်းသား ရဟန်း တို့ကား ကောင်းစွာ ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု ရှိကုန်၏။ ငါရဟန်းပြုလျှင် ငါ့သို့ အတုလိုက်၍ ရဟန်းပြုကုန်၏။ ငါနှင့် အတူတကွ

၁–၂ ဥဒါန်းပါဠိတော် ၇-ပါဋလိဂါမဝဂ် (၈၀) ဒသမသုတ်-၁၁၂။

ဒက္ကရစရိယာကို ကျင့်၍ လုပ်ကျွေးကြကုန်၏။ ယခု ငါ့ကား ဤကုဋေ တစ်ဆယ်သော ရဟန်းတို့အားအလုံးစုံတို့၏ ရှေးဦးစွာတရားဟောတော့အံ့” ဟု စူးစမ်းဆင်ခြင်ပြီးမှ “ယခုအခါ ထိုရဟန်းတို့ အဘယ်အရပ်၌ နေကုန် သနည်း” ဟု ကြည့်သည်ရှိသော် ဤမဟာဗောဓိပင်အရပ်မှ တစ်ဆယ့်ရှစ် ယူဇနာ အတိုင်းအရှည်ရှိသော အမရဝတီမြို့[1] နတ်တော၌[2] နေကြောင်းကို မြင်တော်မူ၍ ထိုရဟန်းတို့အား တရားဟောခြင်းငှာ သွားအံ့ဟု သပိတ် သင်္ကန်းကို ယူတော်မူ၍ အားကြီးသော ယောကျ်ားသည် ကွေးသော လက်ကို ဆန့်သကဲ့သို့လည်းကောင်း, ဆန့်ပြီးသောလက်ကို ကွေးဘိသကဲ့သို့ လည်းကောင်း ထို့အတူ ဗောဓိပင်ရင်းမှ ကွယ်ခဲ့၍ နတ်တော၌ ထင်ရှား ဖြစ်တော်မူ၏။

ထိုအခါ အမရဝတီမြို့ကိုမှီ၍ နတ်တော၌ နေကုန်သော ဆယ်ကုဋေသော တိုရဟန်းတို့သည် အဝေးမှလာသော မြတ်စွာဘုရားကိုမြင်၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ခရီးဦးကြိုဆိုလျက် သပိတ် သင်္ကန်းကို လှမ်းယူပြီးမှ ဘုရားနေရာတော်ကို ခင်း၍ မြတ်စွာဘုရားအား ရှိသေခြင်းကို ပြုလျက် ရှိခိုးပြီးမှ ခြံရံကာ တင့်အပ်လျောက်ပတ်သော အရပ်၌ နေကုန်၏။

ထိုအရပ်၌ ရဟန်းအပေါင်း ခြံရံအပ်သော ကောဏ္ဍည အမည်တော် ရှိသော မြတ်စွာဘုရားသည် ဘုရားနေရာတော်၌ နေတော်မူလျှင် နတ် အပေါင်းတို့ ခြံရံအပ်သည်ဖြစ်၍ မျက်စိတစ်ထောင် အမြင်ဆောင်နိုင်သော သိကြားမင်းကဲ့သို့ လည်းကောင်း, အညစ်အကြေး ကင်းဝေးစင်စင် ကောင်းကင်ပြင်ဝယ် အစဉ်သွားလာ ကြယ်တာရာအပေါင်းတို့သည် ခြံရံ အပ်သည်ဖြစ်၍ တန်ဆောင်မုန်းလ သရဒအခါ ထိန်ဝါပြောင်ဝင်းသော လမင်းကဲ့သို့လည်းကောင်း တင့်တယ်တော်မူ၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းအပေါင်းတို့အား အလုံးစုံသော ဘုရား ရှင်တို့မပြတ်မှီဝဲအပ်သည်ဖြစ်၍ အတုမရှိသောသုံးပါးသောအပြန် တစ်ဆယ့် နှစ်ပါးသော အခြင်းအရာရှိသော ဓမ္မစက္ကပဝတ္တန သုတ္တန်ဒေသနာတော်ကို

၁– “အရုန္နဝတီ” ဟူ၍လည်း အချို့ရှိသည်။

၂– မြန်မာပါဠိတော်တို့၌ “ဒေဝါနံ နဂရုတ္တမေ”ဟူ၍ ရှိ၏။ အချို့အဋ္ဌကထာ၌ကား “ဒေဝဘဝနေ”ဟု ရှိ၏။

ဟောတော်မူ၍ ဆယ်ကုဋေသော ရဟန်းတို့နှင့်တကွ ကုဋေတစ်သိန်းသော နတ်တို့ကို တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ။ ထို့ကြောင့် —

ဒီပင်္ကရဿ အပရေန၊ ကောဏ္ဍညော နာမ နာယကော။
အနန္တတေဇော အမိတယသော၊ အပ္ပမေယျော ဒုရာသဒေါ။

ဓရဏူပမော ခမနေန၊ သီလေန သာဂရူပမော။
သမာဓိနာ မေရူပမော၊ ဉာဏေန ဂဂနူပမော။

ဣန္ဒြိယဗလဗောဇ္ဈင်္ဂ၊ မဂ္ဂသစ္စပ္ပကာသနံ။
ပကာသေသိ သဒါ ဗုဒ္ဓေါ၊ ဟိတာယ သဗ္ဗပါဏိနံ။

ဓမ္မစက္ကံ ပဝတ္တေန္တေ၊ ကောဏ္ဍညေ လောကနာယကေ။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူ၏။

ဒီပင်္ကရဿ၊ ဒီပင်္ကရာ ဘုရားသခင်၏။ အပရေန-အပရဘာဂေန၊ နောက်အဖို့၌။ နာယကော၊ ဝေနေယျကြွာ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်ဘော်မူထသော။ အနန္တတေဇော၊ အထက်ဘဝဂ် အောက်အဝီစိ အနန္တစကြဝဠာတို့၌ ရှေးရှုတည်တံ့ ကြည့်ဝံ့မည့်သူမပေါ် သီလစသော တန်ခိုးတော်လည်း ရှိထသော။ အမိတ ယသော၊ မရေတွက်နိုင်သော ရဟန်း ပရိသတ်လည်းရှိတော်မူထသော။ တစ်နည်းကား။ မရေတွက်နိုင်သော အခြံ

၁—ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညံ မဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃ မန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။

မြတ်စွာဘုရားတို့၏ ဂုဏ်တော် ကျေးဇူးတော် ချီးမွမ်း၍ မကုန်ခန်းနိုင်ကြောင်းကို ပြသော ဂါထာ။ ၎င်းဂါထာကို ဒီဃနိကာယ် သုတ်သီလက္ခန် အဋ္ဌကထာ သောဏဒဏ္ဍ သုတ်-၂၂၇၊ ဒီဃနိကာယ်သုတ်ပါထေယျ အဋ္ဌကထာ သမ္ပသာဒနီယသုတ်-၅၃၊ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ စင်္ကီသုတ်-၂၅၆၊၂၆၃-ခုဒ္ဒကနိကာယ် ဥဒါန်းအဋ္ဌကထာ ဇစ္စန္ဓဝဂ် တတိယသုတ် သီ-၂၃၆ ၎င်းဗုဒ္ဓဝံသအဋ္ဌကထာ ကောဏ္ဍညဗုဒ္ဓဝံသ သံ-၁၀၉.... ၎င်း စရိယာပိဋကအဋ္ဌကထာ ၁-အကတ္တိစရိယ သီ-၇....၎င်းသာရတ္ထဒီပနီဋီကာ ပဏာမာဒိဝဏ္ဏနာ ၅....အင်္ဂုတ္တရနိကာယ် အင်္ဂုတ္တိုရ်ဋီကာ ပဏာမဝဏ္ဏနာ-၁၂။

အရိလည်း ရှိတော်မူ ထသော။ တစ်နည်းကား။ ဂုဏ်ကျေးဇူး သတင်း ကျော်စောခြင်းလည်း ရှိတော်မူထသော။ အပ္ပမေယျော၊ ဘုရား သခင် တို့သည် တစ်ဆူသော ဘုရား ကျေးဇူးတော်တို့ကို တစ်သက်ပတ်လုံး ဟော၍ မကုန်နိုင်သော ကျေးဇူးတော်လည်း ရှိတော်မူထသော။ တစ်နည်းကား။ မရေတွက်နိုင်သော ကျေးဇူးလည်းရှိတော်မူထသော။ ဒုရာသဒေါ၊ ထံတော် ရင်းသို့ ပြင်းသော လုံ့လဖြင့် ဆည်းကပ်ခြင်းငှါ မတတ်နိုင် ထသော။ [မငြိမရှောက် ထံတော်ရောက်အောင် မတတ်နိုင်ထသော လည်းဟူ]။ ကောဏ္ဍညောနာမ၊ ကောဏ္ဍညမည်သော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။

ခမနေန၊ သည်းခံခြင်းဖြင့်။ ဓရဏူပမော၊ မြေကြီးနှင့်တူတော်မူသော။ သီလေန၊ သီလဖြင့်။ သာဂရူပမော၊ မဟာသမုဒ္ဒရာနှင့်တူတော်မူထသော။ သမာဓိနာ၊သမာဓိဖြင့်။ မေရူပမော၊ မြင်းမိုရ်တောင်နှင့် တူတော်မူထသော။ ဉာဏေန၊ ဉာဏ်တော်ဖြင့်။ ဂဂနူပမော၊ ကောင်းကင် နှင့်လည်း တူတော် မူထသော။ ဗုဒ္ဓေါ၊ ကောဏ္ဍညဘုရားသည်။ သဒါ၊ အခါခပ်သိမ်း။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွားအလို့ငှါ။ ဣန္ဒြိယ ဗလ ဗောဇ္ဈင် မဂ္ဂ သစ္စ ပ္ပကာသနံ၊ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် သစ္စာတို့ကို။ ပကာသေသိ၊ ပြတော်မူပြီ။

လောကနာယကော၊ လူသုံးပါးတို့၏ခရီးညွှန်ဖြစ်တော်မူသော။[ဝေနေယျ ကြသတ္တဝါတို့ကိုနိဗ္ဗာန်သို့ ပို့ဆောင်တတ်သောလည်းဟူ]။ ကောဏ္ဍညော၊ ကောဏ္ဍညဘုရားသခင်သည်။ ဓမ္မစက္က ပဝတ္တေန္တေ၊ ဓမ္မစကြာဒေသနာကို ဟောတော်မူသည်ရှိသော်။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းသော သူတို့အား။ ပဌမာဘိသမယော၊ ရှေးဦးစွာသော မဂ်ဖိုလ် တည်းဟူသော တရားအထူးကိုသိသည်။ အဟု၊ ဖြစ်ပြီ။

ထို့နောက်မှ ကြီးစွာသော မင်္ဂလာ အစည်းအဝေး၌ တစ်သောင်းသော စကြာဝဠာမှ လာကုန်သော နတ်အပေါင်းတို့သည် သိမ်မွေ့ ကုန်သော အတ္တဘောကို ဖန်ဆင်း၍ ဤစကြာဝဠာ၌ စည်းဝေးကြကုန်၏။ ထိုအစည်း အဝေးသို့ ရောက်လာကြကုန်သော နတ်အပေါင်းတို့တွင် အမှတ်မရှိသော နတ်သားသည် ကောဏ္ဍည မြတ်စွာဘုရားအား မင်္ဂလာပြဿနာဖြင့်

မေး၏။ မြတ်စွာဘုရားသည်လည်း ထိုနတ်သားအား မင်္ဂလာတရားတို့ကို ဟောကြားတော်မူ၏။ ထိုအစည်းအဝေး၌ ကုဋေ ကိုးသောင်းတို့သည် အရဟတ္တဖိုလ်သို့ရောက်ကုန်၏။ သောတာပန်စသည်တို့၏ အရေအတွက်ကား အပိုင်းအခြားမရှိ။ ထို့ကြောင့်—

> တတော ပရမ္ပိ ဒေသေန္တေ၊ နရမရူနံ သမာဂမေ။
> နဝုတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု–

ဟူ၍ ဟောတော်မူ၏။

တတော၊ ထိုဓမ္မစကြာတရား ဟောကြားတော်မူပြီးသည်မှ။ ပရမ္ပိ၊ နောက်အဖို့၌လည်း။ သမာဂမေ၊ နတ်တို့ အစည်းအဝေး၌။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ဒေသေန္တေ၊ ဟောတော်မူသည်ရှိသော်။ နဝုတိကောဋိသဟဿာနံ၊ ကုဋေကိုးသောင်းကုန်သော။ နရမရူနံ၊ နတ်လူတို့၏။ ဒုတိယာဘိသမယော၊ နှစ်ကြိမ်မြောက်သော သစ္စာလေးပါးတရားကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ မြတ်စွာဘုရားသည် ကောင်းကင်ပြင်၌ တိတ္ထိတို့၏ မာန်ကို နှိမ်နင်းတတ်သော အလုံးစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူလျက် တရားတော်ကို ဟောတော်မူ၏။ ထိုအခါ ကုဋေရှစ်သောင်းသော နတ်လူတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ သုံးပါးသောဖိုလ်၌ တည်သော လူတို့ကား မရေတွက်နိုင်။ ထို့ကြောင့်——

> တိတ္ထိယေ အဘိမဒ္ဒန္တော၊ ယဒါ ဓမ္မမဒေသယိ။
> အသီတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု–

ဟူ၍ ဟောတော်မူ၏။

ယဒါ၊ အကြင်အခါ၌။ တိတ္ထိယေ၊ တိတ္ထိတို့ကို။ အဘိမဒ္ဒန္တော၊ နှိမ်နင်းတော်မူသည်ဖြစ်၍။ ဓမ္မံ၊ တရားကို။ အဒေသယိ၊ ဟောတော်မူပြီ။ အသီတိကောဋိသဟဿာနံ၊ ကုဋေရှစ်သောင်းတို့၏။ တတိယာဘိသမယော၊ သုံးခုမြောက်သော သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိခြင်းသည်။ တဒါ၊ ထိုအခါ၌။ အဟု၊ ဖြစ်ပြီ။

ကောဏ္ဍညမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ကောဏ္ဍည အမည်တော်ရှိသော မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်းသို့ ရောက်သည်ရှိသော် ပဥ္စမဝါ၌ စန္ဒဝတီပြည် ကိုအမှီပြု၍ စန္ဒာရာမ၌ သီတင်းသုံးတော်မူ၏။ ထိုမြို့၌ များသော ဥစ္စာနှင့် ပြည့်စုံသော သုစိတြပုဏ္ဏား၏ သားကား စန္ဒ၊ ယသောဓရပုဏ္ဏား၏ သားကား သုဘဒ္ဒမည်သတတ်။ ထိုစန္ဒလုလင်နှင့် သုဘဒ္ဒလုလင်တို့သည် ကောဏ္ဍညမြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားဒေသနာကို ကြားနာ ရလျှင် ကြည်လင် ရွှင်လန်းသောစိတ် ရှိကုန်သည် ဖြစ်၍ လုလင်ပျို တစ်သောင်းတို့နှင့်တကွ ဘုရားရှင်အထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ထိုအခါ ကောဏ္ဍည မြတ်စွာဘုရားသည် နယုန်လပြည့်နေ့ သုဘဒ္ဒထေရ် လျှင်အမှူးရှိသော ကုဋေတစ်သိန်းသော ရဟန်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးဖြစ်၏။

ထို့နောက် ကောဏ္ဍညဘုရားရှင်၏ သားတော်ဖြစ်သော ဝိဇိတသေန သည် အရဟတ္တဖိုလ်သို့ ရောက်သည် ရှိသော် ဝိဇိတသေန အမှူးရှိသော နတ်လူကုဋေတစ်ထောင်၏ အလယ်၌ မြတ်စွာဘုရားပါတိမောက်ကို ပြတော် မူ၏။ ထိုအစည်းအဝေးကား နှစ်ကြိမ်မြောက်သော အစည်းအဝေးဖြစ်၏။

အခါတပါး ကောဏ္ဍည မြတ်စွာဘုရားသည် ဇနပုဒ်သို့ ဒေသစာရီ လှည့်လည်ကြွသည် ရှိသော် ကုဋေကိုးဆယ် အခြံအရံရှိသော ဥဒေနမင်းကို ကုဋေကိုးဆယ်နှင့်တကွ ရဟန်းပြုလျှင် ထိုမင်းသည် အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် မင်းလျှင်အမှူးရှိသော ကုဋေကိုးဆယ်သော ရဟန္တာ တို့သည် ခြံရံအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ပါတိမောက်ပြတော်မူ၏။ ထိုအစည်းအဝေးကား သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ ကောဏ္ဍညဿ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

ကောဋိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
ဒုတိယော ကောဋိသဟဿာနံ၊ တတိယော နဝုတိကောဋိနံ-

ဟူ၍ ဟောတော်မူ၏။

မဟေသိနော၊ မြတ်သောသီလ စသော ကျေးဇူးကို ရှာမှီးတော်မူတတ်သော။ ကောဏ္ဍညဿ၊ ကောဏ္ဍညဘုရား၏။ တာဒိနံ၊ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံကုန်ထသော။ သန္တစိတ္တာနံ၊ ငြိမ်သက်သောစိတ်ရှိကုန်ထသော။ ဝိမလာနံ၊ ကင်းသောအညစ်အကြေးရှိကုန်ထသော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ တယော၊ သုံးပါးတို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။

ကောဋိသတသဟဿာနံ၊ ကုဋေ့တစ်သိန်းသော ရဟန္တာတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်၏။ ကောဋိသဟဿာနံ၊ ကုဋေ့တစ်ထောင်သော ရဟန်းတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်၏။ နဝုတိကောဋိနံ၊ ကုဋေ့ကိုးဆယ်သော ရဟန်းတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်၏။

ငါတို့ဘုရားလောင်း ဝိဇိတာဝီစကြာမင်းအား ကောဏ္ဍညမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် ဝိဇိတာဝီမည်သော စကြာမင်းဖြစ်၍ စန္ဒဝတီမြို့၌ စိုးအုပ်၍ နေ၏။ ထိုမင်းအား များစွာသော လူအပေါင်းသည် ခြံရံအပ်သည်ဖြစ်၍ ရွှေအိုးငွေအိုးတို့၏ တည်နေရာလည်း ဖြစ်၏။ မြင်းမိုရ်တောင်ယုဂန္ဓိုရ်တောင်နှင့်တကွ ပမာဏအားဖြင့် မနှိုင်းရှည့်နိုင်သော မြေအပြင်ကို ဒဏ်မရှိ လက်နက်မရှိ တရားသဖြင့် မင်းလုပ်၍ စိုးအုပ်စောင့်ရှောက်တော်မူသတတ်။

ထိုအခါ ကောဏ္ဍညမြတ်စွာဘုရားသည်လည်း ကုဋေ့ တစ်သိန်းသော ရဟန္တာတို့ဖြင့် ခြံရံလျက် ဇနပုဒ်သို့ ခရီးဒေသစာရီ ကြွချီသည် ရှိသော် အစဉ်သဖြင့် စန္ဒဝတီမြို့သို့ ရောက်တော်မူ၏။ ထိုမြို့၌ ဝိဇိတာဝီအမည်ရှိသော စကြာမင်းသည် ကောဏ္ဍည ဘုရားရှင်ကား ငါတို့ မြို့သို့ ရောက်၏ဟု

ကြားလျှင် ခရီးကြိုဆို၍ မြတ်စွာဘုရားနေတော်မူရာ အရပ်ကို စီရင်၍ နက်ဖြန် အလို့ငှာ ရဟန်း သံဃာနှင့်တကွ ဆွမ်းဖိတ်ပြီးလျှင် နံနက် မိုးသောက်ရောက်သောအခါ ဆွမ်းအစီရင်ကို ကောင်းစွာ စီရင်၍ ကုဋေ တစ်သိန်း အရေအတွက်ရှိသော ဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား ကြီးစွာသော အလှူကြီးကို ပေးတော်မူ၏။

ဘုရားလောင်း ဝိဇိတာဝီ စကြာမင်းသည်လည်း ဆွမ်းကျွေးပြီးမှ အနုမောဒနာအဆုံး၌ "အရှင်ဘုရား....ဝါတွင်းသုံးလပတ်လုံး လူအပေါင်းအား သင်္ဂြိုဟ် ထောက်ပံ့သည်ကို ပြုလျက် အကျွန်ုပ်တို့မြို့၌ ဝါကပ်တော်မူပါ"ဟု တောင်းပန်လျှင် သုံးလပတ်လုံး နေ့စဉ်မပြတ် ဘုရားအမှူးရှိသော ရဟန်း သံဃာအား အသဒိသအလှူကြီးကို ပေးတော်မူ၏။

ထိုအခါ ကောဏ္ဍည မြတ်စွာဘုရားသည် ငါတို့ ဘုရားလောင်းကို "အနာဂတေ ဂေါတမော နာမ ဗုဒ္ဓေါ ဘဝိဿတိ—အနာဂတေ၊ နောင်သော အခါ၌။ ဂေါတမော နာမ၊ ဂေါတမအမည်တော်ရှိသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူသည် ရှိသော် ငါတို့ ဘုရားလောင်းလည်း တရားတော်ကို အစဉ် နာရသဖြင့် မင်းအဖြစ်ကို အပ်နှင်းခဲ့၍ ရဟန်းပြုလျက် ပိဋကသုံးပုံကို သင်ပြီးမှ ရှစ်ပါးသော သမာပတ်တို့ကိုလည်းကောင်း, ငါးပါးသော အဘိညာဉ်တို့ကို လည်းကောင်း ဖြစ်စေ၍ မယုတ်သော ဈာန်ရှိသည် ဖြစ်လျက် ဗြဟ္မာ့ပြည်သို့ လားလေ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ဝိဇိတာဝီ နာမ ခတ္တိယော။
သမုဒ္ဒ အန္တမန္တေန၊ ဣဿရိယံ ဝတ္တယာမဟံ။

ကောဋိသတသဟဿာနံ၊ ဝိမလာနံ မဟေသိနံ။
သဟ လောကဂ္ဂနာထေန၊ ပရမန္နေန တပ္ပယိံ။

သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ ကောဏ္ဍညော လောကနာယကော။
အပရိမေယျိတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ။
အဿတ္ထမူလေ သမ္ဗုဒ္ဓေါ၊ ဗုဇ္ဈိဿတိ မဟာယသော။

တဿ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟေဿတိ ဂေါတမော။

ကောလိတော ဥပတိဿော စ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။
အာနန္ဒော နာမုပဋ္ဌာကော၊ ဥပဋ္ဌိဿတိမံ ဇိနံ။

ခေမာ ဥပ္ပလဝဏ္ဏာ စ၊ အဂ္ဂါ ဟေဿန္တိ သာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ အဿတ္ထောတိ ပဝုစ္စတိ။

စိတ္တော စ ဟတ္ထာဠဝကော၊ အဂ္ဂါ ဟေဿန္တုပဋ္ဌကာ။
နန္ဒမာတာ စ ဥတ္တရာ၊ အဂ္ဂါ ဟေဿန္တုပဋ္ဌိကာ။
[အာယု ဝဿသတံ တဿ၊ ဂေါတမဿ ယသဿိနော]။

ဣဒံ သုတွာန ဝစနံ၊ အသမဿ မဟေသိနော။
အာမောဒိတာ နရမရူ၊ ဗုဒ္ဓဗီဇင်္ကုရော အယံ။

ဥက္ကုဋ္ဌိသဒ္ဒါ ဝတ္တန္တိ၊ အပ္ဖောဋေန္တိ ဟသန္တိ စ။
ကတဉ္စလီ နမဿန္တိ၊ ဒသသဟဿီ သဒေဝကာ။

ယဒိမဿ လောကနာထဿ၊ ဝိရဇ္ဈိဿာမ သာသနံ။
အနာဂတမှိ အဒ္ဓါနေ၊ ဟေဿာမ သမ္မုခါ ဣမံ။

ယထာ မနုဿာ နဒိံ တရန္တာ၊ ပဋိတိတ္ထံ ဝိရဇ္ဈိယ။
ဟေဋ္ဌာတိတ္ထေ ဂဟေတွာန၊ ဥတ္တရန္တိ မဟာနဒိံ။

ဧဝမေဝ မယံ သဗ္ဗေ၊ ယဒိ မုစ္စာမိမံ ဇိနံ။
အနာဂတမှိ အဒ္ဓါနေ၊ ဟေဿာမ သမ္မုခါ ဣမံ။

တဿာဟံ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
တမေဝ အတ္ထံ သာဓေန္တော၊ မဟာရဇ္ဇံ ဇိနေ အဒိံ။
မဟာရဇ္ဇံ ဒဒိတွာန၊ ပဗ္ဗဇိံ တဿ သန္တိကေ။

သုတ္တန္တံ ဝိနယဉ္စာပိ၊ နဝင်္ဂံ သတ္ထုသာသနံ။
သဗ္ဗံ ပရိယာပုဏိတွာန၊ သောဘယိံ ဇိနသာသနံ။

[ ] ဤအကွင်း အတွင်း၌ရှိသော ပါဒသည် ဒီပင်္ကရာ ဗျာဒိတ်ခန်းမှာ မပါခဲ့ဘဲ ယခု ကောဏ္ဍညဗျာဒိတ်ခန်းကျမှ မြန်မာမှုတို့၌ ပါရှိ၏။

တတ္ထပ္ပမတ္တော ဝိဟရန္တော၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။
အဘိညာပါရမိံ ဂန္တွာ၊ ဖြဟ္မလောကေမဂစ္ဆဟံ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ တေန သမယေန၊ ထိုကောဏ္ဍညဘုရား ထင်ရှားဖြစ်တော်မူသောအခါ၌။ အဟံ၊ ငါသည်။ ဝိဇိတာဝီ နာမ၊ ဝိဇိတာဝီ အမည်ရှိသော။ ခတ္တိယော၊ စကြာမင်းသည်။ အဟောသိံ၊ ဖြစ်ပြီ။ အဟံ၊ ငါသည်။ သမုဒ္ဒံ၊ သမုဒ္ဒရာကို။ အန္တံမန္တေန၊ စကြာဝဠာတောင်ခြေအပိုင်း အခြားတိုင်အောင် အတွင်းပြုသဖြင့်။ ဣဿရိယံ၊ အစိုးရခြင်းကို။ ဝတ္တယာမိ၊ ဖြစ်စေ၏။

လောကဂ္ဂနာထေန၊ ကောဏ္ဍည မြတ်စွာဘုရားနှင့်။ သဟ၊ တကွ။ မဟေသိနံ၊ သီလစသော ကျေးဇူးကို ရှာမှီးကုန်ပြီးသော။ ကောဋိသတ-သဟဿာနံ၊ ကုဋေတစ်သိန်းကုန်သော။ ဝိမလာနံ၊ ရဟန္တာအရှင်မြတ်တို့ကို။ ပရမန္နေန၊ မွန်မြတ်သောဆွမ်းဖြင့်။ တပ္ပယိံ၊ ရောင့်ရဲစေအပ်ပြီ။

လောကနာယကော၊ လူနတ်တို့ခရီးညွှန် ဖြစ်တော်မူသော။ ကောဏ္ဍ-ညော၊ ကောဏ္ဍည အမည်တော်ရှိသော။ သောပိ ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရား သည်လည်း။ မံ၊ ငါ့ကို။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူပြီ။ ကထံ၊ အဘယ်သို့ ကြားသနည်းဟူမူကား။ အယံ ရာဇာ၊ ဤ စကြာမင်း သည်။ ဣတော၊ ဤကမ္ဘာမှ။ ပဋ္ဌာယ၊ စ၍။ အပရိမေယျေ၊ မရေတွက်အပ် သော။ ကပ္ပေ၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော သုံးသင်္ချေတို့ကို။ အတိက္က-မိတွာ၊ လွန်၍။ လောကေ၊ လောက၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူပြီ။

မဟာယသော၊ များစွာသော အခြံအရံ ရှိသော။ သမ္ဗုဒ္ဓေါ၊ သဗ္ဗညုတ ဘုရားသည်။ ပဓာနံ၊ ဝီရိယကို။ ပဒဟိတွာန၊ အားထုတ်၍။ ဒုက္ကရကာရိကံ၊ ကျင့်နိုင်ခဲသော အကျင့်ကို။ ကတွာ၊ ပြု၍။ အဿတ္ထမူလေ၊ ညောင်ဗုဒ္ဓေါ ပင်ရင်း၌။ ဗုဇ္ဈိဿတိ၊ သစ္စာလေးပါးတရားကို သိလတ္တံ့။

ဣမဿ၊ ဤဘုရားကို။ ဇနိကာ၊ ဖြစ်စေတတ်သော။ မာတာ၊ မယ်တော် သည်။ မာယာ နာမ၊ မာယာမည်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပိတာ၊

ခမည်းတော်သည်။ သုဒ္ဓေါဒနော နာမ၊ သုဒ္ဓေါဒနအမည်ရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အယံ ရာဇာ၊ ဤစကြာမင်းသည်။ ဂေါတမော၊ ဂေါတမ မည်သော ဘုရားသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

ကောလိတော စ၊ ကောလိတလည်းကောင်း။ ဥပတိဿော စ၊ ဥပတိဿ လည်းကောင်း။ ဣတိ၊ ဤသို့။ အဂ္ဂါ၊ မြတ်ကုန်သော။ သာဝကာ၊ လက်ယာရံ လက်ဝဲရံ တပည့်တို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣမံ ဇနံ၊ ဤဂေါတမဘုရားကို။ အာနန္ဒော နာမ၊ အာနန္ဒာအမည် ရှိသော။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ဥပဋ္ဌိဿတိ၊ လုပ်ကျွေးလတ္တံ့။

ခေမာ စ၊ ခေမာလည်းကောင်း။ ဥပ္ပလဝဏ္ဏာ စ၊ ဥပ္ပလဝဏ် လည်းကောင်း။ ဣတိ၊ ဤသို့။ အဂ္ဂါ၊ မြတ်ကုန်သော။ သာဝိကာ၊ လက်ယာ လက်ဝဲတပည့် မိန်းမမြတ်တို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဗောဓိ၊ ပွင့်ရာဖြစ်သော ဗောဓိပင်ကို။ အဿတ္ထောတိ၊ ညောင်ဗုဒ္ဓဟေပင်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

စိတ္တော စ၊ စိတ္တသူကြွယ်သည် လည်းကောင်း။ ဟတ္ထာဠဝကော စ၊ ဟတ္ထာဠဝက မင်းသားသည်လည်းကောင်း။ ဣတိ၊ ဤသို့။ အဂ္ဂါ၊ မြတ်ကုန် သော။ ဥပဋ္ဌကာ၊ အလုပ်အကျွေးတို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဥတ္တရာ စ၊ ဥတ္တရာသည်လည်းကောင်း။ နန္ဒမာတာ စ၊ နန္ဒမာတာသည်လည်း ကောင်း။ ဣဘိ၊ သို့။ အဂ္ဂါ၊ မြတ်ကုန်သော။ ဥပဋ္ဌိကာ၊ အလုပ်အကျွေး မိန်းမတို့သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ [ယသဿီနော၊ များသော အခြံအရံလည်း ရှိသော။ တနည်းကား၊ ကျော်စောခြင်းလည်း ရှိသော။ ဂေါတမဿ၊ ဂေါတမအမည်တော်ရှိသော။ တဿ၊ ထိုဘုရား၏။ အာယု၊ အသက်တော်သည်။ ဝဿသတံ၊ အနှစ်တစ်ရာသည်။ ဘဝိဿဟိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူ၏]။

အသမဿ၊ အတုမရှိသော။ မဟေသိနော၊ ကောဏ္ဍည ဘုရားသခင်၏။ ဣဒံ ဝစနံ၊ ဤသို့သောစကားတော်ကို။ သုတွာန၊ ကြား၍။ နရမရူ၊ လူနတ် တို့သည်။ အမောဒိတာ၊ အလွန်ဝမ်းမြောက်ကုန်သည် ဖြစ်၍။ အယံ၊ ဤစကြာမင်းသည်။ ဗုဒ္ဓဗီဇင်္ကုရော၊ ဘုရားအလောင်းဖြစ်ပေသဝ.တ်။

ဣတိ၊ ဤသို့။ ဥက္ကုဋ္ဌိသဒ္ဒါ၊ ကြွေးကြော်သော အသံတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ဒသသဟဿီ၊ တစ်သောင်းသော လောကဓာတ်၌ နေကုန်သော။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ အပ္ဖောဋေန္တိ၊ လက်ပမ်းပေါက်ခတ်ကုန်၏။ ဟသန္တိ၊ ရယ်လည်း ရယ်ကုန်၏။ ကတဉ္ဇလီ၊ လက်အုပ်ချီသည်တို့ကို။ ကတွာ၊ ပြု၍။ နမဿန္တိ၊ ရှိခိုးကုန်၏။

ဣမဿ လောကနာထဿ၊ ဤကောဏ္ဍည မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ယဒိ ဝိရဇ္ဈိဿာမ၊ အကယ်၍ ချွတ်ယွင်း ကုန်အံ့။ အနာဂတမှိ၊ အနာဂတ်ဖြစ်သော။ အဒ္ဓါနေ၊ အခွန့်၌။ ဣမံ-ဣမဿ၊ ဤစကြာမင်း၏။ သမ္မုခါ၊ မျက်မှောက်တော်၌။ ဟေဿာမ၊ ဖြစ်ရလိုကုန်၏။

နဒိံ တရန္တာ၊ မြစ်ကို ကူးကုန်သော။ မနုဿာ၊ လူတို့သည်။ ပတိတိတ္ထံ၊ တူရူဆိပ်ကို။ [အညာဆိပ်ကိုလည်းဟူ]။ ဝိရဇ္ဈိယ၊ယွင်းယို၍။ [ချွတ်ယွင်းအပ်သောကြောင့်လည်းဟူ]။ ဟေဋ္ဌာ တိတ္ထေ-ဟေဋ္ဌာ တိတ္ထံ၊ အောက်ဆိပ်ကို။ ဂဟေတွာန၊ ယူ၍။ မဟာနဒိံ၊ မြစ်ကြီးကို။ ဥတ္တရန္တိ ယထာ၊ ကူးကုန်သကဲ့သို့။

ဧဝမေဝ၊ ဤအတူသာလျှင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မယံ၊ ငါတို့သည်။ ဣမံ ဇိနံ၊ ဤကောဏ္ဍည ဘုရားသခင်ကို။ ယဒိ မုစ္စာမ၊ အကယ်၍ လွတ်ကုန်သည်ဖြစ်အံ့။ အနာဂတမှိ၊ အနာဂတ်ဖြစ်သော။ အဒ္ဓါနေ၊ အခွန့်၌။ ဣမံ-ဣမဿ၊ ဤစကြာမင်း၏။ သမ္မုခါ၊မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရကုန်အံ့။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါသည်။ တဿ၊ ထိုကောဏ္ဍညဘုရားသခင်၏။ ဝစနံ၊ ဗျာဒိတ်စကားကို။ သုတွာ၊ ကြား၍။ ဘိယျော၊ အလွန်။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင်စေပြီ။ တမေဝ အတ္ထံ၊ ထိုဘုရားဖြစ်ခြင်းအကြောင်းဖြစ်သော ပါရမီဆယ်ပါးကိုသာလျှင်။ သာဓေန္တော၊ ပြီးစေလျက်။ မဟာရဇ္ဇံ၊ စကြာမင်းစည်းစိမ်ကို။ ဇိနေ၊ ကောဏ္ဍညဘုရားထံ၌။ အဒိံ၊ လှူပြီ။

မဟာရဇ္ဇံ၊ စကြာမင်း စည်းစိမ်ကို။ ဒဒိတွာန၊ လှူပြီး၍။ တဿ၊ ထိုကောဏ္ဍညဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ သုတ္တန္တဉ္စ၊ သုတ္တန်ပိဋကတ်ကိုလည်းကောင်း။ ဝိနယဉ္စာပိ၊ ဝိနည်းပိဋကတ်ကို လည်းကောင်း။ သဗ္ဗံ၊

အလုံးစုံသော။ နဝင်္ဂ သတ္ထုသာသနံ၊ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား သာသနာတော်ကို။ ပရိယာပုဏိတွာန၊ သင်၍။ ဇိနသာသနံ၊ ကောဏ္ဍည ဘုရား သာသနာတော်ကို။ သောဘယိံ၊ တင့်တယ်စေပြီ။

တတ္ထ၊ ထိုကောဏ္ဍညဘုရား သာသနာတော်၌။ နိသဇ္ဇဋ္ဌာနစင်္ကမေ၊ ထိုင်ခြင်း ရပ်ခြင်း သွားခြင်း ဣရိယာပုထ်၌။ အပ္ပမတ္တော၊ သတိနှင့်ပြည့်စုံ သည်ဖြစ်၍။ ဝိဟရန္တော၊ နေသော။ အဟံ၊ ငါသည်။ အဘိညာပါရမိံ၊ အဘိညာဉ်အထွတ်သို့။ ဝါ၊ အဘိညာဉ် ကမ်းတစ်ဖက်သို့။ ဂန္တွာ၊ ရောက်၍။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်သို့။ အဂစ္ဆိံ၊ ရောက်ပြီ။

ကောဏ္ဍညမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ဤကောဏ္ဍည မြတ်စွာဘုရား၏ နေပြည်တော်ကား ရမ္မဝတီမည်၏။ သုနန္ဒမည်သော မင်းကြီးသည် ခမည်းတော် ဖြစ်၏။ သုဇာတာမည်သော မိဖုရားသည် မယ်တော်ဖြစ်၏။ ဘဒ္ဒနှင့် သုဘဒ္ဒ နှစ်ယောက်တို့သည် တပည့်မြတ် နှစ်ယောက်အစုံ ဖြစ်ကုန်၏။ အနုရုဒ္ဓါသည် အလုပ်အကျွေး ဖြစ်၏။ တိဿာနှင့် ဥပတိဿာ နှစ်ယောက်တို့သည် မြတ်သော တပည့်မ အစုံဖြစ်ကုန်၏။ ပွင့်ရာသစ်ပင်ကား ကြောင်လျှာပင်တည်း။ ကိုယ်တော် အရပ်တော်ကား ရှစ်ဆယ့်ရှစ်တောင်မြင့်၏။ သက်တော် အပိုင်းအခြားကား အနှစ်တစ်သိန်း အသက်ရှည်၏။ ထိုဘုရားအလောင်း၏ မိဖုရားကြီးကား ရုစိရမည်၏။ သားတော်ကား ဝိဇိတသေနမည်၏။ ထို့ကြောင့်—

နဂရံ ရမ္မဝတီ နာမ၊ သုနန္ဒော နာမ ခတ္တိယော။
သုဇာတာ နာမ ဇနိကာ၊ ကောဏ္ဍညဿ မဟေသိနော။

ဘဒ္ဒေါ စေဝ သုဘဒ္ဒေါ စ၊ အဟေသုံ အဂ္ဂသာဝကာ။
အနုရုဒ္ဓေါ နာမုပဋ္ဌာကော၊ ကောဏ္ဍညဿ မဟေသိနော။

တိဿာ စ ဥပတိဿာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
သာလကလျာဏိကော ဗောဓိ၊ ကောဏ္ဍညဿ မဟေသိနော။

သောဏော စ ဥပသောဏော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
နန္ဒာ စေဝ သိရိမာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

သော အဋ္ဌာသီတိ ဟတ္ထာနိ၊ အစ္စုဂ္ဂတော မဟာမုနိ။
သောဘတေ ဥဠုရာဇာဝ၊ သူရိယော မဇ္ဈန္တိကေ ယထာ။

ဝဿသတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ခီဏာသဝေဟိ ဝိမလေဟိ၊ ဝိစိတ္တာ အာသိ မေဒနီ။
ယထာ ဟိ ဂဂနမုဠူဘိ၊ ဧဝံ သော ဥပသောဘထ။

တေပိ နာဂါ အပ္ပမေယျာ၊ အသင်္ခောဘာ ဒုရာသဒါ။
ဝိဇ္ဇုပါတံဝ ဒဿေတွာ၊ နိဗ္ဗုတာ တေ မဟာယသာ။

သာ စ အတုလိယာ ဇိနဿ ဣဒ္ဓိ၊ ဉာဏပရိဘာဝိတော သမာဓိ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ကောဏ္ဍညဿ၊ ကောဏ္ဍည အမည်တော် ရှိသော။ မဟေသိနော၊ ဘုရားသခင်၏။ နဂရံ၊ ပြည်တော်သည်။ ရမ္မဝတီ နာမ၊ ရမ္မဝတီအမည်ရှိ၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ သုနန္ဒော နာမ၊ သုနန္ဒ အမည်ရှိ၏။ ဇနိကာ၊ မယ်တော်သည်။ သုဇာတာ နာမ၊ သုဇာတာ အမည်ရှိ၏။

ဘဒ္ဒေါ စေဝ၊ ဘဒ္ဒလည်းကောင်း။ သုဘဒ္ဒေါ စ၊ သုဘဒ္ဒလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ကောဏ္ဍညဿ၊ ကောဏ္ဍညအမည်တော် ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ အနုရုဒ္ဓေါ နာမ၊ အနုရုဒ္ဓါအမည်ရှိ၏။

တိဿာ စ၊ တိဿာလည်းကောင်း။ ဥပတိဿာ စ၊ ဥပတိဿာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ကောဏ္ဍညဿ၊ ကောဏ္ဍည အမည်တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဗောဓိ၊

ပွင့်တော်မူရာသစ်ပင်သည်။ သာလကလျာဏိကော၊ သာလကလျာဏီအမည်ရှိ၏။ ဝါ၊ ကြောင်လျှာ အမည်ရှိ၏။

ဓသာဏော စ၊ သောဏသည်လည်းကောင်း။ ဥပသောဏော စ၊ ဥပသောဏသည်လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ နန္ဒာ စေဝ၊ နန္ဒာသည်လည်းကောင်း။ သိရိမာ စ၊ သိရိမာသည်လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

သော၊ ထိုကောဏ္ဍညဘုရားသခင်သည်။ အဋ္ဌာသီတိ ဟတ္ထာနိ၊ ရှစ်ဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ မဟာမုနိ၊ ကောဏ္ဍညဘုရားသခင်သည်။ ဥဠုရာဇာဝ၊ ကြယ်တကာတို့၏ မင်းဖြစ်သော လနတ်သားကဲ့သို့လည်းကောင်း။ မဇ္ဈန္တိကေ၊ မွန်းတည့်ကာလ၌။ သူရိယော ယထာ၊ နေမင်းကဲ့သို့လည်းကောင်း။ သောဘတေ၊ တင့်တယ်တော်မူ၏။

ဝဿသတသဟဿာနိ၊ အနှစ်တစ်သိန်းတို့ ကာလပတ်လုံး။ တာဝဒေ၊ ထိုကောဏ္ဍညဘုရား ပွင့်တော်မူသောအခါ၌။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တာဝတာ၊ ထိုအသက်တမ်း ပမာဏဖြင့်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော၊ ထိုကောဏ္ဍည ဘုရားသခင်သည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရ-သောတတော၊ သံသရာတည်းဟူသော ရေအလျဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့။ တာရေသိ၊ ကယ်တင်တော်မူ၏။

ဂဂနံ၊ ကောင်းကင်ပြင်သည်။ ဥဠုဘိ၊ နက္ခတ်တာရာတို့ဖြင့်။ သောဘတိ ယထာ၊ တင့်တယ်သကဲ့သို့။ ဧဝံ တထာ၊ ထို့ အတူ။ မေဒနီ၊ မြေကြီးသည်။ ဝိမလေဟိ၊ ကိလေသာတည်းဟူသော အညစ်အကြေးတို့မှ ကင်းကုန်ပြီးသော။ ခီဏာသဝေဟိ၊ ရဟန္တာတို့ဖြင့်။ ဝိစိတ္တာ၊ ဆန်းကြယ်သည်။ အာသိ၊ ဖြစ်ပြီ။ ဧဝံ၊ ဤသို့။ သော၊ ထိုကောဏ္ဍညဘုရားသည်။ ဥပသော-ဘထ၊ တင့်တယ်တော်မူပြီ။

အပ္ပမေယျာ၊ မရေတွက်နိုင်ကုန်သော။ တေပိ နာဂါ၊ ထိုရဟန္တာ အရှင်မြတ်တို့သည်။ အသင်္ခေါဘာ၊ လောကဓံ ရှစ်ပါးတို့ဖြင့် မချောက် ချားကုန်။ [မဖောက်ပြန်ကုန်လည်းဟူ]။ ဒုရာသဒါ၊ ချဉ်းကပ်နိုင်ခဲကုန်၏။ မဟာယသာ၊ များစွာသော ကျော်စောခြင်း ရှိကုန်သော။ တေ၊ ထိုရဟန္တာ အရှင်မြတ်တို့သည်။ ဝိဇ္ဇုပါတံဝ၊ လျှပ်စစ်နွယ်ကဲ့သို့။ ဒဿေတွာ၊ ပြတော် မူ၍။ နိဗ္ဗုတာ၊ ငြိမ်းတော်မူကုန်၏။

ဇိနသ၊ ကောဏ္ဍညဘုရားသခင်၏။ အတုလိယာ၊ အတုမရှိသော။ သာ စ ဣဒ္ဓိ၊ ထိုတန်ခိုးတော်သည်လည်းကောင်း။ ဉာဏပရိဘာဝိတော၊ ဉာဏ်တော်ဖြင့် ပွားစေအပ်သော။ သမာဓိ စ၊ သမာဓိတရားသည် လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ-အပဂတံ၊ ကွယ်ခြင်းသို့ ရောက်ပြီ။ သဗ္ဗသင်္ခါရာ၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည်။ နနု ရိတ္တာ- နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဤသို့လျှင် သစ္စာလေးပါး တရားတို့ကို အကြွင်းမရှိ သိမြင်တော် မူပြီးသော ကောဏ္ဍညဘုရားသခင်သည် နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော စန္ဒာရာမ၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ထိုကောဏ္ဍည မြတ်စွာဘုရား၏ စေတီတော်ကား ခုနစ်ယူဇနာရှိ၏။ ထိုဘုရားရှင်၏ ဓာတ်တော်တို့ကား ဖရိုဖရဲ မကြဲကုန်။ တခဲနက် တည်သည်သာ ဖြစ်၍ ရွှေဆင်းတုကဲ့သို့ တည်ကုန်၏။ အလုံးစုံဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော လူတို့သည် အညီအညွတ် လာကုန်၍ ခုနစ်ယူဇနာရှိသောစေတီကို ရတနာခုနစ်ပါးတို့ဖြင့် ပြီးစေ လျက် ဆေးဒန်းမြင်းသိလာဖြစ်သော မြေညက်ဖြင့် မြေကိစ္စကို ရှာကြံပြီးမှ ဆီ ထောပတ်တို့ဖြင့် ရေကိစ္စကို ပြုလျက် စေတီတော်ကို ပြီးဆုံးစေ၏။

ကောဏ္ဍညမြတ်စွာဘုရား၏ ဗုဒ္ဓဝံသ ဝတ္ထုတော်ကြီးကား

ဤတွင်ပြီး၏။

၅-မင်္ဂလ ဗုဒ္ဓဝံသ

မင်္ဂလမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ကောဏ္ဍည အမည်တော်ရှိသော ဘုရားရှင်သည် ပရိနိဗ္ဗာန်စံလွန်တော်မူသည် ရှိသော် ထိုကောဏ္ဍည မြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်တစ်သိန်းကာလပတ်လုံး တည်ပြီးမှ ဘုရားကို အမှီပြု၍ သစ္စာလေးပါးတရားကို သိကုန်သော တပည့်ရဟန်းတို့ ကွယ်သဖြင့်လည်း မြတ်စွာဘုရားသာသနာတော်ကွယ်ခြင်းသို့ ရောက်ကုန်၏။

ထိုကောဏ္ဍည အမည်တော်ရှိသော မြတ်စွာဘုရား၏ နောက်အဖို့၌ တစ်သင်္ချေ လွန်၍ တစ်ခုသော ကပ်၌ လေးဆူသော ဘုရားရှင်တို့သည် ပွင့်တော်မူကုန်၏။ အဘယ်လေးဆူသော ဘုရားတို့နည်း ဟူမူကား—မင်္ဂလဘုရားတစ်ဆူ[၁]၊ သုမနဘုရားတစ်ဆူ၊ ရေဝတဘုရားတစ်ဆူ၊ သောဘိတဘုရားတစ်ဆူအားဖြင့် လေးဆူသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထိုလေးဆူသော ဘုရားတို့တွင် မင်္ဂလအမည်တော်ရှိသောဘုရားရှင်သည် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်ဆယ့်ခြောက်သင်္ချေပတ်လုံး ပါရမီတို့ကို ဖြည့်တော်

၁။ "ကောဏ္ဍညဿ အပရေန၊ မင်္ဂလော နာမ နာယကော" ... "ကေသို ယော ကပ္ပေ စတ္တာရော ဗုဒ္ဓါနိဗ္ဗတ္တိံ သုမင်္ဂလော သုမနော ရေဝတော သောဘိတောတိ"။ ဇာတ်အဋ္ဌကထာနိဒါန်း ၃၇။ သီ-၃၀။ ဇာတတ္ထကီပါဠ် ၃၆၊ အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်း ၅၁၊ ဗုဒ္ဓဝံသ အဋ္ဌကထာ ၃-မင်္ဂလဗုဒ္ဓဝံသဝဏ္ဏနာ သီ-၁၁၅၊ အပဒါန အဋ္ဌကထာ နိဒါန်း သီ-၂၉။

"တေသု မင်္ဂလဿ သမ္မာသမ္ဗုဒ္ဓဿ ကာလေ"။ ဇိနာလင်္ကာရဋီကာဗျာကရဏဝဏ္ဏနာ ၁၃၅။ ၎င်းတို့၌ ဥဳဝိဘတ်၏ ကာရိယ ဣံသု အပြု၏ တစ်စိတ်-သုအက္ခရာကို "သုမေဓော နာမ ဗြာဟ္မဏော သုမနော နာမ နာယကော" ဟူသော ပုဒ်တို့၌ကဲ့သို့ သုန္ဒရဝါစက သု-အက္ခရာမှတ်၍ (သုမင်္ဂလ) မြတ်စွာဘုရားဟူ၍ ခေါ်ဝေါ်ရေးသား လွဲမှားသော စာအများကို တွေ့ရ၏။ "(မင်္ဂလော) နာမ နာယကော" စသော ဗုဒ္ဓဝင်ပါဠိတော်ကို ထောက်ပါ။

"သုမင်္ဂလော စ တိဿော စ အဟေသုံ အဂ္ဂသာဝကာ"။ ဒီပင်္ကရာမြတ်စွာဘုရား၏ လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက ၂-ပါး။ "သုမင်္ဂလော ဃဋီကာရော စ အဟေသုံ အဂ္ဂုပဋ္ဌကာ"။ ကဿပမြတ်စွာဘုရား၏ အလုပ်အကျွေးဒါယကာ ၂-ယောက်။ ၎င်းတို့၌ (သုမင်္ဂလ)ဟူသော အမည်သည် မှန်၏။ မြတ်စွာဘုရား၏သာလျှင် (သုမင်္ဂလ)ဟူသော အမည်သည် မှား၏။ ရောနေတတ်သည်၊ သတိပြုပါလေ။

မှု၍ တုသိတာနတ်ပြည်၌ ဖြစ်၍ အသက်အတိုင်း တည်လျက် ငါးချက်သော ပုဗ္ဗနိမိတ်တို့ ဖြစ်ကုန်သည် ရှိသော် တစ်သောင်းသော စကြဝဠာ၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ ကြည့်ခြင်းကြီးငါးရပ် ပြုအပ်ပြီးသော မင်္ဂလာဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ အလုံးစုံသော မြို့တကာတို့ထက် မြတ်သော ဥတ္တရမြို့၌ ဥတ္တရမည်သော မင်းကြီး၏ မိဖုရား ဥတ္တရာဒေဝီ၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏။

ထိုအခါ များစွာသော တန်ခိုးပြာဋိဟာတို့သည် ထင်စွာ ဖြစ်ကုန်၏။ ထိုတန်ခိုးပြာဋိဟာတို့ကို ဒီပင်္ကရာ မြတ်စွာဘုရား၏ ဗုဒ္ဓဝင်၌ ဆိုအပ်ခဲ့ပြီးသော နည်းကို အစဉ်မှီးသဖြင့် သိအပ်၏။ ထိုဥတ္တရမည်သော မင်း၏ မိဖုရား ဥတ္တရာဒေဝီ၏ ဝမ်းဝယ် စွဲလမ်းသန္ဓေ တည်နေတော်မူသော အလုံးစုံသော လောက၏ မင်္ဂလာဖြစ်သော ဘုရားလောင်းသည် ပဋိသန္ဓေ စွဲနေယူသည်မှ စ၍ ကိုယ်တော်ရောင်သည် ညဉ့်နေ့ပတ်လုံး အတောင်ရှစ်ဆယ် ပမာဏရှိသော အရပ်ကို နှံ့၍ လရောင် နေမင်း၏အရောင်တို့သည် မဖိစီး မနှိပ်စက်နိုင်သည် ဖြစ်၍ တည်၏။

ထိုမိဖုရားကြီးသည်လည်း တပါးသော နေရောင်လရောင် စသည်တို့နှင့် ကင်း၍ မိမိ ကိုယ်တော်ရောင်ဖြင့်လျှင် ညဉ့်အမိုက်ကို ဖျောက်လျက် ခြောက်ကျိပ် ရှစ်ယောက်ကုန်သော နို့ထိန်းတို့ဖြင့် စံပယ်လျက် သွားလာ၏။ နတ်တို့သည်လည်း ပြုအပ်သော စောင့်ရှောက်ခြင်းရှိသော မိဖုရားကြီးသည် ဆယ်လကို လွန်သဖြင့် ကောင်းမွန်လွန်မြတ်သော အနံ့ရှိသော ပန်းအသီးကို ဆောင်တတ်သော အခက် အရွက် ကြာနီ ကြာဖြူတို့ဖြင့်အမျှ ကောင်းစွာ တန်ဆာ ဆင်အပ်သော ဆင် ခြသေ့ ကျား နွား ကျွဲဟု ဆိုအပ်သော အထူးထူးသော သားအပေါင်းတို့၏ သွားလာရာ ဖြစ်ခြင်းကြောင့် လွန်စွာ နှလုံးမွေ့လျော်ဖွယ်ရှိသော ဥတ္တရမဓုမင်္ဂလာ ဥယျာဉ်၌ ဘုရားလောင်း ယောကျ်ားမြတ်ကို ဖွားမြင်တော်မူ၏။

ဖွားကာမျှ၌ ထိုမင်္ဂလာဘုရားလောင်းသည်လည်း အလုံးစုံသော အရပ်မျက်နှာတို့ကို ကြည့်လျက် မြောက်မျက်နှာသို့ ရှေးရှုခုနစ်ဖဝါးကြွသွားတော်မူသဖြင့် မကြောက်မရွံ့သော စကားကို မြွက်ဆိုတော်မူ၏။ ထိုခဏ၌ အလုံးစုံ

တစ်သောင်းသော လောကဓာတ်ဝယ် ကောင်းစွာ တန်ဆာ ဆင်အပ်သော ကိုယ်ရှိကုန်သော နတ်တို့သည် ထင်ရှားသော ကိုယ်ရှိကုန်သည် ဖြစ်၍ ကိုယ်ထင်ပြကုန်လျက် ထိုထိုအရပ်၌ ရပ်လျက် အောင်မြင်သော စကား ချီးမွမ်းသော စကားတို့ကို ဖြစ်စေကုန်၏။

ထိုဘုရားလောင်းကို အမည်မှည့်အံ့သော နေ့၌ကား လက္ခဏာဖတ် တတ်သော ပညာရှိတို့သည် အလုံးစုံသော မင်္ဂလာနှင့် ပြည့်စုံစွာ ဖွားရကား ထိုမင်းသားအား မင်္ဂလသတို့သားဟူသော အမည်ကို မှည့်ကြကုန်၏။ ထိုမင်းသားအားလည်း ယသဝါပြာသာဒ်, သုစိမာပြာသာဒ်, သိရိမာပြာသာဒ် ဟူ၍ ပြာသာဒ် သုံးဆောင်တို့သည် ဖြစ်ကုန်သတတ်။ ယသဝတီမိဖုရား အမှူးရှိသော သုံးသောင်းသော ကချေသည်မင်းမောင်းမတို့သည်လည်း ရှိကုန်၏။ ထိုပြာသာဒ်၌ ဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ ပတ်လုံး နတ်၏ ချမ်းသာခြင်းနှင့် တူသော ချမ်းသာကို ခံစားတော်မူ၍ ယသဝတီ အမည်ရှိသော မိဖုရားကြီးဝမ်း၌ သီလဝမည်သော သားတော်ကို ရ၍ သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နိမိတ်လေးပါးတို့ကို မြင်လျှင် တန်ဆာ ဆင်အပ်သော ကောင်းမြတ်သော ပဏ္ဍုရ မည်သော မြင်းကို တက်စီးတော်မူ၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်လျက် ရဟန်း ပြုတော်မူ၏။

သုံးကုဋေသော လူတို့သည်လည်း မင်္ဂလသတို့သား ရဟန်းပြုကြောင်းကို ကြားလျှင် ဘုရားလောင်းနောက်သို့ အတူလိုက်၍ ရဟန်းပြုကြကုန်၏။ ထိုသုံးကုဋေသော ရဟန်းတို့ ခြံရံအပ်သည် ဖြစ်၍ ဘုရားလောင်းသည် ရှစ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၏။ ထို့နောက်မှ ကဆုန် လပြည့်နေ့ ဥတ္တရရွာနေ ဥတ္တရသူဌေးသမီး ဥတ္တရာသည် လှူအပ်သော နတ် သြဇာ နို့ဃနာကို ကောင်းစွာ ဘုဉ်းပေးတော်မူ၍ ကောင်းမြတ်သောအနံ့ ရှိသော ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော စိမ်းစိမ်းစိုစို ညိုသောအရောင် ရှိသည်ဖြစ်၍ စင်စစ် နှလုံးမွေ့လျော်ဖွယ်ရှိသော အင်ကြင်းတော၌ နေ့နေ ခြင်းကို လွန်စေပြီးမှ ဥတ္တရအမည်ရှိသော တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့တို့ ယူ၍ မိုင်းညိုမြည်းနက် မျက်စဉ်းတောင်ဟု ယုံမှားဖွယ် ရှိသော, အထူးထူး အပြားပြား သားအပေါင်းတို့ ကျဉ်းမြောင်းခြင်းမှ

ကင်းသော, ညင်းညင်းလာသော လေကြောင့် သာယာနာပျော်ဖွယ်သော အသံရှိသော, အပေါက်မရှိ တခဲနက်သော အခက်ဖြင့် ကောင်းစွာ တန်ဆာဆင်အပ်သော နှစ်သက်ဝမ်းသာ ရွှင်မြူးစွာဖြင့် ကသော သူကဲ့သို့လည်းကောင်း, ကြယ်တာရာအပေါင်းတို့ တောက်ပတင့်တယ်ခြင်းကဲ့သို့လည်းကောင်း တင့်တယ်တောက်ပသော ကံ့ကော် ဗောဓိသို့ ကပ်တော်မူ၍ ကံ့ကော် ဗောဓိကို လက်ယာရစ် လည်သည်ကို ပြုလျက် အရှေ့မြောက်ထောင့် နံပါး၌ ရပ်တော်မူ၍ ငါးဆယ့်ရှစ်တောင် အနံကျယ်သော မြက်အခင်းကို ခင်းတော်မူ၍ ထိုမြက်အခင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်တော်မူ၍ မာရ်မင်း၏ ဗိုလ်ပါစစ်သည်ကို ဖျက်ဆီးလျက် ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရ၍ ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ဆင်ခြင်ခြင်းကို ပြုလျက် ခန္ဓာငါးပါးတို့၌ အနိစ္စစသည်တို့၏ အစွမ်းအားဖြင့် နှလုံးသွင်း၍ အစဉ်သဖြင့် အတုမရှိသော သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ၍ အနေကဇာတိသံသာရံ-အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

မင်္ဂလမြတ်စွာ ဘုရား၏ ကိုယ်ရောင်တော် ထူးခြားခြင်း

မင်္ဂလ အမည်တော်ရှိသော မြတ်စွာဘုရား၏ ကိုယ်တော် ရောင်ကား တပါးသော ဘုရားတို့ထက် အလွန်အကျူးထူးသော ကိုယ်တော်ရောင်သည် ဖြစ်၏။ တပါးကုန်သော ဘုရားတို့အားကား ထက်ဝန်းကျင်မှ အတောင်ရှစ်ဆယ် အတိုင်းအရှည် ရှိသော အရောင် တစ်ရာမျှသော အရောင်သည် ဖြစ်သကဲ့သို့ ထို့အတူ မင်္ဂလဘုရားအားကား မဖြစ်။ ထိုမင်္ဂလဘုရား၏ ကိုယ်တော်ရောင်သည် အမြဲမပြတ် တစ်သောင်းသော လောကဓာတ်ကို နှံ့၍ တည်၏။ သစ်ပင် တောင် အိမ် အရံ တံခါးအစရှိသည်တို့သည် ရွှေပြားဖြင့် ဖုံးလွှမ်းမြေးယှက်ဘိသကဲ့သို့ ဖြစ်ကုန်၏။

ထိုမင်္ဂလဘုရား၏ အသက်တော်ကား အနှစ်ကိုးသောင်း။ အသက်တော်ရှိသမျှ ကာလပတ်လုံး လ နေ ကြယ် နက္ခတ်စသည်တို့၏ အရောင်သည် မရှိကုန်။ နေ့ညဉ့် အပိုင်းအခြားသည်လည်း မထင်။ နေ့အခါ၌ နေရောင်မှ ကင်း၍ သတ္တဝါတို့သည် အမြဲလျှင် ဘုရားအရောင်တော်ဖြင့်သာ အမှုကိစ္စကို

ပြုလုပ်သွားလာကြကုန်၏။ ညချမ်းသောအခါ ပွင့်သောပန်းတို့၏အစွမ်းဖြင့်လည်းကောင်း၊နံနက်အခါ၌ မြည်တွန်သော ငှက်စသည်တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ လူအပေါင်းတို့သည် ညဥ့်နေ့ အပိုင်းအခြားကို မှတ်သားကြကုန်၏။ ထိုမင်္ဂလာဘုရား အရောင်တော်ကား ရှေးဆုတောင်း၏ အစွမ်းအားဖြင့် တစ်သောင်းသော လောကဓာတ်ကို နှံ့၍ တည်၏။

ထိုမင်္ဂလ ဘုရားလောင်းသည် ဝေဿန္တရာမင်း အဖြစ်နှင့် တူသော အတ္တဘော၌ သားမယားနှင့်တကွ ဝင်္ကပါတောင်နှင့်တူသော တောင်၌နေ၏။ ထိုအခါ အလုံးစုံသော လူအပေါင်းကို နှိပ်စက်ညှဥ်းဆဲတတ်သော ခရဒါဌိက မည်သော လူသားကို စားတတ်သော တစ်ယောက်သော တန်ခိုးကြီးသော ဘီလူးသည် ဘုရားလောင်း၏အလှူ၌ အလွန်အလိုရှိသော အဖြစ်ကိုကြား၍ ပုဏ္ဏားအယောင် အသွင်ဆောင်လျက် ဘုရားလောင်းသို့ ကပ်၍ သူငယ်နှစ်ယောက်တို့ကို တောင်း၏။

ဘုရားလောင်းသည်လည်း ပုဏ္ဏားအား သားသူငယ် နှစ်ယောက်တို့ကို လှူအံ့ဟု ကြံ၍ အလွန်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ရေအဆုံးရှိသော မြေကို တသိမ့်သိမ့်တုန်စေလျက် သူငယ်နှစ်ယောက်တို့ကို လှူတော်မူ၏။ ထိုလှူသောခဏ၌ ဘီလူးသည် ဘုရားလောင်းမြင်စဉ် ပုဏ္ဏားအသွင်ကိုစွန့်၍ မီးလျှံကဲ့သို့ ပြောင်ပြောင်တောက်ကာ ကြောင်သည်ဖြစ်၍ ဖောက်ပြန်သော သဘောရှိသော မျက်စိ၊ မညီမညွတ်ဖောက်ပြန် ကွေ့ကောက်ကြောက်မက်ဖွယ်သောအစွယ်၊ ဟောင်းလောင်းပေါက် ဖောက်ပြန်သော နှာခေါင်း၊ ကြောင်ကျားကြမ်းတမ်းရှည်လျားသောဆံ၊ မီးလောင်သစ်စ ထန်းငုတ်နှင့်တူသော ကိုယ်ရှိသည်ဖြစ်၍ သူငယ်တို့ကို ကြာစွယ်စည်းကဲ့သို့ ယူ၍ စားလေ၏။

ဘုရားလောင်းသည် ဘီလူးကိုကြည့်၍ ခံတွင်းကို ဖွင့်ကာမျှဖြင့် မီးလျှံကဲ့သို့ သွေးရည်အန်သော ထိုဘီလူးခံတွင်းကို မြင်လျှင်* ဆံခြည်ဖျားမျှ နှလုံးမသာ မဖြစ်မူ၍ "စင်စစ် ငါ၏အလှူသည် ကောင်းသော လှူခြင်း

* "အပိဿ မင်္ဂလဗောဓိသတ္တဿ ဒါရကေ ဒတွာ ဗလဝသောကေန ဟဒယံ ဖလိ-ဟု ဒသကနိပါတ်၊ ၄၄၀-ကဏှဇာတ်အဋ္ဌကထာ၌ ဆို၏။ ဇာတ်အဋ္ဌကထာနိဒါန်း အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်း အပဒါန်အဋ္ဌကထာ နိဒါန်းတို့၌ ဗုဒ္ဓဝင် အဋ္ဌကထာကဲ့သို့ပင် တညီတညွတ်တည်း ဆိုကြကုန်၏။

ပင်တည်း”ဟု ကြံသော ဘုရားလောင်း၏ ကိုယ်၌ ကြီးစွာသော နှစ်သက်ခြင်းသည် ထင်ရှားဖြစ်၏။ ထိုဘုရားလောင်းသည် “ဤအလှူ၏ အကျိုးဆက်ကြောင့် နောင်သောအခါ ဤသွေးစိမ်းပြောင်ပြောင် တောက်သောနည်းဖြင့် ရောင်ခြည်တော်တို့သည် ထွက်စေသတည်း”ဟု ဆုတောင်းခြင်းကိုပြု၏။ ထိုဆုတောင်းခြင်းကို မှီ၍ ဘုရား ဖြစ်တော်မူသောအခါ ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် ထွက်၍ ဤမျှ တစ်သောင်းသော စကြဝဠာကို နှံ့၍ တည်၏။

ထိုမှတပါးလည်း ဤမင်္ဂလ ဘုရားသခင်သည် ဘုရားလောင်း ဖြစ်စဉ်တစ်ဆူသော ဘုရားရှင်၏ စေတီတော်ကိုမြင်၍ ဤစေတီအား ငါ အသက်ကိုစွန့်ခြင်းငှာ သင့်၏ဟု ဆီမီးတိုင် အမှတ်ဖြင့် ကိုယ်အလုံးကို ရစ်စေ၍ တစ်ထောင်မျှရှိသော အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို ကောင်းသောအနံ့ရှိသော ထောပတ်ဖြင့် ပြည့်စေ၍ ထိုရွှေခွက်၌ တစ်ထောင်သော ဆီမီးစာကိုညှိ၍ ဦးခေါင်းဖြင့် ယူလျက် ကိုယ်အလုံးကို မီးညှိ၍ စေတီတော်မြတ်ကိုလက်ယာရစ်လှည့်လျက် ညဉ့်သုံးယံကို လွန်စေ၏။ အရုဏ်တက်သည်တိုင်အောင် လုံ့လပြုသော ဘုရားလောင်းအား မွေးတွင်းတစ်ချောင်းမျှလည်းအငွေ့ကို မထွက်စေ။ ပဒုမ္မာကြာတိုက်သို့ ဝင်သော အခါကဲ့သို့ဖြစ်၏။သူတော်ကောင်းတို့ တရားမည်သည်ကား တရားစောင့်သော သူကိုသာလျှင် အစဉ်အမြဲ စောင့်တတ်၏။ ။ထို့ကြောင့်—

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ—

ဟူ၍ ဟောတော်မူ၏။

ဓမ္မစာရိံ၊ တရားကို ကျင့်လေ့ရှိသောသူကို။ ဟဝေ-ဧကန္တေန၊ စင်စစ်သဖြင့်။ ဓမ္မော၊ တရားသည်။ ရက္ခတိ၊ စောင့်တတ်၏။ သုစိဏ္ဏော၊ ကောင်းစွာလေ့လာအပ်သော။ ဓမ္မော၊ တရားသည်။ သုခံ၊ ချမ်းသာကို။ အာဝဟာတိ၊ ရွက်ဆောင်၏။ ဓမ္မစာရီ၊ တရားကို ကျင့်သောသူကို။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့။

န ဂစ္ဆတိ၊ မလားစေတတ်။ သော၊ ဤသည်ကား။ သုစိဏ္ဏော-သုစိဏ္ဏသား၊ ကောင်းစွာလေ့လာအပ်သော။ ဓမ္မေ-ဓမ္မသာ၊ တရားတော်၏။ အာနိသံသော၊ အကျိုးဆက်တည်း။

ထိုမင်္ဂလဘုရားမြတ်သည် ဤဆိုအပ်ခဲ့ပြီးသော အကျိုးဆက် အစွမ်းအားဖြင့် ကိုယ်တော်ရောင်သည် တစ်သောင်းသော လောကဓာတ်ကို နှံ့၍ တည်၏။ ။ထိုကြောင့်—

ကောဏ္ဍညဿ အပရေန၊ မင်္ဂလော နာမ နာယကော။
တမံ လောကေ နိဟန္တွာန၊ ဓမ္မောက္က မဘိဓာရယိ။

အတုလာသိ ပဘာ တဿ၊ ဇိနေဟညေဟိ ဥတ္တရိ။
စန္ဒသူရိယပ္ပဘံ ဟန္တွာ၊ ဒသသဟဿီ ဝိရောစတိ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ကောဏ္ဍညဿ၊ ကောဏ္ဍည ဘုရား၏။ အပရေန၊နောက်အဖို့၌။ မင်္ဂလော နာမ၊ မင်္ဂလအမည်ရှိသော။ နာယကော၊ မြတ်စွာ ဘုရားသည်။ လောကေ၊ လောကသုံးပါး၌။ တမံ၊ အမိုက်ကို။ တစ်နည်းကား။ အဝိဇ္ဇာ တည်းဟူသော အမိုက်တိုက်ကို။ နိဟန္တွာန၊ ပယ်ဖျောက်တော်မူ၍။ ဓမ္မောက္က ၊ တရားဖြင့် ပြီးသော ဆီမီးတိုင်ကို။ အဘိဓာရယိ၊ ထွန်းလင်းတောက်ပစေတော်မူ၏။

အညေဟိ၊ တပါးကုန်သော။ ဇိနေဟိ၊ မြတ်စွာဘုရားတို့ထက်။ ဥတ္တရိ၊ အလွန်။ တဿ၊ ထိုမင်္ဂလဘုရားအား။ အတုလာ၊ အတုမရှိသော။ ပဘာ၊ အရောင်တော်သည်။ အာသိ၊ ဖြစ်တော်မူပြီ။ စန္ဒသူရိယပ္ပဘံ၊ လ နေ အရောင်ကို။ ဟန္တွာ၊ ပယ်ဖျောက်၍။ [နှိမ်နင်း၍လည်းဟူ]။ ဒသသဟဿီ၊ တစ်သောင်းသော လောကဓာတ်၌။ ဝိရောစတိ၊ တင့်တယ်တော်မူပြီ။

မင်္ဂလမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုမင်္ဂလ မြတ်စွာဘုရားသည်ကား ရအပ်ပြီးသော သဗ္ဗညုတဉာဏ် ရှိသည်ဖြစ်၍ ဗောဓိပင်အနီး၌ သတ္တသတ္တာဟတို့ကို လွန်စေ၍ ပြဟ္မာမင်း၏ တောင်းပန်ခြင်းကို ဝန်ခံပြီးမှ အဘယ်သူအား တရားဟောရပါအံ့နည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုသော သုံးကုဋေသော ရဟန်းတို့ကို ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၏။

ထိုအခါ မင်္ဂလဘုရားသခင်သည် ဤသို့ အကြံဖြစ်သတတ်။ "ငါနှင့်အတူ လိုက်၍ ရဟန်းပြုကုန်သော ဤအမျိုးကောင်းသားတို့သည် ဥပနိဿယနှင့် ပြည့်စုံကုန်၏။ ထိုရဟန်းတို့ကို ကဆုန်လပြည့်နေ့ ဆိတ်ငြိမ်ရာကို အလို ရှိသဖြင့် ငါ စွန့်အပ်သည်ဖြစ်၍ သိရိဝစုနမြို့ကို မှီ၍ ထိုတော၌ နေကြကုန်၏။ ယခုအခါ ထိုတောသို့ သွား၍ ရဟန်းတို့အား တရားဟောအံ့" ဟု မိမိ၏ သပိတ်သင်္ကန်းကို လှမ်းယူတော်မူလျက် ရွှေဟင်္သာမင်းကဲ့သို့ကောင်းကင်သို့ ပျံတက်တော်မူ၍ သိရိဝစုနတော၌ ရှေးရှု တည်တော်မူ၏။

ရဟန်းတို့သည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ အန္တေဝါသိက တပည့် အဖြစ်ကို ပြလျက် ခြံရံ၍ နေကြကုန်သော် မြတ်စွာဘုရားသည် ထိုရဟန်း တို့အား အလုံးစုံသော ဘုရားရှင်တို့ မှီဝဲအပ်သော ဓမ္မစက္ကသုတ္တန် ဒေသနာကို ဟောတော်မူလျှင် သုံးကုဋေသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ကုဋေတစ်သိန်းသော နတ်တို့သည်လည်း တရားအထူးကို ထိုးထွင်း၍ သိကုန်၏။ ။ထို့ကြောင့်—

သောပိ ဗုဒ္ဓေါ ပကာသေသိ၊ စတုရော သစ္စဝရုတ္တမေ။
တေ တေ သစ္စရသံ ပိတွာ၊ ဝိနောဒေန္တိ မဟာတမံ။

ပတွာန ဗောဓိ မတုလံ၊ ပဌမေ ဓမ္မဒေသနေ။
ကောဋိသတသဟဿာနံ၊ ဓမ္မာဘိသမယော အဟု—

ဟူ၍ ဟောတော်မူ၏။

သောပိ ဗုဒ္ဓေါ၊ ထိုမင်္ဂလဘုရား သခင်သည်လည်း။ တေသံ၊ ထိုနတ်လူ တို့အား။ စတုရော၊ လေးပါးကုန်သော။ သစ္စဝရုတ္တမေ၊ အလွန်မြတ်သော

သစ္စာတို့ကို။ပကာသေသိ၊ ပြတော်မူပြီ။ တေ တေ ဒေဝမနုဿာ၊ ထိုထိုသော နတ်လူတို့သည်။ သစ္စရသံ၊ သစ္စာလေးပါးကို သိခြင်းတည်းဟူသော အမြိုက်အရသာကို။ ပိတွာ၊ သောက်၍။ မဟာတမံ၊ ကြီးကျယ်လှစွာသော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို။ ဝိနောဒေန္တိ၊ ဖျက်ဆီးကြလေကုန်ပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သော၊ ထိုမင်္ဂလဘုရားသခင်သည်။ အတုလံ၊ တုဘက်ကင်းသော။တစ်နည်းကား။ မနှိုင်းယှဉ်အပ်သော။ဗောဓိံ၊အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ ပတွာန၊ မိမိအလိုလို ထိုးထွင်းသိတော်မူပြီး၍။ ပဌမေ၊ ရှေးဦးစွာသော။ ဓမ္မဒေသနေ၊ ဓမ္မစကြာတရားကို ဟောကြားတော်မူရာ၌။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းသော နတ်လူတို့အား။ ဓမ္မာဘိသမယော၊ တရားအထူးကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ဂေါတမ မြတ်စွာဘုရားသည် ကဏ္ဍမည်သော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ဖြူပင်ရင်း၌ တိတ္ထိတို့အား နှိမ်နင်းတတ်သော အစုံအစုံသော တန်ခိုးပြာဋိဟာ ပြသကဲ့သို့ မင်္ဂလမြတ်စွာဘုရားသည်လည်း စိတ္တမည်သော ပြည်ကို အမှီပြု၍ စကားပင်ရင်း၌ တိတ္ထိတို့၏ မာန်ကို နှိမ်နင်းတတ်သော အလုံးစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး၍ နတ်အသုရာတို့ နေရာဖြစ်၍ ပြိုးပြိုးပြက် အရောင်ထွက်သော အသစ်ပြုအပ်သော ရွှေငွေဖြင့်ပြီးသော ဗိမာန်ရှိသည်ဖြစ်၍ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏အနီး ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာ စံနေတော်မူလျက် အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတစ်သိန်းသော နတ်လူတို့သည် အကျွတ်တရားကို ရကြကုန်၏။ ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

အကြင်အခါ သုနန္ဒမည်သော စကြာမင်းသည် သုရဘိမြို့၌ ဖြည့်အပ်သော စကြာမင်း၏ ဝတ္တရားရှိသည်ဖြစ်၍ စကြာရတနာကို ရ၏။ မင်္ဂလမြတ်စွာဘုရားသည်လည်း လောက၌ ထင်ရှား ပွင့်တော်မူသည်ရှိသော် တည်နေရာမှ ဆုတ်သော စကြာရတနာကို မြင်၍ သုနန္ဒစကြာမင်းသည် ကင်းသော နှစ်သက်ခြင်းရှိသည်ဖြစ်၍ ပုဏ္ဏားတို့ကို မေး၏။ "ဤစကြာရတနာကား ငါ၏ ကုသိုလ်ကြောင့် ဖြစ်၏။ အဘယ့်ကြောင့် တည်နေရာမှ ဆုတ်သနည်း" ဟု မေးသော် ပညာရှိပုဏ္ဏားတို့သည် စကြာမင်းအား

စကြာရတနာ ဆုတ်ယုတ်ခြင်းအကြောင်းကို "စကြာမင်းသည် အသက်ကုန်အံ့သဖြင့် လည်းကောင်း၊ ရဟန်းဘောင်သို့ ကပ်သဖြင့် လည်းကောင်း၊ မြတ်စွာဘုရား ထင်ရှားဖြစ်တော်မူသဖြင့်လည်းကောင်း စကြာရတနာသည် အရာမှ ဆုတ်ယုတ်၏" ဟုဆို၍ "မြတ်သောမင်းကြီး – ရှင်မင်းကြီးအား အသက်ကုန်ခြင်းကား မရှိ၊ ရှင်မင်းကြီးသည် အလွန်ပင် အသက်ရှည်အံ့။ မင်္ဂလမည်သော မြတ်စွာဘုရားသည် လောက သုံးပါး၌ ထင်ရှားဖြစ်တော်မူ၏။ ထိုအကြောင်းကြောင့်" ဟု လျှောက်သော ပုဏ္ဏားတို့ စကားကိုကြား၍ သုန္ဒမည်သော စကြာမင်းသည် မြို့သားမြို့သူ လူအပေါင်းနှင့်တကွ စကြာရတနာကို ဦးဖြင့်ရှိခိုး၍ တောင်းပန်၏။ "အကြင်မျှလောက် ငါသည် သင်စကြာ၏ အာနုဘော်ဖြင့် မင်္ဂလမြတ်စွာဘုရားကို ပူဇော်ပါအံ့။ ထိုမျှလောက် သင် စကြာသည် မကွယ်ပါစေသတည်း" ဟု တောင်းပန်၏။

ထိုအခါ စကြာရတနာသည် တည်ရာမြဲတိုင်း အရပ်၌သာလျှင် တည်သည်ရှိသော် ကောင်းစွာ တပ်သော နှစ်သက်ခြင်းရှိသော သုန္ဒစကြာမင်းသည် သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်ဖြင့် ခြံရံအပ်သည်ဖြစ်၍ မင်္ဂလမြတ်စွာဘုရားသို့ကပ်၍ သာဝကနှင့်တကွ မြတ်စွာဘုရားကို အလှူကြီးဖြင့် ရောင့်ရဲစေ၍ ကုဋေတစ်သိန်းသော ရဟန္တာတို့အား ကုဋေတစ်သိန်းထိုက်သော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကို လှူ၍ မြတ်စွာဘုရားအား အလုံးစုံသော ပရိက္ခရာတို့ကိုလှူ၍ အလုံးစုံသော လောက၏ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော မြတ်စွာဘုရားကို ပူဇော်ပြီးမှ အလုံးစုံသော လူအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်သော မင်္ဂလဘုရားသို့ ကပ်၍ ဆယ်ချောင်းသော လက်သည်းရောင်တို့ဖြင့် တောက်ပသော အညစ်အကြေး မတင်ကြာဖူးငုံနှင့်တူသော လက်အုပ်ကို ဦးခေါင်းထက် ချီသည်ကိုပြု၍ တရားနာအံ့သောငှါ သားတော် အိမ်ရှေ့မင်း အနုရာဇကုမာရနှင့်တကွ တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၏။

ထိုအခါ သုန္ဒစကြာမင်းအမှူးရှိသော လူအပေါင်းတို့အား မြတ်စွာဘုရားသည် အစဉ်ဖြစ်သော တရားစကားကို ဟောကြားတော်မူသည်ရှိသော် သုန္ဒစကြာမင်းနှင့်တကွ ပရိသတ်အပေါင်းတို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ ထိုအခါ ဘုရားမြတ်စွာသည်

ထိုလူတို့၏ ရှေး၌ ဖြစ်ဖူးသော အကျင့်ကို ကြည့်တော်မူသည်ရှိသော် တန်ခိုးဖြင့်ပြီးသော သပိတ်သက်န်း ရဟန်းတို့ ဥပနိဿယကို မြင်တော်မူ၍ စက်လက္ခဏာဘည်းဟူသော ကွန်ရက်ဖြင့် ကောင်းစွာတန်ဆာဆင်အပ်သော လက်ယာလက်တော်ကို ဆန့်၍ ဧဟိဘိက္ခုခေါ်တော်မူလျှင် အလုံးစုံသော ရဟန်းတို့သည် တခဏချင်း လက်နှစ်သစ်ဆံ ရှိကုန်သည်ဖြစ်၍ တန်ခိုးဖြင့် ပြီးသော သပိတ်သက်န်းကို ဆောင်လျက် အဝါတစ်ရာ သိက္ခာကြွယ်မြီး မထေရ်ကြီးတို့ကဲ့သို့ အသွင်အပြင်နှင့် ပြည့်စုံသည်သာဖြစ်၍ မြတ်စွာဘုရားသို့ ဆည်းကပ်ခြံရံကြကုန်၏။ ဤကား သုံးကြိမ်မြောက်သော သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ။ထို့ကြောင့် –

သုရိန္ဒဒေဝ ဘဝနေ၊ ဗုဒ္ဓေါ ဓမ္မံ မဒေသယိ။
တဒါ ကောဋိသတသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။

ယဒါ သုနန္ဒော စက္ကဝတ္တိ၊ သမ္ဗုဒ္ဓံ ဥပသင်္ကမိ။
တဒါ အဟနိ သမ္ဗုဒ္ဓေါ၊ ဓမ္မဘေရိံ ဝရုတ္တမံ။

သုနန္ဒဿာနုစရာ ဇနတာ၊ တဒါသုံ နဝုတိကောဋိယော။
သဗ္ဗေပိ တေ နိရဝသေသာ၊ အဟေသုံ ဧဟိဘိက္ခုကာ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ပုန၊ တဖန်။ ယဒါ၊အကြင်အခါ၌။ဗုဒ္ဓေါ၊မင်္ဂလဘုရားသခင်သည်။ သုရိန္ဒ ဒေဝဘဝနေ၊ သိကြားမင်း၏ ပျော်စံရာဖြစ်သော။ ပုရေ၊ တာဝတိံသာနတ်ပြည်၌။ ဓမ္မံ၊ အဘိဓမ္မာ ဒေသနာတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ တဒါ၊ ထိုအဘိဓမ္မာ ဒေသနာကို ဟောတော်မူသောအခါ၌။ ကောဋိသတသဟဿာနံ၊ ကုဋေ တစ်သိန်းသော နတ်လူတို့အား။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးတရားအထူးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ယဒါ၊ အကြင်အခါ၌။ သုနန္ဒော၊ သုနန္ဒအမည်ရှိသော။ စက္ကဝတ္တိ၊ စကြာမင်းသည်။ သမ္ဗုဒ္ဓံ၊ မင်္ဂလဘုရားအထံတော်သို့။ ဥပသင်္ကမိ၊ ကပ်ပြီ။ တဒါ၊ ထိုအခါ၌။ ဝရော၊ မြတ်သော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို အလိုလို

သိတော်မူသော ဘုရားသခင်သည်။ ဥတ္တမံ၊ မြတ်စွာသော။ ဓမ္မဘေရိံ၊ တရားတည်းဟူသော စည်ကြီးကို။ အဟနိ၊ တီးတော်မူပြီ။

သုနန္ဒသာ၊ သုနန္ဒစကြာမင်း၏။ အနုစရာ၊ အစဉ်လိုက်ဖော် ရံရွေတော် ဖြစ်ကြကုန်သော။ ဇနတာ၊ လူအပေါင်းတို့သည်။ တဒါ၊ ထိုအခါ၌။ နဝုတိ-ကောဋိယော၊ ကုဋေကိုးဆယ်တို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။ နိရဝသေသာ၊ အကြွင်းမရှိကုန်သော။ တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော လူတို့သည်လည်း။ ဧဟိဘိက္ခုကာ၊ ဧဟိဘိက္ခုရဟန်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

မင်္ဂလမြတ်စွာဘုရား၏ သာဝက အစည်းအဝေးကို ပြခြင်း

တရံရောအခါ မင်္ဂလမြတ်စွာဘုရားသည် မေခလပြည်၌ နေတော်မူသည် ရှိသော် ထိုမေခလပြည်၌ လုလင်ပျို တစ်ထောင်စီ အခြံအရံ ရှိသော သုဒေဝနှင့် ဓမ္မသေနအမည်ရှိသော လုလင်နှစ်ယောက်တို့သည် မြတ်စွာဘုရား အထံတော်၌ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုကုန်သော် တပို့တွဲလပြည့်နေ့ အခြံအရံနှင့်တကွ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်လျှင် မင်္ဂလ မြတ်စွာဘုရားသခင်သည် ကုဋေတစ်သိန်းသော ရဟန်းအပေါင်းတို့၏ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား ရှေးဦးစွာသော အစည်းအဝေးတည်း။

တဖန်လည်း အတုမရှိသော ဥတ္တရာဂမန မည်သောမြို့၌ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေးတွင် ကုဋေတစ်သိန်းသော ရဟန်းတို့၏ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက်သော အစည်းအဝေးတည်း။

သုနန္ဒစကြာမင်းအမှူးရှိသော ရဟန်းအပေါင်းတို့အစည်းအဝေး၌လည်း ကုဋေကိုးဆယ်တို့၏ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ။ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ မင်္ဂလဿ မဟေသိနော။
ကောဋိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။

ဒုတိယော ကောဍ္ဍိသတသဟဿာနံ၊ တတိယော နဝုတိကောဍ္ဍိနံ။
ခီဏာသဝါနံ ဝိမလာနံ၊ တဒါ အာသိ သမာဂမော—

ဟူ၍ ဟောတော်မူ၏။

မင်္ဂလဿ မဟေသိနော၊ မင်္ဂလမြတ်စွာဘုရား၏။ သန္နိပါတော၊ အစည်းအဝေးတို့သည်။ တယော၊ သုံးပါးတို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ ကောဍ္ဍိ သတ သဟဿာနံ၊ ကုဋေတစ်သိန်းသော ရဟန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ကောဍ္ဍိ သတ သဟဿာနံ၊ ကုဋေတစ်သိန်းဖြစ်ကုန်သော။ ဝိမလာနံ၊ အညစ်အကြေး ကင်းကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ တဒါ၊ ထိုအခါ၌။ အာသိ၊ ဖြစ်ပြီ။ နဝုတိကောဍ္ဍိနံ၊ ကုဋေကိုးဆယ် ဖြစ်ကုန်သော။ ဝိမလာနံ၊ အညစ်အကြေး ကင်းကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တဒါ၊ ထိုအခါ၌။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ငါတို့ဘုရားလောင်း သုရုစိပုဏ္ဏားဖြစ်စဉ် မင်္ဂလမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ ဘုရားလောင်းကား သုရုစိရွာ၌ သုရုစိမည်သော ပုဏ္ဏား ဖြစ်၍ နိဃဏ္ဍု ကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့ကို ကမ်းတစ်ဖက်ရောက် တတ်မြောက်သည်ဖြစ်၍ လောကာယတကျမ်း မဟာပုရိသ လက္ခဏာကျမ်း တို့ကိုလည်း တတ်မြောက်သဖြင့် မြတ်စွာဘုရားသို့ ကပ်၍ ချိုမြိန်လှစွာသော တရားစကားကို ကြားနာရလျှင် ကြည်လင်သော စိတ်ရှိသည် ဖြစ်၍ ကိုးကွယ်ခြင်းသို့ ရောက်ပြီးမှ "နက်ဖြန် အကျွန်ုပ် ဆွမ်းကို ရဟန်း သံဃာနှင့်တကွ အလှူခံတော်မူပါ" ဟု ပင့်ဖိတ်၏။

ထိုပုဏ္ဏားကို မြတ်စွာဘုရားသည် "ပုဏ္ဏား—သင်ကား အဘယ်မျှ လောက်သော ရဟန်းတို့ကို အလိုရှိသနည်း" ဟု မေးတော်မူလျှင် "အရှင်

ဘုရား– အရှင်ဘုရားအား အဘယ်မျှလောက်သော ရဟန်းသံဃာတို့ အခြံအရံ ရှိပါသနည်း” ဟု မေးသော် “ပဉ္စမအစည်းအဝေး၌ ကုဋေတစ်သိန်း ရှိသည်” ဟု မိန့်တော်မူလျှင် “အရှင်ဘုရား -အလုံးစုံ ကုဋေတစ်သိန်းလုံးပင် အကျွန်ုပ်ဆွမ်းကို အလှူခံတော်မူပါ” ဟု ပင့်ဖိတ်သော် မြတ်စွာဘုရားလည်း သည်းခံတော်မူ၏။

သုရုစိပုဏ္ဏားလည်း မြတ်စွာဘုရားကို နက်ဖြန် ဆွမ်းအလို့ငှာ ပင့်ဖိတ်၍ မိမိအိမ်သို့ သွားသည်ရှိသော် ဤသို့ ကြံ၏။ “ငါကား ဤမျှလောက်သော ရဟန်းတို့အား ယာဂု ဆွမ်း အဝတ် သင်္ကန်း စသည်တို့ကို လှူခြင်းငှာ စွမ်းနိုင်သော်လည်း နေရာအရပ်ကိုမူကား အဘယ်သို့ ဖြစ်လတ္တံ့နည်း” ဟု ကြံလျှင်ပင် ယူဇနာ ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ် တောင်ထိပ်၌ တည်သော မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြား နတ်မင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူသောအဖြစ်ကို ဖြစ်စေ၏။

ထိုအခါ သိကြားမင်းသည် ကျောက်ဖျာ ပူသော အဖြစ်ကို သိ၍ “အသို့လျှင် ငါ့ကို ဤတာဝတိံသာနတ်ပြည်မှ ရွေ့လျောစေလိုသည်မသိ” ဟု အကြံရှိသည်ဖြစ်၍ ဒိဗ္ဗစက္ခုဖြင့် လူ့ပြည်ကို ကြည့်သည်ရှိသော် ယောကျ်ားမြတ်ကို မြင်၍ “ဤဘုရားလောင်းကား ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းဖိတ်၍ ထိုဘုရားအမှူးရှိသော သံဃာ၏ နေရာ အလို့ငှာ ကြံသောအကြောင်းကို သိလျှင် ထိုလူ့ပြည်သို့သွား၍ ကောင်းမှု အစုကို ယူခြင်းငှာ သင့်၏” ဟု လက်သမားအဟန် တူစွာ ဖန်ဆင်း၍ ပဲခွပ်ပုဆိန် လက်စွဲလျက် ယောကျ်ားမြတ်၏ရှေ့မှ ထင်ရှားစွာ ဖြစ်လေ၏။

သိကြားမင်းသည်လည်း “ပုဏ္ဏား တစ်စုံတစ်ယောက်သော သူအား အခဖြင့် ပြုအပ်သောကိစ္စ ရှိသလော” ဟု မေးလျှင် ဘုရားလောင်းသည် “အဘယ်မည်သော အမှုကို ပြုခြင်းငှာ တတ်နိုင်သနည်း” ဟု မေးသော် “ငါကား မသိ မတတ်သော အတတ်မည်သည် မရှိ။ အကြင်သူသည် မဏ္ဍပ်ကိုသော်လည်းကောင်း၊ ပြာသာဒ်ကိုသော်လည်းကောင်း၊ အိမ်စသည် တို့ကိုသော်လည်းကောင်း ပြုခြင်းငှာ အလိုရှိအံ့။ ထိုသို့ အလိုအတိုင်းသာလျှင် ပြုခြင်းငှါစွမ်းနိုင်၏” ဟု ဆိုသော် “ထိုသို့တပြီးကား ငါ့အား ပြုဖွယ်ကိစ္စရှိ၏” ဟုဆိုလျှင် “အဘယ်ကိစ္စနည်း” ဟု မေးသော် “နက်ဖြန်အကျိုးငှာ ငါသည်

ကုဋေတစ်သိန်းသော ရဟန်းတို့ကို ဆွမ်းဖြင့် ဖိတ်အပ်၏။ ထိုရဟန်းတို့၏ နေရာမဏ္ဍပ်ကို ပြုရလတ္တံ့” ဟု ဆိုသော် “ပုဏ္ဏား ငါ အကယ်၍ ပြုသည် ဖြစ်အံ့။ ငါ့အား အခပေးခြင်းငှာ တတ်နိုင်အံ့လော” ဟု မေးသော် “အမောင် တတ်နိုင်၏” ဟု ဆိုလျှင် ကောင်းပြီဟု ဝန်ခံ၍ တစ်ခုသော အရပ်ကို ကြည့်သော် တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်သည် ကသိုဏ်းဝန်း ကဲ့သို့ ညီညွတ်သောအပြင် ရှိသည်ဖြစ်၍ လွန်စွာ နှစ်သက်ဖွယ်ရှိ၏။

ထိုမှ တဖန် သိကြားမင်းသည်လည်း “ဤမျှလောက်သော အရပ်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ရှုဖွယ်ဘနန်း ကောင်းမြတ်သော တန်ဆာ ရှိသော မဏ္ဍပ်သည် ပေါက်စေသတည်း” ဟု ကြံ၍ ကြည့်၏။ ထိုခဏ၌ လူတို့ ဆောက်အပ်သော မဏ္ဍပ်နှင့်တူသော မြေအပြင်ကို ခွဲဖောက်၍ မဏ္ဍပ်သည် ပေါက်လာ၏။ ထိုမဏ္ဍပ်သည် ရွှေဖြင့်ပြီးသော သည်တိုင်တို့၌ ငွေဖြင့်ပြီးသော ကြာသွတ်အိုးတို့သည် ဖြစ်ကုန်၏။ ငွေဖြင့်ပြီးသော သည် တိုင်တို့၌လည်း ရွှေဖြင့်ပြီးသော ကြာသွတ်အိုးတို့သည် ဖြစ်ကုန်၏။ ရွှေဖြင့် ပြီးသော သည်တိုင်တို့၌လည်း သန္တာဖြင့်ပြီးသော ကြာသွတ်အိုးတို့သည် ဖြစ်ကုန်၏။ သန္တာဖြင့်ပြီးသော သည်တိုင်တို့၌လည်း ပတ္တမြားဖြင့်ပြီးသော ကြာသွတ်အိုးတို့သည် ဖြစ်ကုန်၏။

ထိုနောက်မှ “မဏ္ဍပ်၏ အကြားအကြား၌ ရွှေခြူကွန်ရက်တို့သည် တွဲလဲဆွဲစေကုန်သတည်း” ဟု ကြည့်သည်နှင့် တပြိုင်နက် ရွှေခြူကွန်ရက် တို့သည် တွဲလဲဆွဲကုန်၏။ ညင်းညင်းလာသော လေကြောင့် အသံရှိသော မဏ္ဍပ်ကား ငါးပါးသော တူရိယာမျိုးကဲ့သို့ လွန်စွာ နှလုံးမွေ့လျော်ဖွယ် သာယာစွာသော အသံသည် ထွက်၏။ နတ်တို့ သီချင်း စောင်းညင်းသံ ဖြစ်သော ကာလကဲ့သို့ ဖြစ်၏။ တဖန် “အကြားအကြား၌ နတ်၌ဖြစ်သော နံ့သာဆိုင်း ပန်းဆိုင်း ရတနာတို့ဖြင့် ပြီးသော ပန်းဆုံင်းတို့ကို ဆွဲစေကုန် သတည်း” ဟု ကြံသည်နှင့်တပြိုင်နက် ပန်းဆိုင်းတို့သည် တွဲလဲဆွဲကုန်၏။

“ကုဋေတစ်သိန်းသော ရဟန်းတို့၏နေရာ အဖိုးများစွာ ထိုက်သော အခင်းသပိတ်ခြေ မြေကို ဖောက်ခွဲ၍ ပေါက်စေသတည်း” ဟု ကြံသောခဏ၌ ပေါက်လာရကုန်၏။ “အထောင့်အထောင့်၌ တစ်ခုတစ်ခုသော အိုးစရည်းကြီး တို့သည် ပေါက်စေသတည်း” ဟု ကြံသော ခဏ၌ ရေအိုးကြီးတို့သည်

ချမ်းအေးကြည်လင် ချိုမြိန်ကြည်လင်သော ရေပြည့်အိုးတို့သည် ပေါက်လာကြကုန်၏။

မျက်စိတစ်ထောင် အမြင်ဆောင်သော ထိုသိကြားမင်းသည် ဤမျှ လောက်ကိုသာ ဖန်ဆင်း၍ ပုဏ္ဏားအသွင်ဖြင့် သွားပြီးလျှင် "အရှင်ပုဏ္ဏား လာလှည့်၊ မဏ္ဍပ်ကို ကြည့်၍ ငါ့အား အခပေးလော့" ဟုဆိုသော် ယောကျ်ား မြတ်သည် လာလတ်၍ ကြည့်စဉ်ပင် ကိုယ်အလုံး၌ ငါးပါး အတိုင်းအရှည် ရှိသော ပီတိတို့ဖြင့် မပြတ်တွေ့ထိသည် ဖြစ်၏။

ထိုအခါ ဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်သတတ်။ "ဤမဏ္ဍပ်ကား လူဖြစ်သော သူသည် ပြုအပ်သည် မဟုတ်။ ငါ၏အလို ငါ၏ကျေးဇူးကို စွဲ၍ မချွတ် သိကြားနတ်မင်းတို့နေရာ ကျောက်ဖျာ ပူသည် ဖြစ်၍ ဤမဏ္ဍပ်ကို ဖန်ဆင်းအပ်၏"ဟု ကြံ၍"ငါသည် ဤသို့ သဘော ရှိသော မဏ္ဍပ်၌ တစ်နေ့မျှသာ အလှူပေးခြင်းငှါ မသင့်။ ခုနစ်ရက်ပတ်လုံး လှူအံ့" ဟု ကြံပြန်၏။ ဤသို့ အတိုင်းအရှည်ရှိသော ဗာဟိရအလှူ မည်သည်ကို ဘုရားလောင်းတော်တို့၏ နှလုံး၌ နှစ်သက်ခြင်းကို ပြုခြင်းငှါ မတတ်နိုင်။ တန်ဆာဆင်သော ဦးခေါင်းကို ဖြတ်၍ မျက်ရေးကွင်းအပ်သော မျက်စိတို့ကို ထုတ်၍ နှလုံးသားပါထုတ်၍ လှူသော ကာလ၌ ဘုရားလောင်း တို့မှာ စာဂကို မှီ၍ နှစ်သက်ခြင်းသည် ဖြစ်၏။

ငါတို့ ဘုရားလောင်း သိဝိဇာတ်၌ နေ့တိုင်းနေ့တိုင်း ငါးသိန်းသော အသပြာဥစ္စာတို့ကို စွန့်၍ မြို့တံခါးလေးမျက်နှာ၌လည်းကောင်း၊ မြို့အလယ် ၌လည်းကောင်း ငါးပါးသော အရပ်တို့၌ အလှူကို ပေးသော သိဝိရာဇ် မင်းကြီးအား ထိုအလှူကို နှစ်သက်ခြင်းဖြစ်စိမ့်သောငှါ မတတ်နိုင်။ အကြင် အခါ ပုဏ္ဏားယောင် ဖန်ဆင်းအပ်သော သိကြားနတ်မင်းသည် လာလတ်၍ မျက်စိတို့ကို တောင်း၏။ ထိုအခါ မျက်စိတို့ကို ထုတ်၍ လှူသော ဘုရား လောင်းအားသာလျှင် ရွှင်ခြင်းဖြစ်၏။ တစ်ဆံဖျားမျှ စိတ်ဖောက်ပြန်သော အခြင်းအရာမည်သည် မဖြစ်။ ။သဗ္ဗညုဘုရားလောင်းတို့၏ ဗာဟိရ ဒါနကို မှီ၍ ရောင့်ရဲခြင်းမည်သည် မရှိ။ ထို့ကြောင့် ယောကျ်ားမြတ် သည်လည်း "ကုဋေတစ်သိန်းဟု ဆိုအပ်သော ရဟန်းတို့အား အလှူကို

ပေးခြင်းငှါ သင့်၏” ဟု ကြံ၍ ထိုမဏ္ဍပ်၌ နေစေလျက် ခုနစ်ရက်ပတ်လုံး ဂဝပါနမည်သော အလှူကို ပေးတော်မူ၏။

ဤဂဝပါနအလှူဟူသည်ကား ကြီးစွာသော ဖျဉ်းအိုးတို့ကို နို့ရည်ဖြင့် ပြည့်စေ၍ ခုံလောက်တို့၌ တင်လျက် နို့ရည်ကျက်ခါမျှ ဖြစ်သည်ရှိသော် အတန်ငယ် ဆံကို ထည့်၍ ကျက်ပြီးသော ပျားသကာ မုန့်ထောပတ်တို့ဖြင့် စီရင်အပ်သော ဘောဇဉ်တည်း။ ဤဆိုအပ်ပြီးသော စတုမဓုဘောဇဉ်ကို လူတို့သာ လုပ်ကျွေးခြင်းငှါမတတ်နိုင်။ နတ်တို့သည်လည်း တစ်ယောက်ခြား တစ်ယောက်ခြား ရှိသည်ဖြစ်၍ လုပ်ကျွေးကြကုန်၏။ တစ်ဆယ့်နှစ်ယူဇနာ ရှိသော အရပ်ကို ရဟန်းတို့သည် နေခြင်းငှါ မလောက်။ ထိုရဟန်းတို့ကား မိမိတို့ အာနုဘော်ဖြင့်သာ နေကြကုန်၏။ အဆုံးဖြစ်သော နေ့၌ အလုံးစုံသော ရဟန်းတို့၏ သပိတ်ကိုဆေးစေ၍ ဆေးအလို့ငှါ ထောပတ်ဆီဦး ပျား, တင်လဲတို့ကို ပြည့်စေလျက် သင်္ကန်းသုံးထည်နှင့်တကွ အလှူကြီးကို ပေးတော်မူ၏။ ထိုသို့ လှူရာ၌ အငယ်ဆုံးသော ရဟန်းရအပ်သော သပိတ် သင်္ကန်းသည်ကား အဖိုးတစ်သိန်း ထိုက်သည်သာ ဖြစ်၏။

ထိုအခါ မင်္ဂလ မြတ်စွာဘုရားသည် အနုမောဒနာကို ပြုတော်မူလိုသည် ဖြစ်၍ “ဤယောက်ျားမြတ်ကား ဤသို့ သဘောရှိသော အလှူကြီးကို ပေး၏။ အသို့ဖြစ်လတ္တံ့နည်း”ဟု စူးစမ်း ဆင်ခြင်သည်ရှိသော် “နောင်အခါ၌ ကမ္ဘာတစ်သိန်း အလွန်ရှိသော နှစ်သင်္ချေထက်၌ ဂေါတမမည်သော ဘုရား ဖြစ်လတ္တံ့”ဟု မြင်တော်မူ၍ ဘုရားလောင်း ပုဏ္ဏားကို ခေါ်တော်မူလျက် “သင်ကား ဤမည်သော ကာလကိုလွန်၍ ဂေါတမ အမည်ရှိသော ဘုရား ဖြစ်လတ္တံ့” ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုအခါ ယောက်ျားမြတ်သည်လည်း မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် ကြည်လင် ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ “ငါကား ဘုရားစင်စစ် ဖြစ်လတ္တံ့။ အိမ်ရာထောင်ခြင်းဖြင့် အကျိုးမရှိ။ ရဟန်းပြုအံ့”ဟု ကြံလျက် ထိုသို့သဘောရှိသော စည်းစိမ်ကို တံတွေး ပေါက်ကဲ့သို့ စွန့်၍ ဘုရားရှင်အထံ၌ ရဟန်းပြုလျက် ဘုရားစကားတော်ကို

သင်၍ အဘိညာဉ်တို့ကိုလည်းကောင်း, သမာပတ်တို့ကို လည်းကောင်း ဖြစ်စေလျက် မယုတ်သော ဈာန်ရှိသည်ဖြစ်၍ အသက်အတိုင်း တည်ပြီးမှ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေ၏။ ။ထို့ကြောင့်–

အဟံ တေန သမယေန၊ သုရုစိနာမ ဗြာဟ္မဏော။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

တမဟံ ဥပသင်္ကမ္မ၊ သရဏံ ဂန္တွာန သတ္ထုနော။
သမ္ဗုဒ္ဓပမုခံ သံဃံ၊ ဂန္ဓမာလေန ပူဇယိံ။

ပူဇေတွာ ဂန္ဓမာလေန၊ ဂဝပါနေန တပ္ပယိံ။
သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ မင်္ဂလော ဒွိပဒုတ္တမော။

အပရိမေယျေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
ပဓာနံ ပဒဟိတွာန။ပ။ ကတွာ ဒုက္ကရကာရိကံ။ပ။
ဟေဿာမ သမ္မုခါ ဣမန္တိ။ ။အဋ္ဌဂါထာ ဝိတ္ထာရေတဗ္ဗာ။

* တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတ မဓိဋ္ဌာသိံ၊ ဒသပါရမိ ပူရိယာ။

တဒါ ပီတိ မနုဗြူဟန္တော၊ သမ္ဗောဓိဝရပတ္တိယာ။
ဗုဒ္ဓေ ဒတွာန မံ ဂေဟံ၊ ပဗ္ဗဇိံ တဿ သန္တိကေ။

သုတ္တန္တံ ဝိနယဉ္စာပိ၊ နဝင်္ဂံ သတ္ထုသာသနံ။
သဗ္ဗံ ပရိယာပုဏိတွာန၊ သောဘယိံ ဇိနသာသနံ။

တတ္ထ ပမတ္တော ဝိဟရန္တော၊ ဗြဟ္မံ ဘာဝေတွာ ဘာဝနံ။
အဘိညာပါရမိံ ဂန္တွာ၊ ဗြဟ္မလောက မဂစ္ဆဟံ–

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ တေန သမယေန၊ ထိုမင်္ဂလ ဘုရားဖြစ်တော်မူသောအခါ၌။ အဟံ၊ ငါသည်။ အဇ္ဈာယကော၊ ဗေဒင်ကိုလည်း သရဇ္ဈာယ်

* ဤဂါထာသည် သဒ္ဒသာရတ္ထဇာလိနီစာကိုယ် ဂါထာ နံပါတ် ၂၀၂-၌ ချွတ်ယွင်းလျက် ရှိသည်။ သဒ္ဒသာရတ္ထဇာလိနီ ဋီကာပါဌ်လည်း ဤပါဠိတော်နှင့် အစွဲမညီခဲ့လေ။ တိုက်၍ကြည့်ပါကုန်။

ထသော။ မန္တမဏ္ဍော၊ ဗေဒင်ကိုလည်း ဆောင်ထသော။ တိဏ္ဏံ ဝေဒါနံ၊ ဗေဒင် သုံးပုံတို့၏။ ပါရဂူ၊ ကမ်းတစ်ဖက်သို့လည်း ရောက်ထသော။ သုရုစိနာမ၊ သုရုစိအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အဟောသိ၊ ဖြစ်ပြီ။

အဟံ၊ ငါသည်။ တံ၊ ထိုမင်္ဂလဘုရားအထံသို့။ ဥပသင်္ကမ္မ၊ ကပ်၍။ သတ္ထုနော၊ မြတ်စွာဘုရားအား။ ပသီဒိတွာ၊ ကြည်ညို၍။ သရဏံ၊ လဲလျောင်းခြင်းသို့။ ဂန္တွာန၊ ရောက်၍။ သမ္ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။ သံဃံ၊ သံဃာတော်ကို။ ဂန္ဓမာလေန၊ နံ့သာပန်းဖြင့်။ ပူဇယိံ၊ ပူဇော်ပြီ။ ဂန္ဓမာလေန၊ နံ့သာပန်းဖြင့်။ ပူဇေတွာ၊ ပူဇော်ပြီး၍။ ဂဝပါနေန၊ ဃနာ ဆွမ်းဖြင့်။ တပ္ပယိံ၊ ရောင့်ရဲစေအပ်ပြီ။

ဒွိပဒုတ္တမော၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့ထက် မြတ်တော်မူသော။ မင်္ဂလော၊ မင်္ဂလ အမည်တော်ရှိသော။ သော ပိ ဗုဒ္ဓေါ၊ ထိုဘုရားသခင်သည် လည်း။ မံ၊ ငါ့ကို။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယျေ၊ ကမ္ဘာကုဋေတို့ဖြင့် မရေ တွက်နိုင်သော။ ကပ္ပေ၊ ကမ္ဘာတစ်သိန်းအလွန်ရှိသော နှစ်သင်္ချေထက်၌။ အယံ၊ ဤသုရုစိပုဏ္ဏားသည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူပေ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါသည်။ ပဓာနံ၊ ဝီရိယကို။ ပဒဟိတွာန၊ အားထုတ်၍။ လ။ ဣမံ ဣမဿ၊ ဤပုဏ္ဏား၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကုန်၏။ အဋ္ဌင်္ဂါထာ၊ ရှစ်ဂါထာတို့ကို။ ဝိတ္ထာရေတဗ္ဗာ၊ အကျယ်ချဲ့အပ်ကုန်၏။

တဿာပိ၊ ထိုမင်္ဂလ ဘုရားသခင်၏လည်း။ ဝစနံ၊ ဗျာဒိတ် စကားကို။ သုတွာ၊ ကြား၍။ ဘိယျော၊ အလွန်။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင် စေပြီ။ ဒသပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရိယာ၊ ဖြည့်ခြင်းငှာ။ ဥတ္တရိံ၊ အလွန်လျှင်။ ဝတံ၊ အကျင့်ကို။ အဓိဋ္ဌာသိံ၊ ဆောက်တည်ပြီ။

တဒါ၊ ထိုအခါ၌။ ပီတိံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ အနုဗြူဟန္တော၊ ပွားစေသည်ဖြစ်၍။ သမ္ဗောဓိ ဝရ ပတ္တိယာ၊ ဘုရားအဖြစ်သို့ ရောက်ခြင်းငှာ။ မံ-မမ၊ ငါ၏။ ဂေဟံ၊ အိမ်ကို။တစ်နည်းကား။ ဥစ္စာနှစ်ကို။ စတုပစ္စယတ္ထာယ၊

ပစ္စည်းလေးပါး အလှူငှာ။ ဗုဒ္ဓေ-ဗုဒ္ဓသာ၊ ဘုရားသခင်အား။ ဒတွာန၊ လှူပြီး၍။ တဿ၊ ထိုဘုရားသခင်၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ သုတ္တန္တံ၊ သုတ္တန် ပိဋကတ်ကိုလည်းကောင်း။ ဝိနယဉ္စာပိ၊ ဝိနည်းပိဋကတ်ကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော။ နဝင်္ဂံ သတ္ထုသာသနံ၊ အင်္ဂါ ကိုးပါးရှိသောဘုရား သာသနာတော်ကို။ ပရိယာပုဏိတွာန၊ သင်၍။ ဇိနသာသနံ၊ မြတ်စွာ ဘုရား သာသနာတော်ကို။ သောဘယိံ၊ တင့်တယ်စေပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ တတ္ထ၊ ထိုမင်္ဂလ ဘုရားသာသနာတော်၌။ အပ္ပမတ္တော၊ မမေ့မလျော့သောသတိနှင့် ပြည့်စုံသည်ဖြစ်လျက်။ ဝိဟရန္တော၊ နေသော။ အဟံ၊ ငါသည်။ ဗြဟ္မံ၊ ဗြဟ္မဝိဟာရတရားတည်းဟူသော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေတွာ၊ ပွားစေ၍။ အဘိညာပါရမိံ၊ ငါးပါးသော အဘိညာဉ်တို့၏အထွတ်သို့။ ဂန္တွာ၊ ရောက်၍။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်သို့။ အဂစ္ဆိံ၊ ရောက်ပြီ။

မင်္ဂလမြတ်စွာဘုရား၏ နေပြည်တော် ခမည်းတော် မယ်တော် စသည်တို့ကိုပြခြင်း

မင်္ဂလ မြတ်စွာဘုရား၏ နေပြည်တော်ကား ဥတ္တရမည်၏။ ရေမြေကို အစိုးရသော ဥတ္တရမည်သော မင်းကား ခမည်းတော်ဖြစ်၏။မယ်တော်လည်း ဥတ္တရာဒေဝီ မည်၏။ သုဒေဝနှင့် ဓမ္မသေန ဤနှစ်ယောက် တို့သည် အဂ္ဂသာဝက တပည့်မြတ်အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးသည် ပါလိတ ဖြစ်၏။ သီဝလာနှင့် အသောကာ ဤနှစ်ယောက်တို့သည် တပည့်မ နှစ်ယောက် အစုံဖြစ်ကုန်၏။ ပွင့်ရာ ဗောဓိကား ကံ့ကော်ပင်တည်း။ အရပ် သော်ကား ရှစ်ဆယ့်ရှစ်တောင် မြင့်၏။ သက်တော် အပိုင်းအခြားကား အနှစ်ကိုးသောင်းရှည်၏။ ထိုဘုရားလောင်း၏ မိဖုရားကား ယသဝတီ အမည် ရှိ၏။ သားတော်ကား သီလဝအမည်ရှိ၏။ မြင်းယာဉ်ဖြင့် တောထွက်တော် မူ၏။ဥတ္တရာရာမ၌ သီတင်းသုံးတော်မူ၏။အလုပ်အကျွေးကား ဥတ္တရမည်၏။

အနှစ်ကိုးသောင်းတို့ပတ်လုံး တည်တော်မူ၍ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ တစ်သောင်းသောစကြဝဠာသည်တပြိုင်နက်အမိုက်တိုက်ဖြစ်၏။အလုံးစုံသော စကြဝဠာ၌ လူတို့ကြီးစွာသော ငိုကြွေးခြင်းဖြစ်၏။ ထို့ကြောင့်—

ဥတ္တရံ နာမ နဂရံ၊ ဥတ္တရော နာမ ခတ္တိယော။
ဥတ္တရာ နာမ ဇနိကာ၊ မင်္ဂလဿ မဟေသိနော။

သုဒေဝေါ ဓမ္မသေနော စ၊ အဟေသုံ အဂ္ဂသာဝကာ။
ပါလိတော နာမုပဋ္ဌာကော၊ မင်္ဂလဿ မဟေသိနော။

သီဝလာ စ အသောကာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ နာဂရုက္ခောတိ ဝုစ္စတိ။

နန္ဒော စေဝ ဝိသာခေါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
အနုဠာ စေဝ သုတနာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌာသီတိ ရတနာနိ၊ အစ္စုဂ္ဂတော မဟာမုနိ။
တတော နိဒ္ဓါဝတီ ရံသီ၊ အနေကသတသဟဿိယော။

နဝုတိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ယထာပိ သာဂရေ ဦမိ၊ န သက္ကာ တာ ဂဏေတုယေ။
တထေဝ သာဝကာ တဿ၊ န သက္ကာ တေ ဂဏေတုယေ။

ယာဝ အဋ္ဌာသိ သမ္ဗုဒ္ဓေါ၊ မင်္ဂလော လောကနာယကော။
န တဿ သာသနေ အတ္ထိ၊ သကိလေသမရဏံ တဒါ။

ဓမ္မောက္ကံ ဓာရယိတွာန၊ သန္တာရေတွာ မဟာဇနံ။
ဇလိတွာ ဓူမကေတူဝ၊ နိဗ္ဗုတော သော မဟာယသော။

သင်္ခါရာနံ သဘာဝတ္တံ၊ ဒဿယိတွာ သဒေဝကေ။
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ၊ သူရိယော အတ္ထင်္ဂတော ယထာ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ မဟေသိနော၊ သီလက္ခန္ဓအစရှိသော ကျေးဇူး အပေါင်းကို ရှာမှီးတော်မူပြီးသော။ မင်္ဂလဿ၊ မင်္ဂလဘုရားသခင်၏။ နဂရံ၊ ပြည်တော်သည်။ ဥတ္တရံ နာမ၊ ဥတ္တရအမည်ရှိ၏။ ခတ္တိယော၊ ခမည်းတော် မင်းသည်။ ဥတ္တရော နာမ၊ ဥတ္တရအမည်ရှိ၏။ ဇနိကာ၊ မယ်တော်သည်။ ဥတ္တရာ နာမ၊ ဥတ္တရာအမည်ရှိ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ မင်္ဂလဿ၊ မင်္ဂလအမည်ရှိသော။ မဟေသိနော ဘုရားသခင်အား။ သုဒေဝေါ စ၊ သုဒေဝလည်းကောင်း။ ဓမ္မသေနော စ၊ ဓမ္မသေနလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝကာ၊ လက်ယာရံ လက်ဝဲရံ တပည့်မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဥပဋ္ဌာကော၊ အလုပ်အကျွေးတော်သည်။ ပါလိတော နာမ၊ ပါလိတမည်သည်။ အဟောသိ၊ ဖြစ်ပြီ။

သီဝလာ စ၊ သီဝလာလည်းကောင်း။ အသောကာ စ၊ အသောကာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုမင်္ဂလဘုရား၏။ ဗောဓိ၊ ပွင့်တော်မူရာ ဗောဓိပင်ကို။ နာဂရုက္ခောတိ၊ ကံ့ကော်ပင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

နန္ဒော စ၊ နန္ဒသူကြွယ်သည်လည်းကောင်း။ ဝိသာခေါ စ၊ ဝိသာခ သူကြွယ်သည်လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ အနုဠာ စ၊ အနုဠာသည် လည်းကောင်း။ သုတနာ စ၊ သုတနာသည်လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

မဟာမုနိ၊ မင်္ဂလဘုရားသခင်သည်။ အဋ္ဌာသီတိ ရတနာနိ၊ ရှစ်ဆယ် ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ တတော၊ ထိုကိုယ်တော်မှ။ အနေက· သတသဟဿိယော၊ အသိန်းမကကုန်သော။ ရံသီ၊ ရောင်ခြည်တော်တို့သည်။ နိဒ္ဓါဝတိ၊ ထွက်ကုန်၏။

တာဝဒေ၊ ထိုမင်္ဂလဘုရား ပွင့်တော်မူသော အခါ၌။ အာယု၊ အသက်တမ်းသည်။ နဝုတိဝဿသဟဿာနိ။ အနှစ် ကိုးသောင်းတို့ ပတ်လုံး။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုအသက်တမ်း ပမာဏဖြင့်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော၊ ထိုမင်္ဂလဘုရားသခင်သည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရသောတတော၊ သံသရာ တည်းဟူသော ရေအလျဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်တော်မူ၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့။ တာရေသိ၊ ကယ်တင်တော်မူပြီ။

သာဂရေ၊ သမုဒ္ဒရာ၌။ ယာ ဦမိ၊ အကြင်လှိုင်းတံပိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ ဦမိ၊ ထိုလှိုင်းတံပိုးတို့ကို။ ဂဏေတုယေ-ဂဏေတုံ၊ ရေတွက်ခြင်းငှါ။ န သက္ကာ ယထာ၊ မတတ်နိုင်သကဲ့သို့။ တထေဝ၊ ထို့အတူပင်လျှင်။ တဿ၊ ထိုမင်္ဂလဘုရားအား။ ယေ သာဝကာ၊ အကြင် တပည့်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ သာဝကာ၊ ထိုတပည့်တော်တို့ကို။ ဂဏေတုယေ-ဂဏေတုံ၊ ရေတွက်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။

လောကနာယကော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ မင်္ဂလော၊ မင်္ဂလ အမည်တော်ရှိသော။ သမ္ဗုဒ္ဓေါ၊ ဘုရားသခင်သည်။ ယာဝ ယတ္တကံ ကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အဋ္ဌာသိ၊ တည်တော်မူပြီ။ တဒါ၊ ထိုအခါ၌။ တဿ၊ ထိုမင်္ဂလဘုရား၏။ သာသနေ၊ သာသနာတော်၌။ သကိလေသမရဏံ၊ ကိလေသာနှင့်တကွ သေခြင်းသည်။ န အတ္ထိ၊ မရှိ။

မဟာယသော၊ များမြတ်သော အခြံအရံ ရှိသော။ တနည်းကား၊ မြတ်သော ကျော်စောခြင်း ရှိတော်မူသော။ သော၊ ထိုမင်္ဂလ ဘုရားသခင်သည်။ ဓမ္မောက္ကံ၊ တရားတည်းဟူသော ဆီမီးတိုင်ကို။ ဓာရယိတွာ၊ ထွန်းတောက်ပတော်မူပြီး၍။ မဟာဇနံ၊ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းကို။ သံသာရသောတတော၊ သံသရာတည်းဟူသော ရေအလျဉ်မှ။ ဥဒ္ဓရိတွာန၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့။ သန္တာရေတွာ၊ ကောင်းစွာ ကူးမြောက် စေတော် မူပြီး၍။ ဓူမကေတုဂ၊ ဆီမီးတိုင်ကဲ့သို့။ ဇလိတွာ၊ ထွန်းပတော်မူပြီး၍။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီ။

သာရိပုတ္တာ၊ သာရိပုတ္တာရှ။ သော၊ ထိုမင်္ဂလာဘုရားသခင်သည်။ သခ်ိါရာနံ၊ သခ်ိါရတရားတို့၏။ သဘာဝတ္တံ၊ အနိစ္စအစရှိသော သာမညလက္ခဏာကို။ [အမြဲမတည်ခြင်း ဖောက်ပြန်သော အဖြစ်ကိုလည်းဟူ]။ ဒဿယိတွာ၊ ပြတော်မူ၍။ သဟာဿကိရဏော၊ ရောင်ခြည်တစ်ထောင် ထွန်းလင်းဆောင်သော။ သူရိယော၊နေမင်းသည်။ သဗ္ဗံ၊အလုံးစုံသော။ တမံ၊ အမိုက်တိုက်ကို။ ဝိဓမိတွာ၊ဖျောက်၍။ လောကံ၊လောကကို။ ဩဘာသေတွာ၊ထွန်းလင်းစေ၍။ အတ္ထံ၊ ဝင်ခြင်းသို့။ ဂစ္ဆော ယထာ၊ ရောက်သကဲ့သို့။ ဇဝံ တထာ၊ ထို့အတူ။ ဝေနေယျကမလဝိကာသနကရော၊ ဝေနေယျတည်းဟူသော ကြာအပေါင်း၏ ပွင့်ခြင်းကို ပြုတတ်သော။ မင်္ဂလဒိနကရော၊ မင်္ဂလာဘုရား တည်းဟူသော နေမင်းသည်။ သဗ္ဗံ၊ အလုံးစုံသော။ အဇ္ဈတ္တဗာဟိရံ၊ အတွင်းအပဖြစ်သော။ လောကတမံ၊ လောက၌ ဖြစ်သော အမိုက်တိုက်ကို။ ဝိဓမိတွာ၊ ဖျက်ဆီးတော်မူ၍။ အတ္တနော၊ မိမိ၏။ သရီရပ္ပဘာယ၊ ကိုယ်တော်ရောင်ဖြင့်။ သဒေဝကေ၊ နတ်နှင့် တကွသော။ လောကေ၊ လောက၌။ အဂ္ဂိက္ခန္ဓောဝ၊ မီးပုံကြီးကဲ့သို့။ ဇလိတွာ၊ ထွန်းတောက်ပတော်မူ၍။ အတ္ထင်္ဂတော၊ ချုပ်တော်မူပြီ။

ဤတွင်ရွှေကား မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ သုံးခုမြောက်သော
မင်္ဂလမြတ်စွာဘုရား၏ အကြောင်းကား ပြီး၏။

ပ-မ-သ-စ—၁၁၅—၃၀-၄-၉၁—၃၀၀၀—အုပ်။ (၂)

ဘုရားဆုပန် ဗျာဒိတ်ခံနိုင်သော ပုဂ္ဂိုလ်၏

ဂုဏ်အင်္ဂါ (၈) ပါး

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

(ဗုဒ္ဓဝံသပါဠိ၊ ၃၁၁။)

၁။ လူသားစင်စစ်ဖြစ်ခြင်း။
၂။ ယောက်ျားစင်စစ်ဖြစ်ခြင်း။
၃။ တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း။
၄။ ဘုရားရှင်ကို ဖူးမြင်ရခြင်း။
၅။ ရသေ့,ရဟန်းအဖြစ်ကို ရခြင်း။
၆။ ဈာန်သမာပတ်ဟူသော ဂုဏ်ထူးနှင့် ပြည့်စုံခြင်း။
၇။ မြတ်စွာဘုရားရှင်အား အသက်စွန့်၍ ပူဇော်ခြင်း။
(ရှေးကောင်းမှုကံ ကြီးမားခြင်း)
၈။ ဘုရားအဖြစ်၌ လွန်ကဲသော ဆန္ဒရှိခြင်း။